နွေကန္တာဦး

# တက္ကသိုလ်ဘုန်းနိုင်

www.myanmarcupid.net

စကားသစ္စာ
မှန်သောခါဝယ်
ဩဇာလေးနက်
ပေါ်ဆီတက်၍
နွယ်မြက်သစ်ပင်
ဆေးဖက်ဝင်၏။

ရှင်မဟာသီလဝံသ

# သစ္စာ

ငါ့စာဖတ်၍၊ မမြတ်တိုင်စေ
မရှုံးစေသား၊ ပျင်းပြေနှစ်ခြိုက်
တွေးဖွယ်ထိုက်ရာ၊ တစ်ပိုဒ်တစ်လေ
တွေ့ငြားပေမူ၊ စာပေကျေးကျွန်
ငါ့ဝတ်ပွန်ပြီ၊ ငါမွန်အမြတ်
ငါအတတ်ဟု၊ စာဖတ်သူပေါ်
ခေါင်းကိုကျော်၍၊ ငါသော်ဆရာ
မလုပ်ပါတည်း။ ။

တက္ကသိုလ်ဘုန်းနိုင်

www.myanmarcupid.net

- ❑ **ရွာမွန်သာသို့ ပြန်လာခြင်း**
  - နွေကိုလွမ်းသူနှစ်ဦး
  - နုနုငယ်တို့ရွာ
  - နုနုငယ်တို့အိမ်
- ❑ **နုနုငယ်ငယ် မောင်ငယ်ငယ်**
  - ဤလေးဦး
  - နှစ်ဦးသူ့ထံ
  - ခင်တန်းရိပ်ဝယ်
  - သူ့ကြောင့်တစ်ခက်
  - စောမိရှေ့ဘဝင်
  - အမှတ်မထင်
  - ပြန်ဆုံသွားသောနေ့
  - ချစ်မိလေသောနွေ
  - နားမလည်သော နေ့တစ်နေ့
  - ညှင်းဘယ်ကပွား
  - ဘီလူးမောင့်ကြောင့် စောင့်တော့တယ်
  - ဓာတ်ဟူသည်
  - လွမ်းရိပ်ပို ညောင်ညိုစခန်း
  - မမုန်းတမ်း ရာသက်တိုင်
- ❑ **ရောဂါသည်မလေး မောင့်ချစ်သူ**
  - အဝေးမြေဆီ
  - တိမ်တောင်သဖွယ်
  - နှောင်ကြိုးငင်ရာ
  - ပဘာဝတီ
  - ကုသ
  - ဘခက်ပြောသော လောကအမြင်
  - လွမ်းဖွယ့်အာရုံ
  - မိတ်ဆွေဟောင်းတစ်ဦး
  - အဖြေ
  - ချစ်တာပဓာန
- ❑ **နွေကန္တာဦး**
  - သစ္စာ
  - ရွက်ကြွေချိန်
  - ကံကောင်းသူများ

www.myanmarcupid.net

## အပိုင်း ( ၁ )

# ရွာမွန်သာသို့ ပြန်လာခြင်း

www.myanmarcupid.net

# အခန်း ( ၁ )

## နွေကိုလွမ်းသူနှစ်ဦး

ယင်းမာပင်ကိုကျော်၍ နာမည်ကြီး သံဇကာကွေ့ကို လွန်မိသည်ဆိုလျှင်ပင် နွေကန္တာဦး၏ အရိပ်အငွေ့ကို ထိတွေ့သိမြင်ရသကဲ့သို့ အနံ့အသက်ကလေးများကိုလည်း ရှူရှိုက်ခံစားရသည်။

အိပ်မက်ဆန်သော ကမ္ဘောဇ ရှမ်းမြေမြင့်၏ တောင်ရိုးတောင်လှိုင်း တောင်တံတိုင်းတို့သည် နောက်၌ ကျန်ရစ်ပြီ။ ထင်းရှူးတောသည် ကလောအလွန်ကတည်းက နှုတ်ဆက်နေရစ်သည်။ တောင်ကြီးခရိုင်နှင့် မိတ္ထီလာခရိုင်နယ်စပ်၊ မကွေးကြိုးဝိုင်းအစ နမ့်ပန်ဒက် ချောင်းယဉ်ဘေးဆီကတည်းက ရွက်ကြွေစ ကျွန်းပင်တို့ကလည်း ခရီးတစ်လျှောက် လိုက်ပါမလာတော့။ မော်တော်ကားလမ်းဘေး ဝဲယာတွင် မြေမြင့်နှင့် လွင်ပြင်ကို အဆက်မပြတ်အောင် သစ္စာရှိစွာ သွယ်နွယ်အုပ်ဆိုင်းပေးလေသော ဝါးတောပုပုတို့သည်သာ ရှခင်းကို စိုးမိုးနေ၏။

မြရည်ကို ဆောင်ချင်ပေလျက် ဝါးရုံအုပ်တို့သည် ရွှေဝါသွေးကို ရေးရေးပြကြရပြီ။ ရွှေဝါရွက်တို့ထံမှ သင်းပျံ့ပျံ့ရနံ့သည် မွှေးကြိုင်ကြိုင် လှိုင်လေသည်။ တောနှင်းသောက်ရသောကြောင့် မခြောက်မစို တောင်မြေညိုညိုကလည်း မြေသင်းရနံ့ ပျံ့ပျံ့ပျူးလေသတည်း။

နွေ၏ ရနံ့၊ ချစ်ဖွယ်သော နွေကန္တာဦး၏ ရနံ့။

ဩော် . . . နွေကန္တာဦး၏ သွေးသောက်ရောင်းရင်းဖြစ်သည့် ထနောင်း၊ ဆူးဖြူနှင့် ဆူးရစ်ပင်တို့ပင် ပေါ်လာနှုတ်ဆက် ကြိုဆိုလေပြီ။ ဩော် . . . ကြိုဆိုကြလေပြီ။

ကျွဲတပ်ဆုံရွာအလွန် တံတားကုန်း အနီကြီးကို ကျော်မိ၍ ညင်ညင်သာသာ ကွေ့ဝိုက်ရှည်သွယ်လေသော ကားလမ်းပေါ်အရောက်၌ (စ) နံပါတ်တပ် ဖီးယက်ကားကလေးကို ရှေ့ပိုင်းမှ မောင်းနှင်လာသူ ဒရိုင်ဘာသည် မသိမသာ သက်ပြင်းသည်။ သူ့သက်ပြင်းကား စိတ်လက်ပေါ့ပါးသွားသောကြောင့် ချလေသည့် သက်ပြင်း။

မြေပြန့်သို့ ရောက်လေတော့မည်။

စတီယာရင်ကို ထိန်းရင်း မသိမသာ ခေါင်းနောက်လှည့်၍ ဒရိုင်ဘာက ဆိုသည်။

" မြေပြန့်ရောက်တော့မယ် ဆရာ၊ တော်တော်လေး အိုက်လာတယ်နော် ဆရာ "

ကား၏နောက်ခန်း၌ ကိုယ်ကို နောက်လှန်ကာ ခေါင်းကို မော့ရင်း ဘေးဘီကိုငေးလျက် လိုက်ပါလာသည့် "ဆရာ" အခေါ်ခံရသော တစ်ဦးတည်း လူရွယ်က အထူးအထွေ ပြန်မဖြေ၊ "အင်း"ဟုသာ ရှည်ရှည်ညည်းညည်း တုန့်ပြန်၏။

ခက်ခဲလှသည် မဟုတ်သော်လည်း သိသိသာသာ ကွေ့ဝိုက်၍ မသိမသာ တွန့်လိမ်လေသော လမ်းဖြစ်သောကြောင့် ဒရိုင်ဘာသည် သတိမူလျက် ကားကို အရှိန်မပြင်းတပြင်း မောင်းသည်။

မောင်းလျက်ကလည်း စဉ်းစားမိသေးသည်။

သူ့ဆရာသည် ခါတိုင်း၌မူ နှုတ်သွက်သူဟု မဆိုနိုင်စေ၊ နှုတ်လေးသူကား မဟုတ်။ ယခု ဤခရီးတွင်မူ နှုတ်နည်းသည်။ ရွက်ဝါတို့ကို စမြင်လေသည်မှစ၍ အထူးနှုတ်ဆိတ်သည်။ ဤအတွက်မူ အနည်းငယ် အံ့သြမိသည်။ သို့ရာတွင် ဆရာ၏ ဤမူဟန်ကြောင့် သူ၌ ကန့်ကွက်ဖွယ်မရှိ။ သူ့အလုပ်က ကားကို ကောင်းကောင်းမှန်မှန် မောင်းရန်သာ မဟုတ်လော။

ဖြစ်နိုင်သည်မှာ အေးချမ်းသာယာသော တောင်ကြီးမြို့မှ ပူအိုက်သော ဤဒေသနားအရောက်တွင် ဆရာသည် ပင်ပန်းနေရော့မည်။ အမှန်က ဆရာသည် အမြဲပင်ပန်းနေသူ ဖြစ်လေသည်။ နေ့မအိပ်ညမအိပ် လူနာတွေနှင့် အမြဲပင်ပန်းနေသူသာတည်း။ ယခုလည်း ပင်ပန်းသောကြောင့် ကားနောက်ခန်း၌ အိပ်မောကျ ပါလာလေသည်လော မပြောတတ်။ ဆရာ အိပ်မောကျပါလာလျှင်မူ သူ ဝမ်းသာရမည်။ သူ့ဆရာသည် ညဉ့် အိပ်မောကျတတ်သူ မဟုတ်။ ဒါကိုတော့ သူသာ အသိဆုံးပါ။

အသိဆုံးပါ။

ဒရိုင်ဘာသည် ဤသို့စဉ်းစားက ဂီယာ မပြောင်းရရုံ အရှိန်ပေး၍ ကားကို မှန်မှန်လေး မောင်းလာ၏။

ကြင်နာသိတတ်၍ တာဝန်ကျေသော ဒရိုင်ဘာခမျာ သိရှာမည်မဟုတ်။ အမှန်မှာ သူ့ဆရာသည် အိပ်မောကျ၍ ပါလာသည် မဟုတ်ပါ။ အိပ်မက်မူးရီနှင့် ဆိုလျှင်မူ မှန်လိမ့်မည် ထင်သည်။

အိပ်မက်ဆန်သော ကမ္ဘောဇ ရှမ်းမြို့တော်၏ ချယ်ရီတောနှင့် ထင်းရှူးမြင်ရိပ်ဝယ် သူသည် အိပ်မက်မူးရီ မဖြစ်ခဲ့ဖူး။ ထာဝစဉ် ဆောင်းလဆန်သော ရှမ်းမြို့တော်သည် သူ၏ပစ္စုပ္ပန်သာ ဖြစ်သည်။ လှုပ်ရှားရင်း ရှင်သန်နေရသော ပစ္စုပ္ပန်သည် အိပ်မက်မူးရီဖွယ်ရာ ပတ်ဝန်းကျင်ကို မပေး။

www.myanmarcupid.net

အတိတ်ဆိုသည်မှာမူ အိပ်မက်ဆန်သည်။ သို့မဟုတ် မရှိသည်ကို ရှိယောင်အဖြစ် အိပ်မက်ပမာပြလာကာ လှည့်စားတတ်သည်။ သည်အတွက်မူ သူ့အတွက် ဝမ်းနည်းရမည်လော၊ ဝမ်းသာရမည်လော မပြောတတ်။ ကြည်နူးလွမ်းဆွတ်မိသည်ကိုမူ သိသည်။ တစ်ခါတစ်ရံတော့ ကြံကြံဖန်ဖန် တွေးမိသည်။ မသိနိုင်သော နောင်ဘဝခေါ် အနာဂတ်ဆီ သယ်ပိုးပေးသည်ဆိုသော သေခြင်းတရားရှိသည့်နည်းတူ သိခဲ့ဖူးသော်လည်း မရှိတော့ပြီဖြစ်သည့် အတိတ်ဆီ ပြန်ခေါ်သွားနိုင်သည့် နောက်ကြောင်းပြန် သေခြင်းတစ်မျိုးများ ရှိခဲ့လျှင် ကောင်းများ ကောင်းလေမည်လောဟု တွေးမိသည်။ ကောင်းများကောင်းလေမည်လော၊ မှန်သည် ကောင်းများကောင်းလေမည်လော။ အတိအကျတော့ မသိပါလေ။ အကြောင်းမှာ အတိတ်ကာလမှ ကြည်နူးလွမ်းဆွတ်ဖွယ်ရာများသည် ကောင်းခြင်း ဆိုးခြင်းနှင့် မဆိုင်၊ ခံစားမှုနှင့်သာ ဆိုင်သည်။ ကောင်းသည်ကိုလည်း ခံစားရသည်။ မကောင်းသည်ကိုလည်း ခံစားရသည်။ ခံစားရသည့် အရာမှန်သမျှသည် ကြည်နူးလွမ်းဆွယ်ဖွယ်ရာချည်းသာတည်း။

သူက သူ့အတွေးနှင့်သူ ငြိမ်ပါလာခိုက် ကားသည် ဘုရားငါးဆူ တောင်ကြားဝသို့ ဆိုက်ရောက်လာသည်။ တောင်ကြားဝနောက်ဆုံး မြေမြင့်မှ လှမ်းမျှော်ကြည့်လျှင် သာစည်လွင်ပြင်သည် မျက်စိတဆုံး ပြန့်ချင်တိုင်းပြန့်၍ ပြောချင်တိုင်းပြောနေ၏။

နွေ၏ ညနေပိုင်းမြူတို့ လွင်ပြင်ကို မှုန်မှုန်လွှမ်းနေသော်လည်း ရှုခင်းဝါးအောင် ဆိုင်းဆို့ခြင်းတော့ မရှိသေး။ အနောက်မိုးပြင်ဝယ် ဝင်ပြီးစ နေသည် ရောင်လျှံကို ချန်ထားဆဲဖြစ်သောကြောင့် သည်ကနေကြည့်လျှင် နောက်ခံကားပြုအရာဝတ္ထုတိုင်းကို သဲသဲကွဲကွဲ မဟုတ်သည့်တိုင်စေ၊ စေ့စေ့စပ်စပ် သတိပြုရှာက မြင်နိုင်သေးသည်။

ဒရိုင်ဘာက အော်သည်။

“ ဟိုမှာ ဆရာ ပုပ္ပား၊ ပုပ္ပားကို မြင်နိုင်သေးတယ် ”

နောက်မှ သူကလည်း လှည့်ကြည့်သည်။ အမြင့်မှ စီးကြည့်ရသောကြောင့် နွေ၏ ခရမ်းရောင်လွင်ပြင်သည် ပြန့်ချင်တိုင်း ပြန့်သွားရာမှ မိုးကုပ်စက်ဝိုင်းဆီ၌ အနံ့လိုက် ထောင်တက်နေသယောင်ယောင်ရှိသည်။ မိုးကုပ်စက်ဝိုင်း၏ နယ်နိမိတ်အစပ်ကို ကျော်မိုး ထိုးထောင်လျက် တိမ်စိုင်လိုလို တိမ်တောင်နှယ်နှယ်နှင့် ပုပ္ပားတောင်မင်းကို သီးသီးခြားခြား ထီးထီးမတ်မတ် မြင်ရ၏။

ဒရိုင်ဘာက ဆိုသည်။

“ ဟောဒီနေရာကို ရောက်တိုင်း ပုပ္ပားကို လှမ်းမြင်မိတယ် ဆရာ၊ တောင်တန်းကြီးတွေထဲ ကားမောင်းလာတုန်း စိတ်က ကျဉ်းကြပ်တယ်၊ လွင်ပြင်ကို ဘွားကနဲ တွေ့ရတော့ စိတ်က အိပ်မက်က နိုးသလို လွတ်လပ်သွားတယ်၊ ပုပ္ပားကို လှမ်းမြင်ရတော့ အင်း ဟိုဒင်း . . . အောက်မေ့ချင်တယ် ဆရာရယ် ”

သူက စိတ်ဝင်စားဟန်နှင့် ဒရိုင်ဘာကို ပြန်မေးသည်။

“ ဘယ်လို ကိုထွေးရင်၊ ပုပ္ပားကို မြင်ရတော့ အောက်မေ့ချင်တယ် ဟုတ်စ ”

ဒရိုင်ဘာ ကိုထွေးရင်က ပြုံးချင်းထက် သာရုံ ရယ်သည်။

“ ဟုတ်တယ်၊ အောက်မေ့ချင်တယ်၊ ကျွန်တော်က ကျောက်ပန်းတောင်းသား မဟုတ်လား ဆရာ၊ ကျွန်တော်ဖတ်တဲ့ ဝတ္ထုရေးဆရာတွေရဲ့ အသုံးနဲ့ပြောရရင် လွမ်းတယ်ပေါ့၊ ပုပ္ပားကို လွမ်းတယ်၊ ကျောက်ပန်းတောင်းကို လွမ်းတယ်၊ အထူးသဖြင့် ပုပ္ပားနဲ့ ကျောက်ပန်းတောင်းရဲ့ နွေကို လွမ်းတယ်၊ ကျွန်တော် သိပ်ကဗျာဆန်သွားသလား ဆရာ ”

သူ့ဆရာက ရယ်သည်။ သူ့ဆရာ ရယ်သောကြောင့် ကိုထွေးရင်ကလည်း လိုက်ရယ်သည်။ ရယ်ခြင်းပြီးကြလျှင် သူ့ဆရာထံမှ စကားတစ်ခုခု ကြားရလိမ့်မည်ဟု ကိုထွေးရင်က မျှော်လင့်ထားသည်။

သူ့ဆရာထံမှ စကားသံ ထပ်ပေါ်မလာ။ ကိုထွေးရင်မှာ ပွဲမကျသော ပြက်လုံးကို ထုတ်မိသည့် လူရွှင်တော်ကဲ့သို့ ခံစားရသည်။

ကိုထွေးရင်ကို ကားကို မှန်မှန်သာ ဆက်မောင်းလာခဲ့ရ၏။

ဖွင့်ထားသော ကားမှန်တံခါးတို့မှ လေသည် အသံမြည်လျက် ဝင်လာနေ၏။ နွေ၏ လွင်ပြင်လေသည် ကုန်းမြေမြင့်မှ ထာဝစဉ် ဆောင်းဆန်သော တောင်တန်းလေနှင့် ကွာခြားလှသည်။ တောင်တန်းလေက နုသည်၊ ထိတွေ့ရာ၌ ပေါ့သည်၊ ခံစားမိရာ၌ အေးမြလတ်ဆတ်သည်။ နွေ၏ လွင်ပြင်လေက ကြမ်းသည်၊ ထိတွေ့ရာ၌ လေးပင်သည်၊ ခံစားမိရာ၌ ပူနွေးထိုင်းမှိုင်းသည်။ ဩော် . . . ဝိုက်မြည်းဖွယ်ရာလည်း ရှိသတည်း။

ကားလမ်းသည် ဖြောင့်ဖြောင့်ပြေးနေ၏။ ဝဲယာ ဘေးတစ်ဖက်တစ်ချက်တွင် ဝါးရုံတောတို့ ပျောက်ကွယ်သွားပြီ။ လယ်မြေယာမြေတို့က ခြောက်ခန်း ပတ်ကြားအက်နေသည်။ ထနောင်းပင်ပု၊ ဆူးဖြူပင်လို၊ ဆူးရစ်ပင်ပြတ်တို့သာ ချုံသာသာ အမြင့်အစုနှင့် ပုပုနိမ့်နိမ့်ဖြင့် မြေကိုကင်းစောင့် တန်ဆာဆင်နေကြ၏။

www.myanmarcupid.net

လေ၌ ဖုန်မှုန့်မြေနံ့တို့သာ စိုးမိုးသည်။ သို့ရာတွင် ခံပွင့်ဦးတို့၏ ရနံ့များက ကြိုးစားသင်းပျံ့ကြည်နေကြသည်။

သြော် . . . နွေကန္တာဦး၌လည်း သူ့အပွင့်၊ သူ့အဖူး၊ သူ့ရနံ့၊ သူ့ဓာတ်နှင့်သူ သဘာဝအလျောက် လှပသော လွမ်းမောဖွယ်ရာတို့ ရှိနေကြသည်။ ရှိနေကြပါသည်။

ရှေ့တစ်မိုင်ခန့် အဝေး၌ လွင်တီးခေါင် သစ်ပင်ကျွန်းငယ်ပမာ ရွာဟုသာ သိသာသော တစ်နေရာကို လှမ်းမြင်ရသည်။

ထိုအခါကျမှ ကားနောက်မှ ဆရာက စကားဆိုသည်။

" ခုနင်က ဘာတဲ့၊ အင်း . . . ကိုထွေးရင်က နွေကို လွမ်းသတဲ့ ဟုတ်လား "

" ဗျာ ခင်ဗျာ၊ ဆရာ ဘာပြောတာလဲ "

" သြော် . . . စောစောက ကိုထွေးရင်က နွေကို လွမ်းတယ်ဆိုလို့ပါ "

" သြော် . . . အဟင်း . . . အင်း . . . အင်း . . . ဟုတ်ကဲ့ ဆရာ "

" နွေကို လွမ်းတယ်လို့ မပြောဘဲ နွေကို ချစ်တယ်လို့ ပြောကြရအောင် "

ကိုထွေးရင်က မျက်မှောင်ကြုတ်၍ တစ်ချက်စဉ်းစားသည်။ ထို့နောက် သူဖတ်ဖူးသော ဝတ္ထုတစ်ခုတွင်းမှ ဇာတ်ဆောင်တစ်ဦး၏ လေသံကို အတုယူ၍ တည်ကြည်စွာ ဖြေ၏။

" ကျွန်တော့်အနေနဲ့ ကန့်ကွက်စရာ မရှိပါဘူး ဆရာ "

" ကိုထွေးရင်အနေနဲ့ ကန့်ကွက်စရာလည်းမရှိဘူး၊ နွေကို ချစ်တယ်ဆိုရင် ဟောဟိုရှေ့က ရွာမွန်သာမှာ ခဏ နားကြရအောင်လား "

ကိုထွေးရင် ငိုင်သွား၏။ ထို့နောက် လေသံပျော့ပျော့နှင့် ကန့်ကွက်သည်။

" နေဝင်ပြီ ဆရာ၊ မိတ္ထီလာရောက်အောင် တစ်နာရီနီးပါး ဆက်မောင်းရဦးမယ်၊ နောက်ကျနေရင် ဆရာကြီး ဒေါက်တာဦးဘမောင်နဲ့ ဇနီးကလဲ စိတ်ပူနေကြဦးမယ် "

" ဦးဘမောင်က စိတ်ပူစိုးရိမ်တတ်သူ မဟုတ်ပါဘူး၊ ဒါကြောင့်လည်း အင်မတန် လူအားကိုးတဲ့ ခရိုင်ဆရာဝန်ကြီး ဖြစ်နေတာ မဟုတ်လား၊ တို့ ရွာမွန်သာမှာ ခဏနားကြရအောင် "

" ဒါပေမယ့် ခက်တာက ဆရာ၊ ဆရာတို့က မိတ္ထီလာမှာ တစ်ညအိပ်ပြီး မနက် ၅ နာရီထိုးထဲ ရန်ကုန်ကို အရောက် မောင်းမယ်ဆို၊ ဆရာတို့ ဆေးပညာ ညီလာခံက သန်ဘက်ခါ စတော့မယ်ဆို "

" ဟုတ်တယ်၊ အဲဒါကြောင့်လည်း ဆရာ ရွာမွန်သာကို ဝင်မယ်၊ ခင်ဗျားမှာ ကန့်ကွက်စရာ ရှိသေးလား ကိုထွေးရင်"

ကိုထွေးရင်က ခေါင်းကို အသာအယာ ခါသည်။

" ဆရာ့ကို ကျွန်တော် ဘယ်တုန်းကမှ မကန့်ကွက်ဖူးပါဘူး၊ ဆရာ ပင်ပန်းမှာ စိုးလို့ပါ "

" ဒါဖြင့်ရင် ရွာမွန်သာမှာ ခဏရပ်ပေးပါ "

" ဟုတ်ကဲ့ ဆရာ "

ကားသည် ဆက်လက်ပြေးလာခဲ့၏။ မကြာမီပင် ရွာမွန်သာ သံကုန်းတံတားကြီးဆီ ရောက်လာကြ၏။

တစ်ကြိမ်ကမူ ရွာမွန်သာတံတားကြီးသည် ပြေပြစ်ချောမွတ်သော တံတားကြီးတစ်ခု ဖြစ်၏။ သို့ရာတွင် ယခုမူ ယမန်နှစ်က ရေတိုက်စားသောကြောင့် တံတားကြီး ပျက်ခဲ့ရသည်။ ယခုအထိ ပြင်ဆင်မှု မပြီးသေး၊ လမ်းမှ တံတားသို့ အတက်သည် ယာယီ မတ်စောက်နေသေး၏။

ကိုထွေးရင်သည် တံတားထိပ် မရောက်မီကတည်းက ကားကို အနိမ့်ဆုံးဂီယာ ပြောင်း၏။ ထို့နောက် ဖြည်းဖြည်း ညင်ညင် တံတားကို ဖြတ်ကူးသည်။

တံတားတစ်ဖက်ထိပ် လမ်းဘေးတွင် ကားကို ထိုးရပ်လိုက်၏။

ကိုထွေးရင်နှင့် သူ့ဆရာသည် ကားပေါ်မှ ဆင်းလိုက်ကြ၍ ဟိုဟိုသည်သည် လှမ်းမျှော်ကြည့်သည်။

နေဝင်ခဲ့ပြီးပြီ၊ လထွက်နေ၏။ အလင်းရောင် မမှိန်၊ ရွာမွန်သာတံတားကြီး၏ တောင်ဘက်၌ ကျောက်တန်းဆည်ကို ရေးရေး တွေ့နိုင်သည်။ ဆည်၏ တောင်ဘက်ချောင်းတွင်း၌ ပြိုးပြိုးပြက်ပြက် လက်နေသောရေများကို မြင်ရ၏။

ကိုထွေးရင်က ဆေးပေါ့လိပ်တစ်လိပ်ကို ထုတ်ယူမီးညှိဖွာရှိုက်၏။ ကိုထွေးရင်၏ ဆရာက လရောင်၌ မှုန်မှုန်လဲ့လဲ့ ရှိအပ်သော ပတ်ဝန်းကျင်ကို ငေးလျက် မလှုပ်မယှက် ရှိနေ၏။

အချိန်အတန်ကလေး ကြာသွားသည်။

ကိုထွေးရင်၏ ဆရာက သက်ပြင်းတစ်ချက် ရှိုက်လိုက်ပြီး ဆို၏။

" ကိုထွေးရင် ဒီမှာ ခဏစောင့်နေပါ၊ ဆရာ ရွာထဲ ခဏသွားလိုက်ဦးမယ် "

" ဗျာ ရွာထဲ ခဏသွားဦးမယ်၊ အချိန်မတော်ကြီး ဆရာရယ် "

www.myanmarcupid.net

ဤသို့ ကန့်ကွက်လိုက်ပြီးနောက် ကိုထွေးရင်သည် သူ့ဆရာအား ပြန်ကြည့်သည်။

သူ့ဆရာ၏ အရပ်အမောင်းက ရှည်သွယ်သည်။ ကိုယ်လုံးက မဖွံ့ဖြိုး၊ ပိန်ပိန်ကိုင်းကိုင်းဟု ထင်နိုင်သည်။ အပါးစား အနောက်တိုင်းဝတ်စုံကို ဝတ်ဆင်ထားသောကြောင့် အသွင်သည် ပိုမိုရှည်သွယ် ပိန်ကိုင်းနေ၏။ နဖူးထက်သို့ မဖြီးဘဲထားသော ဆံရိုင်းတို့ ဝဲခွေကျလာနေသည်။ မျက်နှာထားက အေးချမ်းသော်လည်း မေးရိုးတို့မှာ ပုံသဏ္ဌာန် ပီပြင်ခိုင်မာသည်။

ကိုထွေးရင်၏ဆရာက ပြုံးသည်။ ပြုံးရင်း ညင်ညင်သာသာ ဆို၏။

" ရွာထဲကို ကျွန်တော် သွားလိုက်ဦးမယ်၊ ကိုထွေးရင် ဘာမှ မပူပါနဲ့၊ ဒီရွာမွန်သာဟာ ဘခက်တို့ရွာပါ၊ ညွှန့်မေတို့ ရွာပါ၊ ပြီးတော့ . . . "

ကိုထွေးရင်၏ဆရာသည် စကားကို ခေတ္တရပ်လိုက်သည်။ ထို့နောက် ညည်းညူဟန် တိုးတိုးပြောသည်။

" ပြီးတော့ ကိုထွေးရင်၊ ဒီရွာဟာ နုနုငယ်တို့ရွာပါ "

ကိုထွေးရင်သည် မျက်လုံးပြူးသွား၏။ ကန္တာရခေါင်ခေါင်မှ ဤရွာကို သူ့ဆရာက ရင်းရင်းနှီးနှီး ပြောနေ၏။ ဘခက်တို့ရွာ၊ ညွှန့်မေတို့ရွာ၊ ပြီးတော့ . . . ပြီးတော့ နုနုငယ်တို့ရွာ . . . ။

ကိုထွေးရင် ဘာမျှ ပြန်မပြောနိုင်မီ ကိုထွေးရင်၏ဆရာသည် ရွာမွန်သာဆီသို့ ထွက်ခွာသွားသည်။

ကိုထွေးရင်သည် ခေါင်းကုတ်လိုက်၏။ စိတ်ပျက်သယောင်ဖြစ်သော်လည်း အမှန်က ကိုထွေးရင် စိတ်မပျက်။

တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံကြီး၌ ဤအတိုင်း သူ့ဆရာကို တွေ့ဖူးပေါင်း များလှပြီ။

သက်ရှိ လူအရှင်ကြီးကို မေ့ဆေးပေး၍ ဘယ်သို့ ခွဲစိတ်သည်ကို ဒရိုင်ဘာကိုထွေးရင်သည် အလွန်ကြည့်ချင်မိ၏။ ကြည့်ချင်မိ၍ သူ့ဆရာကို သူပူဆာသည်။ သူ့ဆရာက ခွင့်ပြုခဲ့သည်။ ထိုခွင့်ပြုသောနေ့က ကိုထွေးရင်သည် အင်္ကျီ၊ ဘောင်းဘီ စိမ်းစိမ်း ဝတ်ရ၏။ အင်္ကျီဘောင်းဘီစိမ်းစိမ်းထက် ဝတ်ဖြူစင်ကြယ်ကိုလည်း လွှမ်းရသေးသည်။ ခေါင်း၌လည်း ဦးထုပ်ဖြူ ဆောင်းရသေးသည်။ နှာခေါင်းနှင့် ပါးစပ်ထက်တွင်လည်း အဝတ်ဖြူ ပိတ်စည်းရသေးသည်။ ခွဲစိတ်သည်ကို မြင်သောအခါ နှလုံးတုန်လာသည်။ မရည်ရွယ်ဘဲ အနီးဝတ်ဆရာမလေးတစ်ဦး၏ လက်မောင်းကို သွားဆုပ်မိသည်။ ဆရာမလေးက မျက်လုံး ပြူးပြသည်။ ရိုးသားလှစွာ ကိုထွေးရင်က ဇက်ပုပြီး ခေါင်းညိတ်ကာ တောင်းပန်ရ၏။ အသံမထွက်ရဲ။

ကိုထွေးရင်၏ တစ်ကိုယ်လုံးသည် နံနက်စောစော စက်နှိုးကျင့်ပေးထားသော ကား၏ အင်ဂျင်စက်ကဲ့သို့ တဒိုင်းဒိုင်း တုန်ယင်နေခဲ့သည်။

သူ့ဆရာကသာ အလွန်တည်ငြိမ်နေသည်။

သူတို့ခွဲစိတ်သည်မှာ ကိရိယာ များပါဘိခြင်း၊ မော်တော်ကားပျက်ကို ပြင်ပေးသော ဝပ်ရှော့မှ အင်ဂျင်နီယာများ ထက်ပင် ကိရိယာစုံသေး။

ကိရိယာတို့ တစ်ခုပြီးတစ်ခု ပြောင်းသည်။ ပြောင်းတိုင်း သူ့ဆရာသည် နှုတ်ဖြင့်မတောင်း၊ လက်သာ ဖြန့်တောင်း၏။ ခေါင်းပင် လှည့်မကြည့်။ အနီးရှိ အပြာဝတ်ဆရာမက လိုအပ်သော ကိရိယာကို ဆရာ့လက်တွင်း ထည့်ပေးရ၏။ ဆရာ ဘာလိုသည်ကို ဆရာမသည် သိပြီးဖြစ်ဟန်တကား၊ ဆရာမကိုလည်း ဆရာသည် ယုံကြည်ပြီးဟန်တကား။

မိမိကိုလည်း ဆရာသည် ယုံကြည်ပြီး ဖြစ်ရမည်။ ထို့ကြောင့်လည်း မိမိကို ဤနေရာတွင် စောင့်ခိုင်းထားပြီး သူက ဘခက်တို့ ညွှန့်မေတို့ ပြီးတော့ နုနုငယ်တို့၏ရွာ ရွာမွန်သာတွင်းသို့ ဝင်သွားသည်။

မိမိအနေနှင့် ဘာလုပ်ရမည်နည်း။

တောင်ကြီး စဝ်စံထွန်းဆေးရုံကြီးမှ ဆရာမ ချောချောကလေးများသည် မိမိဆရာ၏ အလိုက်အထိုက်ကို သိသကဲ့သို့ မိမိကလည်း အလိုက်အထိုက် သိရုံသာ ရှိသည်။

တစ်နည်းအားဖြင့်ဆိုသော် မိမိဖတ်ဖူးသော ဝတ္ထုရေးဆရာကြီးတစ်ဦး၏ အာဘော်အတိုင်း "ထွေးရင်ကတော့ ဒါပဲ တတ်နိုင်သည်၊ သည့်ပြင်ကော ဘာများတတ်နိုင်ဦးမှာတဲ့လဲ"

ဤသို့ တွေးခေါ်မြော်မြင်ကြည့်ပြီးနောက် ဒရိုင်ဘာကိုထွေးရင်သည် မီးသေနေပြီဖြစ်သော ဆေးပေါ့လိပ်ကို ထပ်မံ မီးညှိဖွာရှိုက်သည်။

သို့ရာတွင် သူ့ရင်တွင်း၌မူ သူ့ဆရာ၏ နောက်ဆုံးစကားရပ်မှ အဆုံးဝါကျသည် ပဲ့တင်ထပ်နေ၏။

" ပြီးတော့ ကိုထွေးရင်၊ ဒီရွာဟာ နုနုငယ်တို့ရွာပါ "

" နုနုငယ်တို့ရွာပါ၊ ကိုထွေးရင် . . . နုနုငယ်တို့ရွာပါ "

❑

www.myanmarcupid.net

## အခန်း ( ၂ )

## နနငယ်တို့ရွာ

ထွက်ဦးစ လရောင်၌ ရေးရေးဖွေးဖွေးရှိအပ်သော ရွာလယ်လမ်းအတိုင်း ကိုထွေးရင်၏ဆရာသည် ဖြည်းဖြည်းမှန်မှန် လျှောက်လာသည်။

နေဝင်မီးထွန်းချိန် ဖြစ်သောကြောင့် ကလေးငိုသံ၊ ကြက်တွန်သံ၊ ခွေးဟောင်သံတို့ ရံဖန်ရံခါ ပြောက်ကျား ထွက်ပေါ်လာသည်မှလွဲ၍ ရွာသည် အထူး တိတ်ဆိတ်နေ၏။ စားကျက်မှအပြန် နောက်ကျဟန်ရှိသော ဆိတ်တစ်အုပ်နှင့် ဆိတ်ကျောင်းသားငယ်တစ်ဦးမှတစ်ပါး လမ်းတွင် အခြားလူသူများကို မတွေ့ရ။

ဆိတ်ကျောင်းသားလူငယ်သည် သူ့ကို တစ်ချက်လှည့်ကြည့်သည်။ ဆိတ်အုပ်ဒဏ်ကြောင့် ဖုန်ခိုးတို့ မွှန်လာသဖြင့် သူက နှာခေါင်းကို လက်ကိုင်ပဝါဖြူနှင့် အုပ်လိုက်ပြီး လမ်းလျှောက်ခြင်းကို ရပ်လိုက်၏။ ဆိတ်အုပ်က ရှေ့ဆက်သွားသည်။ သူက နောက်ချန်နေရစ်၏။ အတန်လှမ်းလှမ်းမှနေ၍ ဆိတ်ကျောင်းသား လူငယ်သည် သူ့ကို နောက်တစ်ကြိမ် လှည့်ကြည့်ပြီး ဆိတ်အုပ်နောက် လိုက်ပါပျောက်ကွယ်သွား၏။

ဖုန်ခိုးတို့ အတန်စဲသွားသောအခါ သူက ဆက်လျှောက်ပြန်သည်။

ရွာလယ်ရှိ အဓိကရ မန်ကျည်းပင်ကြီးတစ်ပင်အောက်၌ သူရပ်လိုက်ပြီး ပတ်ဝန်းကျင်ကို စုံစမ်းသယောင်ကြည့်သည်။ လက်ယာဘက်၌ ဝါးချွန်ခြံစည်းရိုး အရံအတားအတွင်းဝယ် အောက်ထပ်တစ်ဝက်ကာ အိမ်ခြေတံရှည်တစ်လုံးကို တွေ့ရ၏။ အောက်ထပ်၌သာ မီးမှိန်မှိန် လင်းနေသည်။

ထိုအိမ်ကို သူသည် ခေတ္တ မျက်မှောင်ကြုတ်ကြည့်သည်။ ပထမသော် သူ့အမူအယာသည် ဝေခွဲမရဟန်ပေါ်သည်။ ထို့နောက်မူ စိတ်ဆုံးဖြတ်လိုက်ဟန်နှင့် ပွင့်လျက်ရှိသော ခြံတံခါးပေါက်မှ အတွင်းသို့ ဝင်လာခဲ့၏။

အိမ်အောက်ထပ်၌ မည်သူ့ကိုမျှ မတွေ့။ သူက ခေတ္တရပ်၍ အကဲခတ်နေဆဲ၊ ရုတ်တရက် ထိုးဟောင်လိုက်သော ခွေးတစ်ကောင်၏ အသံကို ကြားရ၏။

သူက မတုန်လှုပ်သော်လည်း သတိအနေအထားနှင့် ခွေးကို ရင်ဆိုင်သည်။

သို့ရာတွင် ခွေးသည် ယဉ်ပါးသောခွေး ဖြစ်ဟန်တူသည်။ လှုနားမကပ်ဘဲ မလှမ်းမကမ်းမှ အမြီးနှံ့ရင်း အနံ့ခံလျက် ဝတ်ကျေဝတ်ကုန် ဟောင်နေ၏။

"ဟဲ့ . . . ရွှေမိ ဘာဟောင်နေတာလဲ"ဟူသော မေးသံနှင့်အတူ အိမ်နောက်ဖေးမှ လူတစ်ဦး ပေါ်လာသည်။

ပေါ်လာသူမှာ ပုဆိုးတိုတို ဝတ်ထား၍ ခါးအထက်၌ ဘာမျှမရှိ၊ သျှောင်ထုံးနှင့်ဖြစ်၍ ခေါင်းတွင် မျက်နှာသုတ်ပဝါ ပေါင်းထားသည်။ အသက်က ၄၀ ခန့်ရှိမည်။

ထိုဦးကြီးသည် ဧည့်သည်သူ့ကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး ဖော်ရွေစွာ ဆိုသည်။

" သြော် . . . မြို့က လ-အ-က,က ထင်တယ်၊ လာပါ ထိုင်ပါ ဗိုလ်ကြီး "

ဧည့်သည် သူက အသာအယာပြုံးသည်။

" ကျွန်တော်ဟာ ဗိုလ်ကြီးတစ်ဦး မဟုတ်ပါဘူး၊ ဒါထက် ဒီအိမ်ဟာ ဘခက်တို့အိမ် မဟုတ်လား "

" မှန်သပ၊ ဦးဘခက်တို့အိမ်ပါ၊ ရဲဘော် ဦးဘခက်တော့ မရှိဘူး "

" ဒါဖြင့် ညွှန့်မေ . . . အဲ . . . မညွှန့်မေကော ခင်ဗျာ "

" သြော် . . . ဆရာမကြီး ဒေါ်ညွှန့်မေကို ပြောတာလား၊ ဆရာမကြီးလဲ မရှိဘူး "

သူသည် စိတ်ပျက်သယောင် ဘာစကား ဆက်ပြောရမှန်း မသိ။

ဦးကြီးကသာ တာဝန်ကျေပွဲ့န် ဖော်ရွေစွာ ဖိတ်ခေါ်သည်။

" ဗိုလ်ကြီး . . . အဲလေ မောင်ရင် ဝင်ထိုင်ပါဦး လာလာ "

ပြောပြောဆိုဆိုနှင့်ပင် ဦးကြီးသည် အိမ်အောက်ထပ်သို့ ရှေ့ဆောင်ဝင်သွားသောကြောင့် သူကလည်း ဝင်လိုက်သွားသည်။

" လာ လာ ဒီမှာထိုင် "

ဦးကြီးက ဖိတ်ခေါ်သော်လည်း သူက မထိုင်။

" ကိစ္စမရှိပါဘူး ဦး ခင်ဗျာ၊ သြော် . . . ဒါထက် အိမ်က နည်းနည်းပြောင်းသွားတယ်နော် "

www.myanmarcupid.net

“ အို မောင်ရင့်နှယ်၊ နည်းနည်းပြောင်းသွားတာ မဟုတ်ဘူး၊ အများကြီး ပြောင်းသွားတာ၊ အစက ဒါ ရဲဘော် ဦးဘခက်ရဲ့ အမေမုဆိုးမတဲ၊ အခုတော့ အိမ်၊ အိမ်ဆိုတာက အပေါ်ထပ်ကို ပြောတာ၊ အောက်ထပ်က စာကြည့်တိုက်၊ ပြီးတော့ အသုံးလုံးကြေ ညကျောင်း၊ လလသသ ကိစ္စတွေ စည်းဝေးရင်လဲ ဒီမှာပဲ စည်းဝေးတာပဲ ”

သူက ဦးကြီးပြောသည်ကို နားထောင်ရင်း အိမ်အောက်ထပ်ကို စူးစမ်းကြည့်သည်။

အိမ်သည် တောင့်တင်းခိုင်မာသော အင်သားတိုင်ထူသည့် ခြေတံရှည်အိမ်ဖြစ်သည်။ အိမ်အောက်ထပ်ကို အရှေ့ မျက်နှာမှလွဲ၍ ဝါးကြောထု ထရံကာထားသည်။ အောက်ထပ်တစ်ခုလုံးသည် ပေငါးဆယ်ခန့် ကျယ်သကဲ့သို့ ပေလေးဆယ်ခန့် ရှည်သည်။ တစ်ဝက်၌ စာသင်သားထိုင် စားပွဲရှည်နှင့် ခုံရှည် အကြမ်းစားများ ရှိသည်။ နံရံနှင့် ကပ်လျက်ထိပ်တွင် အနက်ရောင် သင်ပုန်းကြီးတစ်ခု ရှိ၏။ အခြားတစ်ဝက်တွင်မူ ဗီရို သုံးလုံး ရှိသည်။ ခုံတန်းရှည် လေးဖက်လေးတန် ဝိုင်းရံအပ်သော စားပွဲ ကြမ်းရှည်တစ်ခုလည်း ရှိသည်။ စားပွဲပေါ်၌ သတင်းစာများကို မြင်နိုင်သည်။

ဧည့်သည် သူက ငြိမ်၍ စူးစမ်းနေခိုက် ဦးကြီးက ဒုတိယမွိ ဖိတ်ခေါ်ပြန်သည်။

“ လာလေ မောင်ရင် ထိုင်ဦး ”

“ ကျွန်တော် မထိုင်တော့ပါဘူး ဦးကြီးရယ်၊ ဒါထက် ဘ . . . ဘ . . . အဲ . . . ဦးဘခက်တို့ ဘယ်အချိန် ပြန်လာကြမလဲ ”

“ အဲဒါတော့ ကျုပ်မပြောနိုင်ဘူး၊ ရဲဘော် ဦးဘခက်က အခု ဒီနေ့ မြို့က ပါတီယူနစ်ရုံးမှာ သွားထိုင်နေတာ မဟုတ်ဘူး၊ ဆရာမကြီး ဒေါ်ညွန့်မေကလဲ ခါတိုင်းဆို ပြန်လာပြီ၊ မြို့က အ-ထ-က ကျောင်းက လေးနာရီ၊ ဒါမှမဟုတ် အလွန်ဆုံး ငါးနာရီ ဆင်းတာ မဟုတ်လား၊ ဒီနေ့တော့ သူတို့နှစ်ယောက်လုံး စောစောပြန်ရောက်ကြမှာ မဟုတ်ဘူး၊ ဒီလိုပဲ ရွာက လူတော်တော်များများလည်း စောစောပြန်ရောက်ကြမှာ မဟုတ်ဘူး ”

“ သူတို့တွေအားလုံး ဘယ်သွားနေကြလို့လဲ ”

ဦးကြီးက အားရပါးရ ရယ်သည်။

“ ဘယ်သွားနေရမလဲ၊ တကယ့်နေရာ သွားနေကြတာပေါ့၊ သူတို့ ကျောက်တံခါးကို သွားနေကြတယ်၊ အခု နွေက စပြီး ကျောက်တံခါးက ရေလွှတ်ပေးမယ်၊ ဒီမှာ မောင်ရင် ကျုပ်တို့ ဒီနွေ မအားတော့ဘူး၊ ချည်မျှင်ရှည် ဝါဂွမ်း စိုက်တော့ မယ်လေ၊ အဲဒါ ရဲဘော် ဦးဘခက်ရော၊ ဆရာမကြီး ဒေါ်ညွန့်မေရော၊ တစ်ရွာလုံးရော အခမ်းအနားနဲ့ ရေသွားဖွင့်နေကြတာ”

ဧည့်သည် သူက လေးလေးငြိမ့်ငြိမ် ခေါင်းကိုညိတ်ကာ . . .

“ ဘာပဲဖြစ်ဖြစ် သူတို့ နောက်တစ်နာရီလောက်ဆို ပြန်လာတန်ကြကောင်းပါရဲ့နော် ဦးကြီး ”

“ အင်း ပြန်လာတန်ကောင်းရဲ့၊ မောင်ရင်က မြို့က ဧည့်သည်နဲ့တူတယ်၊ စောင့်ချင်စောင့်ပါလား၊ ကျုပ် ဗီရိုတွေ ဖွင့်ပေးမယ်လေ ”

“ ခင်ဗျာ ”

“ မောင်ရင် ပျင်းနေမှာစိုးလို့ပါ၊ စားပွဲပေါ်မှာ ကြေးမုံရော၊ မြန်မာ့အလင်းရော၊ ရန်ကုန်ရော၊ ဗိုလ်တစ်ထောင်ရော၊ လုပ်သားပြည်သူရော သတင်းစာအားလုံးရှိတယ်၊ ဗီရိုတွေထဲမှာ ရှေ့သို့ရော၊ ပါတီသတင်းစဉ်ရော၊ ရှုမဝရော၊ သွေးသောက်ရော၊ ငွေတာရီရော၊ မြဝတီရော ဖတ်စရာတွေ အားလုံးရှိတယ်၊ ကျုပ်က အသုံးလုံးကြေ ကျောင်းသားတွေထဲမှာ ပထမရပြီး အခု စာကြည့်တိုက်မှူးလုပ်နေတာ၊ မောင်ရင် အပျင်းပြေ စာဖတ်မလား၊ ကျုပ် ဗီရိုဖွင့်ပေးမယ် ”

သူက လေးစားယဉ်ကျေးစွာ ဦးညွှတ်ပြီး ဖြေသည်။

“ ကျွန်တော် စာမဖတ်တော့ပါဘူး ဦးကြီးခင်ဗျာ၊ ကျွန်တော် တခြားအသိတွေဆီ သွားလည်လိုက်ပါဦးမယ် ”

“ ဒီလိုဆိုရင်လဲ သွားသပ၊ ဒါထက် ရဲဘော် ဦးဘခက်တို့၊ ဆရာမကြီး ဒေါ်ညွန့်မေတို့ ပြန်လာရင် ဖြေရအောင် မောင်ရင်က ဘယ်အသိအိမ် သွားမလို့လဲ ပြောခဲ့စမ်းပါ ”

သူက တစ်ချက်ငိုင်သွားသည်။ ထို့နောက် ဆွေးမြေ့စွာဖြင့် ဦးကြီးကို ကြည့်လျက် ဖြေသည်။

“ ကျွန်တော် နုနုငယ်တို့အိမ်ကို သွားပါမယ် ဦးကြီးခင်ဗျာ၊ ဘခက်တို့ ညွန့်မေတို့ ပြန်လာရင် အဲဒါကို ပြောပြပေးပါ၊ ဩော် . . . ဦးကြီး ဟောဒါလေးကိုလဲ ဘခက်ကို ပေးလိုက်စမ်းပါ ”

သူက အိတ်တွင်းမှ ဖောင်တိန်တစ်လက်ကို ဖြုတ်ယူ၍ ဦးကြီးကို ပေးသည်။ ဟောင်းနွမ်းလှသော ဖောင်တိန် တစ်လက်တည်း။

ဦးကြီးက ပါးစပ်ပြဲ၊ မျက်လုံးပြူး၍ သူ့ကို စကားမဆိုနိုင်ဘဲ ကြည့်နေ၏။

သူကသာ ဆက်ပြော၏။

www.myanmarcupid.net

“ ဒီလောက်ဆို သူတို့ မှတ်မိပါတယ်၊ မမှတ်မိရင်လဲ ပြောလိုက်ပါ ဦးကြီးရယ်၊ ကျွန်တော့်နာမည်က နှင်းငွေတဲ့၊ ဒေါက်တာနှင်းငွေတဲ့၊ နုနုငယ်တို့အိမ် ကျွန်တော် သွားနှုတ်ဆက်လိုက်ဦးမယ် ဦးကြီး ”

သူက လျင်မြန်စွာ ခြံတွင်းမှ ထွက်ခွာသွားသည်။

မျက်လုံးပြူး၊ ပါးစပ်ပြဲနေရာမှ ဦးကြီးသည် လှုပ်ရှားလာသည်။

ဦးကြီးက နှုတ်မှ “ဖွ . . . ဖွဲ့ . . . ”ဟု ရေရွတ်ရင်း ဖနောင့်မှ မြေမှုန့်ဖြင့် နဖူးကို သုတ်လိမ်းလိုက်၏။ အတန်ကြာ ငိုင်နေသေးသည်။ ထိုနောက်မှ သတိရဟန် ခြံဝဆီသို့ ပြေးထွက်လာသည်။

သူ၏ အရိပ်အယောင်ကိုမှ မတွေ့တော့။

ဦးကြီးသည် တုန်တုန်ယင်ယင်နှင့် တိုးတိုးရေရွတ်၏။

“ နုနုငယ်တို့အိမ်ဆီကို၊ မြတ်စွာဘုရား၊ နုနုငယ်တို့အိမ်ဆီကို၊ ဖွ . . . ဟဲ့ . . . အမလေး၊ ဒီကောင်မ အလိုက်မသိဘူး”

ဦးကြီး၏ နောက်ဆုံးစကားသည် ရွှေမိကြောင့် ဖြစ်သည်။

ရွှေမိသည် ဝင်းထိန်စပြုသော လမင်းကို မျှော်ကြည့်၍ ဆွေးဆွေးမြေ့မြေ့ အူနေသောကြောင့်တည်း။

❑

# အခန်း ( ၃ )

## နုနုငယ်တို့အိမ်

မြူမကင်းသော်လည်း တိမ်ရှင်းသည့် နွေဦးည ကောင်းကင်ပြင်၌ လသည် ထိန်ထိန်ဝင်းစပြုပြီ။

ရွာထိပ် လက်ပံပင်၌ ကျီးတို့ ပြုံနေ၏။ လရောင်ဝင်းသော လေဟာပြင်တွင် လင်းဆွဲငှက်တို့ ရိပ်ကနဲ ရိပ်ကနဲ ပျံကူးလူးလာနေ၏။

ဒေါက်တာနှင်းငွေကသာ ရွာလမ်းအတိုင်း မြောက်အစွန်သို့ လျှောက်လာနေ၏။

နွေဦးညက ချမ်းစိမ့်စိမ့်နိုင်သည်။ နွေဦးလက ဖြူလျော်လျော် ရှိသည်။ တစ်လောကလုံးကလည်း ဆိတ်ငြိမ်လွန်းလှသည်။

ရွာအစွန်မို့ အားလုံး တိတ်ဆိတ်နေသည်။ တစ်ခါတစ်ရံသာ ကုက္ကိုရွက်တို့ ကြွေသံကြားရ၏။

လမ်းဘေးဝဲယာ၌ ထနောင်းပင်ပု၊ ဆူးဖြူပင်ပု၊ ကန္တာရပင်ပုတို့သည် ခပ်ကျဲကျဲ ခြားခြားနားနား ပေါက်နေကြ၏။ နွေဦးမတိုင်မီကပင် ရွက်လဲခဲ့သော သူတို့သည် မြရည်စိမ်းကောင်း စိမ်းနေမည်။ လရောင်၌မူ အရောင်အဆင်းက မသဲမကွဲ ပင်ပုပင်စုဟုသာ အသိအမှတ်ပြုရသည်။

ဒေါက်တာနှင်းငွေ ဆက်လျှောက်လာခိုက် မနီးမဝေးမှ ခြေသံကို ကြားရသည်။ ခြေသံနှင့်အတူ လေဝယ်ခွင်း၍ တစ်စုံတစ်ခု သွားသံကို ကြားရ၏။ လက်ပံပင်ကို ထိုတစ်စုံတစ်ခု မှန်၍ “ဒေါက်”ကနဲ မြည်သံလည်း ပေါ်လာသည်။

ရှေ့မှ မည်းမည်းရေးရေး သဏ္ဌာန်တစ်ခုကို ဒေါက်တာနှင်းငွေ မြင်ရ၏။ ထိုသဏ္ဌာန်က လှမ်းအော်တားမြစ်၏။

“ ဟေ့ ဘယ်သူတုန်း ရပ်လိုက် ”

ဒေါက်တာနှင်းငွေက ပမာမပြုဘဲ ရှေ့ဆက်သွား၏။ သို့ရာတွင် သူ့နားရွက်အနီးမှ ကပ်ကာ ဝီခနဲဖြတ်သန်းသွားသော အရာကြောင့် ဒေါက်တာနှင်းငွေ ရပ်လိုက်ရ၏။

ရှေ့မှ သဏ္ဌာန်ကသာ ခြိမ်းခြောက်အော်ဟစ်သည်။

“ လူလား တစ္ဆေလား၊ လူဆို ရပ်နေ၊ တစ္ဆေဆိုရင် မပြေးနဲ့၊ လောက်လွှဲစာ မိသွားမယ်၊ ဆိတ်ကျောင်းသား ကျောက်ခဲတဲ့ကွ၊ တစ်ခဲတည်းရှိတယ်၊ လာလေရော့ ”

“ဝှီး”ကနဲမြည်၍ လောက်စာလုံးသည် ဒေါက်တာနှင်းငွေ၏ ခေါင်းထက်မှ ပျံသွား၏။

“ ဟေ့ သူငယ် လွန်လှချေလား၊ လူမှန်း တစ္ဆေမှန်း မသိရအောင် မင်းမှာ သတ္တိမရှိဘူးလား ”

ဒေါက်တာနှင်းငွေက ဒေါသနှင့် အော်၏။ ထိုအခါကျပါမှ ရှေ့မှ လောက်လွှဲရှင် ကျောက်ခဲသည် သူ့ ဝရဇိန် လက်နက်ကို ရပ်လိုက်သည်။

ဒေါက်တာနှင်းငွေက ရှေ့တက်လာသည်။

www.myanmarcupid.net

ကျောက်ခဲက မပစ်သော်လည်း လောက်လွှဲကို ချိန်ထား၏။

တစ်ဦးနှင့်တစ်ဦး မြင်သာမှ ကျောက်ခဲက စ,အသံပြုသည်။

“ အာ ”

ဒေါက်တာနှင်းငွေကလည်း အသိအမှတ်ပြုသည်။

“ ဩော် . . . မင်းကိုး ”

လောက်လွှဲလက်နက် စကြာသခင် ကိုကျောက်ခဲမှာ ရွာအဝင်၌ သူတွေ့ခဲ့သော ဆိတ်ကျောင်းသားပင် ဖြစ်နေ၏။ ကျောက်ခဲကလည်း သူ့ကို မှတ်မိပုံရ၏။

ဒေါက်တာနှင်းငွေက ပျော့ပျောင်းစွာ အပြစ်တင်သည်။

“ မင်းနှယ်ကွယ် မဆင်မခြင် မစုံစမ်းဘဲ လောက်လွှဲနဲ့ အရင်ပစ်ရသလား ”

“ ပစ်ရတာပေါ့ဗျ၊ ဒီအချိန် ဒီနေရာမှာ လူတွေ လမ်းမလျှောက်ဘူး ”

“ ဘာပြောတယ် ”

“ ခင်ဗျား တော်တော် နားဝေးတယ်၊ ညွှံသည် မြို့သားနဲ့ တူတယ်၊ ကျုပ်တို့ရွာက လူတွေ ဒီအချိန်၊ အဲ . . . ဒီအချိန်မပြောနဲ့ နေဝင်ရင် ဒီဘက်ကို ဘယ်သူမှ မလာဘူး ”

“ နို့ မင်းကတော့ ဘာပြုလို့ လာသလဲ ”

“ ကျုပ်ကလဲ လာချင်လို့ လာရတာမှ မဟုတ်ဘဲ၊ ကျုပ်အလုပ်က မလာမဖြစ်လို့၊ ပြီးတော့ နာနာဘာဝဆိုတဲ့ ကောင်တွေက ကျုပ်တို့ ဆိတ်ကျောင်းသားတွေကိုတော့ ကြောက်ကြတယ်၊ ကျုပ်တို့ကို ကြောက်တာ မဟုတ်ပါဘူးလေ၊ ဟောဒါကို ကြောက်တာ ”

ကျောက်ခဲက စကားအဆုံး၌ လောက်လွှဲကို ဝင့်ကြွားစွာ ပြ၏။

စကားဆက်ပြောရန် အကြောင်းမရှိတော့သောကြောင့် သူက တစ်ချက်ပြုံးပြီး ရှေ့ဆက်သွားမည်ပြု၏။ ကျောက်ခဲက နောက်ဆုတ်လိုက်ပြီး သူ့ရှေ့မှ ကာဆီး၍ တားမြစ်၏။

“ ဟေ့လူ ခင်ဗျား အဲဒီဘက် ဆက်မသွားနဲ့၊ ဟိုမှာ ဖုန်းဆိုးနဲ့ အိမ်ဆိုးပဲ ရှိတယ် ”

သူက အေးချမ်းစွာ ပြုံးပြီး ကျောက်ခဲကို စကားပြန်သည်။

“ ဟိုဘက်မှာ ဖုန်းဆိုးရှိတယ် ဆိုတာကို ငါလည်း သိပါတယ်၊ အိမ်ဆိုးကြီးရှိတယ် ဆိုတာကိုတော့ လက်မခံဘူး၊ အဲဒီက ငါ့အသိအိမ် သွားမလို့ ”

“ ဗျာ အဲဒီဘက်မှာ လူနေတဲ့အိမ် မရှိဘူးဗျ ”

“ ရှိပါတယ်ကွယ်၊ နုနုငယ်တို့အိမ် ရှိခဲ့ပါတယ်၊ အဲဒီကို ငါသွားမလို့ပါ ”

ကိုကျောက်ခဲ မျက်လုံးပြူးသွားသည်။ သူသည် ဒေါက်တာနှင်းငွေအား ခပ်လှမ်းလှမ်းမှ တစ်ပတ်ပန်းကျော်ပြီး ရွာဘက် ကျောခိုင်းလျက် စူးစိုက်ကြည့်သည်။ လောက်စာလုံးထည့်ထားသည့် လောက်လွှဲကိုလည်း အရေးကြုံလျှင် ပစ်လွှတ်ရန် အဆင်သင့် အနေအထား ကိုင်ထား၏။ ထို့နောက် တဖြည်းဖြည်း ရွာဘက်သို့ နောက်ပြန်ဆုတ်၏။

ဒေါက်တာနှင်းငွေက တစ်ချက်ပြုံးကာ ခေါင်းညိတ်နှုတ်ဆက်ပြီး ရှေ့သို့ ဆက်လက်ထွက်ခွာလာ၏။

ကျောက်ခဲပြောသည်မှာ မှန်၏။ ဤမှာဘက်၌ လူနေအိမ်ခြေဟု မရှိ။ စောင်ခြိမ်းနှင့် နာနတ်ရိုင်းပင်တို့ ကြီးစိုးသော ဖုန်းဆိုးတောကလေးများကိုသာ တွေ့ရတော့သည်။

ရွာမှ အတော်လှမ်းသော ခြံပျက်ကြီးတစ်ခုရှေ့၌ ဒေါက်တာနှင်းငွေက ရပ်လိုက်၏။ ခြံလယ်၌ အိမ်အိုကြီး တစ်ဆောင်သည် ကြီးမားမည်းမှောင်သော သတ္တဝါကြီးတစ်ကောင်ပမာ ထီးထီးရပ်နေ၏။

ဒေါက်တာနှင်းငွေသည် အိမ်ကိုကြီးကို ငေးရင်း စဉ်းစားသည်။ မိမိ ဘာလုပ်နေပါသနည်း။ မိမိလုပ်နေသည်ကို လူတွေက ဘာပြောကြမည်နည်း။ မည်သူက မည်သို့ဆိုစေ၊ မိမိကတော့ နုနုငယ်ကို ဝင်ရောက်နှုတ်ဆက်ရပေမည်။ တကယ်တော့ ဤမျှ ကြာညောင်းသည်အထိ ထပ်မံရောက်မလာနိုင်ခဲ့သည့်အတွက် နုနုငယ်ကို မိမိ တောင်းပန်ရပေမည်။ နုနုငယ်ကို တောင်းပန်ရပေမည်။

ဒေါက်တာနှင်းငွေက သက်ပြင်းရှိုက်လိုက်ပြီး ခြံတွင်းသို့ ဝင်လာခဲ့သည်။

ခြံပျက်ကြီးဖြစ်သော်လည်း မိုးခေါင်ရေရှားအရပ် ဖြစ်သောကြောင့် ခြုံနွယ်ပိတ်ပေါင်းတို့ မရှုပ်လှ။ ခြံတွင်းမှ မြေတလင်းသည် ရှင်းပြောင်သန့်စင်နေသည်။ မြေတလင်းထက် ရွက်ဝါအချို့ လေပျော့ပျော့ဆောင်သောကြောင့် တစ်လိမ့် နှစ်လိမ့် ဖြည်းဖြည်းလိမ့်နေကြ၏။

www.myanmarcupid.net

အိမ်အိုကြီးကလည်း မသိမသာ ယိမ်းယိုင်ဟန်ရှိသည်။ တိုင်တို့ဆီမှ တအီအီမြည်သံနှင့် တံခါးရွက်တစ်ခု၏ တကျွီကျွီ လှုပ်ရှားသံသည် တိတ်ဆိတ်ခြင်းကို ပျက်ရုံ သဲ့သဲ့လေးသာ ပေါ်လာနေ၏။

လရောင်သည် ပိုမိုထိန်လင်းလာသောကြောင့် အရိပ်ခိုသော အိမ်အိုကြီး၏ အပိုင်းတို့သည် ပိုမိုမည်းမှောင်လာသည်။

ဒေါက်တာနှင်းငွေက အိမ်ကြီး၏ မြောက်ဘက်ဆီသို့ လျှောက်လာသည်။

ရေတွင်းဟောင်းကြီးတစ်ခု အနီးမှ မြေတွင် ဝပ်လျက်ရှိသော သတ္တဝါတစ်ကောင်က ဆီးကြိုသည်။

ဒေါက်တာနှင်းငွေ၏ ရှူးဖိနပ်က အုတ်ခဲကျိုးတစ်ပိုင်းကို ဝင်တိုက်မိသောကြောင့် အသံထွက်ပေါ်လာသည်။ သတ္တဝါကောင်က နောက်ဆုတ်ပြေးခွာ ရှောင်ထွက်သွား၏။ ကြီးမားသော မြေကြွက်ကြီး တစ်ကောင်သာတည်း။

သူက ရေတွင်းပျက်ကို ကျော်၍ ခြံ၏ မြောက်ဘက်စည်းရိုးဆီ ချဉ်းကပ်လာသည်။

ခြံစည်းရိုးစပ်မှ အရွက်မဲ့ကာ ကိုင်းရိုးတံတို့ ငေါငေါဆန့်ဆန့်ရှိသော လက်ပံပင်ထက်မှ လက်ပံပွင့်တို့ တဖြုတ်ဖြုတ် ကြွေကျနေ၏။

ခြံစည်းရိုး မရောက်တရောက်၌ ကန္တာရပင်စုတို့ ပုပုနိမ့်နိမ့် အုပ်ဆိုင်းထားရာအောက်၌ ညို့ညို့မောက်မောက် အရာနှစ်ခု ယှဉ်လျက် တည်ရှိနေသည်ကို တွေ့ရသည်။ ဒေါက်တာနှင်းငွေက လက်ယာဘက်ရှိ ညို့ညို့မောက်သော အရာဆီ ချဉ်းကပ်သွားသည်။

ဂုဏ်နှင့် မာန်ကင်းစွာ သွယ်ပျောင်းညွှတ်ကျနေသော ကန္တာရပင်၏ အကိုင်းအရွက်တို့ကို ဒေါက်တာနှင်းငွေသည်။ ဆူးမထိရန် သတိထားလျက် အသာအယာ ဖယ်ရှားသည်။

ညို့ညို့မောက်သော အရာသည် ဂူတစ်ခုသာတည်း။ ဂူငယ်တစ်ခုသာတည်း။

လရောင်က ဂူထိပ်နံရံဆီ တည့်တည့်ကျရောက်နေ၏။ အင်္ဂတေသားကို ထွင်းဖောက်လျက် ထိုးထားသော စာတမ်း၌ ဆေးဖြူမပျက်တပျက် ရှိနေသည်။ အနီးမှ ကပ်၍ကြည့်ရသောကြောင့် လရောင်၌ပင် စာတမ်းကို သဲသဲကွဲကွဲ ဖတ်နိုင်၏။

**နုနုငယ်**

**အသက် ( ၂၅ ) နှစ်**

ဒေါက်တာနှင်းငွေသည် လက်တစ်ဖက်က ကန္တာရပင်ကိုင်းကို မ,ထားရင်း မြေပြင်၌ ဒူးတစ်ဖက်ထောက်လျက် စာတမ်းကို ကြေကြေကွဲကွဲဖြင့် ရင်တွင်းမှ ဖတ်နေ၏။

သူ့မျက်လုံးမှ မျက်ရည်ပေါက်များ ကျဆင်းလာနေသည်ကို ဒေါက်တာနှင်းငွေ သတိပြုမိ၏။

ငိုရပါသည်လေ နုနုငယ်၊ ချစ်လှစွာသော နုနုငယ်၊ နုငယ်အတွက်လည်း ငိုပါသည်။ မောင့်အတွက်လည်း ငိုပါသည်။ ကံဆိုးသူ လူသားတွေအတွက်လည်း ငိုပါသည်။ ကံကောင်းသူ လူသား လူမိုက်အပေါင်းအတွက်လည်း ငိုပါသည်။ အို . . . သည်လောက ဆိုသည့် တစ်ခုလုံးအတွက် မောင်ငိုပါသည် နုငယ် . . .။

ရှိုက်သံမထွက်သော တိတ်ဆိတ်သည့် ငိုခြင်းကိုပြု၍ ဒေါက်တာနှင်းငွေသည် ငြိမ်နေ၏။ အတန်ကြာမှ ကန္တာရပင် ကိုင်းကို လွှတ်လိုက်၍ နေရာမှ ထသည်။

ကန္တာရပင်ကိုင်းသည် ညင်ညင်ငြိမ့်ငြိမ့် ပြန်ကျလာ၍ ဂူငယ်ကို အုပ်ဆိုင်းသည်။ သို့ရာတွင် အရွက်မကြီး အကိုင်း မစိတ်သောကြောင့် ဂူနံရံတစ်ခုလုံးကို လွှမ်းမပစ်နိုင်။

**" နုနုငယ် "**

သည်စာလုံးတို့က လရောင်၌ ပေါ်လွင်နေဆဲတည်း။

ဒေါက်တာနှင်းငွေသည် ပင်ပန်းလှစွာနှင့် မြေပြင်သို့ ကိုင်းညွှတ်ကျနေသော ကင်ပွန်းပင်စည်တစ်ခုထက် ထိုင်လိုက်၏။

ပထမမူ သူသည် မျက်နှာကို လက်ဝါးနှင့်အုပ်ကာ ငြိမ်နေသည်။ ခဏ၌မူ ပတ်ဝန်းကျင်ကို လှည့်ကြည့်သည်။

မိုးပြင်၌ ပြည့်လုဆဲ လသည် ရွှန်းရွှန်းကြီး သာနေ၏။

အရှေ့အဝေးဆီ၌ ရှမ်းရိုးမ တောင်မင်းသည် ပြာပြာမှောင်မှောင်နှင့် ငြိမ်ငြိမ်ကြီး လဲလျောင်းဝပ်စင်းနေသည်။

တောင်လေရူးက ညည်းညည်းညူညူ ဝှေ့လာဆဲ အိမ်အိုကြီးကလည်း တအီအီ ရှိုက်ငင်သည်။

ခြံတစ်ထောင့်ရှိ မယ်ဇလီပင်မှ ရွက်ဝါတို့သည် တဖြိုင်ဖြိုင် ကြွေကျနေ၏။ လက်ပံပွင့်တို့ကလည်း ဖြိုင်ဖြိုင် မဟုတ်စေ တစ်ပွင့်ချင်း ဖြိုးဖြိုးဖြောက်ဖြောက် ကြွေကျနေကြ၏။

ခံပွင့်နုံ့တို့ကသာ လေ၌ သင်းနေ၊ ကြိုင်နေ၊ လှိုင်နေ၏။

နွေဦးညသည် ဆိတ်သုဉ်းလွန်းစွတကား။ သို့ရာတွင် ဆိတ်သုဉ်းစွာပင် လှလွန်းပေစွတကား။

ဤထက်ပိုမိုလှပသော တိတ်ဆိတ် ငြိမ်သက်သည့် နွေဦးညများကို ဒေါက်တာနှင်းငွေ ကြုံခဲ့ဖူးသည်။ မှန်သည် ကြုံခဲ့ဖူးသည်။ နုနုငယ်နှင့်အတူ ကြုံခဲ့ဖူးသည်။ ယခုမူ နုနုငယ်တစ်ယောက်သည် လောက၌ မရှိပြီ။

www.myanmarcupid.net

နုနုငယ် လောက၌ မရှိခြင်းသည် သူ့အတွက် ဆုံးရှုံးခြင်းပင်ဖြစ်သည်။ လူတစ်ယောက်အနေနှင့်လည်း ဆုံးရှုံးသည်။ ဆရာဝန်တစ်ဦးအနေနှင့်လည်း ဆုံးရှုံးသည်။ အားလုံးအားလုံးအတွက် ဆုံးရှုံးသည်။

ဆိတ်သုဉ်းလှစွာသော နွေဦးည ကန္တာရကို ငေးရင်း ဒေါက်တာနှင်းငွေသည် ငြိမ်နေ၏။ လူက ငြိမ်နေသော်လည်း စိတ်က ခရီးသွားနေသည်။

ပိုမိုလှပသော နွေကာလနှင့် နွေဦးညများဆီ နုငယ်နှင့် မောင်နှင်းငွေတို့ ကြုံခဲ့ ဆုံခဲ့ ချစ်ခဲ့ ကွဲခဲ့ရသော လွမ်းဖွယ်သည့် နွေကာလနှင့် နွေဦးညများဆီ။

အမှန်မှာ ဒေါက်တာနှင်းငွေသည် သူတောင့်တခဲ့ရသော အတိတ်ဆီ ပြန်ခေါ်သည့် နောက်ကြောင်းပြန်သေခြင်း၌ မိန်းမောလိုက်ပါနေမိခြင်းသာ ဖြစ်သတည်း . . . ဖြစ်ပါသတည်း။

❑

www.myanmarcupid.net

## အပိုင်း ( ၂ )

# နုနုငယ်ငယ် မောင်ငယ်ငယ်

www.myanmarcupid.net

# အခန်း ( ၄ )

## ဤလေးဦး

လွန်ခဲ့သော ဆယ့်လေးနှစ်ခန့် ၁၉၅၃ ခုနှစ်၏ နှင်းတို့ဝေသော တပို့တွဲလ တစ်ညနေ။

သာစည်မြို့ အထက်တန်းကျောင်းကြီး၌ ကျောင်းဆင်းခေါင်းလောင်းသံ ပေါ်ထွက်လာသည်။

တစ်နေ့တာလုံး ပင်ပင်ပန်းပန်းနှင့် အတန်းများ တက်နေခဲ့ရသော ကျောင်းသားကျောင်းသူတို့သည် ဆည်ဝမှ လွတ်လိုက်သော ရေအလား အုံးအုံးကြွက်ကြွက် စီစီညံညံဖြင့် အခန်းအသီးသီးမှ ဒလဟော ပြုံထွက်လာနေကြ၏။

အတန်းငယ်မှ ကလေးများသည် မြူးတူးရွှင်ပျစွာ ခုန်ပေါက်လျက် တစ်ဦးကိုတစ်ဦး ကျီစယ်နောက်ပြောင်ကြရင်း အိမ်ပြန်ကြ၏။ အတန်းကြီးကျောင်းသူအချို့က ဣန္ဒြေပြည့်ဝစွာဖြင့် ကျောင်းဝင်းအတွင်းမှ ဖြည်းဖြည်းမှန်မှန် လျှောက်ထွက်လာနေသည်။ စက်ဘီးကိုယ်စီနှင့် ကျောင်းသားကြီးအချို့က ကျောင်းသူများသွားရာ ငေးကြည့်ကြရင်း တီးတိုးစကားဆိုကာ ဘာကို သဘောကျနေကြသည် မသိ။

စာအုပ်ဖိုင်တွဲများ ပိုက်ကာ ကျောင်းသူကျောင်းသားများနည်းတူ ပင်ပန်းခဲ့ဟန်တူ၍ တစ်နေ့တာ တာဝန်ပြီး၍ စိတ်လွတ်ပေါ့ပါးဟန်ရှိသည့် ဆရာများ၊ ဆရာမများသည်လည်း အချင်းချင်း နှစ်ယောက် တစ်တွဲ၊ သုံးယောက် တစ်တွဲ စသည်ဖြင့် ကျောင်းတွင်းမှ ထွက်ခွာလာကြသည်။

ဆရာ ဆရာမများကို မြင်သောအခါ စောစောက ကျောင်းသူများကို ငေးကြည့်နေကြသော ကျောင်းသားကြီးတို့သည် စက်ဘီးကိုတွန်း၍ ကိုယ်စီစီးကာ မျက်နှာပိုးသတ်လျက် ဣန္ဒြေရစွာဖြင့် အလျှိုလျှိုထွက်ခွာသွားကြ၏။

“ပြည်တော်သာပုံစံ”ဟုခေါ်သော ပုံစံနှင့် ဆောက်ထားသည့် ကျောင်းကြီး၏ ဝင်းအတွင်းဝယ် တမာပင်ပုပုတို့ မြသွေးရောင် စိမ်းလန်းဝေဆာနေကြသည်။

တစ်စတစ်စနှင့် ကျောင်းဝင်းအတွင်း လူအတန်ရှင်းသွားသည်။

ဆယ့်ခြောက်နှစ်အရွယ်ခန့် အသားဖြူဖြူ အရပ်ရှည်ရှည်၊ မျက်ခုံးမျက်လုံး ကောင်းကောင်းနှင့် ကျောင်းသား တစ်ဦးသည် တမာပင်အောက်၌ ရပ်နေသည်။ သူ့အနီးတွင် ရယ်လေးအမျိုးအစား စက်ဘီးတစ်စီးက ဘေးထောက် ထောက်လျက် ယိုင်ယိုင်ရပ်ကာ ရှိသည်။

ကျောင်းသားလုလင်၏ မျက်လုံးများက ကျောင်းဝင်းအပြင် အရှေ့ဘက်ရှိ ဘောလုံးကွင်းတွင် ဆိုက်ထားသော မြင်းလှည်းတစ်စီးဆီ စူးစိုက်ကြည့်လျက်ရှိ၏။

မြင်းလှည်းပေါ်တွင် မြက်ဇက်ကြိုးကို ကိုင်လျက် အသက်လေးဆယ်ခန့် လူတစ်ဦးက ထိုင်နေ၏။

ကျောင်းသားလုလင် စူးစိုက်ကြည့်မိသူကား မြင်းလှည်းဘေး မြေ၌ရပ်နေသူသာတည်း။

ထိုပုဂ္ဂိုလ်က အသက်ငါးဆယ်ခန့်ရှိမည်။ အသွင်အပြင် မွန်ရည်ခန့်ညားသော်လည်း မျက်နှာက မှုန်မှိုင်းတင်းမာသည်။ မျက်ခုံးထူထူကြီးများ၏ အောက်မှ မျက်လုံးကြီးများကလည်း စူးရှခက်ထန်သည်။ တစ်စုံတစ်ရာကိုလည်း စိတ်မရှည်၊ စိတ်တို နေဟန်ပြသည်။

ငိုမ်ကြည့်နေသော ကျောင်းသား၏အနီးသို့ သူနှင့်ရွယ်တူ အခြားကျောင်းသားတစ်ဦးက ချဉ်းကပ်လာသည်။ နောက်ကျောင်းသားမှာ ပထမကျောင်းသားနှင့်စာလျှင် အနည်းငယ် အရပ်ပုသည်။ သို့ရာတွင် ကိုယ်လုံးကိုယ်ထည် ပိုမို တောင့်ခိုင်သန်မာ၏။ အသားက သိသိသာသာညို၍ နှာခေါင်းပြားပြီး မျက်လုံးမှေးသည်။

ပထမကျောင်းသားက ပိုးပေါ်ပလင် အဝါဖျော့ဖျော့အင်္ကျီကို လက်မောင်းလိပ်တင် ဝတ်ဆင်ထားသည်။ လက်ကောက်ဝတ်၌ ငွေရောင်နာရီ အကောင်းစား ပတ်ထား၏။ အင်္ကျီအိတ်ပေါ်တွင် မြားသဏ္ဍာန်ကလစ်နှင့် ပတ်ကား ဖောင်တိန် ချိတ်ထား၏။ ခါးတွင်လည်း မီးခိုးရောင် ဘန်ကောက်ပုဆိုး စည်းထား၏။

ဒုတိယကျောင်းသား၏ အသွင်က အလွန်နွမ်းသည်။ ခါး၌ ချည်လုံချည်ကွက်ကျဲ၊ ကိုယ်၌ အရောင်မလွင်သော ကော်လာတပ် ပိတ်ရှပ်ဖြူ ပိတ်ရှပ်ဖြူထက် လက်ယက်ပင်ညို အပေါ်ဝတ်အင်္ကျီ၊ ဤသည်တို့ကို ဝတ်ဆင်ထားသည်။

မြင်းလှည်းဘေးမှ လူကြီးကို ငေးကြည့်နေသော ပထမကျောင်းသားသည် သူ့ထံ ချဉ်းကပ်လာနေသော ဒုတိယ ကျောင်းသားအား သတိမပြုမိ။

ဒုတိယကျောင်းသားက ပထမကျောင်းသား၏ ပုခုံးကို ရုတ်တရက် ပုတ်လိုက်ပြီး နှုတ်ဆက်၏။

“ ဟေ့ကောင် နှင်းငွေ၊ ဘာငေးနေတာလဲ ”

ရုတ်တရက်ဖြစ်သဖြင့် နှင်းငွေသည် ထိတ်လန့်တုန်လှုပ်သွား၏။

www.myanmarcupid.net

“ သြော် . . . အာ ဘခက်၊ မင်းမလဲ အလန့်တကြားကွာ ”

ဘခက်က သဘောကျစွာ ရယ်သည်။

“ ငါက အလန့်တကြား မလုပ်ရပါဘူး၊ ရိုးရိုးနှုတ်ဆက်တာပါ၊ မင်းဘာသာမင်း ငိုင်နေပြီး လန့်တာ ”

“ ငါ မငိုင်ပါဘူး၊ ကြည့်နေတာ ”

“ ဟုတ်ပါတယ် ကြည့်နေတာ၊ အေးလေ ငေးနေတာပေါ့၊ မင်းမလဲ ညနေတိုင်း ဒီမြင်းလှည်းနဲ့ ဒီကောင်မလေးကိုပဲ ငေးနေတာပဲ ”

နှင်းငွေက မငြင်းဘဲ ပြုံး၏။ ထို့နောက် ရိုးသားစွာ ဝန်ခံသည်။

“ ဟုတ်တယ်၊ ညနေတိုင်း ဒီမြင်းလှည်းနဲ့ ဒီကောင်မလေးကိုပဲ ငါ လာငေးကြည့်မိတယ်၊ ဘခက်ရေ ဘာကြောင့်လဲ မသိဘူး၊ ဒီကောင်မလေး နုနုငယ်ကို မြင်စကတည်းက ငါ့စိတ်ထဲမှာ သနားနေမိတယ် ”

“ မင်းက ဘာလို့ နုနုငယ်ကို သနားနေရတာလဲ ”

“ ဘာကြောင့်လဲ၊ ဘယ်လိုဖြေရမလဲ မသိဘူး သူငယ်ချင်း၊ တို့ကျောင်းကို သူပြောင်းလာတာ နှစ်လပဲ ရှိသေးတယ် မဟုတ်လား၊ ရောက်စက ဂါဝန်ပြာလေးနဲ့၊ ကျောင်းသားတွေ ဝိုင်းသရော်လို့ ချုံးပွဲချ ငိုရရှာတာ ငါ သတိရသေးတယ် ”

“ ဒါကို မင်းက သနားနေရလား၊ ရိုးရာယဉ်ကျေးမှုအရ မဝတ်ဘဲ ဂါဝန်ပြာဝတ်လို့ ကျောင်းသားတွေ ဝိုင်းပြီး သရော်တာဟာ သရော်တာတောင် နည်းသေးတယ်၊ ဘယ်သူက လွန်လဲ ”

“ ဘခက်၊ မင်းက ပြောလိုက်ရင် ဒီအတိုင်းချည်းပဲ၊ ထားပါတော့လေ၊ ငါက ဒါကို သနားတာမဟုတ်ဘူး၊ အခုအထိ ညွှန့်မေကလွဲလို့ သူ့မှာ အပေါင်းအသင်းရယ်လို့ တစ်ယောက်မှ မရှိသေးဘူး၊ ကျောင်းဆင်းချိန်တွေ၊ ကျောင်းအားချိန်တွေမှာ ထောင့်ထဲပုပြီး၊ တစ်ယောက်ထဲ ကုတ်ကုတ်ကလေး နေရှာတာပဲ ”

“ ဒါကတော့ကွာ သူက မာနကြီးတာကိုး၊ တို့ကျောင်းသူကျောင်းသားတွေက သူ့ကို သွားနှုတ်ဆက်ခေါ်ပြောကြသားပဲ၊ သူကကို မပေါင်းသင်းတာ ”

“ နုနုငယ် မာနမကြီးပါဘူး၊ ဒါတော့ ငါသိတယ် ”

“ မင်းသိတယ်၊ ဘယ်လိုလုပ်သိသလဲ ”

“ ဟိုတစ်နေ့က သူ ချောင်ထဲမှာကုပ်ပြီး စာဖတ်နေတုန်း ငါသွားနှုတ်ဆက်တယ်၊ ငါ့ကို သူက အလန့်တကြား ပြန်ကြည့်တယ်၊ သူ့မျက်လုံးတွေမှာ မာနကို ငါမတွေ့ပါဘူး၊ ကြောက်နေတာ၊ လန့်နေတာကိုပဲ တွေ့တယ်၊ သူ့မျက်လုံးတွေက ပတ်ချာလည်နေတယ်ကွာ၊ သူ့ကြည့်ရတာ ထောင်ချောက်ထဲ မိနေတဲ့ ယုန်ဖြူမလေးအတိုင်းပဲ ”

နှင်းငွေ၏ စကားကြောင့် ဘခက်က ဟက်ဟက်ပက်ပက်ရယ်သည်။

“ မင်း ဘာရယ်တာလဲ ဘခက် ”

“ မင်းစကားကို သဘောကျလို့ပါ၊ မင်း ဒီကောင်မလေးကို အသေးစိတ် ဂရုစိုက်ပုံရတယ်၊ အဲဒီဂရုစိုက်တာရဲ့ ဆယ်ပုံတစ်ပုံလောက်များ မင်း ညွှန့်မေကို ဂရုစိုက်ရင် ဒီလောကမှာ ညွှန့်မေလောက် ပျော်သူရှိမှာ မဟုတ်ဘူး ”

နှင်းငွေ၏ မျက်နှာသည် တင်းမာသွားသည်။ ဘခက်ကို ပြန်ပြောသောလေသံသည် မသိမသာ မာနေ၏။

“ ဒီမှာ ဘခက်၊ မင်း ငါ့ကို ညွှန့်မေနဲ့ မစနဲ့ကွာ၊ ညွှန့်မေဟာ ငါ့သူငယ်ချင်းပါ၊ မင်းလိုပဲ ငါ့အချစ်ဆုံးသူငယ်ချင်းပါ”

ဘခက်က နှင်းငွေ၏ တားမြစ်ချက်ကို ပမာမပြုဘဲ ဆက်ရယ်၏။ ရယ်၍ အားရမှ ဆိုသည်။

“ ဟုတ်ပါတယ်၊ မင်းအတွက်တော့ ညွှန့်မေဟာ သူငယ်ချင်းပါ၊ ဒါပေမယ့် ညွှန့်မေကတော့ မင်းကို တခြား သူငယ်ချင်းတကာထက် ပိုချစ်တယ် ”

“ ဟုတ်လား သြော် . . . သြော် . . . ဒါထက် မင်းကကော ညွှန့်မေကို သူငယ်ချင်းတကာထက် ပိုချစ်တယ် မဟုတ်လား၊ ဟေ့ကောင် ဘခက် ဖြေလေ ”

နှင်းငွေ၏ စကားသည် ဘခက်၏ အရှိက်ကို ထိသွားဟန်တူသည်။ မျက်နှာက အရယ်မပျက်သော်လည်း ရုတ်တရက် အဖြေမပေးနိုင်။

“ မှတ်ကရော မင်း အဖြေမပေးနိုင်တော့ဘူး မဟုတ်လား ဘခက် ”

ဘခက်က ပြန်ရယ်ရင်း ဖြေသည်။

“ အဖြေပေးနိုင်ပါတယ်ကွာ၊ ငါကတော့ ဘွင်းဘွင်းပဲ၊ လူများလို ဟန်မဆောင်တတ်ဘူး၊ ငါဆယ့်လေးနှစ်သား ကတည်းက ညွှန့်မေကို ကြိုက်နေတာ၊ ဒါပေမယ့် တို့ရွာမွန်သာမှာ ညွှန့်မေတို့က ကိုယ့်လယ်ကိုယ့်ယာ ထွန်ယက်စားနိုင်တဲ့ ချောင်လည်သူတွေ၊ ငါက မုဆိုးမသား၊ လယ်ကူလီမျိုး၊ အခု ဒီကျောင်းကျတော့လဲ ငါက ရှစ်တန်း နှစ်ခါကျထားပြီး ထောင်စာလို့ ခေါ်တဲ့ သမဂ္ဂ ဥက္ကဋ္ဌ၊ ညွှန့်မေက ငါ့ကို မမှန်းပါဘူး၊ မှန်းခြင်းမှန်း မင့်လို ရုပ်ချောစာတော်တဲ့ မြို့ပိုင်သားကိုသာ မှန်းမှာပေါ့”

စကားအဆုံး၌ ဘခက်သည် ဆက်လက်၍ ပေါ့ပေါ့ဆဆဟန်ဖြင့် ရယ်နေ၏။ ဘခက်၏ စကားကြောင့် နှင်းငွေသည် ဒေါသထွက်သွား၏။ သို့ရာတွင် ဘခက်၏ စကားရပ်မှ စကားတစ်လုံးကို အမှတ်ပြုမိသောကြောင့် ဒေါသထက် စိတ်ဝင်စားမှု လွန်ကဲကာ မေးမိ၏။

" အေး မင်းနဲ့ ညွှန့်မေကလဲ ရွာမွန်သာက၊ နုနုငယ်တို့ကလဲ ရွာမွန်သာကပဲ၊ နုနုငယ်နဲ့ ညွှန့်မေတို့ကတော့ ခင်တယ်၊ မင်းနဲ့ နုနုငယ်ကတော့ ဘာလို့ မခင်သလဲ "

ရယ်နေသော ဘခက်၏ မျက်နှာသည် တည်သွား၏။ ခဏ၌မူ မဲ့ပြုံးပြုံး၍ ဖြေသည်။

" စောစောက ငါပြောပြီးပါရောလား၊ ညွှန့်မေတို့က ကိုယ့်လယ်ကိုယ့်ယာ ထွန်ယက်စားနိုင်တဲ့ ချောင်လည်သူတွေ၊ ငါက မုဆိုးမသား လယ်ကူလီမျိုး၊ နုနုငယ်တို့က တို့ရွာတစ်ဝိုက်က လယ်မှန်သမျှကို လိုက်ပိုင်တဲ့ လယ်ပိုင်ရှင်မျိုး၊ လုပ်ခွင်မှာ မနေဘဲ အဝေးကနေ အမြတ်သာ လာလာယူနေတဲ့ လယ်ပိုင်ရှင်မျိုး၊ ငါနဲ့ ဘယ်လိုလုပ် နီးစပ်မလဲ "

" ဒါပေမယ့် အခု နုနုငယ်တို့က ရွာမွန်သာမှာပဲ နေကြတယ် မဟုတ်လား "

" အခုမှ ပြန်လာနေကြတာပါ၊ အရင်က ရန်ကုန်မှာ နေကြတာ၊ အေး တို့ရွာအစွန်မှာ သူတို့ ဘိုးဘွား လက်ထက် ကတည်းက ခြံကျယ်ကြီးနဲ့ အိမ်အိုကြီးတစ်လုံးတော့ ရှိတယ်၊ အများ မေတ္တာရေစုပြီး ကျိန်စာသင့်နေတဲ့ ခြံကျယ်ကြီးနဲ့ အိမ်အိုကြီး၊ အဲဒီ ခြံနဲ့ အိမ်ဆီကို တို့ရွာသွားတွေ ဘယ်သူမှ မသွားကြဘူး၊ လူမပြောနဲ့ နွားတောင် မသွားဘူး၊ နွားဖြတ်ရင်တောင် ဘုံးဘုံးလဲကျသေအောင် ကျိန်စာသင့်နေတဲ့ ခြံနဲ့ အိမ် "

ဘခက်၏ လေသံ၌ ဒေါသနှင့် နာကျည်းမှု လွှမ်းနေသည်။ ကျိန်စာသင့်နေသော ခြံနှင့် အိမ် ဟူသော စကားဆန်းကြောင့် နှင်းငွေက ဆက်လက်မေးမည် ပြုသည်။ မေးခွင့်မရမီ ဘခက်က ဖြတ်ပြော၏။

" ဟောဟိုမှာ ထွက်လာပြီ၊ မင်းသနားနေတဲ့ နုနုငယ်နဲ့ မင်းသူငယ်ချင်း ညွှန့်မေရယ် "

သူငယ်ချင်းနှစ်ဦးက ကျောင်းတောင်ဘက် တမာပင်အောက်၌ ရပ်နေကြခြင်းဖြစ်သည်။ မြောက်ဘက်ရှိ ကျောင်းဆောင်ကြီးမှ တမာပင်တန်းကို ဖြတ်ကာ ကျောင်းသူလေးနှစ်ဦး သွက်သွက်ထွက်လာနေ၏။

တစ်ဦးက အသားညိုသည်။ ကိုယ်လုံးကိုယ်ပေါက်က တောင့်တင်းပြည့်ဖြိုး အချိုးကျသည်။ အုပ်ကောင်းသော ဆံပင်ကို ရိုးရိုးယဉ်ယဉ် ထုံးနှောင်ပြုပြင်ထားသည်။

အခြားတစ်ဦးက အသားဖြူသည်။ ကိုယ်လုံးကိုယ်ထည်က သေးသေးသွယ်သွယ်၊ ပိန်သည်ဟုပင် ဆိုနိုင်သည်။ ခေါင်းမှ ဆံပင်သည် ဂုတ်ကျော်၍ ပုခုံးထိစ အရှည်ခံထားသည့် အမေရိကန် ဆံတောက်ပုံ ဖြစ်သည်။

နှစ်ဦးလုံးသည် လွယ်အိတ်ကိုယ်စီ လွယ်လျက်ဖြစ်၏။ နှစ်ဦးလုံးပင် ကျောင်းပြင်သို့ သွက်သွက်လျှောက်လာကြသည်။ အသားညိုညိုကျောင်းသူက သာမန် သွက်သွက်လျှောက်လာသော်လည်း အသားဖြူဖြူကလေးမက မပြေးရုံတမည် ရှိနေ၏။

မြင်းလှည်းအနီးသို့ အသားဖြူဖြူကလေးမက အရင်ရောက်သွား၏။

မြင်းလှည်းဘေး မြေပြင်၌ စိတ်တိုစွာ ရပ်နေသူ လူကြီးက ကျားဟိန်းသည့်အလား ဆီးကြိမ်း၏။

" မိနုငယ် . . . နင်ဘာလုပ်နေတာလဲ၊ ကျောင်းဆင်းတာ ကြာလှပြီကော ဟင် "

မိနုငယ်ခေါ် ကလေးမလေးသည် ဘာမျှ ပြန်မဖြေ။ လူကြီးရှေ့တွင် ယို့ယို့ရပ်ရင်း ကိုယ်ကလေးက ဆတ်ဆတ် တုန်နေရှာ၏။ ခေါင်းကလေးကမူ နောက်သို့လှည့်ပြီး အားကိုးရာကို ရှာဟန်တူသည်။

နောက်မှ အသားညိုညိုနှင့် ကျောင်းသူက ရောက်လာသည်။ ထိုကလေးမက အေးချမ်းတည်ငြိမ်စွာ ဝင်ဖြေပေး၏။

" ကျွန်မတို့ နည်းနည်းနောက်ကျသွားပါတယ် ဦးလေး၊ ကျောင်းဆင်းပေမယ့် မရှင်းတဲ့ အက္ခရာသင်္ချာတစ်ပုဒ်ကို ဆရာဦးတင်ညွှန့်ကို မေးနေကြလို့ပါ၊ ဆရာက အသေးစိတ်ရှင်းပြနေတော့ နည်းနည်း နောက်ကျသွားပါတယ် "

လူကြီးသည် ဖြေရှင်းသူ ကျောင်းသူအားမူ ပြန်မပြော။ နုနုငယ်ဘက်သာ လှည့်အော်၏။

" ဘာငိုင်နေတာလဲ၊ တက်လေ မြန်မြန်တက်၊ ရွာရောက်ရင် နေဝင်တော့မယ် "

တမာပင်အောက်ရှိ သူငယ်ချင်းနှစ်ယောက်အနက် ဘခက်က ရင့်ရင့်သီးသီး မှတ်ချက်ချသည်။

" တိရစ္ဆာန်ကြီး၊ ကိုယ့်သမီးအပေါ်တောင် ကိုယ်မကြင်နာတတ်တဲ့ လူ့ဘီလူးကြီး "

နှင်းငွေကမူ တလှပ်လှပ် ခုန်သောရင်နှင့် နုနုငယ်ကို ကြည့်နေသည်။

နုနုငယ်သည် တုန်တုန်ယင်ယင် ယို့ယို့ကိုင်းကိုင်းနှင့် ကုပ်ကုပ်ကလေး မြင်းလှည်းပေါ်သို့ တက်သွား၏။ မြင်းလှည်းပေါ် ရောက်မှ သူငယ်ချင်းနှစ်ဦးရှိရာ တမာပင်ရိပ်ဆီ တစ်ချက်လှမ်းကြည့်သည်။

လူကြီးက နုနုငယ် ကြည့်သည်ကို မြင်သွားသည်။ နုနုငယ် ကြည့်ရာသို့ သူကလည်း လိုက်ကြည့်သည်။

ကျောင်းဝင်းအတွင်း၌ အခြားကျောင်းသူကျောင်းသား တစ်ဦးမျှ မရှိတော့။ ထို့ကြောင့် တမာပင်ရိပ်မှ ကြည့်နေကြသော လူငယ်နှစ်ဦးမှာ သိသာပေါ်လွင်နေသည်။

www.myanmarcupid.net

လူကြီးသည် မျက်မှောင်ကြုတ်၍ ခက်ထန်စွာဖြင့် လူငယ်နှစ်ဦးကို ပြန်ကြည့်သည်။
နှင်းငွေက လျင်မြန်စွာ မျက်နှာလွှဲလိုက်သည်။ ဘခက်ကမူ မပြုံးတပြုံးနှင့် ခါးထောက်လျက် ပြန်ကြည့်သည်။
လူကြီးက မြင်းလှည်းပေါ် ချာကနဲ လှည့်တက်သွားသည်။ မြင်းလှည်းသည် ငြိမ့်ကနဲ နောက်သို့ နိမ့်ကျသွားပြီးနောက် အရှိန်ယူကာ ရှေ့သို့ ပြေးဆွဲထွက်ခွာသွား၏။
သဲထူသောလမ်းအတိုင်း မြင်းလှည်း ထွက်ခွာပျောက်ကွယ်သွားသည်အထိ အသားညိုညိုနှင့် ကျောင်းသူသည် ငေးကြည့်ကျန်ရစ်၏။
တမာရိပ်၌ ဘခက်လည်း နှင်းငွေကို နှုတ်ဆက်သည်။
" ကိုင်း ငါလဲ သွားဦးမယ်ကွာ "
" ဟေ့ကောင် ဘာလဲ၊ မြင်းလှည်းဆိပ် ငါလိုက်ပို့ပေးမယ်လေ၊ မင်း ရွာမပြန်ဘူးလား "
" ဟင့်အင်း . . . ဒီညနေ တို့ အစည်းအဝေးကိစ္စ ရှိသေးတယ် "
" ဘာလဲ မင်းတို့ ဘာလုပ်ကြဦးမလို့လဲ "
" သြော် . . . မြို့ပိုင်သားပီပီ စပ်စုလိုက်တာ၊ မင်းအဖေကို ပြောပြလိုက်ပါ၊ တို့က သူပုန်မထပါဘူးလို့ ဟုတ်လား၊ အေး ဖက်ဆစ်ဆန့်ကျင်ရေး၊ ပြည်သူ့လွတ်လပ်ရေးအဖွဲ့လို့ အမည်တော့ ခံထားပြီး၊ ဖက်ဆစ်လွတ်လပ်ရေး၊ ပြည်သူ့ဆန့်ကျင်ရေး လုပ်နေတဲ့ အဖွဲ့ကြီးကိုတော့ နည်းနည်းပါးပါး ဝေဖန်နေတယ်လို့၊ ဟား ဟား . . . "
ဘခက်သည် တမာပင်ရိပ်မှ ခွာကာ ကျောင်းကြီးဘက်ကို ထွက်ခွာသွား၏။
နှင်းငွေက ခေါင်းခါရင်း ကျန်ရစ်သည်။ သူ့ထံသို့ အသားညိုညို ကျောင်းသူက ချဉ်းကပ်လာ၏။
သူက စက်ဘီးကို ဆွဲယူကာ ထောက်ကို မတင်လိုက်၏။
" သြော် . . . နင် မပြန်နိုင်သေးဘဲကိုး နှင်းငွေ "
" ပြန်တော့မလို့ပါပဲ ညွန့်မေ၊ နင်ကော မပြန်သေးဘူးလား၊ ဆရာမကြီး ထွက်လာတာလဲ မတွေ့သေးဘူး "
ညွန့်မေက ကျောင်းဆီသို့ တစ်ချက်လှမ်းကြည့်ပြီး ဖြေသည်။
" ဘခက်တို့ ကိစ္စကြောင့် ဆရာမကြီး မပြန်နိုင်သေးဘူး၊ ရုံးခန်းထဲမှာပဲ ရှိသေးတယ်၊ အေးဟယ် နှင်းငွေ နင် ဘခက်ကို ပြောလို့ မရဘူးလား "
" ဘခက်ကို ငါ ဘာပြောရမှာလဲ "
" ဘာပြောရမယ်ဆိုတာ နင်သိသားပဲ၊ ဆရာမကြီးက စိတ်ပူနေတယ် "
" စိတ်မပူပါနဲ့ ညွန့်မေရယ်၊ ဆရာမကြီးရဲ့ စေတနာကို ဘခက် သိပါတယ်၊ ပြီးတော့ ဆရာမကြီးကို ဘခက်က ကြည်ညိုလေးစားပါတယ် "
" ဒီလိုဆိုရင်တော့ ပြီးတာပါပဲ၊ ငါကတော့ စိတ်ပူမိတယ် "
" နင် ဘခက်အတွက် စိတ်ပူတယ်ဆိုတာ ဒီကောင်သိရင် သိပ်ဝမ်းသာသွားမှာပဲ "
ညွန့်မေ၏မျက်နှာသည် တည်ငြိမ်ကျသွားသည်။ နှင်းငွေက ညွန့်မေ စိတ်ဆိုးသွားသလောဟု စူးစမ်းကြည့်သည်။ စိတ်ဆိုး မဆိုးဟုမူ မသိ၊ ညွန့်မေ၏မျက်နှာက အထူး တည်ငြိမ်နေ၏။ မျက်နှာနည်းတူ တည်ငြိမ်သောလေသံနှင့် ညွန့်မေက မေးသည်။
" နင် ဘာဆိုလိုတာလဲ နှင်းငွေ "
နှင်းငွေက ရယ်သွမ်းသွေးပြီး ဖြေရ၏။
" အလကားနောက်တာပါ ညွန့်မေရယ်၊ အဲဒီလို မျက်နှာထားနဲ့ မကြည့်ပါနဲ့၊ ကဲ . . . ငါပြန်မယ်၊ နင်လိုက်ခဲ့မလား"
ညွန့်မေက နှုတ်ဖြင့်မဖြေဘဲ ခေါင်းညိတ်ပြ၏။
တပို့တွဲမို့ နေက အကျစောသည်။ နေအကျ စောသည့်နည်းတူ နှင်းမြူတို့ ဝေလာပုံ စောသည်။
ကျောင်းမှ မြောက်ဆီသို့ ထွက်လာသောလမ်းသည် လမ်းဟုသာ ဆိုရသော်လည်း သဲဖြူဖြူထူသည့် သဘာဝ ခရီးတာ ငယ်သာတည်း။
စက်ဘီးကိုတွန်းရင်း နှင်းငွေသည် သူ့ဘေး မလှမ်းမကမ်းမှ တည်တည်ငြိမ်ငြိမ်လေး လျှောက်လိုက်ပါလာသူ ညွန့်မေကို တစ်ချက်ကြည့်မိသည်။
မြေလတ်သူမို့ အသားက ညက်ညက်ညိုသည်။ ညိုသော်လည်း မွေးညင်းရှိမ်း၍ ပြာမြလန်းဆန်းသည်။ မျက်တောင် မကော့ပါ၊ သို့ရာတွင် မစင်းပါ။ မျက်တောင်မရှည်ပါ၊ သို့ရာတွင် မတိုပါ။ မျက်သားက ဖြူ၍ မျက်ဆံက ကြည်ကြည်ညိုသည်။ အသားအရည်ကဲ့သို့ပင် ကြည်ကြည်ညိုလေသည်။ ခန္ဓာကိုယ် လုံးလုံးကျစ်ကျစ် ပြည့်ပြည့်တင်းတင်းနှင့် ဤအသားညိုမလေး

www.myanmarcupid.net

အပေါ် နှင်းငွေသည် သံယောဇဉ် ကြီးသင့်သမျှ ကြီး၏။ မှန်သည်၊ သံယောဇဉ် ကြီးသင့်သမျှ ကြီးသည်။ ပြီးတော့ ညိုညို ညက်ညက် တည်တည်ငြိမ်ငြိမ်ရှိသော ညွှန့်မေနှင့် အတူရှိတိုင်း သူ့စိတ်သည် အေးချမ်းသည်။ သူ့စိတ် မအေးချမ်းရသည်မှာ တစ်ပါးသူ တစ်ယောက်ကြောင့်သာတည်း။

ညွှန့်မေက သူ့ကို စူးစူးရဲရဲ ပြန်ကြည့်ပြီး မေးသည်။

" နင် ဘာတွေ တွေးပြီး ငိုင်လာနေသလဲ နှင်းငွေ "

" ဪ . . . အင်း . . . ဟိုဒင်း နင် . . . နင် . . . ရွာမွန်သာကို မပြန်ဘူးလား ညွှန့်မေ "

" အဆန်းလုပ်ပြီး မေးသလား နှင်းငွေ၊ နေ့တိုင်း ရွာကနေ ကျောင်းတက်ကျောင်းပြန်ဖို့ မြင်းလှည်းခ ငါမတတ်နိုင်ဘူး၊ ဘခက်လို အချိန်မတော် အချိန်တော် လမ်းလျှောက်ပြန်ဖို့ကလဲ ငါက မိန်းကလေး မဟုတ်လား၊ ဆရာမကြီးအိမ် လာနေပြီး ငါကျောင်းတက်နေတာ နင်သိသားပဲ၊ ဘာလို့ ဒီမေးခွန်းကို မေးရတာလဲ "

နှင်းငွေသည် ရုတ်တရက် မဖြေနိုင်။ လိမ်ညာရန် ကြိုးစားကြည့်သေး၏။ သို့ရာတွင် စူးစူးရဲရဲ ကြည့်နေသော မျက်လုံး ညိုညိုတို့ကို သူက မလိမ်ရဲ။ မဆီမဆိုင် ဝန်ခံခြင်းနှင့် စဖြေ၏။

" ငါ အမှန်ကို ဝန်ခံမယ်နော် ညွှန့်မေ "

" အင်းလေ ပြော "

" နုနုငယ်ကို ငါ သိပ်သနားတာပဲ "

" ဪ . . . "

" ဟုတ်တယ်၊ နုနုငယ်ကို ငါ သိပ်သနားတာပဲ၊ ဘာကြောင့် သနားမိမှန်းလဲ မသိဘူး ညွှန့်မေရယ်၊ နင် ငါ့ကို မရယ်နဲ့နော် "

ညွှန့်မေကမူ အသာအယာ ရယ်သည်။ သူရယ်ခြင်းကို သူသာ သိလိမ့်မည်။

" ဟော နင် ငါ့ကို ရယ်နေပြီ "

" ပြောပါလေ၊ ပြောမှာသာ ဆက်ပြောစမ်းပါ "

" အင်းပါလေ၊ ဘာမှ ဆက်ပြောစရာ မရှိတော့ပါဘူး၊ နုနုငယ်ကို ငါ သနားမိတယ်၊ ဒါပါပဲ "

ညွှန့်မေက ခေတ္တမျှ ငြိမ်နေ၏။ ခဏ၌မူ အသံထွက်အောင် ရယ်ပြန်၏။

" ညွှန့်မေ နင် ရယ်ပြန်ပြီ၊ ငါ စိတ်ဆိုးလာပြီနော် "

ထိုအခါကျမှ ညွှန့်မေသည် ပိုမို ရယ်သည်။

ကျောင်းလမ်းနှင့် မိတ္ထီလာ - သာစည် လမ်းမအဆုံး ခွတ်ဆီဆိုင်ကွေ့ ရောက်လာကြပြီ။

သူက ရပ်လိုက်သည်။ ညွှန့်မေကလည်း ရယ်ခြင်းကို ရပ်လိုက်၏။

ညွှန့်မေက ပင်ကိုယ်မူဟန်အတိုင်း ပြန်လည်၍ တည်ကြည်စွာ ဆိုသည်။

" ငါရယ်တာကို စိတ်မဆိုးပါနဲ့ နှင်းငွေ၊ စောစောက နင်ပဲ ပြောခဲ့တယ်၊ ငါ စိတ်ပူတာ ဘခက်သိရင် သူ သိပ်ဝမ်းသာမှာပဲဆို၊ ဒီလိုပဲလေ နုနုငယ်ကို နင်က သနားတယ်ဆိုတာ သိရင် နုနုငယ်လည်း သိပ်ဝမ်းသာရှာမှာပဲ "

သူက နားမလည်စွာ ညွှန့်မေကို ပြန်ကြည့်မိ၏။

ညွှန့်မေ၏ မျက်နှာက တည်ငြိမ်နေသည်။ မျက်နှာနည်းတူ မျက်လုံးညိုတို့ကလည်း တည်ငြိမ်နေသည်။

တည်ငြိမ်စွာပင် ညွှန့်မေက နှုတ်ဆက်သည်။

" ကဲ . . . ငါ သွားတော့မယ်၊ အိမ်ထိအောင် လိုက်ပို့ဖို့ မလိုပါဘူး သူငယ်ချင်းရယ် "

ညွှန့်မေသည် သူ့ကို ကျောခိုင်း၍ မိတ္ထီလာ - သာစည် လမ်းအတိုင်း အနောက်ဘက်သို့ လျှောက်ပြန်သွားသည်။

သူက ခေတ္တ ငိုင်ကျန်ရစ်၏။ ထို့နောက် စက်ဘီးကိုတွန်းကာ အားယူခုန်တက်လျက် အရှေ့ဘက်သို့ ဦးတည်၍ နင်းသည်။

ကံကောင်းသည်ဟု ဆိုရမည်။ သူ့စက်ဘီးဦးနှင့် အပြင်းမောင်းနှင်လာသော ရှမ်းပြည်နယ်ဘက်တက်သည့် ကုန်ကားကြီးတစ်စီး၏ ခေါင်းသည် သီသီလေးပွတ် လွတ်သွားသည်။

ကားဒရိုင်ဘာက ရှေ့သို့ မကြည့်ဘဲ နောက်ပြန်လှည့်၍ ဆဲရေးသည်။

" မအေ၊ ခွေးမျိုးလေး၊ နင်သေတာ အရေးမကြီးဘူး၊ ငါ အမှုပတ်နေဦးမယ် "

❑

www.myanmarcupid.net

## အခန်း ( ၅ )

## နှစ်ဦးသူ့ထံ

နောက်တစ်ပတ်ခန့်အကြာ ကျောင်းအားသော စနေနေ့တစ်နေ့၌ ဖြစ်သည်။

သာစည်မြို့မှ ထွက်ကာ သာစည် - ကလော လမ်းမကြီးအတိုင်း အရှေ့ဘက်သို့ နှင်းငွေသည် စက်ဘီးကို သွက်သွက်ကလေး စီးလာသည်။

ညနေ သုံးနာရီခန့်ရှိပြီ။ ဆောင်း၏ ကျနေမှာ မပူပြင်းလှ။ သို့ရာတွင် သူ့ကိုယ်၌မူ ချွေးတို့ စို့နေ၏။

သာစည်မှ ထွက်လာကတည်းက လမ်းလေးတွင် သစ်ပင်ကြီး ဝါးပင်ကြီးတို့ ရှားပါးလာသည်။ အရှေ့ဘက်သို့ ဆက်နှင်းလေလေ သစ်ပင်ရိပ်တို့ ကင်းမဲ့လာလေလေ ဖြစ်သည်။

ကားလမ်းသည် မီးရထားလမ်းကို ဖြတ်၍ တောင်ဘက်သို့ ကွေ့ပြီး အရှေ့ဘက်သို့ ဖြောင့်ဖြောင့်ပြန်ပြေးပြန်သည်။

လွင်ပြင်ပြောင်ပြောင် ကုန်းခေါင်ခေါင်ကို ဖြတ်ပြေးနေသော လမ်းဘေးဝဲယာ၌ အရိပ်ပေးသည့် မည်သည့်အပင်မျှ မရှိ။

ကားလမ်းတစ်ဖက်တစ်ချက်ရှိ ကွင်းများဆီ၌လည်း မည်သည့်စိုက်ခင်းပျိုးခင်းကိုမျှ မတွေ့ရ။

နှင်းငွေက ပတ်ဝန်းကျင်ကို အထူးတလည် ဂရုမစိုက်ဘဲ စက်ဘီးကိုသာ သွက်သွက်နှင်းလာသည်။

တစ်ခါတရံ တစ်စီးတလေတွေ့ရသော မြင်းလှည်းတို့ကို ကျော်တက်သည်။ တစ်ခါတရံ အရှိန်မလျော့ဘဲ မောင်းလာသော ကုန်ကားကြီးများကြောင့် လမ်းဘေးဆင်းပေးရသည်။

များသောအားဖြင့်မူ လမ်းသည် ရှင်း၍ ဖြောင့်လည်းဖြောင့်သည်။

မိနစ် ၂၀ ခန့် နှင်းခဲ့ရပြီးနောက် မြူလွှမ်းသော ရှမ်းရိုးမတောင်တန်းကြီးကို နောက်ခံပြုလျက် စိမ်းစိမ်းအုပ်အုပ် တည်နေသော ရွာမွန်သာကို အဝေးမှ လှမ်းမြင်ရသည်။

နှင်းငွေ၏ ခြေတို့က ပိုသွက်လာ၍ စက်ဘီးသည်လည်း ပိုမြန်လာသည်။

ရွာမွန်သာအနီး ကပ်လာသောအခါ ဝဲယာ ရှုခင်းသည် မသိမသာ ပြောင်းလိုက်လာ၏။

လက်ယာဘက်ရှိ ကွင်းတို့က ခေါင်မြဲခေါင်သည်။ ပတ်ကြားအက်သောမြေဝယ် ရာတော်ဆူးပင်တို့သာ မင်းမူနေ၏။

လက်ဝဲဘက်တွင်မူ စိုက်ခင်းများကို ကြိုးကြားတွေ့ရသည်။

သီးဦးစ ကုလားပဲခင်းများ၊ စိမ်းဝါဝါနိုင်သော ပြောင်းဖူးတောများ၊ မြေဝါဝါ ပြောင်ပြောင်တွင် တစ်ထွာတစ်မိုက် စိမ်းမြမြရှိသည့် နံနံနှင့် နွေကြက်သွန်ခင်းများ။

ရွာအနီး ရောက်လုဆဲ၌ ကုက္ကို၊ တမာနှင့် ပေါက်ပင်တို့ ကားလမ်းဘေးတွင် တစ်ပင်စ နှစ်ပင်စ ပေါ်လာသည်။

အုပ်လိုက် ဆိတ်တို့က မြက်စားနေသည်။ ဆိတ်ကျောင်းသားတစ်ဦးက မြေကမွလာပေါ်တွင် ကျကျနနထိုင်ပြီး တမာပင်စည်ကို ကျောမှီရင်း အိပ်ပျော်နေ၏။

နှင်းငွေသည် ကားလမ်းမှ ဖဲထွက်ကာ ရွာထိပ်၌ စက်ဘီးပေါ်မှ ဆင်းလိုက်သည်။ ရွာတွင်းသို့ ဝင်သောလမ်းမှာ သဲထူသောကြောင့် စက်ဘီးနင်း၍မရ။

နှင်းငွေသည် လမ်းအတိုင်း စက်ဘီးကိုတွန်းကာ လျှောက်လာခဲ့သည်။

ရွာလယ်ရှိ အဓိကရ မန်ကျည်းပင်ကြီးအောက်၌ ရပ်လိုက်သည်။ လက်ယာဘက်၌ ဆူးဖြူနှင့် ကန္တာရပင်ပုတို့ နိမ့်နိမ့်ကျဲကျဲ ဘောင်ခတ်ရံထားသော အိမ်ဝင်းရှိသည်။ အိမ်ဝင်းဆိုသည်ထက် တဲဝင်းဟု ခေါ်ရမည် ထင်သည်။ အကြောင်းမှာ ဝင်းအတွင်း၌ မြေစိုက်တဲငယ်တစ်လုံးသာ ရှိသောကြောင့်တည်း။

နှင်းငွေသည် ဝင်းအတွင်းသို့ ဝင်လိုက်ပြီး စက်ဘီးဘဲ(လ်)ကို ကလင်ကလင်မြည်အောင် နှိပ်သည်။

တဲ၏ မြောက်ဘက်၌ တစ်စုံတစ်ခုကို တကုန်းကုန်းလုပ်နေသော ထဘီရင်လျားနှင့် မိန်းမကြီးတစ်ဦးက ခါးဆန့် လှည့်ကြည့်သည်။

" ဘယ်သူလဲ၊ ဩော် . . . မြို့ပိုင်သားလေးပါလား "

မိန်းမကြီးက နှင်းငွေအား ရင်းနှီးစွာ အသိအမှတ်ပြု နှုတ်ဆက်သည်။

နှင်းငွေသည် စက်ဘီးကို နွားချည်တိုင်၌ ထောင်ထားခဲ့ပြီး မိန်းမကြီး၏ အနီးသို့ ကပ်သွားသည်။

" ကြီးတော် အလုပ်များနေလား "

" အင်းပေါ့တော်၊ နက်ဖြန်ဈေးပို့ဖို့ စီစဉ်နေတာ "

www.myanmarcupid.net

နှင်းငွေက ဒေါ်မြကို တစ်ချက် စူးစိုက်အကဲခတ်သည်။ ဒေါ်မြသည် တစ်စုံတစ်ရာကို ဖုံးကွယ်ရန် ကြိုးစားနေသည်ဟု သူ့စိတ်က ထင်နေသည်။

နှင်းငွေလည်း အမူအယာပြောင်းလျက် ပေါ့ပေါ့ဆဆဟန် ရယ်၍ ပြောသည်။

" ကျွန်တော်ကလည်း စကားစပ်မိလို့ ရောက်တတ်ရာရာ မေးတာပါ၊ မသိရတဲ့အိမ်ဆီ အလည်သွားလို့ရော ဖြစ်မတဲ့လား၊ ကျွန်တော် ညွန့်မေတို့အိမ်ဘက် သွားလိုက်ဦးမယ် "

ပြောပြောဆိုဆိုနှင့် နှင်းငွေသည် ခြံတွင်းမှ ထွက်ခဲ့သည်။

ခြံပြင် လမ်းပေါ်ရောက်သောအခါ မည်သည့်ဘက်သို့ သွားရအံ့ဟု နှင်းငွေ ရုတ်တရက် မဆုံးဖြတ်နိုင်။

ဒေါ်မြကိုမူ ညွန့်မေတို့အိမ်ဘက် သွားလိုက်ဦးမည်ဟု သူပြောခဲ့သည်။ ညွန့်မေတို့အိမ်သည် တောင်ဘက် ရွာအဝင်၌ ရှိသည်။ ယခုကဲ့သို့ ကျောင်းပိတ်ရက်များတွင် ညွန့်မေ ရွာပြန်နေလေ့ရှိမှန်းလည်း သူသိသည်။ တောင်ဘက်ပြန်လျှောက်လျှင် ညွန့်မေတို့အိမ်ဆီ လွယ်လွယ်ကူကူ ရောက်သွားနိုင်သည်။ ထို့နောက် ထာဝစဉ် တည်ငြိမ်သော ညွန့်မေနားထိုင်၍ သူ အေးအေးဆေးဆေး စိတ်ချမ်းသာစွာ စကားပြောနေနိုင်သည်။

ဤသည်ကိုသိလျက် သူ့စိတ်က မြောက်ဘက်သို့ သွားချင်နေသည်။ ရွာမြောက်ပိုင်းသို့ တစ်ခါမျှ သူမရောက်ဘူး။ ရွာမြောက်ပိုင်း၌ နုနုငယ်တို့အိမ် ရှိကောင်းရှိမည်။ ရှိလျှင်လည်း သူဝင်ရောက် လည်ပတ်ခွင့်ရှိသောအိမ် မဟုတ်။ သို့စဉ်လျက်က သူ့စိတ်က ရွာမြောက်ဘက်ဆီ သူ့ကို သွေးဆောင်ခေါ်ငင်နေသည်။ နောက်ဆုံးတွင်မူ သူက စိတ်အလိုကို အလျှော့ပေး လိုက်သည်။ မရောက်ဖူးသေးသော ရွာမြောက်ဘက်ဆီ လျှောက်လာခဲ့သည်။ လျှောက်လာစဉ်က ရင်မှာလည်း သိမ့်သိမ့်ငြိမ့်ငြိမ့် ရိပ်ရိပ်ခုန်နေ၏။

မိနစ်နှစ်ဆယ်ခန့် လျှောက်မိသည်ဆိုလျှင်ပင် ရွာဆုံးသွားသည်။ ရွာဆုံးကြောင်းကို အိမ်ခြေနှင့် ပင်ကြီးပင်လတ်တို့ ရုတ်တရက် ပြတ်သွားသည်က သင်္ကေတ နိမိတ်ပြနေ၏။

ရှေ့၌မူ ကျတ်တီးပြင်နှင့် ဖုန်းဆိုးတောတို့က ဆိတ်သုဉ်းစွာ ဆီးကြိုစောင့်လင့်၏။

ရွာစွန်၌ရပ်လျက် ကျပ်တီးပြင်နှင့် ဖုန်းဆိုးတောတို့ကို ကျော်ကာ နှင်းငွေက မျှော်ကြည့်သည်။ ထိုခဏ၌ပင် သူ့ရင်က တိုးတက်ခုန်လာသည်။

အတန်ဝေးရာတွင် မပုမမြင့် ပင်အုပ်စုတို့ ဝိုင်းရံလျက် ညိုမှိုင်းမြင့်မားသော အိမ်ကြီးတစ်ဆောင်သည် နှင်းမြူ ပြာပြာတို့ လွှမ်းခြုံလျက် ထီးထီးချည်း ရပ်တည်နေ၏။

ခုန်သောရင်၊ ဝင်စားသောစိတ်၊ တုန်လှုပ်သော ခံစားမှုတို့နှင့် နှင်းငွေသည် အိမ်ကြီးကို ငေးကြည့်နေမိ၏။

ထိုစဉ် အိမ်ကြီးဆီမှ မြင်းလှည်းတစ်စီး ထွက်လာသည်ကို တွေ့ရ၏။ သဲထူသော လမ်းကြမ်းအတိုင်း မြင်းလှည်းသည် အပြင်းပြေးလာရာ နောက်ကြောင်း၌ ဖုံခိုးတို့ ထောင်းထောင်းအူအူ ထကျန်ရစ်၏။

ရွာနယ်နိမိတ်သို့ မြင်းလှည်းကပ်လာသောအခါ နှင်းငွေသည် စောင်ခြမ်းပင်ကြီးတစ်ပင်ကို ကွယ်၍ စောင့်ကြည့်သည်။

မြင်းလှည်းမောင်းသူမှာ သူတွေ့နေကျ အသက်လေးဆယ်ခန့်လူပင် ဖြစ်သည်။ နောက်ပိုင်း ထိုင်ခုံပေါ်တွင် သုန်သုန်မှုန်မှုန်နှင့် လိုက်ပါလာသူမှာလည်း သူတွေ့ဖူးပြီးသော စိတ်တိုသည့် နုနုငယ်တို့ ဖခင်တည်း။

မြင်းလှည်းပေါ်၌ ဤနှစ်ဦးသာပါသည်။

မြင်းလှည်းသည် သူ့ကိုလွန်၍ ရွာလမ်းကွေ့၌ ပျောက်ကွယ်သွားသည်နှင့် တစ်ပြိုင်နက် နှင်းငွေသည် စောင်ခြမ်းပင် အကွယ်မှထွက်ပြီး အိမ်ကြီးဆီသို့ သွက်သွက်လျှောက်လာခဲ့၏။

အိမ်ကြီးအနီးရောက်မှ အိမ်ခြံဝင်းတွင်းမှ အပင်တို့သည် ပို၍ မြင့်လာသည်။ သူတို့ပေါ် ကျော်မိုးနေသော အိမ်ကြီးကလည်း ပိုမြင့်လာသည်။

အနီးရောက်ပါမှ ခြံစည်းရိုးကို သဲကွဲစွာ မြင်ရသည်။ ခြံစည်းရိုးတစ်လျှောက် လေးလက်မခန့် ဗျက်ရှိသော ရေနံသုတ် သစ်သားပျဉ်များကို ထိုးစိုက်ကာထားသည်။ ပျဉ်ချပ်များကို စေ့စိပ်စွာ စိုက်ထားသောကြောင့် အတွင်းသို့ ခွင်းမမြင်နိုင်။ ပျဉ်ချပ်တိုင်း၏ထိပ်က လုံ့သွားပမာ ရှူးချွန်နေ၏။ အမြင့်က လူလက်တစ်ဖောင်စာ ရှိသည်။ ဤသည်ကို အားရသေးဟန်မတူ၊ ရှူးချွန်သော သစ်ပျဉ်စည်းရိုးထိပ် တစ်လျှောက်၌ တစ်ပေခန့် ထပ်မြင့်သော သံဆူးကြိုးတန်းသည် ဝန်းရံလည်လာလျက် ရှိနေသေးသည်။

အိမ်တစ်ခုကို ကာရံထားသည်ထက် ထောင်တစ်ခုကို ကာရံထားသည်ဟု နှင်းငွေ၏စိတ်၌ ထင်မြင်မိသည်။

အိမ်ကြီးရှင်တို့သည် ဘဇာကို ကြောက်လန့်နေပါသနည်း။ ကြောက်လန့်နေပါသနည်း။

ခြံတံခါးကြီးက ခြံဝင်းထက်ပင် ပိုမြင့်သေးသည်။ သစ်ဘောင်တွင် သွပ်ရိုက်ထားသည် ခိုင်ခန့်လှသော တံခါးကြီးတည်း။ တံခါးကြီးသည် အပြင်လောကကို ပြတ်သားတိကျစွာ ငြင်းပယ်ထားသည့်ဟန် တင်းကြပ်စွာ ပိတ်ထားလျက်ရှိသည်။

www.myanmarcupid.net

နှင်းငွေ အပါအဝင် လူသားအားလုံးအတွက် ပြတ်သားတိကျစွာ ငြင်းပယ်လျက် ပိတ်ထားလေဟန်တကား။

❑

## အခန်း ( ၆ )

## ခင်တန်းရိပ်ဝယ်

နှင်းငွေအတွက် ဤတွင် ခရီးဆုံးရမည်ကဲ့သို့ ရှိသည်။

နှင်းငွေက မြောက်ဘက်သို့ မျှော်ကြည့်၏။ အလွန်ဝေးရာ၌ ထုံးဖွေးဖွေးနှင့် စေတီကြီးတစ်ဆူကို ဖူးတွေ့ရသည်။ စေတီကြီးတစ်ဝိုက်ရှိ မြေများမှာ ကျတ်တီးပြင်များ မဟုတ်ကြ။ သဲဝန်းမြေတွင် စိုက်ခင်းပျိုးခင်းတို့ စိမ်းစိမ်းစိုစို ရှိနေကြသည်။

စိုပြေသော သဲဝန်းမြေနှင့် ဤမှာဘက် ကျတ်တီးမြေကြားတွင် ခင်တန်းနိမ့်နိမ့်က မျဉ်းဖြောင့်ပမာ တားဆီးခြားနား ထားလျက်ရှိသည်။

ခင်တန်းတခိုတွင် ပေါက်ပင်နှင့် လက်ပံပင်တို့ စေးပျစ် အခြေဝိုင်းလျက် ရှင်သန်နေကြသည်။

ထူထဲသော မြရွက်ရုံ၌ ပေါက်ပွင့်တို့ ရဲရဲနီနေကြသည်။ ထိုနည်းတူစွာပင် လက်ပံကိုင်းတံရှည်တို့ကလည်း ပတ္တမြားပွင့်များကို အပြိုင်အဆိုင် ဆင်ယင်ထွန်းပထား၏။

ခင်တန်းတစ်ခုလုံးသည် အလျှံငြီးငြီး ထိန်ဝင်းနေသည်။

ရည်ရွယ်ချက်ကင်းမဲ့စွာနှင့် နှင်းငွေသည် ခင်တန်းဆီ လျှောက်လာခဲ့သည်။

ခင်တန်းအခြေတွင် စမ်းချောင်းငယ်ပျက်ပျက်ကို မမျှော်လင့်ဘဲ တွေ့ရသည်။

စမ်းချောင်းငယ်တွင်း၌ ရေမရှိ။ မြေ၌မူ အစိုဓာတ် မကုန်သေး။

နှင်းငွေသည် စမ်းချောင်းငယ် ဘေးအလိုက် ခင်တန်းတစ်လျှောက် ဆက်လျှောက်လာသည်။

အညာမြေ၌ ကြီးပြင်းသည်မှာ ကြာသော နှင်းငွေ၏ နှာဝတွင် ရနံ့သက်သက် ရလာသည်။

နှင်းငွေ၏ခြေများ တုန့်ရပ်သွားသည်။ ချိုချိုအေးအေးနှင့် ဆွေးဆွေးမြေ့မြေ့နိုင်သော သီချင်းသံလေးတစ်ခုကို ကြားလိုက်ရသောကြောင့်တည်း။

" သီတာ . . . သီတာ . . . မြအလား၊ ကြာ . . . ကြာ . . . ကြာ . . . ငါးပါး "

ရိုးလွန်းစင်းလွန်းသော ကြိုးသီချင်းတစ်ပုဒ်မှ အစ စာသားများသာ ဖြစ်ပါလေ၏။

သီချင်းသံက ထပ်မံ ပေါ်လာပြန်၏။

" သီတာ . . . သီတာ . . . မြအလား၊ ကြာ . . . ကြာ . . . ကြာ . . . ငါးပါး "

ရေထဲသို့ ကျောက်စရစ်ခဲတစ်လုံး ကျသံ ပေါ်လာသည်။

သီချင်းသံမူ ထပ်ပေါ်မလာ။

နှင်းငွေက ရပ်မြဲရပ်လျက် ဆက်နားထောင်သည်။

သီချင်းသံမူ ထပ်မပေါ်လာ၊ ထပ်ပေါ်မလာပါ။

ရှိုက်သံသဲ့သဲ့ ထွက်ပေါ်လာ၏။ ရှိုက်သံသည် တဖြည်းဖြည်း ကျယ်လောင်လာသည်။ ထို့နောက် ပီသလှသော ငိုညည်းသံ။

ပထမ၌သော် နှင်းငွေသည် ကြက်သီးထသွား၏။ နောက်ကြောင်း ပြန်လှည့်ပြေးမည်ဟုပင် စိတ်ကူးသေး၏။ သို့ရာတွင် သူ့မျက်လုံးများက သဏ္ဍာန်တစ်ခုကို အရင်မြင်မိသွား၏။

ချောင်းငယ်ကို ကျော်လျက် သမုံးကိုင်းတစ်ခုသည် ညွတ်ကျနေ၏။ သစ်ကိုင်းဘေး ချောင်းစပ်မြေမို့မို့ပေါ်တွင် ထိုသဏ္ဍာန်က ငိုင်ငိုင်လေး ထိုင်နေ၏။

နှင်းငွေသည် သဏ္ဍာန်ရှိရာသို့ စိတ်အားထက်သန်စွာ သွားသည်။ သဏ္ဍာန်သည် နှင်းငွေ၏ ခြေသံကို ကြားသည်နှင့် တပြိုင်နက် ခေတ္တတုန်လှုပ်သွားပြီးနောက် နေရာမှ ထပြေးသည်။

နှင်းငွေက လှမ်းအော်သည်။

" မပြေးနဲ့လေ၊ မပြေးပါနဲ့ နုနုငယ်၊ ကိုယ်ပါ နှင်းငွေပါ၊ ဟော . . . အလို "

www.myanmarcupid.net

ပြေးတက်သွားသော နုနုငယ်သည် တစ်စုံတစ်ခုနှင့် ခလုတ်တိုက်လဲသည်။ လဲရာမှ ပြန်ထပြေးရန် ကြိုးစားသည်။ သို့ရာတွင် ခြေတစ်လှမ်း မလှမ်းနိုင်မီ ကွေးညွတ်ကျသွား၏။

နှင်းငွေက နုနုငယ် အနီးသို့ ရောက်သွား၏။

နုနုငယ်သည် ဘယ်ဖက် ခြေကျင်းဝတ်ကို သူ့လက်ကလေးများနှင့် ဆုပ်ကိုင်ရင်း နာကျင်ခြင်းကို တင်းဆည်နှိပ်ကွပ်ဟန် အောက်နှုတ်ခမ်းများကို အပေါ်သွားများနှင့် ခဲထား၏။

သူကောင့်သား နှင်းငွေသည် နုနုငယ်၏ အပါးတွင် ရပ်နေမိပြီဖြစ်သည်။ ရပ်နေမိသည်ကလွဲ၍ ဘာဆက်လုပ်ရမှန်းမသိ။ ခဏကြာမှ အစွမ်းကုန်သတ္တိနှင့် ထစ်ထစ်ငေါ့ငေါ့မေးသည်။

" သိပ် . . . သိပ်နာသွားသလား၊ နုနု . . . နုနုငယ်၊ ကိုယ် . . . ကိုယ် . . . ကိုယ် ဘာလုပ်ပေးရမလဲ "

နုနုငယ်က သူ့ကို ပြန်မဖြေ။ ပြန်၍လည်း မော့မကြည့်။ နာနေသော ခြေကျင်းဝတ်ကိုသာ လက်ကလေးများနှင့် ဆုပ်နယ်မြဲ ဆုပ်နယ်နေသည်။

နှင်းငွေက ခြောက်ကပ်နေသော လည်ချောင်းကို ရှင်းအောင် တံတွေးမျိုချပြီး ခက်ခဲပင်ပန်းစွာ ထပ်ပြောရပြန်၏။

" ကိုယ် ဘာလုပ်ပေးရမလဲ နုနုငယ်၊ အိမ်ပြန်မလား၊ လိုက်ပို့ ပေးမယ်လေနော် "

ခက်ခဲစွာ ပြောလိုက်ရသော်လည်း သူ့အသံ၌ ကရုဏာအပြည့် ပါဝင်နေကြောင်း သူသိသည်။

နုနုငယ်က သူ့ကို ဖြည်းညင်းစွာ စောင်းစောင်းမော့ကြည့်သည်။

ကြည့်စမျက်လုံးများက မရဲမဝံ့သည့် အားငယ်သော မျက်လုံးများသာဖြစ်သည်။ သူ့မျက်လုံးများနှင့် မျက်လုံးချင်းရင်ဆိုင်မိသည့် ခဏ၌ နုနုငယ်၏ မျက်လုံးများ ပြူးကျယ်ကာ ဝန်းဝန်းလည်သွားသည်။ ချက်ချင်းပင် နုနုငယ်က မျက်နှာလွှဲသွားသည်။

နှင်းငွေက ကောင်းစွာ တည်ငြိမ်သွားပေပြီ။ ထို့ကြောင့် အေးချမ်းစွာ မေးနိုင်လာ၏။

" ကိုယ့်ကို ကြောက်နေသလား နုနုငယ်၊ မကြောက်ပါနဲ့၊ ကိုယ်က နုနုငယ်ကို ကူညီချင်လို့ပါ၊ ဘယ်လိုကူညီရမလဲ၊ နုနုငယ် အိမ်ပြန်ချင်သလား၊ ကိုယ် လိုက်ပို့ပေးမယ်လေ "

ဤအကြိမ်တွင်မူ နုနုငယ်သည် ရှေးဦးစွာ တုန့်ပြန်ခြင်းအဖြစ်နှင့် ခေါင်းလေးကို ခါပြသည်။

" ဟြော် . . . အိမ်မပြန်ချင်ဘူး၊ ဒါဖြင့်ရင် ကိုယ် ဘာကူညီရမလဲ "

နုနုငယ်က ခေါင်းကိုသာ ဆက်ခါသည်။ ထို့နောက် ကြိုးစား၍ နေရာမှ ထသည်။ ခြေထောက်မှ နာကျင်သည့်အလားစုတ်သပ်သံလေး ပေါ်လာသည်။

နုနုငယ် ပြန်ထိုင်ကျမသွားမီ သူက နုနုငယ်၏ ကိုယ်လေးထံ ဝင်ပူး၍ ထိန်းမတ်ပေးလိုက်နိုင်သည်။

" နုနုငယ်က အိမ်ပြန်ချင်သေးဘူး ဟုတ်လား၊ လာ လာ စောစောက နုနုငယ် ထိုင်နေတဲ့နေရာဆီ ကိုယ်ပြန်ခေါ်သွားပေးမယ် "

သူက နုနုငယ်ကို ယုယကြင်နာစွာ တွဲခေါ်ယူငင်သည်။ နုနုငယ်က မငြင်းဘဲ ခြေထော့ကျိုး ထော့ကျိုးနှင့်လိုက်ပါလာသည်။

သူက နုနုငယ်ကို စမ်းချောင်းငယ်ဘေး ကမ်းနဖူးတွင် နေရာချပေးသည်။ သူနေရာချပေးရာတွင် နုနုငယ်သည် ဒဏ်ရာရ၍ အားငယ်နေသည့် ယုန်ဖြူမလေးသဖွယ် သေဝပ်ယဉ်ကျေးစွာ ထိုင်ရှာ၏။

နုနုငယ် ထိုင်နေရာရှေ့ တည့်တည့်တွင် လဲပြိုနေသော သမုံးပင်တစ်ပင်မှ အကိုင်းသည် စမ်းချောင်းကိုကျော်လျက် ညွှတ်ကျနေသည်။ စမ်းချောင်း ဤနေရာ၌ ရေကြည် အနည်းငယ် အိုင်နေသည်။ သဘာဝကြောင့်မဟုတ်၊ ရေဆင်းရာ အနိမ့်ဘက်၌ သဲ၊ ရွှံ့နှင့် ကျောက်ရောသော လူ့လက်ရာ တမံသေးသေးလေး တစ်ခုရှိသည်။ တမံငယ်သည် တစ်ထွာကျော်ကျော်သာရှိ၏။ တမံဆည်ထားသော ရေအနက်မှာလည်း တစ်ထွာထက် ပိုရှိမည် မဟုတ်။ မည်သို့ဖြစ်စေ ကြည်လင်သော ရေအိုင်ကလေးတစ်ခုမူ ရှိနေ၏။

ရေအိုင်တွင်း၌ လက်ပံပွင့်နီနီများ ပေါလောပေါ်နေ၏။ ကြာပွင့်နီနီဟု ထင်မြင်ယူဆသော် ယူဆနိုင်၏။

နှင်းငွေက နုနုငယ်ကို ကျေနပ်စွာပြုံးလျက် ကြည့်သည်။

နုနုငယ်က မျက်လွှာချထား၏။ မျက်လွှာချထားသောကြောင့် ရှည်သွယ်ကော့ပျံသော မျက်တောင်များမှာ ပိုမိုထင်ရှားနေ၏။ အသားက ဆွတ်ဆွတ်ဖြူသည်။ ဖြူလွန်းသဖြင့် ဖျော့ကာ သွေးမှ ရှိပါလေသလောဟု ထင်ရသည်။ ပုခုံးထိနေသော ဆံပင်က နက်နက်မှောင်နေ၏။ အသားဖြူလွန်းသောကြောင့် ဆံပင်သည် ပိုမိုနက်မှောင်နေသည်။ ဆံပင်က နက်နက်မှောင်သောကြောင့် အသားက ပိုပို ဖြူဖြူဖွေးနေပြန်၏။ ဖြူဖွေးပိန်လျသော ပါးပြင်တွင် အကြောစိမ်းကလေးများကို အတိုင်းသား မြင်နေရ၏။

www.myanmarcupid.net

နှင်းငွေက ထပ်မံပြုံးလိုက်ပြီး မေး၏။

" ဒီအိုင်ကလေးကို နုနုငယ် ဆည်ထားတာလား "

နုနုငယ်က ခေါင်းညိတ်ပြ၏။

" ဒီလက်ပံပွင့်တွေကိုလဲ နုနုငယ် ချထားတာနော် "

နုနုငယ်က ခေါင်းညိတ်ပြပြန်သည်။

" နုနုငယ် သိပ် စိတ်ကူးကောင်းတာပဲ၊ လက်ပံပွင့်ကလေးတွေက ကြာနီပန်းကလေးတွေနဲ့ သိပ်တူတာပဲ "

နုနုငယ်က ခေါင်းသာ ညိတ်ပြပြန်၏။

သူက ဒုတိယမ္ပိ နုနုငယ်ကို ကြည့်မိသည်။

စောစောက ရှိုက်သံကြားခဲ့သည်။ ငိုညည်းသံကိုလည်း နားနှင့် ဆတ်ဆတ်ကြားခဲ့ရသည်။ နုနုငယ်၏ ရှိုက်သံနှင့် ငိုညည်းသံသာ ဖြစ်သင့်သည်။ ရှိုက်ခဲ့ငိုခဲ့သော် နုနုငယ်၏ မျက်တောင်ကော့တို့တွင် မျက်ရည်ဥ ခိုတွဲနေတန်ကောင်း၏။ မျက်တောင်ကော့များတွင် မျက်ရည်ဥ မရှိတော့သည့်တိုင်စေ၊ ပါးနုနုထက် မျက်ရည်ကြောင်း အစအနကို တွေ့ဖို့ကောင်း၏။ သို့ရာတွင် နုနုငယ်၏ မျက်တောင်တို့တွင် မျက်ရည်ဥ မတင်။ ပါးနုနုထက်လည်း မျက်ရည်ကြောင်း အစအနကို မမြင်။

နုနုငယ် မျက်နှာလေးသည် ဖြူနေ ဖျော့နေ ဖွေးနေသည်မှတစ်ပါး အပြစ်ကင်း သန့်စင်နေ၏။

နှင်းငွေက ဘာစကား ဆက်ရမှန်းမသိဘဲ အတန်ကြာ ငြိမ်နေ၏။ ထို့နောက်မှ ပြောသည်။

" ကိုယ့်နာမည်က နှင်းငွေတဲ့၊ နုနုငယ် ကိုယ့်ကိုတော့ မှတ်မိပါတယ်နော် "

နုနုငယ်က ခေါင်းဆတ်ဆတ် ညိတ်ပြ၏။

နှင်းငွေ စိတ်မရှည်တော့။ ယုန်ဖြူမငယ်က ရွံ့လွန်းအားကြီးတော့လည်း သူက ရဲလာသည်။

နှင်းငွေ သူ့ညာလက်ဖြင့် နုနုငယ်၏ ဘယ်ပုခုံးကို ဆုပ်ကိုင်လိုက်သည်။ ဘယ်လက်ဖဝါးဖြင့် ငုံ့နေသော နုနုငယ်၏ မေးကို မကာ အသာအယာ ပင့်တင်လိုက်သည်။

" နုနုငယ် အခုအထိ ကိုယ့်ကို စကားတစ်လုံးမှ မပြောသေးဘူး၊ ကိုယ့်ကို မုန်းသလား၊ ဒါမှမဟုတ် ကြောက်နေသလား နုနုငယ် "

သူက မေးကို လက်ဖဝါးနှင့် မ,တင်ထားသောကြောင့် နုနုငယ်၏ မျက်နှာလေးသည် မော့မော့ရှိနေ၏။ ထိုအခါ သွယ်ရှင်းသော လည်တိုင်ကလေးသည် ဆန့်ဆန့်ကြော့ကြော့ ရှိနေ၏။

နုနုငယ်သည် စင်းကျနေသော မျက်တောင်ရှည်များကြားမှ မျက်လုံးပြာများနှင့် သူကို ပြန်ကြည့်နေသည်။ မျက်လုံးသည် ဝန်းဝန်းမလည်တော့။ အားအင်မူ မရှိ၊ ကြည်လင်ခြင်းနှင့် သန့်စင်မှုသည်ကား ရှိနေ၏။

သူက တိုက်တွန်းသည်။

" ပြောပါ နုနုငယ်၊ ကိုယ့်ကို စကားတစ်ခွန်း နှစ်ခွန်း ပြောစမ်းပါ "

နုနုငယ်က သူ့ကို စိုက်သာကြည့်နေသည်။ မတုန်မလှုပ်ဘဲ စိုက်ကြည့်နေ၏။

သူက အနည်းငယ် ထိတ်လန့်သွားသည်။ မတုန်မလှုပ် စိုက်ကြည့်နေသော နုနုငယ်ကို ထိတ်လန့်သွားသည်။

" နုနုငယ် ကိုယ်ပြောနေတာ ကြားရဲ့လား၊ ကိုယ်ပြောနေတာကိုလဲ နားလည်ရဲ့လား "

နုနုငယ်က မေးကို မ,တင်ထားသော နှင်းငွေ၏လက်ကို သူ့လက်ကလေးတစ်ဖက်ဖြင့် အသာအယာ ဖယ်သည်။ ထို့နောက် ပုခုံးကို ကိုင်ထားသော နှင်းငွေ၏ လက်ကိုလည်း ဖယ်ရှားပစ်၏။

နုနုငယ် ကျေနပ်စေရန် သူက အလျော့ပေးပြီး ကိုယ်ကိုလည်း အနည်းငယ် နောက်ဆုတ်လိုက်၏။

တွေတွေလေး ငေးကြည့်နေရာမှ နုနုငယ်သည် တဖြည်းဖြည်းချင်း ပြုံးသည်။ ပြုံးလိုက်သောအခါ နီရဲသော နှုတ်ခမ်းပါးကလေးများ သေးသွယ်ကော့ပျံသွားသည့် အလှကို နှင်းငွေကို သတိပြုမိသည်။ ပါးပါးကြည်ကြည်နှင့် အရည်လဲ့ စီညီရှည်သော သွားလေးများ ပေါ်လာသောကြောင့် မျက်နှာလေးသည် ပိုမိုနုနယ် ချစ်သနားဖွယ် ကောင်းလာသည်ကိုလည်း နှင်းငွေ မြင်ရ၏။

နှင်းငွေကလည်း စိတ်ပေါ့ပါး ရွှင်လန်းစွာနှင့် ပြုံး၏။

" ကိုယ့်ကို စကားပြောပါဦး နုနုငယ် "

နုနုငယ်သည် ပြုံးရင်းမှ တိုးတိုးလေး ပြန်မေးသည်။

" နုငယ် ဘာပြောရမလဲ "

" တစ်ခုခုပြောပါ၊ ခုနင်က ကိုယ်မေးတာကိုဖြစ်ဖြစ် ဖြေပါ "

နုနုငယ်သည် မြေပြင်ကို စိုက်ကြည့်ပြီး သူ့ကိုယ်သူ ပြောဟန် ဆို၏။

www.myanmarcupid.net

" ကိုယ့်နာမည် နှင်းငွေတဲ့၊ ကိုယ့်ကိုတော့ မှတ်မိတယ်နော် . . . တဲ့ "

နုနုငယ်က သူ့ကို ပြန်မော့ကြည့်ပြီး အေးချမ်းစွာ ဖြေသည်။

" ကိုယ့်ကို နုငယ် မှတ်မိပါတယ်၊ ပြီးတော့လဲ မကြောက်တော့ဘူး "

" မကြောက်တော့ဘူး ဟုတ်လား၊ မကြောက်တော့ဘူးဆိုတော့ အစတုန်းကတော့ ကြောက်တယ်ပေါ့နော်၊ ဟုတ်လား"

" ကိုယ့်ကို ကြောက်တာ မဟုတ်ပါဘူး၊ နုငယ်က အားလုံးကို ကြောက်တာ "

" အို အားလုံးကို ကြောက်တယ်၊ ဘာတွေကို ကြောက်တာလဲ နုငယ် "

" အားလုံးကို ကြောက်ပါတယ်ဆိုမှ ကိုယ့်ကို နုငယ် ဘာထပ်ပြောရဦးမှာလဲ "

နုနုငယ်၏ ပြောပုံကြောင့် သူက သဘောကျသွားသည်။

" ဟုတ်ပါရဲ့လေ၊ ကိုယ်ကလဲ မြန်မာစကား မတတ်တာကျနေတာပဲ၊ ဩော် နုငယ်၊ ကိုယ်လဲ ထိုင်မယ်နော် "

သူက မတ်တတ်ရပ်လျက် ရှိဆဲမှ ခွင့်တောင်းပြီး နုနုငယ်၏ အနီး၌ ဝင်၍ ယှဉ်တွဲထိုင်သည်။

နုနုငယ်က မကန့်ကွက်။ သို့ရာတွင် ခေါင်းလေးကို သမင်လည်ပြန်လှည့်၍ အိမ်ကြီးဘက်သို့ ကြည့်သည်။

ခင်တန်းနှင့် အိမ်ကြီးမှာ အတော်လေးပင် လှမ်းသည်။ သည်မှနေကြည့်က အိမ်ကြီးကို ကောင်းစွာတွေ့နိုင်သည်။ အိမ်ကြီးဆီမှ ကြည့်လျှင်မူ သစ်ပင်၊ ချုံငယ်များ ကွယ်နေသောကြောင့် သူတို့ကို မြင်နိုင်မည် မဟုတ်။

နုနုငယ်သည် ခေါင်းလေး ပြန်လှည့်လိုက်ပြီး သူ့ကို ကြည့်၍ သက်ပြင်းလေးချသည်။

" နုငယ် အိမ်ကို ကြောက်ရသလား "

" အိမ်ကို ကြောက်ရတာ မဟုတ်ဘူး၊ ဖေဖေ့ကို ကြောက်ရတယ် "

" ခုနင်က နုငယ်တို့ဖေဖေ မြင်းလှည်းနဲ့ ထွက်သွားတာ ကိုယ်တွေ့ခဲ့တယ် "

" ဟုတ်တယ်လေ၊ ဒါကြောင့်လဲ နုငယ် ဒီနေရာကို လာရဲတာပေါ့ "

" ဒီနေရာကို လာတာ နုငယ်ဖေဖေက မကြိုက်ဘူးလား "

" ဖေဖေက နုငယ်ကို ဘယ်ကိုမှ ထွက်တာ မကြိုက်ဘူး၊ နုငယ်ကို အိမ်ထဲမှာပဲ နေစေချင်တယ်၊ ကျောင်းနေရတာတောင် နုငယ် ငိုလွန်းလို့ "

" ဒီလိုဆို နုငယ်တို့ဖေဖေက သိပ်ဆိုးတာပေါ့ "

" ဟင့်အင်း ဖေဖေက မဆိုးပါဘူး၊ နုငယ်ကို သိပ်ချစ်ပါတယ် "

နုနုငယ်၏ စကားမှာ ရှေ့နောက်မညီဟု နှင်းငွေ ထင်သည်။ သို့ရာတွင် ဘာမျှတော့ မဝေဖန်။

နေအတန် ကျခဲ့သောကြောင့် ပတ်ဝန်းကျင်၌ နှင်းမှုန်တို့ ပြာပြာဝေလာသည်။ အဝေးရှိ ရှမ်းရိုးမတောင်တန်းကြီးက ညိုညိုမှောင်လာသည်။

" ကဲ ကိုယ့်ကို နုငယ် စကားပြောပြီးပြီ၊ နုငယ် ပြန်တော့မယ်နော် "

သူက ခွဲရမည်ကို ဝမ်းနည်းသကဲ့သို့ ရှိသည်။ ထို့ကြောင့် တောင်းပန်သည်။

" ကိုယ် အဝေးကြီးကတောင် စက်ဘီးနဲ့ လာခဲ့ရတာ နုငယ်၊ ခဏလေး နေပါဦးလား ဟင် "

နုနုငယ်က ခေါင်းကလေး ခါရမ်းသည်။

" တော်ပါစို့ ကိုယ်ရယ်၊ တော်တော်ကြာ ဖေဖေ ပြန်လာလို့ မြင်သွားရင် နုငယ် ဒုက္ခရောက်လိမ့်မယ် "

ဤသို့ ဆိုပြန်သော် သူ မတားရက်တော့။

နုနုငယ်က နေရာမှထရန် ပြင်သောကြောင့် သူက အလိုက်သိစွာနှင့် နုနုငယ်ကို လက်တစ်ဖက် ကမ်းပေးသည်။ နုနုငယ်က သူ့လက်ကို ဆွဲယူအားပြုလျက် ထသည်။

" နုငယ် ခြေထောက် ဘယ့်နှယ်နေသေးသလဲ "

" နည်းနည်းပဲ မျက်တော့တယ်၊ ကိစ္စမရှိပါဘူး၊ လမ်းလျှောက်နိုင်ပါလိမ့်မယ် "

နုနုငယ်သည် စကားအဆုံး၌ နှုတ်ဆက်သည့်ဟန် ပြုံးပြသည်။

" ဩော် နုငယ်ရေ၊ နုငယ်နဲ့ ကိုယ် သူငယ်ချင်း ဖြစ်ပြီနော်၊ ကျောင်းကျရင် ကိုယ့်ကို နှုတ်ဆက်ပါ၊ အင်းလေ စ နှုတ်မဆက်ရင်တောင် ကိုယ်က နှုတ်ဆက်ရင် စကားတော့ ပြန်ပြောပါနော် "

နုနုငယ်က စကားမပြန်ဘဲ သူ့ကို မျက်မှောင်လေး မသိမသာကြုတ်၍ ကြည့်သည်။

" ဘာလို့ ဒီလိုကြည့်တာလဲ နုငယ် "

" ကိုယ်က တော်တော် ပိုတာပဲ "

" ကိုယ်က ဘာပိုလို့တုန်း "

www.myanmarcupid.net

" ခုလို ခင်မင်ကြပြီးမှ ကိုယ့်ကို နုငယ်က စကားမပြောဘဲ နေမှာတဲ့လား "

သူက ကျေနပ်လွန်းသောကြောင့် အသံထွက်၍ ရယ်သည်။

" ကောင်းပါပြီ၊ ကိုယ် မှတ်ထားပါ့မယ်၊ ကဲ နုငယ် ပြန်တော့လေ၊ ကိုယ် ဒီက စောင့်ကြည့်နေမယ် "

နုနုငယ်က သူ့ကို လက်ကလေးပြပြီး ထွက်ခွာသွားသည်။ ခြေမျက်နေသောကြောင့် နုနုငယ်၏ ခြေလှမ်းမှာ မသွက်။ အနည်းငယ် ထော့နင်းထော့နင်းလည်း ဖြစ်နေသည်။ တစ်ချက်တစ်ချက် သူ့ထံသို့လည်း လှည့်လှည့်ကြည့်သည်။

ထိုစဉ် အိမ်ကြီးဆီသို့ ရှေးရှုမောင်းနှင်လာသော မြင်းလှည်းကို အဝေးမှ လှမ်းမြင်ရသည်။

သူက လက်ပံပင်စည်နှင့် ကိုယ်ကို ကွယ်နေလိုက်၏။

ခရီးတစ်ဝက်သို့ ရောက်နေသော နုနုငယ်ကား သူ့ထံ လှည့်မကြည့်တော့။ မျက်နေသော ခြေတစ်ဖက်ကို ဆကာဆကာ ဆွဲ၍ အိမ်ကြီး၏ ခြံနောက်ပိုင်းဆီ အပြေးလေး ဝင်ရောက်ပျောက်ကွယ်သွားသည်။

ဒဏ်ရာရနေသော ယုန်ဖြူမငယ်သည် လှောင်အိမ်ဆီ ပြေးဝင်သွားသည့် ပုံဟန်သာပါတကား။

❑

## အခန်း ( ၇ )

## သူ့ကြောင့်တစ်ခက်

ဘခက်တို့တဲသို့ နှင်းငွေ ပြန်ရောက်ချိန်၌ နေဝင်လုပြီ။

တဲတွင်းမှ ဘခက်က ထွက်လာကြိုဆိုသည်။

" ဟေ့ကောင် နှင်းငွေ၊ မင်း ဘယ်ဘက် သွားနေတာလဲ၊ ညွန့်မေတို့အိမ်လို့တော့ မလိမ်နဲ့နော်၊ ငါ ရောက်ခဲ့ပြီးပြီ "

နှင်းငွေက မလိမ်၊ အမှန်ကို ရိုးသားစွာ ဝန်ခံ၏။ ဝန်ခံစဉ် သူ့စိတ်က ဝမ်းသာဂုဏ်ယူ ကျေနပ်လျက်လည်းရှိသည်။

" ငါ နုနုငယ်နဲ့ သွားတွေ့တာပါ "

" ဘာ . . . နုနုငယ်နဲ့ သွားတွေ့တာ၊ ဟား ဟား ဟား . . . ဟေ့ကောင် နှင်းငွေ၊ သူငယ်ချင်းချင်း မဖြီးနဲ့ကွာ၊ မင်းက ဘုရင့်သားမို့ နုနုငယ်အဖေက သူ့ခြံတံခါးကို ဖွင့်ပေးမှာတဲ့လား "

" သူ့အဖေက ခြံတံခါးဖွင့်ပေးမှ ငါက နုနုငယ်နဲ့ တွေ့ရရိုးလား၊ ခက်ပါဘိ ဘခက်ရာ "

" ဩော် . . . ဒီလိုလား၊ ဒါဖြင့် မင်းဆိုလိုတာက မင်းနဲ့ နုနုငယ် တစ်နေရာမှာ တိတ်တိတ်လေး ချိန်းတွေ့ခဲ့ကြတယ်ပေါ့ ဟုတ်လား "

ပျော့ပျောင်းသော နှင်းငွေ၏ သဏ္ဍာန်သည် အနည်းငယ် မာလာ၏။

" ဘခက်၊ အရမ်းမပြောနဲ့ကွာ၊ နုနုငယ်နဲ့ ငါက ချိန်းတွေ့ရအောင် တို့က ရည်းစား မဟုတ်သေးဘူး၊ ရည်းစား မပြောနဲ့၊ ငါက သူ့ကို ချစ်တောင် မချစ်သေးဘူး၊ သနားတာပဲ ရှိတယ်၊ မင်းကို ငါပြောပြီးပါရောလား "

ဘခက်က ရယ်ပြန်တော့သည်။

" မင်း ဘာရယ်တာလဲ ဘခက် "

" သဘောကျလို့ကွာ၊ မင်းက ချစ်တာနဲ့ သနားတာ ခွဲခြားပြောနေလို့ပါ၊ နေပါဦး မင်းက အဲဒီလို ခွဲခြားပြောနိုင်ရအောင် ချစ်တယ်ဆိုတာ ဘာလို့ မင်းသိလို့လား "

ဤအမေးကို နှင်းငွေ မဖြေနိုင်။ မဖြေနိုင်သောကြောင့် ပြန်မေး၏။

" ဒါဖြင့် မင်းကကော သိလို့လား "

" ငါက သိလို့လား၊ ဟား ဟား . . . သိတာပေါ့ကွာ၊ မင်းနဲ့ ငါနဲ့ အတန်းတူပေမယ့် မင်းထက် ငါက နှစ်နှစ်ကြီးတယ်၊ မင်းထက်တော့ အရပ်ပုသပေါ့ကွာ၊ အင်း ဗဟုသုတတော့ မင်းထက်သာသဟေ့ မောင်ရင် "

" ဒါဖြင့် ချစ်တယ်ဆိုတာ မင်းက သိသပေါ့ "

" သိရုံမကဘူး၊ ခံတောင်နေရတာ ခင်ဗျ "

" ဘာပြောတယ် "

" ဩော် . . . ချစ်လို့ ခံနေရတယ်၊ ငါပြောခဲ့ပါရောလား၊ ညွန့်မေကို ငါ ဆယ်လေးနှစ်သားကတည်းက ကြိုက်ခဲ့တာလို့၊ ကြိုက်ပြီးရင် . . . အဟင်း . . . ချစ်လာတာပဲ၊ အင်း . . . ကြိုက်စကတော့ ဟိုလိုလို ဒီလိုလိုပေါ့ကွာ၊ ကြိုက်တာက ဘာလို့

ပြောလို့မရဘူး၊ တစ်ခုခုကို ဘဝင်ငြိသွားတာပဲ၊ သနားတယ်ဆိုတာကလည်း ကြိုက်တာပဲကွ၊ ဘုရားစူး ညွန့်မေကို ငါ သောက်မြင်ကပ်တာကနေ ကြိုက်လာတာ ”

နှင်းငွေက ဘခက်ပြောပုံကို သဘောကျသောကြောင့် ရယ်၏။ ဘခက်ကသာ ဆက်မေး၏။

“ ကဲ . . . ဆိုစမ်းပါဦး၊ ဘယ်သွားနေတာလဲ ”

ပထမသော် နှင်းငွေသည် နုနုငယ်နှင့် မိမိ အမှန်တယ် တွေ့ခဲ့ရပုံကို ဘခက်ယုံအောင် ရှင်းပြဦးမည် ကြံ၏။ ထိုနောက်မှ နုနုငယ်နှင့် မိမိတို့ ဤရွာတွင် တွေ့နိုင်သည့်နေရာရှိကြောင်း လူမသိလျှင် အကောင်းဆုံးဟု သဘောရကာ လှီးလွှဲဆို၏။

“ မင်း မယုံလဲ နေပေါ့လေ၊ ငါက နုနုငယ်တို့အိမ်ကို စိတ်ဝင်စားလို့ သွားကြည့်တာပါ၊ ဒီမှာ ဘခက် မင်းကို အရေးကြီးတာ တစ်ခုပြောချင်လို့ ငါ ရွာကိုလာခဲ့တာ ”

နှင်းငွေက မျက်နှာထားကို တည်ပြီး တဲတွင်းသို့ ဝင်သွားသောကြောင့် ဘခက်လည်း လိုက်လာသည်။

တဲတွင်းရှိ ကွပ်ပျစ်ပေါ် ထိုင်မိကြသောအခါ နှင်းငွေက ဘခက်၏ မျက်နှာကို စေ့စေ့ကြည့်ပြီး မေးသည်။

“ မင်း ရွာကို ဘယ်အချိန်ထဲက ရောက်နေလဲ ဘခက် ”

“ ဘာလုပ်မလို့လဲ၊ ငါရောက်တာ မကြာသေးဘူး ”

“ မင်းဘာလို့ ငါ့ကို လိမ်တာလဲ ဘခက် ”

“ ရော . . . ခက်ပါဘိ၊ မင်းကို ငါက ဘာလို့ လိမ်ရမှာလဲ ”

“ အေးပါကွာ၊ ထားပါတော့၊ မင်းကို ငါ မနက်ထဲက မြို့ထဲမှာရော၊ တခြားသူငယ်ချင်းတွေအိမ်မှာရော လိုက်ရှာတယ်၊ မတွေ့ဘူး၊ ဒါကြောင့် တမင် ရွာကို ငါလိုက်လာတာ ”

“ ငါ့ကို မင်းက ဘာလို့ လိုက်ရှာရတာလဲ ”

“ အဲဒါ ပြောချင်လို့ပေါ့၊ မင်း အခု ဘာတွေလျှောက်လုပ်နေတာလဲ ”

ဘခက်က မဖြေဘဲ မျက်မှောင်ကြုတ် ငြိမ်နေ၏။

“ မင်း မဖြေချင်ပါဘူး၊ ငါကပဲ ပြောပါမယ်၊ မင်း အန္တရာယ်မကင်းတာ တစ်ခုခု လုပ်နေတယ်၊ ဟုတ်တယ် မဟုတ်လား”

ဘခက်က မဖြေ၊ နှင်းငွေကသာ ဆက်ပြောသည်။

“ မနေ့ညက ဖေဖေနဲ့ ရဲဌာနအုပ် တယ်လီဖုန်းပြောနေတာ ငါ စာဖတ်ရင်း တစေ့တစောင်း ကြားခဲ့တယ်၊ ခပ်အုပ်အုပ် ပြောနေလို့ မသဲကွဲဘူး၊ ပြီးတော့ ဖေဖေပြောတာ တစ်ဖက်ထဲကို ကြားရတာမို့ တိတိကျကျ မသိဘူး၊ အဓိပ္ပါယ် ဖမ်းမိသမျှ ကတော့ မင်းနဲ့ ကျောင်းသားသမဂ္ဂ ခေါင်းဆောင်တွေ လှုပ်ရှားပုံအကြောင်းပဲ၊ မင်းတို့ကို သူတို့ မျက်စိဒေါက်ထောက်ပြီး ကြည့်နေပုံရတယ် ”

စိတ်ဝင်စားစွာ နားထောင်နေရာမှ ဘခက်သည် ပေါ့ပေါ့ဆဆ ကိစ္စသဖွယ် ရယ်၏။

“ သြော် . . . ဒါလား၊ မင်းကို ဟိုတစ်နေ့က ငါပြောပြီးပြီပဲ၊ တို့ ဘာမှ မလုပ်ပါဘူးလို့၊ ရန်ကုန်က တက်လာတဲ့ ဗ-က-သ က ရဲဘော်တွေလည်း ပြန်သွားကုန်ပါပြီ ”

“ ရန်ကုန်ကလူတွေ ပြန်သွားတာတော့ ငါလည်း သိသားပဲ၊ သက်ဆိုင်ရာက စိတ်ဝင်စားနေတာက ရန်ကုန်ကလူတွေ မဟုတ်ဘူး၊ ငါ ဒီလောက်ပဲ ပြောချင်တယ်၊ မင်း နားလည်ပါတယ် ဘခက်ရယ် ”

ဤအကြိမ်တွင်မူ ဘခက်သည် သိသိသာသာ ငိုင်ကျသွား၏။ သူငယ်ချင်းနှစ်ဦးလုံး စကားမပြောကြသဖြင့် တဲတွင်း၌ ဆိတ်ငြိမ်နေသည်။ သို့ရာတွင် ဆိတ်ငြိမ်ခြင်းသည် ခြံဝမှ ရေးကြီးသုတ်ပျာ ဝင်လာသော ခြေသံကြောင့် ပျက်ပြားသွားသည်။

ခြံတွင်းသို့ သွက်သွက် ဝင်လာသူကို ဘခက်က ကိုယ့်မျက်စိ ကိုယ်မယုံသကဲ့သို့ ငေးကြည့်နေသည်။ နှင်းငွေကသာ အာမေဋိတ်သံ ပြု၏။

“ ဟင် . . . ညွန့်မေ ”

ညွန့်မေ၏ သဏ္ဌာန်သည် မောဟိုက်နေပုံပေါ်သည်။ ထာဝစဉ် တည်ငြိမ်သော အသံမှာလည်း အနည်းငယ် တုန်ယင်နေသည်။

“ သြော် . . . နှင်းငွေလည်း ရှိသကိုး၊ ဘခက် ရွာထိပ်လမ်းပေါ်မှာ ရဲကားတစ်စီး လာဆိုက်တယ်၊ ရဲတွေ ဆင်းနေတုန်း ငါ လာပြောတာ ”

ဘခက် တုန်လှုပ်သွားသည်။ ချက်ချင်းပင် သူ့အမူအယာက သွက်လက်လာ၏။

သူသည် နှင်းငွေနှင့် ညွန့်မေတို့၏ မျက်နှာများကို စိုးရိမ်စွာ တောင်းပန်ဟန်ကြည့်ပြီး တဲနောက်ပိုင်းသို့ ဝင်ပြေးသည်။

မကြာမီ သူနှင့်အတူ လူတစ်ဦး ထွက်လာသည်။ ထိုလူမှာ အသက်သုံးဆယ်ခန့်ရှိ၍ ရွာသားတစ်ဦးဟန် ဝတ်ဆင်ထားသော်လည်း အချိုးအချိတ် သိပ်မကျလှ။

www.myanmarcupid.net

ဘခက်က လှမ်းအော်သည်။
" အမေ အမေ "
ခြံထောင့်မှ သူ့အမေလည်း ပေါ်လာ၏။
" ဘာလဲ ဘခက်၊ အလန့်တကြား "
" အချိန်မရှိဘူး အမေ၊ ရဲတွေလာကုန်ပြီ၊ သူ့ကို တစ်နေရာရာ သွားဖွက်ထားစမ်းပါ "
" ဟဲ့ ငါက ဘယ်သွားဖွက်ရမလဲ "
" ဩော် . . . အမေကလဲ၊ ပြောင်းခင်းတစ်ခုခု၊ ဒါမှမဟုတ် ကြံခင်းတစ်ခုခုထဲပေါ့၊ သွားတော့ အမေ၊ ရေအိုး တစ်လုံးလဲ ယူသွားဦး၊ ပြီးရင် အမေ ရေရွက်ပြီး မြန်မြန်ပြန်ခဲ့ ကြားလား "
ဒေါ်မြသည် ဘာမျှ ပြန်မပြောတော့ဘဲ သဲအိုးတစ်လုံးကို ကောက်ကိုင်ပြီး လူစိမ်းကို ခေါ်ငင်သည်။
" လာ သူငယ်၊ ကြီးတော်နောက် လိုက်ခဲ့ "
ဒေါ်မြနှင့် လူစိမ်းသည် ခြံနောက်ပေါက်မှ လျင်မြန်စွာ ထွက်ခွာသွားကြသည်။
ဘခက်က ညွန့်မေနှင့် နှင်းငွေကို တောင်းပန်သည်။
" ငါ နောက်တော့ အားလုံးကို ရှင်းပြပါ့မယ်၊ အခုတော့ ခဏ ဣန္ဒြေမပျက် နေကြပါဦး၊ ပြီးတော့ ဘာမေးမေး မပြောကြပါနဲ့၊ ငါ ကြည့်ဖြေပါ့မယ် "
နှင်းငွေက ရင်တဖိုဖိုနှင့် နားထောင်နေသော်လည်း ညွန့်မေက ဝင်ပြောသည်။
" တို့ ဣန္ဒြေမပျက်ပါဘူး၊ ပျက်နေတာက နင်၊ ကဲ သွား၊ နင့် ကျောင်းစာအုပ်တွေ ယူခဲ့ မြန်မြန် "
ခဏအကြာတွင်မူ ကွပ်ပျစ်ပေါ်တွင် သုံးဦးသား မင်သေသေနှင့် သရုပ်ဆောင်နေကြ၏။
ကွပ်ပျစ်ပေါ်တွင် ဘခက်နှင့် နှင်းငွေက မှောက်လျက်၊ အက္ခရာသင်္ချာစာအုပ် တစ်အုပ်က လှန်လျက်။
ဘခက်နှင့် နှင်းငွေသည် ဖောင်တိန်ကိုယ်စီနှင့် ဗလာစာအုပ်များထက် သဲသဲမဲမဲ သင်္ချာတွက်နေကြသည်။
ညွန့်မေက ကွပ်ပျစ်ပေါ်တွင် ပြည့်တင်းသော တင်တစ်ခြမ်းဖြင့် ထိုင်လျက် ခါးကို တစ်ဝက်လှည့်ကာ ကိုယ်လေး မစောင်းတစောင်းနှင့် စိတ်ဝင်စားစွာ ဘေးမှကြည့်နေ၏။
ရဲအုပ်တစ်ဦး ခေါင်းဆောင်လျက် သေနတ်ကိုင် ရဲသားငါးဦး တဲတွင်းသို့ ဝင်လာကြသည်။
ညွန့်မေက အံ့သြဟန်နှင့် ရဲအုပ်နှင့် ရဲသားများကို ကြည့်နေသည်။
ဘခက်က ဖော်ရွေရင်းနှီးစွာဖြင့် ရဲအုပ်ကို နှုတ်ဆက်သည်။
" ဟာ . . . ကိုထွန်းသောင်ပါလား၊ ကြွပါ ကြွပါ၊ ဘာကိစ္စ "
အသက်အစိတ်ခန့်ရှိ ရဲအုပ် ကိုထွန်းသောင်သည် သူတို့အားလုံးကို အကဲခတ်ကြည့်၏။ နှင်းငွေကို မြင်သော် လေးစား ယဉ်ကျေးစွာ နှုတ်ဆက်၏။
" မောင်နှင်းငွေလဲ ဒီရောက်နေတာကိုး၊ ဦးလေးတို့တော့ ဝတ္တရားရှိလို့ လာရတာ "
နှင်းငွေက ဘာကိုမျှ နားမလည်ဟန် ပါးစပ်အဟောင်းသားဖြင့် ကိုထွန်းသောင်ကို ပြန်ကြည့်နေ၏။
ကိုထွန်းသောင်က "ကဲဟေ့"ဟုဆိုကာ အချက်ပေးသည်။
ရဲသားလေးဦးက သေနတ်များကို အဆင်သင့် သတိဖြင့် ကိုင်ကာ ခြံထောင့်များ၌ နေရာယူကြသည်။ ကိုထွန်းသောင်က ခြောက်လုံးပြူးကိုင်ရင်း တဲတွင်းသို့ ဝင်ရှာသည်။ သူ့နောက်မှ စတင်းဂန်းကိုင် စာသင်တစ်ဦး ဝင်လိုက်သွား၏။
ခဏ၌မူ ကိုထွန်းသောင်သည် စိတ်ပျက်ဟန်နှင့် ပြန်ထွက်လာ၏။
ဘခက်က ခါးထောက်ရင်း အသံမမာ့တမာနှင့် ရန်တွေ့သည်။
" ဒီမှာ ကိုထွန်းသောင်၊ ခင်ဗျားမလဲ ကျွန်တော့်ကိုပဲ လိုက်ရန်ရှာနေတယ်၊ မြို့ထဲမလဲ ကျွန်တော့်နောက်ကို ခင်ဗျားတို့ ခဏခဏ တကောက်ကောက်လိုက်တယ်၊ အခုလည်း ရွာကို လိုက်လာပြန်ပြီ "
ကိုထွန်းသောင်က စိတ်ဆိုးဟန်မပြဘဲ စစ်မေးသည်။
" ဒါတော့ ငါ့ညီရာ တို့က ဝတ္တရားအတိုင်း လုပ်ရတာပါ၊ အခုလည်း ဝတ္တရားအတိုင်းပဲ မေးရဦးမယ်၊ ရွာကို မင်း ဘယ်အချိန် ပြန်ရောက်သလဲ မောင်ဘခက် "
" နေ့လည်ကတည်းကပဲ၊ ဘာဖြစ်လို့လဲ "
" မင်းတစ်ယောက်ထဲ ပြန်လာတာလား "
" မဟုတ်ဘူး နှစ်ယောက် "
" တစ်ယောက်က ဘယ်သူလဲ "

www.myanmarcupid.net

ဘခက်က နှင်းငွေကို မေးငေါ့ပြသည်။
ကိုထွန်းသောင်က နှင်းငွေကို ကြည့်ပြီး မေးသည်။
“ သူပြောတာ ဟုတ်သလား နှင်းငွေ ”
“ ဟုတ်ပါတယ် ဦးလေး ကိုထွန်းသောင်၊ ဘာဖြစ်လို့လဲ ”
“ မောင်နှင်းငွေ ဒီရောက်တော့ အိမ်မှာ တခြား ဘယ်သူကို တွေ့သေးလဲ ”
“ သူ့အမေပဲ တွေ့တာပဲ ”
ကိုထွန်းသောင်သည် ဆက်မမေးသေးဘဲ ကွပ်ပျစ်ပေါ်မှ စာအုပ်များကို ကြည့်သည်။
“ အခု ဘာလုပ်နေကြတာလဲ ”
နှင်းငွေက ဖြေသည်။
“ အက္ခရာသင်္ချာ တွက်နေကြတာ ”
“ ကျောင်းမှာလည်း အတူတူ တွက်နိုင်ကြသားပဲ၊ ဒီလာ တွက်ရသလား ”
ဘခက်က ရယ်ပြီး ဖြေသည်။
“ ခင်ဗျားလဲ သိသားပဲ ကိုထွန်းသောင်၊ ကျွန်တော်က သမဂ္ဂ ကိစ္စနဲ့ အတန်းမမှန်ဘူး၊ အခု ကျွန်တော် လွတ်ခဲ့တဲ့ ပုစ္ဆာတွေကို နှင်းငွေနဲ့ ညွန့်မေက ပြပေးနေတာ ”
ကိုထွန်းသောင်က ညွန့်မေကို လှမ်းကြည့်သည်။
ညွန့်မေက ကိုထွန်းသောင်ကို ပြန်မကြည့်ဘဲ ဘခက်ကိုသာ လှမ်းပြောသည်။
“ နင့်ကို လာပြပေးရတာလဲ စင်စစ်တော့ အပိုပါပဲ၊ နင် အဲဒီ သမဂ္ဂအလုပ်တွေသာ ကောင်းကောင်းလုပ် ကြားလား၊ နင် ဒီနှစ်လဲ စာမေးပွဲ ကျဦးမှာပဲ ”
ဘခက်က မခံချင်ဟန်နှင့် ညွန့်မေကို မျက်စောင်းထိုးကြည့်သည်။
ကိုထွန်းသောင်က ရုတ်တရက် ဖြတ်မေးသည်။
“ ဒါထက် မင်း အမေကော မောင်ဘခက် ”
“ အမေလား၊ ရေခပ်သွားတယ်၊ ပြောရင်းဆိုရင်း ဟောဟိုမှာ အမေပြန်လာပြီ ”
ဒေါ်မြသည် ရေအိုးရွက်လျက် ခြံတွင်းသို့ ဝင်လာပြီး ရဲအုပ်နှင့် ရဲသားများကို ဝေခွဲမရဟန်ဖြင့် ကြည့်နေ၏။
ရဲအုပ် ကိုထွန်းသောင်က ဒေါ်မြ၏ ခေါင်းထက်မှ ရေအိုးကို ကူညီချပေးလိုက်ပြီးမှ မေးသည်။
“ အဒေါ်ရေ၊ ကျွန်တော်တို့ ရဲသားတွေကို မြင်လို့ မကြောက်နဲ့နော်၊ မေးစရာတစ်ခုရှိတယ်၊ ဒီနေ့ မောင်ဘခက် ဘယ်အချိန် အိမ်ပြန်ရောက်သလဲ ”
နှင်းငွေ၏ ရင်ထဲ ထိတ်ကနဲ ဖြစ်သွားသည်။ ဒေါ်မြ၏ အဖြေနှင့် မိမိတို့ စကားမညီသော် ဖုံးသမျှ ပေါ်တော့မည်။ ကိုထွန်းသောင်သည် အလွန်ပါးနပ်လိမ္မာသော ရဲအုပ်တစ်ဦးပါပေတကား။
ဘခက်နှင့် ညွန့်မေတို့၏ မျက်လုံးများ၌ စိုးရိမ်မှုပေါ်နေကြောင်း နှင်းငွေ သတိပြုမိသည်။
ကိုထွန်းသောင်ကမူ ဒေါ်မြကိုသာ စူးစိုက်ကြည့်နေ၏။
ဒေါ်မြ၏ မျက်နှာက ရှုံ့မဲ့သွားပြီး ဖြေ၏။
“ ဒီကောင် ဘယ်အချိန် ပြန်လာတယ်ဆိုတာ ကျုပ်က သိနိုင်ပေါင်၊ စည်းကမ်းရှိတဲ့ကောင်မှ မဟုတ်ဘဲ၊ သွားချင်တဲ့ အချိန်သွား၊ ပြန်ချင်တဲ့အချိန် ပြန်၊ လုပ်ချင်တာ လျှောက်လုပ်၊ သူက ကျုပ်သားမဟုတ်ဘူး၊ ကျုပ်အဖေ ”
ဟန်ဆောင်သည်လော၊ အကယ်လော မသိ။ ဒေါ်မြ၏ အသံ၌ ဒေါသရိပ် ပါနေ၏။
ကိုထွန်းသောင်ကသာ မလျှော့သေးဘဲ ဆက်မေး၏။
“ ဘခက် ပြန်ချင်တဲ့အချိန် ပြန်နိုင်ရအောင် အဒေါ့အိမ်က အမြဲဖွင့်ထားသလား ”
“ အိမ်မဟုတ်ဘူး တော်ရေ့ တဲ . . . တဲ၊ ဖွင့်ထားတာ မဟုတ်ဘူး၊ တံခါးကို မရှိဘူး၊ မုဆိုးမအိမ် ဘယ်သူခိုးကမှလဲ လာမခိုးဘူး၊ ခိုးရင်လဲ ထဘီစုတ်ပဲ ရမှာပဲ ”
ကိုထွန်းသောင်သည် ခေါင်းညိတ်လိုက်ပြီး ဆို၏။
“ ဒါလောက် သိချင်တာပါပဲ၊ မောင်ဘခက်ရေ စိတ်မဆိုးနဲ့နော်၊ တို့က ဝတ္တရားအတိုင်း ရှာရတာ ”
ဘခက်ကလည်း ချိုချိုသာသာနှင့် ပြန်ငေါ့၏။
“ စိတ်မဆိုးပါဘူးဗျာ၊ ကျွန်တော်တို့ကလဲ ဝတ္တရားအရ အရှာခံပါသဗျ ဟဲ ဟဲ . . . ”
ကိုထွန်းသောင်က ရဲသားများကို လက်ပြလျက် ရုပ်သိမ်းခေါ်ငင်၏။

www.myanmarcupid.net

“ ဪ မောင်နှင်းငွေ၊ ဦးလေးတို့နဲ့ ပြန်လိုက်မလား ”

“ ပြန်တော့ လိုက်ချင်တယ်၊ ဒါပေမယ့် ကျွန်တော့်စက်ဘီး ပါလာတယ် ”

“ စက်ဘီးနဲ့ ပြန်ရင် မိုးချုပ်နေမှာပေါ့၊ ဦးလေးတို့ ကားနောက်ပိုင်းမှာ တင်ယူသွားလို့ ရပါတယ် ”

နှင်းငွေက ခေတ္တစဉ်းစားသည်။ အမှန်မှာ သူတို့နှင့် ပြန်လိုက်သွားလျှင် သဘာဝအကျဆုံးဟု ထင်၏။

“ ဒီလိုဆိုရင် ကောင်းသားပဲ၊ ကျွန်တော် ပြန်လိုက်ခဲ့ပါမယ် ”

နှင်းငွေသည် ဘခက်နှင့် ညွန့်မေတို့ကို တစ်ချက်ကြည့်ပြီး ကိုထွန်းသောင်နှင့်အတူ တဲတွင်းမှ ထွက်လာ၏။

နှင်းငွေက သူ့စက်ဘီးဆီ သွားသောအခါ ကိုထွန်းသောင်က ရဲသားတစ်ဦးကို လှမ်းပြော၏။

“ ဟေ့ မောင်သိန်း၊ မြို့ပိုင်သားလေး စက်ဘီးကို မင်း တွန်းယူခဲ့ကွာ၊ မောင်နှင်းငွေ . . . လာ၊ တို့သွားနှင့်မယ် ”

❑

## အခန်း ( ၈ )

## စောမိရွှေဘဝင်

တနင်္လာနေ့ ကျောင်းပြန်တက်သောအခါ နှင်းငွေမှာ အထူးရွှင်ပျနေ၏။

ယခင်ကမူ စနေနှင့် တနင်္ဂနွေနေ့များကို ကျောင်းသူကျောင်းသား အများနည်းတူ နှင်းငွေ အနှစ်သက်ဆုံးဖြစ်သည်။ စနေနှင့် တနင်္ဂနွေနေ့ကို တနင်္လာနေ့ကတည်းက ကြိုတင်မျှော်ရသည်။ မျှော်ရသဖြင့် ကြာသည်ထင်၏။ ဆိုက်ရောက်လာပြန်တော့လည်း နေကုန် ပိုမြန်လွန်းသည်ဟု အောက်မေ့ရသည်။

ခင်တန်းရိပ်ဝယ် နုနုငယ်နှင့် ကျွမ်းသိ မိလေခဲ့ရသော စနေနေ့နောက် ကပ်လိုက်ပါလာသည့် တနင်္ဂနွေနေ့ကား နှင်းငွေအတွက် မကြုံဖူးအောင် နေ့တာရှည်သည်။

ထိုစနေနေ့သည်ကား နှင်းငွေအတွက် ရင်ခုန်ဖွယ်သော စနေဖြစ်ခဲ့ရသည်။ ဘခက်၏ တဲ၌လည်း ရင်ခုန်ခဲ့ရသည်။

ဘခက်ဆိုသည့် သတ္တဝါကလည်း ဘာတွေလျှောက်လုပ်နေသည်မသိ။ ထိုနေ့ညနေက ဖြစ်ပုံမှာ ညွန့်မေသာ အချိန်မီလာမကယ်က ဘယ်အခြေဆိုးကို ဆိုက်မည်မသိ။

နှင်းငွေသည် ဘခက်ကို ကျိန်ဆဲမိ၏။ အမှန်ဆိုလျှင် အကယ်၍ ဘခက်၏ တဲမှ ရာဇဝတ်မှုဆန်သော ဇာတ်လမ်းသာ ဝင်မရှုပ်ခဲ့လျှင် ထိုနေ့က ကြုံခဲ့ရသမျှမှာ ကြည်နူးဖွယ် ဇာတ်လမ်းသာတည်း။ လွမ်းမောဖွယ် ဇာတ်လမ်းသာတည်း။

ဘခက်၏ ရာဇဝတ်မှုဆန်သော ဇာတ်ရှုပ်ကို နှင်းငွေ အသေးစိတ် မသိရသေး။ ဘခက်ကမူ ရှင်းပြပါမည်ဟု ကတိပေးထားသည်။ တနင်္ဂနွေနေ့က ဘခက် မြို့ပြန်မလာသောကြောင့် ဘာမျှ ထပ်မသိရ။ ရွာမွန်သာသို့ လိုက်သွားရန်လည်း မဖြစ်။ နှင်းငွေ၏ ဖခင်သည် စည်းကမ်းကြီးသည်။ စနေနေ့၌ လည်ပတ်သည်ကို ခွင့်ပြုသော်လည်း တနင်္ဂနွေနေ့ဆိုလျှင် အိမ်မြဲ၍ စာကျက်နေမှ ကြိုက်သည်။

နေ့တာရှည်သော ထိုတနင်္ဂနွေနေ့ တစ်နေ့လုံး နှင်းငွေ၏ စိတ်တို့ မငြိမ်။ အတွေးက ဘခက်ဆီသို့လည်း ရောက်သွားသည်။ လှောင်အိမ်ဆီ ပြန်ပြေးလေသော ယုန်ဖြူမငယ်လေးဆီလည်း ရောက်သွားသည်။

တစ်ညလွန်မြောက်၍ မိုးသောက်ပြီး တနင်္လာနေ့ရောက်မှသာ နှင်းငွေ ရွှင်ပျလာသည်။

နှင်းငွေသည် စက်ဘီးနင်း၍ ကျောင်းသို့ စောစော ရောက်လာခဲ့သည်။

ယခင်တုန်းကလည်း ကျောင်းသို့ စောစောရောက်ဖူးသည်။ ထိုစဉ်တုန်းကမူ စောစောရောက်၍ ကျောင်းမတက်မီ ရသမျှအချိန်၌ ဘောလုံးကစားရန် ဖြစ်သည်။ အားကစားတာဝန်ခံ ဆရာက လေဘောလုံးကြီး ထုတ်မပေးလျှင်ပင် တင်းနစ်ဘောလုံးသေးသေးကို သူငယ်ချင်းတစ်စုတစ်ပြုံကြီး ဝိုင်းအုံကာ ကစား၍ ပျော်ပါးမြဲဖြစ်သည်။

ယခုမူ ဘောလုံးကစားရန် မဟုတ်။ ဘောလုံးလည်း ဝင်မကစားမိ။ ဘောလုံး ဝင်မကစားမိဘဲနှင့် ရင်မှာတော့ မောနေသည်။

ရပ်နေကျ တမာပင်အောက်မှ နှင်းငွေသည် မျှော်သည့်ဇောနှင့် မောနေမိ၏။

သူရောက်စက အခြားကျောင်းသားကျောင်းသူတို့ တစ်ယောက်တလေသာ ရောက်ကြသေးသည်။ ယခုမူ တဖြည်းဖြည်းနှင့် လူစုံလာ၍ ကျောင်းဝင်းအတွင်း၌ စည်ကားဆူညံလာသည်။

www.myanmarcupid.net

မြင်းလှည်းတစ်စီးဆိုက်လာတိုင်း နှင်းငွေက မျှော်လင့်ခြင်းကြီးစွာနှင့် လှမ်းလှမ်းကြည့်သည်။ မျှော်လင့်ချက် လွဲရသည်ချည်း ဖြစ်သည်။

နုနုငယ်တို့၏ မြင်းလှည်းက ပေါ်မလာသေး။

နှင်းငွေက လက်ပတ်နာရီကို ကြည့်သည်။ ၉ နာရီ ထိုးလုပြီ။

ဆရာ ဆရာမများ စုံကြပြီဖြစ်သည့်အပြင် နောက်ဆုံးမှ လာလေ့ရှိသော ကျောင်းအုပ်ဆရာမကြီးပင် ရောက်ခဲ့ပြီ။ ဆရာမကြီးနှင့်အတူ ညွန့်မေလည်း ပါလာ၏။

ညွန့်မေက တမာပင်အောက်မှ သူ့ကို လှမ်းမြင်သော်လည်း ဣန္ဒြေရရပင် ဆရာမကြီးနှင့်အတူ ကျောင်းတွင်း ဝင်သွား၏။

မကြာမီ ကျောင်းတက်ခေါင်းလောင်း ထိုးသည်။

နှင်းငွေက အတန်းဆီ မသွားသေးဘဲ ဇွတ်ပေ စောင့်နေ၏။

မြင်းလှည်းကား ပေါ်မလာ။ မြင်းလှည်းအစား ဖြီးထားခြင်းမရှိသော ဆံပင်၊ မသပ်မရပ်သော အဝတ်အစား၊ ပုဆိုး တိုတို၊ ပုခုံးတစ်ဖက်က လွယ်အိတ်လွယ်ကာ လက်တစ်ဖက်က ဖိုင်တွဲပိုက်လျက်နှင့် ကျောင်းမီရန် သုတ်သုတ်နှင်လာသော ဘခက်သာ ပေါ်လာ၏။

ဘခက်က နှင်းငွေဆီ ရှေ့ရှုလာသည်။

“ ကျောင်းတက်တာ ကြာပြီလား နှင်းငွေ ”

“ သိပ်မကြာသေးပါဘူး ”

“ မင်းက ဘာလို့ အတန်းထဲ မဝင်သေးတာလဲ ”

“ မင်းကို စောင့်နေတာပေါ့ ”

ဤတမာပင်ရိပ်၌ နှင်းငွေ မည်သူ့ကိုစောင့်နေမှန်း ဘခက် ကောင်းစွာသိသည်။ ခါတိုင်းဆိုလျှင် သူ့ထုံးစံအတိုင်း ရယ်မောနောက်တတ်၏။ ယခုမူ မရယ်မပြုံးဘဲ ဆို၏။

“ တော်စမ်းပါကွာ၊ ဒါထက် သတင်းထူးထူးထွေထွေ ဘာများကြားသေးလဲ ”

“ ဘာသတင်းလဲ ”

ဘခက်က ခေါင်းတစ်ချက် ကုတ်လိုက်၏။

“ အေးကွာ ထားပါတော့၊ တို့ နောက်မှ ပြောကြရအောင်၊ ကဲ လာ နောက်ကျနေပြီ၊ အတန်းထဲ ဝင်ကြရအောင်”

နှင်းငွေက ကျောင်းဝင်းအပြင်သို့ တစ်ချက် မျှော်ကြည့်လိုက်သေးသည်။ ထို့နောက် ဘခက်နှင့်အတူ ကျောင်းဆီသို့ ရောက်လာခဲ့ရတော့၏။

အတန်းတို့သာ တစ်ခုပြီးတစ်ခု ပြောင်းသွားသည်။ နုနုငယ်ကား ပေါ်မလာ။

စိုးရိမ်စိတ်နှင့် နှင်းငွေ၏ ရင်မှာ ပူလောင်နေသည်။

နုနုငယ် ဘာကြောင့် ကျောင်းမတက်သနည်း။ မနေ့က ခြေနာ မပျောက်သောကြောင့်လော၊ သို့မဟုတ် . . . ။

နှင်းငွေသည် ဝင်းအလုံခတ်ထားသော နုနုငယ်တို့၏ ခြံကြီးကို မြင်ယောင်မိသည်။ ငြင်းပယ်စွာ ပိတ်ထားသော ခြံတံခါးကိုလည်း အမှတ်ရမိသည်။ ကျောင်းလာကြိုတိုင်း စိတ်တိုသော မျက်နှာထားဖြင့် သုန်မှုန်နေသည့် နုနုငယ်၏ ဖခင်ကိုလည်း သတိရသည်။ ခင်တန်းရိပ်၌ နုနုငယ်ပြောခဲ့သော စကားတစ်ရပ်ကိုလည်း ကြားယောင်လာ၏။

“ ဖေဖေက နုငယ်ကို ဘယ်ကိုမှ ထွက်တာ မကြိုက်ဘူး၊ နုငယ်ကို အိမ်ထဲမှာပဲ နေစေချင်တယ်၊ ကျောင်းနေရတာ တောင်မှ နုငယ် ငိုလွန်းလို့ ”

နုနုငယ်ကို အိမ်ထဲမှ အိမ်ပြင် မသွားစေချင်သော၊ ကျောင်းပင် မထားချင်သော နုနုငယ်၏ ဖခင်သည် နုနုငယ်ကို မည်သူနှင့်မျှ ရင်းနှီးဆက်ဆံသည်ကိုလည်း ကြိုက်မည်မဟုတ်။ အထူးသဖြင့် မိမိကဲ့သို့ ယောက်ျားလေးများနှင့် ဆက်ဆံသည် ကိုလည်း ကြိုက်မည်မဟုတ်။

တစ်နေ့ညနေက မိမိနှင့် နုနုငယ် တွေ့ကြသည်ကို မြင်သွားပါသလော။ မြင်သွား သိသွားသောကြောင့် ကျောင်းသို့ မလွှတ်လေခြင်းပင်လော။

သို့လောသို့လော တွေးသည့် စိုးရိမ်စိတ်ကြောင့် နှင်းငွေသည် ဆရာများ သင်ကြားပြသသည်ကို ထိထိမိမိ အာရုံ မစိုက်မိ။

သို့နှင့် နေ့လည်ကျောင်းဆင်းချိန်သာ ရောက်လာခဲ့၏။

ဘခက်က နှင်းငွေကို ဆွဲခေါ်လာ၏။

www.myanmarcupid.net

ကျောင်း၏ လက်ယာဘက် အနောက်မျက်နှာဆီ၌ လူရှင်းသည်။

တစ်နေရာတွင် အေးအေးဆေးဆေး ထိုင်မိကြမှ ဘခက်က စပြောသည်။

“ နှင်းငွေ မင်း ငါ့ကို စိတ်ဆိုးနေလား ”

“ ဘာ ဘာဖြစ်လို့ ငါက မင်းကို စိတ်ဆိုးနေရမှာလဲ ”

“ မသိပါဘူးလေ၊ ဒီနေ့ မင်းအမူအယာက တစ်မျိုးဖြစ်နေလို့ ”

စိတ်မရှည်သည့်ကြားမှ နှင်းငွေသည် ရယ်ချင်သွားမိ၏။ ဩော် . . . လူဆိုသည်မှာ ကိုယ့်အသိ ကိုယ့်အာရုံ၊ ကိုယ့်အမိပ္ပါယ်နှင့် ကိုယ်စီသာပါတကား။

“ မင်းက ဘာလို့ ငါစိတ်ဆိုးနေတယ်လို့ ထင်ရတာလဲ ”

ဘခက်က လေးနက်စွာဖြင့် သူ့ကို ကြည့်၏။

“ မင်း တကယ် ငါ့ကို စိတ်မဆိုးဘူးပေါ့၊ ဟုတ်လား နှင်းငွေ ”

“ နေပါဦး၊ မင်း ဘာလို့ ဒီမေးခွန်းကို မေးနေရတာလဲ ”

ဘခက်က ပြုံးခြင်းမဟုတ်ဘဲ မျက်နှာကို တွန့်လိုက်သည်။

“ မင်းကို ငါ ဝန်ခံမယ် နှင်းငွေ၊ တစ်နေ့က မင်းကို ငါ လိမ်ခဲ့မိတယ် ”

“ ဩော် . . . ဟုတ်လား ”

“ မခနဲ့ပါနဲ့ နှင်းငွေ၊ ဘာပဲဖြစ်ဖြစ် မင်းနဲ့ ညွန့်မေက ငါနဲ့ တခြားလူတစ်ယောက်ကို ကယ်သွားခဲ့တယ် ”

ဘခက်၏ စကားကြောင့် နှင်းငွေ စိတ်ဝင်စားလာသည်။

“ ဘယ်လို ဘယ်လို၊ ငါနဲ့ ညွန့်မေက မင်းနဲ့ တခြားလူတစ်ယောက်ကို ကယ်သွားခဲ့တယ် ဟုတ်လား ”

“ အပိုတွေ ပြောမနေပါနဲ့ နှင်းငွေ၊ မင်း ကောင်းကောင်းရိပ်မိပါတယ်၊ မနေ့က တို့ဖွက်ပေးလိုက်တဲ့ လူဟာ တောထဲက လူတစ်ယောက်ပဲ၊ ရှင်းရှင်းပြောရရင် မြို့ထဲက တောထဲရောက်နေတဲ့ လူတစ်ယောက်ပဲ ”

နှင်းငွေက ခေါင်းကို လေးလေးညိတ်ပြပြီး မေး၏။

“ ဒီအတိုင်းဆိုတော့ မင်းက ဒီလူတွေနဲ့ ဆက်သွယ်နေတယ်ပေါ့၊ ဟုတ်လား ဘခက် ”

“ မင်းကို မလိမ်ပါဘူး၊ ဟုတ်တယ်၊ တို့ ဆက်သွယ်နေတယ် ”

“ ဘခက်ရယ် မင်းဥစ္စာက အန္တရာယ်မကြီးဘူးလား ”

“ အန္တရာယ်ကြီးပါတယ် သူငယ်ချင်း၊ ဒါပေမယ့် ယုံကြည်မှုရှိတဲ့ လူတစ်ယောက်ဟာ အန္တရာယ်ကို မကြောက်ပါဘူး”

နှင်းငွေက ဘခက်ကို ကြည့်သည်။ ဘခက်၏ မျက်နှာက ခါတိုင်းနှင့် မတူ။ အထူး တည်ကြည်လေးနက်နေ၏။

နှင်းငွေက သက်ပြင်းရှိုက်ပြီး ပြော၏။

“ ဒါဖြင့် မင်းက သူတို့ဝါဒကို လက်ခံပြီး သူတို့ရဲ့ အဲ . . . ပါတီဝင်ဖြစ်နေပြီလား ”

ဘခက်က ခေါင်းခါသည်။

“ ငါ သူတို့နဲ့ ဆက်သွယ်နေတယ်လို့သာ ပြောတာ၊ သူတို့ဝါဒကို လက်ခံတယ်၊ သူတို့ ပါတီဝင်ဖြစ်တယ်လို့ မပြောသေးဘူး ”

“ နို့ မင်းက ဘာလို့ သူတို့နဲ့ ဆက်သွယ်နေရတာလဲ ”

“ သူတို့နဲ့ မဆက်သွယ်လို့ တို့က ဘယ်သူနဲ့ ဆက်သွယ်ရမလဲ၊ မြို့က အာဏာရနေတဲ့ ကောင်တွေက ဘာလုပ်နေသလဲ၊ တစ်နိုင်ငံလုံးကို မကြည့်နဲ့ကွာ၊ တို့ မိတ္ထီလာ သာစည်နယ်တွေ ကြည့်စမ်း၊ ဘယ်သူတွေ ကြီးစိုးပြီး ဘာတွေလုပ်နေကြသလဲ၊ ငါမေးမယ်ကွာ၊ တို့မြို့နယ်ရဲ့ နယ်ရှင်ပယ်ရှင်ဟာ မင်းအဖေ မြို့ပိုင် ဦးတင်မောင်လား၊ ဆရာခါလား ”

နှင်းငွေက မဖြေဘဲ ငြိမ်နေ၏။ ဘခက်ကသာ ဆက်ပြောသည်။

“ မိတ္ထီလာ သာစည်နယ်ကို တစ်ကြိမ်က ဖေလှတို့ ဖေမြတို့ဆိုတဲ့ ဓားပြဂိုဏ်းက ကြီးစိုးတယ်၊ နောက်တော့ လမ်းဗိုလ်ကြီးလို့ခေါ်တဲ့ လူမိုက်ကြီးက စိုးစံတယ်၊ သူက ရဲဘော်ဖြူတွေနဲ့ ပင်းပြီး ဖေလှတို့ ဖေမြတို့ကို နှိမ်ပစ်ခဲ့တယ်၊ ပြီးတော့ သူလုပ်ချင်တာ လျှောက်လုပ်တာပဲ မဟုတ်လား၊ သူလဲ သူ့ကိုယ်ရံတော်တွေနဲ့ အတူ သဲတောဈေးလယ်ကောင်မှာ မရှုမလှ ပစ်သတ်ခံခဲ့ရပြန်တယ်၊ အခုတော့ ဆရာခါတို့ရဲ့ ဆရာ ဆရာထိန်က မင်းမူနေပြန်ပြီ၊ တိုက်လိုက်တဲ့ ဓားပြတွေ၊ သတ်လိုက်တဲ့ လူတွေ၊ ယူလိုက်တဲ့ မယားငယ်တွေ၊ အေး ဆရာထိန်ကတော့ ရန်ကုန်အစိုးရအထိ ပေါက်တဲ့လူဆိုတော့ ပိုပြီးတော့ တန်ခိုးကြီးတာပေါ့ ”

နှင်းငွေက စကားဝင်ဖြတ် မပြောဘဲ နားထောင်နေ၏။ စင်စစ်တော့ ဘခက်ပြောသမျှမှာ သူသိပြီးသည်ချည်းဖြစ်၏။ ဘခက် လေရပ်သွားမှ မေးသည်။

www.myanmarcupid.net

“ အဲဒါတွေ ငါသိပြီးပါပြီ၊ ဒါနဲ့ မင်း အခုလုပ်နေတာတဲ့ ဘာဆိုင်လဲ ”

“ ဆိုင်ပါသော်ကော နှင်းငွေ၊ ဒါတွေအားလုံးကို တို့က လက်ပိုက်ကြည့်နေရမလား၊အေးလေ မင်းလို မြို့ပေါ်က မတောင့်မတ မကြောင့်မကျ နေရတဲ့ အရာရှိသားတစ်ဦးအနေနဲ့တော့ နားလည်မှာ မဟုတ်ဘူး၊ တောကတက်ပြီး ကျောင်းနေရတဲ့ တို့အားလုံးကတော့ သိတယ်၊ ညွှန့်မေတောင် သိတယ်၊ ခံစရာရှိရင် တို့တောက အမြဲခံနေရတယ်၊ တို့ တစ်သက်လုံး လက်ပိုက်ကြည့်ပြီး ခေါင်းငုံ့ခံ မနေနိုင်ဘူး ”

နှင်းငွေက စိတ်ပျက်စွာ ခေါင်းခါသည်။

“ ဘခက် မင်းစကားတွေက နိုင်ငံရေး စကားတွေပဲ၊ ငါ နိုင်ငံရေးကို စိတ်လဲ မဝင်စားဘူး၊ နားလဲ မလည်ဘူး၊ ပြောလဲ မပြောနဲ့ကွာ ”

“ ဒီလိုတော့ မတားနဲ့ သူငယ်ချင်း၊ မင်းက နိုင်ငံရေးကို စိတ်မဝင်စားဘဲ နေနိုင်သူကိုး၊ နားမလည်ဘဲလဲ နေနိုင်သူကိုး၊ တို့က စိတ်မဝင်စားဘဲ နေလို့ကို မရဘူး၊ နားမလည်ဘဲလဲ မနေနိုင်ဘူး၊ တတ်နိုင်ရင်တော့ မင်းလိုပဲ လိမ်လိမ်မာမာနဲ့ စာပဲ ကြိုးစားနေချင်ပါတယ်၊ ဘောလုံးလေး ကန်လိုက်၊ ဘီအက်(စ်)အေ သေနတ်ကလေးနဲ့ ငှက်ပစ်ထွက်လိုက်၊ ဘိုင်စကုတ် ကြည့်လိုက်၊ တမာပင်အောက်ကနေ နုနုငယ်ကို ငေးလိုက်၊ ပြီးတော့ စာမေးပွဲတွေ အောင်လိုက်၊ ဟဲ ဟဲ ငါလဲ မင်းလိုတော့ နေချင်သားပေါ့ ”

နှင်းငွေက ဒေါပွသွားသည်။ ဒေါသသံနှင့် ပြော၏။

“ ဟေ့ကောင် ဘခက်၊ မင်း ငါ့ကို ရန်စနေတာလား ”

“ မဟုတ်ရပါဘူးကွာ၊ ငါက ရှင်းပြနေရတာပါ ”

“ မင်း ရှင်းပြပုံက ငါ့ကို စော်ကားသလို ဖြစ်နေတယ် ”

“ သည်းခံပါ သူငယ်ချင်းရာ၊ ငါ တကယ်ရှင်းပြနေတာပါ၊ အေး ကိုယ်ချင်းစာနိုင်အောင် ငါ တစ်ခုပြောမယ် ”

“ ပြောချင်ပြော၊ မပြောချင်နေကွာ ”

“ မင်းကလဲ သိပ် ကွဲမြီးတိုတာပဲ၊ ငါ တိုတိုပဲ ပြောပြပါ့မယ်၊ ဟိုညနေက တို့ဖွက်ပေးလိုက်တဲ့လူဟာ တစ်ကြိမ်က မင်းတို့လို ငါတို့လို ဟောဒီကျောင်းက ကျောင်းသားဟောင်းတစ်ဦးပဲ၊ မင်းက သာစည်ရောက်လာတာ နှစ်နှစ်ပဲရှိသေးတော့ သိမှာမဟုတ်ဘူး၊ သူက တို့ရွာမွန်သာ ဇာတိသားပဲ၊ မနေ့က မင်းနဲ့ ညွှန့်မေ အကူအညီနဲ့ သူ့ကို ငါကယ်နိုင်ခဲ့တယ်၊ မင်းကို ငါ ဒါ ရှင်းပြတယ်၊ မင်း ကျေနပ်လောက်ပြီလို့ ငါထင်တယ် ”

ကျောင်းတက်ခေါင်းလောင်းသံ ပေါ်လာသည်။

သူငယ်ချင်းနှစ်ဦးလုံး နေ့လယ်စာ ဘာမျှ မစားရသေး။ သို့ရာတွင် နှင်းငွေက မဆာ။ သူ့ထက် ခံနိုင်ရည်ရှိသော ဘခက်က ပို၍ပင် မှုမည်မဟုတ်။

နှင်းငွေက အေးချမ်းစွာ ပြောသည်။

“ မင်းက ငါ့ကို ဒီလောက် ယုံယုံကြည်ကြည် ဖွင့်ပြောလို့ ကျေးဇူးတင်ပါတယ်ကွာ၊ တစ်ခုတော့ရှိတယ် ဘခက်၊ အရမ်းတွေ လျှောက်မလုပ်နဲ့၊ မင်း တစ်ခုခုဖြစ်သွားရင် ငါ စိတ်ချမ်းသာမှာ မဟုတ်ဘူး၊ ညွှန့်မေလဲ စိတ်ချမ်းသာမယ် မထင်ပါဘူးကွာ ”

ဘခက်က ပင်ကိုယ်မူဟန် ပြန်ဝင်လာပြီး အော်ရယ်သည်။

“ အဲဒီလို တစ်ခါတလေ ငါ အားတက်အောင် ပြောပြပေးပါ သူငယ်ချင်း၊ ဟုတ်တယ် ဟိုနေ့က ညွှန့်မေ လုပ်သွားပုံကလေးကို ငါ မမေ့ဘူး၊ ဘုရားစူး မေခလာနတ်သမီးလေးပဲ၊ ဟေ့ကောင် ဒါထက် ဒီနေ့ မင်းယုန်ဖြူလေး ကျောင်းမတက်ပါလား ”

“ အေး . . . အဲဒါကြောင့် ငါ့စိတ်ထဲမှာ လေးနေတယ် ”

“ ဒါဖြင့် မင်း သူ့ကို ချစ်မိနေပြီပေါ့ ”

“ မင်းဘိုးအေ ဘာဆိုင်လို့တုန်း ”

“ ဆိုင်သပေါ့ကွာ၊ ငါ ပြောခဲ့ပြီးပါရောလား၊ စိတ်ထဲမှာ လေးလေး၊ သနားပဲ သနားသနား၊ ဒါ ကြိုက်ခြင်းအစပဲ၊ ဟား ဟား ဟား ”

နှင်းငွေသည် ဘာမျှပြန်မပြောဘဲ ဘခက်နှင့်တူ လိုက်ရယ်သည်။

သူငယ်ချင်းနှစ်ဦးသည် ရယ်မော၍ စိတ်ပေါ့ပါးစွာဖြင့် ကျောင်းဆီ ပြန်လျှောက်ခဲ့ကြ၏။

ညနေ ကျောင်းဆင်းချိန်ကျတိုင်း ဆရာမကြီးသည် ရုံးဆင်းလေ့မရှိ။ မပြီးပြတ်သေးသော ရုံးလုပ်ငန်းများကို အချိန် အတန်ကြာသည်အထိ ဆက်လက် လုပ်ကိုင်နေတတ်သည်။

www.myanmarcupid.net

ထိုအခါမျိုးတွင် ညွန့်မေသည် နှင်းငွေကဲ့သို့သော သူငယ်ချင်းများနှင့်အတူ တစ်ခါတရံ အိမ်ပြန်နှင့်သည်။ များသောအားဖြင့်မူ စာကြည့်တိုက်သို့သွား၍ စာကျက်ရင်း ဆရာမကြီးကို စောင့်နေလေ့ရှိသည်။

ယနေ့ညနေတွင်လည်း ညွန့်မေသည် ကျောင်းဆင်းချိန်၌ လွယ်အိတ်ကလေးလွယ်ကာ စာကြည့်တိုက်ဆီ ခြေဦးလှည့်သည်။ ကျောင်းသူကျောင်းသား အတန်စဲသည်အထိ အခွင့်အရေးစောင့်နေသော နှင်းငွေသည် လျင်မြန်စွာ ညွန့်မေဆီ လျှောက်လာခဲ့၏။

" ခဏနေပါဦး ညွန့်မေ၊ ငါ ပြောစရာရှိလို့ "

ခြေစုံရပ်လျက် ညွန့်မေသည် မျက်လွှာပင့်၍ သူ့ကိုကြည့်ပြီး သာသာညင်ညင်ဆို၏။

" မနက်ကတည်းက နင် ငါ့ကို တစ်ခုခု လာပြောမယ်လို့ ထင်နေသားပဲ၊ ငါတွေးရင် မှန်တတ်တယ် နှင်းငွေ "

နှင်းငွေက အဓိပ္ပါယ်မရှိ တစ်ချက်ရယ်လိုက်ပြီးမှ တောင်းပန်၏။

" အေး ဟုတ်တယ် ပြောမလို့ပဲ၊ ဒါပေမယ့် ငါ မနက်က ကျောင်းတက်နောက်ကျသွားလို့ "

" ကျောင်းတက်နောက်ကျတာ ငါသိပါတယ်၊ ဒါပေမယ့် နင် ကျောင်းရောက်တာတော့ နောက်မကျပါဘူး "

နှင်းငွေ ဘာမျှပြန်မပြောဘဲ ဝန်ခံ၍ ပါးစပ်ဖြဲရယ်နေ၏။ ညွန့်မေကသာ အလိုက်သိစွာ ဆက်မေး၏။

" ကဲ . . . ဘာပြောမလို့လဲ၊ စာကြည့်တိုက်ကို လိုက်ခဲ့မလား "

စာကြည့်တိုက်၌ ယခုအချိန်ဆိုလျှင် လူပြတ်သည်။ သင်တန်းခန်းမအတွင်း၌လည်း လူသူကင်းနေသည်။ လူပြတ်ရာ၊ လူသူကင်းရာတွင် နှစ်ဦးချင်း စကားပြောနေသည်ကို တစ်စုံတစ်ယောက် မြင်သွားလျှင် သွားပုတ်လေလွင့် စွပ်စွဲမည်ကို ညွန့်မေ၏ဂုဏ်အတွက် နှင်းငွေ စိုးရိမ်သည်။

ယခု သူတို့နှစ်ဦးသည် စာသင်ခန်းအပြင် စင်္ကြန်၌ ရပ်စကားပြောနေကြခြင်းဖြစ်သည်။ ခပ်လှမ်းလှမ်း၌ ကျောင်းသားကျောင်းသူအချို့လည်း ရှိသေးသည်။ ကျောင်းရုံးနှင့်လည်း မဝေးလှ။

" ကိစ္စမရှိပါဘူး ညွန့်မေ၊ တို့ ဒီမှာပဲ ခဏ ပြောကြရအောင် "

" ဒါဖြင့်လဲ ပြောလေ၊ ဘာပြောမလို့တုန်း "

" အေးပါဟာ ပြောပါ့မယ်၊ နေ့လယ် ကျောင်းဆင်းတုန်းကလဲ လာပြောမလို့ပဲ၊ ဘခက်က ဆွဲခေါ်သွားပြီး ရှင်းပြနေလို့"

" သြော် . . . ဘခက် နင့်ကို ရှင်းပြပြီးပြီလား "

" ဟုတ်တယ်၊ အဲဒါ နင့်ကို ငါပြန်ပြောမလို့ "

" ဘခက်က ငါ့ကိုလည်း မနေ့က ရှင်းပြခဲ့ပြီးပါပြီ "

နှင်းငွေမှာ "သြော်"ဟု ဆိုကာ ရုတ်တရက် ဘာဆက်ပြောရမှန်းမသိ၊ ခဏကြာမှ မေးသည်။

" ဘခက် ခုလိုလုပ်နေတာ နင် ဘယ်လိုထင်သလဲ ညွန့်မေ "

" ဘခက် လျှောက်လုပ်နေတာ အားလုံးကို ငါ သဘောမတူဘူး၊ ဒါပေမယ့် ဟိုနေ့က သူလုပ်ခဲ့တာကိုလဲ ငါ အပြစ်မတင်ချင်ဘူး၊ ငါသာ သူ့နေရာမှာဆိုရင် ဒီလိုပဲ လုပ်မိမှာပဲ၊ အေးလေ ငါတောင် ဟိုနေ့က ဝင်ကူမိသေးတာပဲ "

" နင်က ဘာလို့ အဲဒီလို ကူရတာလဲ ညွန့်မေ "

" ငါ့ကို မမေးနဲ့လေ၊ နင်ကကော ဘာလို့ ဝင်ကူရသလဲ "

" ဒါကတော့ ဘခက်က ငါ့သူငယ်ချင်းကိုး၊ သူ ဒုက္ခရောက်မှာစိုးလို့ "

" ငါ့အတွက်လဲ ဒီလိုပဲပေါ့၊ ဘခက်ဟာ ငါ့သူငယ်ချင်းပဲ၊ သူ ဒုက္ခရောက်မှာတော့ စိုးရိမ်တယ်၊ တဲရောက်တော့ နင့်ကိုပါ တွေ့ပြန်ရော၊ ဘုမသိဘမသိနဲ့ နင်ပါရော ဒုက္ခရောက်မှာကို ငါ စိုးရိမ်တယ် နှင်းငွေ "

အေးအေးညင်ညင် ပြောနေသော ညွန့်မေ၏ လေသံ၌ ရိုးသားသော မေတ္တာသက်ပါလေမှန်း နှင်းငွေ ခံစားသိ,သိ၏။

နှင်းငွေက ငြိမ်နေသည်။ ညွန့်မေက စုံစမ်းသည်။

" နင်ပြောချင်တာ ဒါပဲလား နှင်းငွေ၊ ပြောစရာမရှိရင် ငါ စာကြည့်တိုက်ကို သွားတော့မယ် "

" နေ နေပါဦး ညွန့်မေ၊ ငါ ပြောစရာရှိသေးတယ် "

" ဒါဖြင့် ပြောလေ "

နှင်းငွေက မပြောနိုင်၊ တစ်ချက် ဖျတ်ကနဲ ညွန့်မေကို ခိုးကြည့်၏။ စူးစိုက်ကြည့်လျက်ရှိသော ညွန့်မေ၏ မျက်လုံးများကို တွေ့ရသောကြောင့် သူက မျက်နှာလွှဲလိုက်သည်။

ညွန့်မေက အသာအယာရယ်သည်။

" နင် အပြောရခက်နေတယ် မဟုတ်လား နှင်းငွေ၊ ကဲလေ ငါကပဲ စပေးပါ့မယ်၊ နုနုငယ် ကျောင်းမတက်လို့ နင့်စိတ်တွေ ကယောက်ကယက်ဖြစ်နေတယ် မဟုတ်လား "

www.myanmarcupid.net

ခပ်လှမ်းလှမ်းရောက်မှ သမင်လည်ပြန် လှည့်ကြည့်မိရာ ညွန့်မေက သူ့နောက်ကျောကို ငေးကြည့်ရင်း ကျန်ရစ်သည်။

❑

## အခန်း ( ၉ )

## အမှတ်မထင်

အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ စနေ။

နောက်ထပ် ငါးရက်တိုင်ခဲ့သည်။ နုနုငယ်သည်ကား ကျောင်းသို့ ပေါ်မလာ။

တမာပင်အောက်၌ နေ့တိုင်း နှင်းငွေ ရင်မောခဲ့ရသည်။

နံနက်စောစော၌ မျှော်လင့်ချက်နှင့် ရင်ခုန်မောရသည်။ ကျောင်းတက်ချိန်အထိ ပေါ်မလာပြန်တော့ စိုးရိမ်စိတ်နှင့် မောရသည်။ နေ့ခင်းတိုင်ပြန်လျှင် ရင်ဟာသောကြောင့် မောရသည်။ ညနေစောင်း နှင်းဝေချိန်တွင်မူ လွမ်းစိတ်နှောင့်သဖြင့် ကြောင့်ကြစိတ်နှင့် သြော် . . . မောရပြန်သည်တည်း။

အင်္ဂါနေ့တုန်းကမူ မြင်ဖူးနေကျ မြင်းလှည်းသည် ကျောင်းရှေ့၌ ဆိုကထားခဲ့သည်။ မြင်းလှည်းပေါ်၌ မြင်းလှည်းမောင်းသူ အသက်လေးဆယ်ခန့် လူကြီးတစ်ဦးသာ ပါသည်။ ထိုလူကြီးက မြင်းလှည်းကို ထားခဲ့ကာ ဆရာမကြီး၏ ရုံးခန်းဆီ သွားသည်။ နှင်းငွေက မြင်းလှည်းနား မယောင်မလည် ကပ်သွားပြီး စောင့်နေခဲ့၏။

မကြာမီ လူကြီး ပြန်လာ၏။ သူ့ကို နှင်းငွေက ပြုံးပြ နှုတ်ဆက်သည်။

လူကြီးက ပြန်မပြုံး၊ မျက်မှောင်တစ်ချက် ကြုတ်ကြည့်ပြီး မြင်းလှည်းဆီ လျှောက်သွား၏။

နှင်းငွေက သူ့နောက်လိုက်ပြီး စကားဆိုသည်။

“ ဦးလေးရယ်၊ လူမရှိတော့ မြင်းက လျှောက်ထွက်သွားမှာစိုးလို့ ကျွန်တော် စောင့်ကြည့်နေတာပါ ”

လူကြီးက သူ့ကို တစ်ချက် စူးစိုက်ပြန်ကြည့်၏။ နှင်းငွေက ဘုပြောခံရတော့မည်ဟု ထင်လိုက်သည်။ သို့ရာတွင် မမျှော်လင့်ဘဲ လူကြီးက ပြုံး၏။

“ လူရှိပေမယ့်လဲ ငါ့လူက မြင်းလှည်းကို အမြဲစောင့်ကြည့်ဖော်ရခဲ့သားပဲ ”

“ ခင်ဗျာ ”

လူကြီးသည် နှင်းငွေ ခါတိုင်း ရပ်ကြည့်နေကျနေရာ တမာပင်ဆီသို့ လက်ညှိုးညွှန်ပြသည်။

နှင်းငွေ ပြန်မဖြေချင်။ ဤလူကြီးနှင့် ဆတ်ဆော့ပြီး စကားပြောမိသည်မှာ မှားပြီထင်၏။

ထိုခဏတွင်ပင် လူကြီးက လှိုက်လှဲစွာ ရယ်၏။

“ ငါ့လူ အသက်ဘယ်လောက်ရှိပြီလဲ ”

“ ဆယ့်ခြောက်နှစ်ထဲမှာ ခင်ဗျ ”

“ သြော် . . . အေးအေး ဒါကြောင့်ကိုး ”

လူကြီးက ဆက်ရယ်နေ၏။

“ ဦးလေး ဘာလို့ရယ်တာလဲ ”

“ ဘာလို့ရယ်တာလဲ ဟုတ်လား၊ အေး . . . အဟဲ၊ ငါ့လူတို့အရွယ်က ကိုယ့်ဒုက္ခ ကိုယ်ရှာတဲ့ အရွယ်ပဲ ”

ယခုအချိန်အထိ ယဉ်ကျေးစွာ ပြောနေသော နှင်းငွေ၏သဏ္ဍာန်သည် အနည်းငယ် မာကျောတောင့်တင်းသွား၏။

“ ဦးလေး ဘာပြောလိုက်တာလဲ ”

“ ငါ့လူတို့အရွယ်က ကိုယ့်ဒုက္ခ ကိုယ်ရှာတဲ့ အရွယ်လို့၊ မဟုတ်ဘူးလား၊ ဟို တမာပင်အောက်မှာ ငါ့လူ ဒုက္ခ ရောက်နေတာ၊ ငါသိတာ ကြာပြီကွ၊ ဒီမှာ . . . ”

လူကြီးသည် အရေးကြီးသောစကားကို ပြောလိုဟန်နှင့် မျက်နှာကို တည်လိုက်ပြီး ကိုယ်ကို ညွတ်လိုက်၏။

“ ငါက မင်းတို့အရွယ်ကို ကိုယ်ချင်းစာပြီး သနားပါတယ်၊ ဒါကြောင့် ပြောပြမယ်၊ ကလေးမတို့အဖေ ပါလာရင် မြင်းလှည်းနား ယောင်လို့မှ မကပ်နဲ့ ကြားလား ”

“ ဦးလေးရယ် ကျွန်တော့်ကို အထင်မလွဲပါနဲ့၊ နုနုငယ်နဲ့ ကျွန်တော်က သူငယ်ချင်းပါ ”

www.myanmarcupid.net

" အိုး ဟိုး . . . ဟိုး၊ အဲဒါကို ပြောပြနေတာ၊ မင်းတို့ချင်း သူငယ်ချင်းချင်ရင် ကျောင်းမှာပဲ တိတ်တိတ် သူငယ်ချင်းကြ၊ သူ့အဖေရှေ့မှာ သူငယ်မချင်းနဲ့၊ ငါ့လူ ခုထက် ပိုဒုက္ခရောက်သွားမယ်၊ အဲဒါပဲ၊ သွားပြီဟေ့ "

လူကြီးသည် မြင်းလှည်းပေါ် တက်ကာ မောင်းထွက်သွားသည်။

ထိုအင်္ဂါနေ့ညနေ၌ နုနုငယ် နေမကောင်းသောကြောင့် ခွင့်တိုင်ကြောင်း ညွှန့်မေထံမှတစ်ဆင့် နှင်းငွေ သိခဲ့ရ၏။ ဘယ်နှစ်ရက် ခွင့်တိုင်သည်ကိုမူ ညွှန့်မေက မပြော။ အသေးစိတ်မေးကြည့်ရန်မှာ ညွှန့်မေကို နှင်းငွေ အားနာသည်။ ရှက်လည်း ရှက်မိသည်။ ရှက်မိသည် ဆိုခြင်းထက် လိပ်ပြာမလုံဟု ဆိုက ပိုမှန်မည်ထင်၏။

တိတ်တခိုး ရင်မောရင်း ရက်တို့ ကုန်လွန်လာခဲ့သည်။

စနေနေ့၌ နေ့ဝက်နှင့် ကျောင်းဆင်းသည်။ အိမ်သို့ နှင်းငွေ ပြန်ရောက်ချိန်၌ နှင်းငွေ၏ ဖခင် ဦးတင်မောင်လည်း ရုံးဆင်းလျက် ပြန်ရောက်နေပြီ။

နှင်းငွေသည် စာကြည့်စားပွဲ၌ ဣန္ဒြေမပျက် အလုပ်များဟန်ဆောင်နေ၏။

ဦးတင်မောင် မြို့တွင်းထွက်သွားမှ နှင်းငွေက ဘောင်းဘီရှည်စွတ်၊ စပို့ရှပ်လဲ၊ ကုတ်အင်္ကျီထပ်ဝတ်ပြီး လက်စွဲတော် လေသေနတ်ကလေးကို ယူ၏။

နှင်းငွေ၏ မိခင် ဒေါ်ခင်လေးက ပျော့ပျော့ တားမြစ်၏။

" ငှက်ပစ်ထွက်ဦးမယ်လား သား၊ မင်းဖေဖေက မြို့ထဲမှာ ငှက်ပစ်တာ မကြိုက်ဘူး "

" မြို့ထဲမှာ မဟုတ်ပါဘူး မေမေ၊ မင်းလှကန်ဘက်ဆီကိုပါ "

မေမေက သဘောကောင်းသည်။ ဤသည်ကို သိပြီးဖြစ်သော နှင်းငွေက လေသေနတ်ကို ပုခုံးလွယ်ပြီး စက်ဘီးနှင့် ထွက်ရန်ပြင်၏။

ပြတင်းဝမှနေ၍ ဒေါ်ခင်လေးက အော်သည်။

" ဖေဖေက အမဲလိုက်တယ်၊ လူကလေးက ငှက်ပစ်ထွက်တယ်၊ မေမေ မကြိုက်ဘူးနော်၊ ဒါ လူများ ချစ်ခြင်းကို ခွဲတာ၊ ဝဋ်လိုက်တတ်တယ် "

နှင်းငွေက စက်ဘီးနင်းလျက် ထွက်ခဲ့၏။ သူ့မိခင်၏ စကားမှာမူ နားမှာ မထင်မရှား ပဲ့တင်ထပ်နေ၏။

မင်းလှကန်သည် သာစည်မြို့ အနောက်ဘက်၌ ရှိသည်။ ယခုလို ဆောင်းအကုန် နွေအကူးတွင် ပစ်ရန် ငှက်တို့ ပေါသည်။

သို့ရာတွင် နှင်းငွေက စက်ဘီးကို အရှေ့ဘက်ဆီသာ ဦးတည်ခဲ့၏။ ရွာမွန်သာသို့။

စက်ဘီးကို ဘခက်၏ တဲရှေ့တွင် ရပ်လိုက်၏။ ထုံးစံအတိုင်း ဘခက် ပြန်မရောက်သေး။ ဒေါ်မြနှင့်သာ တွေ့သည်။

" ကြီးတော်ရေ . . . ကျွန်တော် ငှက်ပစ်ထွက်လာတာ၊ စက်ဘီး ထားခဲ့မယ်နော် "

နှင်းငွေသည် ရေတစ်ခွက် ခပ်သောက်ပြီး သေနတ်ကိုင်လျက် ခြံတွင်းမှ ထွက်လာခဲ့သည်။ နုနုငယ်တို့ ခြံဘက်ဆီသို့။

လမ်းတစ်လျှောက် သစ်ပင်တို့ထက်၌လည်းကောင်း၊ ချုံပုတ်တို့ထက်၌လည်းကောင်း ငှက်ငယ်များကို တွေ့ရသည်။ သို့ရာတွင် နှင်းငွေသည် မပစ်။ သေနတ်ကို ချိန်လိုက်လွယ်လိုက်၊ ချိန်လိုက်လွယ်လိုက်နှင့် ခင်တန်းဆီ ရောက်လာခဲ့၏။

ခင်တန်းဆီ ရောက်လာချိန်၌ သူ့ရင်သည် ခုန်လာ၏။ ခြေကို ဖော့ထားသော်လည်း လျှန်မြန်သောအဟုန်နှင့် ဟိုတစ်နေ့က တွေ့ခဲ့ကြသော နေရာလေးဆီသို့ နှင်းငွေ ပြေးသွားသည်။ နုနုငယ်။

နုနုငယ်ကို မတွေ့။ ရေအိုင်လေးကမူ ရှိမြဲရှိလျက်။ ရေအိုင်တွင်း၌ ကြာနီပန်းဆန်သော လက်ပံပွင့်များလည်း မရှိပြီ။ လက်ပံပင်ထက်မူ ပွင့်နီများ ရဲရဲလျှံနေ၏။ ဆက်ရက်တို့လည်း စီစီညံနေသည်။

မုဆိုးကြီး နှင်းငွေသည် သေနတ်ကိုင်လျက် ငိုင်နေမိသည်။

မကြာပါ၊ အဝေးရပ်ဆီမှ လေတွင် လွင့်မျောပါလာလေသော အသံကို ကြားရသည်။

ပီယာနိုသံ ဖြစ်သည်။ သဲ့သဲ့ ပေါ်လာလိုက်၊ ပျောက်သွားလိုက်၊ ထင်ထင်မြင်လာလိုက်၊ ငွေ့ငွေ့ဝေဝေ လွင့်သွားလိုက်နှင့် လေသင့်ရာအလိုက် နားကို တို့ကစားလာနေသည်။

ဆောင်းနှင်းမှုန်ညို ဆီးသော အိမ်ကြီးဆီ နှင်းငွေက လှမ်းကြည့်မိသည်။

ကျနေကို တိမ်အုပ်သဖြင့် ပတ်ဝန်းကျင်က မကြည်လင်။ အိမ်အိုကြီးက ပြည့်ဝသော ဆိတ်သုဉ်းခြင်းနှင့် မှိုင်းမှိုင်း ရပ်နေ၏။

ထိုအခိုက်တွင်ပင် ပီယာနိုသံသည် ဤအိမ်ကြီးဆီမှ လွင့်လာနေမှန်း နှင်းငွေ သတိပြုမိသည်။

ခေတ္တသော် နှင်းငွေ ငြိမ်နေသေး၏။ ထို့နောက် စိတ်ကို ဒုံးဒုံးချလိုက်ဟန်နှင့် သေနတ်ကို မောင်းချုံးပြီး ကျည် ထည့်လိုက်၏။

www.myanmarcupid.net

နှင်းငွေက အိမ်ကြီးဆီသို့ ရဲတင်းစွာပင် ထွက်လာခဲ့သည်။

လမ်း၌ တွေ့ရသော ချုံငယ်များပေါ်ရှိ ငှက်တို့ကို လေသေနတ်နှင့် ပစ်သည်။ ပစ်လိုက်၊ ကျည်ထည့်လိုက်၊ ပစ်လိုက်၊ ကျည်ထည့်လိုက်။

ဩော် . . . ခရီးကျွံလာသော ခေတ်သစ် သောနုတ္တိုရ်ကလေး ဟန်ပါတကား။

အိမ်ကြီးကို ကာရံထားသော ခြံဝင်း၏ နောက်ပိုင်းဆီ နှင်းငွေ ရောက်လာခဲ့သည်။

ခြံနောက်ပိုင်း ဝင်းအတွင်း၌ အတန်မြင့်သော သရက်နှင့် မယ်ဇလီပင်တို့ အုပ်အုပ်ဆိုင်းဆိုင်း ပေါက်နေကြ၏။

ထိုနေရာရောက်မှ ပီယာနိုသံသည် ကျယ်လွင့်ပြတ်သားနေ၏။

ပီယာနို၏အသံသည် လွမ်းဆွတ်ဖွယ် တေးတစ်ပုဒ်ကို ညည်းညူနေမှန်း နှင်းငွေ ခံစားရသည်။ အဘယ်သီချင်းဟူ၍မူ မသိ။

နှင်းငွေသည် သူခိုး ငတက်ပြားကဲ့သို့ ခြံစည်းရိုး ပျဉ်တံတိုင်းကို ကျောကပ် ငြိမ်ဝပ်လျက် နားထောင်နေ၏။

လွမ်းဖွယ်ညည်းညူသော ဂီတသံ ရပ်သွား၏။

နှင်းငွေက အိမ်ကြီးဆီ ချောင်းကြည့်သည်။

အိမ်မြင့်သည် ခြံဝင်းတွင်းရှိ သစ်ပင်များကိုကျော်လျက် စိုးမိုး ထွက်ပေါ်နေသည်။

သစ်ရွက်သစ်ကိုင်းများကြားမှ အိမ်အပေါ်ထပ်ကို လှမ်းမြင်နိုင်သည်။

အိမ်အပေါ်ထပ် ပြတင်းတစ်ခု၏အဝတွင် ဖြူဖွေးသော သဏ္ဍာန်လေးတစ်ခုက ပေါ်လာသည်။ ထိုသဏ္ဍာန်က ဝေးလွန်း မြင့်လွန်းသော မိုးကောင်းကင်ဆီ ငေးကြည့်နေသယောင်ယောင်။

နုနုငယ်၊ အို နုနုငယ်။

နုနုငယ်ပေပင်။

နှင်းငွေက ပြတင်းဝ၌ပေါ်လာသော နုနုငယ်၏ မျက်နှာလေးကို မြင်သည့်ခဏ၌ ဝမ်းသာတုန်လှုပ်သွားသည်။

စိတ်က ရွှေမြင့်မိုရ် တစ်တောင်လုံးကို တုံးမှတ်၍ ခုန်လိုက်ချင်သည်။ ခက်သည်မှာ ခြံဝင်းက မြင့်သည်။ အထက်၌ သံဆူးကြိုးတန်းကလည်း ကာလျက်ရှိသေးသည်။

ခေတ္တသာ ပြတင်းဝ၌ ရပ်နေပြီး နုနုငယ် ပျောက်ကွယ်သွားသည်။

နှင်းငွေသည် ဘာဆက်လုပ်ရမည် မသိ။

သည်ခြံဝင်းကို ကျော်မတက်နိုင်၊ ကျော်တက်နိုင်၍လည်း နုနုငယ်ကို မိမိ သွားတွေ့နိုင်မည် မဟုတ်။

ဘာလုပ်ရပါမည်နည်း၊ ဘာလုပ်ရပါမည်နည်း။

ဘာမျှ မလုပ်နိုင်မှန်း သိလျက်နှင့် နှင်းငွေသည် အိမ်ကြီးဆီ မျှော်ကြည့်သည်။ အနည်းဆုံး ပြတင်းဝ၌ နုနုငယ်၏ မျက်နှာလေး ပြန်လည် ပေါ်ခဲ့လျှင်၊ ပေါ်လာခဲ့လျှင် . . . ။

" ရှူး . . . တိုးတိုး၊ ဒီမှာ . . . ဒီမှာ "

နှင်းငွေသည် မိမိနားကို မိမိ မယုံမိ။

အသံသည် တိုးတိုးငွေ့ငွေ့သာ ဖြစ်သည်။

နှင်းငွေက ခုန်သောရင်ဖြင့် ဟိုသည် နားစွင့်ထောင်မိ၏။

" ရှူး . . . တိုးတိုး ဒီမှာ . . . ဒီမှာ . . . ဒီမှာလေ "

အသံသည် အမြင့်မှ ပေါ်လာ၏။ နှင်းငွေက မော့ကြည့်သည်။

ခြံစည်းရိုးနှင့် တစ်လံအကွာ၌ မနိမ့်မမြင့် သရက်ပင်တစ်ပင် ရှိသည်။ သရက်ရွက်များက ထူထပ်အုပ်ဆိုင်းနေ၏။ အသံသည် ထိုသရက်ပင်ပေါ်မှ လာသည်။

" မကြားဘူးလား၊ ဒီမှာ . . . ဒီမှာလေ၊ ကယ်စမ်းပါ ကယ်စမ်းပါ "

ဤအကြိမ်တွင်မူ အသံရှင်ကို နှင်းငွေ မြင်ရ၏။

သရက်ရွက်တို့က မှိုင်းမှောင်နေသည်။ ဤမှိုင်းမှောင်သော သရက်ရွက်တို့ကြားမှ မျက်နှာကြီးတစ်ခုက ပေါ်နေ၏။

မျက်နှာတစ်ခုလုံးကို ဖားဝေ နက်မှောင်ရှည်လျားသော ဆံပင်တို့က လွှမ်းထားသည်။ တောက်ပြောင်သော မျက်လုံးများက ဝိုင်းကျယ်လှသည်။ ဝါ၍ ရှည်ကဲသော သွားများက ဖြဲထားသော ပါးစပ်တွင်းမှ ပေါ်နေ၏။ မျက်နှာကြီးဆီမှ အသံထွက်လာပြန်၏။

" မြင်ပြီလား၊ ဒီမှာလေ ကယ်စမ်းပါ ကယ်စမ်းပါ "

"ကယ်စမ်းပါ"ဟု ပြောနေသောလည်း မျက်နှာကြီးက ပြုံးဖြဲဖြဲ ရှိနေ၏။

www.myanmarcupid.net

နှင်းငွေသည် ကြက်သီးမွေးညင်း ထသွား၏။ လက်က သေနတ်ဆီရောက်သွားပြီး မျက်နှာကြီးဆီ ချိန်လိုက်မိ၏။

မျက်နှာကြီး ပျောက်သွားသည်။ မြေပြင်သို့ တစ်စုံတရာ လေးလေးပင်ပင် ကျသွားသံ ကြားရ၏။ ဖော့နင်း ပြေးသွားသံလည်း ကြားလိုက်ရသည်။

မရှေးမနှောင်းပင် လူသံသူသံများ ကြားရ၏။

သြဇာပြည့်သော အသံတစ်သံက ဆို၏။

" ဟေ့ ကံရာဇာ၊ ဘယ်ရောက်သွားပြီလဲ "

" ဒီနားတင်ပဲ ပျောက်သွားတာပဲ သခင်ကြီး "

ဖြေသော ကံရာဇာဆိုသူ၏ အသံကိုမူ နှင်းငွေ ကောင်းစွာ မှတ်မိ၏။

ကံရာဇာက သခင်ကြီးဟု ခေါ်သူ၏ သြဇာပြည့်သောအသံ ထပ်ပေါ်လာသည်။

" မိနုငယ်ကြောင့် ငါ နည်းနည်းလေး သတိလစ်သွားတယ်၊ မင်းလဲ သိပ်ပေါ့တယ် ကံရာဇာ၊ အခု ဘယ်ရောက်သွားပြီလဲ၊ ခုမှ မျက်လုံးပြူးကြည့်မနေနဲ့ ကံရာဇာ၊ မင်းက ဟိုဘက်က လိုက်ရှာ၊ ငါက ဒီဘက်က လိုက်မယ် "

ထွက်ခွာသွားသော ခြေသံများကို ကြားရ၏။

ခြံဝင်း နံရံကို မှီလျက် နှင်းငွေသည် ငြိမ်ကုပ်နေ၏။

ခြေသံများ ဝေးသွားသည်နှင့် တပြိုင်နက် နှင်းငွေသည် မပြေးရုံတမည် ရွာဆီသို့ သုတ်ခြေတင်ခဲ့လေသတည်း။

❑

# အခန်း ( ၁၀ )

## ပြန်ဆုံသွားသောနေ့

ဆက်လက်ဆိုက်ရောက်လာသော တနင်္လာနေ့နံနက်တွင် နေသည် ကြည်လင်တောက်ပနေ၏။ နွေဘက်ယိုင်လာပြီ ဖြစ်သောကြောင့် အချမ်းပေါ့လာသည်။

ကျောင်းတွင်း မြေတလင်းဝယ် ရွှေရောင်တမာရွက်တို့ ဖုံးနေသည်။ အပင်တို့ထက်လည်း ရွက်နုဝေပြီးလင့်ကစား ရွက်သစ်တို့ မရင့်၊ မောင်းသော ပုရစ်ဖူးညိုညိုတို့ မကုန်သေးတတ်။ စာငှက်ငယ်နှင့် ဆက်ရက်တို့လည်း မြူးတူးနေကြ၏။

နှင်းငွေ၏ ရင်မောခန်းလည်း ရပ်ခဲ့ရသည်။ အကြောင်းမှာ တမာပင်ရိပ်မှ မျှော်သူမြူးအောင် မြင်းလှည်းဆိုက်၍ နုနုငယ် ပြန်လည် ကျောင်းတက်လေသောကြောင့်တည်း။

နေ့လယ်ကျောင်းဆင်းချိန်၌ အတန်းတွင်းမှ ကျောင်းသူကျောင်းသား အသီးသီး ထွက်ခွာသွားကြသည်။ နှင်းငွေ၊ နုနုငယ်နှင့် ညွှန့်မေသာ ကျန်ရစ်ကြ၏။

နှင်းငွေက တောင်းပန်သည့်ဟန်ဖြင့် ညွှန့်မေကို လှမ်းကြည့်သည်။

ညွှန့်မေက အမှတ်ပြုနိုင်ရုံ သက်ပြင်းလေးချပြီး ထွက်ခွာသွားသောအခါမှ နှင်းငွေသည် နုနုငယ်၏ ခုံနား သွားရပ်သည်။

" နုနုငယ် "

နုနုငယ်က မော့မကြည့်၊ စာအုပ်တစ်အုပ်ကိုသာ ခေါင်းငုံ့ဖတ်ရှုနေ၏။

" ကိုယ့်ကို စကားမပြောပြန်တော့ဘူးလား နုငယ်၊ အစကတော့ ကျောင်းမှာ ပြန်တွေ့ရင် ကိုယ့်ကို နုငယ် နှုတ်ဆက်ပါ့မယ်ဆို "

နုနုငယ်က စကားမပြန်၊ ခေါင်းလည်းမမော့၊ စာအုပ်ကို ကိုင်ထားသော နုနုငယ်၏ လက်ကလေးများ ဆတ်ဆတ် တုန်နေသည်ကို သူမြင်ရ၏။

သူက အနီးကပ်မြင်ရသော နုနုငယ်၏ မျက်နှာလေးကို စေ့စေ့ကြည့်မိသည်။ နုနုငယ်၏ မျက်နှာလေးမှာ ခါတိုင်းထက် ပိုမို ဖြူလျော်နေသည်။ နဂိုတည်းက သွယ်လွန်းသော မျက်နှာလေးမှာ ယခု ပါးရိုး မေးရိုး ထင်လုအောင် ကြုံလှီ ဖျော့တော့နေ၏။

သူ့ရင်၌ ကရုဏာလှိုင်းက ရိပ်ရိပ်တက်လာ၏။

" နုငယ် ကောင်းကောင်း နေမကောင်းသေးဘူးလား ဟင်၊ နုငယ် ကျောင်းမတက်တော့ ကိုယ်လေ စိတ်ပူလိုက်ရတာ၊ စနေနေ့က ဟို ခင်တန်းလေးဆီတောင် ကိုယ်ရောက်လာသေးတယ် "

www.myanmarcupid.net

ဤအကြိမ်တွင်မူ နုနုငယ်က သူ့ကို မော့ကြည့်၏။ မျက်လုံးများကြည့်ပုံက မမြင်ဖူး၊ မတွေ့ဖူးသော လူတစ်ယောက်ကို ကြည့်နေပုံနှင့် တူသည်။ မယုံခြင်း၊ မသင်္ကာခြင်း၊ စူးစမ်းနေခြင်းတို့ကို ဖော်ပြနေသည်လည်း ထင်ရ၏။ ငြိမ်စိုက်ကြည့်နေရာမှ မျက်လုံးတို့သည် သတိပြုမိရုံ တစ်ပတ်လည်သွား၏။

" ကိုယ့်ကို မမှတ်မိတော့ဘူးလား၊ ဒါမှမဟုတ် ပြန်ကြောက်သွားပြန်ပြီလား "

နုနုငယ်ထံမှ အဖြေမရ။ သူက လက်လျှော့လိုက်သည်။

" နုနုငယ်ကို လာစကားပြောတာ မကြိုက်ရင် ကိုယ်သွားပါ့မယ်လေ၊ ဒါပေမယ့် ရော့ နုနုငယ်၊ နုနုငယ် ကျောင်းပျက်တုန်း သင်ခဲ့တဲ့စာတွေ ကိုယ်ကူးထားတယ်၊ သီးသန့်ကူးထားတာ၊ ကိုယ့်ကို စာအုပ်ပြန်ပေးဖို့ မလိုဘူး "

သူက စာအုပ်ကို လှမ်းပေးပြီး နှုတ်ဆက်သောအားဖြင့် အေးချမ်းစွာ ပြုံးပြသည်။

နုနုငယ်က သူ့ကို စိုက်ကြည့်မြဲ ကြည့်နေသည်။ မျက်လုံးများကား အလည်ရပ်ပေပြီ။

သူက ကိုယ်ကိုလှည့်ကာ နေရာမှ ခွာခဲ့၏။ သုံးလေးလှမ်း လှမ်းမိစဉ် ကြားရ၏။

" ကိုယ် "

သူက လှည့်ကြည့်သည်။ ကြည်လင်ရွှင်ပျသည် မဆိုနိုင်သော်လည်း မိန်းကလေးတစ်ဦး၏ သာမန်ပကတိ ရိုးသား တည်ငြိမ်သော မျက်နှာလေးနှင့် နုနုငယ်က သူ့ကို ကြည့်နေ၏။ သူက နုနုငယ်ထံ ပြန်လျှောက်သွား၏။

" နုငယ်ကို ဘာလို့ ကိုယ် ဒီစာအုပ်ပေးတာလဲ "

" နုငယ် စာတွေ လိုက်ကူးရမှာစိုးလို့၊ မယုံဘူးလား နုငယ်၊ ဒီစာအုပ်ကြားမှာ ဘာမှ ကိုယ် မဟုတ်တာတွေ ညှပ်မထားဘူး"

ယခုမှ နုနုငယ်က ပြုံးသည်။

" ကိုယ့်ကို နုငယ်က ဘာစွပ်စွဲသေးလို့တုန်း "

အသံမှာ ကြည်လင်နေ၏။ ပြောဟန်ကလည်း ရင်းနှီးခင်မင်သူချင်း ပြောဟန်ပေါက်နေ၏။ မိနစ်ပိုင်းအတွင်းအထိ ရှိနေခဲ့သော စိတ်ပျက်အားလျော့မှုတို့ နှင်းငွေ၏ ရင်တွင်းမှ ပျောက်စင်လွင့်ကွယ်ကုန်သည်။

အခန်းတွင်း၌ မိမိတို့နှစ်ဦးသာ ရှိတော့မှန်း နှင်းငွေ သတိရလာသည်။ နုနုငယ် စိတ်မကျဉ်းကြပ်စေရန် နှင်းငွေက ဆို၏။

" သြော် . . . မုန့်စားချိန်ရောက်ပြီ၊ နုငယ် အပြင်ထွက်ဦးမယ် မဟုတ်လား "

နုနုငယ်က ခေါင်းညိတ်ပြီး အခန်းအပြင်ဘက်ဆီ တစ်စုံတစ်ယောက်ကို ရှာဟန် လှမ်းမျှော်ကြည့်၏။

" နုငယ် ဘယ်သူ့ကို ရှာတာလဲ "

" မညွန့်ကို၊ ဒီနေ့ ဘာဖြစ်လို့ မညွန့်က တစ်ယောက်ထဲ ထွက်သွားတာလဲ မသိဘူး "

" ညွန့်မေကို ပြောတာလား၊ သူ ဆရာမကြီး အခန်းများ သွားလား မသိဘူး၊ လာလေ ကိုယ်ပါ ဝိုင်းရှာပေးမယ် "

ပြောပြောဆိုဆိုနှင့် သူက ရှေ့မှ ဦးဆောင်ထွက်သည်။ နုနုငယ်က နောက်မှ လိုက်လာ၏။

ညွန့်မေကို အထူး မရှာရ။ အခန်းအပြင်ဘက် မလှမ်းမကမ်း၌ ရပ်နေသည်။ တစ်ယောက်တည်းမူ မဟုတ်။ အနီးတွင် ရပ်ရင်း ဘခက်က စကားပြောနေသည်။

ညွန့်မေ သဘောကို မသိ။ သို့ရာတွင် ညွန့်မေအပေါ် ရွှေကိုယ်တော်ဘခက် မည်သို့ သဘောထားကြောင်း နှင်းငွေ သိပြီးဖြစ်၏။ ယခု သူ ဘာတွေပြောနေသနည်း။ သူတို့ထံ မိမိတို့သွားလျှင် နှောင့်ယှက်ရာများ ကျနေမည်လော။

နှင်းငွေ ချီတုံချတုံ ဖြစ်နေခိုက် သူတို့နှစ်ဦးအား လမ်း၍ ညွန့်မေက ပြုံးပြုံးရယ်ရယ် နှုတ်ဆက်၏။

အနီးသို့ ရောက်သွားသောအခါ နုနုငယ်က ညွန့်မေ၏ လက်မောင်းတစ်ဖက်ကို သူ့လက်နှစ်ဖက်နှင့် ဆွဲယူ ဆုပ်ကိုင်လိုက်၏။

" မညွန့် ဘယ်ပျောက်သွားတာလဲ၊ နုငယ်ဖြင့် ဆာလို့ "

" နုငယ် ဆာလို့၊ ဒါဖြင့် ဘာစားမလဲ "

အခွင့်ကောင်းကို မြင်သော နှင်းငွေက ကြားဖြတ်ဝင်ပြော၏။

" ဒီလိုဆို တို့ အပြင်သွားစားရအောင် ညွန့်မေ၊ ငါ့မှာ ပိုက်ဆံပါပါတယ်၊ ဟေ့ကောင် ဘခက် မင်းလဲလိုက်ခဲ့ကွာ"

ဘခက်က စပ်ဖြဲဖြဲနှင့် "အမလေး အားနာစရာကြီး၊ လာ သွားကြရအောင်"ဟု ဆို၏။

ညွန့်မေက နှင်းငွေကို မျက်စောင်းသာသာ ထိုးကြည့်၏။ သို့ရာတွင် နုနုငယ်ကိုမူ ဖိတ်ခေါ်ပေး၏။

" လာ နုနုငယ် သွားစားကြတာပေါ့၊ ဟောဒီ ဘခက်ကလဲ တို့ရွာမွန်သာကပဲ၊ နုနုငယ် တို့ ဒီနေ့ သူငယ်ချင်း နှစ်ယောက်တိုးတာပေါ့၊ လာ သွားကြမယ် "

www.myanmarcupid.net

သူငယ်ချင်း နှစ်စုံတွဲသည် မိတ္ထီလာ - သာစည် လမ်းမကြီးဘေးရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်၌ သွားရောက် စားသောက်ကြသည်။

ညွန့်မေ၊ ဘခက်နှင့် နှင်းငွေတို့က စားသောက်နေကျဖြစ်သောကြောင့် လွတ်လွတ်လပ်လပ်ပင်၊ နုနုငယ်က အနည်းငယ် ရွံ့ရွံ့နိုင်၏။

နုနုငယ် ရွံ့ရသည်မှာ ခဏသာတည်း။ ဘခက်က အာဝဇ္ဇန်းရွှင်သည်။ စားရင်းသောက်ရင်း ရယ်စရာမောစရာတွေ လှိုင်လှိုင်ပြော၏။ နုနုငယ်ကိုလည်း သိဟောင်းကျွမ်းဟောင်းပမာ ဆက်ဆံ၏။ နုနုငယ်၏ မျက်နှာလေး ပြုံးရွှင်ကြည်လင်လာ၏။

စားသောက်အပြီး ကျောင်းသို့ ပြန်လာချိန်တွင် လေးဦးသား အတန်ရင်းနှီးမှု ရခဲ့ကြ၏။

ထိုညနေ ကျောင်းဆင်းချိန်၌ ထုံးစံအတိုင်း နှင်းငွေနှင့် ဘခက်သည် နုနုငယ်တို့ မြင်းလှည်းထွက်သွားသည်အထိ တမာပင်အောက်မှ ရပ်ကြည့်နေကြ၏။ မြင်းလှည်းထွက်သွားသောအခါ ဘခက်က ရယ်ရင်း မှတ်ချက်ချ၏။

" မင်းကို ငါ အံ့ဩတယ် နှင်းငွေ၊ ညွန့်မေက မင်းကို သိပ်ဂရုစိုက်တယ်၊ ဒီကြားထဲ မင်းက ဒီကောင်မလေးကိုမှ ရွေးကြိုက်ပလေတယ် "

" လုပ်ပြန်ပြီ ဘခက်၊ နုနုငယ်ကို ငါမကြိုက်ဘူး၊ သနားတာကွ "

" ဟား ဟား ဟား၊ အေး ထားပါတော့ မင်းကောင်မလေးက တကယ့်သနားစရာလေးပဲ၊ လူလေးကလဲ ပိန်လိုက်တာ၊ အသားကလဲ ဖြူလိုက်တာ၊ ပိုးဟပ်ဖြူအတိုင်းပဲ၊ သွေးမှ ရှိရဲ့လား မသိဘူး "

" ဒီလောက်ကြီး မပိန်ပါဘူးကွာ၊ ပြီးတော့ ပိုးဟပ်ဖြူမလေးနဲ့လဲ မတူပါဘူး၊ ငါကတော့ နုငယ်ကို ယုန်ဖြူမလေးလို့ မြင်တယ်၊ ယုန်ဖြူမလေးလို့ပဲ ခေါ်ချင်တယ် "

" ဘာ ယုန်ဖြူမလေး ဟုတ်လား၊ ဟား ဟား နိပ်သဟေ့၊ မကြိုက်ဘူးသာ ဆိုတယ်၊ မျက်စိထဲတော့ လှနေပြီ မဟုတ်လား၊ ဩော် ဖြစ်ရလေ မောင်နှင်းငွေလေး "

" အေးပါလေ မင်းထင်ချင်သလိုပဲ ထင်ပါ၊ တကယ်လို့ ငါက နုနုငယ်ကို ကြိုက်ရင်လဲ မင်း ကံကောင်းတာပေါ့ "

" အလို ဘာကြောင့် "

" မင်းပဲ ပြောတယ်၊ ညွန့်မေက ငါ့ကို သိပ်ဂရုစိုက်တယ်ဆို၊ ဘယ်လိုလဲ ငါ ညွန့်မေကို ပြန်ဂရုစိုက်လိုက်ရမလား "

ဘခက်က မျက်လုံးကို တမင်ပြူးပြပြီး အော်၏။

" အမလေး မောင်မင်းကြီးသားရယ်၊ ချမ်းသာပေးတော်မူပါ၊ မင်းဟာမလေးကို မင်း ယုန်ဖြူမလေးပဲထင်ထင်၊ ငွေဖျိုင်းဖြူလေးပဲ ထင်ထင်၊ ငါ့ ရွှေကျီးညိုလေးကိုတော့ မထိလိုက်ပါနဲ့၊ ကျေးဇူးအများကြီးတင်ပါတယ် "

ဘခက်၏ စကားကို သဘောကျသောကြောင့် နှင်းငွေက ရယ်သည်။ ဘခက်က စကားဖြတ်၏။

" ကဲ . . . ကျေးဇူးတင်လက်စနဲ့ ထပ်ကျေးဇူးတင်ရအောင် မင်း ငါ့ကို မြင်းလှည်းဆိပ် လိုက်ပို့ပါကွာ နှင်းငွေ "

နှင်းငွေက အံ့ဩသွား၏။

" အလို မင်းက ရွာကို စောစောစီးစီး ပြန်တော့မလို့လား "

" ငါ ရွာကို အချိန်မှန်ပြန်တာ ကြာပါပြီ၊ စာလဲ မှန်မှန်ကျက်ပြီး ကျောင်းလဲ မှန်မှန်တက်နေတယ် "

ယခုတလော ဘခက် ကျောင်းမှန်မှန်တက်၍ ခါတိုင်းကဲ့သို့ ဟိုကိစ္စ သည်ကိစ္စတို့နှင့် အလုပ်ရှုပ်မနေမှုန်းကို နှင်းငွေ သတိပြုမိပြီးဖြစ်သည်။

" အေး ဟုတ်တယ်၊ မင်း အခုတလော အတော်ပြောင်းလဲနေပါလား၊ ဘာလဲ ညွန့်မေက ဆုံးမထားလို့လား "

ရယ်နေသော ဘခက်၏ မျက်နှာသည် တည်သွား၏။ အနည်းငယ်ပင် တင်းနေ၏။

" ငါ မိန်းကလေးတစ်ယောက်ကို ချစ်ချင် ချစ်မယ်၊ ဒါပေမယ့် မကိုးကွယ်ဘူး၊ သူ့အသံကို သာယာချင် သာယာမယ်၊ သူ့စကားကိုတော့ နားထောင်သင့်မှ နားထောင်မယ်၊ စာရေးဆရာတွေရေးတဲ့ အချစ်ရဲ့ ကျေးကျွန်ဆိုတာမျိုး ငါ ဘယ်တော့မှ အဖြစ်မခံဘူး၊ အေး ဘယ်သူ့ကျွန်အဖြစ်မှလဲ ငါ မခံဘူး "

" တော်စမ်းပါ ဘခက်ရာ၊ တရားတွေ ဟောမနေစမ်းပါနဲ့၊ ငါက ရယ်စရာပြောတာကို "

" ဒါ ရယ်စရာ မဟုတ်ဘူး သူငယ်ချင်းရ၊ ငါ ပြောင်းလဲနေတာ မဟုတ်ဘူး၊ အခြေအနေမှန်အတိုင်း ကျင့်သုံးနေတာ၊ ငါ ဒီနှစ် စာမေးပွဲအောင်ချင်တယ်၊ ပြီးတော့ ငါ့အမေကိုလဲ ငါ သနားလာတယ်၊ စာမေးပွဲက နီးပြီကွာ၊ ငါ ဒီနှစ် အောင်ကို အောင်ရမယ်ကွာ၊ လာ သွားကြစို့ "

နှင်းငွေက စက်ဘီးထက် ခွတက်ကာ ခြေကား၍ ထောက်ထား၏။ ဘခက်က လက်ကိုင်မှ တွန်းပြီး အရှိန်ရမှ ဘားတန်းပေါ် ခုန်တက်လိုက်သည်။

သူငယ်ချင်းနှစ်ဦးသည် မြင်းလှည်းဆိပ်သို့ ရောက်လာကြ၏။

www.myanmarcupid.net

မြင်းလှည်းဆိပ်ရောက်မှ ဘခက်သည် သူ့အကျႌအိတ် မှန်သမျှကို နှိုက်ချွတ်ရှာဖွေသည်။

" ဟော့ကောင် နှင်းငွေ၊ မင်းမှာ ပိုက်ဆံပါသေးလား "

နှင်းငွေက သူ့အိတ်သူ နှိုက်ကြည့်သည်။ ခါတိုင်းမူ အိတ်တွင်း၌ အနည်းဆုံး ကျပ်တန်နှစ်ရွက်ခန့် အမြဲပါ၏။ နေ့လယ်က စားသောက်ခဲ့ကြသောကြောင့် ယခုမူ ငါးမူးစေ့ တစ်စေ့သာ ရှိတော့၏။

" ငါ့မှာ ငါးမူးပဲရှိတော့တယ် ဘခက် "

" ကိစ္စမရှိဘူး ပေးပေး၊ ငါ နောက်တော့ ပြန်ဆပ်မယ် "

ပြောပြောဆိုဆိုနှင့် ဘခက်သည် ငါးမူးစေ့ကို နှင်းငွေ၏လက်တွင်းမှ ဆွဲယူလိုက်သည်။ ဤငါးမူးစေ့သည် မပြန်လမ်းသို့ သွားပြီဖြစ်ကြောင်း သိသော နှင်းငွေက ပြုံးနေ၏။

ဘခက်က မြင်းလှည်းဆရာနှင့် သွားစကားပြော၏။ သူဘာပြောသည်ကို မကြားရသော်လည်း အော်ဟစ်ရယ်မောရင်း ပြောလိုက်သော မြင်းလှည်းဆရာ၏ စကားကိုမူ နှင်းငွေ ကြားရ၏။

" အောင်မာလေး ဆရာလေးရာ၊ အားလဲ မနာပါနဲ့၊ ကြွေးလဲ မဆပ်ပါနဲ့၊ ကျုပ်မြင်းလှည်း လူမပြည့်ရင် တက်သာ စီးပါ၊ နောက်တစ်ယောက်လာရင် ထွက်မယ်၊ ဒါထက် ဆရာလေး ဘယ်တော့ တရားဟောဦးမလဲ၊ ဟိုတစ်ခါ ရုပ်ရှင်ရုံထဲ လုပ်တဲ့ တရားပွဲတုန်းက ခွေးကောင်တွေကို ဆရာလေးအုပ်ထည့်တာ မှည့်သဗျို့၊ ကျုပ်ဖြင့် လက်ခုပ်တီးရတာ နာနေတာပဲ"

ဘခက်က သတိပေးဟန်နှင့် မြင်းလှည်းသမားကို တစ်စုံတစ်ခု ပြောသည်။ မြင်းလှည်းသမား၏ လေသံတိတ်သွား၏။

ဘခက်က နှင်းငွေထံ ပြန်လာခဲ့သည်။

" လူမပြည့်လို့ ခဏ စောင့်ရဦးမယ် သူငယ်ချင်း၊ တို့ ဘက်ဖက်ရည် သွားသောက်ကြမလား "

" တော်ပါပြီ သူငယ်ချင်း၊ ပိုက်ဆံမရှိတော့ဘူး "

ဘခက်က ငါးမူးစေ့ကို ထုတ်ပြ၏ နှင်းငွေက ခေါင်းခါသည်။

" ငါ မဆာပါဘူး၊ လိုလိုမယ်မယ် မင်းပဲ ယူထားလိုက် "

ဘခက်ကလဲ မငြင်းဘဲ ငါးမူးစေ့ကို ရိုသေစွာ သူ့အိတ်တွင်း ပြန်သွင်းလိုက်၏။

မြင်းလှည်းဆရာက ကြိမ်တုတ်ကလေးဖြင့် ဘီးကို ခေါက်ကာခေါက်ကာ "ရွာမွန်သာကို တစ်ယောက်လို၊ တစ်ယောက်လို"ဟု အော်နေ၏။

သူငယ်ချင်းနှစ်ဦးကား စကားပြတ်နေကြ၏။ စကားပြတ်နေစဉ် အတွေးတစ်ရပ်က နှင်းငွေ၏ ခေါင်းတွင်း ဝင်လာ၏။ ဟို စနေတစ်နေ့ကတည်းက ထိုအတွေးက နှင်းငွေကို နှောင့်ယှက်နေခဲ့၏။

နှင်းငွေက ဘခက်ကို မေးသည်။

" ဒါထက် သူငယ်ချင်း၊ တစ္ဆေဆိုတာ ရှိသလား "

ဘခက် မျက်လုံးပြူးသွားသည်။

" ဘာပြောတယ် သူငယ်ချင်း "

" သြော် တစ္ဆေဆိုတာ ရှိသလားလို့ "

ဘခက်က သူငယ်တန်းသား ကလေးငယ်၏ အမေးကိုဖြေသော ပါမောက္ခဟန်ဖြင့် ပြုံးလျက် လွယ်ကူစွာ ဖြေသည်။

" နောင်ဘဝဆိုတာမှ မရှိဘဲ၊ တစ္ဆေဆိုတာ ဘယ်လိုလုပ်ရှိနိုင်မလဲ "

ဘခက်၏ အဖြေကို နှင်းငွေက ဂရုမထားလှ။ သူ့ဘာသာ ငိုင်တွေနေပြီး ထပ်မေး၏။

" ဒါထက် တစ်ခါက မင်းပြောဖူးတယ်၊ နုနုငယ်တို့အိမ်ကြီးဟာ ကျိန်စာသင့်နေတဲ့အိမ်ဆို၊ အဲဒါ မင်း ဘာအဓိပ္ပါယ်နဲ့ ပြောတာလဲ "

ဘခက်က ငြိမ်နေရာမှ အသံထွက်လျက် ရယ်သည်။

" ဟောဗျ၊ ရောဂါက ဖောက်လာပြန်ပါပြီ၊ နုနုငယ်နဲ့ နုနုငယ်တို့ အိမ်ကြီးအကြောင်း မပါရင် မင်း စကားပြောလို့ မရတော့ဘူး "

" ငါ အကောင်းပြောနေတာ ဘခက် "

" ငါကလဲ အကောင်းပြောနေတာ၊ တန်တော့ မင်းကို နုနုငယ်တို့အိမ်က တစ္ဆေခြောက်လှတ်လိုက်ပြီ ထင်တယ် ဟုတ်စ "

နှင်းငွေက မဖြေဘဲ ငြိမ်နေ၏။ ဘခက်ကသာ ဆက်ပြောသည်။

" နုနုငယ်တို့အိမ်က မင်းကို တစ္ဆေခြောက်လှတ်လိုက်တယ်ဆိုရင်တော့ ဖြစ်နိုင်တယ်၊ အဲဒီတစ္ဆေ မင်းရဲ့ ယုန်ဖြူလေးပဲ နှင်းငွေ၊ မင်း ညအိပ်လို့ရမှာ မဟုတ်ဘူး၊ အဲဒါကို အသည်းတစ္ဆေ အခြောက်ခံရတယ်လို့ ခေါ်တယ်၊ ဟား ဟား ဟား "

www.myanmarcupid.net

နှင်းငွေက တစ်စုံတစ်ခု ပြန်ပြောမည် ပြင်သည်။ သို့ရာတွင် မြင်းလှည်းပေါ် လူတစ်ယောက် ထက်သွား၏။
မြင်းလှည်းဆရာက ဘခက်ဆီ လှမ်းကြည့်ပြီး "လူပြည့်ပြီ ဆရာလေး၊ ထွက်မယ်ဗျို့"ဟု အော်၏။
" ကဲ . . . သွားမယ် သူငယ်ချင်း၊ ညကို တစ္ဆေခြောက်ခံ မနေနဲ့ဦးနော် ဟား . . . ဟား . . . "
ဘခက်က မြင်းလှည်းပေါ် တက်သွား၏။ မရှေးမနှောင်းပင် မြင်းလှည်းလည်း ထွက်သွား၏။
စက်ဘီးကို ကိုင်လျက် မကျေမနပ်နှင့် မြင်းလှည်းဆိပ်တွင် နှင်းငွေ ကျန်ရစ်လေသည်။

❑

## အခန်း ( ၁၁ )

## ချစ်မိလေသောနွေ

နွေဦးရာသီပီပီ ဆိုက်ခဲ့ပြီ။

ပတ်ဝန်းကျင်ရှိ ပင်အိုတို့သည် လည်းကောင်း၊ ပင်ပျိုတို့သည် လည်းကောင်း ရွက်ဝါတို့ကို ချွေလွှင့်နေကြသည်။ ကျောင်းဝင်းတွင်းရှိ တမာပင်တို့ကမူ ရွက်ဝါမဆင်ပြီ။ ရွက်ဟောင်းလည်း ကြွေရန် မကျန်ပြီ။ ပုရစ်ဖူးတို့ပင် ကုန်စင်လျက် မြရွက်တို့ နုနုလွင်နေသည်။

သည်နှစ် နွေဦးရက်များသည် နှင်းငွေ၏ ရင်ကို ခုန်စေသည်။

ယခင်ကမူ နွေဦးရက်များကို နှင်းငွေ အထူးသတိမပြုမိ။ သတိပြုမိသမျှ ဆိုရလျှင်လည်း မတပ်မက်မောလှသည့် စိတ်ဇောကသာ ရှေ့ဆောင်သည်။ နွေဦးရက်တို့ မြန်မြန်ကုန်ပါစေ၊ ထိုအခါ နွေရာသီကျောင်းပိတ်ရက်သည်လည်း မြန်မြန် ရောက်လာလိမ့်မည်။ မြန်မြန်ရောက်လာပါလိမ့်မည်။ ခြောက်ခန်းသော နွေရာသီသည် ပင်ပန်းဖွယ် ရှိပါဘိခြင်း။ ရှည်လျားသော နွေရာသီ ကျောင်းပိတ်ရက်များသည်ကား ချမ်းသာဖွယ် ရှိပါဘိခြင်း။

နှင်းငွေသည် အညာ သို့မဟုတ် မြေလတ်သား မဟုတ်။ နှင်းငွေ၏ ဇာတိကား လတာပြင် သောင်ထိုးလျှင် တစ်ပေါင်ကျိုး ခြေတံရှည်နှင့် ဗျိုင်းဝေသောလီ ငါးကောက်ကာ၊ ဒီရေကျတေးကို ဘုတ်မ အီတတ်သည့် မြစ်ဝကျွန်းပေါ်ဒေသ တွံတေးမြို့သာတည်း။ တွံတေးမြို့ ဈေးသစ်ပိုင်း ကုန်းမြင့်ထက်တွင် နှင်းငွေ၏ ဖခင်ဘက်မှ ဘိုးဘွားပိုင် ခြံကျယ်ကြီးရှိသည်။ သရက်၊ မရမ်း၊ တညင်း၊ သဘော်၊ ဩဇာ၊ မာလကာ၊ ရှောက်၊ သံပုရာ၊ သံပုယို၊ စောင်းလျား၊ ငှက်ပျော၊ ဒန့်ဒလွန်၊ ရစ်ငန်း စသော သီးပင်မျိုးစုံ စိုလှသည့် ခြံကြီးဖြစ်သည်။ နွေရောက်၍ ပူအိုက်ပြီဆိုလျှင် ဖေဖေ မလိုက်နိုင်စေ၊ နှင်းငွေနှင့် မေမေသည် တွံတေးသို့ ပြန်မြဲဖြစ်သည်။

အလိုလိုက်သော ဦးလေးနှင့် အဒေါ်များ ဂရုစိုက်မှုအောက်တွင် အေးချမ်းကျယ်ဝန်းသော ခြံကျယ်ကြီးဝယ် လွတ်လပ်စွာ ဆော့ကစားရသည်ကို နှင်းငွေ နှစ်သက်၏။ တွံတေး၌ ပျင်းပြန်လျှင် တွံတေးဝသို့ သွားသေးသည်။ မေမေ့ဇာတိက တွံတေးဝမှ ဖြစ်သည်။ တွံတေးဝတွင် တွံတေးတူးမြောင်းတွင်း၌ လည်းကောင်း၊ တိုးမြစ်တွင်း၌ လည်းကောင်း ရေကူးနိုင်သည်။ ဦးလေးကိုထွန်းဝေနှင့်အတူ ကုန်စိမ်းကောက်လိုက်ရင်း သမ္ဘာန်ကို အပျော်ခတ်နိုင်သေးသည်။ ညီအစ်ကို ဝမ်းကွဲများ ဖြစ်ကြသော မောင်မြင့်၊ ဖိုးပြောင်၊ ငါးဇင်ရိုင်းတို့နှင့်အတူ ကျွဲလျှောက်စီးနိုင်သေးသည်။ နံနက်စောစော ကမ်းနဖူးတွင် နံနံပင်စည်းကိုင်လျက် စောင့်ပြီး ရေငွေ့ပြန်သော မြစ်ပြင်ကိုဖြတ်လျက် လှေနှင့်ရောက်လာသည့် အဖွားလေးခ၏ ငါးသားနှင့် ပျစ်ကာ ငါးပိကောင်းရောင်နှင့် စိမ်းနေသည့် မုန့်ဟင်းခါးကို စားရသည်မှာလည်း တကယ့်အရသာတည်း။ ထို့ကြောင့်လည်း နွေဦးရာသီ ဆိုက်လာပြီဆိုလျှင် ဇာတိမြေသို့ တစ်ခေါက်ပြန်ရမည့် အရေးကိုတွေးကာ နှင်းငွေ ပျော်မြဲဖြစ်သည်။

စိုပြည်သော မြစ်ဝကျွန်းပေါ် ဇာတိသားဖြစ်သောကြောင့် ကန္တာရဆန်သော အညာနှင့် မြေလတ်၏ ရာသီဥတုကို နှင်းငွေ မကြိုက်။ ဤဒေသများ၏ နွေကန္တာဦး အပူဒဏ်ကို မခံနိုင်။

နှင်းငွေ၏ မေမေက ပိုဆိုးသည်။

" သာစည်သာဆိုတယ် သာလဲ မသာ၊ စည်လဲ မစည်ဘူး၊ ဟိုဘက် ပျော်ဘွယ်ကျတော့လဲ ပျော်စရာ ဘာမှမရှိဘူး၊ မင်းဘိုးဘိုးတို့နေတဲ့ ဒလ ပျော်ဘွယ်ကြီးများ ကွာလိုက်တာ "

လင်သည်၏ အစိုးရ ဝတ္တရားကြောင့်သာ ပြောင်းရာ လိုက်ရသည်။ မြစ်ချောင်းအင်းအိုင်တို့နှင့် သာမောရာ တွံတေးဝသူ မေမေသည် မြေလတ်နှင့် အညာအကြောင်း ဘယ်တော့မျှ အကောင်းမပြော။ ငါးပိမကောင်း၊ မုန့်ဟင်းခါး မကောင်းပြန်လျှင်လည်း မေမေသည် မြေလတ်နှင့် အညာကို ဖိထောင်းတတ်သည်။

www.myanmarcupid.net

ဖေဖေကမူ လူတစ်မျိုးဖြစ်၏။ သူကိုယ်၌က တံတားတွင် အခြေစိုက်လာသည့် ရွှေလောင်းဇာတိသား မွန်တစ်ယောက်ဖြစ်သော်လည်း မြေလတ်နှင့် အညာမြေကို ချစ်သည်ဆို၏။ မြေလတ်နှင့် အညာက ထနောင်းပင်သည် မြန်မာပြည်တွင် အလှဆုံးသစ်ပင်ဟု ဖေဖေက ဆိုသည်။ သာစည်၊ မိတ္ထီလာနယ်တို့တွင် တွေ့ရတတ်သော မြေနီ ခင်တန်းတို့ကလည်း ဘဝ ပန်းချီဆန်သည်ဆို၏။ မြစ်ဝကျွန်းပေါ်တွင် ပေါက်သည့် အသီးနီနီ၊ အသီးစိမ်းစိမ်းနှင့် သဘော်ခံပင်တွေထက် မြေလတ်နှင့် အညာမှ ကြယ်ပွင့်သေးသေးလေးများနှင့် တူသည့် အပွင့်ဖြူဖြူ သေးသေးလေးများပွင့်သော တောခံပင်တွေက ပိုမိုနှစ်သက်ဖွယ် ကောင်းသည်ဟုဆို၏။ တောခံပွင့်မွှေးမွှေးဆို ဘာကြောင့် စံပယ်ထက် ဂုဏ်နိမ့်စပ်ရသည်လောဟုလည်း ဒေါသဖြစ်တတ်သည်။ နွေ၏ မြူအစစ်နှင့် တံလျှပ်ကို မြေလတ်နှင့် အညာမှာသာ လှလှပပ တွေ့နိုင်သည်ဟုလည်း ဆိုလိုက်သေးသည်။ မေမေနှင့် တခြားစီဖြစ်၏။ ဖေဖေနှင့် မေမေ အကြိုက်တူချိန် တစ်ချိန်သာရှိ၏။ ထိုအချိန်မှာ မြေလတ်နှင့် အညာ၏ တမာတို့နုပြီး တမာညွန့်ချဉ် ပေါ်ချိန်တည်း။ တမာနုချဉ်နှင့် ငါးပိကိုမူ ဖေဖေရော မေမေပါ ဟင်းနှင့်မလဲအောင် ကြိုက်ကြသည်။

နှင်းငွေကမူ မေမေ့သား ဖြစ်၏။

မြေလတ်နှင့် အညာမြေ၏ အလှကို သူ မတွေ့သေး။ သူ တွေ့သိရသည်မှာ မြေလတ်နှင့် အညာ၏ အပူဒဏ်သာ ဖြစ်၏။ အပူဒဏ်မှ ဝေးရန် နွေတွင် တွံတေးသို့ မေမေနှင့်အတူ ပြန်ရမည့်ရက်များ ရောက်ချိန်နီးလျှင် နှင်းငွေအတွက် နေ့တာများ ရှည်လွန်းနေတတ်၏။

သည်တစ်နွေ၌သာ ရင်ခုန်ရသည်။ ရင်ခုန်ပုံမှာ မွေ့မွေ့ညင်ညင် ရှိလှ၏။ ကိုယ့်ရင်ခုန်ပုံ ကိုယ်ပြန်သိသဖြင့် ထူးဆန်း ချမ်းမြေ့သော ဝေဒနာအရသာကို ခံစားမိရပြန်သည်။

နေ့ချင်းညချင်းမှာပင် ကျောင်းတွင်းရှိ တမာပင်ပျိုတို့အပေါ် နှင်းငွေ သံယောဇဉ် တွယ်လာသည်။ မြေမှ တမာ ရွက်ဝါလေးများကိုလည်း ချစ်ကြင်နာလာသည်။ လေရူးဝှေ့၍ ထိုပင်ယံများဆီမှ ညောင်ရွက်ဝါတို့ စျာန်ယာဉ်ပြောင်းသော် ကရုဏာစိတ်စောလျက် မောရသေးသည်။

ကျောင်းမှ ဆရာဦးသိန်းတန်သည် မြန်မာစာအပြ အလွန်တော်သည်။ စာပေဝါသနာကလည်း ကြီးသည်။ စာဆိုတော်နေ့ ကဲ့သို့သော ပွဲသဘင်များ၌ ဆရာဦးသိန်းဟန်တစ်ယောက် ဖားဖားသီအောင် အလုပ်များတတ်သည်။ အတန်း၌ မြန်မာစာပြလျှင် ဝတ်ကျေတန်းကျေ မပြ။ မြန်မာစာ၏ အလှနှင့် မြန်မာစာ ထင်ဟပ်ပြတတ်သော မြန်မာ့မြေ၏ သဘာဝကို ကွက်ကွက်ကွင်းကွင်း မြင်အောင် ဝေဝေဆာဆာ ရှင်းပြတတ်၏။

ယခင်အခါများကမူ ဆရာဦးသိန်းဟန်၏ အတန်းများကို နှင်းငွေ ပျင်းသည်။ သစ်ရွက်ကြွေခြင်း၊ မြူဝေ့ခြင်း၊ လေရူး နှောင့်ခိုက် ဥသြမြင်ခြင်း၊ ယာတောနှင့် တောင်သူ၊ နွားပြင်နှင့် ထွန်သမား၊ ထန်းတက်သမားနှင့် သူ့အိမ်သူ၊ ဤသည်ကို ရှေးစာဆိုတို့သည် လက်ညောင်းခံ၍ အဘယ်ကြောင့် ဖွဲ့ခဲ့ပါသနည်း။ အဘယ်ကြောင့်လည်း သည်ကဗျာတို့၏ ခက်ဆစ်နှင့် စကားပြေတို့ကို မိမိတို့အား သင်ပေးနေရပါသနည်း။ အင်္ဂလိပ်စာသင်္ချာ၊ ဂျီအိုမက်ထရီနှင့် အထွေထွေသိပ္ပံတို့ကို ဖိ၍ ပိုသင်ပေးလျှင် မကောင်းပြီလော။

ဂျီအိုမက်ထရီ သင်ရသည်က တိုက်ပွဲဆန်သောကြောင့် စွန့်စားမှုရသ အပြည့်ပါသည်။ ပုစ္ဆာသစ်တစ်ခုသည် ပြဿနာ တစ်ရပ်ဖြစ်၏။ ဤပြဿနာက လူ့ဉာဏ်ကို စိန်ခေါ်သည်။ သူက စိန်ခေါ်တော့ ကိုယ်က နှိမ်ရမည်။ ပြဿနာက မြှုပ်ကွက် များကို ကိုယ်က မစဉ်းစား။ ဤပြဿနာ၏အဖြေ သို့မဟုတ် အဆုံးကို သုံးသပ်သည်။ သို့မဟုတ် ခရီးပန်းတိုင်ကို ရှေးဦးစွာ သတ်မှတ်သည်။ ခရီးပန်းတိုင်ကို သိသည့်ခဏ၌ လမ်းကိုမြင်သည်။ လမ်းကိုမြင်သော် မြှုပ်ကွက်တို့ ပေါ်လေသည်။ ထိုအခါ အောင်ပြုံးပြုံး၍ ဝင့်ကြွားစွာ ကျူးအီးဒီဟု ရေးချလိုက်သည်။ ဤအတတ်ကို သင်ပေး၍ ဤအမြင်ကို ကြွယ်စေသော ဆရာဦးတင်ညွန့်၏ အတန်းချိန်၌သာ နှင်းငွေ ပျော်မြိတည်း။

ယခု ဆရာဦးသိန်းဟန်၏ အတန်းများ၌လည်း နှင်းငွေ အရသာတွေ့လာသည်။ ဆရာပြောပြသော မြန်မာ့မြေ၏ နွေအလှသည် ဤမြေလတ်နှင့် အညာမှာသာရှိသည်။ ဝေးဝေးထွက်ကြည့်ရန်မလို။ ကျောင်းဝင်းတွင်းထွက်၍ နွေရှုခင်းကို ကြည့်ပါ။

သဲမြေတို့က ဝါရွှေရွှေ ရှိသည်။ ထနောင်းပင် စသည်တို့ကလည်း ဝါဝါရွှေရွှေပင်။ ထနောင်းရွက်တို့ကသာ မြမြ စိမ်းအောင် မှောင်၍ ရင်ကို အေးစေသည်။ ဘဘာဝပြက္ခဒိန်ဟု ဆရာခေါ်သော လက်ပံပင်များကလည်း ကားကားစွင့်သော ပတ္တမြားပွင့်များနှင့် တင့်တယ်နေ၏။ နေမင်းက မပူ။ ရှစ်ခွင်တိုင်းက အုံ့ဆိုင်း၍ ညှိမှောင်သည်။ သြော် နုနုငယ်တို့ရွာ အရှေ့ဘက် ရှမ်းရိုးမ၏ တောင်တစ်ခွင်ဝယ် သဇင်ကြွင်းနှင့် အင်ကြင်း သင်္ကာညွန့်တို့ ဖူးကွန့်ကိုက်စီ နေလေရော့မည်။ နေလေရော့မည်။

နွေကန္တာဦး၌လည်း သူ့အဖူး၊ သူ့အပွင့်၊ သူ့အရွက်၊ သူ့အငွေ့၊ သူ့အသက်၊ သူ့ရက်နှင့်သူ သူ့ဂုဏ်ယူ၍ သူ့မူ သူ့ဟန် သူ့ဆင်းကြွန်နှင့် သူ့ ပင်ကိုယ်အလှ သဏ္ဌာန် အမှန်ပင် ရှိလေစွတကား။

www.myanmarcupid.net

နွေကိုချစ်မိသော သည်ရက်များသည် နှင်းငွေအတွက် ကြည်နူးဖွယ်ကောင်းသော ရက်များလည်း အမှန်ဖြစ်ခဲ့သည်။ ပျော်ဖွယ်ကောင်းကောင်းသော ရက်များဟုမူ ဆိုရမည် ခက်၏။

ကြည်နူးရသည်မှာ နုနုငယ်ကြောင့်ဖြစ်သည်။ ပျော်ဖွယ်ကောင်းသည်ဟု မဆိုနိုင်ခြင်းမှာလည်း နုနုငယ်ကြောင့်ပင် ဖြစ်သည်။

ဟိုတစ်နေ့က စ၍ ကျောင်း၌ ခင်မင်ခဲ့ကြရပြီ ဖြစ်သော်လည်း နုနုငယ်၏ စိတ်ကို နှင်းငွေ အစိုးမရ။

တစ်ဦးချင်း တစ်ယောက်ချင်းတွေ့၍ သွားစကားပြောလျှင် ယခုတိုင် နုနုငယ်က စိုးစိုးရွံ့ရွံ့နိုင်သည်။ အတန်ငယ် စိမ်းစိမ်းလေးလည်း ဆက်ဆံသည်။ ဟိုယခင် ခင်တန်းရိပ်တွင် တွေ့ကြစဉ်က နောက်ဆုံးဆက်ဆံလိုက်ပုံနှင့် လုံးဝမတူ။ အများသူငါရှေ့မို့ ရှက်နေသည်လော။ နုနုငယ်၏ သဘောကို သူမပြောတတ်။

ညွန့်မေ၊ ဘခက်တို့နှင့် လေးယောက်အတူ ရှိကြပြန်လျှင်မူ နုနုငယ်က တစ်မျိုးဖြစ်၏။ အမူအယာလေးသည် လွတ်လပ်၍ နှုတ်လည်း သွက်ပြန်တော့သည်။ အထူးသဖြင့် ဘခက်နှင့် ဆက်ဆံရာ၌ နုနုငယ် ပိုမိုလွတ်လပ်သည်။ ဘခက်ဆိုသည့်ကောင်က နုနုငယ်ကို စချင်လည်း စသည်၊ နောက်ချင်လည်း နောက်သည်။ နုနုငယ်ကလည်း ဘခက်ကို အားမနာတတ်။

စာမေးပွဲနီး၍ နေ့တစ်ဝက်သာ ကျောင်းတက်ရချိန်များသည် ကြည်နူးသာယာဖွယ် ရှိလှ၏။

မြို့ပေါ်နေ ကျောင်းသားကျောင်းသူများက အိမ်ပြန်ကုန်ကြသည်။

နှင်းငွေက ဘခက်၊ ညွန့်မေ၊ နုနုငယ်တို့နှင့် ကျောင်း၌ နေရစ်သည်။ စာအတူတူကျက်ကြသည်။ သင်္ချာ အပြိုင် တွက်ကြသည်။

ကျောင်းကြီး တစ်ခုလုံးမှာ တိတ်ဆိတ်နေသည်။ အပြင်မှ လေရူးဝှေ့သံ၊ သစ်ရွက်ကြွေသံများကို ကြားရ၏။ ဥဩလည်း တေးဆိုနေပြီ။

ဘခက်သည် ညွန့်မေ၏ မျက်နှာလေးကို မြင်နေရသောကြောင့် ရင်ထဲ မည်သို့ရှိမည် မသိ။ နုနုငယ်၏ ဖွေးဖွေးနုသော မျက်နှာလေးကို အနီးကပ် မြင်ခွင့်ရရှိလေသောကြောင့် နှင်းငွေ၏ ရင်မှာ ကြည်နူးလှပါ၏။

ငြိမ်၍ တိုးတိုး စာကျက်သည့်အခါလည်း ကျက်ကြသည်။ ဆွေးနွေးရင်း ငြင်းခုံသည့်အခါလည်း ငြင်းခုံကြသည်။

မြန်မာစာနှင့် ပထဝီတွင် ညွန့်မေက ရှေ့မှပြေးသည်။ ဂျီအိုမက်ထရီနှင့် အထွေထွေသိပ္ပံဆိုလျှင် နှင်းငွေက ဗိုလ်လုပ်သည်။ သမိုင်းဆိုလျှင်ကား ဘခက်သည် သင်ရိုးညွှန်းတမ်းတွင် ပါဝင်သည်တို့အပြင် သင်ရိုးညွှန်းတမ်းမှအပ မြန်မာ့သမိုင်း၊ ကမ္ဘာ့သမိုင်း စသည်တို့ကို လူမှုတော်လှန်ရေး၊ လူတန်းစား ပဋိပက္ခစသော နိုင်ငံရေးသဘောတရားအမြင်နှင့် ရှင်းပြကာ ပါမောက္ခကြီး လုပ်တော့၏။

နုနုငယ်က အင်္ဂလိပ်စာနှင့် ပတ်သက်လျှင် ခေါင်းဆောင်၏။ ကွန်ဗင့်ကျောင်းထွက်မို့ နုနုငယ် အင်္ဂလိပ်စာ တော်သည်မှာ မဆန်း။ ဆန်းသည်မှာ နုနုငယ်သည် အက္ခရာသင်္ချာ၌ တော်လွန်းခြင်းပေတည်း။

အက္ခရာသင်္ချာကို ပြိုင်တွက်ကြတိုင်း ကျန်သုံးဦးတို့ ပုစ္ဆာတစ်ဝက် မပြီးမီ နုနုငယ်က အဖြေရနေတတ်၏။

" အလကားပါ၊ နုနုငယ်က အိမ်က တွက်ပြီးသားနဲ့ တို့ကို အနိုင်ယူတယ် "

ဘခက်က စသည်။ နုနုငယ်၏ မျက်လုံးများ ဝင်းဝင်းတောက်သွား၏။

" ဘာလို့ ဒီလိုပြောရတာလဲ၊ အစ်ကိုဘခက် မယုံရင် တွက်ချင်တာ တွက်ခိုင်း "

ဘခက်က ပြဌာန်းစာအုပ်မှ သူရွေးချင်ရာရွေးပြီး တွက်ခိုင်းသည်။ နုနုငယ်က မျက်နှာစူထားလျက် လက်က သွက်သွက်နှင့် လျင်မြန်စွာ တွက်ချလိုက်၏။ နုနုငယ်ရသော အဖြေနှင့် စာအုပ်နောက်ဆုံးမျက်နှာများ၌ ပြထားသည့်အဖြေ တူနေသောအခါ ဘခက် မျက်လုံးပြူး၏။

" ကဲ . . . ယုံပြီလား "

" အာ . . . အာ . . . ယုံပါပြီ၊ နုနုငယ်က သိပ်တော်တာပဲဟေ့ "

" အခုမှ ချီးမွမ်းမနေနဲ့၊ အစ်ကိုဘခက်ကို နုငယ် သိပ်မုန်းတာပဲ "

" ဟေ . . . ဘာဖြစ်လို့ "

" အစ်ကိုဘခက်က နည်းနည်း ဟိုဒင်း . . . လူပါးဝလို့ "

ဘခက် ပါးစပ်ပြဲသွား၏။ ညွန့်မေက ခစ်ကနဲ ရယ်သည်။ အားနာသော နှင်းငွေက ဝင်ပြောသည်။

" နုငယ်ရယ် . . . ဘခက်ကို ဘယ်လိုပြောလိုက်တာတုန်း "

နှင်းငွေမေးသည်ကို နုနုငယ်က မတုန့်ပြန်။ မျက်နှာအမူအယာက မလျော့ပ်ရှား။ မျက်လွှာကို ငြိမ်စွာ ချထား၏။

ပါးစပ်ပြဲနေရာမှ ဘခက်က အားရပါးရ အော်ရယ်သည်။

www.myanmarcupid.net

“ ဟော့ကောင် နှင်းငွေ၊ နုနုငယ်ကို အပြစ်မတင်နဲ့၊ နုနုငယ်ပြောတာ မှန်တယ်၊ ငါကလဲ လူသောက်မြင်ကပ်အောင်ကို လုပ်ပါးဝတဲ့ကောင်၊ နုနုငယ်ရေ အစ်ကို စိတ်မဆိုးဘူး၊ နုနုငယ်က မှန်တာပြောတာကိုး ဟား ဟား ”

နုနုငယ်က မျက်လွှာမပင့် ခေါင်းမမော့ဘဲ ရယ်ပြုံးလေ၏။

အံ့သြဖွယ် မြန်လွန်းသော နုနုငယ်၏ ဦးနှောက်အကြောင်းကို မကြာမီ ထပ်တွေ့ကြသည်။

စာမေးပွဲ စစ်ကာနီးပြီမို့ ကျောင်းရက်နားတော့မည်။ အထူးတစ်ရက်အနေဖြင့် ဆရာဦးတင်ညွန့်က ညနေတစ်ချိန် ယူပေးသည်။

ဆရာက အက္ခရာသင်္ချာများကို ကျောက်သင်ပုန်းကြီးပေါ်၌ ရေးပေးပြီး ပြောသည်။

“ တွက်ကြည့်ကြစမ်း၊ တစ်ဝက်မှန်တဲ့လူ ပရီမက်ထရစ် မဟုတ်ဘူး၊ နောက်နှစ်ခါ မက်ထရစ်ပါ အောင်မယ်လို့ ဆရာ အာမခံတယ် ”

ဆရာက နေရာ၌ ပြန်ထိုင်သည်။ ကျောင်းသားကျောင်းသူ အသီးသီးက ပုစ္ဆာရေးကူးကြသည်။

ပုစ္ဆာရေးကူးအပြီး နှင်းငွေက တစ်ပုဒ်မျှသာ တွက်ပြီးချိန်တွင် ဆရာ့အသံကြားရသောကြောင့် ခေါင်းထောင်ကြည့်မိ၏။

“ တွက်မရလို့လား နုနုငယ်၊ မရရင်လဲ နေဦး၊ ဆရာရှင်းပြတော့ ကြည့်ပေါ့ ”

ဆရာ့ဘေး၌ရပ်ရင်း နှုတ်မှမဖြေဘဲ နုနုငယ်က စာအုပ်ကိုသာ ပြ၏။

စာအုပ်ကို အမှတ်မထင် ကြည့်မိရာမှ ဆရာ့မျက်နှာ၌ အံ့သြသော အမူအယာ ပေါ်လာ၏။ ဆရာသည် အကျင့်ပါ နေသည့်အတိုင်း ခဲတံအနီကို ကောက်ကိုင်ကာ အမှတ်ခြစ်နေ၏။ အဆုံး၌မူ ဝမ်းသာအံ့သြဟန်ဖြင့် နုနုငယ်ကို မော့ကြည့်ပြီး ဆိုသည်။

“ အားလုံးလဲ ပြီးတယ်၊ အားလုံးလဲ မှန်တယ်၊ ဒီပုစ္ဆာတွေကို တက်(စ်)ဘွတ်(ခ်)ထဲကသာ ထုတ်ပေးမိတာဆိုရင် ဆရာ ဒီလောက် အံ့သြမိမှာ မဟုတ်ဘူး၊ ငါ့တပည့်မ သိပ်တော်တယ်ကွယ် ”

အချိန်စေ့၍ ပုစ္ဆာများ ထတွက်ပြသောအခါ ဂေါ့(စ်)ဟုခေါ်သော သင်္ချာနှင့် ရူပဗေဒပညာရှင်ကြီးအကြောင်းက စပြောသည်။

ဂေါ့(စ်) ငယ်စဉ်က သူငယ်တန်း၌ဖြစ်သည်။ အတန်းဆရာက အခြားအလုပ်ရှိသောကြောင့် ကလေးများငြိမ်နေရန် တစ်မှ တစ်ရာအထိ ဂဏန်းများကို ပေါင်းခိုင်းထားသည်။ ကလေးတို့အတွက် အချိန်တော်ယူရပေမည်။ ဆရာ့အနေနှင့်လည်း သူလုပ်စရာကို ပြီးအောင်လုပ်နိုင်မည်။ သို့ရာတွင် ဆရာ့ရည်ရွယ်ချက် မမြောက်။ အကြောင်းမှာ ဂေါ့စ်က မိနစ်ပိုင်းအတွင်း အဖြေမှန်ကို လာပြသောကြောင့်တည်း။ ဆရာ မျက်လုံးပြူးသွားရ၏။ ဂေါ့(စ်)သည် ပေါင်းရိုးပေါင်းစဉ် မပေါင်း။ ဥပမာ တစ်မှ တစ်ဆယ်အထိ ပေါင်းရမည် ဆိုပါစို့၊ ဂေါ့စ်က ငါးနှင့် တစ်ဆယ်ပေါင်း ဆယ့်ငါးကို ဖယ်ထားလိုက်၏။ ထို့နောက် ငါး၏ လက်ဝဲလက်ယာရှိ အနိမ့်ဆုံးနှင့် အမြင့်ဆုံးဂဏန်းများကို ပေါင်း၏။ တစ်နှင့်ကိုး၊ နှစ်နှင့် ရှစ်၊ သုံးနှင့် ခုနစ်၊ လေးနှင့် ခြောက်၊ အားလုံး တစ်ကွဲစီပေါင်းလျှင် တစ်ဆယ်စီရ၏။ လေးတွဲရှိသောကြောင့် လေးဆယ်ရသည်။ ထိုလေးဆယ်၌ ဖယ်ထားသော ဆယ့်ငါးကို ထည့်ပေါင်း၊ ငါးဆယ်ငါးတိတိရ၏။ ထိုနည်းစနစ်အတိုင်း ကျန်ဆယ်စုများကို လွယ်လွယ်မြန်မြန် ပေါင်းနိုင်၏။ သူငယ်တန်းကျောင်းသားလေး ဂေါ့(စ်) စတွေ့ခဲ့သည့် ဤစနစ်မှာ ယခုအခါ သင်္ချာကိန်းသေနည်းတစ်ခု ဖြစ်လာရပြီ။ ကြီးပြင်းလာသောအခါ၌ ဂေါ့(စ်)မှာလည်း ကမ္ဘာကျော် သမိုင်းဝင် သိပ္ပံပညာရှင်ကြီးတစ်ဦး ဖြစ်လာ၏။

ဂေါ့စ်နှင့် နှိုင်းကာ နုနုငယ်ကို ဆရာက ချီးမွမ်း၏။ ရှစ်တန်းနှင့် မက်ထရစ်အောင်ပြီး တက္ကသိုလ်ရောက်လျှင် မြန်မာမဒမ်ကျူရီ ဖြစ်ပါစေဟုလည်း ဆုပေးသွား၏။

ထိုညနေက အတန်းသည် နောက်ဆုံးအတန်းချိန်ဖြစ်၏။ အတန်းချိန်အပြီး၌ ချီးမွမ်းနှုတ်ဆက်ရန် နှင်းငွေက နုနုငယ် အနီးသို့ ကပ်သွားသည်။

နုနုငယ်သည် မတုန်မလှုပ်နှင့် ထိုင်နေ၏။ မျက်နှာမဖော်ဘဲ ခေါင်းငုံ့ထား၏။

“ နုငယ်ရေ . . . နုငယ် . . . သိပ်တော်တာပဲ၊ နုငယ်အတွက် ကိုယ် သိပ်ဂုဏ်ယူတာပဲ၊ ဟင် . . . အို ”

နှင်းငွေက စကားကို အာမေဋိတ်များနှင့် ဆုံးလျက်ရပ်လိုက်ရ၏။ ခေါင်းငုံ့ထားသော နုနုငယ်၏ ပါးပြင်တွင် မျက်ရည်ကြောင်းများကို တွေ့ရသောကြောင့်တည်း။

“ အို . . . နုငယ် ငိုနေတယ်၊ ဘာဖြစ်လို့ ”

နုနုငယ်၏ ခေါင်းသည် ဆတ်ကနဲ မော့လာ၏။ စူးရှအေးစက်သော မျက်လုံးများက နှင်းငွေကို စိုက်ကြည့်နေသည်။ မမြင်ဖူးသော သူစိမ်းတရံဆံ လူတစ်ယောက်ကို ကြည့်သည့် အကြည့်မျိုးပင်ဖြစ်၏။

နုနုငယ်၏ စိမ်းကားသောအကြည့်ကြောင့် နှင်းငွေ အားငယ်သွား၏။ ပျက်တော့မည့်အပြုံးကို ဇွတ်အတင်း ဆွဲထားရင်း နုနုငယ်၏ မျက်လုံးများကို ဝမ်းနည်းစွာ ပြန်ကြည့်နေမိ၏။

www.myanmarcupid.net

နုနုငယ်၏ မျက်လုံးများက မသိမသာ ဝိုင်းလည်သွား၍ ခေါင်းလည်း ပြန်ငုံ့သွား၏။

" နုငယ်ဆီ ကိုယ်လာစကားပြောတာ နုငယ် မကြိုက်ဘူးလား၊ အင်းလေ ကိုယ်ကလဲ တခြားကျောင်းသား ကျောင်းသူတွေ ရှေ့မှာ တစ်ယောက်တည်း လာပြောမိတာကိုး "

နုနုငယ်သည် သူ့စကားကို မပြန်ဘဲ ခုံပေါ်ရှိ စာအုပ်များကို လွယ်အိတ်တွင်းသို့ ထိုးထည့်နေသည်။ ကိစ္စပြီးမှ မျက်နှာလေး စွေကာ နှင်းငွေကို စောင်းစောင်းကြည့်သည်။ မျက်နှာလေးကလည်း ဘာမျှမဖြစ်ခဲ့လေဟန် တည်ငြိမ်နေပြန်၏။

" ကိုယ်က မဟုတ်တာ ဘာလို့ လာပြောတာလဲ "

" ဗျာ . . . ဘာပြောမိလို့လဲ "

" နုငယ်ကို ငိုနေတယ်ဆို၊ ကိုယ် မဟုတ်တာပြောတာ "

" နို့ နုငယ်ပါးမှာ မျက်ရည်ကြောင်းတွေနဲ့ "

နုနုငယ်သည် ပန်းရောင် လက်ကိုင်ပဝါလေးနှင့် ပါးပြင်မှ မျက်ရည်များကို လျင်မြန်စွာ သုတ်ပစ်လိုက်၏။ ထို့နောက် နေရာမှထကာ မျက်နှာလေးက ထန်ထန်၊ အသံက မာန်အပြည့်နှင့် မေးသည်။

" မျက်ရည်ကျတိုင်း ကိုယ်က ငိုတယ်လို့ ထင်သလား "

" ဩော် . . . ဒါတော့ နုငယ်ရယ် . . . "

သူ့စကားမဆုံးခင် နုနုငယ်က နေရာမှထကာ ထွက်ခွာသွား၏။

သူက ငြိမ်နေရာမှ နောက်က လိုက်၏။

အခန်းဦး တံခါးပေါက်၌ နုနုငယ် တုန့်ကနဲ ရပ်သွား၏။

သူက မီလာ၏။ အခန်းပေါက်မှ ခေါင်းပြူကြည့်လျှင် ဆိုက်ရောက်နေပြီဖြစ်သော မြင်းလှည်းကို တွေ့ရ၏။ မြင်းလှည်းဘေး မြေပြင်တွင် စိတ်တိုနေသော မျက်နှာထားနှင့် ရပ်နေသည့် နုနုငယ်၏ ဖခင်ကို မြင်နိုင်၏။

နုနုငယ်က ကြောက်အားလန့်အား ဆိုသည်။

" နုငယ် ကျီစားတာပါ၊ ကိုယ့်ကို နုငယ် ခင်ပါတယ်၊ နုငယ်သွားတော့မယ်၊ ကိုယ် မလိုက်ခဲ့နဲ့နော် "

နုနုငယ်၏ အမိန့်ကို နာခံလျက် နှင်းငွေသည် နေရာ၌ ကျောက်ရုပ်ကဲ့သို့ ငြိမ်ရပ်နေ၏။

နုနုငယ်က အပြေးလေး ထွက်ခွာသွား၏။

အတန်ကြာမှ နှင်းငွေသည် အခန်းတွင်းမှ ထွက်လာ၏။

ကျောင်းဝင်းအပြင်ဘက်၌ မြင်းလှည်း မရှိတော့ပြီ။

ပတ်ဝန်းကျင်ရှိ ပင်အိုပင်ပျိုတို့က ရွက်ဝါတွေ ကြွေပြနေ၏။ မြရောင်လွင်သော ကျောင်းတွင်း တမာပင်တို့အောက် မြေတလင်း၌ ရွှေရွက်အိုတို့ ညိုမှောင်နီဝါလျက် ပန်းချီဆေးရောင်ရှုံးအောင် ဖုံးလွှမ်းနေသည်။

နေကညို၍ မြူက ဆိုင်းဆို့လာသည်။ မြန်မာကုက္ကိုပင် ညိုညိုထက်မှ ဥသြငှက်၏ တေးသံချိုချိုကို ကြားရ၏။ ကြားရလေ၏။

❑

## အခန်း ( ၁၂ )

## နားမလည်သောနေ့တစ်နေ့

နေကညို၍ မြူက ဆိုင်းဆို့နေသည်။ မြန်မာကုက္ကိုပင် ညိုညိုထက် ဥသြငှက်၏တေးသံ ချိုနေဆဲတည်း။

တစ်ခါတုန်းကကဲ့သို့ပင် နှင်းငွေသည် လေသေနတ်လေးကိုင်လျက် ခင်တန်းဆီ လျှောက်လာခဲ့သည်။

သူက ငှက်ပစ်ရင်း နယ်ကျွံလာသည် မုဆိုးပေါက်စဟန်ကို ဆောင်ထား၏။ သို့ရာတွင် သောနုတ္တိုရ်လေး၏ ခြေတို့က မသွက်။ မိမိ ခြေမသွက်ကြောင်း မိမိသာလျှင် အသိဆုံးဖြစ်၏။

စာမေးပွဲပြီး၍ ကျောင်းပိတ်သည်မှာ ကြာခဲ့ပြီ။ မေမေပင် တွံတေးသို့ သွားခဲ့ပြီဖြစ်သည်။ ယခုနှစ် တွံတေးသို့ နှင်းငွေက မလိုက်ဟု ဆိုသောအခါ မေမေ့မှာ အံ့ဩလွန်း၍ မျက်လုံးများပင် ပြူးသွားခဲ့သည်။ နှင်းငွေက လုံလောက်သော ဆင်ခြေ ပေးနိုင်ခဲ့၏။

နှင်းငွေတို့ တက်နေသော ရှစ်တန်း၏ ထိုစဉ်က အမည်မှာ ပရီမက်ထရစ်ဟု ခေါ်သည်။ အကြိုတက္ကသိုလ်ဝင်တန်းဟု အဓိပ္ပါယ်ရသည်။ နောင်နှစ်ခါ ကျောင်းပြန်ဖွင့်လျှင် တက္ကသိုလ်ဝင်တန်းသို့ တက်ရမည်။ တက္ကသိုလ်ဝင်တန်းသည် ခက်၏။ တက္ကသိုလ်ဝင် စာမေးပွဲ၌ တစ်ပြည်လုံး အကျများ၏။ တက္ကသိုလ်ဝင်စာမေးပွဲဆိုသည်မှာလည်း လူငယ်တစ်ဦး၏ ကံကြမ္မာကို အဆုံးအဖြတ်ပေးသော ကြောက်မက်ဖွယ် စာမေးပွဲကြီးဖြစ်၏။ နှင်းငွေက သည်တစ်နှစ် နွေကျောင်းပိတ်ရက်အတွင်း ဘယ်ဆီမှ မလည်ဘဲ တက္ကသိုလ်ဝင်တန်းစာမေးပွဲအတွက် ကြိုတင်ပြင်ဆင်ထားချင်သည်ဟု အကြောင်းပြသည်။ နှင်းငွေ၏ဆန္ဒကို မေမေက ကြည်ကြည်ဖြူဖြူ လိုက်လျောခွင့်လွှတ်ခဲ့၏။ ထို့ကြောင့် သည်နှစ် တွံတေးသို့ မေမေတစ်ယောက်တည်း ပြန်သွားရ၏။

အမှန်မှာ နှင်းငွေ၏ အကြောင်းပြချက်၌ သစ္စာတစ်ဝက် မုသားတစ်ဝက် ပါသည်။ နှင်းငွေသည် လူငယ်တိုင်း ကဲ့သို့ပင် တက္ကသိုလ်သို့ သွားချင်၏။ တက္ကသိုလ်သည်လည်း နှင်းငွေအတွက် မစိမ်းလှ။ ဖေဖေက တက္ကသိုလ်ထွက် ဖြစ်သည်။ ဖေဖေ့ စာကြည့်ခန်း၌ ဖေဖေတို့ခေတ်က တက္ကသိုလ်မဂ္ဂဇင်းများမှသည် ယခုခေတ်၏ တက္ကသိုလ်မဂ္ဂဇင်းများအထိ ရှိသည်။ ဤတက္ကသိုလ်မဂ္ဂဇင်းများကို လှန်လှောကြည့်မိရာမှ နှင်းငွေသည် တက္ကသိုလ်မြေနှင့် အလိုလို ရင်းနှီးနေသည်။

ပိုမိုရင်းနှီးရသည့် အခြားအကြောင်း တစ်ကြောင်းကား ဖေဖေ့နှမ ယောက်ျား ဖေဖေ့ယောက်ဖ ဦးဦးသာလှိုင်သည် တက္ကသိုလ်မှ ရူပဗေဒကထိက ဖြစ်၏။ တွံတေးသို့ အဆင်းနှင့် တွံတေးမှ အပြန်တွင် မေမေသည် ဦးဦးသာလှိုင်တို့၏ တက္ကသိုလ်မြေမှ အိမ်တွင် အမြဲတည်းလေ့ရှိသည်။ ပညာတော်သမ္ဘာ အရပ်ပု၍ စိတ်တိုတတ်သော ဦးဦးသာလှိုင် တစ်ယောက်ကိုမူ နှင်းငွေက ချစ်ရသေးသည်။ ဦးဦးသာလှိုင်က တွေ့တိုင်း နှင်းငွေ၏ သင်္ချာနှင့် အထွေထွေသိပ္ပံပညာကို စစ်ဆေးတတ်သည်။ နှင်းငွေက ချက်ကျလက်ကျ ဖြေတတ်သောအခါ ဦးဦးသာလှိုင်က ပုခုံးပုတ်ပြီး အားပေး၏။

“ သတ္တဝါကလေး နင် သိပ်တော်တယ်၊ တက္ကသိုလ်ရောက်အောင် ကြိုးစား ကြားလား၊ ရည်းစားမှုတွေ မပွေနဲ့ ”

ဦးဦးသာလှိုင်ထက် တစ်လက်မခန့် အရပ်ပိုမြင့်သော သတ္တဝါလေး နှင်းငွေကလည်း တက္ကသိုလ်သို့ ရောက်ချင်သည်မှာ အမှန်ပင် ဖြစ်ပါ၏။

ယခုနွေ သာစည်၌ ဆရာ ဦးတင်ညွန့်တို့က ကျောင်းအားရက်၌ အနားမယူ ကြိုးစား၍ ပညာလိုလားသော တပည့်များကို အဖိုးအခ မယူဘဲ တက္ကသိုလ်ဝင်တန်းအတွက် ကြိုတင်လျက် နံနက်တိုင်း စာပြပေးနေကြသည်။ သင်တန်းကို ညွန့်မေနှင့် နှင်းငွေ မှန်မှန်တက်သည်။ ကိုရွှေဘခက်ကမူ သမဂ္ဂများ အလုပ်အမှုဆောင် အစည်းအဝေးရှိသည်ဆို၍ ရန်ကုန် ရောက်နေ၏။ နုနုငယ်လည်း လာမတက်။ ငိုပြလွန်း၍သာ ကျောင်းနေခဲ့ရသည် ဆိုပါသော နုနုငယ်ကို စိတ်တိုသော သူ့အဖေသည် အပိုသင်တန်းသို့ မပို့သည်မှာ မဆန်း။

နံနက်တိုင်း နှင်းငွေသည် ဤသင်တန်းကို တက်၏။ ကြိုးစား၍လည်း စာကျက်သည်။ မေမေကိုပေးခဲ့သော အကြောင်းပြချက်မှ သစ္စာတစ်ဝက်တည်း။

မုသားတစ်ဝက်ကိုလည်း ဝန်ခံရမည်။ မေမေက ပူအိုက်သောကြောင့် တွံတေးသို့ သွားသည်ဆို၏။ တစ်ဝက်သာလျှင် မှန်ချိမ့်မည်။ တွံတေးမှ ယောက်မများနှင့် မတ်များ၊ တွံတေးဝမှ ဆွေမျိုးများ၊ ဒလ ပျော်ဘွယ်ကြီးမှ ဖခင်အိုနှင့် မိခင်ရင်း မဟုတ်သော်လည်း မိခင်ပမာပင်မည်သည့် ပျော်ဘွယ်ကြီးသူ မိထွေး၊ ဤသံယောဇဉ်ကြိုးတို့ကလည်း အကြောင်းရင်းတစ်ရပ် အနေနှင့် မေမေ့ကို ဖွဲ့ငင်ဆွဲဆောင်နေလိမ့်မည်။ မေမေ့သား နှင်းငွေမှာလည်း သံယောဇဉ်ရှိပြီ ဖြစ်သည်။ မေမေ့သား နှင်းငွေက သာစည်၏ နွေကို ချစ်မိပြီ။ ရွာမွန်သာမှ ယုန်ဖြူမလေး နုနုငယ်ကိုလည်း . . . ။

ခင်တန်းဆီသို့ နှင်းငွေသည် ဖြည်းဖြည်းလေး လျှောက်လာနေ၏။

ကျောင်းပိတ်ရက်အတွင်း ဤခင်တန်းဆီသို့ နှင်းငွေ ရောက်လာမိသည်မှာ ငါးကြိမ်ရှိပြီ။ နုနုငယ်နှင့် မတွေ့ခဲ့ရ။ အမှန်မှာ ဤခင်တန်းရိပ်၌ မိမိ နုနုငယ်ကို တစ်ကြိမ်သာ တွေ့ခွင့်ရသေးသည်။ ပထမဦး တွေ့ခဲ့စဉ် အကြိမ်သာ ဖြစ်၏။

ပထမဦး တွေ့ခဲ့ကြပြီး၍ သိက္ခမ်းမှုကြောင့် ကျောင်း၌ နေ့စဉ်ဆုံကြ၊ ခင်ကြ၊ ပွန်းတီးခဲ့ရသည်။ ဤခင်တန်းသို့ လာရန် အကြောင်းမရှိ။

ကျောင်းပိတ်လိုက်ပြန်တော့ ကိုနှင်းငွေ ဤခင်တန်းဆီသို့သာ ခြေဦးလှည့်ရလေသည်။ ဤခင်တန်းမှလွဲ၍ မိနုငယ်နှင့် တွေ့ရန် အဘယ်သို့ သွားရပါမည်နည်း။ ခင်တန်းဆီ ငါးကြိမ်ရောက်ပြီးသည်အထိ နုနုငယ်နှင့် မတွေ့ရပြန်တော့ နှင်းငွေ အားလျော့ချင်လာသည်။ ထို့ကြောင့် ခြေလှမ်းတို့ကလည်း နှေးကွေးနေ၏။

နှင်းငွေ ခင်တန်းရိပ် ရောက်မဆိုင်တွင်ပင် ခြံကြီးအတွင်းမှ မြင်းလှည်း ထွက်လာ၍ ရွာဘက်သို့ အပြင်း မောင်းနှင်သွားသည်။

နှင်းငွေသည် ခုန်သောရင်၊ ကြိုတင်သိသော ဗီဇဉာဉ်ဖြင့် ခြံကြီးဆီ လှမ်းကြည့်သည်။

နှင်းငွေ၏ မျှော်လင့်ချက် မှန်လေပြီ။

www.myanmarcupid.net

ခြံကြီး၏ နောက်ပိုင်းဆီမှ နုနုငယ် ပြေးထွက်လာ၏။ လေကိုခွင်း၍ ပြေးစဉ် နုနုငယ်၏ ပုခုံးကျော်စ ဆံပင်တို့သည် ဖားဝေလွင့်ပျံလျက်ရှိသည်။

နှင်းငွေကလည်း စတင်ပြေးသည်။ စိန်ပြေးတမ်း ကစားဘိအလား အားသွန်ပြေးသည်။ ထိုနေရာလေးကို ဘယ်သူ ဦးခင် မဦးခင်။

မညီသော ခင်တန်းမြေ၊ ကာဆီးနေသော ချုံနွယ်များနှင့် ဆူးပင်တို့ကြောင့် နှင်းငွေ နောက်ကျ၏။

ထိုနေရာ ရေအိုင်လေးတွင်း၌ ရေပြက်သိကာမျှ ရှိလေသေး၏။ ရေပြင်တွင် ပတ္တမြားနီပွင့်များလည်း ရှိနေပြန်ပြီ။

ဆင်ခြေ မလျောတလျောရှိသည့် ကုန်းမြေထက်တွင် နုနုငယ်သည် ပက်လက်ကလေးလန်လျက် လဲနေ၏။

နှင်းငွေ၏ ရင်တွင် ရှေးဦးစွာပေါ်လာသည့် သဘာဝစိတ်ကား စိုးရိမ်မှုနှင့် ပြေးထူရန်ဖြစ်သည်။

သို့ရာတွင် ပြေးမထူဝံ့၊ အနားသွားကပ်ရပ်ကာ ငုံ့ကြည့် အကဲခတ်မိ၏။

နုနုငယ်၏ မျက်တောင်ကော့များက စင်းပိတ်လျက်၊ မျက်လုံးများကား မှိတ်ထားလျက်၊ အသက်ရှုဟန် မြန်သော်လည်း မှန်နေ၏။ သွေးရောင်နှင့် ပါးကလေးများ ရဲနေလင့်ကစား၊ မျက်နှာလေးက ကြည်ကြည်လင်လင်ပင်၊ ကြည်ကြည်လင်လင်ပင်။

နှင်းငွေက မလှုပ်ရဲ၊ စ၍လည်း မခေါ်ဝံ့၊ ငြိမ်လျက်သာ ငုံ့ကြည့်နေ၏။

နုနုငယ်၏ မျက်တောင်များ ပြန်ပွင့်လာ၏။ မျက်လုံးများက နှင်းငွေကို တွေတွေ စိုက်ကြည့်နေသည်။ ဤမျက်လုံးများက စူးရှသည်၊ မသိမသာလည်း လည်နေသည်။ နှင်းငွေ အခါခါ သတိပြုမိသကဲ့သို့ ရင်းနှီးမှုကို အမှတ်မပြု သယောင် အနည်းငယ်လည်း စိမ်းနေ၏။

နှင်းငွေသည် နုနုငယ်၏ ဘေးမကွာ့တကွာ မြေပြင်၌ အေးဆေးစွာ ထိုင်ချလိုက်၏။

နုနုငယ်က မထသေး။ မျက်လုံးများကမူ နှင်းငွေ လှုပ်ရှားသမျှကို လိုက်ကြည့်နေသည်။

နှင်းငွေက မြေပြင်မှ လက်ပံပွင့်တစ်ပွင့်ကို ကောက်ယူသည်။ ပထမ ရေအိုင်တွင်းသို့ ပစ်ပေါက်ထည့်မည် ရွယ်၏။ ထိုနောက်မှ လက်ကိုဆန့်တန်းပြီး လက်ပံပွင့်ကို ရေပြင်ပေါ်သို့ အသာအယာကျအောင် ချလွှတ်လိုက်သည်။

" နောက်တစ်ပွင့် "

နုနုငယ်အသံ ကြားရသဖြင့် နှင်းငွေက လှည့်ကြည့်သည်။

နုနုငယ်က ထိုင်လျက်ရှိပြီး အပြစ်ကင်းသော ကလေးငယ်၏ ကြည်လင်သော မျက်နှာလေးမျိုးနှင့် သူ့ကိုကြည့်ရင်း လက်ပံပွင့်တစ်ပွင့် လှမ်းပေးနေ၏။

သူကလည်း လှမ်းယူပြီး ရေပြင်ပေါ်သို့ ညင်ညင်သာသာကျအောင် ချလွှတ်လိုက်ပြန်၏။

နုနုငယ်က နောက်ထပ်တစ်ပွင့် ပေးပြန်သည်။ သူကလည်း ယူပြီး ရှေးနည်းအတူ ရေပြင်ပေါ်သို့ ချလွှတ်လိုက်ပြန်၏။

နုနုငယ်က အသာအယာရယ်ပြီး ဆို၏။

" ကိုယ်ကလဲ သိသားပဲနော် "

နှင်းငွေက နားမလည်ဘဲ နုနုငယ်ကို ပြန်ကြည့်သည်။

" ဒီပန်းလေးတွေအကြောင်း ကိုယ်လဲ သိတယ်လို့ ပြောနေတာ၊ သူတို့က ယုယမှ ကြိုက်တယ်၊ အပင်ပေါ်က ကျလာတော့ သူ့ခမျာတွေ နာနေတယ် "

သူက ရယ်ရမည်လော၊ ပြုံးရမည်လော မသိဘဲ နုနုငယ်ကိုသာ ငေးနေမိ၏။

နုနုငယ်က ဒူးလေးနှစ်ဖက်ကို လက်ကလေးနှစ်ဖက်နှင့် သိမ်းပွေ့လိုက်သည်။ ဒူးထက် ပါးတစ်ဖက်တင်ကာ မျက်နှာလေး စောင်းလျက် မျက်တောင်များ ပုတ်ခတ်ပုတ်ခတ်နှင့် သူ့ကို ပြုံးကြည့်နေ၏။

" ကိုယ် ဘာလို့ နုငယ်ကို စကားမပြောတာလဲ "

သူက သက်ပြင်းရှိုက်ရင်း အမှန်ကို ဝန်ခံ၏။

" နုငယ်ကို ကိုယ် စကားစပြောရမှ ကြောက်တယ်ကွယ် "

" ဘာ . . . နုငယ်ကို ကိုယ်က ကြောက်တယ် "

" ဟုတ်တယ်လေ၊ ကျောင်းမှာ နုငယ်ကို ကိုယ် စကား စလာပြောတိုင်း နုငယ်ကမှ မကြိုက်ဘဲ "

နုနုငယ်က အတန်ကြာ ငြိမ်နေ၏။ ထိုနောက်မှ ရယ်၏။

" ဟုတ်တယ်လေ၊ ကျောင်းမှာက ကိုယ်တို့က ကြောက်စရာကောင်းတယ် "

" ဘယ်လို၊ ကိုယ်တို့က ကြောက်စရာကောင်းတယ် "

" အင်းလေ၊ ကိုယ်တို့အားလုံးကို နုငယ် ကြောက်လိုက်တာ "

" အို . . . ကိုယ်တို့အာလုံးကို နုငယ် ကြောက်တယ်၊ ဘာဖြစ်လို့ "

www.myanmarcupid.net

“ ကိုယ် မြန်မာစကား မတတ်ဘူးလား၊ ကိုယ်တို့အားလုံးကို နုငယ် ကြောက်တာက ကြောက်လို့ပေါ့ ”

“ဩော် . . . ”ဟု ဆိုပြီး နှင်းငွေ ရယ်မည်ကြံ၏။ သို့ရာတွင် မရယ်ဝံ့။

“ ဒါပေမယ့် ဒီမှာတော့ ကိုယ့်ကို နုငယ် မကြောက်ပေါင်၊ ဒီမှာ နုငယ်ကို ကိုယ် စ,စကားပြောပေါ့၊ ဒီမှာ နုငယ်ကို အားလုံးက စ,စကားပြောကြတယ် ”

“ ဒီမှာ နုငယ်ကို အားလုံးက စ,စကားပြောကြတယ်၊ ဘယ်သူတွေတုန်း နုငယ် ”

နုငယ်က ရေအိုင်ဆီ လက်ညှိုးညွှန်ပြသည်။

ရေအိုင်တွင်း၌ လက်ပံပွင့်များသာ ရှိနေကြ၏။

နုနုငယ်က မြေပြင်မှ လက်ပံပွင့်တစ်ပွင့်ကို ကောက်ယူကိုင်သည်။

“ ဩော် . . . လက်ပံပွင့်လေးတွေနဲ့ နုငယ် စကားပြောသလား ”

နုနုငယ်က ဘာမျှ ပြန်မဖြေ။ လက်တွင်းမှ လက်ပံပွင့်ကိုသာ ရေအိုင်ပေါ်သို့ ရွရွလေးကျအောင် ချလိုက်၏။

နုနုငယ်ကို နှင်းငွေ အံ့ဩသွား၏။ ကျောင်း၌မူ အကွာရာသချာ တော်လွန်းသောကြောင့် နုနုငယ်ကို သူ အံ့ဩခဲ့ရသည်။ ယခုမူ စိတ်ကူးယဥ်လွန်းသူကလေးအဖြစ် အံ့ဩရပြန်သည်။

“ ဒါထက် ဟိုတစ်နေ့က နုငယ်တို့ အိမ်ပေါ်က ပီယာနိုသံ ကြားတယ်၊ ဘယ်သူတီးသလဲ၊ နုငယ် တီးသလား ”

နုနုငယ်က မျက်မှောင်လေးတွန့်၍ သူ့ကို တစ်ချက်ကြည့်ပြီး ပြန်မေး၏။

“ ကိုယ် ဘယ်က ကြားသလဲ ”

“ ဒီကပဲ ကြားတာပေါ့၊ အဲဒီနေ့က ကိုယ် ဒီခင်တန်းဆီ ရောက်ခဲ့သေးတယ်၊ နုငယ်ကို ကိုယ်ပြောပြပြီးပြီပဲ ”

နုနုငယ်သည် တွေတွေလေး ငြိမ်နေပြီးမှ ညင်သာစွာ မေးသည်။

“ ကိုယ် ပီယာနိုသံပဲ ကြားသလား၊ တခြား ဘာသံ ကြားသေးသလဲ ”

နှင်းငွေ မသိမသာ တုန်လှုပ်သွားသည်။ ဟိုတစ်နေ့ ညနေက နုနုငယ်တို့ ခြံတွင်း သရက်ပင်ကြား၌ တွေ့ခဲ့ရသော ကြောက်မက်ဖွယ် မျက်နှာကြီးကို သွားသတိရ၏။ မျက်နှာကြီးထံမှ ထွက်လာသော အသံကိုလည်း အမှတ်ရမိ၏။

“ နုငယ် ဘာမေးတာလဲ ”

“ ငိုသံကော ကြားသေးလားလို့ပါ ”

“ ဘာရယ် . . . ငိုသံ၊ ဟုတ်လား နုငယ် ”

“ ဟုတ်တယ်၊ နုငယ် ငိုသံလေ၊ ပီယာနိုတီးရင်း နုငယ် ငိုတာပဲ၊ ဘာလို့လဲဆိုတော့ ပီယာနိုကြီးကလဲ ငိုတာပဲလေ၊ သူက ဘယ်မှမသွားနိုင်တဲ့ သတ္တဝါကြီးကိုး၊ သူ့လောက် မဆိုးပေမယ့် နုငယ်ကလဲ ဘယ်မှ မသွားနိုင်ဘဲကိုး ”

နှင်းငွေက ကရုဏာသက်စွာနှင့် နုနုငယ်ကို မော့ကြည့်သည်။ နုနုငယ်ကမူ ရယ်ပြုံးနေ၏။

“ စိတ်မဆိုးနဲ့နော် နုငယ်၊ နုငယ်တို့ ဖေဖေက သိပ်ဆိုးသလား ”

နုနုငယ် ငိုင်ကျသွား၏။ ထို့နောက် ဖြည်းလေးစွာ ဖြေသည်။

“ သိပ်ဆိုးတယ်၊ သိပ်လဲ ကြောက်ဖို့ကောင်းတယ်၊ ဒါပေမယ့် နုငယ်ကို သူ သိပ်ချစ်ပါတယ် ”

“ နုငယ် မေမေကကော ”

မေးမိပြီးမှ မိမိစကားမှားသွားကြောင်း နှင်းငွေ သတိရသည်။ နုနုငယ်တို့ မေမေ ဆုံးခဲ့ပြီဖြစ်ကြောင်း ညွှန့်မေထံမှ သူသိခဲ့ပြီးဖြစ်၏။

ဤအကြိမ်တွင်မူ နုနုငယ် အတန်ကြာစွာ ငိုင်နေ၏။ ခေါင်းလေးမော့လာ၍ ပြန်မေးချိန်တွင် မျက်လုံးများ၌ မျက်ရည်တို့ ပြည့်နေ၏။

“ ကိုယ့်မှာ မေမေရှိသလား ”

“ ရှိပါတယ် နုငယ် ”

“ ကိုယ့်ကို ကိုယ့်မေမေက ချစ်သလား ”

“ သိပ်ချစ်တာပေါ့ နုငယ်၊ သိပ်လဲ အလိုလိုက်တယ်၊ ဘာဖြစ်လို့လဲ နုငယ် ”

နုနုငယ်က ခေါင်းကို ဖြည်းလေးစွာ ခါသည်။

“ နုငယ်မှာ မေမေ မရှိဘူး ”

“ဩော်” နှင်းငွေသည် ရေရွတ်လိုက်ပြီးနော် အကြင်နာဆုံးလေသံနှင့် မေးသည်။

“ နုငယ်တို့ မေမေက ဟို ဟိုဒင်း ဆုံးသွားပြီလား နုငယ် ”

နုနုငယ်က မဲ့ပြုံးပြုံးပြီး ဖြေ၏။

www.myanmarcupid.net

" ဟင့်အင်း မဆုံးသေးပါဘူး၊ ဒါပေမယ့် မေမေက နုငယ်နဲ့လဲ မနေဘူး၊ ဖေဖေနဲ့လဲ မနေဘူး၊ သူက တခြားမှာ "

သူက တခြားမှာ။ ဤစကားကို ရေရွတ်လိုက်သော နုနုငယ်၏ အသံကိုယ်၌ ဝေးလံခြင်း အနက်အဓိပ္ပါယ်ကို ပြည့်ဝစွာ ဆောင်နေ၏။

သူ ငိုင်နေခိုက် နုနုငယ်က မေးသည်။

" ဘယ်နှစ်နာရီ ထိုးပြီလဲ ကိုယ် "

နှင်းငွေက လက်ပတ်နာရီကို ငုံ့ကြည့်ပြီး ဖြေ၏။

" ငါးနာရီ ထိုးတော့မယ် နုငယ် "

" ဒါဖြင့် ဖေဖေ ပြန်လာကာနီးပြီ၊ နုငယ် ပြန်တော့မယ် ကိုယ် "

နုနုငယ်က နေရာမှ ထလိုက်၏။

သူက မတားမြစ်နိုင်၊ ပူတော့ ပူဆာမိ၏။

" ပြန်ချင်ပြန်တော့ နုငယ်၊ ဒါပေမယ့် ကျောင်းပိတ်မှ ဒီနေရာကို ကိုယ်လာတာ ငါးကြိမ်ရှိပြီ၊ နုငယ်နဲ့ အခု တစ်ကြိမ်ပဲ ဆုံမိတယ်၊ နုငယ်ကို ကိုယ် အမြဲတွေ့ချင်တယ်၊ ဘယ်တော့ လာရဦးမလဲ နုငယ် "

နုနုငယ်က မျက်လွှာပင့်၍ သူ့ကို ကြည့်သည်။

" ကိုယ်က ဘာလို့ လာမှာလဲ "

" ဩော် . . . နုငယ်ရယ်၊ နုငယ်ကို တွေ့ချင်လို့ပေါ့၊ ကိုယ့်ကို နုငယ် မလာစေချင်ဘူးလား "

နုနုငယ် ငိုင်ကျသွားပြန်၏။ အတန်ကြာမှ မျက်နှာလေးက မော့လာပြီး ခေါင်းခါ၏။

" အို . . . ကိုယ့်ကို မလာစေချင်ဘူး၊ ဟုတ်လား နုငယ် "

နုနုငယ်က သူ့ကို စိုက်ကြည့်နေ၏။

ဤမျက်လုံးများကမူ သိမ်မွေ့နေ၏။ ပျော့ပျောင်းနေ၏။ အားငယ်နေ၏။ ကြင်နာနေ၏။ ရွှန်းလဲ့ရီ တစ်ဖုံ၊ ညှိုးမှိန်အုံ့ တစ်ချီ ရှိ၏။

နုနုငယ်သည် ရယ်ခြင်းနှင့် သက်ပြင်းရောလျက် ဆို၏။

" လာစေချင်ပါတယ် ကိုယ်ရယ်၊ ဒါပေမယ့် နုငယ်နဲ့ တွေ့တာ၊ ကိုယ် ကံဆိုးတာပဲ "

" ဘာပြောလိုက်တယ် နုငယ် "

" ကိုယ် မြန်မာစကား မတတ်ပြန်ဘူးလား၊ နုငယ်နဲ့ တွေ့တာ ကိုယ် ကံဆိုးတာပဲလို့ "

သူက ဝင့်ကြွားစွာ ပြုံးလိုက်သည်။

" ကိုယ်ကတော့ ကံကောင်းတယ်လို့ပဲ ထင်နေတယ် "

နုနုငယ်ကလည်း ဘာကို သဘောကျသည် မသိ၊ လှိုက်လှဲစွာ ရယ်သည်။

" ကိုယ့်ဘာသာ ကိုယ်ထင်လေ "

နုနုငယ် ရယ်လေသောကြောင့် သူကလည်း လိုက်ရယ်သည်။

" ကဲ . . . နုငယ် သွားတော့မယ် ကိုယ် "

" နေဦးလေ ခဏ "

" ဘာလို့ နေဦး ခဏလဲ "

ယုန်ဖြူမလေးက သဘောကောင်းနေ၏။ ထိုအခါ သောနုတ္တိုရ်ကလေးကလည်း ရဲဝံ့လာသည်။

" ကိုယ် ဘယ်တော့လာရဦးမလဲ "

" ကိုယ်လာချင်တဲ့အချိန် လာပေါ့ "

" ကိုယ်လာရင် နုငယ် လာတွေ့မလား "

" ကိုယ်ပြောသလို ကိုယ်ကံကောင်းရင် နုငယ်နဲ့ တွေ့ရမှာပေါ့ "

" ကိုယ် ကံကောင်းဖို့က နုငယ်အပေါ် တည်နေတာပဲ "

နုနုငယ်၏ ကိုယ်လေး တောင့်သွားသည်။ မျက်နှာလေးလည်း တည်သွားသည်။ အသံမမာ့တမာနှင့် ဆို၏။

" ကိုယ်သိပ်ပိတာပဲ၊ သိပ်လဲ တစ်ကိုယ်ကောင်းဆန်တာပဲ၊ ဒီနေရာကို နုငယ် လာချင်တိုင်းလာလို့ ရတယ်လို့ ကိုယ်ထင်သလား၊ ဒီလိုဆို ပီယာနိုကြီးနဲ့ ပြိုင်ပြီး နုငယ်က ဘာလို့ ငိုနေရမလဲ၊ ကိုယ် ဒါကို သိရဲ့လား "

စကားဆုံးချိန်၌ နုနုငယ်၏အသံမှာ တုန်ယင်နေ၏။ မျက်နှာလေးမှာလည်း ငိုတော့မည်ရှိသည်။

နှင်းငွေသည် နုနုငယ်ကို အံ့သြစွာ စိုက်ကြည့်နေမိသည်။ အံ့သြရာမှ စိတ်မကောင်းလည်း ဖြစ်သွား၏။

www.myanmarcupid.net

နှင်းငွေက ဝမ်းနည်းစွာ ပြော၏။ ဝမ်းနည်းစွာ ပြောသော်လည်း သူ့အသံ၌ ဝမ်းနည်းမှု ပါမသွားရန် သတိထား၏။

" ကိုယ် တောင်းပန်ပါတယ် နုငယ်၊ ဟုတ်တယ်လေ ကိုယ်က နည်းနည်း တစ်ကိုယ်ကောင်းဆန်သွားတယ်၊ အမှန်က နုငယ်ကို ခင်လွန်းလို့ ကိုယ်တွေ့ချင်တာနဲ့ ပြောမိတာပါ၊ နုငယ်ဘက်က ကိုယ် မတွေးမိဘူး၊ ကိုယ် မှားပါတယ် နုငယ်၊ ကိုယ့်အတွက် ဘယ်လိုမှ နုငယ် စိတ်မချမ်းမသာ မဖြစ်စေချင်ဘူး၊ ကျေနပ်ပြီလား နုငယ် "

နုနုငယ် အံကြိတ်လိုက်သည်ကို သတိပြုမိ၏။ ဝိုင်းလည်နေသော မျက်လုံးများမှ မျက်ရည်ပေါက်များ လိမ့်ဆင်း လာသည်ကိုလည်း မြင်ရ၏။

ချာကနဲ သူ့ကို ကျောခိုင်းလျက် နုနုငယ်သည် အိမ်ကြီးဆီသို့ ပြန်ပြေးသွားသည်။

နုနုငယ် ပျောက်ကွယ်သွားသည်အထိ စောင့်ကြည့်ရင်း သူက ခေါင်းခါ ကျန်ရစ်၏။ နားမလည်ပါ၊ နုနုငယ်ကို သူ နားမလည်ပါ။

ခင်တန်းအတိုင်း ဖြည်းညင်းစွာ သူ လျှောက်ပြန်လာခဲ့၏။

သတိထားမိသည်မှာ အတော်ပင်တည်း။

ရွာဘက်မှ မြင်းလှည်းသည် အပြေးပြန်လာနေ၏။

နှင်းငွေသည် ခြံတွင်းသို့ မြင်းလှည်းဝင်သွားသည်အထိ ရပ်ကြည့်နေ၏။

ခြံဝလမ်းပေါ်တွင် မြင်းလှည်း ပြေးခဲ့သည်ကြောင့် ထခဲ့သော ဖုန်ခိုးစဲမှ နှင်းငွေသည် သေနတ်လွယ်ရင်း အေးအေး ဆေးဆေး ရွာဆီ လျှောက်လာခဲ့၏။

ရွာအစွန် စောင်ခြမ်းပင်များဆီမှနေ၍ အိမ်ကြီးဆီ တစ်ချက် မျှော်ကြည့်မိသည်။

သီးသီးခြားခြား၊ ထီးထီးမားမားနှင့် အိုမင်းညှိုးမှိုင်းလှသော ဤအိမ်ကြီးသည် အကယ်ပင် ကျိန်စာသင့်နေသည့် အိမ်ကြီးလော။ ယခုနေ အိမ်ကြီး ဝင်းထရံနား ကပ်သွားလျှင် စိမ်းမှောင်သော သစ်ရွက်များကြားမှ ဟိုတစ်နေ့က မျက်နှာကြီးသည် ဆီးကြို ခြောက်လှန့်လေဦးမည်လော။ ဤမျှ ကျက်သရေမင်္ဂလာ၍ ကြောက်ဖွယ်သော ဤအိမ်ကြီးတွင် နုနုငယ်နှင့် သူ့အဖေသည် ဘာကြောင့် ပြန်လာနေထိုင်ကြပါသနည်း။ ဘာကြောင့်လည်း သူ့အဖေသည် နုနုငယ်အပေါ် ဤမျှ ချုပ်ချယ်ရပါသနည်း။

ဤအိမ်ကြီးကို သူ နားမလည်၊ နုနုငယ်ကိုလည်း သူ နားမလည်။

ထိုနည်းတူစွာ ဤအိမ်ကြီးမှ သနားဖွယ်သော နုနုငယ်အပေါ် သူ မည်မျှ သံယောဇဉ်ကြီးမိနေပြီကိုလည်း နှင်းငွေ နားမလည်မိသေး။

မှောင်လာပြီဖြစ်သော ညနေကို သတိမပြုမိသကဲ့သို့ သူ့ကိုယ်သူ နားမလည်မိပါသေး။

❑

## အခန်း ( ၁၃ )

## ညှင်းဘယ်ကပွား

လေတို့က ထန်လာ၏။ တစ်ခါတရံ လေဆင်နှာမောင်းက မညှာမတာ ဝှေ့သေး မွှေသေး၏။

ရှိသမျှ မြင်သမျှ သစ်ပင်တို့ လေဒဏ်ကို ယိမ်းခံရသည်။ ရွက်ဝါကျန်သမျှ ကုန်စင်သည်။ ပင်ထက်၌သာမက မြေပြင်၌ပါ ကုန်စင်သည်။ ခရုရစ် ရစ်သော လေပွေကြီးသည် ဖုန်ရော သဲရော သစ်ရွက်ပါ မကျန်အောင် တိုက်ဆောင် သယ်ယူသွားသည်။ လေပြင်းသာ ထန်ထန်ကျန်ရစ်၏။

မခံမရပ်နိုင်အောင် ကြိမ်းလောင်သော အပူရှိန်သည် ထိုးကျသွား၏။

လေပြင်းနောက်မှ တိမ်ပါလာသည်။ အုံ့မှိုင်းသော တိမ်တို့ကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး မှောင်ဝေသွားသည်။

မိုးပေါက် တစ်ဖြောက်နှစ်ဖြောက် ကျလာသည်။ မိုးစက်သည် မိုးသီးပမာ ပြင်းသည်။ တရှဲရှဲ အော်မြည်ကာ မိုးပြေးသည် ဟိတ်ကြီးဟန်ကြီးနှင့် သွန်းချလိုက်သေးသည်။ ထို့နောက် ဘယ်ဆီပျောက်သွားသည် မသိ။

မြေသင်းနံ့တို့သာ ပျံ့ပျံ့ပျူးရုံမက ထောင်းထောင်းမွှန်အောင် ကျန်ရစ်လေသည်။

အဝေးရှေ့ဆီရှိ ရှမ်းရိုးမတောင်တန်းကြီးကို တိမ်တိုက်တို့ ကျော်တတ်ကြသည်။ ကျော်တက်ရင်း ပြိုကျသော တိမ်တို့ကို မြင်ရသည်။ ညအခါဆိုလျှင် တောင်တန်းများဆီ၌ လျှပ်စီးလျှပ်နွယ်များလက်သည်ကို မြင်၏။ မိုးခြိမ်းသံများကိုပင် ကြားရ၏။

www.myanmarcupid.net

သာစည်လွင်ပြင်၌ လေပြင်းသာ မင်းမူသည်။ မိုးက ရှာမလာ၊ လေပြင်းလာပြန်သော် အပူဒဏ်က နွေထက်ပင် ကဲသေးသည်။

ကျောင်းဝင်းအတွင်းမှ တမာပင်ပျိုတို့သည်သာ စိမ်းစိုနေ၏။ တမာရွက်တို့၏ အပေါ်မျက်နှာက စိမ်းရင့်သည်။ အောက်ကျောက ဖြူလွလွနိုင်သည်။ လေတိုက်သော် လှုပ်ကစားသော တမာရွက်တို့က စိမ်းလက်လက် ဖြူလွင်လွင်နှင့် စက္ကူအာရုံကို ဖမ်းစားသည်။ ရင်ကို လှုပ်လှုပ်ခုန်၍ ဆတ်ဆတ်တုန်စေသည်။

ရာသီက ပူသော်လည်း ကျောင်းရိပ်က အေးသည်။ တစ်နွေလုံး တပည့်တို့နှင့် ဝေးနေခဲ့ရာမှ ပြန်ဆုံတွေ့သော ဆရာတို့၏ မျက်နှာသည် ကြာရွက်အသွင် လန်းနေ၏။ စာမေးပွဲ အောင်သည်ဖြစ်စေ၊ ရှုံးသည်ဖြစ်စေ၊ မိခင်ရေကန်သာ ကျောင်းတော်ထံ ပြန်လာကြသော တပည့်တို့၏ မျက်နှာလေးများကလည်း ကြာပွင့်အသွင် ဝင်းပနေကြ၏။

ကျောင်းဖွင့်စကြောင့်လား မသိ။ နုနုငယ်တို့ မြင်းလှည်းသည် စောစော ဆိုက်လာ၏။

နုနုငယ်ကို ညွန့်မေက သွားကြိုသည်။

တမာပင်ရိပ်မှ သူငယ်ချင်းနှစ်ဦးက တစ်ဦးမျက်နှာ တစ်ဦးကြည့်ရင်း ပြုံးနေသည်။

မြင်းလှည်း ပြန်ထွက်သွားသည်။

ဘခက်က နှင်းငွေကို သတိပေးသည်။

“ ဟေ့ကောင် နှင်းငွေ၊ ရွှေကြီးညိုနဲ့ ယုန်ဖြူမလေး လာနေပြီ၊ ဆွမ်းဆန်စိမ်းလောင်းမယ့် မာတုဂါမလေးကိုမြင်တဲ့ တောထွက်ကြီးလို ပြုံးဖြဲဖြဲ လုပ်မနေနဲ့၊ ငယ်ဖြူလေးလို မျက်လွှာချထားစမ်း၊ အေး အဲ . . . အဲဒီလိုလေး၊ အဲဒီလိုလေး ”

ဆရာတော်ဘခက် အမိန့်အတိုင်း နှင်းငွေသည် ငယ်ဖြူလေးကဲ့သို့ မျက်လွှာချထားသည်။ ဆရာတော်ကိုယ်၌က စက္ခုက္ကန္ဒြေ မည်သို့ရှိသည်ကို နှင်းငွေ မပြောတတ်။

ဖိနပ်သံလေးများ ကြားရသည်။

ဖိနပ်သံလေးများ ရပ်သွား၏။

နှင်းငွေ၏ ရင်က ခုန်လာသည်။ မျက်လွှာက ပင့်ချင်လာသည်။

ဖိနပ်သံလေးများ ပေါ်လာ၏။ ရှေ့လျှောက်ထွက်သွားဟန် တကား။

ဆရာတော်ဘခက်၏ သံဝေဂပေး တရားသံပေါ်လာ၏။

“ ဩော် . . . စာမေးပွဲအောင်ကြတော့ တို့ကိုတော် အဖက်မလုပ်ကြဘူး သာဓု သာဓု ”

သည်တော့မှ နှင်းငွေက မျက်လွှာပင့်ကြည့်၏။

ခပ်လှမ်းလှမ်းလေး၌ ညွန့်မေနှင့် နုနုငယ်တို့က ရပ်နေ၏။ ဘခက်နှင့် နှင်းငွေတို့က သူတို့ထံ ချဉ်းကပ်သွားကြ၏။

နုနုငယ်က နှင်းငွေ၏ မျက်နှာကို ကွက်ကနဲ တစ်ချက်စိုက်ကြည့်သည်။ ထို့နောက် ဘခက်ဆီ မျက်လုံး တစ်ချက် ဝေ့သွားပြီး မျက်လွှာချ ငြိမ်နေ၏။

ညွန့်မေကသာ ကြည်လင်စွာ ပြုံးရင်း ဆို၏။

“ တို့ကတော့ သွေးမကြီးတတ်ပေါင်၊ တချို့ကသာ စာမေးပွဲ မအောင်စဖူး အောင်လို့ ဘဝင်မြင့်ပြီး လူတွေဘာတွေကို မြင်ရက်နဲ့ မမြင်ချင်ယောင်ဆောင်နေတတ်တယ်၊ သိလား နှင်းငွေ ”

ဘခက်က ပါးစပ်ကြီး ဖြဲရယ်သည်။

“ ကောင်းကြရောကွာ၊ စာမေးပွဲကျရတာများ သိပ်နာ၊ ကျတုန်းကလဲ မျက်နှာငယ်ရတယ်၊ ကြိုးစားလို့ အောင်လာ ပြန်တော့လဲ မအောင်စဖူး အောင်တယ်လို့ အပြောခံရတယ်၊ ဒီမှာ ညွန့်မေ နင် ငါ့မှာ ချီးမွမ်းစရာအကွက်ကလေး တစ်ကွက်မှ မမြင်ဘူးလား ”

ရသမျှအခွင့်ကို လက်လွှတ်မခံဘဲ ဘခက်က စကားတစ်ခွန်း သွင်းဖြစ်အောင် သွင်းလိုက်၏။ ညွန့်မေကလည်း က္ကန္ဒြေမပျက်။

“ တစ်ကွက်တော့ ငါမြင်ပါတယ်၊ နင့်လည်ပင်းမှာလေ၊ ညှင်း ”

ဘခက်၏ လက်သည် သူ့လည်ကုတ်ကို ယောင်ကိုင်မိသည်။ ပြီးမှ ရယ်၍ဆို၏။

“ ငါ ညှင်းမရှိပါဘူး ညွန့်မေရာ၊ ဒီလောက်တော့ ငါ မညစ်ပတ်ပါဘူး ”

မျက်လွှာချထားရာမှ နုနုငယ်သည် ဘခက်ကို ရွှင်ပျသော မျက်လုံးများနှင့် မော့ကြည့်သည်။ မျက်နှာကလည်း ပြုံးလိုက်ပြီး ဆို၏။

“ မညွန့်က အစ်ကိုဘခက်ကို ညစ်ပတ်တယ်လို့ ပြောတာ မဟုတ်ဘူး ”

“ ဟေ ဒါဖြင့် ဘာပြောတာလဲ ”

www.myanmarcupid.net

နုနုငယ်သည် ခေတ္တစဉ်းစားဟန် ငြိမ်သွားပြီးနောက် "နုငယ်က ကဗျာတစ်ပုဒ် သွားသတိရလို့ပါ"ဟု ဆိုသည်။

ညွန့်မေကလည်း စိတ်ဝင်စားလာဟန်နှင့် တိုက်တွန်းသည်။

" အမယ် နုငယ်က သိပ်ဟုတ်ပါလား၊ ဆိုပြစမ်းပါဦး "

နုနုငယ်သည် ခစ်ကနဲ တစ်ချက်ရယ်လိုက်၏။ အမူအယာမှာ မဟုတ်တာ လုပ်တော့မည့် ကလေးတစ်ဦးဟန် ပေါ်နေသည်။

နုနုငယ်၏ မျက်လုံးကလေးများသည် လဲ့လာ၏။ နှုတ်ခမ်းပါးလေးများ လှုပ်လာပြီး အလွန်ချိုသော အသံ တိုးတိုးလေးနှင့် ဆိုပြ၏။

" ချစ်တဲ့သူငယ်လေ၊ သူငယ်ချင်းရယ် ကောင်းသည့် ယောက်မကြီးတို့လေ၊ စိုက်ရေးငယ်မှ ကျင်းကျင်း၊ နှမကြီး မယ်သာ စိုက်သည့် ကောက်ပင်ရင်းမှာ၊ ကင်းကို ဘယ်က ထားသလဲတော် "

နုနုငယ်က ခေတ္တရပ်၍ သူတို့အား တစ်ချက်ကြည့်သည်။ သူတို့ သုံးယောက်လုံးက ငြိမ်နားထောင်နေကြ၏။

နုနုငယ်က ဆက်ဆိုသည်။

" ညိုလဲ့ငယ်မှ ရှင်းရှင်း၊ မောင်ကလေး မောင့်လည်ပင်းနှင့် ညှင်းကို ဘယ်က ပွားသလဲတော် "

နုနုငယ်က ရပ်လိုက်၏။ ညွန့်မေက နားမလည်ဟန် နုနုငယ်ကို မျက်မှောင်လေးတွန့်၍ ကြည့်၏။

နုနုငယ်သည် မရယ်မပြုံးတော့ဘဲ မျက်နှာပိုးသေသေနှင့် ရှင်းပြသည်။

" အဲဒီလောက်ပါပဲလေ၊ နုငယ် ပြောချင်တာက အခုတော့ မသိဘူးလေ၊ ရှေးက မိန်းကလေးတွေက ညှင်းကို မမုန်းဘူး၊ ချစ်တယ် တဲ့ "

နှင်းငွေက ပြုံးရုံပြုံးသည်။ သဘောကျလွန်းသော ဘခက်က အသံထွက်အောင် ရယ်သည်။ ညွန့်မေကသာ ရှက်ပြုံး ပြုံးရင်း နုနုငယ်ကို မနာအောင် ထုသည်။

ထိုစဉ် ကျောင်းတက်ခေါင်းလောင်းထိုးသံ ပေါ်လာ၏။

ဘခက်က ရေးကြီးသုတ်ပျာ မေး၏။

" နေဦး နုငယ်၊ ခုနင်က ကဗျာ နုငယ် ဘယ်ကရသလဲ "

" အိုင်ချင်းတစ်ပုဒ်ထဲက၊ နုငယ် အိုင်ချင်းတွေ အများကြီး ရတယ်၊ အစ်ကိုဘခက် လိုချင်လို့လား၊ နောက်တော့ နုငယ် ရေးပေးမယ် "

ဘခက်က ပါးစပ်ကြီးဖြဲလျက် ခေါင်းညိတ်ပြ၏။ ညွန့်မေကသာ ဘခက်ကို မျက်စောင်းထိုးပြီး ပြောသည်။

" ကဗျာလဲ ကူးတာပေါ့၊ ပြီးတော့ လည်ပင်းမှာလဲ တစ်ယောက်ယောက်ဆီက ညှင်းကူးယူ၊ နင့်ကို ငါ အနူရုံ ပို့ပေးမယ် ဘခက် "

ညွန့်မေနှင့် နုနုငယ်တို့ ထွက်သွားကြ၏။

သူတို့ အတန် လှမ်းလှမ်းရောက်မှ ဘခက်က မှတ်ချက်ချသည်။

" သူငယ်ချင်း၊ မင်းယုန်ဖြူမလေးက မဆိုးဘူးဟေ့၊ ချစ်စရာကောင်းတယ်၊ ငါချစ်လာပြီ၊ တလွဲတော့ မထင်နဲ့နော် "

နှင်းငွေက ဘခက်၏ စကားကို ပမာမပြု၊ နုနုငယ်၏ နောက်ကျောဆီ လှမ်းငေးကျန်ရစ်၏။

နုနုငယ်ကို သူ အံ့သြသည်။ နုနုငယ် ပြုံးပြုံးရွှင်ရွှင် ရယ်ရယ်နောက်နောက် ဖြစ်လာ၍လည်း ဝမ်းသာသည်။ သွားပြီး စ,စကားပြောမိလျှင် စိမ်းကားပြလေဦးမည်ကိုလည်း စိုးရိမ်မိသည်။

ထိုစဉ် ဘခက်က သူ့ဇက်ပိုးကို ပျော့ပျော့အုပ်၏။

" သနားတာပါဆို၊ ချစ်တာ မဟုတ်ပါဘူးဆို၊ အခုတော့ ငေးနေလိုက်တာ၊ မချစ်ဘူး မကြိုက်ဘူးနဲ့၊ ဟဲ့ . . . နှင်းငွေ၊ နင့်နဖူး ညှင်းဘယ်ကကူး "

စကားအဆုံး၌ ဘခက်က အော်ရယ်သည်။ နှင်းငွေလည်း လိုက်ရယ်ပြီး ဘခက်နှင့်အတူ ကျောင်းဆီ လျှောက်လာခဲ့၏။

❑

တက္ကသိုလ်ဝင်တန်းသည် ပျော်ရွှင်ဖွယ်၊ ရင်ခုန်ဖွယ်လည်း ကောင်းသည်။ လွမ်းဖွယ်၊ စိုးရွံ့ဖွယ်လည်း ကောင်း၏။

တက္ကသိုလ်ဝင်တန်းရောက်ကြပြီဆိုလျှင် ကျောင်းရှိ အမြင့်ဆုံးအတန်းမှ ကျောင်းသားကြီးများ ဖြစ်လာကြသောကြောင့် လွတ်လပ်မှုရှိလာ၏။ အတန်းငယ်မှ ကျောင်းသားကျောင်းသူများက လေးစားလာသည်။ ဆရာ ဆရာမများကလည်း အရွယ်ရောက်သည်ကို အသိအမှတ်ပြုကြ၍ လူကြီးလေးများအဖြစ် စတင်ဆက်ဆံသည်။ စာတော်သူများကိုဆိုလျှင် ကျောင်း၏ ဂုဏ်ကိုဆောင်တော့မည့် သူရဲကောင်းလောင်းလျာများအဖြစ် ဂရုစိုက် မြှောက်စားသည်။ ထို့ကြောင့် ပျော်ရွှင်ဖွယ်တည်း။

www.myanmarcupid.net

တက္ကသိုလ်ဝင်တန်းသည် ဘဝ၏ အရေးကြီးသော ပညာရေးကွေ့ တစ်ကွေ့အဖြစ် ကျောင်းသူကျောင်းသားတိုင်း သိကြ၏။ မိမိတို့၏ စွမ်းရည်ကို ကျောင်းတွင်း၌သာ အချင်းချင်း ပြိုင်ကြရမည်မဟုတ်တော့၊ မသိသော၊ မကျွမ်းသော၊ မမြင်ဖူးသော အဝေးမှ ပညာရေးဒိုင်လူကြီးများ သတ်မှတ်သည့် စံချိန်များအတိုင်း တစ်ပြည်လုံးမှ သူတကာနှင့် ယှဉ်ပြိုင်ကြရတော့မည်။ ထို့ကြောင့်လည်း ရင်ခုန်ဖွယ်တည်း။

တစ်ဖန် ဤအတန်းသည် ဤကျောင်း၌ မိမိတို့ နောက်ဆုံးနေရမည့်အတန်း ဖြစ်ကြောင်း အားလုံးသိကြ၏။ ဤမှ လွန်လျှင် မိခင်ကျောင်းကြီးကိုလည်းကောင်း၊ ချစ်ခင်ကြင်နာသော ဆရာ ဆရာမများကိုလည်းကောင်း ခွဲခွာလျက် အစစ အရာရာ စိမ်းနေ၊ ဆန်းနေ၊ သစ်နေမည် ဖြစ်သော ခက်ခဲသည့် ခရီးကန္တာတစ်လျှောက် ကိုယ့်ဘာသာကိုယ် လျှောက်ကြရတော့မည်။ ဤအသိကြောင့်လည်း လွမ်းဖွယ်၊ စိုးရွံ့ဖွယ် ခံစားကြရသည်။

ပျော်ရွှင်ဖွယ်၊ ရင်ခုန်ဖွယ်၊ လွမ်းဖွယ်၊ စိုးရွံ့ဖွယ်ဖြစ်သော ဤရက်များသည် နှင်းငွေအတွက် အကုန်မြန်သည် ထင်ရ၏။

ဤရက်များအတွင်း နှင်းငွေတို့ လေးဦးသည် ပိုမို တွဲမိကြ၏။

ဝမ်းသာရသည်ကား ပြောင်းလဲလာသော နုနုငယ်ကြောင့်တည်း။

ကျောင်းတက်ကျောင်းဆင်း မြင်းလှည်းဆိုက်ချိန်များ၌ နုနုငယ်တို့ ဖခင်သည် လိုက်ပါမလာတော့။ ဟိုး . . . တစ်ညနေက ကြားဖူးပြီး နုနုငယ်ထံမှလည်း သိရသည့် ဦးကံရာဇာခေါ် ဦးလေးကံ တစ်ယောက်သာ မြင်းလှည်းမောင်းပြီး လိုက်ပို့တော့သည်။

ဦးလေးကံနှင့် နှင်းငွေ ရင်းနှီးရန် အကြောင်းကလည်း ဖန်လာလေသေးသည်။

တစ်ညနေ ကျောင်းဆင်းချိန်၌ မြင်းလှည်းမပါဘဲ ဦးလေးကံ တစ်ယောက်သာ ပေါ်လာ၏။ သူ့နောက်ကလည်း ရဲသားတစ်ဦး ပါလာ၏။

ဖြစ်ရပုံမှာ ဦးလေးကံ၌ မြင်းလှည်းမောင်းခွင့် လိုင်စင်မရှိ။ ဦးလေးကံ၏ မြင်းလှည်း၌လည်း မြူနီစီပယ် မှတ်ပုံတင် မရှိ။ ရွာမွန်သာနှင့် တောရပ်တွင်သာ မောင်းနေပါက ကိစ္စမရှိ။ သာစည်ကဲ့သို့သော မြို့ကြီး၌မူ ဤအရာများ လိုသည်။ စောစောပိုင်းကမူ ကျေးရွာမှ ကိုယ်ပိုင်မြင်းလှည်းမှန်း သိသောကြောင့် ရဲတို့က လျစ်လျူရှုထားဟန်တူသည်။ ထိုညနေကမူ ဦးလေးကံ၏ မြင်းလှည်းနှင့် စက်ဘီးတစ်စီး ဝင်တိုက်မိသည်။ ရဲက ဖမ်းရတော့၏။ မြင်းလှည်းကို ရဲဌာန၌ ထားခဲ့ရသည်။ ကျောင်းသို့ အကြောင်းအကျိုး လာပြောခွင့်ရသော ဦးလေးကံပင် ညဥ့် အချုပ်နန်းစံရကိန်း ပေါ်နေ၏။

ကံအားလျော်စွာ ဦးလေးကံနှင့် ပါလာသော ရဲသားက နှင်းငွေကို ကောင်းစွာသိသည်။ သူ့ကို လေးစားစွာလည်း နှုတ်ဆက်၏။

အကြောင်းအကျိုးကို ရှင်းပြပြီးနောက် ဦးလေးကံသည် စိတ်ပျက်ဟန် ခေါင်းခါ၍ နုနုငယ်ကို ကြည့်သည်။ နုနုငယ်က အားကိုးတကြီးနှင့် နှင်းငွေကို ကြည့်၏။

နှင်းငွေသည် မြို့ပိုင်သား ဖြစ်၏။ မြို့ပိုင်သား၌ သူ့အတိုင်းအတာအလျောက် အရှိန်အဝါရှိသည်။

ထိုညနေက နှင်းငွေ လိုက်ဆောင်ရွက်သောကြောင့် ဦးလေးကံရော မြင်းလှည်းပါ ဒဏ်ငွေသာဆောင်ရပြီး ရွာပြန်ခွင့်ရသည်။ အတိုက်ခံရသော စက်ဘီးရှင်မှာလည်း ဘခက်၏အသိ ဖြစ်နေသောကြောင့် ရဲဌာနတွင်ပင် ကျေအေးကြသည်။ မြို့တွင်းမောင်းရန် လိုအပ်ချက်များ ပြည့်စုံလာရေးအတွက်လည်း နှင်းငွေကပင် တာဝန်ယူလိုက်ရ၏။

ထိုညနေ၌ မြင်းလှည်းမထွက်ခင် ဦးလေးကံက နှင်းငွေနှင့် ဘခက်ကို ကျေးဇူးတင်စကား ဆို၏။

“ ငါ့လူတို့နှစ်ယောက်ရဲ့ ကျေးဇူးကို ဦးလေးကံ မမေ့ပါဘူး၊ ကံကောင်းလို့ အချုပ်ခန်းထဲက ဂျပိုးတွေကို သွေးမလှူရတယ် ”

ဦးလေးကံသည် နုနုငယ်ဘက်သို့လည်း လှည့်၍ နှုတ်ပိတ်သည်။

“ နုငယ်၊ ခုလိုဖြစ်တာ အိမ်ကျ သခင်ကြီးကို ပြန်မပြောနဲ့ ကြားလား၊ လိုင်စင်ယူဖို့၊ မှတ်ပုံတင်လုပ်ဖို့ သခင်ကြီး ပြောနေတာ ကြာပြီ၊ ငါပေါ့နေလို့ ”

ဦးလေးကံသည် ရဲအချုပ်ထက် သူ့သခင်ကြီးကို ပိုကြောက်နေပုံပေါ်သည်။

မည်သို့ဖြစ်စေ နှင်းငွေသည် ဦးလေးကံနှင့် ရင်းနှီးမှု ရလိုက်၏။

နံနက် မြင်းလှည်းဆိုက်လာတိုင်း၊ ညနေ မြင်းလှည်းထွက်ခါနီးတိုင်း နုနုငယ်ကို ကြိုဆိုခွင့်နှင့် နှုတ်ဆက်ခွင့် နှင်းငွေ ရရှိပြီ။

နှစ်ဦးချင်း တွေ့သောအခါ၌ ဦးလေးကံသည် တစ်ခါတုန်းကကဲ့သို့ပင် နှင်းငွေကို သတိပေးတတ်သည်။

“ ငါ့လူ မြို့ပိုင်သား၊ မြင်းလှည်းဆိုက်ချိန်တော့ သတိထား၊ အရမ်းမလာနဲ့၊ သခင်ကြီးပါလာရင် ငါ့လူရော နုနုငယ်ရော မဟာဒုက္ခပဲ၊ ကြားလား၊ မင်းတို့ ကလေးနှစ်ယောက်ကို ငါ တကယ်သနားပါတယ်ကွာ သိလား ”

www.myanmarcupid.net

ဦးလေးကံ၏ စကားတွင် ရိပ်ရိပ် စွပ်စွဲချက် ပါနေ၏။ နှင်းငွေက ပြန်မချေပပါ။ ဦးလေးကံနှင့် ရင်းနှီးရသောကြောင့် ဝမ်းသာလှပါပြီ။

နုနုငယ်အတွက်လည်း ဝမ်းသာရသည်။

ယခုနှစ်၌ နုနုငယ်၏ အမူအယာလေးများသည် ပိုမို လွတ်လပ်လာ၏။ မျက်နှာလေးသည် ပြုံးလွယ်၊ ရွှင်လွယ်၊ ရယ်မောလွယ်လာ၏။ နှင်းငွေကိုလည်း တွယ်တွယ်တာတာ ဆက်ဆံ၏။ ကြင်ကြင်နာနာလည်း ဂရုစိုက်၏။

ယခင်နှစ်ကမူ ကျောင်းသူအသစ် ဖြစ်လေသောကြောင့် နုနုငယ် အားငယ်ခဲ့ရှာမည် ထင်၏။ ယခုနှစ်၌မူ စာတော်သော နုနုငယ်ကို အတန်းတူ ကျောင်းသူကျောင်းသားအသီးသီးက လေးစားစွာ လက်ခံဆက်ဆံကြသည်။ ဆရာမကြီး အမှူးပြုသော ဆရာ ဆရာမ အားလုံးကလည်း နုနုငယ်ကို ချစ်ခင် ဂရုစိုက်ကြ၏။

သည်ကဲ့သို့သော ပတ်ဝန်းကျင်ကြောင့် နုနုငယ် ပျော်ရွှင်လွတ်လပ်လာခဲ့သည်ဟု နှင်းငွေ ထင်မိရ၏။

အမှန်မှာ နုနုငယ်သည် ပျော်ရွှင် လွတ်လပ်လာရုံမက ရဲဝံ့စိုးမိုး၍လည်း လာ၏။ အထူးသဖြင့် နှင်းငွေ၏ အပေါ် ရဲဝံ့စိုးမိုး၏။

ကျောင်း၏ ကျောဘက် အနောက်မျက်နှာသည် ချိုင့်ဝှမ်းလျှိုရိုးဖြစ်၏။ ဤချိုင့်ဝှမ်းလျှိုရိုး မည်သူကမျှ ပမာမပြု၊ ဂရုမထား၊ စိတ်မဝင်စား။ နုနုငယ်တစ်ယောက်ကသာ စိတ်ဝင်စား၏။

နုနုငယ် ပြုသမျှ၊ လုပ်သမျှ၊ လှုပ်ရှားသမျှကို နှင်းငွေသည် အမြဲအာရုံစိုက် ကြည့်နေတတ်သူဖြစ်၏။ ထို့ကြောင့်လည်း နုနုငယ်သည် မကြာခဏ ကျောင်းနောက်ဖက်သို့သွား၍ လျှိုရိုးကို ငေးကြည့်တတ်မှန်း နှင်းငွေ သတိပြုမိ၏။ မြင်ရဖန်များသောကြောင့် တစ်နေ့တွင် နှင်းငွေက စပ်စုမိ၏။

" နုငယ် ကျောင်းနောက်ဖက်သွားပြီး လျှိုထဲ ဘာကြည့်နေတာလဲ "

နုနုငယ်သည် မျက်မှောင်ကြုတ်၍ သူ့ကို ပြန်ကြည့်သည်။ မျက်မှောင်ကြုတ်ထားသော်လည်း မျက်လုံးများက မစိမ်းကားတော့၊ ရီလဲ့လဲ့ပင် လွင်နေသည်။ မျက်နှာလေးကလည်း မချိုမချဉ် ပြုံးနေ၏။

" ကိုယ်က ဘာလို့ မေးရတာလဲ "

" ဟာ နုငယ်ကလဲ၊ ကိုယ် တစ်ခုခုမေးတိုင်း မဖြေဘဲ မေးခွန်းသာ ပြန်ပြန်ထုတ်တယ်၊ ကိုယ်ဘာပြောရတော့မလဲ"

နုနုငယ်သည် ခစ်ကနဲ ရယ်၏။

" ကိုယ်က သိပ်ရယ်ဖို့ကောင်းတာပဲ "

" ဘာ . . . ကိုယ်က ရယ်ဖို့ကောင်းတယ် "

" ဟုတ်တယ်၊ ပြီးတော့ ကိုယ်က သိပ် သနားစရာကောင်းတယ် "

နှင်းငွေ မျက်လုံးပြူးသွား၏။

" ဘာရယ်၊ ကိုယ်က သိပ် သနားစရာကောင်းတယ်၊ ဟုတ်လား "

နုနုငယ်က လည်တံလေးကို ဆန့်ပြီး မျက်နှာလေးပင့်ထား၏။ မျက်တောင်များကို စင်းထား၍ မျက်လုံးများကို အောက်စိုက်ထား၏။ မရယ်မပြုံးတော့ဘဲ တည်ကြည်စွာ ဖြည်းဖြည်းဆို၏။

" ကိုယ့်ကို သနားတယ်ဆိုလို့ ကိုယ် စိတ်ဆိုးသွားတယ်ပေါ့ ဟုတ်လား၊ ကိုယ်က ယောကျ်ားကြီးဆိုတော့ သနားတယ် ဆိုရင် ရှက်တယ်ပေါ့ ဟုတ်လား၊ ဒါပေမယ့် နုငယ် ကိုယ့်ကို သနားတာက သနားတာပါပဲ၊ ဘယ့်နှယ်လုပ်မလဲ၊ ကိုယ် ထပ်စိတ်ဆိုးဦးမလား၊ ပြောလေ "

နှင်းငွေ စိတ်မဆိုးနိုင်ပါ၊ သဘောကျ၍ ရယ်လိုက်ရသေး၏။

" ကိုယ် ဘာရယ်တာလဲ "

" ဩော် . . . ခက်ပါဘိ၊ သဘောကျလို့ ရယ်တာပေါ့၊ ကိုယ် မရယ်ရတော့ဘူးလား "

ထိုအခါ နုနုငယ်လည်း လိုက်ရယ်သည်။

" လာ . . . ကိုယ်၊ ကျောင်းနောက်ဖက် သွားရအောင် "

" အို ဘာလုပ်မလို့လဲ "

ဤအကြိမ်တွင်မူ နုနုငယ်၏ မျက်မှောင်လည်း ကြုတ်သည်။ မျက်လုံးများကလည်း ခက်ထန်သည်။ မျက်နှာထားကလည်း တင်းပြန်၏။

" ကိုယ် မလိုက်ချင်ဘူး မဟုတ်လား၊ ဒါဖြင့် အစက ဘာလို့ မေးသေးလဲ "

" ဟာ နုငယ်ကလည်း ဒေါသကြီးပြန်ပြီ၊ ကဲပါ သွားသွား၊ ကိုယ် လိုက်ခဲ့ပါ့မယ် "

ထိုအခါ နုနုငယ်က ရှေ့ဆောင်သွား၏။ နှင်းငွေက နောက်မှ လိုက်ရ၏။

www.myanmarcupid.net

တစ်နေရာရောက်မှ နုနုငယ်က ရပ်လိုက်ပြီး “ကြည့်”ဟု ဆိုသည်။
နှင်းငွေကလည်း ကြည့်ရသည်။
ကျောင်းအနောက်ဘက်ရှိ တောင်ကုန်းလေးများသည် သာစည်နှင့် မိတ္ထီလာကြား ဆက်ထားသော တောင်ကုန်းမို့မို့တို့ ဖြစ်ကြ၏။ မြင့်သည်လည်း မဟုတ်၊ နိမ့်သည်လည်း မဟူ၊ မြေပြင်ထက် လှပရုံ ခုံးခုံးမို့မို့ ရှိကြသည်။
လျှိုဟု ခေါ်နိုင်မည့် ကုန်းမို့နှစ်ခုကြား ချိုင့်မြေဝှမ်းတွင် ထူးထူးဆန်းဆန်းဟု ဘာရယ်မှုမရှိ။
အချို့ တစ်နေရာတွင် ခါးလောက်သာ မြင့်သေးသော ထနောင်ပင်ငယ်များကို တွေ့ရ၏။ တမာပင်ပုတို့ကလည်း ကြိုးကြိုးကျားကျား၊ နာနတ်ပင်ရိုင်းတို့သာ ကြီးထွားနေသည်။ နာနတ်ရွက်ပြားတို့သည် စိမ်းပြာမှောင်လဲ့နေ၏။
နှင်းငွေက နားမလည်နိုင်ဘဲ နုနုငယ်ကို ကြည့်မိ၏။
နုနုငယ်ကသာ တည်ငြိမ်စွာ မေး၏။
“ ကိုယ် စိတ်ညစ်တတ်သလား ”
“ အာ . . . ဟင် ”
“ ကိုယ် စိတ်ညစ်တတ်သလားလို့ မေးနေတယ်၊ စိတ်ညစ်ရင် သူတို့ကို လာကြည့်၊ သူတို့က ပြောပြလိမ့်မယ် ”
“ သူတို့က ဘာပြောမှာမို့လဲ ”
“ ကိုယ် နားထောင်ကြည့်ပေါ့၊ ကြိုးစားပြီး စိတ်နဲ့ နားထောင်ကြည့် ”
လေသည် ချိုင့်ဝှမ်းအတွင်း ဖြတ်သန်းတိုက်ခတ်သွားသည်။ ပင်ပု ပင်ငယ်တို့ကို တိုးမိစဉ် လေက အသံပြုသည်။
နုနုငယ်က ပြုံးပြီး သူ့ကို လှမ်းကြည့်သည်။ သူကလည်း ပြုံးပြီး နုနုငယ်ကို ပြန်ကြည့်လျက် ခေါင်းညိတ်ပြ၏။ အမှန်က ဘာကိုမှ သူ နားမလည်။
နုနုငယ်ကသာ ဆွေးမြေ့သောလေသံနှင့် မှတ်ချက်ချ၏။
“ သူတို့ကို ဘယ်သူကမှ ဂရုမစိုက်ပါဘူး၊ အင်းလေ သူတို့ကလဲ ဂရုမစိုက်ပါဘူး၊ သူတို့ဘာသာပဲ သူတို့ ပျော်နေကြတယ်၊ ကိုယ်သိလား ဒီအပင်မျိုးလေးတွေ ကိုယ်နဲ့ နုငယ်ရဲ့ ခင်တန်းတစ်ဝိုက်မှာလဲ ရှိတယ်၊ နုငယ်တို့ အိမ်ကြီးပေါ်က လှမ်းကြည့်ရင်လဲ မြင်ရတာပဲ၊ ကိုယ့်လိုပဲ သူတို့က နုငယ်ရဲ့ သူငယ်ချင်းတွေ ”
ကိုယ်နဲ့ နုငယ်ရဲ့ ခင်တန်းတစ်ဝိုက်၊ ကိုယ့်လိုပဲ သူတို့က နုငယ်ရဲ့ သူငယ်ချင်းတွေ . . .။
သည်စကားရပ်များက နှင်းငွေ၏ နှလုံးသားကို သိမ့်သိမ့်ခါစေသည်။ စိမ့်စိမ့်လည်း အေးမြစေသည်။ သြော် . . . ငြိမ့်ငြိမ့်လည်း ခုန်စေပါ၏။
တတ်နိုင်ဘိ နုငယ်လေး၊ တတ်နိုင်ပါဘိ မိနုငယ်လေး . . .။
နုနုငယ်သည် ပြောပြပြီး၍ ကျေနပ်သည့်ဟန်ဖြင့် မေး၏။
“ ကိုယ် သိသွားပြီလား ”
သူက ခေါင်းညိတ်ပြရ၏။ ထိုအခါ နုနုငယ်က တောက်ပစွာ ပြုံး၏။
“ နောက်ကို မမေးနဲ့တော့၊ လာ ပြန်ကြမယ် ”
နုနုငယ်က ရှေ့ဆောင်ပြီး ကျောင်းဆီသို့ ပြန်၏။ သူက သေဝပ်စွာ နောက်မှ လိုက်ခဲ့ရပါသတည်း။

❑

## အခန်း ( ၁၄ )

## ဘီလူးမောင့်ကြောင့် စောင့်တော့တယ်

ကျောင်းတွင်းရှိ တမာပင်တို့သည် သဘာဝ ပြက္ခဒိန်များ ဖြစ်ကြ၏။
နွေဦးလာတော့မည်ကို ရွက်ဝါကြွေ၍ နိမိတ်ပေးသည်။ နွေဦးတိုင်သော် ပုရစ်ဖူးတို့နှင့် သရုပ်ဆောင်၏။ ဖက်ဆွတ်ပဇ္ဈုန် လနယုန်၌ ပွင့်ဖြူဖွေး၍ ရနံ့မွှေးပြသည်။ သာစည်၌ မိုးခေါင်သော်လည်း ပတ်ဝန်းကျင်ရှိ ချောင်းမြောင်းတို့ တောင်ကျရေကြောင့် ရေဖောင်သော ဝါဆိုဝါခေါင်၌ မြရောင်အသီးတို့ ယီးလေးခိုပြီ။ တမာသီးမှည့်၍ ကျေးငှက်တို့ ပျံလာကုန်လျှင် မိုးစောင့်သော လယ်သူတို့ နှမ်းမကျဲတော့။
ရက်နှင့် လတို့သည် ဤသို့လျှင် တစစ ကုန်လွန်လာခဲ့သည်။

www.myanmarcupid.net

နုနုငယ်နှင့် ပတ်သက်၍ ဝမ်းသာခဲ့ရသမျှ ဘခက်အတွက် နှင်းငွေသည် (ညွန့်မေနှင့်အတူ) စိတ်ပူရင်မောရပြန်၏။

ဘခက် ရောဂါပြန်ထသည်။ ဆေးကုရခက်သော နိုင်ငံရေးရောဂါ ပြန်ထခြင်းတည်း။

ယခုနှစ်အတွင်း ရှမ်းပြည်နယ် နယ်စပ်များ၌ မြန်မာ့တပ်မတော်နှင့် ကျူးကျော်သူ တရုတ်ဖြူတို့ ကြီးကျယ်သော တိုက်ပွဲများ ဖြစ်ခဲ့ကြ၏။ သတင်းစာများ၌ ဟိုးလေးတကျော် ပါသည်။

မိတ္ထီလာသည် တပ်မတော်၏ ဗဟိုအခြေစိုက် စခန်းကြီးဖြစ်၏။ သာစည်သည် ရှမ်းပြည်နယ်သို့တက်ရန် စခန်းမြို့ လမ်းဆုံဖြစ်၏။

မီးရထားနှင့် တစ်တန်၊ မော်တော်ကားကြီးများနှင့် တစ်မျိုး၊ တပ်မတော်သားတို့ ရှမ်းပြည်နယ်ဆီ ချီတက်ကြရသည်ကို မြင်ကြရ၏။

ကျောပိုးအိတ်ကိုယ်စီ၊ ရိုင်ဖယ်ကိုယ်စီနှင့် ရှမ်းတောင်တန်းများဆီ ချီလေရသော ဤရဲဘော်အပေါင်းတို့အနက် ဘယ်နှစ်ယောက်သည် မိခင်မြေကို ပြန်မြင်ကြရပါလေမည်နည်း။ အဘယ်မျှသည် နယ်စပ်မျှ တောင်ကုန်းမို့မို့ တောညိုညို အောက်ဝယ် အသက်ပျောက်၍ ထာဝစဉ် အိပ်စက်ကြရရှာလေမည်နည်း။

နယ်စပ်မှ "တောင်တန်းပြာနှင့် ကျောပိုးအိတ်" ဇာတ်လမ်းကို လူတိုင်း မြင်နိုင်မည် မဟုတ်။

မြေပြန့်ရှိ မြို့ကြီးပြကြီးတို့၌ကား နိုင်ငံရေး ဇာတ်ခုံတို့တွင် ကကြိုးစုံ၍ ဇာတ်စုံမြိုင်သည်။

အာဏာလက်ရှိသမားတို့က တရုတ်ဖြူရန်ကို လက်ညှိုးထိုးပြကြသည်။ ပြည်တော်သာ စီမံကိန်းကိုလည်း ကြွားပြကြ၏။

၁၉၅၂ ခုနှစ်၊ ရွေးကောက်ပွဲအပြီး၌ ပါလီမန်တွင် အတိုက်အခံ အဖွဲ့ဟူ၍ ပေါ်လာသည်။ အတိုက်အခံအဖွဲ့သည် လူနည်းသော်လည်း အသံမြည်၏။

မိတ္ထီလာ သာစည်နယ်သည် ဆရာထိန်နှင့် သူ့နောက်လိုက် လူမိုက်များ တန်ခိုးကြောင့် အာဏာရပါတီအတွက် အစစ မီးသေသည်ဟု ယခင်က အဆိုရှိ၏။

မူလ ကျောင်းဖွင့်စက ဘခက်သည် ကျောင်းမှန်မှန်တက်သည်။ စာမှန်မှန်ကျက်သည်။ ယခုကား ဘခက် အလုပ်များပြန်ပြီတည်း။

ဘခက် ပြန်လာလျှင် အဆင်သင့်ကြည့်နိုင်ရန် နှင်းငွေက မှတ်စုများကို မိတ္တူကူးထားရ၏။

နုနုငယ်က မည်သို့မျှ အမူ မထူးခြားသော်လည်း ညွန့်မေသည် မျက်နှာညှိုးညှိုးနှင့် ပြောတတ်၏။

" နှင်းငွေ နင့်ဘခက် နင် မနိုင်ဘူးလား "

" နင်တောင်မှ မနိုင်တာ၊ ငါက ဘာလို့ နိုင်မှာလဲ "

" နှင်းငွေ မနောက်နဲ့၊ ငါ အကောင်းပြောနေတာ "

" ငါကလဲ အကောင်းပြောတာပဲ ညွန့်မေ၊ ဒါထက် ပြောပါဦး ဘခက်ကို ဘယ်သူက နိုင်လို့လဲ "

ညွန့်မေက သက်ပြင်းလေးချ၏။

" အေးလေ ဘယ်သူကမှ မနိုင်ပါဘူး၊ သူ့နာမည်က ဘခက်တဲ့၊ သူ့အန္တရာယ်ကို ငါ စိုးရိမ်လို့ပါ နှင်းငွေ၊ နင် တလွဲမထင်နဲ့ "

နှင်းငွေက ညွန့်မေ၏ မျက်လုံးများကို ကြည့်၏။ ညွန့်မေ၏ မျက်နှာက ညှိုးသော်လည်း ကြွေနွေပြည့်၍ တည်ငြိမ်နေသည်။ ထိုနည်းတူစွာ မျက်လုံးများကလည်း အေးချမ်းတည်ငြိမ်နေ၏။ နှင်းငွေ ကြည့်သည်ကို မျက်လုံးမလွှဲဘဲ စူးစိုက်ပြန်ကြည့်သည်။

နှင်းငွေက အရင် မျက်လုံးလွှဲရသည်။ ယုန်ဖြူမလေးကို သူ နားမလည်။ ဤရွှေကြီးညိုမလေးကို သူ ပိုနားမလည်။။ သေ . . . သေချင်စမ်းပါဘိ။

❑

နှင်းငွေသည် ရွာမွန်သာသို့ ဦးတည်ကာ စက်ဘီးစီးလာ၏။

ကားလမ်း၏ လက်ယာဘက်၊ တောင်ဘက် အဝေးဆီ၌ ရေပြင်ကျယ်ကို တွေ့ရသည်။

အစကမူ လယ်မြေနိမ့်၌ တောင်ကျရေအိုင်သည်ဟုသာ ထင်ခဲ့သည်။ ယခုမူ ဤရေအိုင်သည် စည်းကမ်းမဲ့သော စမုန်မြစ်၏ အစဟု သိရသည်။

စမုန်မြစ်အကြောင်း ရာဇဝင်စာအုပ်များတွင် ဖတ်ဖူးသည်။ အနော်ရထာ၏ အိပ်မက်ထဲမှ နဂါးတစ်ကောင်တည်း။

စမုန်သည် ရှမ်းရိုးမမှ မြစ်ဖျားမခံ၊ ရမည်းသင်းဘက်မှ မြစ်ဖျားခံလာသည်။ သာစည်နယ်ကို ဖြတ်ကာ ကူမဲ၊ ကျောက်ဆည်ဆီ စီးဆင်း၏။ နွေအခါဆိုလျှင် မြစ်ဖျားသည် ရှိသည်ပင် မထင်ရ။

www.myanmarcupid.net

ယခုအချိန်မှ ရေပြည့်နေသည်။ ကျေးဇူးရှိစွာ ပြည့်သည် မဟုတ်။ စိုက်နိုင်ပျိုးနိုင်သော မြေမှန်သမျှ ပျက်အောင် လွှမ်းလျက် ပြည့်နေသည်။

ရွာမွန်သာအနီး ကပ်လာသောအခါ လမ်း၏ လက်ယာဘက် စနည်မြေများထက် နွားစာပြောင်းခင်းများကို တွေ့ရသည်။ အခြားစိုက်ခင်းများ မတွေ့ရ။

လမ်း၏ လက်ဝဲဘက် (မြောက်ဘက်)၌သာ စိမ်းစိုသော ကောက်ယဉ်ခင်းများကို မြင်ရသည်။ ပေါင်းမရှုပ်သေးသော ထည်ရာသစ်သည့် မြေညိုညိုတို့ထက် ငရုတ်ပင် စိမ်းစိမ်းမှောင်မှောင်များ ပုပုနိမ့်နိမ့် ပေါက်နေကြ၏။

ရွာမွန်သာ တံတားကြီးဘေးရှိ ကျောက်ဆည်မှ ရေတို့ ညင်ညင်သာသာ ကျနေ၏။ ဆည်တောင်ဘက် ချောင်းတွင်း၌ ရေပြည့်နေသည်။ ဤရေတို့ မင်းလှကန် ကျောက်တံခါးမှ လာကြောင်း နှင်းငွေ သိပြီးဖြစ်၏။

ချောင်းတွင်း၌ ယောက်ျားတို့ ရေကူးနေကြသည်။ ဇာတ်လိုက်ပမာ ဒိုက်ဗင်ထိုးချသူက ချနေ၏။ ရေအိုးကိုယ်စီနှင့် ရေခပ်လာသော ရွာသူအပျိုချောညိုညိုတို့ကိုလည်း တွေ့ရသည်။

နှင်းငွေသည် ရွာတွင်းဝင်ခဲ့ပြီး ထုံးစံအတိုင်း ဘခက်တို့တဲ၌ ရပ်၏။

နှင်းငွေက စက်ဘီးဘဲလ်ကို အကြိမ်ကြိမ် နှိပ်သည်။

ဒေါ်မြ ထွက်ပေါ်မလာ။ တစ်ဖက်ခြံမှ ရင်လျားနှင့် မိန်းမတစ်ဦး ထွက်လာ၏။

" အလို မြို့ပိုင်သားလေးပါလား "

မြို့ပိုင်သားလေးဟု အခေါ်ခံရတိုင်း နှင်းငွေမှာ ရင်တွင်း ကသိကအောင့် ဖြစ်မိသည်။ သို့ရာတွင် မတတ်နိုင်ပြီ။ သည်ရွာက သူ့ကို သည်အတိုင်းသာ သိနေကြ၏။

" ဩော် . . . အစ်မရေ . . . ကြီးတော်မြ ဘယ်သွားလဲ "

" ဘယ်သွားရမလဲ ငရုတ်ခင်းထဲမှာပေါ့၊ ဒါထက် မြို့ပိုင်သား တော့်သူငယ်ချင်း ဘခက် ပါမလာဘူးလား "

" မပါဘူးဗျ၊ ဒါထက် အစ်မ ကျွန်တော့်စက်ဘီး ဒီမှာ ထားခဲ့မယ်နော် "

" ထားခဲ့လေ၊ အစ်မ ကြည့်ထားပါ့မယ်၊ ပြီးတော့ ကျုပ်တို့ရွာမှာ သူခိုး မရှိပါဘူး မြို့ပိုင်သားရယ် "

နှင်းငွေသည် စက်ဘီးကို သော့ခတ်ပြီး ခြံတွင်းမှ ထွက်ခွာသွားရန် ပြင်သည်။ ရွာသူမိန်းမက နှင်းငွေ၏ ကျောမှ လေသေနတ်ကို ကြည့်ပြီး ဆို၏။

" မြို့ပိုင်သား ငှက်ပစ်ထွက်လာတာလား "

" ဟုတ်တယ် အစ်မ၊ ဘာဖြစ်လို့တုန်း "

" ဘာမှ မဖြစ်ပါဘူး၊ ချိုးရရင် တစ်ကောင်လောက် အစ်မကို ပေးမလား၊ စက်ဘီးစောင့်ခလေ "

နှင်းငွေက သဘောကျစွာ ရယ်သည်။ မိမိကိုယ်ကို သဘောကျမိခြင်းဖြစ်၏။ သည်အတိုင်းဆိုလျှင် ခင်တန်းဆီ မိမိ သွားသည်ကို မည်သူမျှ အထူးအဆန်း ထင်မည်မဟုတ်။

နှင်းငွေက လှိုက်လှဲစွာ စကားပြန်သည်။

" စိတ်ချ အစ်မ၊ အစ်မ အတွက် ချိုးတစ်ကောင် ပေးပါ့မယ် "

နှင်းငွေသည် မိမိကိုယ်ကို စိတ်ချယုံကြည်စွာနှင့် ခင်တန်းဘက်သို့ ထွက်လာခဲ့၏။

လမ်းတွင် ငှက်ငယ်များကို တွေ့ရ၏။ ယခင် အခေါက်များကမူ နှင်းငွေသည် ငှက်မပစ်။ သေနတ်သည် ဟန်ဆောင်၍ ကောင်းရုံသာတည်း။

ယနေ့၌မူ ရွာသူမိန်းမကို သူ ကတိထားမိခဲ့၏။

ခင်တန်းမရောက်မီ ထနောင်းပင်ပျို တစ်ပင်ထက် ချိုးတစ်ကောင်ကို တွေ့သည်။ ချိုးငှက်သည် အန္တရာယ်ကို သတိပြုမိဟန် မတူ၊ သာယာစွာ ကူနေ၏။

နှင်းငွေ သေနတ်ပြောင်းကို ချိုး၏ ရင်ပုံတည့်တည့်ဆီ ချိန်လိုက်၏။ ခလုတ်မောင်းကို သာသာ ဆွဲချလိုက်၏။

တကူကူးသံ ရုတ်ချည်း ပျောက်သွား၏။ ချိုးငယ်သည် မြေပြင်သို့ ဖုတ်ကနဲ ကျလာသည်။ မြေပြင်ရောက်သော် အတောင်ပံများက ခေတ္တ တဖျတ်ဖျတ် ခတ်ရှာသေး၏။ ထို့နောက် အားလုံး ငြိမ်ကျသွား၏။

နှင်းငွေသည် သေနတ်ကို ကျော၌ ပြန်လွယ်သည်။ ချိုးသေကောင်ကို ကောက်ပြီး ခင်တန်းဆီ ဆက်လျှောက်ခဲ့၏။

ခင်တန်းအောက် စမ်းချောင်းသည် သွင်သွင် စီးနေ၏။

အဝေးကပင် နုနုငယ်ကို လှမ်းမြင်ရသည်။

နုနုငယ်သည် စမ်းရေယဉ်အတွင်းသို့ တစ်စုံတစ်ရာတို့ကို စိတ်ပါဝင်စားစွာ မျှောလွတ်နေ၏။ မတိုးမကျယ်လည်း သီဆိုနေ၏။

www.myanmarcupid.net

" သာယာသာယာ မြည်လေကြွေး၊ သာလိကာငယ်လေကျေး၊ ချည်ခင်စွတ်ကယ်က၊ ကျူးတယ် ကျူးတယ်ကို၊ သင်တိုင်းဝတ်ကယ်က မြူးတယ် မြူးတယ်ကို၊ သံချိုတည့်ဇေ၊ ပယ်တည့် ပယ်ထွေးထွေး၊ စာပေးခွန့်ကြ၊ ချစ်ရေးခင်ရေး မျှပါလို့လေး "

ချိုသာလွန်းသော သီချင်းသံကို နားထောင်ကောင်းလှသောကြောင့် နှင်းငွေသည် မလှုမ်းမကမ်းတွင် ရပ်လျက် ငြိမ်စောင့်နေ၏။

သို့ရာတွင် နုနုငယ်က သူ့ကို မြင်သွား၏။

" လာလေ ကိုယ်၊ ဘာရပ်ကြည့်နေတာလဲ "

သူက ထိုအခါကျမှ သွက်သွက်လျှောက်၍ နုနုငယ်အနား ကပ်သွား၏။

" နုငယ် သီချင်းဆိုသံက သိပ်ကောင်းလို့ ကိုယ် ရပ်နားထောင်နေတာ "

နုနုငယ်၏ မျက်နှာလေးသည် သန့်စင်ဖြူဝင်းနေ၏။ အပြုံးကလေးကလည်း ရွှင်ကြည်နေ၏။

ခဏ၌ပင် နုနုငယ်၏ အပြုံးရပ်သွားသည်။ မျက်လုံးများက ထိတ်လန့်စွာနှင့် နှင်းငွေ လက်တွင်းမှ ချိုးသေကို စိုက်ကြည့်နေ၏။ ထိုနောက်မှ နှင်းငွေ၏ မျက်နှာကို ဒေါသနှင့် ကြည့်၏။

" ကိုယ် ဘာလို့ ရက်စက်ရတာလဲ "

နုနုငယ်၏ အသံသည် မာလည်း မာနေ၏။ တုန်လည်း တုန်နေ၏။

နှင်းငွေက နုနုငယ်၏မျက်နှာကို တစ်လှည့်၊ ချိုးသေကို တစ်လှည့် ကြည့်သည်။ ဘာဖြေရမှန်းတော့ မသိ။

နုနုငယ်က ထပ်အော်သည်။

" မေးနေတာကို ကိုယ် မဖြေဘူးလား "

" ဩော် . . . ဟိုဒင်း . . . အဲ . . . လမ်းမှာ တွေ့တာနဲ့ ပစ်ခဲ့တာ "

" လမ်းမှာ တွေ့တာနဲ့ ပစ်ခဲ့တာ၊ ကိုယ်ကတော့ လွယ်လွယ်လေး၊ ဒါပေမယ့် အခုဆိုရင် ငိုတဲ့သူက ငိုနေပြီ၊ ကိုယ့်ကိုလဲ ကျိန်ဆဲနေပြီ "

" ဘာပြောတယ် နုငယ်၊ ငိုတဲ့လူက ငိုနေပြီ၊ ပြီးတော့ ကိုယ့်ကိုလည်း ကျိန်ဆဲမယ်၊ ဘယ်သူကလဲ "

နုနုငယ်က နှင်းငွေကို ကြည့်ပြီး စိတ်ပျက်ဟန် ခေါင်းခါသည်။

" ကိုယ် ဘာမှမသိဘူး၊ သူတို့ချစ်ခြင်းကို ခွင်းရင် ငှက်ကလေးတွေက ငိုကြတယ်၊ ပြီးတော့ ကျိန်လဲ သိပ်ကျိန်ဆဲတယ်၊ သူတို့စကားကို ကိုယ်နားလည်ရင် ကိုယ် သိပ်ကြောက်သွားမယ် "

နုနုငယ်၏ စကားကြောင့် နှင်းငွေ ရယ်ချင်သွား၏။ သို့ရာတွင် မရယ်ဝံ့။ နုနုငယ် စိတ်ဆိုးပြေအောင်မူ ပြောရ၏။

" နုငယ် မကြိုက်ရင် ကိုယ် နောက်ကို မပစ်တော့ပါဘူး၊ ကဲ ဒီ ချိုးလဲ သွားပေတော့ "

ပြောပြောဆိုဆိုနှင့် နှင်းငွေက ချိုးကို လွှင့်ပစ်လိုက်၏။

သို့ရာတွင် နုနုငယ်က ဆို၏။

" အို ဒီလိုလုပ်လို့ ဘယ်ကောင်းမလဲ "

" ဘာပြောတာလဲ နုငယ် "

နုနုငယ်သည် နှင်းငွေကို မဖြေ။ တစ်စုံတစ်ခုကို ရှာဖွေဟန် မြေပြင်ကို လှည့်လည်ကြည့်၏။

" ကိုယ့်မှာ မြေကြီးတူးစရာ မပါဘူးလား "

" မြေကြီးတူးစရာ၊ ဟင့်အင်း မပါဘူး၊ ဘာလုပ်မလို့လဲ "

" ကိုယ် သေနတ်ပြောင်းနဲ့ တူးလို့မရဘူးလား "

" ကြံကြံဖန်ဖန် နုငယ်ကလဲ၊ ဘယ်ရပါ့မလဲ၊ ပြီးတော့ သေနတ် ပျက်သွားမှာပေါ့ "

နုနုငယ်သည် မျက်မှောင်လေးတွန့်၍ ငြိမ်စဉ်းစားနေ၏။ ခဏအကြာတွင် အကြံရဟန် ဆိုသည်။

" ကိုယ် သွားကောက်စမ်း "

" ဘာ သွားကောက်ရမှာလဲ "

" ခုနင်က ကိုယ်လွှင့်ပစ်လိုက်တဲ့ ချိုးကိုပေါ့ "

" ဘာလုပ်မလို့လဲ "

" သွားကောက်ပါဆို ကောက်စမ်းပါ "

နှင်းငွေသည် စကားမရှည်တော့ဘဲ ချိုးကို သွားကောက်ခဲ့၏။

" လာ လာ ဒီမှာချ "

နုနုငယ် ညွန်ပြသော မြေပြင်တစ်နေရာတွင် နှင်းငွေက ချိုးသေကို ချလိုက်၏။

နုနုငယ်သည် မြေပြင်မှ သစ်ရွက်ခြောက်၊ သစ်ရွက်ဆွေးတို့ကို ကျုံးယူစုဆောင်း၍ ချိုးသေကောင်ထက် ဖုံးသည်။

" ဘာကြည့်နေတာလဲ ကိုယ်လဲလုပ်လေ "

နှင်းငွေသည် ရယ်ချင်လာပြန်၏။ သူ့မျက်နှာကို နုနုငယ် မမြင်စေရန် ခေါင်းငုံ့လိုက်ပြီး သစ်ရွက်များကို ကျုံးလျက် နုနုငယ်နည်းတူပင် ချိုးသေပေါ် ဖုံးလွှမ်း၏။

ချိုးသေ ပျောက်သွား၏။ သစ်ရွက်ခြောက်ပုံသာ ရှိတော့၏။

ထိုစဉ် နုနုငယ်က ထူးဆန်းသောစကားကို ဆို၏။

" နုငယ်တို့ သရဏဂုံ တင်ကြရအောင် "

" ဘာ သရဏဂုံတင်ကြမယ် "

" ဟုတ်တယ်လေ၊ ကိုယ်က ယောက်ျားပဲ၊ ကိုယ်တင် "

" အို . . . ကြံကြံဖန်ဖန်၊ ကိုယ် ဘယ်တင်တတ်ပါ့မတုန်း "

" ကိုယ် ကိုရင် ဝတ်ဖူးလား "

" ဝတ်ဖူးတာပေါ့၊ ဘာဖြစ်လို့လဲ "

" ဒါတောင် ကိုယ် သရဏဂုံ မတင်တတ်ဘူးလား "

" ဟာ ကိုရင်က ဘယ်တင်တတ်မလဲ၊ အဲဒါက ဘုန်းကြီး‚ကြီးတွေ လုပ်တာ "

နုနုငယ်က သက်ပြင်းရှိုက်ပြီး စဉ်းစားပြန်၏။ ထို့နောက် လေအေးလေးနှင့် ဆို၏။

" အင်းလေ၊ ဒါဖြင့် ခရစ်ယာန်တွေလိုပဲ ဆုတောင်းကြရအောင်၊ အတူတူပဲ နေမှာပဲ "

နုနုငယ်က သစ်ရွက်ပုံဘေး၌ ဒူးထောက်လိုက်၏။ လက်ဝါးနှစ်ဖက်ပူးကာ ရင်ခွင်တွင် ကပ်ထားပြီး နှင်းငွေကို မော့ကြည့်သည်။

" လာလေ "

မထူးတော့ပြီ၊ မိနုငယ် ကျေနပ်လျှင် ပြီးပါလေရော့။

နှင်းငွေကလည်း နုနုငယ်ဘေးတွင် ယှဉ်လျက် ဒူးထောက်လိုက်ရ၏။

နုနုငယ်က မျက်တောင်ရှည်များကို စင်းမှိန်ပြီး နူးညံ့သိမ်မွေ့စွာ ဆုတောင်း၏။

" အို အဖဘုရားသခင်၊ ဤသတ္တဝါငယ်သည် အေးချမ်းစွာ အိပ်ပျော်ပါစေသော့၊ ဤပြစ်မှုကို ကျူးလွန်သူအားလည်း မဟာကရုဏာနှင့် ခွင့်လွှတ်တော်မူပါ၊ သူ့ဝိညာဉ်မှ အကုသိုလ် အစွန်းအထင်းကို ပယ်ဖျက်တော်မူပါ အာမင်း "

အစသော် နှင်းငွေ ရယ်ချင်နေသေး၏။ သို့ရာတွင် နုနုငယ် ဆုတောင်းပုံမှာ လှိုက်လှဲလှ၏။ နှလုံးသားမှ လာဟန်ရှိသော အသံချိုချို၌ ကရုဏာအပြည့်ပါ၏။

မျက်လုံးများကို ဖွင့်ကြည့်လိုက်ပြီး နုနုငယ်က သူ့ဘက်သို့လှည့်၍ နူးညံ့စွာ ဆိုသည်။

" ကိုယ်လဲ ဆိုလေ နော် "

" ကိုယ် ဘာဆိုရမလဲ နုငယ် "

" အာမင်း လို့ဆို "

နှင်းငွေက မျက်လုံးကို ပိတ်လိုက်ပြီး တည်ကြည်စွာ "အာမင်း"ဟု ရွတ်သည်။

နုနုငယ်သည် စိတ်ပေါ့ပါးသွားဟန်ဖြင့် နေရာမှထသည်။ မျက်နှာလေးကလည်း ပျော့ပျောင်းသိမ်မွေ့နေ၏။

နုနုငယ်နှင့် နှင်းငွေသည် စမ်းချောင်းဘေး၌ အတူ တွဲထိုင်လိုက်ကြသည်။

စမ်းချောင်းဘေး မြေပြင်တွင် စက္ကူကို ခေါက်ချိုးလုပ်ထားသော လှေနှင့် နှစ်ပင်တိုင် သင်္ဘောကလေးများရှိ၏။

စောစောက စမ်းရေယဉ်တွင် နုနုငယ် မျှောလွှတ်နေသည်မှာ ဤအရာလေးတို့ကိုပင် ဖြစ်ပေလိမ့်မည်။

အတန်ကြာ ငြိမ်နေရာမှ နုနုငယ်က စတင် စကားပြော၏။

" ကိုယ် ဒီလို ငှက်လိုက်ပစ်နေတာ အိမ်က မဆူဘူးလား "

" မေမေကတော့ တစ်ခါတစ်ခါ ဆူတာပဲ၊ ဒါပေမယ့် ဖေဖေကလဲ အမဲလိုက်တယ်၊ ဒီလေသေနတ်ကိုလဲ ကိုယ့်ဖေဖေ ဝယ်ပေးထားတာ "

" ကိုယ် ဒီလာတိုင်း လမ်းမှာ ငှက်ပစ်တာပဲလား "

" မပစ်ပါဘူး နုငယ်၊ ဒါပေမယ့် လေသေနတ်ပါတော့ ဘယ်သူကမှ ကိုယ့်ကို အထင်မလွဲဘူး၊ ကိုယ်က ဒီကို လာချင်တယ် မဟုတ်လား၊ ကိုယ် ငှက်ပစ်ချင်ယောင်ဆောင်ပြီး နုငယ်ဆီ လာတာပဲ "

www.myanmarcupid.net

နုနုငယ်သည် စမ်းရေယဉ်ကို စိုက်ကြည့်နေသည်။ နှင်းငွေ စကားဆုံးသောအခါ မျက်တောင်ရှည်များကို ဖြည်းညင်းစွာ ပင့်လှန်လျက် ပြာလဲ့ရီဝေသော မျက်လုံးများနှင့် နှင်းငွေကို မော့ကြည့်သည်။

" ကိုယ်က နုငယ်ဆီကို ဘာလို့ လာတာလဲ "

" အို . . . အဲဒါကို ကိုယ် ဘယ်လိုပြောရမလဲ မသိဘူး နုငယ် "

နုနုငယ်သည် မျက်လုံးလွှဲမပစ်ဘဲ သူ့ကို စိုက်ကြည့်မြဲ ကြည့်နေသည်။ သူကလည်း မျက်လုံးမလွှဲနိုင်၊ မွေ့မွေ့ခုန်သော ရင်နှင့် နုနုငယ်ကို ပြန်ကြည့်နေမိသည်။

နုနုငယ်၏ မျက်လုံးလေးများက သာသာညင်ညင် လည်နေသည်။ လည်နေသော မျက်လုံးလေးများ၌ မျက်ရည်များ ပြည့်လျှံလာ၏။

နုနုငယ်သည် မျက်နှာလွှဲလိုက်ပြီး ဖြည်းညင်းစွာ ခေါင်းခါလျက် ဆို၏။

" ကိုယ်တော့ ဒုက္ခပဲ "

" ဘာပြောတယ် နုငယ် "

" သြော် . . . ကိုယ်တော့ ဒုက္ခပဲလို့၊ ပြီးတော့ နုငယ်လဲ ဒုက္ခပဲ "

" ဘာလို့ ဒီလိုညည်းရတာလဲ နုငယ် "

နုနုငယ်က မဖြေ၊ နုနုငယ် သည်မေးခွန်းကို မဖြေတတ်မှန်း နှင်းငွေ သိပြီးဖြစ်၏။ သိပြီးဖြစ်၏။

နုနုငယ်သည် မြေပြင်မှ စက္ကူလှေတစ်ခုကို ကောက်ယူပြီး စမ်းချောင်းထဲ ချလိုက်၏။ စက္ကူလှေငယ်သည် စမ်းချောင်း ရေယဉ်၌ မျောပါသွား၏။

နုနုငယ်က စကားလွှဲဟန် ရုတ်တရက် မေး၏။

" အစ်ကိုဘခက် ပြန်မလာသေးဘူးလား "

" ပြန်မလာသေးဘူး နုငယ်၊ ဘာဖြစ်လို့ မေးတာလဲ "

" နုငယ်ဆီက အိုင်ချင်းဆိုချင်တယ် ဆိုလို့ပါ၊ နုငယ် ကူးထားတယ် "

" ဟုတ်ပါရဲ့၊ ဟိုတစ်နေ့က စာသင်ရင်း ဆရာဦးကျော်စိန်က ပြောတယ်၊ အိုင်ချင်းဟာ ရတုထက် အဆင့်မြင့်တယ်တဲ့၊ မြန်မာ့ကျေးရွာစရိုက်နဲ့ သဘာဝကိုလဲ ပြီးအောင်ဖော်နိုင်တယ်တဲ့၊ အခုခေတ်မှာ အိုင်ချင်းစပ်တတ်သူ မရှိသလောက်ရှားပြီး ဆိုတတ်သူတွေလည်း ပျောက်ကုန်ပြီတဲ့၊ နုငယ်လည်း ကြားသား မဟုတ်လား "

ဆရာဦးကျော်စိန်သည် တက္ကသိုလ်ဝင် အတန်းကြီးများကို မြန်မာစာပြသူ ဖြစ်၏။ တစ်နေ့က ဝန်ကြီးပဒေသရာဇာ၏ တျာချင်းကို သင်ပြရင်း ကျေးလက်သဘာဝ တေးများအကြောင်း စကားဆက်လျက် အထက်ပါအတိုင်း မှတ်ချက်ချဖူး၏။

" နုငယ်တော့ ဆိုတတ်ပါတယ်၊ ဦးလေးကံလဲ ဆိုတတ်တယ်၊ ဦးလေးကံက ပတ္တလားတီးပြီး နုငယ်ကို အဆို သင်ပေးတယ် "

" ဟယ် . . . တယ်ဟုတ်ပါလား၊ ကိုယ့်ကို နုငယ် တစ်ပုဒ် ဆိုပြမလား "

" ကိုယ် တကယ် နားထောင်ချင်လို့လား "

" နုငယ်ရယ်၊ ကိုယ်မလိမ်ပါဘူး "

" ဒါဖြင့် ဆိုပြမယ်၊ ကျောင်းမှာတော့ လျှောက်မပြောနဲ့၊ တော်တော်ကြာ အတန်းထဲ နုငယ် ဆိုပြနေရဦးမယ် "

" လျှောက်မပြောပါဘူး၊ ကိုယ့်ကိုတော့ ဒီမှာဆိုပြ နော် နုငယ် "

နုနုငယ်သည် လည်ချောင်းရှင်းလိုက်၏။ လည်တံလေးဆန့်ပြီး ခေါင်းလည်း မော့လိုက်သည်။ ဖြေးလေး ဆွဲငင်စွာ သီဆိုပြ၏။

**" ချစ်တဲ့သူငယ်လေ၊ သူငယ်ချင်းကောင်း ယောက်မတို့လေ၊ ငါ့ကိုလွယ် အမယ်ကြီးနှင့် ဘကြီးဖျက်လို့၊အိမ်လေးထောင့်မှာ ဆူးတွေချလျက်၊ ဖျက်နဲ့ငယ်မှ စေ့စုံ၊ လှေကားခုံမှာ ဂဠုန်မောင့်ကြောင့် စောင့်တော့တယ်၊ လှေကားဦးမှာ ဘီလူးမောင့်ကြောင့် စောင့်တော့တယ်၊ လှေကားခြေမှာ ဆူးလေ မောင့်ကြောင့် ကြိတော့တယ်၊ အိမ်တိုင်တိုင်းမှာ နွားရိုင်းမောင့်ကြောင့် ချည်တော့တယ်၊ ထရံကြားမှာ ဓားသွားမောင့်ကြောင့် ထားတော့တယ်၊ အိမ်ကြမ်းကြားမှာ အပ်သွားမောင့်ကြောင့် စီတော့တယ်၊ အိမ်မိုးခေါင်မှာ လှံထောင်မောင့်ကြောင့် စိုက်တော့တယ်၊ မောင်လဲ ဘယ်က တက်ပါ့မယ်၊ မယ်လဲ ဘယ်က ဆင်းရမယ် "**

ဖြည်းလေးဆွဲငင်စွာ သီဆိုနေရာမှ နုနုငယ်၏ အသံသည် တိမ်ဝင်သွား၏။

နုနုငယ်သည် ရုတ်ချည်း နေရာမှ ထလိုက်၏။

www.myanmarcupid.net

“ ကိုယ်၊ နုငယ် ပြန်တော့မယ် ”

“ အို နေပါဦး၊ သီချင်းဆုံးပြီလား ”

နုနုငယ်က ခေါင်းခါပြသည်။

“ မဆုံးသေးဘူး၊ ဆုံးအောင်လဲ မဆိုချင်ပါဘူး၊ နေဝင်တော့မယ်၊ ကိုယ်လဲ ပြန်တော့၊ ကိုယ့်ကို ဂဠုန်ကိုက်လိမ့်မယ်”

နှင်းငွေသည် ထုံးစံအတိုင်း နားမလည်လှစွာ နုနုငယ်ကို ပြန်ကြည့်၏။

ထိုစဉ် အသံကြီးတစ်ခုကို ကြားရ၏။ ဂဠုန်အော်သံဟုပင် နှင်းငွေ ထင်လိုက်မိ၏။

“ မိနုငယ် နင် ဘယ်မှာလဲ ”

နုနုငယ်သည် ကျားဟိန်းသံကြားရသော ယုန်ဖြူမလေးကဲ့သို့ စမ်းချောင်းဘေးမှ ပြေးထွက်သွား၏။

ပထမမူ နှင်းငွေက ထကြည့်မည်ကြံ၏။ ထို့နောက် သတိရ၍ လက်ပံပင်ခြေရှိ ဆူးရစ်ချုံသို့ တိုးဝင်ပြီး လှမ်းကြည့်၏။

စမ်းချောင်းနှင့် ကိုက်အစိတ်ခန့် အကွာ၌ လူကြီးတစ်ဦး ရပ်နေ၏။ သူ့လက်တွင်း၌ ဝါးလော ကြိမ်လော မသိသော တုတ်တစ်ချောင်းကို ကိုင်ထား၏။ သူ့ရှေ့တွင် နုနုငယ်သည် ကုပ်ကုပ်လေး ရပ်နေ၏။ အနီးကပ် မြင်ရလျှင် ဆတ်ဆတ် တုန်နေမည်လော မပြောတတ်။

လူကြီး၏ ဟိန်းဟောက်သံ ပေါ်လာ၏။

“ နေဝင်တော့မယ်၊ ဘာလို့ မပြန်ရသေးတာလဲ၊ မြွေကိုက်ခံချင်လို့လား၊ နင် ငါ့ကို တစ်ပူပေါ် နှစ်ပူဆင့်အောင် လုပ်မလို့ ဟုတ်လား ”

လူကြီးသည် တုတ်ကို လွှဲမြှောက်လိုက်၏။

နုနုငယ်၏ ကြောက်လန့်တကြား အော်သံကို ကြားရသည်။

လူကြီး၏ တုတ်သည် နုနုငယ်၏ ကိုယ်ပေါ်သို့မကျ၊ သူ့ကိုယ်သူ ထိန်းလိုက်ဟန်ရှိသည်။

နုနုငယ်က အိမ်ကြီးဆီ ပြန်ပြေးသည်။ လူကြီးက စမ်းချောင်းဆီ လျှောက်လာ၏။

ဆူးရစ်ချုံသည် အနီးကပ်ကြည့်သူ မမြင်နိုင်အောင် မလုံ။

နှင်းငွေသည် ဆင်ခြေလျှောအတိုင်း သေနတ်ပိုက်ရင်း လှိမ့်ချလိုက်၏။ လိမ့်သောကိုယ်သည် စောစောက သစ်ရွက်ပုံကို တိုက်မိသွား၏။ ချိုးသေကောင် ပေါ်လာသည်။

နှင်းငွေက ချိုးသေကောင်ကို ကောက်ယူလိုက်ပြီး ခြေသံမကြားအောင် ဖော့နင်းပြေးသည်။ ဤအတိုင်း ဆက်ပြေးသော် သူ့ကို လူမြင်ပေမည်။

နှင်းငွေသည် ရပ်လိုက်ပြီး ကိုယ်ကို ပြန်လှည့်၏။

လေသေနတ်ကို မောင်းတင်ပြီး လက်ပံပင်ပေါ် ချိန်လိုက်သည်။ ကံအားလျော်စွာ လက်ပံပင်ထက်၌ ချိုးတစ်ကောင် ရှိနေ၏။

“ ဖောက် ”

လေသေနတ်မှ ကျည်ထွက်သွားသည်။ ချိုးငှက်က ထပြန်ပြေးသည်။

စောစောက နုနုငယ်နှင့် စကားပြောနေခဲ့သော နေရာ၌ လူကြီးပေါ်လာ၏။

နှင်းငွေသည် ချိုးသေကို လက်တစ်ဖက်မှ ဆွဲရင်း သေနတ်ကို လက်တစ်ဖက်မှ ကိုင်ကာ လေချွန်လျက် လူကြီးထံ ရှေးရှု လျှောက်လာခဲ့၏။

အနီးသို့ ရောက်သောအခါ လူကြီးသည် နုနုငယ်၏ ဖခင်ဖြစ်မှန်း နှင်းငွေ မှတ်မိသည်။

တော်ပါသေး၏။ သူ့ကို လူကြီး မှတ်မိပုံမရ။

မှတ်မိဖို့ကလည်း မလွယ်။ ကျောင်း၌ နှင်းငွေသည် ပုဆိုး အမြဲဝတ်လေ့ရှိသည်။ ယခု စပို့ရှပ်၊ ဘောင်းဘီရှည်နှင့် ဖြစ်သည်။ ခေါင်း၌လည်း အဝတ်ပျော့ ဦးထုပ်ကို ဆောင်းထားသေး၏။

“ ဟေ့ သူငယ်၊ မင်း ဒီ ဘာလာလုပ်တာလဲ ”

နှင်းငွေက ချိုးသေကို မြှောက်ပြ၏။ ထို့နောက် မောပန်းလှသည့်ဟန်ဖြင့် စမ်းချောင်းတွင်းမှ ရေကို လက်ခုပ်နှင့် ခပ်သောက်၏။ အမှန်မှာ နှင်းငွေ၏ ရင်တွင် ပူလောင်နေ၏။

ရေသောက်ပြီးနောက် နှင်းငွေက လူကြီးကို လှည့်ကြည့်သည်။

လူကြီးသည် တောင့်တောင့်ကြီး ရပ်နေ၏။ မျက်နှာကြီးကလည်း တင်းနေသည်။

အသားက ညိုသည်။ မေးရိုးကြီးများက ထောင့်ထင်ပေါ် ခက်မာနေ၏။ နှာတံက မြင့်၍ တန်းနေသည်။ ချိုင့်သော မျက်တွင်းများထဲက မျက်လုံးတို့က စူးရှတောက်ပြောင်နေ၏။

www.myanmarcupid.net

လေသင့်သောကြောင့် လူကြီးထံမှ အနံ့တစ်မျိုးကို နှင်းငွေ ရ၏။

အရက်နံ့တည်း။

နှင်းငွေနှင့် လူကြီးသည် တစ်ဦးကိုတစ်ဦး အတန်ကြာ စိုက်ကြည့်နေကြ၏။

လူကြီးက စ,စကားပြော၏။

" ဟေ့ . . . သူငယ်၊ နောက်ကို ဒီဘက် ငှက်လာမပစ်နဲ့ "

" ဗျာ . . . ဘာဖြစ်လို့ "

" ဒီဘက်က မြေဆိုးပေါတယ်၊ ပြီးတော့ "

လူကြီးသည် ခေတ္တငြိမ်၍ ဟိုဟိုသည်သည် ကြည့်၏။

" ပြီးတော့ နေဝင်ရင် မြေက ကြမ်းတယ်၊ နားလည်လား "

နှင်းငွေကလည်း ပတ်ဝန်းကျင်ကို လှည့်ကြည့်လိုက်ပြီး မှင်သေသေနှင့် ပြန်မေး၏။

" တကယ်ပဲ မြေကြမ်းသလား "

လူကြီး ပါးတစ်ခြမ်းဖြင့်သာ ရွဲ့ပြ၏။ ခြောက်ဟန်ပါသော လေသံနှင့် စကားပြန်၏။

" မယုံရင် နေဝင်အထိ စောင့်ကြည့်ပါလား "

နှင်းငွေက ပုခုံးတွန့်ပြ၏။

" စောင့်တော့ ကြည့်ချင်သား၊ ဒါပေမယ့် ကျွန်တော့်ကားက မီးမကောင်းဘူး၊ နေမဝင်ခင် မြို့ပြန်မှ "

" မင်းက သာစည်ကလား "

နှင်းငွေက ခေါင်းညိတ်ပြ၏။

" ကျောင်းသားလား "

နှင်းငွေ ခေါင်းညိတ်ပြပြန်၏။

" ဘယ်ကျောင်းနေလဲ "

" ရန်ကုန်တက္ကသိုလ် "

" ဘာရယ် "

" ဩော် . . . ကျွန်တော်က ရန်ကုန်တက္ကသိုလ်ကျောင်းသားပါ၊ အခု သီတင်းကျွတ်ကျောင်းပိတ်ရက် အိမ်ပြန်လာတာ"

လူကြီး၏ အမူအယာသည် စိတ်ပေါ့ပါးမှုကို သိသိသာသာ ပြ၏။

" ဩော် . . . တက္ကသိုလ်ကျောင်းသားတစ်ဦးကိုး၊ အင်းလေ မောင်တို့ ခေတ်ပညာတတ်တွေက ယုံချင်မှ ယုံမယ်၊ ဒါပေမယ့် ဒီနေရာက တကယ် မြေကြမ်းတယ်ကွ "

နှင်းငွေက တကယ့် တက္ကသိုလ်ကျောင်းသားကြီးတစ်ဦးပမာ စဉ်းစားဟန် ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး တည်ကြည်စွာ ပြန်ပြော၏။

" မြေကြမ်းတယ်ဆိုတာကို ကျွန်တော်ကတော့ အယုံအကြည် မရှိပါဘူး၊ ဒါပေမယ့် စေတနာနဲ့ ပြောတာကိုတော့ လေးစားရမှာပေါ့၊ ပြီးတော့ ကျွန်တော်ကလည်း ဒီဘက် ရောက်ခဲပါတယ်၊ ဒီဘက်က ထင်သလောက်လဲ ငှက်မပေါပါဘူး၊ မင်းလှကန်ဘက်လောက် မစားသာဘူး "

လူကြီးကလည်း သဘောတူစွာ ခေါင်းညိတ်ပြ၏။

" ဟုတ်တယ်၊ မင်းလှကန်ဘက်လောက် ငှက်မပေါပါဘူး၊ မောင်က ဒီဘက်မှာ ငှက်ပစ်ချင်ရင်တော့ ဦး ညွှန်လိုက်မယ်၊ လမ်းတောင်ဘက် စမုန်စပ်ဆီ သွားပါလား၊ ဒါမှမဟုတ် မောင်က ကားရှိတော့ ကွဲတပ်ဆုံအထိ သွားပါလား၊ အဲဒီမှာ ငှက်လဲ ရှိတယ်၊ ယုန်လဲ ရှိတယ်၊ သေနတ်ကောင်းကောင်းပါရင် ချေတောင် ပစ်နိုင်သေးတယ် "

နှင်းငွေက ခေါင်းညိတ်ပြပြန်၏။

" ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ဦး၊ ကဲ . . . ကျွန်တော် ပြန်လိုက်ပါဦးမယ် "

လူကြီးက ပြန်မဖြေ၊ နှင်းငွေကမူ ခင်တန်းအတိုင်း ပြန်လျှောက်လာ၏။ နောက်ကို လှည့်မကြည့်၊ လှည့်သာ မကြည့်သော်လည်း လူကြီးသည် သူ့နောက်ကျောကို ရပ်ကြည့်နေမည်ဟု ထင်၏။

ခင်တန်းအထွက် ကန္တာရပင် ခြုံကွယ်၌ နှင်းငွေ ခေတ္တရပ်လိုက်၏။

အမှန်မှာ နှင်းငွေသည် မုဆိုးဝါနုသူ မဟုတ်၊ ဖေဖေနှင့် ယင်းမာပင်သို့ပင် လိုက်ကာ အမဲပစ်ဖူး၏။

ခြုံကွယ်မှ ကြည့်လျှင် ကိုယ့်မြင်ကွင်းက ကျယ်သည်။ အကာအကွယ်မရှိသူ တစ်ဖက်လူကို အသေးစိတ် မြင်နိုင်သည်။ ကိုယ်ကတော့ လုံခြုံနေ၏။

www.myanmarcupid.net

အဝေး လက်ပံပင်အောက်၌ ထီးထီးရပ်နေသူ လူကြီးကို ထင်းထင်း မြင်ရ၏။ သူ ထင်ခဲ့သည့်အတိုင်းပင် လူကြီးသည် တောင့်တောင့်ရပ်လျက် စောင့်ကြည့်နေ၏။ အတန်ကြာ၌ လူကြီးသည် တစ်စုံတစ်ရာကို ဒေါသထွက်ဟန်နှင့် သူ့လက်တွင်းမှ တုတ်ကို ဝှေ့ယမ်းလျက် လေကို ရိုက်နေ၏။

နှင်းငွေသည် ကျေနပ်စွာ ပြုံးလိုက်၏။

ခက်ခဲသော စာမေးပွဲတစ်ခုကို သူအောင်လိုက်ပြီဟု ထင်သည်။

နှင်းငွေသည် ခင်တန်းမှ မထွက်၊ ခင်တန်းမှ ထွက်လျှင် နုနုငယ်တို့ အိမ်ကြီးရှေ့မှ ဖြတ်ရဦးမည်။

နှင်းငွေ စမ်းချောင်းအတိုင်း အနောက်ဘက်သို့ ဆက်လျှောက်လာခဲ့သည်။

စမ်းချောင်းသည် ရုတ်တရက် တောင်ဘက်သို့ ကွေ့သွားသည်။ ကမ်းပါးပင် လူ့ခါးကျော်အောင် မြင့်သွား၏။

နှင်းငွေက ကမ်းပါးကို တက်လိုက်၏။ ရွာ၏ ခြံစည်းရိုးမှ စောင်ခြမ်းပင်နှင့် နာနတ်ပင်ရိုင်းများကို မြင်ရသည်။

စောင်ခြမ်းပင်နှင့် နာနတ်ပင်ရိုင်းကြားတွင် မြွေဆိုး ခိုတတ်ကြောင့် နှင်းငွေ သိပြီးဖြစ်၏။

သို့ရာတွင် နှင်းငွေသည် ခြေမျက်စိကျော်အောင် အုပ်သော စစ်သုံး တောနင်းရှက်ဖျင်ဖိနပ်ကို စီးထားသည်။ ကာကီ ဘောင်းဘီရှည်ကလည်း ဖိနပ်လည်ပင်းတွင်း ဝင်လျက် ခြေသလုံးကို လုံခြုံစွာ ဖုံးကွယ်ထားသည်။

နှင်းငွေက စောင်ခြမ်းတောကို ဖြတ်တိုး၏။ နောက်ဆုံးကျန် တစောင်း ပဒုမာသီး နီနီတို့ ကြွေကျကျန်ရစ်လေသည်။

❑

## အခန်း ( ၁၅ )

## ခတ်ဟူသည်

ရွာကိုပတ်လျက် လာခဲ့သောကြောင့် ဘခက်တို့ခြံသို့ နှင်းငွေ ပြန်ရောက်ချိန်၌ နေဝင်ခဲ့ပြီ။

ညနေစောင်းက နှင်းငွေတွေ့ခဲ့ရသော ရွာသူသည် ခြံတွင်းမှ ပြေးထွက်လာ၏။

မောပန်းသည့်ကြားမှ နှင်းငွေက ပြုံးရယ်ပြီး လှမ်းပြော၏။

" အစ်မရေ . . . ဟောဒီမှာ အစ်မအတွက် ချိုးတစ်ကောင် "

ရွာသူ၏ တုန့်ပြန်ချက်ကား နှင်းငွေ မည်သို့မျှ မမျှော်လင့်သော တုန့်ပြန်ချက်တည်း။

" တော်ချိုးက အရေးမကြီးဘူး မြို့ပိုင်သားရေ၊ ဟိုမှာ သေတော့မယ်၊ မြွေကိုက်လို့ "

ရွာသူသည် ပြေးထွက်သွား၏။

နှင်းငွေ ခေတ္တကြောင်သွား၏။ ထို့နောက် ခြံတွင်းသို့ ပြေးဝင်လာသည်။

ခြံတွင်း၌ လူတို့ စုအုံနေ၏။ လူကြားတွင် ညွှန့်မေကိုလည်း တွေ့ရ၏။

" ညွှန့်မေ၊ ဘာဖြစ်ကြတာလဲ "

ညွှန့်မေ၏ နှုတ်ခမ်းများက လှုပ်၍လာတော့သည်။ အသံကမူ တော်တော်နှင့် ထွက်မလာ။

" ပြောစမ်းပါဟ ညွှန့်မေ၊ ဘာဖြစ်နေကြတာလဲ "

ညွှန့်မေသည် တုန်လှုပ်မှုကို မနည်း တင်းဆည်လိုက်ပြီး ဖြေ၏။

" ကြီးတော်မြကို ဟို . . . ဟို . . . ပိုးထိလို့ "

" ဟယ် . . . "

နှင်းငွေသည် ဤမျှသာ အော်ပြီး လူကြားထဲ တိုးဝင်ကြည့်သည်။

မြေတလင်းပေါ်တွင် ဒေါ်မြသည် ပက်လက်ရှိနေ၏။ မျက်လုံးများက မပွင့်၊ ညည်းသံသဲ့သဲ့မှု ထွက်ပေါ်နေ၏။

ကိုယ်အထက်ပိုင်းဗလာ၊ လုံချည်ဒူးဆစ်၊ ဿျောင်ကြီးဖွေနှင့် လူရွယ်တစ်ဦးက ဒေါ်မြ၏ နား,နားကပ်လျက် အားပေး၏။

" ကြီးတော် အားမလျှော့နဲ့နော်၊ ရှင်ငြိမ်းသာ အဘ ဦးရှမ်းကို သွားခေါ်နေတယ် "

ဒေါ်မြထံမှ အဖြေပေါ်မလာ၊ ညည်းသံသာ ဆက်ထွက်နေ၏။

ဘေးလူအုပ်တွင်းမှ တစ်ယောက်တစ်ပေါက် ပြောသံ ပေါ်လာ၏။

" ငရုတ်ခင်းထဲမှာ ကိုက်တာတဲ့ "

" ဘယ်ကလာ ဟုတ်ရမှာလဲ၊ အပြန်လမ်းမှာ ကိုက်တာတဲ့ "

www.myanmarcupid.net

" မြွေပွေးတဲ့ တော်ရေ၊ ကြီးတော်မြ လန့်အော်ပြီး ခုန်လိုက်တော့ ခြေမျက်စေ့မှာ တန်းလန်းကြီး ပါလာတာတဲ့ "
" မြွေပွေး မဟုတ်ပါဘူး၊ မြွေဟောက်ပါ "
" တော့ . . . ဘယ်သူပြောလဲ "
" ဟ . . . ဒွေးလေးမြကို ဒီတွဲယူလာတဲ့ ဖိုးထီပြောတာပဲ၊ အကောင်ရှည်က ကိုက်ပြီး မှုတ်နေသေးသတဲ့၊ ဖိုးထီက စတုန့်ပြန်ဖို့ အမြီးလိုက်ဖြတ်တာ မမိဘဲ ဖုန်းဆိုးထဲ ပျောက်သွားသတဲ့၊ မြွေပွေးဆို မှုတ်ပါ့မလား၊ မဟုတ်ဘူးလားကွ ဖိုးထီ "
ဒေါ်မြဘေး၌ ပြုစုနေသော သျှောင်တစောင်းနှင့် ကိုဖိုးထီက လှမ်းအော်၏။
" လူနာလန့်ပြီး အပမှီအောင် ဘာတွေလျှောက်ပြောနေကြတာလဲ၊ မြွေကိုက်ခံရတာဟာ ဆန်းလို့လား "
လူအုပ်သည် မီးကို ရေနှင့် သတ်လိုက်သကဲ့သို့ တိတ်ဆိတ်သွား၏။
ဒေါ်မြထံမှမူ ညည်းသံပင် ပေါ်မလာတော့။
ကိုဖိုးထီက အော်ခေါ်သည်။
" ကြီးတော်မြ၊ ကြီးတော်မြ "
ဒေါ်မြက မလှုပ်။
ကိုဖိုးထီသည် မျှော်လင့်အားကိုးစွာဖြင့် ပရိသတ်ကို မျက်လုံးများနှင့် လှည့်လည်ကြည့်ပြီး တောင်းပန်၏။
" ဘကြီးရှမ်း မလာခင် ခန္ဓသုတ် ရွတ်ကြစမ်းပါ၊ ကျုပ်တို့ ငယ်ငယ်က ဘုန်းကြီးကျောင်းမှာ တက်ခဲ့ကြတာ၊ မှတ်မိတဲ့သူ ရွတ်ကြစမ်းပါ "
ပရိသတ်သည် တုတ်တုတ်မျှ မလှုပ်၊ တစ်ဦးမျက်နှာသာ တစ်ဦး ကြည့်နေကြ၏။
" ဖယ်ပေးကြစမ်းပါ၊ ကျွန်မ ရွတ်ပါ့မယ် "
ကြည်လင်သော အသံလေး ပေါ်လာသည်။ လူထုကလည်း ရှဲပေးသည်။
ညွှန့်မေသည် ရှေ့သို့ထွက်လာ၏။ ဒေါ်မြ၏ ခေါင်းရင်းတွင် ပဆစ်ဒူးတုပ် ထိုင်ပြီး ခန္ဓသုတ်ကို စတင်ရွတ်၏။
နှင်းငွေသည် ဘုရားမှန်မှန် ရှိခိုးသူ မဟုတ်။ ပရိတ်ဆိုလျှင်လည်း မင်္ဂလသုတ်ကို တစ်ပိုင်းတစ်စသာ ရသည်။ သို့ရာတွင် ခန္ဓသုတ်ကိုမူ ညတိုင်း ကြားဖူး၏။
မေမေသည် မြွေကြောက်တတ်၏။ မြွေပေါသော အညာမြေရောက်မှ ညတိုင်း မေမေ ခန္ဓသုတ်တော်ကို ရွတ်လေ့ရှိ၏။ ထို့ကြောင့် ညွှန့်မေ ရွတ်သည်ကို နှင်းငွေ အတန်အသင့် လိုက်နိုင်၏။
" သဗ္ဗသီဝိ သဇာတိနံ၊
ဒိဗ္ဗ မန္တာဂဒံ ဝိယ။
ယံနာသေတိဝိသံဃောရံ၊
သေသဥ္စာပိ ပရိဿယံ။
အာဏာခေတ္တမှိ သဗ္ဗတ္ထ၊
သဗ္ဗဒါ သဗ္ဗပါဏိနံ "
ညွှန့်မေသည် သုတ်တော်ကို ပါဠိဘာသာအတိုင်း တစ်ပုဒ်ပြီး တစ်ပုဒ် ရွတ်ဆိုသွား၏။ သုတ်တော်အဆုံး၌ အနက်ပြန်၍ ရွတ်ဆိုပြန်သည်။
" ဒိဗ္ဗမန္တာဂဒံ - နတ်၌ဖြစ်သော၊ မန္တရား နတ်ဆေးဝါးသည်၊ သဗ္ဗာသီဝိသ ဇာတိနံ - လျင်သောအဆိပ် ပြည့်သိပ်ပွားတိုး၊ အလုံးစုံသော မြွေမျိုးစုံတို့၏၊ ဃောရံ - လွန်စွာပြင်းပြ ကြမ်းတမ်းလှသော၊ ဝိသံ - အဆိပ်ကို၊ နာသေတိဝိယ - လျှောကျကင်းကွေ၊ ပျောက်ပျက်စေသကဲ့သို့၊ ဧဝံကထာ - ပမာမခြား ထိုအလားသာလျှင်၊ ယံပရိတ္တံ - အကြင်ဘုရား မုက္ခပါဠ်၊ ခန္ဓသုတ် ပရိတ်တော်မြတ်သည်၊ သဗ္ဗတ္ထ - ခပ်သိမ်းဥဿုံ၊ အလုံးစုံသော၊ အာဏာခေတ္တမှိ - အာဏာတော် ပျံ့နှံ့ရာ၊ ကုဋေ တစ်သိန်းသော စကြဝဠာ၌၊ ဋ္ဌိတာနံ - ကိုယ်စီကိုယ်ငှ တည်နေကြသော၊ သဗ္ဗပါဏိနံ - အလုံးစုံရှိသမျှ သတ္တဝါ အနန္တတို့၏၊ ဃောရံ - လွန်စွာပြင်းပြ ကြမ်းတမ်းလှသော၊ ဝိသဉ္စ - အဆိပ်ကိုလည်းကောင်း၊ သေသံ - ထိုမှတစ်ပါး ကြွင်းကျန်များပြားသော၊ ပရိဿယဉ္စာပိ - သစ်ကျားကစ များလှသောင်းသောင်း၊ ဘေးအပေါင်းကိုလည်းကောင်း၊ သဗ္ဗဒါ - နေ့နေ့ညည ခပ်သိမ်းသော အခါကာလ၌၊ သမ္မသောပိ - အဖုံဖုံ အဖြာဖြာ ခပ်သိမ်းသော အခြင်းအရာဖြင့်လည်း၊ နိဝါရေတိ - မြစ်တားပျောက်ပြေ၊ ငြိမ်းအေးစေ၏ "
ဘေးပရိသတ်တို့က တုတ်တုတ်မျှ မလှုပ်။ ပတ်ဝန်းကျင်တစ်ခုလုံး လူသူသတ္တဝါ တစ်စုံတစ်ရာမျှ မရှိတော့ဟန် ဆိတ်ငြိမ်နေ၏။

www.myanmarcupid.net

နေဝင်ရုံမက မိုးချုပ်လာပြီ။ လက တက်မလာသေး၊ ကောင်းကင်၌ ကြယ်တို့သာ ဖြိုးဖြိုးဖြောက်ဖြောက် ထွက်ပေါ်ဝင်းလက်နေ၏။

တစ်စုံတစ်ယောက်က မီးတုတ်တစ်တုတ်ကို ထွန်းညှိယူလာသည်။

မြေပြင်၌ ဒေါ်မြသည် အသက်ဖုတ်လှိုက်ဖုတ်လှိုက်နှင့် စန့်စန့် လဲလျက်ရှိသည်။

သာယာကြည်အေးသော ညွှန့်မေ၏ အသံကလေးသာ ပေါ်ထွက်လာနေ၏။

လူအုပ်တစ်နေရာမှ အသံတိုးတိုး ပေါ်လာသည်။

" ဟော ဟိုမှာ ဘကြီးရှမ်း လာနေပြီ "

လူအုပ်သည် လမ်းရှဲပေး၏။ ရှဲပေးသော လမ်းအတိုင်း အသက်ငါးဆယ်ခန့် လူကြီးတစ်ဦး လျှောက်ဝင်လာသည်။ သူ့နောက်မှ ရင်လျားနှင့် ရွာသူ ပါလာ၏။

ညွှန့်မေ၏ ပရိတ်ရွတ်သံ ဆုံးသွား၏။ လူကြီးက ခေါင်းညိတ်လျက် ညွှန့်မေကို ကြည့်၏။

ရင်လျားနှင့် မိန်းမက မေးသည်။

" ကဖိုးထီ ကျုပ်တို့ နောက်များ ကျသွားပြီလား "

ကိုဖိုးထီက ခေါင်းခါပြ၏။

" မကျသေးဘူး ရှင်ငြိမ်းသာ၊ အသက်ရှုနေတုန်းပဲ "

မငြိမ်းသာနှင့် ဝင်လာသူ လူကြီး၏ ခေါင်းပေါ်၌ တဘက်ပေါင်းထားသည်။ စွပ်ကျယ်အောက်ခံထက် ပင်ဖြူအပေါ်ဝတ်အင်္ကျီကိုသာ ဝတ်ထား၏။ မျက်နှာထားနှင့် ကိုယ်ဣန္ဒြေက ရဟန်းတစ်ပါးကဲ့သို့ တည်ငြိမ်သည်။

လူကြီးသည် ညွှန့်မေကို လှမ်းကြည့်၏။

" ငါ့မြေး ပရိတ်သံက နိမိတ်ကောင်းပဲ၊ သာဓု သာဓု၊ ကဲ . . . အဘ ဆေးကုတော့မယ် "

လူကြီးသည် ပရိသတ်များဘက် လှည့်ကြည့်ပြီး ပြော၏။

" နည်းနည်း နောက်ဆုတ်ကြကွယ်၊ လူနဲ့နဲ့ လူနာ ပိုမွန်းသွားမယ်၊ ဘ,စကားကို နားထောင်ကြကွယ် "

လူအုပ်သည် နောက်ဆုတ်ပေးကြ၏။ အခွင့်ကောင်းယူပြီး နှင်းငွေက ညွှန့်မေအနီး ဝင်ထိုင်လိုက်သည်။

ဘကြီးရှမ်းက မငြိမ်းသာကို အမိန့်ပေးသည်။

" ငြိမ်းသာရေ ကျောက်ပျဉ်တစ်ချပ် ရေစင်စင်ဆေးပြီး ယူလာခဲ့၊ နှမ်းဆီလဲ အဝက်သားယူခဲ့ "

"ဟုတ်ကဲ့ ဘကြီးရှမ်း"ဟု ဆို၍ မငြိမ်းသာ ထွက်သွားသည်။

ဘကြီးရှမ်းသည် လူနာ၏ တစ်ကိုယ်လုံးကို စမ်းသပ်နှိပ်နယ်ကြည့်သည်။ ဘကြီးရှမ်း၏ မျက်နှာ မသိမသာ ပျက်သွားသည်။

" မောင်ဖိုးထီ၊ ဘယ်ခြေထောက် ကိုက်မိတာလဲ "

" ဘယ်ဘက်ခြေထောက် ဘကြီးရှမ်း "

ဘကြီးရှမ်းသည် လူနာ၏ ဘယ်ခြေထောက်ကို မြှောက်ကြည့်သည်။

ညွှန့်မေနှင့် နှင်းငွေကလည်း လိုက်ကြည့်၏။

လူနာ၏ ခြေမျက်စေ့အောက်တွင် အစွယ်ရာ နှစ်ချက်ကို သွေးစို့လျက်သား တွေ့ရသည်။

ဘကြီးရှမ်းသည် မသိမသာ ခေါင်းခါလျက် သူ့ကိုယ်သူ ပြောဟန် ဆိုသည်။

" အင်း အိတ်စွယ် နှစ်ဖက်စလုံးနဲ့လည်း အကိုက်ခံရတယ်၊ ပထဝီကြောနဲ့လဲ လွတ်ရုံလေးပဲ ရှိတယ်၊ ဖြစ်ရလေ ကျွတ်ကျွတ် "

ဘကြီးရှမ်း၏ အမူအယာသည် ချက်ချင်း သွက်လက်လာ၏။

ဘကြီးရှမ်းသည် လူနာ၏ ညာခြေထောက်ကို ပြောင်းကိုင်လိုက်ပြီး အရေးတကြီး သွေးစမ်းနေ၏။

လက်မနှင့်ထောက်၍ ထောက်၍ သွေးစမ်းနေဆဲတွင် ဘကြီးရှမ်း၏ မျက်နှာသည် မကြည်လင်။ မျက်လုံးများက အပေါ်မော့ထား၏။ နားများက တစ်စုံတစ်ခုကို ထောင်နေဟန်တည်း။

ဘကြီးရှမ်း၏ လက်မတစ်ဖက်သည် ရွေ့လျားမှု ရပ်သွား၏။ တစ်နေရာတည်းကိုသာ ဖိထောက်ထား၏။

ခဏ၌မူ ဘကြီးရှမ်းမျက်နှာ ကြည်လင်လာ၏။

" တော်ပါသေးရဲ့၊ ပထဝီကြော မပြတ်သေးဘူး၊ မောင်ဖိုးထီရေ ငြိမ်းသာကို မြန်မြန်လာလို့ "

ကိုဖိုးထီ နေရာမှ မထရမီ မငြိမ်းသာသည် ကျောက်ပျဉ်၊ ဆီပုလင်းတို့နှင့် ပေါ်လာ၏။

ဘကြီးရှမ်းသည် အပေါ်အင်္ကျီအိတ်တွင်းမှ ဖြူဖွေးတောက်ပသော အလုံးကလေးတစ်လုံးကို ထုတ်ယူလိုက်၏။

www.myanmarcupid.net

ခပ်လှမ်းလှမ်းရှိ ပရိသတ်ထံမှ "ခေတ်လုံးဟ ခေတ်လုံး"ဟု တိုးတိုးပြောသံများ ပေါ်လာ၏။
ဘကြီးရှမ်းသည် ကျောက်ပျဉ်ထက် ခေတ်လုံးကို ဆီဖြင့် သွေးနေ၏။
မငြိမ်းသာက ပန်းကန်လုံးတစ်ခု ယူလာသည်။
ဘကြီးရှမ်းက ကျောက်ပျဉ်ထက် သွေးထားသောဆေးကို လက်သူကြွယ်နှင့် လှိမ့်ယူပြီး ပန်းကန်တွင်း ပြောင်းထည့်၏။
ကိုဖိုးထီက လူနာ၏ ပါးစပ်ကို ဖြဲပေးသည်။ ဘကြီးရှမ်းက ပန်းကန်းတွင်းမှ ဆေးတို့ကို လူနာ၏ ပါးစပ်တွင်း လောင်းထည့်ပေး၏။
ဆေးတိုက်ပြီးသောအခါ ဘကြီးရှမ်းက လူနာ၏ ကိုယ်ကို ဆုပ်နယ်စမ်းကြည့်နေ၏။
ကွမ်းတစ်ယာညက်ခန့်အကြာ၌ ဘကြီးရှမ်း နေရာမှထသည်။
" ကဲ . . . ပြန်ကြတော့၊ လူနာကို မစိုးရိမ်နဲ့တော့၊ အသက်ရပြီ "
တစ်စတစ်စနှင့် လူအုပ် ကျဲသွားသည်။
ကိုဖိုးထီ၊ မငြိမ်းသာ၊ နှင်းငွေနှင့် ညွန့်မေတို့က ဒေါ်မြကို မပြီး တဲတွင်းရှိ ကွပ်ပျစ်ပေါ်၌ ချထား၏။
ဒေါ်မြထံမှ အသံက မလာ။ ရင်ကမူ မောက်ချီ နိမ့်ချီနှင့် မှန်မှန် အသက်ရှူနေ၏။
ဘကြီးရှမ်းက လက်ဆေးပြီး ကွမ်းအစ်ယူလျက် ကွမ်းယာနေသည်။
နှင်းငွေက ဘကြီးရှမ်းနား ကပ်သွားပြီး မေး၏။
" ဘကြီး ကြီးတော်မြ တကယ် မသေတော့ပါဘူးနော် "
ဘကြီးရှမ်းက နှင်းငွေကို စူးစိုက်ကြည့်၏။ ထိုနောက်မှ မှတ်မိဟန် ဆိုသည်။
" ဘခက်သူငယ်ချင်း မြို့ပိုင်သားလေး မဟုတ်လား၊ မိုးချုပ်ပြီ၊ မြို့မပြန်သေးဘူးလား "
" ကိစ္စမရှိပါဘူး ဘကြီး၊ ကြီးတော်မြကို ဒီအတိုင်းထားပြီး ကျွန်တော် မပြန်ချင်ဘူး၊ ကြီးတော်မြ မသေတော့ပါဘူးနော်"
နှင်းငွေက မျှော်လင့်တကြီး ထပ်မေး၏။ ညွန့်မေကလည်း မျှော်လင့်ချက်စောသော မျက်နှာလေးနှင့် အနီးကပ်လာပြီး နှင်းငွေနည်းတူ အဖြေတောင်းဟန်ဖြင့် ဘကြီးရှမ်းကို ကြည့်သည်။
ဘကြီးရှမ်းက ကွမ်းကို ပါးစပ်တွင်း ထည့်လိုက်၏။ လေးငါးချက် ဝါးပြီး လက်ညှိုး၌ တို့ယူထားသောထုံးကို အောက်သွားတွင် အနည်းငယ် တို့ခြစ်လိုက်၏။ ထုံးစပ် တည့်မတည့်စမ်းဟန် ကွမ်းဆက်ဝါးသေး၏။ ထိုနောက် ကွမ်းသွေး တစ်ချက် ထွေးလိုက်သေး၏။ ပြီးမှ ဖြေ၏။
" ကံကောင်းလို့ ဆေးဦးပါတယ်ကွာ "
ဘကြီးရှမ်း၏ အဖြေသည် သွယ်ဝိုက်သော အဖြေသာဖြစ်၏။
နှင်းငွေနှင့် ညွန့်မေသည် တစ်ဦးမျက်နှာ တစ်ဦး ကြည့်ကြ၏။
ညွန့်မေက ပြောသည်။
" ဒါပေမယ့် ကျွန်မ သိရသမျှ ဘကြီးရှမ်း ကုရင် အဖိတ်အစင် မရှိသေးပါဘူး "
" အေး ရတနာသုံးပါး ဂုဏ်၊ အနန္တောအနန္တ ငါးပါးဂုဏ်ပေါ့ကွယ် "
ဘကြီးရှမ်း၏ အမူအယာမှာ အေးစက်စက်နိုင်သည်ဟု နှင်းငွေက ထင်သည်။ ထို့ကြောင့် ထပ်မေး၏။
" ကြီးတော်မြလဲ ဟိုဒင်း . . . အဖိတ်အစင် "
နှင်းငွေ စကားမဆုံးလိုက်ရ၊ ဘကြီးရှမ်းက နေရာမှထသည်။
" စိတ်ပူစရာ မရှိပါဘူး၊ အေး ဘ အပြင်ထွက်လိုက်ဦးမယ်၊ အိမ်ထဲ ကွမ်းသွေးထွေးရတာ မကောင်းဘူး "
ဘကြီးရှမ်းက နှင်းငွေနှင့် ညွန့်မေကို မျက်ရိပ်မျက်ခြည် ပြ၏။ နှင်းငွေနှင့် ညွန့်မေကလည်း အကင်းပါးကြ၏။
သူတို့ ယခု ထိုင်စကားပြောနေသည်မှာ လူနာ၏ အနီးဖြစ်၏။ သတိမလစ်သော် လူနာ ကြားနိုင်၏။ ဤသည်ကို ဘကြီးရှမ်း ကြိုက်ဟန်မတူ။
ဘကြီးရှမ်းသည် တဲ၏အပြင်သို့ ထွက်သွား၏။ ညွန့်မေနှင့် နှင်းငွေတို့ နောက်မှ လိုက်သွားကြ၏။ ဒေါ်မြဘေးတွင် မငြိမ်းသာ ကျန်ရစ်၏။
အပြင်၌ လမှုန်မှုန် သာနေပြီ။
ထိုင်စရာ ဘာမျှမရှိသောကြောင့် ရပ်လျက်သာ စကားပြောကြရ၏။
စပြောသူမှာ ဘကြီးရှမ်းဖြစ်၏။
" မင်းတို့နှစ်ယောက် သိပ်စိတ်ပူနေတယ် မှတ်တယ်၊ ဘ,လဲ စိတ်ပူတာပဲကွာ၊ လူနာနားမှာ ပြောတာက မကောင်းဘူး"
နှင်းငွေက မေးမည် ပြုသည်။ ညွန့်မေက အရင်ဦးသွား၏။

www.myanmarcupid.net

“ ဒါဖြင့် ကြီးတော် စိတ်မချရသေးဘူး၊ ဟုတ်လား ဘ ”

“ ဟုတ်တယ် လုံမ၊ စက်နာရီ နှစ်နာရီလောက် စောင့်ကြည့်ရမယ်၊ အထက်လှန်လာရင် ဖြစ်ဖြစ်၊ အောက်လှန်လာရင် ဖြစ်ဖြစ်၊ ဘ လက်ခမောင်းခတ်ပြီ ”

ညွန့်မေထံမှ သက်ပြင်းချသံ ပေါ်လာ၏။ နှင်းငွေကမူ ခေတ္တ ငြိမ်စဉ်းစားနေပြီးနော်က သူသိချင်ရာကို မေးသည်။

“ စောစောက ဘကြီးသွေးတာ ဓာတ်လုံးလား ”

ဘကြီးရှမ်းက ရယ်၏။

“ မြို့ပိုင်သားက ဓာတ်လုံးဆိုတာ ဘယ်လိုထင်လို့လဲ ”

နှင်းငွေ ဘာဖြေရမည် မသိ။ နှင်းငွေ၏ အခက်အခဲကို သိဟန်ဖြင့် ဘကြီးရှမ်းက ရယ်လျက်ပင် ရှင်းပြ၏။

“ လူကလေးတို့က ဓာတ်လုံးဆို ဒဏ္ဍာရီတွေထဲပါတဲ့ ပြဒါးရှင်လုံးပဲ ထင်ကြမယ်၊ ဟုတ်တော့လဲ ဟုတ်တယ်၊ ဘရဲ့ ဓာတ်လုံးကို ပြဒါးရှင်လုံးပဲ၊ ပြဒါး လွတ်မပြေးအောင် အရှင်အတိုင်း ဖမ်းထားတဲ့ ပြဒါးရှင်လုံးပဲ ”

နှင်းငွေနှင့် ညွန့်မေတို့သည် စိတ်ဝင်စားစွာ နားထောင်ကြ၏။ ဘကြီးရှမ်းက ဆက်ရှင်းပြ၏။

“ မြွေကိုက်ကုထုံး အမျိုးမျိုးရှိတယ်၊ တချို့က စတုန့်ပြန် ကုတယ်၊ တချို့က အင်းတိုက်ကုတယ်၊ တချို့က စုတ်ထိုးပြီး ဂါထာစုတ်တယ်၊ တချို့က ဆေးမြစ်၊ ဆေးရွက် သုံးတယ်၊ သူ့နည်းနဲ့ သူပေါ့လေ၊ အဘကတော့ ဓာတ်နဲ့ ကုတယ်၊ အသက်ဆိုတာလဲ ဓာတ်ပဲ၊ အဆိပ်ဆိုတာလဲ ဓာတ်ပဲ၊ ဆေးဆိုတာလဲ ဓာတ်ပဲ၊ သက်ရှိသက်မဲ့ တစ်လောကလုံး ဓာတ်အစုအဝေးကြီးပဲ၊ နားလည်ကြလား ”

ဘကြီးရှမ်း၏ စကားသည် လွယ်၏။ ထို့ကြောင့် နှင်းငွေနှင့် ညွန့်မေတို့က ခေါင်းညိတ်ပြကြ၏။

“ အေး ဓာတ်ဆိုတာက ဆန်းသား၊ သိရင်လဲ လွယ်သား၊ အအေးဓာတ်ရှိရင် အပူဓာတ်ရှိတယ်၊ အကျဓာတ်ရှိရင် အတက်ဓာတ်ရှိတယ်၊ မိတ်ဓာတ်တွေ ရှိသလို ရန်ဓာတ်တွေလဲ ရှိတယ်၊ မိတ်ဓာတ် ရန်ဓာတ်တွေကိုသိရင် ဆေးကုစားလို့ရတယ်၊ စိတ်ဓာတ် ရုပ်ဓာတ်တွေကိုပါသိရင် နိဗ္ဗာန်တောင် ရောက်နိုင်တယ် ”

ဤစကားများကိုမူ နှင်းငွေ နားမလည်တော့။

ဘကြီးရှမ်းက ကွမ်းသွေးထွေးလိုက်ပြီး ဆက်ပြော၏။

“ ဘ ဓာတ်လုံးက ဆေးဒါန်းပြဒါး ဓာတ်လုံးပဲ၊ ဆေးဒါန်းပြဒါး၊ ဟင်းရိုင်းပြဒါး၊ ကန့်ပြဒါး၊ ပြဒါးစုံ ရှိတယ်၊ ဘ ဓာတ်လုံးမှာ ဆေးဒါန်းပြဒါးကို ချော်လို့ ခေါ်တဲ့ လက်ချားမီးဖောက် ယမ်းစိမ်း၊ ဆား စသည်တို့နဲ့ ဖမ်းထားတယ်၊ တို့ဓာတ်ဆရာတွေက ဒီဓာတ်လုံးနဲ့ ခွေးရူးကိုက်တာ၊ မြွေကိုက်တာတွေကို ကုတယ် ”

ဘကြီးရှမ်းက စကားရပ်နား၏။ နှင်းငွေက ဝင်မေး၏။

“ အဲဒီ ဓာတ်လုံးနဲ့ကုရင် ပျောက်တာပဲလား ဘကြီး ”

ဘကြီးရှမ်းက ရယ်၏။

“ ဟဲ့ . . . လူကလေး၊ အဲ . . . မြို့ပိုင်သားရယ်၊ လူလေးတို့ မြို့က ဆရာဝန်တွေကလဲ လူနာတွေကို ဓာတ်နဲ့ ကုနေကြတာ၊ သူတို့ကကော လူတိုင်းကို မသေစေရပါဘူးလို့ အာမခံရဲကြသလား ”

နှင်းငွေ မဖြေနိုင်။

“ လူကလေးရယ်၊ ဘယ်သူမှ အာမမခံရဲပါဘူး၊ ပရိယာယ်ခေါ်တဲ့ အကြောင်း ပြားပြားထွေထွေရှိတယ်၊ အတိတ်ကံဆိုတာကလဲ ရှိသေးတယ်၊ ဥပမာ အခု ရွှေမြဟာ ကံသိပ်ကောင်းတယ်လို့ ဆိုရမယ် ”

“ ဘယ်လို ကံကောင်းတာလဲ ဘကြီး ”

“ မြွေကိုက်ခံရရင် ဘယ်အစွယ်နဲ့ အကိုက်ခံရသလဲ ဆိုတာကလဲ အရေးကြီးတယ်၊ ခေါင်စွယ်နဲ့ အကိုက်ခံရသလား၊ အိတ်စွယ်နဲ့ အကိုက်ခံရသလား၊ အိတ်စွယ်နှစ်ချောင်းကတော့ ကြောက်ရတယ်၊ အိတ်စွယ်က ဆရာဝန်တွေသုံးတဲ့ အပ်လိုပဲ၊ အတွင်းမှာ မြောင်းပါတယ်၊ အခြေမှာ အဆိပ်အိတ် ရှိတယ်၊ အိတ်စွယ်နဲ့ ထိရင် အဆိပ်ဟာ တည့်တည့်တန်းတန်း ကိုယ်ထဲဝင်တာပဲ၊ တစ်ခါ ဘယ်နေရာ အကိုက်ခံရသလဲ ဆိုတာကလဲ အရေးကြီးတာပဲ၊ အိတ်စွယ်နဲ့ ထိဦးတော့၊ တစ်ခြားတစ်နေရာကို ထိရင် စက်နာရီ နှစ်ဆယ့်လေးနာရီအထိ ဆေးကုချိန်ရတာ ဘ ကြုံဖူးတယ်၊ အဲ ခြေပထဝီကြောဖြစ်ဖြစ်၊ လက်ပထဝီကြောဖြစ်ဖြစ်ကို အိတ်စွယ် ထိရင်တော့ အချိန် သိပ်မရဘူး လူကလေး၊ ရွှေမြကိုတွေ့တော့ တစ်ကိုယ်လုံး ဘ စမ်းကြည့်တာ သတိပြုမိလား ”

“ ဟုတ်ကဲ့ ဘကြီး ”

“ မြွေကိုက်ခံရတဲ့ လူတစ်ကိုယ်လုံးဟာ သာမန်ဆို အေးစက်နေတယ်၊ အေးစက်နေရင် ဘ,တို့က မကြောက်ဘူး၊ အေး . . . ချွေးစေးပြန်ရင်တော့ ကြောက်တယ်၊ ရွှေမြကိုယ်မှာ ချွေးစေးပြန်နေတယ်၊ အိတ်စွယ်နဲ့ ပထဝီကြောနား ကပ်ထိပြီ

ဆိုတာက သေချာနေတယ်၊ အဲဒီလိုသိရင် ဘ,တို့ ဆက်လုပ်တာက ဉာဏ်ထိရင် ဘယ်ပထဝီကြော၊ ဘယ်ထိရင် ဉာပထဝီကြော၊ အဲဒီမှာ စမ်းကြည့်ရတယ်၊ စမ်းမိတဲ့ ပထဝီကြောမှာ သွေးမခုန်ရင် ဘ,တို့ ဆေးမကုတော့ဘူး၊ သိကြားမင်းကြီး နားကင်းနဲ့ ဆင်းကုလဲ မရတော့ဘူး၊ ရွှေမြ ပထဝီကြောမှာ သွေးခုန်ရဲ့ ရှိတော့တယ်၊ ဘ,က ဒီရွာတင် နေလို့ပေါ့၊ အဝေးပို့ရရင် အချိန်မီချင်မှ မီတယ်၊ နက်ဖြန်ဆိုရင်တောင် ခက်ခက်ပဲ၊ ဘ,က ပျော်ဘွယ်ဘက်တောက ဘ,တို့ ဆရာတော် ဦးကေလာဆီ သွားကန်တော့တော့မလို့၊ ဘ,ရထားတဲ့ ပညာကလဲ ဦးကေလာဆီကပဲ ”

နှင်းငွေသည် သူ့ကို စိတ်ရှည်လက်ရှည် ရှင်းပြနေသော ဘကြီးရှမ်းကို ကျေးဇူးတင်မိ၏။ သို့ရာတွင် သူ သိချင်ရာ မကုန်သေး။ ထို့ကြောင့် အဓိကဖြစ်သော မေးခွန်းကို မေး၏။

“ ဘကြီးရဲ့ ဓာတ်လုံးကို ဆီနဲ့ သွေးပြီး တိုက်တာနဲ့ ဘာဖြစ်လို့ အဆိပ်ပြေရတာလဲ ဘ ”

ဘကြီးရှမ်းသည် စဉ်းစားဟန် တွေသွား၏။ အတန်ကြာမှ ဖြေသည်။

“ အဲဒါကို လူကလေးတို့ နားလည်အောင် ဘ ဖြေဖို့ ခက်တယ်၊ ဒါပေမယ့် ဘ ကြိုးစားဖြေမယ်၊ ဒါထက် လူကလေးတို့ မြို့ကျောင်းမှာ ဓာတုဗေဒဆိုတာ သင်ပေးတယ် ကြားရတယ်၊ ဟုတ်လား ”

“ ဟုတ်ပါတယ် ဘကြီး ”

“ ဓာတုဗေဒဆိုတာက ဘာလဲ လူကလေး ”

“ ဟာ . . . အဲဒါတော့ ကျွန်တော် ပြောမပြတတ်ဘူး၊ ဒီလိုပဲ ဓာတ်တွေ ပေါင်းတာတွေ၊ ကွဲသွားတာတွေ၊ အရောင်တွေ၊ အနံ့တွေ၊ အခိုးတွေ၊ အငွေ့တွေ၊ အဲဒါတွေပြောင်းတာ သင်ရတာပဲ ”

“ အေး အေး . . . ဒီလောက်ဆိုရင် မမှားပါဘူး၊ ဘ,တို့မှာ ဓာတုဗေဒဆိုပြီး ဗထက်ချိုင့်နဲ့ ဗေဒတစ်ခု ရှိတယ်၊ ဓာတုဘေဒဆိုပြီး ဘကုန်းနဲ့ ဘေဒတစ်ခုလဲ ရှိသေးတယ်၊ ဓာတုဘေဒဆိုတာက ဓာတ်သဘာဝများကို သိအောင်ပြုတဲ့ အတတ်ပညာ၊ ဉာဏ်သဘော၊ ဓာတုဗေဒဆိုတာက ဓာတ်တွေကို ခွဲတဲ့ အတတ်ပညာ၊ အလုပ်သဘော၊ ဒီနှစ်ခုလုံးကို တတ်မှ ဆေးကုလို့ရတယ်၊ လူကလေးတို့ကို အခု ဘ ရှင်းပြရင် လူကလေးတို့ နားလည်မှာ မဟုတ်ဘူး၊ ဘ တိုတိုပဲ ပြောပြမယ်၊ ပြဒါးဆိုတဲ့ ဓာတ်က အပုပ်အစပ်ကို ရှာတယ်၊ နိုင်တယ်၊ ချေတယ်၊ မြွေဆိပ်ဆိုတာက အပုပ်အစပ် ဓာတ်တစ်မျိုးပဲ၊ သူတို့ နှစ်ခုတွေ့ရင် အဆိပ်ပြေတယ်၊ ပြေတယ်ဆိုတာက ခန္ဓာတွင်းမှာ ဘေးဖြစ်မယ့် အပုပ်အစပ်တွေဟာ အပြင်ကို တစ်နည်းနည်းနဲ့ လှန်ထွက်သွားရလို့ပဲ ”

ဘကြီးရှမ်းသည် စကားကို အဆုံးသတ်လိုက်ပြီး ကွမ်းဝါးရင်း မိုးပြင်သို့ မော့ကြည့်နေ၏။

နှင်းငွေနှင့် ညွန့်မေကလည်း စကားမပြောတော့ဘဲ ငြိမ်နေကြ၏။

ခြံဝမှ လူယောင်ပေါ်လာပြီး ခေါ်သံလည်း ထွက်လာ၏။

“ ညွန့်မေ . . . အေ . . . ညွန့်မေ ”

အသံကို မှတ်မိဟန်နှင့် ညွန့်မေက “ဟော ဒေါ်လေး လိုက်လာပြီ”ဟု ပြောရင်း တစ်ဆက်တည်းလည်း ထူး၏။

“ ရှင် . . . ဒေါ်လေး၊ ကျွန်မ ဒီမှာ ”

ညွန့်မေ၏ ဒေါ်လေးသည် ခြံတွင်း ဝင်လာ၏။

“ အမလေး စိတ်ပူလိုက်ရတာ ရှင်ညွန့်မေ၊ ဒီအချိန်အထိ ပြန်မလာလို့၊ တကတဲ ညည်း . . . ”

ဒေါ်လေးသည် စကားမဆုံး၊ ဘကြီးရှမ်းကို မြင်လိုက်ရသောကြောင့် ဖြစ်၏။

“ အို . . . ဘကြီးရှမ်းလဲ ဒီမှာ၊ နေပါဦး . . . ဘယ်သူ ဘာဖြစ်လို့လဲ ”

ဘကြီးရှမ်းက ဘာမျှ မဖြေ၊ ကွမ်းသာဝါးနေ၏။

ညွန့်မေကသာ မေး၏။

“ ဒေါ်လေး မကြားသေးဘူးလား ”

“ ဟင့်အင်း . . . ငါ အခုပဲ ဘုရားငါးဆူက ခရမ်းချဉ်သီး စရန်ရိုက်ပြီး ပြန်လာတာ၊ အစ်မက ညည်း ပြန်မရောက်သေးဘူး ဆိုလို့ ဆိုစမ်းပါဦး ဘယ်သူ ဘာဖြစ်လို့တုန်း ”

“ ကြီးတော်မြ ပိုးထိလို့ . . . ”

“ အမလေး သောက်ပလုတ်တုတ် ”

ဒေါ်လေးသည် အရုပ်အမောင်းကောင်း၏။ ခါးသေးတင်ကြီးနှင့် လုံးကြီးပေါက်လှ မိန်းမကြီးဖြစ်၏။ ညွန့်မေ၏ စကားအဆုံး၌ ဒေါ်လေးက လန့်အော်သည်။ အော်လျက် တပြိုင်နက်တည်း ခန္ဓာကိုယ်ကြီး မြောက်သွားအောင် ခုန်သည်။

ဘကြီးရှမ်းက ရယ်သည်။

“ ပိုးဖြူရယ် အဖြစ်သည်းလိုက်တာ၊ အဲဒါမျိုးပေါ့၊ ထိတာက တစ်ယောက်၊ အပမှီတာက တစ်ယောက်ဆိုတာ ”

www.myanmarcupid.net

ထိုအခါကျမှ ဒေါ်လေးပိုးဖြူသည် ရှက်ဟန်ဖြင့် ရယ်၏။

" အကောင်ရှည်ဆို ကြောက်တာကိုး ဘရဲ့ ဟဲ့ ဘခက် အဲလေ . . . ဟုတ်ပေါင်၊ နှင်းငွေ မဟုတ်လား "

" ဟုတ်ပါတယ် ဒေါ်လေး၊ ကျွန်တော် နှင်းငွေပါ "

" နင်ကကော မြို့မပြန်သေးဘူးလား "

" ကျွန်တော် ကြီးတော်မြ အခြေအနေကို စောင့်ကြည့်နေတာ "

ဒေါ်လေးက သက်ပြင်းချပြ၏။

" အင်း နင်နဲ့ ညွှန့်မေက မလေးမြအပေါ် သိပ်သံယောဇဉ်ကြီးကြတယ်၊ သူ့သား ဘခက်ကသာ "

ဒေါ်လေး၏ စကားမဆုံးမီ တဲတွင်းမှ အော့အန်သံ ကြားရ၏။ မငြိမ်းသာ၏ ခေါ်သံလည်း ပေါ်လာ၏။

" ဘကြီးရှမ်း ဟောဒီမှာ အထက်လှန်လာပြီ "

နှင်းငွေက တဲတွင်း ပြေးဝင်မည်ပြုရာ ဘကြီးရှမ်းက တား၏။

" လူကလေး နေ၊ ကဲ ပိုးဖြူနဲ့ လုံမသွား၊ ငြိမ်းသာကို ကူလိုက်ပါ "

နှင်းငွေက မကျေမနပ် မေး၏။

" ကျွန်တော် ဘာလို့ လိုက်မသွားရတာလဲ ဘကြီး "

" ဩော် . . . လူကလေးကလဲ၊ အထက်လှန် အောက်လှန် ဖြစ်လာမယ်၊ လူနာက မိန်းမဆိုတော့ ဘ,တို့ ယောကျ်ားတွေ ဝင်သွားလို့ မကောင်းဘူး၊ ငြိမ်းသာရော ပိုးဖြူပါ လုပ်တတ်ကိုင်တတ်ပါတယ်၊ ဒါမျိုး သူတို့ ကြုံဖူးကြပါတယ်"

တည့်တည့်ပြောမှ ရိပ်မိသော နှင်းငွေသည် ငြိမ်နေလိုက်ရတော့၏။

နောက်ထပ် နာရီဝက်ခန့် ကြာသွား၏။

တဲတွင်းမှ ညွှန့်မေ ထွက်လာသည်။

" အဝတ်အစားလဲပြီး၊ စောင်ခြုံပေးထားတယ် ဘ၊ သတိလည်း ရလာပြီ "

ဘကြီးရှမ်းက တဲတွင်းဝင်သောကြောင့် နှင်းငွေလည်း ညွှန့်မေနှင့်အတူ လိုက်ခဲ့သည်။

တဲတွင်း၌ ညှီစို့စို့ ပုပ်အဲ့အဲ့ အနံ့ ကျန်နေသေးသည်။ အလမ္မာယ်ဆရာများ မြွေလာပြစဉ် မြွေပခြုပ်များ အနီးသို့ ကပ်လျက် နှင်းငွေ လေ့လာဖူးသောကြောင့် မြွေဆိုးနံ့ကို သိသည်။ ယခုလည်း ဤအနံ့ကို ရ၏။

တဲတွင်း၌ ကိုဖိုးထီလည်း ရှိနေပြီ။

ဒေါ်မြကား ဖျင်စောင်လွှမ်းလျက် ဖျာတစ်ချပ်ထက် ပက်လက်ရှိနေ၏။

ဘကြီးရှမ်း အနီးကပ်သွားပြီး မေး၏။

" ရွှေမြ နင် သတိကောင်းကောင်းရပြီလား "

ဒေါ်မြက ခေါင်းညိတ်ပြ၏။

" အေး ဘာမှမကြောက်နဲ့ သိလား၊ ရတနာသုံးပါးကို အာရုံပြုပြီး ကောင်းကောင်းပျော်အောင် အိပ်လိုက်၊ ကြားလား"

ဒေါ်မြက ခေါင်းညိတ်ပြပြန်၏။

ဘကြီးရှမ်းသည် ဒေါ်မြ၏ လက်တစ်ဖက်ကို ဆုပ်နယ်စမ်းသပ်၏။။ ထို့နောက် စိတ်ကျေနပ်ဟန် ခေါင်းညိတ်ပြီး ဆိုသည်။

" ကိုယ်ငွေ့ပြန်လာပြီ၊ မပူရတော့ပါဘူး၊ ဩော် . . . မောင်ဖိုးထီ ကျောက်ပျဉ်နဲ့ ရေ ယူခဲ့စမ်း "

ကိုဖိုးထီက ကျောက်ပျဉ်နှင့် ရေ ယူလာ၏။

ဘကြီးရှမ်းသည် ကျောက်ပျဉ်ထက် ရေစက်ချ၍ ဓာတ်လုံးကို အနည်းငယ် သွေး၏။ ထို့နောက် သွေးထားသည် တို့ကို သောက်ရေအိုးထဲ ခပ်စေပြီး မှာ၏။

" ညကို ရေတောင်းရင် ဒီအိုးထဲကပဲ တိုက်၊ များများမတိုက်နဲ့၊ တစ်ခါတိုက်ရင် တစ်ငုံလောက်ပဲ ကြားကြလား "

ကိုဖိုးထီနှင့် မငြိမ်းသာတို့က ခေါင်းညိတ်ပြကြ၏။

" မနက်ဖြန်ကော ဘယ်သူ စောင့်ကြမလဲ "

ကိုဖိုးထီနှင့် မငြိမ်းသာတို့က တစ်ဦးမျက်နှာ တစ်ဦး ကြည့်ကြသည်။ အဖြေတော့ မပေး။ ဘကြီးရှမ်းကသာ ဆက်ပြောသည်။

" လူနာ ထူထူထောင်ထောင် ဖြစ်လာတဲ့အထိ အနည်းဆုံး သုံးရက်လောက်တော့ စောင့်ရှောက်ပေးကြရမယ် "

မငြိမ်းသာက စိတ်မကောင်းဖြစ်မိသောဟန်ဖြင့် ပြော၏။

www.myanmarcupid.net

" ညတော့ စောင့်နိုင်ကြပါတယ် ဘရယ်၊ နေ့တော့ ကိုဖိုးထီရော ကျွန်မရော ဇရုတ်ခင်းထဲ မသွားလို့ မဖြစ်ဘူး၊ ဝမ်းရေးကလဲ တစ်ဖက် မဟုတ်လား "

အားလုံး ခေတ္တ ငြိမ်နေကြ၏။ အတန်ကြာမှ ညွှန့်မေက ဒေါ်လေးကို ကြည့်ပြီး မေး၏။

" ဒေါ်လေး ကျွန်မလည်း စောင့်ပေးချင်တယ် "

" ညည်း ကျောင်းပျက်နေမှာပေါ့အေ "

" ဒေါ်လေးရယ် သုံးရက်လောက်ဆိုရင် ကိစ္စမရှိပါဘူး၊ ပြီးတော့ ပျက်တဲ့ရက်က စာတွေကို နှင်းငွေ ကူးထားပေးရင် ရတာပဲ၊ ဟုတ်ဖူးလား နှင်းငွေ "

" ကူးပေးပါ့မယ် ညွှန့်မေ၊ ခုလည်း ငါ ဘခက်အတွက် ကူးနေရတာပဲဟာ "

ညွှန့်မေက ဒေါ်လေး၏ မျက်နှာကို ကြည့်ပြန်၏။

ဒေါ်လေးက လူနာကို တစ်ချက်ကြည့်ပြီး ခွင့်ပြု၏။

" ညည်းသဘောပဲလေ၊ သေရေးရှင်ရေး ကိစ္စဆိုတော့ ဘယ့်နှယ် လုပ်တော့မလဲ "

ပြဿနာတစ်ရပ် ရှင်းသွား၏။

ဘကြီးရှမ်းက ချောင်းဟန့်ပြီး ဆိုသည်။

" ကောင်းပြီ၊ ဒါဖြင့် အားလုံး မှတ်ထားကြ၊ လူနာက ဆာလို့ အစာတောင်းရင် ပထမတစ်နေ့လောက်တော့ ကစီရည်လောက်ပဲပေး၊ နောက်နေ့တွေမှာ ထမင်းကို ဆီနဲ့ ဆားနဲ့ပဲပေး၊ ခုနစ်ရက် မပြည့်မချင်း အသားဆို ဘာမှ မပေးနဲ့၊ အထူးသဖြင့် မွေ့စာဖြစ်တဲ့ ငါးနဲ့ ဖားကို မကျွေးရဘူး၊ ကျွေးမိရင် အဘ မတတ်နိုင်တော့ဘူး "

ဘကြီးရှမ်းသည် လူနာ၏ ကိုယ်ကို နောက်ထပ် စမ်းသပ်ကြည့်ရှု စစ်ဆေးပြီး ပြန်သွား၏။

ဒေါ်လေး၊ ညွှန့်မေနှင့် နှင်းငွေတို့လည်း တဲတွင်းမှ ထွက်လာကြ၏။

နှင်းငွေက လေသေနတ်ကို ပြန်လွယ်၏။ ပြီးမှ သတိရလျက် လှမ်းပြောသည်။

" အစ်မငြိမ်းသာ ချိုးကို ဟောဒီမှာ ထားခဲ့တယ် "

နှင်းငွေက စက်ဘီးကို သော့ဖွင့်ပြီး တွန်းယူလာသည်။ ခြံဝ၌ ညွှန့်မေက စောင့်နေသည်။

ခြံပြင်သို့ ရောက်နေပြီဖြစ်သော ဒေါ်လေးက အော်သည်။

" အမလေး ကြာလိုက်ကြတာ၊ ငါ့ခြေထောက်က အသည်းယားလာပြီ "

ညွှန့်မေက ရယ်ပြီးဆို၏။

" ဒေါ်လေး ဒီလောက်ကြောက်ရင် အိမ်ရောက်အောင် မြန်မြန်လျှောက်ပြေးပေါ့ "

ဒေါ်လေးသည် အရိပ်တိုင်း၊ သစ်ကိုင်းခြောက်တိုင်းကို မြွေမှတ်လေသလော မသိ၊ ခုန်ဆွခုန်ဆွနှင့် ရှေ့မှ မပြေးရုံ တမည် သွားနှင့်၏။

လမ်းက သဲထူသည်။ သဲထူသောလမ်း၌ စက်ဘီးတွန်း လျှောက်ရသည်မှာ နှေး၏။

ညွှန့်မေက နှင်းငွေကို စောင့်ရင်း ဖြည်းဖြည်း လိုက်လာသည်။

ဆောင်းညက အေးနေသည်။ လရောင်၌ သစ်ပင်ရိပ်တို့ကြောင့် လမ်းသည် ထင်တစ်လှည့် မထင်တစ်လှည့် ရှိနေ၏။

ညွှန့်မေနှင့် နှင်းငွေတို့သည် စိတ်မှတ်မထင် ပူးပူးကပ်ကပ် လျှောက်လာမိကြ၏။

ညွှန့်မေကိုယ်မှ သနပ်ခါးနံ့များသည် နှင်းငွေ၏ နှာဝတွင် သင်းနေသည်။ သဲထူရာတွင် စက်ဘီး ရှေ့ဘီး နစ်သောကြောင့် အားစိုက်တွန်းလေတိုင်း ကိုယ်က ယိမ်းပြီး ညွှန့်မေနှင့် လက်မောင်းချင်း တိုက်မိ၏။ တိုက်မိလေတိုင်း အငွေ့က နွေးသည်။ အတွေ့က ရှိန်းရှိန်း ဖိန်းဖိန်းနိုင်၏။ ရင်က တဒိုင်းဒိုင်း ခုန်လာ၏။

ညွှန့်မေတို့ခြံသည် ကားလမ်းနှင့် မဝေး။

ခြံဝ၌ နှစ်ဦးသား ရပ်လိုက်ကြ၏။ တစ်ဦးမျက်နှာ တစ်ဦးလည်း စိုက်ကြည့်မိကြ၏။

လရောင်၌ ညွှန့်မေ၏ အသားညိုသည် မပေါ်ထင်။ ရှိမ်းမြမြသာ မွတ်ညက်သန့်စင်နေ၏။ မျက်နက်က လဲ့နေစဉ် မျက်သားကား ပြာပြာလွင်နေ၏။

ညွှန့်မေကသာ သက်ပြင်းလေးရှိုက်ပြီး ဆိုသည်။

" ဒီအချိန်ကြီးမှ နင်တစ်ယောက်ထဲ ပြန်လို့ဖြစ်ပါ့မလား နှင်းငွေ "

" ဖြစ်ပါတယ် ညွှန့်မေ၊ ငါ ပြန်နေကျ လမ်းပဲ၊ ဒါထက် ငါ ဆရာမကြီးကို ဘာပြောပေးရမလဲ "

" နင် အကျိုးအကြောင်း ပြောပြပေါ့၊ ပြီးတော့ ငါ့ကို ခွင့်သုံးရက်ပေးပါလို့ နော်၊ မနက်ကို ချက်ချင်း သွားပြော၊ ငါ မနက် မြို့ပြန်မရောက်ရင် ဆရာမကြီး စိတ်ပူနေလိမ့်မယ်၊ ဆက်ဆက်နော် နှင်းငွေ "

www.myanmarcupid.net

“ အေးပါဟာ၊ ငါ သွားပြောပေးပါ့မယ် ”

“ ကဲ ဒါဖြင့် ပြန်တော့လေ၊ မိုးချုပ်တော့မယ် ”

နှင်းငွေသည် ညွန့်မေအား တစ်ချက်ကြည့်ပြီး စက်ဘီးကို တွန်းလျက် ထွက်လာခဲ့သည်။

လမ်းမအနီးရောက်မှ ပြန်လှည့်ကြည့်မိသည်။

ခြံဝ လရောင်အောက်၌ ရပ်ကြည့်နေဆဲဖြစ်သော ကြော့ရှင်း တောင့်တင်းသည့် ညွန့်မေကို မြင်ရ၏။

ဘာကြောင့်မသိ၊ နှင်းငွေသည် ဝမ်းနည်းသွားမိသည်။ ကိုယ့်ကိုယ်ကိုလည်း စိတ်တိုမိသည်။ လောကဆိုသည် အားလည်း စိတ်နာမိ၏။ အဓိကအားဖြင့်မူ ကိုယ့်ကိုယ်ကို မကျေနပ်မိ၊ ဘာကို မကျေနပ်မှန်းလည်း မသိ။

နှင်းငွေသည် စက်ဘီး တက်ခွစီးကာ သာစည်ဘက်သို့ အပြင်းနင်းလာခဲ့လေ၏။

❑

နောက်တစ်နေ့ နံနက်၌ နှင်းငွေသည် ခါတိုင်းထက် နောက်ကျလျက် အိပ်ရာမှ နိုးသည်။

မနေ့ညနေက ညွန့်မေမှာသည်ကို သတိရသောကြောင့် ကျောင်းသို့ သုတ်သုတ်ပျာပျာ လာခဲ့၏။

ဆရာမကြီး၏ ရုံးခန်းတွင်းမှ ရဲအုပ်တစ်ဦးနှင့် ရဲကြပ်တစ်ဦး ထွက်လာသည်ကို တွေ့ရ၏။

ဆရာမကြီး၏ စားပွဲရှေ့၌ နှင်းငွေ ရပ်မိသည်။

ဆရာမကြီးက ခေါင်းငုံ့လျက် တစ်စုံတစ်ရာကို အတွေးနက်နေပုံရသည်။

နှင်းငွေက အသံပြုမှ ဆရာမကြီး ခေါင်းမော့လာသည်။

“ ဩော် . . . မောင်နှင်းငွေပါလား၊ ဘာကိစ္စလဲဟေ့ ”

ဆရာမကြီးသည် ပိန်ပိန်သွယ်သွယ်ဖြစ်၍ အသားက ဖြူဖျော့သည်။ မျက်မှန်အောက်မှ မျက်လုံးများသည် အလွန် သိမ်မွေ့၏။ ကြည်လင်သော အသံသည် အေးချမ်းသမျှ တည်ငြိမ်ရိုးသားမှုရှိသည်။

ယခုမူ မျက်လုံးများက သိမ်မွေ့သော်လည်း ရီဝေနေ၏။ အသံလည်း တုန်ယင်နေ၏။

“ ကျွန်တော့်ကို ညွန့်မေက ခွင့်တိုင်ခိုင်းလိုက်လို့ပါ ”

“ ညွန့်မေကကော ဘာဖြစ်ပြန်ပြီလဲ မောင်နှင်းငွေ ”

“ ညွန့်မေတော့ ဘာမှမဖြစ်ပါဘူး ဆရာမကြီး၊ ဒါပေမယ့် ဘခက်အမေ ပိုးထိလို့ ”

နှင်းငွေက ဖြစ်ခဲ့သမျှကို အတိုချုံး၍ အစီရင်ခံသည်။

ဆရာမကြီးသည် ဝမ်းနည်းဟန် ခေါင်းခါ၏။

“ ဖြစ်မှ ဖြစ်ရပလေဟယ်၊ ဒါထက် မောင်နှင်းငွေ၊ မင်းသူငယ်ချင်း ဘခက်ကော အခု ဘာဖြစ်နေတယ် ထင်လဲ ”

“ ခင်ဗျာ ”

ဆရာမကြီးက လေးပင်စွာ သက်ပြင်းရှိုက်လိုက်၏။ ဆရာမကြီးပြောသော စကားရပ်သည် နှင်းငွေ၏ ခေါင်းကို မိုးကြိုးမှန်နေဘိအလား။

“ ဘခက် အဖမ်းခံရတယ်၊ စစ်ကိုင်းက ဆီးဖမ်းထားလိုက်ပြီ၊ အခုတင်ပဲ သူ့ရဲ့ ကိုယ်ရေးရာဇဝင်ကို ရဲတွေက ဆရာမကြီးဆီ လာမေးသွားကြတယ် ”

❑

## အခန်း ( ၁၆ )

## လွမ်းရိပ်ပို ညောင်ညိုစခန်း

သည်တစ်နွေ အရောက်စောလွန်းသည်။ သည်နွေဦးက ကန္တာရဆန်သည်။ သည်နွေရက်များသည် နှင်းငွေ၏ နှလုံးပြင်ဝယ် ကန္တာဦးကို ဖန်ဆင်းဘိသည်။

လူကိုလည်းကောင်း၊ လူ၏ နှလုံးသားကိုလည်းကောင်း၊ လူနှင့် လူ့နှလုံးသား၏ ပတ်ဝန်းကျင်ကို တုန့်ပြန်တတ်သည့် သဘောကိုလည်းကောင်း လုံးဝ မသိရှာ၊ မသိနိုင်လေသည့် နွေဦးသည် သူ့ကိုယ်ပိုင် သဘာဝညနေကို မြူဆေးမှုန်မှုန်ဖြင့် ပြာပြာဝေအောင် ရေးခြယ်မှိုင်းအုံ့ထားသည်။

www.myanmarcupid.net

အနှစ်နှစ်တည်းက မျှော်မှန်းထားသည့် အလလ ကြိုးပမ်းခြင်း၏ နိဂုံးပန်းတိုင် ဖြစ်သော တက္ကသိုလ်ဝင်စာမေးပွဲကြီးသည် ဤညနေ၌ ပြီးခဲ့ပြီ။

ဖြေနိုင်သူတို့ ပျော်သမျှ၊ မဖြေနိုင်သူတို့ ငိုင်ရသည့်ပွဲ၊ မှိုင်ရလေသည့်ပွဲ။

ဖြေနိုင်သော နှင်းငွေသည် ဖြေကောင်းလွန်းသောကြောင့် စာမေးပွဲကြီးကြပ်သူက နောက်ဆုံးအကြိမ် သတိပေးမှ နေရာမှ ထလိုက်ရ၏။

စာမေးပွဲခန်းအပြင်၌ သူ့ကို နုနုငယ်က ရပ်စောင့်နေသည်။

" လာ ကိုယ်၊ မြန်မြန် အချိန် သိပ်မရဘူး "

နုနုငယ်က ကျောင်း၏ အနောက်ဘက်ဆီသို့ လျှောက်ထွက်သွားသည်။

ကျောင်းသူကျောင်းသားအများမှာ ကျောင်းရှေ့သို့သာ သွားနေကြ၏။ မေးခွန်းကိုယ်စီကိုင်လျက် အစုလိုက်အတွဲလိုက် ဆွေးနွေး ငြင်းခုံလျက်လည်း ရှိနေကြ၏။

နှင်းငွေကသာ နုနုငယ်၏နောက်သို့ လိုက်လာခဲ့သည်။

နုနုငယ်သည် ခါတိုင်းရပ်နေကျနေရာတွင် ရပ်နေ၏။

နှင်းငွေသည် နုနုငယ်၏ အနီးသို့ ကပ်သွားရင်း "နုငယ် ဖြေနိုင်တယ် မဟုတ်လား"ဟု မေး၏။

နုနုငယ်သည် သူ့ကို ဘေးတိုက်ပေးလျက် ရပ်နေသည်။ ငုံ့ထားသော မျက်နှာက တစ်ဘက်သို့ စောင်းစောင်းလွဲလျက်ရှိသည်။

သူ့မေးသံ ပေါ်လာမှ နုနုငယ်၏ မျက်နှာသည် မော့၍ လှည့်လာပြီး သူ့ကို ကြည့်သည်။ ဤမျက်နှာတွင် မျက်ရည်တို့ ရွှဲစိုနေ၏။

" အို နုငယ် ဘာဖြစ်လို့လဲဟင်၊ စာမေးပွဲ မဖြေနိုင်ဘူးလား "

မျက်ရည်ကျရင်းက နုနုငယ်သည် နာကြည်းစွာ ဖြေသည်။

" ကိုယ် နုငယ်ကို ဒီလောက်ပဲ အထင်သေးသလား၊ နုငယ် စာမေးပွဲကို ကောင်းကောင်းဖြေနိုင်တယ်၊ နုငယ် ငိုတာက မဖြေနိုင်လို့ မဟုတ်ဘူး "

" နို့ ဘာဖြစ်လို့လဲ နုငယ်ရယ် "

နုနုငယ် ခေတ္တ ခေါင်းငိုက်ကျသွား၏။ သို့ရာတွင် ချက်ချင်းပင် ခေါင်းပြန်မော့လာပြီး ရယ်၏။

" ကိုယ် သိပ်ခက်တယ်၊ ပြီးတော့ သိပ်သနားဖို့လဲ ကောင်းတယ်၊ ကိုယ့်ကို နုငယ် သနားတယ်၊ သိလား "

" အိုး "

" ကိုယ် အချိန်မရှိဘူး၊ အခု ကိုယ့်ကို နုငယ် နှုတ်ဆက်တာ၊ နောက်ဆုံးအဖြစ်နဲ့ နှုတ်ဆက်တာ၊ ကျေနပ်တော့ ကိုယ် "

နုနုငယ်သည် ပြောပြောဆိုဆိုနှင့် လျင်မြန်စွာ နေရာမှခွာ၏။ သို့ရာတွင် သူက ပိုမိုလျင်မြန်၏။

သူက နုနုငယ်၏ လက်ကလေးတစ်ဖက်ကို ဆွဲယူထားလိုက်၏။

နုနုငယ်သည် ဝန်းဝန်းလည်သော မျက်လုံးများနှင့် သူ့ကို ပြန်ကြည့်ပြီး တောင်းပန်၏။

" ကိုယ် အနိုင်မကျင့်ပါနဲ့၊ နုငယ်ကို သနားရင် လွှတ်စမ်းပါ "

ဤသို့ ဆိုပြန်သော် သူ့ရင်က နင့်ကနဲ ခံရ၏။ နုနုငယ်၏ လက်ကိုလည်း လွှတ်လိုက်၏။

" ပြေးချင်လဲ ပြေးပါ နုငယ်၊ ဒါပေမယ့် တစ်ခုပဲ ဖြေပါ၊ ကိုယ့်ကို ဘာလို့ နှုတ်ဆက်ရတာလဲ "

နုနုငယ်သည် ထွက်မပြေး၊ ဖြေလည်း မဖြေ၊ မျက်လုံးပြူးကြီးများနှင့်သာ ပြန်စိုက်ကြည့်နေ၏။

" ဒီလို မကြည့်ပါနဲ့ နုငယ်၊ နုငယ် ကိုယ့်ကို မုန်းသွားပြန်လို့လား၊ မုန်းပါ နုငယ်၊ နှုတ်ဆက်ချင်လဲ နှုတ်ဆက်ပါ၊ ဒါပေမယ့် ကိုယ်ကတော့ နုငယ်ကို ဘယ်တော့မှ နှုတ်မဆက်ဘူး၊ ကုန်ကုန်ပြောမယ်၊ ဘဝခြားသွားတာတောင် ကိုယ် နှုတ်မဆက်ဘူး "

နုနုငယ်က မလှုပ်။ သူကလည်း မလှုပ်ဘဲ နုနုငယ်၏ မျက်လုံးများကို ပြန်စိုက်ကြည့်နေသည်။

ထိုစဉ် မမျှော်လင့်သောအသံကို ကြားရ၏။

" ဩော် . . . နုငယ်က ဒီမှာကိုး "

နှင်းငွေရော နုနုငယ်ပါ ထိတ်လန့်စွာ လှည့်ကြည့်မိကြ၏။

အသံရှင်ကား ဦးကံရာဇာခေါ် ဦးလေးကံတည်း။

ဦးလေးကံသည် ကြင်နာစွာ တစ်ချက်ပြုံးလိုက်ပြီး ဆို၏။

www.myanmarcupid.net

" သွား . . . နုနုငယ်၊ သွားတော့ မျက်ရည်တွေကို အရင်သုတ်ဦး၊ သခင်ကြီး ပါလာတယ်၊ ဒါပေမယ့် ဣန္ဒြေမပျက်နဲ့ ကြားလား၊ ဦးလေးကံ ကြည့်ဖြေပေးမယ်၊ ဣန္ဒြေတော့ မပျက်လိုက်နဲ့နော် "

နုနုငယ်သည် မျက်ရည်များကို သုတ်လိုက်ပြီး ဖြည်းဖြည်းမှန်မှန် လျှောက်ပြန်သွား၏။

ဦးလေးက သက်ပြင်းရှိုက်လျက် ခေါင်းခါပြီး ပြော၏။

" အစကတည်းက ဦးလေးကံ မပြောဘူးလား မြို့ပိုင်သားလေးရယ်၊ ငါ့လူတော့ မဟာဒုက္ခပဲလို့ "

ဦးလေးကံသည် နောက်ထပ် ခေါင်းနှစ်ခါသုံးခါ ယမ်းပြီး ထွက်ခွာသွား၏။

ပထမသော် နှင်းငွေ ငိုင်ကျန်ရစ်သည်။ ထို့နောက် ခေါင်းငိုက်လျက် ဖြည်းလေးစွာ ကျောင်းဆီ ပြန်လျှောက်လာခဲ့၏။

ခါတိုင်း ရပ်ကြည့်နေကျ တမာပင်အောက် မရောက်မီ ထွက်ခွာသွားသော နုနုငယ်တို့၏ မြင်းလှည်းနောက်ပိုင်းကို လှမ်းမြင်ရ၏။

ထနောင်းပင်မှလွဲ၍ ပတ်ဝန်းကျင်ရှိ ရှိသမျှသစ်ပင်တို့ ရွက်ကြွေဆဲဖြစ်၏။ တမာပင်တို့ကမူ ရွက်နုများနှင့် သစ်လွင်နေ၏။ ပင်ခြေမြေ၌သာ တမာရွက်အိုတို့ လွှမ်းနေ၏။

တမာရွေရွက်အိုတို့ကို နင်းလျက် ခေါင်းငိုက်စိုက်နှင့် ဘခက်သည် နှင်းငွေထံ လျှောက်လာနေ၏။

နှင်းငွေက လှည့်ကြည့်သောအခါ ဘခက်သည် ငွေ့ငွေ့သာပြုံးလျက် တုန့်ပြန်၏။ နှင်းငွေက မေးသည်။

" မင်း ဖြေနိုင်သလား ဘခက် "

ဘခက်က ခေါင်းခါသည်။

" ဟင့်အင်း မဖြေနိုင်ဘူး၊ အင်းလေ ဘယ်လိုလုပ်ပြီး ဖြေနိုင်ပါ့မလဲ "

ဘခက်၏ အသံ၌ စိတ်ပျက်အားလျော့မှု လွှမ်းနေ၏။

နှင်းငွေက အားပေးနှစ်သိမ့်ရန် ကြိုးစားကြည့်သည်။ သို့ရာတွင် သူ့ရင်ကိုယ်၌က မလန်းသဖြင့် အာဝဇ္ဇန်း မရွှင်နိုင်။ ဤသည်ကို ဘခက်ကလည်း ရိပ်မိပုံရသည်။

" မင်းကော ဖြေနိုင်ရဲ့လား "

" ဖြေတော့ ဖြေနိုင်ပါတယ် "

" ဖြေတော့ ဖြေနိုင်တယ်၊ နို့ ဘာဖြစ်သလဲ၊ မင်းမျက်နှာက ပြိုတော့မယ့် မိုးအတိုင်းပဲ "

" ဟာ ဘာမှမဖြစ်ပါဘူးကွာ၊ ငါ ဒီနေ့ မေးခွန်းကို စိတ်ရှိသလောက် မဖြေလိုက်ရလို့ပါ "

ခါတိုင်းဆိုလျှင် ဘခက်ထံမှ စကားအကျကောက်၍ ရွတ်နောက်သံ ကြားရမြဲဖြစ်သည်။ အနည်းဆုံး အောင်မြင်လိုမှု လောဘကြီးရမည်လောဟု ခေါင်းပုတ် အပြစ်တင်မည်။ ယခုမူ အေးစက်ခြောက်ခန်းသော မှတ်ချက်သာ လာ၏။

" ဖြေသင့်သလောက် ဖြေနိုင်ရင် ကျေနပ်ပေါ့ကွာ "

ဤမျှနှင့် စကားပြတ်သွားပြီး သူငယ်ချင်းနှစ်ဦး ဆက်ငိုင်နေကြ၏။

သူတို့ထံသို့ ညွှန့်မေ လျှောက်လာနေသည်။ ညွှန့်မေ၏ ခြေလှမ်းလေးသည် သွက်၍ မျက်နှာမှာ ရွှင်နေ၏။ လက်ထဲတွင်လည်း မေးခွန်းလွှာစာရွက်ကို ကိုင်လာ၏။ အနီးရောက်ရောက်ချင်း ညွှန့်မေက မေး၏။

" ဒါထက် နုနုငယ် ပြန်သွားပလား နှင်းငွေ "

"ပြန်သွားပြီ"ဟု နှင်းငွေက သံပြတ်နှင့် ဖြေပြီးမှ "သူ့အဖေကိုယ်တိုင်လဲ ပါလာတယ်"ဟု ခပ်လေးလေး ဆက်ပြော၏။

" အေးဟယ် ငါ နုနုငယ်နဲ့ မတွေ့လိုက်ရဘူး၊ ဖြေပြီးပြီးချင်း ဆရာ့ဆီပြေးပြီး အဖြေမှန် မမှန် တိုက်ကြည့်နေလို့၊ ငါတစ်ပုဒ်ပဲ လွဲတယ် နှင်းငွေ၊ မှန်းစမ်း နှင့်မေးခွန်း "

ထိုနေ့က ဖြေခဲ့ကြသည်မှာ အပိုသင်္ချာမေးခွန်းလွှာ ဖြစ်၏။ ဖြေသူတို့ ထုံးစံအတိုင်း မေးခွန်းဘေး၌ နှင်းငွေသည် တွက်ချက်၍ရသော အဖြေများကို ရေးထား၏။ ကျောင်းသားချင်း အဖြေတိုက်ကြည့်ခြင်းဖြင့်လည်းကောင်း၊ ဆရာ တွက်ပြသော အဖြေနှင့် တိုက်ကြည့်ခြင်းဖြင့်လည်းကောင်း ကိုယ့်အောင်မှတ်ကို ကိုယ်ခန့်မှန်းသော ဓလေ့မှာ မရိုးနိုင်သော ဓလေ့ဖြစ်၏။

ညွှန့်မေသည် နှင်းငွေ၏ အဖြေများကို မိမိ၏ အဖြေနှင့် တိုက်ကြည့်အပြီး၌ မျက်လုံးလေးပြူး၍ ဆို၏။

" နှင်းငွေ နင့်အဖြေတွေ ဆရာ့ကို သွားပြကြည့်သေးလား "

" မပြရသေးဘူး၊ ဘာဖြစ်လို့လဲ "

" နင့်အဖြေတွေ အကုန်လုံးမှန်တယ်၊ ဝပ်ကင်(တွက်နည်း)ပါ မှန်ရင်တော့ နင ဂုဏ်ထူးထွက်ဖို့ ကျိန်းသေနေပြီ "

ညွှန့်မေက ဘခက်ဘက် လှည့်လိုက်၏။

" နင့်မေးခွန်းရော ဘခက် "

" မကြည့်ပါနဲ့ဟာ "

www.myanmarcupid.net

“ အို ခဏကြည့်ရအောင်ပါ ”

“ မကြည့်ပါနဲ့ ညွန့်မေရယ်၊ မထူးပါဘူး၊ ငါ တစ်ပုဒ်ပဲ တိုးတယ်၊ ကျန်တာတွေ တွက်မရလို့ အချိန် မကုန်မချင်း ငါ အရုပ်ထိုင်ဆွဲနေခဲ့တာ ”

ညွန့်မေသည် ဘခက်ကို မျက်မှောင်ကြုတ်၍ ကြည့်သည်။ ဘခက်မျက်နှာသည် ခါတိုင်းကဲ့သို့ စပ်ဖြဲဖြဲ ရွှတ်နောက်နောက် အမူအယာမပြ။ မှိုင်းညို့ညို့ တည်ကြည်နေ၏။

ကြုတ်ထားသော ညွန့်မေ၏ မျက်မှောင် ပြေလာသည်။ ရွှင်ပျသော မျက်နှာလေးသည်လည်း တည်ကျသွား၏။

“ နင် တကယ်မဖြေနိုင်ဘူးလား ဘခက် ”

“ ဩော် မေးလာပြန်ပြီ တစ်ယောက်၊ ထောင်ထဲက လွတ်လာပြီး ခုနစ်ရက် စာကျက်ရရုံလေးနဲ့ ငါ ဖြေနိုင်တယ် ဆိုရင် ငါရင်လည်း ဘုရားအလောင်းဖြစ်ရမယ်၊ မေးခွန်းထုတ်သူတွေရင်လည်း နွားကျောင်းသား ဖြစ်လိမ့်မယ် ”

ဘခက်က ဇွတ်ညှစ် ဟာသထုတ်၏။ နှင်းငွေနှင့် ညွန့်မေက မရယ်။

ညွန့်မေက နူးညံ့သိမ်မွေ့စွာ ဘခက်ကို ကြည့်ပြီး ဆို၏။

“ နင့်အတွက် ငါ စိတ်မကောင်းဘူး ဘခက် ”

“ စိတ်မကောင်း မဖြစ်ပါနဲ့ ညွန့်မေ၊ ငါ့အမေနဲ့ ငါ ဒုက္ခဖြစ်နေတုန်း နှင်းငွေနဲ့ နင် သူငယ်ချင်းကောင်း ပီသကြလို့ ငါ ဝမ်းသာပါတယ်၊ အခုလဲ ငါ့အမေ ဒုက္ခကို ထောက်ညှာပြီး နှင်းငွေအဖေနဲ့ ဆရာမကြီးကိုယ်တိုင်ရဲ့ အာမခံချက်နဲ့ ငါ လွတ်လာခဲ့ရပြီ မဟုတ်လား၊ ဝင်ခြေရာသာ ရှိပြီး ထွက်ခြေရာ မရှိတဲ့ ပုဒ်မ ၅ ခြင်္သေ့ဂူထဲက စောစောထွက်နိုင်ခဲ့လို့ ငါ ဝမ်းသာလှပါပြီ၊ စာမေးပွဲ မဖြေနိုင်လို့လဲ ငါ ဝမ်းနည်းပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အောင်ရင် ကောလိပ်လဲ ငါ ဆက်မသွားနိုင်ဘူး၊ အစိုးရအလုပ် ထွက်လုပ်လို့လဲ ငါ့ကို ပြာတာတောင် ခန့်ဝံ့တဲ့ရုံး မရှိဘူး၊ နင်တို့ အောင်ပြီး ကောလိပ်သွားကြပေါ့၊ ငါ ဝမ်းသာနိုင်ပါပြီ ”

နှင်းငွေက ဘာမျှမပြောသော်လည်း ညွန့်မေက ကန့်ကွက်၏။

“ ဒီလိုတော့ မပြောနဲ့ ဘခက်၊ ငါ့အိမ်မှာ ဒေါ်လေးလုပ်စာပဲ ရှိတယ်၊ ငါ ကောလိပ်ကို မမှန်းနိုင်ပါဘူး၊ ငါ အောင်ရင် ကျောင်းဆက်မထားတော့ဘူးလို့ ဒေါ်လေးက ပြောထားတယ် ”

ဤအကြိမ်တွင်မူ သုံးဦးလုံး ငိုင်နေမိကြ၏။

ညွန့်မေက မျက်တောင်များကို လျင်မြန်စွာ တဖျတ်ဖျတ် ခါသည်။ မျက်တောင်ခါလျက် သိမ်းဆည်းသောကြောင့် မျက်ရည်ပေါက်တို့ လိမ့်ဆင်းမလာနိုင်သော်လည်း မျက်ဝန်းတွင်း၌မူ ပြည့်လျှံနေ၏။

“ ငါ သွားတော့မယ် ”

ညွန့်မေသည် ဤမျှသာ နှုတ်ဆက်ပြီး ဆရာမကြီး၏ ရုံးခန်းဆီသို့ ထွက်ပြေးသွား၏။

ဘခက်က ခြောက်သွေ့သောအသံနှင့် ပြော၏။

“ တို့လဲ ပြန်ကြရအောင်ကွာ ”

နှင်းငွေက စက်ဘီးကို သွားယူသည်။

သူငယ်ချင်းနှစ်ဦးသည် စက်ဘီး တက်မစီးကြဘဲ ကုန်းကြောင်း လျှောက်လာခဲ့ကြ၏။

ခက်ခဲသော စာမေးပွဲကြီး အပြီးဖြစ်သောကြောင့် နှစ်ဦးလုံး၏ ရင်မှာ ဟာနေဆာနေ၏။ နှင်းငွေက လက်ဖက်ရည် သောက်ကြရန် အကြံပေးရာ ဘခက်က သဘောတူသည်။

မြင်းလှည်းဆိပ်အနီးက လက်ဖက်ရည်ဆိုင်တစ်ခုတွင်း ဝင်ကြ၏။

လက်ဖက်ရည်ခွက်များ ရောက်လာ၍ တစ်စုပ်နှစ်စုပ် သောက်ပြီးသည်အထိ စကားမပြောမိကြ။

စတင် တည်ငြိမ်လာသူမှာ ဘခက်ဖြစ်၏။

“ နှင်းငွေ မင်းကတော့ စာမေးပွဲအောင်မယ့်ကောင်ပဲ၊ အောင်လို့ ကောလိပ်ရောက်ရင် မင်း ဘယ်ဘက်လိုက်မလဲ ”

နှင်းငွေက စိတ်ရှုပ်ဟန် ခေါင်းကုတ်ပြီး ဖြေ၏။

“ ဘာလို့မေးတာလဲ၊ ငါ အဲဒါကို မစဉ်းစားရသေးဘူး ”

“ မင်းအတွက် စဉ်းစားသင့်ပြီလို့ ထင်တယ် သူငယ်ချင်း ”

နှင်းငွေက ရယ်သည်။ ဘယ်သို့ဘယ်ပုံ ရယ်လိုက်နိုင်မှန်းလည်း ကိုယ့်ကိုယ်ကို မသိ။ ရယ်ချင်သည်ကိုသာ သိသည်။ မရယ်ရလျှင် ရင်က တင်းနေဦးမည်။ ထို့ကြောင့် ရယ်လိုက်သည်။

“ မင်း ရယ်လို့ အားရသွားပြီလား ”

“ အေး အားရသွားပြီ ”

www.myanmarcupid.net

" ဒါဖြင့် ငါမေးမယ် "

" မေးလေကွာ "

" မင်းက ဘာလို့ ရယ်တာလဲ "

" ငါက မရယ်ရင် ငိုရမလား "

" မေးတာကို တည့်တည့်ဖြေ ကိုနှင်းငွေ "

" အေး တည့်တည့်ဖြေမယ်၊ ငါက ကောလိပ်ရောက်မယ်၊ ငါ ဘာလိုက်ရမလဲ၊ ဒါက ပြဿနာ မဟုတ်ဘူး၊ အမှန်က ငါကသာ မေးရမယ် ဘခက်၊ မင်း ဘာဆက်လုပ်မလဲ "

ဤအကြိမ်တွင်မူ ဘခက် ခေါင်းငိုက်သွား၏။ ငိုက်သောခေါင်းသည် တော်တော်နှင့် ပြန်ထူမလာ။

" ဖြေလေကွာ ဘခက် "

ဘခက်သည် မော့ပြီး ပြုံး၏။ နှုတ်ခမ်းများ ပြုံးသော်လည်း မေးရိုးကြွက်သားများက တင်းမာနေ၏။

" ငါ ဖြေမယ် နှင်းငွေ၊ ပုံတစ်ပုံနဲ့ ဖြေမယ်၊ ရှည်တယ်လို့ မင်းက မကန့်ကွက်နဲ့ "

" ပြောမှာသာ ပြောစမ်းပါကွာ "

" လယ်ကြွက်မနဲ့ လှပသော သမီး ဆိုတဲ့ ပုံလေ၊ တို့ လေးတန်းလောက်က သင်ခဲ့ရတာ၊ လယ်ကြွက်မက အလွန်လှပတဲ့ သမီးတစ်ယောက်ကို ရတယ်၊ သူ့သမီးနဲ့ ပေးစားဖို့ လင်ရှာလိုက်တာ နေမင်းရော၊ မိုးမင်းရော၊ လေမင်းရော၊ တောင်ပို့ရော၊ နွားသိုးရော၊ နဖားကြိုးရော စုံသွားတယ်၊ အဆုံးသတ်ကျမှ ကြွက်မင်းဆီ ရောက်တယ်၊ ကြွက်မဟာ ကြွက်ထီးနဲ့ပဲ ပြန်ညားရတာပေါ့၊ တော်တော် သဘာဝကျတဲ့ ပုံပဲ ဟဲ ဟဲ "

ဘခက်သည် သူ့ပုံကို သူသဘောကျဟန် ရယ်နေ၏။ နှင်းငွေက ငြိမ်နားထောင်နေ၏။ ဘခက်က ဆက်ပြော၏။

" တော်တော် သဘာဝကျတဲ့ပုံပဲ၊ မြေကြီးလဲ ဆန်တဲ့ပုံပဲ၊ လူတန်းစားအမြင် ရှိတဲ့ပုံပဲ၊ နှင်းငွေ နိုင်ငံရေးတရားဟောတယ်လို့ ငါ့ကို အပြစ်မတင်နဲ့ဦးနော် "

" ပြောမှာ ပြောစမ်းပါကွာ "

" ငါက သဲဝန်းမပြောနဲ့၊ ကျပ်တီး မပြောနဲ့၊ စနည်းမြေတောင် အပိုင်မရှိတဲ့၊ လယ်ကူလီထက် နိမ့်တဲ့၊ ဘာလို့ခေါ် ရမှန်းမသိတဲ့ ယာမြေကျွန်တစ်မျိုးက ပေါက်လာတဲ့ကောင်၊ ဘုန်းကြီးကျောင်းသားဘဝနဲ့ မူလတန်းအောင်တယ်၊ စာတော်လို့ဆိုပြီး အလယ်တန်းကျောင်း ရောက်ခဲ့တယ်၊ ငါ့ကိုယ်ငါ လင်ကွန်းလိုလို၊ လီနင်လိုလို၊ ဟိုလိုလို ဒီလိုလို ထင်မိတယ်၊ အပြီးသတ်ကျတော့ လယ်ကြွက်မရဲ့သားဟာ သားပဲ၊ ဘဝဟောင်းကိုပဲ ပြန်သွားရမှာပဲ၊ မင်းက မေးတယ်၊ ငါ ဘာဆက်လုပ်မလဲလို့၊ ငါ ဘာဆက်လုပ်ရမလဲ၊ ငါလာခဲ့တဲ့ ယာတောဆီ ငါပြန်သွားရုံပေါ့ "

ဘခက်က ရှည်လျားစွာ ပြောသည်။ ဒေါသနှင့်လည်း ပြောသည်။ ဝမ်းနည်းမှုကိုလည်း မဖုံးနိုင်။

နှင်းငွေက လက်ဖက်ရည်ကို တစ်ကျိုက်မော့ချသည်။ သည်းနင်သွားသောကြောင့် ချောင်းဆိုးပြီးမှ ဆို၏။

" ဘခက်ရာ ဝမ်းနည်းစရာတွေ ပြောမနေပါနဲ့၊ ပြန်ကြစို့ကွာ၊ ဒီမှာ ဗျို့ဆရာ အကြွေအမ်းဗျာ "

နှင်းငွေက ဆယ်တန်တစ်ချပ်ထုတ်ပြီး ဆိုင်ရှင်ကို ခေါ်၏။

ဆိုင်ရှင်က အနီးကပ်လာသည်။ ဆယ်တန်ကို ကြည့်ပြီး ခေါင်းခါ၏။

" အကြွေရှားနေတယ်၊ ငါးမူးထဲနဲ့ ဆယ်တန် မအမ်းနိုင်ဘူး "

ဘခက်က သူ့အိတ်တွင်း နှိုက်ကြည့်ရာ ငါးမူးစေ့တစ်စေ့ ထွက်လာ၏။

" ကဲ . . . ရော့ . . . ရော့၊ ဟေ့ကောင် နှင်းငွေ၊ မင်းဆယ်တန် ငါ့ပေး "

ဆိုင်ရှင်က ငါးမူးစေ့ယူကာ ထွက်သွား၏။ ဘခက်က နှင်းငွေ၏ လက်မှ ဆယ်တန်ကို ယူလိုက်ပြီး ရိုသေစွာ ခေါက်ချိုးလျက် သူ့အိတ်တွင်း ထည့်လိုက်သည်။

" ဘခက် မင်း ဘာလုပ်တာလဲ "

" လာပါကွာ၊ အပြင်ထွက်ကြရအောင် "

ဘခက်သည် အပြင်သို့ ထွက်သွားသောကြောင့် နှင်းငွေလည်း လိုက်လာရ၏။

အပြင်ရောက်မှ ဘခက်က ရယ်ပြီး ဆို၏။

" စိတ်မဆိုးနဲ့ နှင်းငွေ၊ မင်းဆယ်တန်ကို ပြည်သူပိုင် သိမ်းလိုက်ပြီ "

" ဘာ "

" ဩော် မင်းဆယ်တန်ကို ငါ သိမ်းလိုက်ပြီ၊ ဒါပေမယ့် ငါ လျော်ပေးပါတယ်၊ ရော့ ငါ့ဖောင်တိန်ကို ယူ "

ဘခက်သည် သူ့အိတ်တွင်းမှ ဖောင်တိန်ကို ဖြုတ်၍ နှင်းငွေကို ပေးသည်။ ပေးရင်းလည်း ဆို၏။

www.myanmarcupid.net

" ငါ့ဖောင်တိန်ကို သွားပေါင်ရင် ငါးကျပ်လောက်တော့ ရပါတယ်၊ မင်း ယူထားလိုက်တော့ "

နှင်းငွေ ဒေါသထွက်သွားသည်။ သူ့ ငွေတစ်ဆယ်ကို ယူသွားသည်ကို မမှု။ ဤသို့ ဘခက်သည် ယူနေကျဖြစ်၏။ ဖောင်တိန်ကို အပေါင်ပစ္စည်းကဲ့သို့ ပေးရစ်၍ ဒေါသထွက်ခြင်းဖြစ်၏။

" ဘခက် မင်း ငါ့ကို သက်သက်စော်ကားတာ "

" မစော်ကားပါဘူး သူငယ်ချင်းရာ၊ ငါ့မှာ ငွေတစ်ဆယ်လောက် သေလုအောင် လိုချင်နေတယ်၊ မင်းဆီက ငါ ယူပေါင်းလဲ များပြီ၊ ဒါကြောင့် ငါ့ဖောင်တိန်ကို ပေးခဲ့တာ၊ ရှေ့ဆက်ပြီး ငါ့အတွက် ဖောင်တိန်မလိုတော့ဘူး၊ ဖောင်တိန် ရှိနေရင် ငါ ခက်လိမ့်ဦးမယ် "

ဘခက်သည် ထွက်လုဆဲ မြင်းလှည်းတစ်စီးပေါ် ခုန်တက်လိုက်သွား၏။

နှင်းငွေက ပြေးလိုက်ပြီး ဖောင်တိန်ကို ဘခက်ထံ ပစ်ပေးသည်။

ဖောင်တိန်ကို ဘခက်က မိအောင်ဖမ်းသည်။ ထို့နောက် နှင်းငွေကို ကျော်လျက် အဝေးရောက်အောင် ပစ်ပေါက်ထားခဲ့သည်။

နှင်းငွေသည် နောက်ပြန်ပြေး၍ ကျောင်းလမ်းဘေး သဲမြေတွင် လဲလျောင်းလျက်ရှိနေသော ဖောင်တိန်ကို ကောက်ယူ၏။

မြင်းလှည်းကား ဝေးသွားပြီ။ စက်ဘီးနှင့် အမီလိုက်က ဖြစ်နိုင်သေးသည်။ သို့ရာတွင် ကိုယ်ကပေး၊ သူက လွှင့်ပစ်နှင့် ဖောင်တိန် ပျက်တော့မည်။

မြင်းလှည်းသည် အရှေ့ဘက်သို့ ဆက်ပြေးနေသည်။

မီးရထားလမ်းကို မြင်းလှည်း ကျော်မိသည် ခဏ၌ မီးရထားတံခါးနှစ်ချပ် ပိတ်သွား၏။

လမ်းကို ကန့်လန့်ဖြတ်၍ ပိတ်သွားလေ၏။

❑

## အခန်း ( ၁၇ )

## မမုန်းတမ်း ရာသက်တိုင်

သည်နွေတွင် ဆင်ခြေပေးစရာမရှိသော နှင်းငွေသည် မေမေနှင့်အတူ တွံတေးသို့ လိုက်ခဲ့ရ၏။

ဇာတိမြေရှိ ဆွေမျိုးသားချင်းတို့အလယ် ပြန်ရောက်သောအခါ နှင်းငွေမှာ ပျော်သင့်သမျှ ပျော်သည်။

မှန်သည်၊ ပျော်သင့်သမျှသာ ပျော်သည်။ ခါတိုင်းကဲ့သို့ စိတ်ကုန်လက်ကုန် မပျော်။ သူ့စိတ်တစ်ပိုင်းက ရွာမွန်သာ ခင်တန်းဘေးမှ ကုန်းမြေရိုင်းတွင် ကျန်ရစ်သည်။

တွံတေးခြံကြီး၏ တောင်ဘက်အစပ်၌လည်း စမ်းချောင်းငယ် တစ်ချောင်း ရှိသည်။ နွေပင်ဖြစ်သော်လည်း ကြည်လင်သော ရေတို့ စီးဆင်းနေသည်။ ရေတွင်း၌ ကူးခတ်နေသော ငါးရံ့၊ ငါးပနော် ပေါက်စများကို အတိုင်းသား မြင်နိုင်သည်။

ရှေးယခင်ကမူ နှင်းငွေသည် ငါးခိုးမျှားတတ်သည်။ မေမေကလည်း ငါးမျှားသည်ကို လုံးဝမကြိုက်။ မေမေ မကြိုက်သော ငါးမျှားခြင်းကိုမှ ခိုးလုပ်ရသည်မှာ ပျော်ဖို့ကောင်းသည်။ ငါးရလျှင် အခြားတစ်ဖက်ခြံရှိ နှင်းငွေကို အလိုလိုက်တတ်သော အဘွားလေး မမယ်စိန်တို့အိမ်သွား၍ ရေချိုချက်ပြီး သရက်ဖူးအတို့နှင့် ထမင်းစားရသည်မှာ အလွန်မြိန်၏။

ယခုနှစ်မူ ငါးမမျှားမိ၊ လေသေနတ်လည်း ယူမလာခဲ့။

နှင်းငွေ၏ အစ်ကိုဝမ်းကွဲများဖြစ်ကြသော ကိုခင်ညွှန့်နှင့်ကိုအေးဖေတို့က ချီးမွမ်းကြ၏။

" နှင်းငွေက ဆယ်တန်းကျောင်းသားကြီး ဖြစ်လာတော့ ဣန္ဒြေရှိလာတယ်ဟေ့၊ တောက်တီးတောက်တဲ့တွေ မလုပ်တော့ဘူး၊ ငါးတောင် မမျှားတော့ဘူး "

ငယ်စဉ်က နှင်းငွေတို့ကို ခေါင်းဆောင်လျက် မာလကာပင် လိုက်တက်၊ သရက်ပင် လိုက်တက် လုပ်တတ်ပြီး ယခုမူ အပျိုကြီးဖားဖား ဖြစ်နေသော အစ်မငယ် မခင်ပုက မဲ့ပြီး ဆို၏။

" သိပ်ချီးမွမ်းမနေနဲ့၊ စမ်းချောင်းဘေးတော့ သွားသွားထိုင်နေတယ်၊ တစ်နေ့ ရောဂါဟောင်း ပြန်ထလိမ့်မယ် "

ရွှတ်နောက်တတ်သော အစ်မလတ် မတင်ညွှန့်ကမူ တစ်မျိုးဆို၏။

www.myanmarcupid.net

“ ဟဲ့ ရောဂါသစ်နဲ့တူတယ်၊ စမ်းချောင်းဘေးမှာ ထိုင်နေတာ မဟုတ်ဘူး၊ ငိုင်နေတာ၊ ဟိုတစ်နေ့က ငါတွေ့တယ်”

ဣန္ဒြေကြီးသည့် အစ်မအကြီးဆုံး မခင်ညွန့်ကပင် ဝင်နောက်၏။

“ ဟုတ်လား နှင်းငွေ၊ နင် ရည်းစားရှိနေပြီလား၊ အသားညို အညာသူတွေနဲ့ တို့အောက်သူတွေ ဘယ်သူက ပိုချောသလဲ၊ အသားညိုချောက သဘောကောင်းတယ်လို့ စာဆိုရှိတာပဲ၊ ဘယ့်နှယ်လဲဟေ့ ”

မလုံတော့ ရှက်ပြုံးပြုံးရသည်။ အစ်မဝမ်းကွဲတို့ ဝိုင်းစသည်ကို မဖြေဘဲ နှင်းငွေ ရှက်ပြုံးသာ ပြုံးနေရ၏။

ကိုယ့်ဘက်ကလည်း မှုမမှန်။ မမခင်ပု ဖော်ပြသကဲ့သို့ပင် စမ်းချောင်းဘေး သွားထိုင်နေမိသည်မှာ အမှန်။ မမတင်ညွန့် ပြောသကဲ့သို့ ငိုင်မိသည်မှာလည်း မမှား။ မမခင်ညွန့် ရော်ရမ်း ယိုးစွပ်သည်ကလည်း မလွဲလှ။ ထို့ကြောင့် ရှက်ပြုံးကို မလုံမလဲ ပြုံးရ၏။

ငါးမမျှားချင်တော့ပါ၊ ငှက်လည်း မပစ်ချင်တော့ပါ။ နုနုငယ် ပြောပြသည့် အဖော်ကွဲရလေသော သတ္တဝါငယ်တို့၏ ကျိန်ဆဲဒဏ်ကို မခံလိုပါ။

စမ်းချောင်းဘေး၌တော့ သွားရောက် ဆက်ငိုင်နေမိသည်။

စမ်းချောင်းဘေး၌ ပိတောက်ပင်ကြီးများ ဖားဖားဝေဝေ ရှိသည်။

သင်္ကြန်တွင်း၌ ပိတောက်တို့က ထိန်အောင် ဝေအောင် ပွင့်သည်။

ယခင်က ပိတောက်ပန်းကို နှင်းငွေ မချစ်တတ်။

ပိတောက်ပန်းကို မြင်သော် တွံတေးဈေးသစ်ကုန်းထက်မှာ ဂေါ်ရင်ဂျီ ကုလားမများရောင်းသော နနွင်းမှုန့်ကို မြင်လာသည်။ ဘာကြောင့်မသိ၊ ဝါသောအရောင်မှန်သမျှကို မကြိုက်။ ဆယ့်လေးနှစ်သားတုန်းက နွေတွင် တွံတေး ကျောင်းတိုက်ကြီး၌ ကိုရင်ဝတ်ခဲ့ဖူး၏။ မေမေ့ကို အကြပ်ကိုင်ပြီး သင်္ကန်းဝါ မဝတ်၊ သစ်ခေါက်ဆိုး နီညိုကိုလည်း လက်မခံ၊ ပိန္နဲရောက်ကိုသာ ဝတ်ခဲ့၏။

ယခုမူ ပိတောက်ပန်းဝါဝါကို ချစ်လာ၏။ တွံတေးမြေတွင် ပေးစရာ မည်သူမျှ မရှိသော်လည်း ပိတောက်ပန်းခိုင်များကို ခူးယူမိ၏။ ထို့နောက် စမ်းချောင်းဘေးတွင် အသာထိုင်သည်။ ပိတောက်ပွင့်များကို စမ်းချောင်းတွင် မျှော၏။

ထိုစဉ် ရွာမွန်သာ ခင်တန်းဘေးမှ လက်ပံပွင့်နီများကို မျက်ရည်ဝဲအောင် လွမ်းမိသည်။ လွမ်းလေမိသည်။

ပိတောက်က ခဏနှင့် တုံးသည်။ ငုဝါဝါနှင့် စိန်ပန်းနီနီတို့သာ ကျန်ရစ်၏။

မြစ်ဝကျွန်းပေါ်အရပ် ဖြစ်သောကြောင့် ကဆုန်ကျွမ်း၍ နယုန်ဆန်းလျှင်ပင် မုတ်သုန်ဝင်လျက် မိုးကကျသည်။

ခြံတွင်းမှ ဒလဘက် (သလတ်ဖက်) သရက်သီးများကို ကောက်ရိုးအုပ်၍ မှည့်စေပြီး၊ ပင်မှည့်မှ ချိုသည်ဆိုသော စိုင်သရက်သီးတို့ကား ပင်ထက်တွင် မြရောင်တစ်ဝက် ရွှေရောင်တစ်ဝက်နှင့် ခွေးနို့စို့သည့်သွင် ပြွတ်ပြွတ်တွဲလောင်း။ ခြံတွင်း မြက်ကြား၌ ပုတတ်စာတို့ပင် မြေမှ ထိုးထွက်ပြီ။

ခြံထွက်သီးနှံများကို ခြင်းထဲထည့်၍ အညာပြန်ရန် မေမေ ပြင်ဆင်နေခိုက် သံကြိုးနှစ်စောင် ရှေ့ဆင့်နောက်ဆင့် ရောက်လာ၏။

တစ်စောင်မှာ ဦးဦးသာလှိုင်ထံမှ ဖြစ်၏။ တူတော်မောင်နှင်းငွေ တက္ကသိုလ်ဝင်တန်း အောင်မြင်ကြောင်း သတင်းကောင်းတည်း။

တစ်စောင်ကား ဖေဖေ့ထံမှ ဖြစ်သည်။

**“ ခင်လေးနှင့် သား၊ အမြန်ပြန်လာ၊ နယ်ပိုင်ရာထူးတက်၊ အင်းစိန်ပြောင်းမည်။ ။ တင်မောင် ”**

ဟူသတည်း။

❑

သဲထူသောလမ်းအတိုင်း စက်ဘီးကို တွန်းလျက် နှင်းငွေ လာခဲ့ပြီး ဘခက်တို့ တဲရှေ့၌ ရပ်လိုက်၏။ ထုံးစံအတိုင်း ဘဲလ်ကို တီးသည်။ တဲတွင်းမှ အသံပေါ်လာ၏။

“ လူကလေး မြို့ပိုင်သား နှင်းငွေလား ”

“ ဟုတ်ပါတယ် ကြီးတော်မြ ”

“ ခဏနေဦး လူကလေးရေ ကြီးတော်လာပြီ ”

တဲတွင်းမှ တစ်စုံတစ်ခုကို ခလုတ်တိုက်မိသံ ပေါ်လာသည်။ မရှေးမနှောင်းတွင်ပင် ဒေါ်မြပေါ်လာ၏။

ဒေါ်မြ၏ လက်တစ်ဖက်တွင် တောင်ဝှေးတစ်ချောင်းကို ကိုင်ထား၏။ အခြားလက်တစ်ဖက်က ရှေ့တွင် ရှိတန်ကောင်းသော အတားအဆီးတို့ကို စမ်းသပ်ရှာဖွေဟန် တလှမ်းလှမ်း တကားကား ရှိနေ၏။

www.myanmarcupid.net

နှင်းငွေက ဒေါ်မြကို ဆီးကြိုခေါ်ငင်ယူလျက် တစ်နေရာတွင် ထိုင်ခိုင်း၏။ ဆို့နင့်စွာလည်း မေးမိသည်။

" ကြီးတော်မြ မျက်လုံးက မသက်သာဘူးလား၊ ဘကြီးရှမ်း ခတ်လုံးက မစွမ်းတော့ဘူးလား "

" ဟဲ့ . . . လူကလေး ဒီလိုမပြောနဲ့၊ အမှန်က ဘကြီးရှမ်းစကားကို နားမထောင်မိလို့ ကြီးတော် ဒီလိုဖြစ်ရတာ "

ဒေါ်မြ၏ မမြင်ရတော့သော မျက်လုံးများတွင် မျက်ရည်တို့ ဝဲလာ၏။ မိမိကိုယ်ကို ပြောဟန် ဆက်ညည်း၏။

" အသွားမတော် တစ်လှမ်း၊ အစားမတော် တစ်လုတ်၊ သူဟောင်းစကားများ တယ်မှန်၊ ငါးဖားမစားရသေးဘူးလို့ အတန်တန် ကိုရင်ရှမ်းက မှာရှာသား၊ ဒီပါးစပ်ကလဲလေ ငါးမှငါး စားချင်လိုက်တာ၊ ရှင်ငြိမ်းသာကလဲ သနားပြီး ငါးပိဆို ကိစ္စမရှိတန်ရဲ့ဆိုပြီး၊ ဒန့်ဒလွန်ဟင်းခါးကို ငါးပိကောင်ကင် ခပ်ကျွေးတယ်၊ စားလို့ကလဲ ကောင်းလိုက်တာ၊ စားလဲပြီးရော အဆိပ်ပြန်တက်တာ သေမလို့၊ ကိုရင်ရှမ်းက ဖက်တောက ပြန်ရောက်နေလို့ပေါ့၊ အသက်ကိုတော့ သူ ကယ်နိုင်တယ်လေ၊ မျက်လုံးကွယ်သွားတာတော့ သူလဲ မတတ်နိုင်တော့ဘူး၊ ကြီးတော်မြ အပြစ်ပါပဲ၊ ဒါပေမယ့် မောင်နှင်းငွေ၊ ကြံဖန်တော့ ဖြေရသေးရဲ့၊ လူကလေးအဖေ မြို့ပိုင်မင်းနဲ့ ဆရာမကြီးတို့ ထောက်ခံပေးလို့ ဘခက် ထောင်ထဲက ထွက်ခဲ့ရတာပဲ မဟုတ်လား၊ မြို့ပိုင်မင်းကို ပြောပြပါ၊ ဘုန်းတော်ကြီးလို့ သက်တော်ရှည်ပါစေလို့ ကြီးတော် နေ့တိုင်း ဆုတောင်းနေပါတယ်လို့ "

ဒေါ်မြ၏ မျက်လုံးများသည် နှင်းငွေ ထိုင်နေရာဘက်သို့ လှည့်လာ၏။

" ဒါထက် မောင်နှင်းငွေ . . . အောက်ပြည် ပြန်တယ်ဆို၊ ဘယ်တော့က ပြန်ရောက်လဲ "

" မနေ့ကပဲ ကြီးတော်၊ ကျွန်တော်တို့လဲ အင်းစိန်ကို ပြောင်းရတော့မယ် "

" ဟင် . . . ဟုတ်လား၊ လူကလေးက အခု ကြီးတော်တို့ကို လာနှုတ်ဆက်တာလား "

" ဟုတ်တယ် ကြီးတော်၊ ဘခက်ရော ဘယ်သွားလဲ "

" ဘခက် ယာတောသွားတယ်၊ ကြံရော ဝါးရော သူ ဖိလုပ်နေတယ်၊ မောင်နှင်းငွေ မင်းသူငယ်ချင်း အခု တကယ် အလုပ်လုပ်နေတယ် "

" ဒီလိုကြားရတာပဲ ဝမ်းသာပါတယ် ကြီးတော်၊ ဪ . . . ကျွန်တော် ရွာထဲ လျှောက်နှုတ်ဆက်လိုက်ဦးမယ်၊ စက်ဘီးတော့ ထားခဲ့မယ် ကြီးတော် "

" ထားခဲ့ ထားခဲ့၊ မင်းသူငယ်ချင်း ပြန်လာရင်လဲ ကြီးတော် ပြောထားလိုက်မယ် "

နှင်းငွေသည် ခြံတွင်းမှ ထွက်ပြီး ခင်တန်းဆီ ရှေးရှုလာ၏။

မိုးပြေးကျထားသောကြောင့် မြေသင်းနံ့ ပျံ့ပျံ့ထွက်နေသည်ကလွဲ၍ ပတ်ဝန်းကျင်တွင် မိုး၏ အခြားလက္ခဏာများကို မမြင်။ ကျတ်တီးပြင်တို့က ခေါင်မြဲ ခေါင်နေ၏။ ဖုန်းဆိုးတို့က ရိုင်းမြဲ ရိုင်းနေ၏။

ခင်တန်းဘေး၌မူ စမ်းပေါက်နေသည်။

ခင်တန်းမြောက်ဘက် ရေသောက်သဲဝန်းမြေတို့၌မူ စိမ်းစိုသောစိုက်ခင်းများကို လှမ်းမြင်ရသည်။

မိုးကိုမျှော်သော ဧရုတ်ခင်းတို့က မြမြရင့်နေသည်။ ခရမ်းချဉ်ပင်တို့လည်း မိုးစောင့်ဆဲ။ တပေါင်းဆီက စိုက်ထားသော ကြံပင်သစ်တို့ ပေါင်လောက်၊ ခါးလောက် မြင့်၏။ ပင်စည်ကား မပေါ်၊ ရှည်သွယ်သော ရွက်ဖားတို့သာ နုနုမြမြ ရှိနေ၏။

ဟိုး . . . အရှေ့ဘက်မှာက မှောင်ဝေသော ရှမ်းတောင်တန်း၊ သည်မှာက လွင်ပြင်၊ စိုက်ခင်းတစ်ဝက်၊ ဖုန်းဆိုး တစ်ဝက်နှင့် လွင်ပြင်။ မြရောင်တစ်ပိုင်း၊ ရွှေရောင်တစ်ပိုင်းနှင့် လွင်ပြင်။ နွေရော မိုးရော မထူးခြားလှသည့် လွင်ပြင်။

ထာဝရ နွေကန္တာဆန်သော သည်လွင်ပြင်ကို နှင်းငွေသည် လွမ်းလွမ်းဆွတ်ဆွတ် ကြေကြေကွဲကွဲ ငေးကြည့်မိ၏။

သည်လွင်ပြင်ကို ခွဲရတော့မည်။ ခွဲရခါနီးမှ သည်လွင်ပြင်ကို ချစ်ရပလေ။ သည်လွင်ပြင်က ချစ်မိသူအားလုံးတို့ကို သံယောဇဉ်ကြီးရပလေ။ မျက်ရည်ဝဲမိအောင် သံယောဇဉ် ကြီးရပလေ။

နှင်းငွေသည် ခင်တန်းအတိုင်း အရှေ့ဘက်သို့ လျှောက်လာ၏။

လက်ပံပင်တို့ထက် ပတ္တမြားရောင် မနီပြီ။ ကျေးငှက်လည်း မစည်ပြီ။ ဥဩသံလည်း ဝေးလေပြီ။

သို့ရာတွင် တေးသံချိုချိုလွင်လွင် တစ်ခုကမူ ပျံ့လွင့်လာနေ၏။

**" မဆင်သာသည်၊ ယင်းမာပျဉ်းဖြူ အပင်ငယ်ပျပ်သည့်၊ ဇလပ်ဖြူလို၊ ချူလို့ ပစ်ရတော့မလား၊ မကြင်သာသည်၊ မင့်မှာသူနှင့်၊ အယူငယ် ကမ်းတဲ့၊ မလှမ်းသူကို၊ မြူလို့ ရစ်ရတော့မလား၊ မပန်သာသည်၊ ယင်းမာခေါင်ရမ်း၊ ဇလပ်ဖြူငယ်၊ တောင်သူပန်းကို၊ နွမ်းလို့ ပစ်ရချေတော့မယ် "**

အသံက ချိုသည်၊ လွင်သည်။ ချိုရုံ လွင်ရုံမက ဆွေးမြေ့သော ခံစားမှုအသက်ပါနေ၏။

**" မချစ်သာသည်၊ မောင့်မှာ ရဟန်း၊ ကမ္ဗဝါနှင့် ရွှေစာတမ်း၊ ကျမ်းနှင့် ဖြစ်ပြန်ချေတော့တယ်၊ မပန်သာ ယင့်မှာ အကိုင်းအခက်နှင့်၊ မကြံသာ မင့်မှာ အပေါင်းအဖက်နှင့်၊ အလိုလေ့အိုင်၊ လူပျိုပုံမှာ၊ မယ်သာမှုန်းပါတဲ့၊ ခွင်လုံးပိုင်လေ "**

www.myanmarcupid.net

စမ်းရေတွင်း ဆင်းလျက် နုနုငယ်သည် ခါးလေးကိုင်းပြီး တစ်စုံတစ်ရာတို့ကို လွှတ်မျှောနေသည်။ အပြာရင့်ရောင် ထဘီလေးကို ရေမစိုရန် သိမ်းစုမ,လျက် ဒူးကြားတွင် ညှပ်ထားလေသောကြောင့် ဖြူဖြူဝင်းသော သလုံးသားလေးများ ပေါ်နေ၏။

သီချင်းလေး တအေးအေး ဆိုနေရာမှာ သူ့ခြေသံကို ကြားဟန်ဖြင့် နုနုငယ်သည် ထိတ်လန့်တကြား လှည့်ကြည့်သည်။ သူ့ကို မြင်သော် ပထမ၌မူ အံ့အားသင့်ဟန် ငေးကြည့်နေသည်။ ထို့နောက် မျက်နှာလေးလွှဲသွားပြီး ထဘီလေးကို မ,လျက် ကမ်းထက်သို့ တက်ပြေးသည်။

နုနုငယ် ဘာလုပ်မည်ကို သူက သိနှင့်သည်။ ထို့ကြောင့် လျင်မြန်စွာ ရှေ့တိုးပြီး နုနုငယ်ရှေ့မှ ကိုယ်နှင့် ကာဆီးထားလိုက်၏။

ကိုယ်လေး နောက်တွန့်သွားပြီးနောက် နုနုငယ်က သူ့ကို မော့ကြည့်သည်။

သူက မြင်ခဲ့ဖူးလေသော နုနုငယ်၏ စိမ်းကားသော၊ တင်းမာသော၊ စူးရှသော မျက်လုံးများကို မျှော်လင့်ထား၏။ မည်မျှ စိမ်းကားတင်းမာစူးရှပါစေ၊ ရင်ဆိုင်ရန် အသင့်ပြင်ထားပြီး ဖြစ်နေ၏။

သို့ရာတွင် သူမြင်ရသော နုနုငယ်၏ မျက်လုံးများကား အားငယ်နွဲ့လျနေ၏။ ပျော့ပျောင်း ဝန်းလည်လျက်လည်း နေ၏။ စိုးရွံ့ဝမ်းနည်းမှုကိုလည်း ပြနေ၏။

တုန်ယင်ကြေကွဲသော လေသံတိုးတိုးနှင့်လည်း မေးရှာ၏။

" ကိုယ် နုငယ်ကို အနိုင်ကျင့်ပြန်ပြီလား ဟင် "

ဤစကားသည် နှင်းငွေ့ရင်ဖြင့် မည်သို့မျှ မခံနိုင်သော စကားဖြစ်၏။ ကရုဏာစေတသိက်နှင့် နောက်သို့ ဆုတ်ပေးလိုသည်။ ဖြစ်ချင်ရာဖြစ် ကိုယ်ကိုလှည့်ကာ ကျောခိုင်းထွက်သွားလိုသည်။ ဟို ခင်တန်းကွေ့ရောက်မှ နှလုံး နောက်လျက် ငိုမိကာမှ ငိုမိစေ။

ဤစိတ်ပေါက်မိသည်မှ ခဏသာတည်း။ ရုတ်တရက်ပင် ရင်က လှိုက်လာသည်။ ဘာရယ်မသိသော နှမြော တွန့်တိုခြင်းက စိုးမိုးလာသည်။ နားမလည်နိုင်သော စိုးရိမ်ကြောင့်ကြမှုက လွှမ်းလာသည်။ သည်က ခွာမိလျှင်ပင် ရပ်တည်ရသော မြေအပြင်သည် ရွေ့ကျနိမ့်လျော၍ သူ့ကိုယ်ကို စုံးစုံးမြုပ်အောင် ဝါးမျိုပစ်လိုက်မည် ထင်သည်။

နှင်းငွေ၏ အမြင်တွင် တစ်လောကလုံး ပျောက်သွားသည်။ ပျောက်သွားသည်ထက် မှုန်မှိုင်း မှောင်ဝေသွားသည် ထင်သည်။ ရပ်ကျန်နေသော ကိုယ့်ကိုယ်ကိုလည်း ငွေ့ငွေ့သာ သတိရမိသည်။

ပုခုံးကျော်သည့် ဖားဝေနက်မှောင် ပိတုန်းရောင်လဲ့သော ဆံပင်၊ ပိတုန်းရောင် ဆံပင်ဝန်းလေ၍ ဖြူရုံထက် ပိုဖွေး လေသော မျက်နှာသွယ်၊ ဤမျက်နှာသွယ်ကို စိုလန်းစေသော ရှိန်းမြသည့် မျက်မှောင်နှင့် ကော့ပုံသော လိပ်ပြာတောင် မျက်မှင်၊ တန်းထင်သော နှာတံအဆုံး၌ ငိုမလို မဲ့ပြုံးစဉ်ပင် လေးကိုင်းအသွင် ဝိုက်ကွေးညွှတ်လျက် စွေးစွေးနီသော နှုတ်ခမ်းလွှာများ။ ဤအလှ ဤအသရေကြောင့် သနောင့်သနား ပစ်ခွာရက်ဖွယ် ဘယ်မရှိသည့် နုနုငယ်၏ မျက်နှာလေး သည်သာ သူ့စိတ္တဇ အမှောင်ပြင်တွင် ကြယ်စင်နှယ် ထင်ထင် ဝင်းလဲ့နေ၏။

သူသည် နုနုငယ်၏ ပုခုံးများကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ယူလိုက်သည်။ အဆုပ်အကိုင် မမြဲလျှင် တစ်သက်လုံး လွဲရတော့မည့်အတိုင်းပင် စွဲစွဲမိမိ ဆုပ်ကိုင်ယူသည်။

" နုငယ်ရယ် နုငယ်ကို ကိုယ် အနိုင်မကျင့်ပါဘူး၊ ဒါပေမယ့် နုငယ်ကို ကိုယ် နှုတ်မဆက်ပါရစေနဲ့၊ နှုတ်ဆက်ပြီး ခွဲရမယ့်အစား နုငယ်ကို ဖက်ပြီး ကိုယ် ငိုချင်တယ်၊ ဟောဒီ စမ်းချောင်းရေနဲ့ ပြိုင်ပြီး ကိုယ် ငိုချင်တယ်၊ ကိုယ့်ကို မတွန်းနဲ့ နုငယ်၊ ကိုယ် မခွာနိုင်ဘူး၊ နုငယ်ကို ကိုယ် ချစ်တယ်၊ အို . . . နုငယ်၊ နုငယ်ကို ကိုယ် သိပ် . . . သိပ် . . . ချစ်တယ် "

**ချစ်တယ်**၊ သည်စကားက နှလုံးသားမှ ဘယ်သို့ပေါက်ကြား ထွက်လာသည်မသိ။

မှန်သည်၊ ချစ်သည်၊ ချစ်သည်၊ ချစ်သည်၊ နုငယ်ရယ် နုငယ်ကို မောင် ချစ်သည်။

သူက တင်းအောင်ဖက်မိသည်။ နုငယ်ခမျာကလည်း မရုန်း၊ မရုန်းနိုင်ပါသလော။

နွေး၍၊ ထွေး၍၊ သိမ့်၍၊ ငြိမ့်၍ ဖိန့်ဖိန့်စိမ့်စိမ့်တုန်သော ဝေဒနာကိုမူ သူ ခံစားနေရ၏။

သူ ပြန်လည် သတိရမိချိန်မူ သူ တွေ့ရသည်မှာ နုနုငယ်က သူ့လည်ပင်းကို မွေးညှင်းရိပ်ရိပ်လွှမ်းသော လက်သွယ်သွယ်များနှင့် သိုင်းဖွဲ့ယှီးလေးခိုထားသည်။

ရွှန်းသော၊ လဲ့သော၊ ဝင်းသော မျက်လုံးလှလှဝန်းဝန်းများက သူ့ကို မြတ်နိုးစွာ ကြည့်နေသည်။

သူက အကြောစိမ်းမျှင်မျှင်မြမြ ကွန်ယက်ယှက်ဖြာနေသည့် နုနုငယ်၏ ပါးလေးနှင့် သူ့ပါးစပ်ကို အပ်ပြီး တိုးတိုး မေးသည်။

" ကိုယ့်ကိုမုန်းလား နုငယ် "

www.myanmarcupid.net

နုနုငယ်၏ မျက်နှာလေးက တည်သွားသည်။ သို့ရာတွင် မျက်လုံးများက ရယ်နေ၏။ နှုတ်ခမ်းနီထွေးထွေးတို့ကသာ ပြုံးတစ်ဝက် စူတစ်ဝက်နှင့် ဖြေ၏။

" မုန်းတယ်၊ သိပ် . . . သိပ် . . . သိပ် . . . ကို မုန်းတယ်၊ ကိုယ် သိပြီလား "

သူက နုနုငယ်ကို ခါးလေးမှ ဖက်ကာ တွဲခေါ်ယူလျက် စမ်းချောင်းဘေးတွင် သူနှင့်အတူ ယှဉ်တွဲထိုင်ခိုင်းသည်။

တစ်ဦးလက်ကို တစ်ဦး ဆုပ်ကိုင်ထားရင်း တစ်ဦးမျက်နှာ တစ်ဦး ရွှင်ပြုံးကြည်လင်စွာ ငေးကြည့်နေမိကြသည်။

လှပသော နုနုငယ်၏ မျက်နှာသွယ်လေးကို သူ အကြိမ်ကြိမ် မြင်ဖူးသည်။ ယခုကား ပိုမို လှပနေသည်။ ပိုမို တင့်ရှန်းနေသည်။ ပိုမို သန့်စင်ဖြူဝင်းနေသည်။

သူက နုနုငယ်၏ လက်ကလေးတို့ကို ဆုပ်ညှစ်လိုက်ပြီး ဆို၏။

" ကိုယ့်ကို သိပြီလား နုငယ် "

ပဟေဠိဝှက်ခံရသော ကလေးငယ်ပမာ ဝန်းလည်ပြူးကျယ်သော မျက်လုံးများနှင့် သူ့ကိုကြည့်ပြီး နုနုငယ်က မေး၏။

" ကိုယ် ဘာပြောတာလဲ "

" ကိုယ့်ကို သိပြီလားလို့၊ နုငယ် ကိုယ့်ကို ဘယ်တော့မှ နှုတ်ဆက်လို့မရဘူး "

နုနုငယ်၏ မျက်နှာလေးသည် မသိမသာလေး ညှိုးကျသွားသည်။

" အမှန်က နုငယ်ကလဲ ကိုယ့်ကို နှုတ်မဆက်ချင်ပါဘူးလေ "

" နို့ ဒါဖြင့် ဟိုး စာမေးပွဲပြီးတုန်းက ဘာလို့ လာနှုတ်ဆက်ရတာလဲ "

နုနုငယ်သည် ခေတ္တ ငိုင်ငိုင်လေး စဉ်းစား၏။ ထို့နောက် တည်ငြိမ်အေးချမ်းစွာ သက်သက်သာသာဖြေသည်။

" ဒါကတော့ နုငယ်က ကိုယ့်ကို ချစ်တာကိုး၊ ချစ်လို့ နှုတ်ဆက်တာ "

" အို . . . ချစ်လို့ နှုတ်ဆက်တာ "

" ဟုတ်တယ်လေ၊ မချစ်တဲ့သူကို ဘာလို့ နှုတ်ဆက်ရမလဲ၊ ကိုယ် စဉ်းစားကြည့်ပါလား "

လုံလောက်သောအဖြေကို ပေးပြီးဟန်နှင့် နုနုငယ်သည် သူ့ကို ပြုံးပြုံးလေး စေ့စေ့ကြည့်၏။ သူကသာ မကျေနပ်။

" ဟာ နုငယ်ကလဲ၊ ချစ်ရင် နှုတ်မဆက်ရဘူး၊ ဘယ်တော့မှ နှုတ်မဆက်ရဘူး "

" ကိုယ့်ကို ဘယ်သူပြောလဲ "

နှင်းငွေ ဘာပြန်ဖြေရမှန်း မသိ။ ပါးစပ်ဟလျက် နုနုငယ်ကို ပြန်ကြည့်မိ၏။

နုနုငယ်က အသာအယာ ရယ်မောသည်။

" ကိုယ် မဖြေနိုင်တော့ဘူး မဟုတ်လား၊ အင်းလေ ကိုယ်က ဘာမှ သိတာမှ မဟုတ်ပဲ "

နုနုငယ်သည် စကားဖြတ်လိုက်ပြီး မြေပြင်ကို ဟိုဟိုသည်သည် ကြည့်သည်။ တစ်စုံတစ်ရာကို တွေ့သွားဟန် နေရာမှ ထသည်။ ထို့နောက် တစ်စုံတစ်ရာကို ယူလာပြီး နှင်းငွေ၏ အနီး၌ ပြန်ထိုင်သည်။

နုနုငယ် ယူလာသည်မှာ ငှက်ပျောဖက်တစ်ချပ် ဖြစ်၏။ ငှက်ပျောဖက်ပေါ်တွင် စံပယ်ပန်းများ ရှိနေ၏။ အပ်နဖားကြိုးထိုးလျက် သီလက်စ စံပယ်ကုံး တစ်ဝက်တစ်ပျက်လည်း ရှိနေ၏။ မသီရသေးသော စံပယ်ပွင့်များလည်း ရှိနေ၏။

စောစောက နုနုငယ်သည် သီချင်းတအေးအေးဖြင့် စမ်းရေယဉ်တွင် တစ်စုံတစ်ရာများကို မျှောလွှတ်နေပုံကို နှင်းငွေ သွားသတိရ၏။

" နေဦး၊ စောစောက နုငယ် ရေထဲ ဘာတွေမျှောနေတာလဲ "

" ကိုယ် မြင်တယ်ပေါ့ "

" ဩော် . . . မြင်လို့မေးတာပေါ့ နုငယ်ရယ် "

နုနုငယ်သည် စံပယ်ကုံးကို ကောက်ယူမြှောက်ပြသည်။

" အစက ဖေဖေ သဲတောသွားနေတုန်း ဒီစမ်းချောင်းဘေးလာပြီး နုငယ် စံပယ်ပန်းတွေ အားရအောင် နေ့တိုင်း လာသီနေတာ "

နှင်းငွေသည် ဝမ်းသာအားရ ဖြစ်သွားသောကြောင့် နုနုငယ် စကားမဆုံးခင် ဝင်မေးမိ၏။

" အခု နုငယ်ဖေဖေ အိမ်မှာ မရှိဘူးလား "

" ဟင့်အင်း မရှိဘူး၊ သဲတောသွားတယ်၊ အဲဒီဘက်မှ ဖေဖေ့အမျိုးတွေနဲ့ ယက္ကန်းစက်တွေရှိတယ် "

နှင်းငွေ၏ ရင်ထဲမှ အလုံးကြီး ကျသွား၏။

" ကိုယ် ဘာလို့မေးတာလဲ "

www.myanmarcupid.net

“ ဩော် . . . ဟိုတစ်နေ့က နုငယ်တို့ဖေဖေနဲ့ သွားတိုးနေလို့ ယုတ္တိရှိအောင် ကိုယ် မနည်းလိုမ့်လိုက်ရတာကို သတိရမိလို့ပါ။ ကဲ ဆက်ပြောပါဦး၊ စံပယ်ပန်းတွေကို ဘာလို့ မသီတော့ဘဲ ရေထဲမျှောပစ်နေရတာလဲ ”

နုနုငယ်ထံမှ အသံလေးတစ်မျိုး ကြားလိုက်ရသည်။ ဤအသံသည် ရုတ်တရက် ရှိုက်လိုက်သံလော၊ ရယ်လိုက်သံလော နှင်းငွေ မခွဲခြားနိုင်။

နုနုငယ်၏ မျက်နှာလေးတွင် ရိပ်ရိပ်ငွေ့ငွေ့သာဖြစ်သော အပြုံးဟု ခေါ်ရလေမလား မသိနိုင်သည့် လှုပ်ရှားမှုတစ်ရပ်ကို တွေ့ရသည်။

“ ဩော် . . . ကိုယ်ရယ်၊ ဘာဖြစ်လို့ မေးရတာလဲ ”

အသံကလည်း ဝမ်းနည်းပမ်းနည်း နိုင်လွန်းပြန်သည်။ မေးမိသည်မှာ မှားပြီဟု နှင်းငွေ နောင်တရသွားသည်။ ထို့ကြောင့် ပျာပျာသလဲ တောင်းပန်သည်။

“ စကားစပ်လို့ မေးမိတာပါ၊ နုငယ် မဖြေချင်လဲ မဖြေပါနဲ့လေ ”

“ အဲဒီလိုဆိုတော့ ကိုယ် ကျေနပ်ပါ့မလား ”

“ ဘာပြောတယ် နုငယ် ”

ဤအကြိမ်တွင် နုနုငယ်သည် ပီပီသသ ပြုံးလိုက်၏။

“ နုငယ် ပြောမယ်လေ၊ ကိုယ် စိတ်မကောက်ရဘူးနော် ”

“ အို . . . နုငယ်ရယ်၊ ကိုယ် စိတ်မကောက်တတ်ပါဘူး ”

“ ဒါဖြင့် ပြောမယ်၊ နုငယ် စံပယ်ပန်းတွေကို ရေထဲမျှောပစ်နေတာ မဟုတ်ဘူး၊ ကိုယ့်ကို မျှောပစ်နေတာ ”

“ အယ် ”

နှင်းငွေ အာမေဋိတ်သံ ပြုလေသည်ကို နုနုငယ် အမှုမထား။ စံပယ်ပန်းတစ်ပွင့်ကို ကောက်ယူလိုက်၏။

“ ကြည့် . . . ကိုယ် . . . ”

နုနုငယ်သည် စံပယ်ပန်းပွင့်လေးကို လက်ညှိုးနှင့် လက်မကြား ကိုင်လျက် လက်ကို မြှောက်လိုက်သည်။ ထို့နောက် ပန်းပွင့်လေးကို လွှတ်ချလိုက်၏။ ပန်းပွင့်လေးသည် စမ်းရေပြင်ထက် အသာအယာ ကျသွားသည်။ ရေယဉ်ဆောင်ရာ မျှောပါသွား၏။

ရေယဉ်တွင် မျှောပါသွားသော စံပယ်ပွင့်ကလေးကို နှင်းငွေ ငေးကြည့်နေခိုက် နုနုငယ်က ညည်းညည်းတေးဆိုသည်။

**“မပန်သာသည်၊ ယင်းမာခေါင်ရမ်း၊ ဇလပ်ဖြူငယ်၊ တောင်သူပန်းကို၊ နွမ်းလို့ ပစ်ရချေတော့မယ်၊ မချစ်သာသည်၊ မောင့်မှာ ရဟန်း၊ ကမ္ဗဝါနှင့် ရွှေစာတမ်း၊ ကျမ်းနှင့် ဖြစ်ပြန်ချေတော့တယ် ”**

စံပယ်ပန်းပွင့်လေးသည် ရေယဉ်၌ အဆုံးအစ မမျော၊ ကျောက်တန်းဆည်လေး ရှိရာ၌ ကတော့ထိုးလျက်ရှိသော ဝဲငယ်တွင် လည်လျက် ကမ်းစပ်ကွေ့ဝယ် ခိုဝင်ရပ်နားသည်။ ဤကမ်းစပ်ကွေ့ဝယ် စောစောက အမျှောခံခဲ့ရသော စံပယ်ပန်းပွင့်များသည် စီစီရီရီ တင်ကျန်နေကြ၏။

“ ကြည့်၊ ကိုယ် သိပ်ခေါင်းမာတယ်၊ ကိုယ်က ဒီသောင်ယံက မခွာရက်ဘူး၊ ကိုယ့်ကို နုငယ် သိပ်သနားတာပဲ ”

နှင်းငွေက နုနုငယ်ကို ဖျတ်ကနဲ ကြည့်သည်။ သူ့စိတ်တွင်းက အနည်းငယ် မခံချင်ဖြစ်သွားသည်။ အမှန်က နုနုငယ်ကို သနားမိသူမှာ သူပါ။ ယခု နုနုငယ်က သူ့ကို သနားသည်ဟု ပြန်ဆိုနေသည်။ သူ့ကို သနားသည်ဟု နုနုငယ်ဆိုသည်မှာလည်း တစ်ကြိမ် မကပြီ။

“ ကိုယ့်ကို နုငယ်က ဘာလို့ သနားရတာလဲ၊ ဘာဖြစ်လို့ ကိုယ့်ကို ရေမှာမျှောရတာလဲ ”

“ ကိုယ် သိပ်နားဝေးတာပဲ၊ မပန်သာတဲ့ပန်းကို ရေမှမမျှောဘဲ နုငယ်က မီးရှို့ပစ်ရမလား၊ ကမ္ဗဝါ ရွှေစာတမ်း ကျမ်းကြီးစာအုပ်ကြီးနဲ့ တက္ကသိုလ်ကို သွားတော့မယ့် ကိုယ်ကကော ဒီခင်တန်းဆီ ပြန်လာမှာမို့လား ”

နုနုငယ်ကို သူ တစ်ခုခု မေးလေတိုင်း တိုက်ရိုက်ဖြေလေသည်ထက် မေးခွန်းပြန်ထုတ်လေ့ရှိမှန်း သူ သတိပြုမိ၏။ ယခု ဤပညာကို သူက ပြန်သုံး၏။

နုနုငယ်သည် မဖြေ။ ဝမ်းနည်းဟန် မျက်နှာလေးနှင့် စံပယ်ပွင့်တို့ကိုသာ ရေတွင် ဆက်မျှောနေ၏။

“ နုငယ် ”

“ ဘာလဲ . . . ကိုယ် ”

“ ကိုယ်သိချင်တာက တစ်ခု ရှိသေးတယ်၊ အခု နုငယ်လဲ စာမေးပွဲအောင်တယ်၊ ဘာဖြစ်လို့ တက္ကသိုလ်ကို မလာလဲ”

နုနုငယ်က ဆွေးမြေ့စွာ ပြုံးသည်။ လေသံအေးအေးနှင့် ညင်သာစွာ ဆို၏။

“ ဖေဖေက မသွားရတော့ဘူးတဲ့၊ ဒီတော့ နုငယ် ဘာတတ်နိုင်မလဲ ”

www.myanmarcupid.net

" ဒီလိုဆိုရင် နုငယ်တို့ဖေဖေက သိပ်ရက်စက်တဲ့ လူကြီးပဲ "

နှင်းငွေ၏ အသံ၌ နာကြည်းမှုနှင့် ဒေါသ ပါသွားသည်။ မမျှော်လင့်စွာ နုနုငယ်ကလည်း သူ့ကို ဒေါသနှင့် ပြန်ကြည့်သည်။

" ကိုယ် ဘာလို့ နုငယ်ဖေဖေကို ဒီလို စွပ်စွဲရတာလဲ၊ ကိုယ် မတရားဘူး "

မှားမိပြန်ပြီကို နှင်းငွေ သိသည်။ တောင်းပန်ရန် စကားရှာမတွေ့စဉ် တောင်းပန်သော မျက်လုံးများနှင့် နှင်းငွေသည် နုနုငယ်အား ကြည့်မိသည်။

သို့ရာတွင် တောင်းပန်စကားကို သူပြောရန် မလိုတော့ပါ။

နုနုငယ်၏ မျက်နှာမှာ ဒေါသရိပ်တို့ ချက်ချင်းပင် ပျောက်သွား၏။ မျက်နှာလေးသည် ဒေါသနှင့် တစ်ဖက်စွန်းစီ ဖြစ်သော ကြေကွဲမှုကို ပြနေပြန်ပါ၏။

" ဖေဖေက နုငယ်အပေါ် မရက်စက်ပါဘူး ကိုယ်၊ အမှန် ရက်စက်တာက ကံကြမ္မာကသာပါ၊ ကိုယ့်ကို တစ်ခု နုငယ် မေးမယ်၊ စောစောက ကိုယ်က နုငယ်ကို သိပ်ချစ်တယ်လို့ ပြောတယ်၊ ကိုယ် နုငယ်ကို တစ်သက်လုံး ချစ်နိုင်လို့လား"

" ဩော် . . . ဘယ်လိုမေးလိုက်တာလဲ နုငယ်ရယ် "

" ကိုယ် လှည့်ပတ်မပြောနဲ့၊ နုငယ် မေးတာကို ဖြေစမ်းပါ "

နှင်းငွေ မဖြေတတ်။ မဖြေနိုင်၍ မဟုတ်၊ ဖြေချင်သမျှ စကားရှာမရသောကြောင့် ဖြစ်သည်။ အတန်ကြာ ကြိုးပမ်း ရုန်းကန်ပြီးနောက် နှင်းငွေသည် နှလုံးသားမှ သဘာဝအတိုင်း ပေါက်ကွဲထွက်လာသော စကားတို့ကို ဆိုသည်။ ဤစကားတို့ကို မည်သို့မည်ပုံ ပြောလိုက်နိုင်စွမ်းသည်ကိုလည်း ကိုယ့်ကိုယ်ကို အံ့အားသင့်မိသည်။

" တစ်သက်လုံး ချစ်နိုင်မလား၊ ကိုယ် ဘယ်လိုဖြေရမလဲ၊ နုငယ် ကိုယ် အခု တက္ကသိုလ်ကို သွားရတော့မယ်၊ နုငယ်ကို ကိုယ် မလိမ်ဘူး၊ ဖေဖေကလဲ အင်းစိန် ပြောင်းရမယ်၊ ကိုယ် သေချင်လိုက်တာ နုငယ်ရယ်၊ နုငယ်နဲ့ ကိုယ်ဟာ လူတွေ မဟုတ်ဘဲ ငှက်ကလေးတွေဖြစ်ရင် သိပ်ကောင်းမှာပဲ၊ ဒီခင်တန်းမှာပဲ နေမယ်လေ၊ ဒါမှမဟုတ် ဟောဟို တောင်တန်းကြီးတွေဆီ ပျံသွားမယ်၊ အခုတော့ နုငယ်ရေ ကိုယ် သွားရတော့မယ်၊ ဒါပေမယ့် အနည်းဆုံး တစ်နွေတော့ တစ်ခေါက်ရောက်အောင် နုငယ်ဆီ ကိုယ်ပြန်လာမယ်၊ ကိုယ့်ကို ရေထဲတော့ မမျှောနဲ့ နုငယ်၊ အဲဒါ ကိုယ် မခံနိုင်ဘူး "

သူသည် နုနုငယ်၏ ခါးလေးကို ဖက်ကာ ကိုယ်လေးကို သိမ့်သိမ့်တုန်အောင် လှုပ်ယမ်းရင်း ပြောသည်။

သူ့မျက်နှာက နုနုငယ်၏ ရင်ခွင်တွင် ရှိနေသည်။ ခေါင်းက မော့ပြီး နုနုငယ်၏ မျက်နှာလေးကို စုံမက်တသစွာ ကြည့်နေမိ၏။

နုနုငယ်၏ မျက်လုံးများမှ မျက်ရည်များ ကျလာနေ၏။ သို့ရာတွင် မျက်နှာလေးက ပြုံးရွှင်နေ၏။ ဖြူဖွေး သွယ်ပျောင်းသော လက်ချောင်းလေးများနှင့် သူ့ဆံပင်များကို ထိုးဖွ ဆော့ကစားရင်း နုနုငယ်က ပြော၏။

" ကိုယ် သိပ်ချွဲတယ်၊ ဒါပေမယ့် ကိုယ့်ကို နုငယ် ယုံလိုက်မယ်၊ နုငယ် တစ်ခု မေးဦးမယ်၊ ဖြေမလား "

" မေးလေ နုငယ် "

" ကိုယ်က သိပ်စာတော်တာပဲ၊ ကိုယ် တက္ကသိုလ်ရောက်ရင် ဘယ်ဘက်လိုက်မလဲ "

" အဲဒါ ကိုယ်မသိသေးဘူး နုငယ်၊ ဆရာဦးတင်ညွန့်က ပြောတယ်၊ ကိုယ်က သင်္ချာတော်တယ်တဲ့၊ အင်ဂျင်နီယာ ဖြစ်ဖြစ်၊ ရူပဗေဒ ဂုဏ်ထူးတွဲ့ရအောင်ဖြစ်ဖြစ် ပျုံးဝါးဆိုင်းယင့်(စ်) ယူတဲ့ "

နုနုငယ်က ခေါင်းခါသည်။

" ကိုယ်ပြောတာတွေကို နုငယ် မကြိုက်ဘူးလား "

" ဟင့်အင်း မကြိုက်ဘူး "

" ကိုယ့်အရပ်က သွယ်တယ်၊ ကိုယ့်အသားက ဖြူတယ်၊ ပြီးတော့ ကိုယ်က သိပ်ကြင်နာတတ်တာပဲ၊ ပြီးတော့ ကိုယ်က ငှက်ကလေးတစ်ကောင် ပစ်သတ်ထားဖူးတယ် မဟုတ်လား၊ ကိုယ် ဆရာဝန်လုပ်ပါလား၊ ဆရာဝန် အဝတ်အစားနဲ့ ဆိုရင် ကိုယ် သိပ်ကြည့်ကောင်းမှာပဲ "

" နုငယ် တကယ်ပြောနေတာလား "

" တကယ် ပြောနေတာ၊ ပြီးတော့ ကိုယ်ရေ နုငယ်က ကောင်းကောင်း မကျန်းမာဘူး၊ ဒါကို ကိုယ် မသိဘူး၊ မကျန်းမာသူကို တစ်သက်လုံး ချစ်ချင်ရင် ကိုယ်က ဆရာဝန်ကြီးဖြစ်မှ "

" နုငယ်က မကျန်းမာဘူး ၊ အို . . . နုငယ် . . . နုငယ်မှာ ဘာရောဂါရှိလို့လဲ "

" အဲဒါက ကိုယ် ဆရာဝန်ဖြစ်တော့ စုံစမ်းကြည့်ပေါ့၊ ပြီးတော့ ကိုယ့်ကတိအတိုင်း တစ်သက်လုံး နုငယ်ကို ဆက်ချစ်ပေါ့"

www.myanmarcupid.net

နုနုငယ်သည် နေရာမှ ထ၏။ နုနုငယ်၏ လက်တွင်း၌ တစ်ပိုင်းတစ်စ သီပြီးသော စံပယ်ကုံးကို ကိုင်လျက်ရှိနေ၏။

နုနုငယ်သည် လက်ကလေးကို မြှောက်ကာ စံပယ်ကုံးကို စမ်းရေထက် ချရန်ပြင်သည်။

သူက နုနုငယ်၏ လက်ကလေးကို ဖမ်းဆွဲလိုက်၏။ စံပယ်ကုံးကိုလည်း လုယူလိုက်သည်။

ဖားလျားချထားသော နုနုငယ်၏ ဆံပင်တွင် စံပယ်ကုံးကို မည်သို့ ဆင်ပေးရမှန်း သူမသိ။ ကြံရာမရသည့် နောက်ဆုံးတွင် သူက စံပယ်ကုံးကို နုနုငယ်၏ လည်ပင်းတွင် ပတ်ရစ်ဆင်ပေးသည်။

ထို့နောက် ရင်ချင်းအပ်ထားမိသည်။ ပါးချင်းလည်း ကပ်ထားမိသည်။

ကျောဘက်ဆီမှ ခြေသံကြားရသောကြောင့် နှစ်ဦးသား ကိုယ်ချင်းခွာလိုက်ရသည်။

လက်ပံပင်အောက် ကမ်းပါးတွင် ဦးလေးကံ ရပ်နေ၏။

နုနုငယ်သည် နှင်းငွေကို ဆွေးမြေ့စွာ တစ်ချက်ကြည့်ပြီး အိမ်ကြီးဆီသို့ ဖြည်းညင်းစွာ လျှောက်ပြန်သွားသည်။

နှင်းငွေက ဦးလေးကံကို တည်ငြိမ်စွာ ပြန်ကြည့်သည်။ ဦးလေးကံ၏ မျက်နှာ၌ စိတ်ရှုပ်စိတ်ညစ်ဟန် ပေါ်နေသည်။ ကရုဏာရိပ်လည်း မကင်းပါ။

ဦးလေးကံက ညည်းညည်း အပြစ်တင်၏။

" ငါ့လူ မြို့ပိုင်သားရယ်၊ ရဲလှချေလား၊ နုနုငယ်တို့ အဖေနဲ့သာ တိုးမိရင် ငါ့လူအတွက်လည်း မကောင်းဘူး၊ နုနုငယ်အတွက်လည်း ဒုက္ခပဲ "

" ဦးလေးကံ ဒီလိုပြောပေါင်း များလှပြီ၊ ကျွန်တော် တစ်ခုမေးပါရစေ၊ နုနုငယ်တို့ အဖေဟာ ဘာလို့ သမီးအပေါ်မှာ ဒါလောက် ရက်စက်ရတာလဲ "

ဦးလေးကံက ခေါင်းခါ၏။

" သခင်ကြီးက သူ့သမီးအပေါ် မရက်စက်ပါဘူး၊ ချစ်သမှ သိပ်ချစ်တာ၊ အင်း . . . ချစ်တာလွန်လို့လဲ ခက်နေရတယ်ကွယ် "

" အဲဒါကို ကျွန်တော် မယုံဘူး "

" ဟေ ဘာဖြစ်လို့ "

" နုနုငယ်က သိပ်စာတော်တယ်၊ ကျွန်တော့်ထက်တောင် တော်သေးတယ်၊ အခု နုနုငယ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်တယ်၊ ဒါပေမယ့် သူ့အဖေက တက္ကသိုလ်ကို မလွှတ်ဘူး၊ အဲဒါ ဘာသဘောလဲ "

ဦးလေးကံသည် မျက်မှောင်ကြုတ်ပြီး စဉ်းစားသည်။ ထို့နောက် အဖြေတွေ့ဟန် ရယ်လျက်ပြောသည်။

" တက္ကသိုလ်ကို မလွှတ်တာနဲ့ သူ့အဖေကို ရက်စက်တယ်လို့ ငါ့လူက စွပ်စွဲသလား၊ ဦးလေးကံ မေးမယ်၊ ငါ့လူ သူငယ်ချင်း ဘခက် အခု ဘာလို့ ငရုတ်ခင်းနဲ့ ကြံခင်းတွေထဲ ရောက်နေရသလဲ "

" ဒါကတော့ သူက စာမေးပွဲကျတာကိုး၊ ပြီးတော့ ဆင်းရဲတဲ့ မုဆိုးမသားကိုး "

" နို့ နေပါဦး၊ ဟိုနေ့က ညွှန့်မေနဲ့ ဦးလေးကံ တွေ့တယ်၊ ညွှန့်မေလဲ တက္ကသိုလ်မသွားဘူးတဲ့၊ မိတ္ထီလာတင်ပဲ ဆရာဖြစ်သင်သိပ္ပံ တက်မလို့တဲ့၊ အဲဒါကကော "

" ညွှန့်မေတို့အိမ်က သိပ်မှ မတတ်နိုင်ပဲ "

" အေးလေ မတတ်နိုင်လို့ တက္ကသိုလ် မသွားကြရဘူး၊ ဒီလိုပဲ အဲ . . . တတ်နိုင်လို့ နုနုငယ်ကို သူ့အဖေက မလွှတ်ဘူး "

" ဗျာ . . . တတ်နိုင်လို့ မလွှတ်ဘူး "

" အင်းလေ၊ ငါ့လူ စဉ်းစားကြည့်ပေါ့၊ သခင်ကြီးမှာ သမီးတစ်ယောက်ပဲ ရှိတယ်၊ သခင်ကြီးရဲ့ စည်းစိမ်ဟာ နှစ်သက် ထိုင်စားလို့ မကုန်ဘူး၊ မိန်းကလေးတစ်ယောက် ဆယ်တန်းအောင်ရင် တော်ရောပေါ့၊ ပြီးတော့ ငါ့လူ မရိပ်မိသေးဘူးလား၊ နုနုငယ်က သိပ်ကျန်းမာတာ မဟုတ်ဘူး၊ ဒီတော့ သမီးကို သူ့အဖေက ဘယ်လို မျက်စိအောက်က အပျောက်ခံနိုင်ပါ့မလဲ "

ဦးလေးကံ၏ စကားများက ယုတ္တိရှိနေ၏။ ယုတ္တိရှိနေသောကြောင့် နှင်းငွေ ဆက်လက် ဆင်ခြေမကွန့်သာ။

အတန်ကြာ ငြိမ်နေပြီးမှ ဝမ်းနည်းရိုးသားစွာ နှင်းငွေက ပြော၏။

" ကျွန်တော် နားလည်ပါပြီလေ၊ ဟုတ်တယ် နုငယ်ကို သူ့အဖေက မျက်စိအောက်က အပျောက်ခံနိုင်မှာ မဟုတ်ဘူး၊ နုငယ်ကလဲ ချစ်ဖို့ကောင်းတာကိုး၊ ဒါပေမယ့် ဦးလေးကံ၊ ကျွန်တော်ကလဲ နုငယ်ကို မျက်စိအောက်က အပျောက်မခံနိုင်ဘူး"

နောက်ဆုံးစကားများကို ပြောမိချိန်၌ နှင်းငွေ၏ အသံမှာ တုန်နေသည်။ ဆက်ပြောစရာက ရှိသေး၏။ သို့ရာတွင် လည်ချောင်းက တစ်ဆို့နေသည်။ မျက်လုံးတို့၌ မျက်ရည်များ ဝဲလာသည်။ နှင်းငွေသည် အံကြိတ်စိတ်တင်းပြီး မျက်နှာ လွှဲလိုက်၏။

ဦးလေးကံ၏ လက်တစ်ဖက်သည် ယုယကြင်နာစွာဖြင့် နှင်းငွေ၏ ပုခုံးပေါ် ကျရောက်လာသည်။

" မြို့ပိုင်သား လူကလေး ငါ့လူ၊ ရန်ကုန်က တက္ကသိုလ်ဆိုတာကို လူကလေး ငါ့လူ ဖြောင့်ဖြောင့်သွားပါ၊ နုနုငယ်ကိုရော၊ သူ့အဖေကိုရော၊ ဦးလေးကံကိုရော ပြီးတော့ ဒီအိမ်ကြီးကိုရော ငါ့လူ မေ့ပစ်လိုက်၊ မြန်မြန်ကြီး မေ့ပစ်လိုက်၊ ငါ့လူ ဘီအေ အိုင်အေအောင်ပြီး ငါ့လူ အဖေလို မြို့ပိုင်ဖြစ်အောင်သာ ကြိုးစား၊ ဦးလေးကံ ပြောတာကို ကြားလား "

နှင်းငွေသည် ဦးလေးကံ၏ လက်ကို ပုတ်ချလိုက်သည်။ အံကြိတ်ရင်းက နင့်နဲ့စွာ ပြောမိ၏။

" ကျွန်တော်က ဘာလို့ နုနုငယ်ကို မေ့ရမှာလဲ၊ နုနုငယ်ကို ကျွန်တော်က လာ အပျော်ကြံနေတယ်လို့ ခင်ဗျားက ထင်လို့လား၊ ခင်ဗျားကိုလဲ ကျုပ် မကြောက်ဘူး၊ နုနုငယ်အဖေကိုလဲ ကျုပ် မကြောက်ဘူး၊ နုနုငယ်ကို ကျုပ် ချစ်တယ်ဗျ သိလား "

နှင်းငွေ၏ အသံသည် အလွန်မာနေ၏။ စကားအသုံးအနှုန်းကလည်း ရိုင်းနေ၏။ မိမိကိုယ်ကို ရိုင်းနေမှန်း သိသော်လည်း မထိန်းကွပ်နိုင်။

ဦးလေးကံကမူ စိတ်ဆိုးဟန်မပြဘဲ အသာအယာ ရယ်မောသည်။

" ငါ့လူက တော်တော် စိတ်ကြီးပါလား၊ ဒါပေမယ့် ဦးလေးကံ ထပ်ပြောမယ်၊ နုနုငယ်နဲ့ ဒီအိမ်ကြီးကို မေ့ပစ်လိုက်ပါ၊ ငါ့လူ မသိသေးဘူးလား၊ ဒီအိမ်ကြီးဟာ ကျိန်စာမိနေတဲ့ အိမ်ကြီး၊ ငါ့လူကပါ ကျိန်စာ အသင့်မခံချင်နဲ့ "

ဦးလေးကံ၏ ဤစကားသည် နှင်းငွေကို ပြန်လည် သတိဝင်စေ၏။

ကျိန်စာမိနေသောအိမ်ကြီး . . . သည့်စကားက နား၌ ပဲ့တင်ထပ်နေ၏။

နှင်းငွေသည် ပြန်လည် ပျော့ပျောင်းသွားပြီး ပင်ကိုယ်သံမှန်နှင့် မေးသည်။

" ဒီအိမ်ကြီးဟာ ကျိန်စာသင့်နေတဲ့အိမ်ကြီး ဟုတ်လား၊ ဒီစကားကို ကြားဖန်များပြီ၊ အဲဒါ ဘာအဓိပ္ပါယ်လဲ ဦးလေးကံ"

" ဘာအဓိပ္ပါယ်လဲ ဆိုတော့ ဒီအိမ်ထဲ ရောက်တဲ့လူမှန်သမျှ ကံဆိုးကြလို့ပဲ၊ ငါ့လူလဲ ကံမဆိုးချင်ပါနဲ့ "

" ဒီ့ ဦးလေးကံကတော့ ဘာလို့ ဒီအိမ်ထဲ ရောက်နေရသလဲ၊ ဦးလေးက ကျွန်တော့်ကို ခြောက်နေတာလား "

ဦးလေးကံသည် လေးပင်စွာ ခေါင်းခါရမ်းပြန်သည်။ ဝမ်းနည်းစွာ ပြုံးပြီးလည်း ဆို၏။

" ငါ့လူကို မခြောက်ပါဘူး၊ ဒီအိမ်ထဲ ဦးလေးကံ ရောက်နေတာကတော့ ဒီအိမ်ထက်ဆိုးတဲ့ အရပ်က ဦးလေးက လာခဲ့လို့ပဲ "

" ဒီအိမ်ထက်ဆိုးတဲ့ အရပ်က၊ ဦးလေးက ဘယ်ကလာသလဲ "

ခေတ္တ၌မူ ဦးလေးကံ၏ အပြုံးကြီးသည် ကျယ်ဝန်းသွား၏။ ဤကျယ်ဝန်းသော အပြုံးကြီးသည် နှစ်လိုဖွယ်ထက် ကြောက်မက်ဖွယ်ရှိသည်ဟု နှင်းငွေ ထင်သည်။ ကြောက်မက်ဖွယ်ထက် သနားဖွယ်ရှိသည်ဟုလည်း ထူးဆန်းစွာ ထင်မိသေး၏။

ဦးလေးကံ၏ မျက်နှာကြီး ပြန်တည်သွားသည်။ ခြောက်ကပ်သော လေသံအိုကြီးနှင့် ဖြေသည်။

" ဦးလေးကံ နာမည်က ကံရာဇာ၊ အစတုန်းက အလုပ်က သုဘရာဇာ၊ လာခဲ့တဲ့အရပ်က သင်္ချိုင်းကုန်း၊ မြို့ပိုင်သား ငါ့လူ၊ ဒီအိမ်ကြီးနဲ့ ပတ်သက်ချင်သေးသလား "

ဦးလေးကံက သူ့ကို စူးစိုက်ကြည့်ပြီး မေးသည်။

နှင်းငွေကလည်း ဦးလေးကံ၏ မျက်လုံးများကို ပြန်လည်စူးစိုက်ကြည့်၏။

အချိန်အတန်ကြာသွားသည်။

နှင်းငွေက အရင်ပြုံးပြီး တည်တံ့စွာ ဆို၏။

" ဒီစကားတွေကို ဦးလေးကံ ဘာကြောင့် ပြောရသလဲ၊ ကျွန်တော့်ကို စိတ်ပျက်အောင်လား၊ ဒါပေမယ့် ကျွန်တော် ထပ်ပြောမယ် ဦးလေးကံ၊ နုငယ်ကို ကျွန်တော် ချစ်တယ်၊ ချစ်တယ်ဆိုတာကိုလဲ ဒီနေ့မှ သိမိတယ် ဦးလေးကံ၊ ဒီအိမ်နဲ့ ကျွန်တော် ပတ်သက်ဦးမယ်၊ ဒီရွာ ဒီခင်တန်းနဲ့ ဒီအိမ်ဆီကို ကျွန်တော် ဆက်ဆက်ပြန်လာခဲ့ဦးမယ် "

နှင်းငွေသည် နေရာမှ ချာကနဲ ခွာခဲ့၏။

ခင်တန်းမှထွက်ပြီး လမ်းအတိုင်း ရွာဆီ ရှေ့ရှု လျှောက်လာခဲ့၏။

သိုးကျောင်းသားတို့ပင် ရွာဝင်ခဲ့ပြီ။

နေလုံးက စုံးစုံးမြုပ်နေပြီ။

ခင်တန်းနှင့် ရွာစည်းရိုးမှ လက်ပံပင်တို့ထက် ကျီးတို့ပြုံ၍ ငှက်တို့ ညံနေသည်။

နှင်းငွေက အိမ်ကြီးရှေ့ ခေတ္တ ရပ်ကြည့်မိသည်။

ညိုမှိုင်းသောအိမ်သည် ထီးထီးပင် ရပ်နေ၏။ နောက်ခံပြုထားသော ရှမ်းရိုးမ တောင်တန်းမှောင်မှောင်သို့ပင် ထီးထီးသုဉ်းသုဉ်း ရပ်နေ၏။

www.myanmarcupid.net

ပြတင်းပေါက်မှ မီးရောင်ပေါ်ထွက်လာသည်။ သူ့အပြန်ကို မျှော်ကြည့်လေသည့် နုနုငယ်၏ အခန်းဆီမှ မီးရောင်လေလော မသိ။

ခေါင်းငိုက်စိုက်နှင့် ရွာဆီ နှင်းငွေ လျှောက်လာခဲ့လေသတည်း။

❑

www.myanmarcupid.net

အပိုင်း ( ၃ )

ရောဂါသည်မလေး မောင်ချစ်သူ

www.myanmarcupid.net

## အခန်း ( ၁၈ )

## အဝေးမြေဆီ

**မှ**
**ညွှန့်မေ**
**နေ့စွဲ ၂၀ - ၉ - ၅၅**
**အခန်းနံပါတ် (- -)**
**ရွှေမန်းကျောင်းဆောင်**
**မန္တလေးတက္ကသိုလ်**

**" သူငယ်ချင်း နှင်းငွေ**

ဒီလက်ရေးကို နင်မှတ်မိဦးမယ်လို့ ငါထင်တယ်။ မမှတ်မိဘူး ဆိုရင်တော့ နင့်ကို ငါတစ်သက် ခွင့်လွှတ်နိုင်မှာ မဟုတ်ဘူး။

ညွှန့်မေ စာရေးနေပါတယ်။ မန္တလေးတက္ကသိုလ်က လှမ်းရေးတာမို့ နင် သိပ်အံ့သြသွားမှာပဲ။

နင်ရယ်၊ ငါရယ်၊ ဘခက်ရယ်၊ ပြီးတော့ နုနုငယ် ဆိုပါတော့၊ နွေတုန်းက အားလုံး ခွဲခဲ့ကြရတယ်။

ဘခက်ကတော့ ယာတောမှာ နေရစ်တယ်။ အေးလေ၊ သူ ဘာလုပ်နိုင်တော့မှာလဲ၊ နုနုငယ်ကလဲ ရွာမွန်သာမှာပဲ နေရစ်တယ်။

နင်ကတော့ အခု ရန်ကုန်တက္ကသိုလ်မှာ၊ ဆရာဦးတင်ညွှန့် ပြောပြလို့ နင် ဘိုင်အို (ဇီဝဗေဒ) ယူနေမှန်း ငါသိရတယ်။ ငါတို့က နင် အင်ဂျင်နီယာဘက်သွားဖို့ ပျူးဝါးဆိုင့်ယင့်စ် ယူမယ် ထင်ထားတာ။ နင်က အခု ဆရာဝန်လုပ်တော့မလို့ပေါ့လေ။ နင့်အဖေက နယ်ပိုင် ဖြစ်သွားတော့ ခုနစ်နှစ်ကြာတဲ့ ဆရာဝန်လမ်းကို နင် မှန်းနိုင်တာပေါ့။

မူလကတော့ ငါ ဆရာဖြစ်သင်သိပ္ပံ တက်ရတော့မလို့။ ငါ စာတော်တာသိလို့ ဒေါ်လေးကို ဆရာမကြီးတို့က ဝိုင်းပြောပေးကြတယ်။ အခု ငါ့ကျောင်းဆောင်ခနဲ့ မုန့်ဖိုးကို ဒေါ်လေးက ပေးတယ်၊ ကျောင်းလခနဲ့ စာအုပ်ဖိုးတွေကို ဆရာမကြီးက ပေးတယ်။ ဒါတောင် ဒေါ်လေးက ငါ့ကို ဥပစာတန်းအောင်တဲ့အထိပဲ ထားပေးမယ်လို့သာ ကတိပေးထားတယ်။

ဘာပဲဖြစ်ဖြစ် တက္ကသိုလ် တက်ခွင့်ရလို့ တော်သေးတာပေါ့။ ဘခက်နဲ့ နုနုငယ်ထက်စာရင် ငါ ကံကောင်းသေးတာပေါ့။

ထောက်ပံ့ကြေး ငါလျှောက်ထားတယ်။ ရရင်တော့ ကောင်းတာပေါ့ဟယ်၊ မရရင်လဲ ကံအတိုင်းပဲ၊ ဥပစာတန်း အောင်ပြီး ထွက်အလုပ်လုပ်ရင် အထက်တန်းစာရေးတော့ ရမှာပဲ။ ပြီးမှ ပြင်ပကနေ ဘီအေ ဝင်ဖြေရမှာပဲ။ အဲဒီလို ဖြေနေတဲ့လူတွေလဲ အများကြီးပဲ။

ငါ အခု စိတ်ကြိုက်မြန်မာစာ၊ တက္ကဗေဒနဲ့ သမိုင်း ယူနေတယ်။ သိပ္ပံပညာတွဲ ယူချင်ပေမယ့် မတော်တဆ ဥပစာတန်းနဲ့တင် ထွက်ရပြီး အပြင်က ဖြေရရင် သိပ္ပံတွဲ့က မလွယ်ဘူး မဟုတ်လား။ ဝိဇ္ဇာတွဲ့အတွက်ကတော့ စာကျက်ဖြေရင်ရတယ်လို့ ပြောကြတာပဲ။

ငါ့အကြောင်းချည်းပဲ ရေးနေလို့ စိတ်မဆိုးနဲ့ နှင်းငွေ၊ နင့်အကြောင်းကို ငါ ဘာမှ ထပ်မသိတာ၊ ငါ ဘယ်ရောက်နေမှန်း မသိလို့ နင် စာမရေးတာကိုလဲ အပြစ်မတင်ပါဘူး။ ဟိုတစ်နေ့က ဆရာဦးတင်ညွှန့် မန္တလေး လာလို့ နင့်လိပ်စာ ငါရတာနဲ့ စာရေးလိုက်ရတာပဲ။ အခု ငါ့လိပ်စာကို နင်သိပြီပဲ၊ စာပြန်ပေါ့။

ဘခက်ဆီကိုလဲ စာရေးလိုက်ပါဦးဟယ်။ နင်သိတဲ့အတိုင်း တစ်ခါတလေ ငါ သူ့ကို သိပ်မုန်းတာပဲ။ ဒါပေမယ့် စာသင်ခန်းမကို စွန့်ပြီး မျက်မမြင် မိခင်ကို လုပ်ကျွေးဖို့ ယာတောထဲမှာ ရုန်းကန်နေရတဲ့ သူ့ကို မြင်တော့ ငါ ရင်ထဲဆို့မိတယ်။ (နင် အဲဒါကို ဘခက်ဆီ ထည့်မရေးနဲ့ဦး၊ ကိုယ်တော်ချောက အစိပ္ပါယ်ကောက် လွဲနေဦးမယ်)

နုနုငယ်ဆီတော့ ဘယ်လိုမှ ဆက်သွယ်လို့မရဘူး။ နုနုငယ် တက္ကသိုလ် ဆက်မသွားရတာသိလို့ ဆရာဦးတင်ညွှန့်တို့ ကိုယ်တိုင် မေတ္တာရပ်ခံဖို့ ရွာမွန်သာက အိမ်ကြီးဆီ သွားကြသတဲ့၊ နင်သိတာပဲ၊ နုနုငယ်က သင်္ချာ သိပ်ပြီးတော်တော့ တက္ကသိုလ်ဝင်စာမေးပွဲတုန်းက သင်္ချာမှာ ဂုဏ်ထူးတောင် ရတယ်မဟုတ်လား။ ဒီတော့ ဆရာတို့က နုနုငယ်ကို တက္ကသိုလ် သွားစေချင်တာပေါ့။

www.myanmarcupid.net

နုနုငယ်ကို ဆရာတို့ တွေ့ခွင့်မရဘူးတဲ့၊ သူ့အဖေနဲ့သာ တွေ့ရသတဲ့။ ပြန်လာတော့ ဆရာတို့က ငါ့ကို ဝမ်းနည်းပမ်းနည်း ပြောပြကြတယ်။

ဆရာတို့ ရောက်သွားတော့ နုနုငယ်တို့ အဖေဟာ အရက်တွေ တော်တော်မူးနေသတဲ့။ ပြီးတော့ ဆရာတို့ကိုလဲ ဘုမှုတ်လွှတ်လိုက်သတဲ့။ သူက ပြောတယ်တဲ့၊ ခင်ဗျားတို့အလုပ်က ကျောင်းသူကျောင်းသားတစ်ယောက်ကို စာသင်ပေးဖို့၊ ဘဝရှေ့ရေးကို ဝင်ပြီး ဩဇာပေးဖို့ မဟုတ်၊ ကျုပ်သမီးကို ကျုပ်ပိုင်တယ်၊ တက္ကသိုလ်သွားမှ လူဖြစ်မှာ မဟုတ်ဘူး၊ ကျုပ်ပစ္စည်းဟာ ကျုပ်သမီး အလုပ်မလုပ်ဘဲ ဆယ်သက်ထိုင်စားတောင် မကုန်နိုင်ဘူးလို့ ပြောလိုက်သတဲ့။

ဒီလိုပြောလိုက်တာကတော့ တော်တော်လွန်တာပဲ နှင်းငွေ။ တို့လူငယ်တွေကို မိဘကသာ ချစ်တာ မဟုတ်ဘူး၊ ဆရာ ဆရာမတွေကလဲ အနည်းဆုံး တန်းတူတော့ ချစ်ကြတာပဲ။ ဒါကတော့ ငါ့ကိုယ်တွေ့လေ။

အင်းလေ၊ နင် စိတ်မကောင်းစရာတွေမျှား ငါရေးမိနေသလား မသိဘူး၊ နင်က နုနုငယ်ကို သံယောဇဉ်ကြီးတဲ့လူ မဟုတ်လား။

ဘခက်နဲ့ ငါ့ကိုလဲ သံယောဇဉ်ကြီးပါဦး။ အောက်ပြည်သားက မြေအောက်မြေ ရောက်သွားတော့ တို့မြေလတ်ကို မေ့မှာတော့ စိုးရိမ်မိတယ်။

ငါ့စာက တော်တော်ရှည်သွားပြီ၊ ဒါပေမယ့်လဲ နိဂုံးချုပ်အနေနဲ့ တစ်ခု ရေးချင်တယ်။

ငါတို့ မြန်မာစာ ပါမောက္ခ ဆရာကြီးကို နင် ကြားဖူးမှာပေါ့၊ မြကေတုတဲ့။ ဆရာကြီးက တို့ကို စာပေ အရေးအသား၊ အဖွဲ့အနွဲ့၊ အဖတ်တွေကိုလဲ သင်ပြပေးတယ်။ ခုမှ ငါလည်း မြန်မာစာပေ ကဗျာဆိုတာဟာ ဖတ်ရုံ၊ ကျက်ရုံ၊ အနက်သိရုံ မဟုတ်ဘဲ ရွတ်တတ်၊ ဆိုတတ်ဖို့ကလဲ အရေးကြီးမှန်း သိလာတယ်။ ရွတ်တတ် ဆိုတတ်တော့ ကဗျာလင်္ကာတွေဟာ ပိုအရသာရှိလာတယ်၊ ပိုအဓိပ္ပါယ် ထင်လာတယ်။ ကြီးတယ်တယ်လို့ နင်ပြောမလား မသိဘူး၊ ဘဝနဲ့ ပတ်ဝန်းကျင်ကို ငါ ပိုပြီး အာရုံ ခံစားတတ်လာတယ် ထင်တယ်။

ဟိုတစ်နေ့က ဆရာကြီးက တို့ကို တယောတီးရင်း “အိုင်ချင်း” ဆိုပြတယ်။ အိုင်ချင်းနဲ့ လယ်တောဘဝ ဆက်စပ်နေပုံကိုလဲ ရှင်းပြတယ်။

ရွာမွန်သာတစ်ဝိုက်က လယ်နဲ့ ယာတောတွေကို ငါ ပြန်လွမ်းမိတယ်၊ နင့်ကိုရော၊ ဘခက်ကိုရော၊ နုနုငယ်ကိုရော ငါလွမ်းမိလို့ မျက်ရည်ကျရသေးတယ်။

ဆရာကြီးဆိုပြတဲ့ အိုင်ချင်းတွေမှာ ဟောဒီတစ်ပုဒ်က ပါလာတယ် နှင်းငွေ။

“ ချစ်တဲ့သူငယ်လေ၊ သူငယ်ချင်းရယ် ကောင်းသည့် ယောက်မတို့လေ၊ စိုက်ရေးငယ်မှ ကျင်းကျင်း၊ နှမကြီး မယ်သာစိုက်သည့် ကောက်ပင်ရင်းမှာ၊ ကင်းကို ဘယ်က ထားသလဲတော်၊ ညိုလဲ့ငယ်မှ ရှင်းရှင်း၊ မောင်ကလေး မောင့်လည်ပင်းမှာ၊ ညှင်းကို ဘယ်က ပွားသလဲတော် ”

ဒီလောက်ဆိုရင် ငါ ဘာလို့ မျက်ရည်ကျမိတယ်ဆိုတာ နင် နားလည်မှာပေါ့။

ဒီလောက်ပါပဲ နှင်းငွေ၊ ငါ့ဆီ စာပြန်ပါ။

ဘဝတွေ၊ နေရာတွေ၊ အခြေအနေတွေ ဘယ်လောက်ဝေးဝေး၊ သူငယ်ချင်းချင်းတော့ မေတ္တာနယ်ပယ်မှာ အစဉ်နီးကြရအောင်။

**ညွန့်မေ ”**

ညွန့်မေ၏ စာကို ဖတ်အပြီး၌ နှင်းငွေသည် မရမ်းပင်ရိပ်မှနေ အင်းလျားရေပြင်ကို ဖြတ်လျက် အဝေးသို့ ငေးကြည့်မိသည်။

တစ်မိုးတွင်းလုံး ဖြိုင်ဖြိုင်ရွာခဲ့သော မိုးကြောင့် အင်းလျားကန်သည် ပြည့်ဖြိုးနေ၏။ မိုးမရွာသော ညနေတို့တွင် လေပြေသာ အဆက်မပြတ် တိုက်ခတ်နေသောကြောင့် ကန်ရေပြင်၌ လှိုင်းတွန့်တို့ထကာ ကမ်းစပ်ဆီ ဝိုက်ဝိုက်ကွေးကွေး မနားတမ်း ပြေးလာနေကြသည်။

အနောက်မိုးပြင်၌ တိမ်စိုင်တို့ ရောင်စုံတောက်နေ၏။ ကန်ရေပြင်အထက် ဗဟိုကောင်းကင်ပြာဝယ် တိမ်ဖြူတန်းတို့ အကန့်လိုက်ဖြတ်လျက် မရွေ့မလျား တည်ငြိမ်နေသည်။ စောစောစီးစီးပေါ်သော ကြယ်တစ်ပွင့်စ နှစ်ပွင့်စတို့ မျက်တောင် မခတ်ဘဲ ထင်ထင်တည်နေ၏။

ပတ်ဝန်းကျင် ကျွန်းများနှင့် ကမ်းစပ်မှ တောအုပ်ငယ်တို့က စိမ်းညို မြမြမှောင်နေသည်။ ကန်ရေက ပြာ၏။ ကန်ရေပြာ၌ ကောင်းကင်လည်းထင်၊ တိမ်လည်းပေါ်၍ တောရိပ်လည်း မိုးနေသည်။

www.myanmarcupid.net

ပြည်လမ်းဘေးရှိ ကန်ဘောင်ရိုးတွင် ကျောင်းသူတို့ ဖြည်းဖြည်းမှန်မှန် လမ်းလျှောက်ကြသည်။ မြောက်သို့လည်း လျှောက်သူရှိ၏။ တောင်သို့လည်း ပြန်သူရှိသည်။ ထိုနည်းအတူ ကျောင်းသားတို့သည် မြောက်သို့ လျှောက်သူရှိသည်။ တောင်သို့လည်း ပြန်သူရှိသည်။

တစ်တွဲ နှစ်တွဲ သုံးလေးတွဲ တွဲ၍ လျှောက်ကြသူ မောင်နှံများကိုလည်း မြင်ရ၏။ တစ်စုံ နှစ်စုံ သုံးလေးစုံ စသည်ဖြင့် အသက်ကိုပင်ပေး အသွေးကိုပင်လှူ သူပင်ကြည်ဖြူ ကိုယ်ပင်ကြည်ဖြူဟု အနိုင်ယူပြ စကားလုနေကြဟန် တူသူတို့ကိုလည်း တွေ့ရသည်။ တွေ့လေရသည်။

ဘေးရာမှ မျက်လုံးရုတ်ပြီ ညွှန့်မေ၏စာကို ပြန်ဖတ်မိသည်။ အမှန်မှာ ဤစာကို သူ အကြိမ်ကြိမ်ဖတ်မိပြီး ဖြစ်သည်။ အကြိမ်ကြိမ် ဖတ်မိပြီးဖြစ်သော်လည်း ဖတ်၍မဝ၊ အထူးသဖြင့် စာ၏နောက်ပိုင်း ဝါကျများက သူ့နှလုံးစိုင်ကို ဆွဲကိုင်လှုပ်သကဲ့သို့ ရှိနေသည်။

သူ ငိုင်နေခိုက် အနောက်မှ ရယ်သံကြားရသည်။

နှင်းငွေက လျင်မြန်စွာနှင့် စာရွက်ကို ခေါက်ပြီး အိတ်တွင်းထည့်ရန် ကြိုးစား၏။ သို့ရာတွင် နောက်ကျသွားလေပြီ။

“ စာကို ဖွက်မနေနဲ့ ဖိုးနှင်းငွေ၊ မျက်မှန် ထူပေမယ့် ဒီလောက်တော့ လှမ်းမြင်သေးတယ် ”

အသံရှင် ကျောင်းသားမှာ အနီးသို့ ရောက်နေပြီ။

အရပ်က အတော်ပင် ပုသည်။ ကိုယ်ခန္ဓာကလည်း အလွန်သေးပိန်သည်။ သူ့တစ်ကိုယ်လုံး၌ ကြီးသောအရာဟူ၍ နှာတံကြီးနှင့် မျက်မှန်ကြီးသာရှိသည်။ သို့ရာတွင် ဖြူဝင်းသောအသားကြောင့် သနားကမားဟု ဆိုနိုင်သည်။ မျက်လုံး မျက်ခုံး ကောင်းပြီး နားရွက်ကားလျက် ဉာဏ်ပညာ ထက်မြက်သည့်အသွင်ကို ဆောင်၏။

နှင်းငွေက အံ့အားသင့်ဟန်နှင့် မေး၏။

“ ဟာ ဖိုးကျော်ဖေ၊ တနင်္လာနေ့မှ ပြန်လာမယ်ဆို ဘယ့်နှယ် ”

ကျော်ဖေက ပဲခူးမှ ဖြစ်သည်။ စနေနေ့ဆိုလျှင် ပဲခူးသို့ ပြန်လေ့ရှိသည်။ တနင်္လာနေ့ နံနက်မှ လော်ကယ်နှင့် ပြန်လာရိုး ဖြစ်၏။

ကျော်ဖေသည် နှင်းငွေ၏ ဘေး၌ ဝင်ထိုင်လိုက်ပြီး ဆို၏။

“ တနင်္ဂနွေ ပြန်လာလို့ကော ဘာဖြစ်လဲ၊ လူခရီးသွားတာပဲ ကြယ်တွေ လတွေလို မှန်ဖို့မလိုပါဘူး ”

နှင်းငွေက ဘာမျှပြန်မပြောဘဲ ညွှန့်မေ၏စာကို အိတ်ထဲ ထည့်လိုက်၏။

ကျော်ဖေက မကျေနပ်ဟန် ကြည့်ပြီး အပြစ်တင်၏။

“ ဖွက်မနေစမ်းပါနဲ့ ဖိုးနှင်းငွေ၊ ဒီစာရောက်တာ ကိုယ်သိပြီပဲ၊ သူများကိစ္စထဲလဲ ကိုယ် မစပ်စုတတ်ပါဘူး၊ အခုလဲ တမင် လိုက်ဖမ်းတာ မဟုတ်ဘူး၊ ကိုယ် ပဲခူးက ပုဇွန်ကြော်နဲ့ ငါးသလောက်ကင် ပါလာတယ်၊ မောင်ရင်နဲ့ ထမင်း အတူတူ စားမလို့၊ မောင်ရင့်ကို အခန်းမှာ မတွေ့တော့ ဒီမှာ ရှိမှာပဲဆို လိုက်လာတာ၊ ပညာရှိများ ပြောလာကြည့်တော့ တွေးကြည့်တာထက် ပိုမှန်သဗျ ဟား ဟား ဟား ”

ကျော်ဖေ၏ စကားနှင့် စေတနာကြောင့် နှင်းငွေ စိတ်မကောင်းဖြစ်သွားသည်။

ကျော်ဖေနှင့် သူသည် အခန်းချင်း ကပ်လျက် နေကြ၏။ ကျော်ဖေက ဝိဇ္ဇာကျောင်းသား ဖြစ်၏။ အခန်းချင်း ကပ်လျက်ရှိပြီး တစ်စားပွဲတည်း စားကြသူများ ဖြစ်သောကြောင့် ခင်မင်လာခဲ့ကြသည်။ ကျောင်းဆောင်မှ ထမင်းဟင်းသည် ကောင်းလှသည်မဟုတ်၊ မိဘသည် အင်းစိန်တွင်သာ ရှိသောကြောင့် ဟင်းကောင်းကျွေးကောင်းများကို နှင်းငွေသည် မကြာခဏ ပြန်ယူနိုင်သည်။ စနေ၊ တနင်္ဂနွေနေ့တိုင်း ပဲခူးပြန်လေ့ရှိသော ကျော်ဖေကလည်း ကျောင်းသို့အပြန်တွင် ဟင်းကောင်း ကျွေးကောင်းများ ယူလာလေ့ရှိသည်။ ညနေတိုင်းလည်း ကန်စောင်းဆီ လမ်းလျှောက်ပြီး ဤမရမ်းပင်ကြီးအောက်၌ ထိုင်လေ့ရှိကြသည်။

ညွှန့်မေ၏ စာသည် မှတ်ပုံတင်လျက် လာသည်။ မှတ်ပုံတင်စာကို လက်မှတ်ထိုးယူမှ ရ၏။ စာပို့လုလင်တို့သည် တက္ကသိုလ်ကျောင်းသားများနှင့် ရင်းနှီးသူများ ဖြစ်ကြ၏။ ညွှန့်မေ၏ စာရောက်ချိန်၌ လက်တွေ့သင်တန်း ရှိနေသောကြောင့် နှင်းငွေ အခန်းပြန်မရောက်သေး။ ကျော်ဖေက လက်မှတ်ထိုးပြီး နားလည်မှုနှင့် ယူထားလိုက်၏။ နှင်းငွေ ပြန်ရောက်သောအခါ စာကို ကျော်ဖေက တာဝန်ကျေစွာ လာပေးသည်။

“ မောင်ရင့်ဆီ စာဆိုတာက မရောက်ဖူးဘူး၊ မရောက်စဖူး ရောက်လာတော့ ထူးနေတာပေါ့၊ ဒါကြောင့် ကိုယ် လက်မှတ်ထိုး ယူထားလိုက်တယ်၊ ဒါပဲနော် သေသေချာချာ စစ်ယူ၊ လူများကို ကူလီကူမာ မလုပ်ဘူး၊ အဲ ရှာလေ့ဟုမ်း လိုတော့ ပြောပြချင်တယ်၊ ညွှန့်မေ မန်းတက္ကသိုလ်လို့ စာအိတ်ထောင့်မှာ ရေးထားတော့ ဧကန္တ စာရေးလိုက်သူဟာ မိန်းကလေး ဖြစ်ရမယ်၊ ပြီးတော့ မဟုတ်မှလွဲရော စာက မန္တလေးကလာတာ ဖြစ်ရမယ်၊ ဒီအယူအဆကို ထောက်ခံတဲ့အချက်အလက်

တစ်ရပ်ကတော့ တံဆိပ်ခေါင်းပေါ်မှာ မန္တလေးစာတိုက်တံဆိပ်ကို ရိုက်ထားတယ်၊ ဒီအချက်အလက်တွေကို ထောက်ရှုရင်"

ကျော်ဖေသည် ရှားလော့ဟုမ်းစတိုင်နှင့် ဖောင်တိန်ကို ဆေးတံပမာ ခဲပြီး မှတ်ချက်ချ၏။

" မိုင်ဒီယား ဝဒ်ဆန်၊ ညွှန့်မေဆိုတာ မိန်းမ ဖြစ်ရမယ်၊ မန္တလေးစာတိုက်တံဆိပ် ရိုက်ထားတော့ မန္တလေးကလာတဲ့ စာဖြစ်ရမယ်၊ စာအိတ်ထောင့်က မန်းတက္ကသိုလ်ဆိုတဲ့ သဲလွန်စအရ ညွှန့်မေဆိုတာ မန္တလေးတက္ကသိုလ် ကျောင်းသူတစ်ဦး ဖြစ်ရမယ်၊ ဘယ့်နှယ်လဲ "

သူငယ်ချင်း ဘာဝမို့ ကျော်ဖေသည် ဤမျှသာ နောက်သည်။ သူပေးသောစာမှာ မည်သို့မျှ ပုံမပျက်။ ထုံးစံမှာ တက္ကသိုလ်ကျောင်းသားချင်း ခင်လာလျှင် တစ်ယောက်စာ တစ်ယောက်ဖွင့်ဖောက်ပြီး နောက်ပြောင်ရိုးဖြစ်၏။ ကျော်ဖေက ယင်းသို့ မပြုမူခဲ့။ ကျော်ဖေ၏ ကျေးဇူးကို အောက်မေ့လိုက်ပြီး နှင်းငွေသည် အိတ်တွင်းမှ စာကို ထုတ်ယူ၍ လှမ်းပေး၏။

ကျော်ဖေက လက်ကာလျက် ငြင်းသည်။

" နေပါစေ နေပါစေ၊ မဖတ်ချင်ဘူး၊ တော်တော်ကြာ စာထဲမှာ သွားရေကျစရာတွေ ပါလို့ အီးဖေစကို ကြားထဲက နေရင်းထိုင်ရင်း ဈာန်လျှောနေဦးမယ် "

" သွားရေကျစရာ မပါပါဘူး၊ ရိုးရိုးစာ "

" ရိုးရိုးစာဆိုရင်လဲ ပျင်းစရာကြီး၊ မဖတ်တော့ပါဘူး၊ ကိုယ့်စက္ကူနှစ်ကွင်းက အလင်းဓာတ်က မောင်ရင်တို့လို ဖောဖောသီသီ ရှိလှတာ မဟုတ်ဘူး၊ တတ်နိုင်သလောက် ချွေချွေတာတာ သုံးရနေတာ "

ကျော်ဖေ့စကားကို သဘောကျ၍ ရယ်ပြီး နှင်းငွေသည် စာရွက်ခေါက်ကို အိတ်တွင်း ပြန်ထည့်၏။

နှစ်ဦးသား အတန်ကြာ ငြိမ်နေရာမှ ကျော်ဖေက စတင်ပြော၏။

" ကဲ . . . ဆိုလေ "

" ဘာလဲ၊ ဘာဆိုရမှာလဲ "

" ဩော် . . . သွားရေကျစရာမပါတဲ့ ရိုးရိုးစာပါ ဆိုပြီး အဲဒီ ရိုးရိုးစာလေးကို ကိုင်ပြီး ဘာလို့ ဒီနေရာမှာ ရိုးရိုးလေး လာငိုင်နေတာလဲ၊ ဘာလဲ ရွာဦးကျောင်းက ဆရာတော်ဆီ လှူထားတဲ့ နို့စားနွားမကြီး ပိုးထိလို့သေကြောင်း ကြီးတော်က ရေးလိုက်တဲ့စာမို့ သိပ်ဆွေးနေသလား "

နှင်းငွေ ရယ်ရပြန်၏။

" ဖိုးကျော်ဖေ၊ မောင်ရင့်ပါးစပ်ထဲ မဟုတ်တာတွေ အမြဲရှိနေတယ် "

" ထွီ . . . ကိုယ့်လူက နှိမ်တယ်ကွာ၊ ပါးစပ်ကို ပစ်ရသွားတာပဲ "

" အကျောက်နေပြန်ပါပြီ၊ မောင်ရင့်ပါးစပ်က အားရင် ရွှတ်နေလို့ ပြောတာ၊ မောင်ရင် ရွှတ်တာနဲ့ ကိုယ်စောစောက လွမ်းရတာလေးတွေ ကုန်ပြီ "

" မြတ်စွာဘုရား၊ ဒါဖြင့် မှန်နေပြီပေါ့ "

" ဘာမှန်နေပြီလဲ "

" လွမ်းနေတယ်ဆိုလို့ နို့စားနွားမကြီး တကယ်ပိုးထိပြီပေါ့ ဟုတ်လား "

" တော်စမ်းပါ ဒီနို့စားနွားမကို၊ မောင်ရင်သာ ငယ်ငယ်က နို့မဝလို့ အရပ်ပုပြီး နို့စားနွားမကို လွမ်းနေတာ "

ဤသို့ ပြန်ခွပ်သောအခါ ကျော်ဖေသည် ဘာမျှ ပြန်မဖြေဘဲ သဘောကောင်းစွာ တဟဲဟဲ ရယ်နေသည်။

နှင်းငွေသည် မျက်နှာကို တည်လိုက်၏။ ကျော်ဖေ၏ ဟာသများကြောင့် စောစောက ညှိုးမှုန်နေသော စိတ်သည် အတန် ပြန်ကြည်လင်လာသော်လည်း လွမ်းငွေ့ သန့်သန့်မစင်သေး။ ထို့ကြောင့်လည်း ရင်ကို ဖွင့်ပြချင်နေသည်။

နှင်းငွေက အေးငြိမ်တည်ကြည်စွာ ပြော၏။

" သူငယ်ချင်း စွပ်စွဲခဲ့သလိုပဲ၊ ဒီစာကိုဖတ်ပြီး ကိုယ် ဒီသစ်ပင်အောက်မှာ လာငိုင်နေမိတယ်၊ ဟောဟိုက အတွဲတွေကို ကြည့်ပြီးတော့လဲ ကိုယ့်ရင်ထဲ ဝမ်းနည်းပမ်းနည်း ဖြစ်မိတယ်၊ သူတို့ထဲမှာ ရိုးရိုးတန်းတန်း သူငယ်ချင်းတွေလဲ ပါမယ်၊ ရိုးရာက ဆန်းလာတဲ့ ချစ်သူတွေလဲ ပါမယ်၊ သတ္တဗေဒ ကျောင်းသားတစ်ဦး အနေနဲ့ ကိုယ်ပြောချင်တယ်၊ အရွယ်ရောက်လာရင် အဖိုနဲ့ အမဟာ တွဲချင်ကြတာ ဓမ္မတာပဲ "

" စိတ်ကြိုက်မြန်မာစာ ယူတဲ့ မြန်မာပညာရှိ အလောင်းအလျာအဖြစ်နဲ့ ကိုယ်လဲ ထောက်ခံတယ်၊ ဘာတဲ့ အဟမ်း၊ ဟိ ရမ္မတိ ပေါက်၊ ညံ့ ရမ္မတိ ဗွက်၊ ပု ရမ္မတိ ထိ၊ ဟိ ဟင်္သာတို့သည်၊ ပေါက် ရေကန်၌၊ ရမ္မတိ မွေ့လျော်၏၊ ညံ့ ကျွဲတို့သည်၊ ဗွက် ရွှံ့ညွှန်၌၊ ရမ္မတိ မွေ့လျော်၏၊ ပု ယောကျ်ားတို့သည်၊ ထိ မိန်းမ၌၊ ရမ္မတိ မွေ့လျော်၏ တဲ့ "

" ညံ့ဆိုတာ ကျွဲ၊ ဗွက်ဆိုတာ ရွှံ့ညွှန်လို့ မောင်ရင့်ကို ဘယ်ပညာရှိက သင်ပေးလိုက်သလဲ "

www.myanmarcupid.net

“ သတ္တဗေဒ ငွေ့တက မြန်မာပညာရှိ အလောင်းလျာနဲ့ ဖက်မငြင်းချင်စမ်းပါနဲ့၊ ရမ္မတိ ကြတာတော့ ရမ္မတိပဲ၊ အဲဒါပေမယ့် အဲဒီထဲမှာ ကိုယ်မပါဘူး ”

“ မောင်ရင်က ဘာလို့ မပါရတာလဲ ”

“ ပြီးတော့မှ ရှင်းပြပါမယ်၊ မောင်ရင့်စကားသာ မောင်ရင် ဆက်စမ်းပါ ”

“ ကိုယ်လည်းလေ လောကီသားပေမို့ ချစ်သူခင်သူတွေနဲ့ မကွဲပဲ နေချင်မိတယ်၊ ဒါပေမယ့် ကိုယ်က သာစည်ကျောင်းက အောင်လာပြီး၊ ရန်ကုန်တက္ကသိုလ်မှာ တက်နေရတယ်၊ ကိုယ့်သူငယ်ချင်း အများက မန္တလေးတက္ကသိုလ်သွားကြတယ် ”

“ ဥပမာ ညွှန့်မေဆိုပါတော့ ဟုတ်လား ”

“ ဟုတ်တယ်၊ ဥပမာ ညွှန့်မေဆိုပါတော့ ”

“ ညွှန့်မေဆိုတဲ့ နာမည်က တောလဲဆန်တယ်၊ အညာလဲဆန်တယ်၊ ဒါပေမယ့် ရိုးရိုးလေးနဲ့ ယဉ်တယ်၊ တင်လှသော်မော်တို့၊ သိင်္ဂီမေလဲ့ဝင်းတို့၊ မာလာခိုင်ခိုင်တို့နဲ့ စာရင် လူနာမည် ပိုဆန်တယ်၊ ဟိုနာမည်တွေက ပန်းနာမည်လိုလို၊ မော်တော်ဘုတ်နာမည်လိုလို အတော့်ကို ဘာဂလိုတိုတိုနိုင်တဲ့ နာမည်တွေပဲ၊ ညွှန့်မေကိုတော့ ကိုယ်ကြိုက်သွားပြီ ”

“ မကြိုက်နဲ့၊ မောင်ရင့်ကို ဘခက်က သတ်လိမ့်မယ် ”

“ ဘာ ဘခက် ဟုတ်လား ”

“ ဟုတ်တယ်၊ ဘခက်ရယ်၊ ကိုယ်ရယ်၊ ညွှန့်မေရယ်၊ နုနုငယ်ရယ်၊ ကိုယ်တို့လေးယောက်ဟာ သာစည်မှာ ကျောင်းအတူတူနေခဲ့ကြတယ်၊ ညွှန့်မေက အခု မန္တလေးတက္ကသိုလ်မှာ၊ ကိုယ်က ဒီမှာ၊ ဘခက်နဲ့ နုနုငယ်က ရွာမွန်သာမှာ ကျန်ရစ်တယ်၊ ကိုယ်တို့လေးယောက်ရဲ့ ဘဝနဲ့ ရွာမွန်သာဟာ ခွဲခြားလို့မရဘူး၊ ရွာမွန်သာ ဆိုတာကလဲ ”

နှင်းငွေသည် လွမ်းဖွယ်ကောင်းသော ရွာမွန်သာတစ်ဝိုက် နွေကန္တာဦးမှ ဇာတ်လမ်းကို ပြန်ပြောပြသည်။ ဇာတ်လမ်းအဆုံး၌ ဝန်ခံသည်။

ညွှန့်မေဟာ ကိုယ့်သူငယ်ချင်းပါ။ ဘခက်ကတော့ ညွှန့်မေရဲ့ ချစ်သူပါ၊ သို့မဟုတ် တက္ကသိုလ်ကျောင်းတော်ကြီးကို ယာတောကနေ ချစ်နေလေရသူတစ်ဦးပါ။ နုနုငယ်ကတော့ ကိုယ့်ချစ်သူ၊ ကိုယ့်ချစ်သူ ရောဂါသည်မလေးပါ။ ဒီအချိန်မှာ ဘခက်ဟာ မြွေပေါတဲ့ ကြံတောထဲမှာ အလုပ်ရှုပ်နေမလား၊ သီတင်းကျွတ်အမီ ငရုတ်စိုက်ဖို့ လူတကာ မလုပ်တဲ့ စနည်မြေကို ထွန်နေမလား ကိုယ်မသိဘူး။ နုနုငယ်ကတော့ စမ်းချောင်းလေးဘေးမှာ ရှိနေမှာ အမှန်ပဲ၊ ကိုယ့်ကိုယ်စား ရရာပန်းတွေကို ရေထဲမျှောပစ်နေမယ် ထင်တယ် ”

နှင်းငွေသည် ညည်းညည်းညူညူ ပြောရင်း နေရာမှထ၍ “ကဲ ပြန်ကြစို့ သူငယ်ချင်း”ဟု ခေါ်သည်။

ကျော်ဖေသည် လိုက်မထဘဲ မရမ်းပင်အောက်၌ ထိုင်နေရင်း ခေါင်းတခါခါ၊ လည်တခါခါ လုပ်နေ၏။

“ ပြန်မယ်လေ ဖိုးကျော်ဖေ၊ ဘာလုပ်နေတာလဲ ”

“ မောင်ရင်တို့ကို သနားလွန်းလို့ပါ၊ ဒီအတိုင်းဆိုရင် ကိုယ့်အရပ်နဲ့ ကိုယ့်မျက်မှန်ကြီးကို နေ့တိုင်း ထိုင်ရှိခိုးမိတယ်”

“ ဘာဖြစ်လို့ ”

ကျော်ဖေက နေရာမှ ထသည်။ နှင်းငွေနှင့်အတူ လျှောက်ပြန်ရင်း လက်ချာရိုက်သည်။

“ ကိုယ့်မှာ သူငယ်ချင်းတွေ အများကြီးရှိတယ်၊ မောင်ရင့်လိုပဲ၊ မိဘက လိုလေသေးမရှိဘဲ ကျောင်းကောင်းကောင်းထားရက်နဲ့ အသဲအက်နေတဲ့ ငတိတွေ၊ အဲ ငကွဲတွေ ခေါ်ရမယ်ထင်တယ်၊ တစ်နည်းဆိုရင် အမေပေးတဲ့ အသည်းလှ္ဘာကို သူ့သမီး ငါ့သခင်အတွက် အဟောသိကံ မင်းဝေဿန် လုပ်နေကြတယ်၊ ကျွတ် ကျွတ် ကျွတ် သနားစရာတွေ ”

နှင်းငွေ ဒေါသထွက်သွားသည်။ ကျော်ဖေ့ကို တင်းတင်းကြည့်ပြီး မေးသည်။

“ ဘာလဲ သူငယ်ချင်းက ကိုယ့်ကို သရော်နေတာလား ”

“ နိုး နိုး နိုး . . . မဟုတ်ဘူး သူငယ်ချင်း၊ သူငယ်ချင်းတို့ကို ကရုဏာသက်မိလို့ပါ၊ သူငယ်ချင်း ကိုယ့်လို အရပ်ပုပြီး မျက်မှန်ထူထူတပ်ရရင် သိပ်ကံကောင်းမှာပဲ ”

“ အလို ဘာဆိုင်လို့ ”

“ ဆိုင်ပါသော်ကော၊ ကိုယ်တို့ တက္ကသိုလ်လောက,က ထိပ်သီးကြီးတွေကို ကြည့်စမ်း၊ ကိုယ့်လိုပဲ အရပ်ပုတယ်၊ ဗိုက်ရွှဲလာရင် စည်ပိုင်းတိုလေးအတိုင်းပဲ၊ ကွဲကော်ကိုင်း မျက်မှန်ထူထူ တပ်လိုက်၊ အဟတ်ဟတ် အဟင်းဟင်း၊ သူငယ်ချင်း မသေမချင်း မှတ်ထား၊ ပညာရှိဆိုတာ အရပ်ပုရတယ်၊ ဗိုက်ရွှဲရတယ်၊ မျက်မှန်ထူရတယ်၊ ဒါတွေဟာ အကြောင်းမဲ့သော အကျိုးမဟုတ်ဘူး၊ အဟီး ”

တစ်ချက်ရယ်လိုက်ပြီး ကျော်ဖေသည် တည်တည် ဆက်ပြော၏။

www.myanmarcupid.net

" ပညာဆိုတာ ဘ၀မှာ ရှာရတယ်၊ အထူးသဖြင့် ကိုယ့်ဘ၀မှာ ကိုယ်ပြန်ရှာရတယ်၊ သူငယ်ချင်းက စောစောက လွမ်းစရာတွေ ပြောသွားတယ်၊ ကိုယ့်ဘ၀က ပညာသားပါပါနဲ့ ပိုလွမ်းစရာကောင်းတယ် "

" ဘယ်လို၊ မောင်ရင့်ဘ၀က ပိုလွမ်းစရာကောင်းတယ် "

" အစစ်ပဲ၊ ဘုရားစူး အဟုတ် "

" လင်းစမ်းပါဦး "

" လင်းပါ့မယ်၊ စောစောက ကိုယ့်နို့စားနွားမကြီးအကြောင်း ပြောခဲ့တယ်၊ ကိုယ်ကြိုက်မိပြန်ရင် နို့စားနွားမကြီးတွေလို ထွားထွားကြိုင်းကြိုင်း ရှည်ရှည်ဖွံ့ဖွံ့ကြီးတွေ၊ ရှေးစာဆိုတွေက စာစပ်တယ်၊ မမီတဲ့ပန်း တုံးခုလို့ လှမ်းရသတဲ့၊ ကိုယ်တို့ အဖြစ်က မမီတဲ့ပါး ခွေးခြေလေးခုပြီး နမ်းရမယ့်ဘ၀၊ မောင်ရင် ကိုယ့်ကို မသနားဘူးလား "

ကျော်ဖေ့စကားကြောင့် နှင်းငွေ ရယ်ချင်လာပြန်၏။ မရယ်မိသော်လည်း ပြုံးမိသွား၏။ ကျော်ဖေက မေးသည်။

" မောင်ရင် ဘာပြုံးတာလဲ "

" မောင်ရင့်ကို သနားလို့ ပြောတာလား "

" တကယ်ပြောတာလား "

" ဩော် . . . ဝိနေပြန်ပါပြီ၊ တကယ်ပြောတာပေါ့၊ နို့ မောင်ရင်ကလဲ တန်ရာတန်ရာ ဘာလို့ ရွေးမကြံလဲ၊ ဥပမာ အရပ်တူ အမောင်းတူပေါ့ကွာ "

" အဲ အဲဒီတော့လဲ တစ်ခက်၊ ဒုက္ခသစ္စာဟာ မျက်မှန်ကြီးအဖြစ်နဲ့ မျက်နှာပေါ် လာဖိစီး နှိပ်စက်နေတယ်၊ ဒါတွေကို မောင်ရင်တို့ ကိုယ်ချင်းစာတတ်မှာ မဟုတ်ဘူး "

" ဘယ်လို ဘယ်လို "

" သယ် . . . ငါ့ရှင်က သိပ်နားဝေးတာပဲ "

" ဒီလိုဆိုလဲ တိုတိုနဲ့ တည့်တည့်ပြောပေါ့ "

" မောင်ရင့်ဇာတ်လမ်းကျတော့ အရှည်ကြီးပြောတယ်၊ ကိုယ့်ကျတော့ တိုတိုတဲ့၊ တရားပါ့ကွာ၊ ကဲ မတိုမရှည် ပြောပြမယ် "

ကျော်ဖေက မျက်မှန်ကြီးကို နဖူးထက် မတင်လိုက်ပြီး ရှေ့မှ သစ်ပင်များကို လက်ညှိုးထိုး၍ မေးသည်။

" ဟိုရှေ့ကဟာတွေဟာ ကံ့ကော်ပင်တွေလား၊ ကုလားတမာပင်တွေလား "

" ကံ့ကော်ပင်တွေ "

" အေး ကိုယ်လဲ သိသားပဲ၊ သိတယ်ဆိုတာက ဒီလို၊ အင်းလျားဟောရှေ့မှာ ကံ့ကော်ပင်တွေရှိတယ်၊ တက္ကသိုလ် ရုံးရှေ့မှာ ကုလားတမာပင်ဆိုလား၊ သဘော်တည်ပင်ဆိုလား ရှိတယ်၊ အဲဒီလို ကြားဖူးသိဖူးတယ်၊ ကိုယ့်မျက်စိထဲတော့ တယ်ခွဲလို့မရဘူး "

ကျော်ဖေသည် သူ့စကားကိုသူ လေးနက်စေလိုဟန် ခေါင်းတဆတ်ဆတ်ညိတ်ပြနေ၏။ ပြီးမှ ဆက်သည်။

" တစ်ခါက မိန်းကလေးတစ်ယောက်ကို မျက်မှန်အကူအညီနဲ့ ကြည့်တော့ သိပ်လှနေတယ်၊ စိတ်မချလို့ မျက်မှန် ချွတ်ကြည့်တော့ မလှတော့ဘူး၊ မျက်လုံးတွေ၊ နှာခေါင်းတွေ၊ ပါးစပ်တွေ နေရာလွဲနေတယ်၊ ဒါနဲ့ နောက်တစ်ယောက်ကျတော့ ကိုယ်ပိုင် သဘာဝမျက်စိနဲ့ပဲ ရွေးတော့တယ်၊ အားပါး လှလိုက်တာ၊ ဒေ၀ဠ္ဌာရာရဲ့ ကာစင်၊ ဗီးနပ်စ်ရဲ့ အမွှာပူးလို့ ထင်ရတယ်၊ ခက်တာက ဒီမျက်မှန်ကြီးကို အမြဲတမ်း ချွတ်ထားလို့ရတာမှ မဟုတ်ဘဲ၊ အဲဒါကြီးနဲ့ ရှုမိပြန်တော့ လားလား မှားပြန်သား၊ စောစောက ကြီးတယ်ထင်တာတွေက သေးပြီး၊ သေးတယ်ထင်တာတွေက ကြီး၊ ရှည်တယ်ထင်တာတွေက ထိုပြီး၊ တိုတယ် ထင်တာတွေက ရှည်နေတယ်၊ မိန်းကလေးတစ်ယောက်ဟာ ကံ့ကော်ပင်လား၊ ကုလားတမာပင်လားဆိုတာ ကိုယ့်အတွက် မျက်မှန်တပ်ထားခြင်း၊ ချွတ်ထားခြင်းဆိုတဲ့ အခြေအနေကြီးပေါ်မှာ အားကြီးဖြစ်တည်နေတယ် "

နှင်းငွေသည် ပြုံးရခက်၊ ရယ်ရခက်နှင့် ကျော်ဖေ့ကို ကြည့်သည်။ ကျော်ဖေ ရွှတ်နေသလော၊ အတည်ပြောနေသလော အကဲခတ်မရ။

ထိုစဉ် ကျော်ဖေက သူ့ဘာသာသူ သဘောကျဟန်နှင့် ရယ်ပြီး နိဂုံးချုပ်သည်။

" ဒါနဲ့ ကိုယ် ဘယ်မိန်းမကိုမှ စိတ်မ၀င်စားတော့ဘူး၊ ကိုယ့်လို ဂျပုကို ဘယ်မိန်းမကမှလဲ စိတ်မ၀င်စားဘူး၊ ဒီတော့ ကိုယ် စိတ်ချမ်းသာတယ်၊ အိုင်ဆေး ဖိုးနှင်းငွေ၊ ပု ရမ္မတိ ထိ ဆိုတဲ့ ပါဠိကို ကိုယ်ပြင်မယ် "

" ဘယ်လို ပြင်မလဲ "

" ပု ရမ္မတိ ဘွတ်ခ်၊ ကိုယ်ကဲ့သို့ ပုသော ယောက်ျားကောင်း ယောက်ျားမြတ်တို့သည် ဘွတ်ခ် စာအုပ် (၀ါ) စာပေ ပညာ၌သာလျှင်၊ ရမ္မတိ ပန်းဥယျာဉ်ထဲ လိပ်ပြာ၀ဲသည်ကဲ့သို့ သည်းသည်းမည်းမည်း တစ်ခဲနက် မွေ့လျော်ကုန်သတည်း "

www.myanmarcupid.net

သူငယ်ချင်းနှစ်ဦးသည် ရယ်မောရင်း ကျောင်းဆောင်ဆီ ပြန်ရောက်လာကြ၏။

ထမင်းစားသောက်ပြီး လူချင်းခွဲကာ နှင်းငွေသည် အခန်းတံခါးပိတ်လျက် စားပွဲတွင်ထိုင်သည်။ မှောင်ပြီဖြစ်သဖြင့် မီးဖွင့်လိုက်သည်။

ရယ်မောဖွယ်ပြောတတ်သော ကျော်ဖေနှင့် အတူရှိစဉ်က ကြည်လင်နေသောစိတ်သည် ပြန်လည်အုံ့မှိုင်းလာ၏။

နှင်းငွေသည် စာတစ်စောင် ကောက်ရေးသည်။ လွမ်းလွမ်းဆွတ်ဆွတ် ရေးမိသည်ကြောင့် စာမှာ အတန်ရှည်သည်။ ပြီးဆုံးသောအခါ တယုတယ ခေါက်လျက် ဘေးဖယ်ထားပြီး နောက်တစ်စောင် ထပ်ရေးပြန်သည်။ ထို့နောက် စာနှစ်စောင်လုံးကို စာအိတ်တစ်ခုတည်းတွင် ထည့်၍ ကော်ကပ်သည်။

စာအိတ်ပေါ်တွင်မူ ညွန့်မေ၏ လိပ်စာကို ရေးလိုက်လေ၏။

❑

သီတင်းကျွတ်ကျောင်းပိတ်ရက်များအတွင်း နှင်းငွေ ဘယ်ဆီမျှ မလည်ရ။ စာမေးပွဲကြီးပြီးသည့် နွေကျောင်းပိတ်ရက်အတွင်းမှလွဲ၍ ကျန်အချိန်များတွင် လျှောက်သွားလည်ပတ်သည်ကို နှင်းငွေ၏ ဖခင်က မကြိုက်သောကြောင့်ဖြစ်သည်။

အေးချမ်းတည်ငြိမ်သော အင်းစိန်မြို့အိမ်ကြီး၌ နှင်းငွေသည် ကျောင်းစာကျက်လိုက်၊ ဝတ္ထုဖတ်လိုက်၊ ညနေတွင် တင်းနစ်ရိုက်လိုက်နှင့် အချိန်ကုန်ရသည်။

အမှန်မှ ဘခက်တို့ ညွန့်မေတို့ ဘဝများနှင့် စာလျှင် မိမိ၏ဘဝသည် လိုလေသေးမရှိ ပြည့်စုံသည်ကို နှင်းငွေ ကောင်းကောင်းသိသည်။ ယင်းသို့ ပြည့်စုံချမ်းသာလေသည့်ကြားမှ သောက လွမ်းငွေ့လေး ဝေနေရသည်မှာ ဘယ်သူမပြု မိမိမှုပင် ဖြစ်သည်။ ကျော်ဖေ ရွတ်နောက်နောက်နှင့် တရားပြသကဲ့သို့ မတွယ်အပ်သော သံယောဇဉ်ကြောင့် ကြည်လင်နိုင်သောစိတ်သည် နောက်ကျိရလေမှန်းလည်း သိသည်။

သို့ရာတွင် ပိန်ပိန်သွယ်သွယ် ဖြူဖြူဖျော့ဖျော့နှင့် နုနုငယ်အတွက် မိမိ၏ သံယောဇဉ်မှာ ကြီးလှသည်။ ချစ်တဲ့သူ ရောဂါသည်မလေး၏ စကားများကလည်း နားထဲမှမထွက်။

" ကိုယ် နုငယ်ကို တစ်သက်လုံး ချစ်နိုင်လို့လား "

နောက်ဆုံး တွေ့ခဲ့ရစဉ်က မေးခဲ့သည့် စကားလေး။

" အဲဒါကို ကိုယ် ဆရာဝန်ဖြစ်တော့ စုံစမ်းကြည့်ပေါ့၊ ပြီးတော့ ကိုယ့်ကတိအတိုင်း တစ်သက်လုံး နုငယ်ကို ဆက်ချစ်ပေါ့ "

နုငယ်ရယ် . . . ကိုယ် ဆရာဝန်ဖြစ်စေရမယ်၊ ပြီးတော့ နုငယ်ကို တစ်သက်လုံး ဆက်ချစ်ပါ့မယ်။

စိတ်ကူးယဉ်ခြင်း၊ လွမ်းဆွတ်ကြည်နူးခြင်းတို့ဖြင့် ကုန်လွန်ပစ်ခဲ့ရသော ကျောင်းပိတ်ရက်မဆုံးခင်ကလေးတွင် ဖခင်ထံမှတစ်ဆင့် စာတစ်စောင်ရသည်။ မှတ်ပုံတင်စာ ဖြစ်သောကြောင့် စာအိတ်ထောင့်တွင် ညွန့်မေ၏ အမည်ပါသည်။ စာတိုက်တံဆိပ်မှာ သာစည်တံဆိပ်ဖြစ်သည်။

အတွင်း၌ စာနှစ်စောင် ပါလာသည်။

တစ်စောင်မှာ ညွန့်မေထံမှ ဖြစ်သည်။ ညွန့်မေ၏စာတွင် နှင်းငွေက ဂရုတစိုက် စာပြန်၍ ကျေးဇူးတင်ကြောင်း၊ ယခု ရွာမွန်သာသို့ ကျောင်းပိတ်ရက်အတွင်း ပြန်ရောက်နေကြောင်း၊ သာစည်ကျောင်းမှ ဆရာ ဆရာမများက နှင်းငွေကို သတိရနေကြောင်း၊ ဘခက်တစ်ယောက် ဆိတ်မွေးနေကြောင်း၊ အတိုက်အခံဂိုဏ်း ပ-မ-ည-တ,က ဖွဲ့စည်းထားသော တောင်သူလယ်သမား အဖွဲ့အစည်းတစ်ခုတွင်လည်း ဝင်လုပ်နေပြန်ကြောင်း စသည်တို့ပါသည်။

အခြားတစ်စောင်ကား။

လက်ရေးလေးများ သပ်ရပ်သော်လည်း မဝိုင်း။ သေးသေးစိတ်စိတ်နှင့် ခပ်ယိုင်ယိုင်ဖြစ်သည်။ တစ်ခါတစ်ရံ သေးလွန်းသဖြင့် မနည်းကြိုးစား ဖတ်ယူရသည်။ သို့ရာတွင် ဤစာကို နှင်းငွေတစ်ယောက် ရင်တခုန်ခုန်၊ လက်တတုန်တုန်ဖြင့် ဖတ်ရသည်။

**" ကိုယ် နုငယ် စာခိုးရေးနေတယ် "**

လတော့ မသာဘူး၊ ကြယ်တွေ အများကြီးလက်နေတယ်။ မြေကြီးပေါ်မှာ ရေရှိရင် ကြာပန်းတွေ ပွင့်နေမှာပဲ၊ စာထဲမှာ ဒီလိုပဲ ဆိုကြတယ် မဟုတ်လား။ အနီးအနားမှာက ရေကန်မရှိတော့ ကြာလဲ ဘယ်ရှိမလဲ၊ ရှိလဲ နုငယ်က ဘာလုပ်ရမလဲ။ ကြာပန်းဆိုတာက အကြီးကြီးရယ်၊ ခေါင်းမှာ ပန်လို့မှ မရပဲ။ ရရင်ကော လှမလား၊ နုငယ် ကြာပန်းပန်ပြရင် ကိုယ်က လှတယ်လို့ ပြောမှာလား။

www.myanmarcupid.net

ကိုယ့်ကို သိပ်တွေ့ချင်တာပဲ၊ သိပ်ပြီး မေးချင်တာပဲ၊ နုငယ်ကို ကိုယ် နှိပ်စက်သွားတယ်။ စိတ်မဆိုးနဲ့နော်၊ အင်းလေ အမှန်က နုငယ်ကို မနှိပ်စက်ပါဘူး၊ နုငယ်ကို ကိုယ် နှိပ်စက်သွားတယ်ဆိုရင် ကိုယ့်ကို နုငယ်က ဘာလို့ လွမ်းနေရမလဲ၊ မဟုတ်ဘူးလား။ ခုတော့ ကိုယ့်ကို နုငယ် သိပ်လွမ်းတာပဲ။

ဦးလေးကံ နက်ဖြန် ဈေးသွားရင် ကြာပန်းတစ်ခိုင် မှာလိုက်မယ်။ နုငယ် မပန်ပါဘူး၊ ဘုရားတင်လိုက်မယ်လေ။ ကိုယ်နဲ့ နုငယ်အတွက် ဘုရားတင်လိုက်မယ်။

ပြီးတော့ ကိုယ် သိပ်ညဏ်ကောင်းတာပဲ၊ မမည္ထန့်ကတစ်ဆင့် နုငယ်ဆီ စာရေးလိုက်လို့လေ။ ကိုယ့်စာကို ဒီတစ်သက် နုငယ် မဖတ်ရတော့ဘူးထင်ထားတာ မဟုတ်လား။ အဲဒီလိုပဲ ရေးနေရမယ်နော်၊ တစ်နှစ်မှာ နှစ်ခေါက် မမည္ထန့်က ရွာမွန်သာ ပြန်ရောက်မှာတဲ့။ တစ်နှစ်မှာ နှစ်ခါ ကိုယ့်စာကို နုငယ် ဖတ်နေရမှာပဲ။

တစ်နှစ်တစ်ခါဖြစ်ဖြစ် ကိုယ့်ကို နုငယ် သိပ်တွေ့ချင်တာပဲ၊ ဘယ်လို တွေ့ရမှန်းလဲ မသိဘူး။

အမှန်ကတော့လဲ အိပ်မက်ထဲက ကြယ်ကြီးတစ်ပွင့်ထဲမှာ ကိုယ်နဲ့ နုငယ် အမြဲတမ်းတွေ့နေရတာပဲ၊ ကိုယ် ယုံပါ့မလား၊ ကိုယ်နဲ့ နှစ်ယောက်ထဲတွေ့မှ အဲဒီကြယ်ကြီးအကြောင်း နုငယ် ပြောပြမယ်။ အများ အများ အများကြီး ပြောပြမယ်။ အခုနေ ပြောပြရင် ကိုယ်က နုငယ်ကို ရူးနေတယ် ထင်မယ်။ ကိုယ်ရယ် နုငယ် မရူးပါဘူး၊ ရူးလဲ မရူးချင်ဘူး၊ နုငယ် ရူးရမှာ သိပ်ကြောက်တာပဲ။

ကိုယ့်ကတိအတိုင်း ဆရာဝန်ကြီး မြန်မြန်ဖြစ်အောင် လုပ်နော်။ ကိုယ့်စာထဲပါသလို နုငယ်ကို သိပ်လွမ်း မနေနဲ့။ ဆရာဝန်ကြီးမြန်မြန်ဖြစ်တော့ နုငယ်ကို လာကယ်လှည့်။

နုငယ်စာ ဆုံးသွားပြီ။ စာဆုံးရင် ဟိုကြယ်ကြီးကို ထွက်ကြည့်ရဦးမယ်။ စာဆုံးရင် ပုဒ်မ ချရသတဲ့။ နုငယ် ပုဒ်မ မချဘူး၊ နုငယ်ဆီ စာရေးရင် စာအဆုံးမှာ ကိုယ်လဲ ပုဒ်မ မချရဘူး။ ပုဒ်မချတယ်ဆိုတာ ဆုံးသွားတာပဲ၊ နုငယ် ဘာကိုမှ မဆုံးချင်ဘူး၊ စာကိုလဲ မဆုံးချင်ဘူး။ ကြာပန်းဆိုတာတောင် တစနေ့ကျတော့ တုံးသွားတာပဲ၊ တုံးတယ်ဆိုတာ ဆုံးတာပဲ၊ ဒါကြောင့် နုငယ် ကြာပန်း မပန်ဘူး။

ကြယ်တွေက ဘယ်တော့မှ မပျောက်ဘူး၊ လသာကွယ်တယ် ကြယ်က မပျောက်ဘူး။

နုငယ်စာလဲ မဆုံးသေးဘူး၊ ဒါပဲနော် ကိုယ်။

ဩော် ကိုယ်ရေ .........................................................
.................................

**ကိုယ့် နုငယ် "**

❑

## အခန်း ( ၁၉ )

## တိမ်တောင်သဖွယ်

တစ်နှစ်တစ်ခါ တွေ့ချင်ရှာသော နုနုငယ်ထံ နှင်းငွေသည် ထိုတစ်နွေ ကျောင်းပိတ်ရက်၌ မသွားနိုင်ခဲ့။

သာစည်နှင့် ရွာမွန်သာမှာ နွေအခါဆိုလျှင် ပူပြင်းလှသော အရပ်ဒေသဖြစ်သည်။ ပူပြင်းလှသော အရပ်ဒေသသို့ နွေရာသီကျောင်းပိတ်ရက်အတွင်း အလည်သွားရေးအတွက် မိမိ၏ဖခင် ဦးတင်မောင်နှင့် မိခင် ဒေါ်ခင်လေးတို့ ကျေနပ်လက်ခံနိုင်သည့်အဖြေကို နှင်းငွေ မပေးနိုင်။

ကောလိပ်ရောက်ကာမှ နှင်းငွေအပေါ် ဦးတင်မောင်သည် စည်းကမ်း ပိုတင်းလာခဲ့သည်။ အထက်တန်းကျောင်းသားဘဝတုန်းကလောက်ပင် မလွတ်လပ်တော့၊ ဦးတင်မောင် စည်းကမ်းတင်းလာသည်ကို နှင်းငွေ နားလည်သဘောပေါက်ပါ၏။

ထိုစဉ်က တက္ကသိုလ်၌ နိုင်ငံရေး ရှုပ်ထွေးလှသည်။ အစိုးရကို ဆန့်ကျင်သော ကျောင်းသားအဖွဲ့အစည်းတစ်ခုသည် တက္ကသိုလ်၌ စင်ပြိုင်အာဏာပိုင်အဖွဲ့တစ်ခုကဲ့သို့ ဖြစ်နေသည်။ အာဏာရပါတီက မွေးထားသော ကျောင်းသားအဖွဲ့အစည်း တစ်ခုမှာလည်း သူ့နည်းနှင့်သူ အဆိပ်ရှိနေ၏။

ခရိုင်ဝန်အဆင့်ကို ချိန်နိုင်ပြီဖြစ်သော ဦးတင်မောင်သည် နှင်းငွေကို ကျောင်းသားနိုင်ငံရေးလောကနှင့် ကင်းကင်း နေစေလိုသည်။ ထို့ကြောင့်လည်း နှင်းငွေ၏ အပေါင်းအသင်း အသွားအလာကို မျက်စိဒေါက်ထောက်ကြည့်သည်။ ကျောင်းဆောင်သို့ တစ်ပတ်နှစ်ခါလောက်လည်း ရောက်လာတတ်သည်။

www.myanmarcupid.net

နွေကျောင်းပိတ်ရက်များတွင် ကျောင်းသားခေါင်းဆောင်တို့ နယ်ဆင်းစည်းရုံးတတ်ကြောင်းကို ဦးတင်မောင် သိသည်။ နယ်ဆင်းလာသောသူတို့ကို နယ်မှအရာရှိတို့ မည်သို့သဘောထား ကြည့်ရှုရသည်ကိုလည်း ဦးတင်မောင် အသိဆုံးဖြစ်သည်။

မိတ္ထီလာခရိုင်သည် နိုင်ငံရေးအရှုပ်ဆုံး ခရိုင်တစ်ခုဖြစ်သည်။ ဤခရိုင်မှလွတ်ကာ အင်းစိန်သို့ ပြောင်းလာရသဖြင့် ဦးတင်မောင် မည်မျှစိတ်ချမ်းသာကြောင်း နှင်းငွေ နားလည်ပြီးဖြစ်သည်။

သာစည်သို့ သွားလည်ရန် ခွင့်တောင်းစဉ်က နှင်းငွေကို ဦးတင်မောင်သည် ခါးခါးသီးသီး ငြင်းသည်။ ပိုဆိုးသည်မှာ ထိုနွေတွင် သာစည်နယ်၌ ပုလိပ်နှင့် ဝမ်းရောဂါဖြစ်ပွားနေကြောင်း သတင်းစာများတွင် ပါလာခြင်းဖြစ်သည်။ ဒေါ်ခင်လေး၏ ကန့်ကွက်ချက်ကား ပိုပြင်း၏။ ကန့်ကွက်ရုံမက နွေကျောင်းပိတ်လျှင် ကျောင်းပိတ်ခြင်း ဒေါ်ခင်လေးသည် နှင်းငွေကို တွံတေး ခြံကြီးဆီသို့ ဆွဲခေါ်တော့၏။

ခြံကြီး၏ စမ်းချောင်းဘေးတွင် နှင်းငွေ ငိုင်ခဲ့ရပြန်၏။ သည်အချိန် ရွာမွန်သာ၏ စမ်းချောင်းဘေးတွင် နုနုငယ် တစ်ယောက် မိမိကို မျှော်နေလေခြိမ့်မည်။ ရဲရဲနီသော လက်ပံပွင့်တို့ကို ရေတွင်မျှောရင်း အိုင်ချင်းကို လွမ်းလွမ်းဆွေးဆွေး သီဆိုနေရော့မည်။ ထို့နောက် စမ်းချောင်းဘေး မြေကမူတွင် မျက်နှာကို လက်ဝါးနှင့်အုပ်၍ ငိုနေရှာရော့မည်။

ဩော် နုငယ်ရယ်၊ ဩော် နုငယ်ရယ်လေး။

ဤသို့ဖြင့် တစ်နွေကျွတ်ကာ တစ်မိုးဝင်လာခဲ့သည်။

ရွှင်လှသည်မဟုတ်သော ရင်နှလုံးဖြင့် ကျောင်းဆောင်သို့ နှင်းငွေ ပြန်လာခဲ့သည်။

မနှစ်က ကျောင်းဆောင်၏ အောက်ထပ်၌သာ အခန်းရခဲ့၏။ ယခုနှစ်၌မူ အလယ်ထပ်တွင်ရသည်။ ကျော်ဖေမူ ပြန်မရောက်သေး။ ကျော်ဖေထံမှ စာရထားသောကြောင့် နှင်းငွေသည် အဆောင်မှူးနှင့်တွေ့ကာ ကပ်လျက်ရှိသော အခန်း တစ်ခန်းကို ကျော်ဖေ့အတွက် ကြိုတင်ယူထားရ၏။

တစ်နေ့လယ်တွင် နှင်းငွေသည် စာထိုင်ရေးနေ၏။ တစ်စောင်မှာ ညွှန့်မေထံ ဖြစ်သည်။ တစ်စောင်မှာ နုနုငယ်ထံ ဖြစ်သည်။ ညွှန့်မေ မန္တလေးတက္ကသိုလ်ရောက်လျှင် အချိန်မီ ထည့်လိုက်နိုင်ရန် ဖြစ်သည်။

ထိုစဉ် အောက်ထပ်ဆီမှ ထန်အပြည့် ဟန်အပြည့် ဩဇာအပြည့်နှင့် သီဆိုသော အသံဝါကို ကြားရသည်။

နှင်းငွေ နေရာမှ ထလိုက်၏။ ဤအသံဝါကို သူ ကောင်းစွာမှတ်မိသည်။ ကျော်ဖေဆိုသော သတ္တဝါသည် အရုပ်ပု လူသေးသမျှ အသံအောင်၏။

နှင်းငွေ လှေကားထိပ်ရောက်သောအခါ အောက်ထပ်ရှိ ကျော်ဖေကို လှမ်းမြင်ရသည်။

သူငယ်ချင်း ကျောင်းသားနှစ်ဦးက ကျော်ဖေ့သေတ္တာများကို သယ်ယူလာသည်။ ကျော်ဖေကမူ အိပ်ရာလိပ်ကို တုတ်တစ်ချောင်းနှင့် လျှိုထမ်းကာ ကောင်းကောင်း ဟဲနေ၏။

“ သောကြာဆို ရောက်လာလျှင် ထူးပေလိမ့်၊ ထူးပေလိမ့် ဟိမ့် ဟိမ့် ”

နောက်မှ ကျောင်းသားတစ်ဦးက ဝင်ဖောက်၏။

“ မောင်ရင်က သောကြာသား မဟုတ်ဘဲ ဘယ်လိုထူးမှာလဲ ”

ကျော်ဖေသည် ထိုကျောင်းသားကို ဘုရင်ရှု လှည့်ရှုပြီး မိန့်၏။

“ သောကြာမှ ရောက်လာရင် ထူးရမလား၊ အီးဖေစကိုက တနင်္လာသား၊ ဒီတော့ ဒီတော့ အဟမ်း၊ တနင်္လာဆို ဒင်းလာရင် ထူးပေလိမ့်၊ ရှူးကြဖို့သာပြင် အင့်ဟင် ဟင် ဟင် ”

ကျော်ဖေသည် လှေကားထိပ်မှ နှင်းငွေကို မြင်သွားသည်။ ချက်ချင်းပင် သီချင်းလည်း ပြောင်းသွားသည်။

တုတ်လျှိုထမ်းထားသော အိပ်ရာလိပ်ကိုထမ်းရင်း ကျော်ဖေက ငိုချင်းချ၏။

“ ဖာတလန် အထုပ်တစ်ဖက်ကလဲ ထမ်းပါလို့ဗျာ ဟာ ဟာ၊ ရွာမွန်သာ သာစည်ဆိုတဲ့ ဟိုအညာ၊ အဲဒီအညာ ပြန်ရင် ကသုတ်ကယက်လဲ မလှမ်းနိုင်တာမို့ ဟို နန်းကညာ ပုပုရွယ်ရွယ်လေးပါတဲ့၊ ဩော် . . . နုနုငယ်ငယ် ရွှေရွှေဆွေး အတွက် နှင်းငွေငို အို့ဟို ”

နှင်းငွေသည် လှေကားထိပ်မှ ပြေးဆင်းသွားပြီး ကျော်ဖေ၏ အိပ်ရာလိပ်ကို လုယူသည်။

“ ဟေ့ကောင် ကျော်ဖေ၊ လူများအကြောင်း ဘာဆိုတာလဲ၊ ကိုယ့်ဟာကိုယ် ဆိုပါလား ”

“ ဆိုပါ့မယ်၊ ဆိုပါ့မယ် ”

ကျော်ဖေသည် ချောင်းဟန့်ပြီး ဆို၏။

“ ကုက္ကလံ တောင်ကိုလှည့်ကာမှ ဟာ၊ ပြန်ခဲ့မယ် ဘင်တန်သူရဲ့ အိမ်ပြန်သူတစ်ဦး . . . ဟူ ”

တစ်ယောက်က ဝင်ဖောက်၏။

“ အံမာ ဘင်တန်မှာ မောင်ရင့် ဘယ်သူရှိလို့လဲ ”

www.myanmarcupid.net

အခြားတစ်ယောက်က ဝင်ဖော်ကောင်လုပ်၏။

" ကျော်ဖေ့ကို မင်းတို့က အထင်သေးလိုက်တာ သူ့မှာ ရှိတယ်ကွ "

" ဘယ်သူလဲ "

" မနှစ်ဆောင်းတွင်းက ပြေးခုန်ပစ်တုန်းက အမျိုးသမီးအမြင့်ခုန်မှာ ပထမဆုရသွားတဲ့ လန်ဘားဝါလားဟာလေ"

" ဟေ အဲဒါလား၊ ဒီမချော ခုန်သွားတာ ကျော်ဖေ့အရပ်ထက် တစ်လက်မ ပိုမြင့်တယ် "

ကျော်ဖေ အောင့်သွားဟန်တူသည်။ မျက်နှာကြီး ရဲသွား၏။ သို့ရာတွင် ချက်ချင်းပင် ဖောက်၏။

" မင်းတို့က ဘာသိလဲ၊ အဲဒါ ချစ်သက်သေထူတာ "

" ဘယ်လို ဘယ်လို "

" သူက ကိုယ့်ကိုပြောတယ်၊ မောင်ရယ် မောင်ရယ်တဲ့၊ ကျွန်မအချစ်ကို သက်သေပြပါ့မယ်တဲ့၊ ကျော်ကျော်လေးကိုတဲ့ ချစ်လိုက်ပါတဲ့ အာရုံ၊ ဖေဖေလေးကိုတဲ့ ချစ်လိုက်ပါတဲ့ အာရုံ၊ မောင့်အရပ် ဘိုကေတစ်ဆုံး တိုးမှတ်လို့ခုန် "

ကျော်ဖေသည် အလယ်ထပ်သို့ တက်ပြေးသည်။ ကျန်သူငယ်ချင်းများက သူ့သေတ္တာနှင့် အထုပ်အပိုးများကို အခန်းရောက်အောင် လိုက်ပို့ပေးရသည်။

ကျော်ဖေ ရေချိုးနေဆဲ နှင်းငွေက စာဆက်ရေးသည်။

စာအဆုံးတွင် အနောက်မှ ခြေသံကြားရ၏။

ကျော်ဖေသည် ကျော့မော့အောင် ဝတ်စားဆင်ယင်ပြီးပြီ။ သူ့ထံမှ ပေါင်ဒါနံ့၊ ရေမွှေးနံ့၊ ခေါင်းလိမ်းဆီနံ့တို့ မွှေးပျံ့ကြိုင်သင်းနေ၏။

" ကိုယ်ရောင်ကိုယ်ဝါ တောက်ပစွာနဲ့ ကြွတော့သွားမလို့လား၊ သင်တန်းသွားမလို့လား "

" တာမွေ သွားမလို့၊ ကဲ အိုင်ဆေး ဖိုးနှင်းငွေ၊ စာတွေရေးပြီး ဆွေးမနေနဲ့၊ မြို့ထဲထွက်ကြရအောင် "

" ဘာလုပ်ဖို့လဲ "

" ကိုယ့်အိတ်ထဲက ငွေတွေက ယားနေတယ်၊ တရုတ်တန်းသွား ထမင်းစားမယ်၊ ကိုယ်လဲ စာမေးပွဲအောင်တယ်၊ မောင်ရင်လဲ စာမေးပွဲအောင်တယ်၊ ကိုယ် သိပ်ပျော်နေတယ်၊ ဒီတော့ ထမင်းစားပြီးရင် အလွမ်းဇာတ်ကားကောင်းကောင်း တစ်ခု ဝင်ကြည့်ကြရအောင်ကွာ လာ "

နှင်းငွေသည် အဝတ်အစားထလဲပြီး ကျော်ဖေနှင့် လိုက်ခဲ့သည်။ လိုက်ခဲ့စဉ် ကျော်ဖေကို မနာလို ဖြစ်မိသည်။

ကျော်ဖေကမူ အမြဲပျော်နေသည်၊ မိမိက သူ့လောက် မပျော်နိုင်။ သည်အတွက် ဘယ်သူ့ကို အပြစ်တင်ရမည်နည်း။ ကံကြမ္မာကိုလော၊ မိမိကိုလော၊ နုနုငယ်ကိုလော။

ကံကြမ္မာသာ တရားခံဖြစ်ပါစေ၊ နုနုငယ်ကိုတော့ အပြစ်မတင်ရက်ပါ၊ မတင်ရက်ပါ။

❑

လွမ်းသည်ဖြစ်စေ၊ ပျော်သည်ဖြစ်စေ၊ လူ၏ ဆန္ဒနှင့် ခံစားမှုကို ပမာမပြုသော အချိန်သည် တရွေ့ရွေ့ကုန်ဆုံး၍ ရက်လများ ပြောင်းလာခဲ့သည်။

ဒုတိယနှစ် ဥပစာတန်းများသည် တက္ကသိုလ်တွင် သေရေးရှင်ရေးပမာ အရေးကြီးလှသော အတန်းများဖြစ်၏။ ဥပစာတန်းအောင်လျှင် ဝိဇ္ဇာ သို့မဟုတ် သိပ္ပံတန်းသားကြီးများ ဖြစ်လာ၍ လူမော့ကြည့်ရသော အခြေသို့ ရောက်လာကြမည်။ နှင်းငွေတို့ ဇီဝဗေဒ ဘာသာတွဲပါသော ဒုတိယနှစ် ဥပစာ သိပ္ပံတန်းကား အခက်ခဲဆုံးဖြစ်၏။ စာမေးပွဲအောင်ရန်ပင် ခက်လှသည်။ ဆေးသိပ္ပံသို့ ဆက်သွားခွင့်ရရန် စာမေးပွဲအောင်ရုံနှင့် မပြီး၊ သတ်မှတ်ထားသောအဆင့်ကို မီရသေးသည်။ ဇီဝဗေဒ ဘာသာရပ်တွင် ရေးဖြေစာမေးပွဲနှင့် လက်တွေ့စာမေးပွဲတို့ကိုသာမက နှုတ်တိုက်စစ်ဆေးခြင်းကိုပါ ခံယူရသေး၏။ ခက်ခဲလွန်းသောကြောင့် ဘိုင်အို ထိုင်ငိုဟုပင် ကျောင်းသားတို့ စာဖွဲ့ကြသည်။

ယင်းသို့ အရေးကြီးသောနှစ် ဖြစ်သောကြောင့် နှင်းငွေသည် စာကို အထူးကြိုးစား၏။

ကျောင်းဖွင့်စကမူ ရွာမွန်သာသို့ မသွားနိုင်ခဲ့သောကြောင့် နုနုငယ် စိတ်ထိခိုက်လေမည်လောဟု နှင်းငွေ ပူပန်ခဲ့ရသေးသည်။ သို့ရာတွင် ညွှန့်မေထံမှ တစ်ဆင့် နုနုငယ်၏ စာကို ရသောအခါ နှင်းငွေ စိတ်ဖြေသာခဲ့၏။

" **ကိုယ်**

နုငယ်ဆီလာမယ့်ရက်ကို လက်ချိုးပြီးရေတွက်လို့ နုငယ် စောင့်မျှော်နေခဲ့ရတယ်။ ဒါပေမယ့် နွေပေါက်လို့ ကိုယ် ရောက်ခါလဲနီးရော၊ ကိုယ်ရောက်မလာပါစေနဲ့လို့ နုငယ် ဆုတောင်းလိုက်ရတာလေ။

www.myanmarcupid.net

အဲဒီတုန်းက လူတွေ သေလိုက်ကြတာ ကိုယ်ရေ။ ဖျာလိပ်တွေနဲ့ ထမ်းထမ်းချကြရတယ်။ ညမှာတောင် မီးတုတ်တွေနဲ့၊ ခွေးတွေကလဲ တစီစီနဲ့။

ကိုယ့်အတွက်တော့ နုငယ် ပူရတာပေါ့။ နုငယ်ဆီလာတုန်း ကိုယ် တစ်ခုခု ဖြစ်သွားရင်လေ။

ညနေက နေလုံးကြီး ဝင်သွားတာ နုငယ် ထိုင်ကြည့်နေတယ်။ ရဲရဲနီနီလုံးလုံးကြီး၊ ငိုထားတဲ့ မျက်လုံးကြီးနဲ့ သိပ်တူတာပဲ။ အင်းလေ သူလဲ ငိုမှာပေါ့၊ မြေကြီးထဲကို မြုပ်ပြီး သူ ဘယ်ဝင်သွားချင်ပါ့မလဲ။ ပြီးတော့မှ နုငယ် ရယ်မိတယ်။ ဒါတွေက နုငယ် စိတ်ကူးတွေပါ၊ နေလုံးကြီးဟာ မြေကြီးထဲမြုပ်သွားတာမှ မဟုတ်ပဲ၊ သူတစ်နေရာရာ သွားလင်းနေမှာပေါ့၊ သေတယ်ဆိုတာလဲ ဒီလိုပဲနေမှာပဲ၊ နော် ကိုရေ။

ကိုယ်ရောက်လာလဲ နုငယ်ကို တွေ့ခွင့်ရမှာ မဟုတ်ဘူး။ တစ်နွေလုံး ဖေဖေက နုငယ်ကို ခြံထဲက ထွက်ခွင့် မပေးဘူး။ ခြံထဲက မထွက်ရရင် နုငယ်ကို ကိုယ် ဘယ်လာတွေ့နိုင်မလဲ။ စမ်းချောင်းဘေးမှာ ကိုယ်လာရပ်နေရင် ပြတင်းကတော့ နုငယ် လှမ်းမြင်ရမှာပေါ့။ ကိုယ်တစ်ယောက်ထဲ ပြန်ထွက်သွားရရင် နေလုံးကြီး ပျောက်သွားတာလို နုငယ် ခံစားရဦးမှာပဲ။

ကိုယ့်ကို နေလုံးကြီး မဖြစ်စေချင်ပါဘူး။ ကြယ်မင်းကြီးသာ ဖြစ်စေချင်တယ်။ နေဆိုတာက ထွက်လာရင် မျက်လုံးနီကြီးနဲ့၊ ဝင်သွားတော့လဲ မျက်လုံးနီကြီးနဲ့။ အစမှာလဲ ငိုပြီး အဆုံးမှာလဲ ငိုနေရသလိုပါပဲ။

ကြယ်တွေကိုတော့ ထွက်လာတာလဲ မမြင်ရဘူး။ ဝင်သွားတာလဲ မသိလိုက်ဘူး။ ဟိုးအမြင့်ကြီးမှာ ဖြူဖြူဖွေးဖွေး ဝင်းဝင်းလက်လက်နဲ့၊ တိမ်ဖုံးနေရင်တော့ သူတို့ကို မတွေ့ရဘူး။ ဒါပေမယ့် သူတို့ ရှိနေတာကိုတော့ နုငယ် သိတယ်။

ကိုယ့်ကို မမြင်မတွေ့ရပေမယ့် ကိုယ်ရှိနေတာကို နုငယ် အမြဲ သိတယ်။ အဲဒါနဲ့ပဲ နုငယ် စိတ်ချမ်းသာ နေပါပြီ။

ဒီနှစ်အောင်ရင် ကိုယ် ဆေးကောလိပ်ရောက်မယ်လို့ မညွန့်က ပြောပြတယ်။

ကိုယ့်ကို ဆရာဝန်ကြီးအဖြစ်နဲ့ နုငယ် သိပ်တွေ့ချင်တာပဲ။ အဲဒီအခါကျရင် အိပ်မက်ထဲက ကြယ်ကြီးဟာ မြေပြင်ကိုဆင်းပြီး နုငယ်ရှေ့ ဘွားကနဲ ပေါ်သလိုနေမှာပဲ၊ ကိုယ် စာကြိုးစားနော်။

နုငယ် စာမဆုံးသေးဘူး ကိုယ်ရေ.......................................
..............................

**ကိုယ့် နုငယ် "**

နုနုငယ်၏ စာကို နှင်းငွေသည် ကျော်ဖေ့အား ပြသည်။

ထုံးစံအတိုင်း ကျော်ဖေသည် စာကို ရှားလော့ဟုမ်းစတိုင်နှင့် လေ့လာ၏။

" မောင်ရင့်ဇာတ်လမ်းကို ကိုယ်သိပြီးပြီလေ၊ နားထောင်ကောင်းကောင်းနဲ့ နားထောင်ခဲ့ရတယ်၊ နုနုငယ်ဟာ ဘယ်လို ပုံပန်းသဏ္ဍာန်ရှိမှန်း ကိုယ် မစပ်စုရသေးဘူး၊ အခု ကိုယ်မေးမယ်၊ နုနုငယ်ဆိုတော့ မောင်ရင့်ကလေးမဟာ ပုပုသေးသေး ကလေးလား "

" မဟုတ်ဘူး အရယ်က ရှည်ရှည်သွယ်သွယ်ရယ် "

" အယ် တစ်ခုတော့ လွဲသွားပြန်ပြီ၊ ဒါပေမယ့် အဟမ်း မြေလတ်သူဆိုတော့ အသားညိုစိမ့်စိမ့်လေး ဟုတ်တယ် မဟုတ်လား "

" ဟင့်အင်း နုငယ် အသားက သိပ်ဖြူတယ်၊ ဆွတ်ဆွတ်ကို ဖြူတယ်၊ ဒါကြောင့် ငွေမျိုးဖြူမလေးလို့ ခေါ်တယ်၊ အသားညိုတာက ညွန့်မေ၊ ညွန့်မေကိုတော့ ရွှေကျီးညိုမလေးလို့ ခေါ်တယ် "

" ကျော်ဖေရှားတို့ မှားပြန်ပဟ၊ ကဲ ဒီတစ်ခါ မလွဲနိုင်တာ မေးမယ်၊ မောင်ရင့် နုနုငယ်က လှတယ်မဟုတ်လား "

ဤအကြိမ်တွင် နှင်းငွေသည် မဖြေဘဲ ပြုံးနေ၏။

" ဖြေလေကွာ ကိုယ်မေးတာ၊ မှန်တဲ့အခါတော့ မှန်သွားပြီ မဟုတ်လား "

" ဘယ်လိုဖြေရမလဲ၊ ကိုယ့်မျက်စိထဲတော့ လှနေတာပေါ့ "

" ဒါပဲ လိုချင်တာပဲ၊ လှတယ်ဆိုတာ မျက်စိထဲမလှလို့ မျက်မှန်ထဲ သွားလှနေရမလား၊ မျက်မှန်ထဲ လှတာတော့ သိပ်အယုံအကြည် မရှိနဲ့ ကိုယ်တွေ့ "

" မောင်ရင့် ကိုယ်တွေ့ဒုက္ခတွေကို အသာထားစမ်းပါ၊ နုနုငယ်ကို ဘာဆက်ဝေဖန်ချင်သေးသလဲ "

ကျော်ဖေသည် မျက်မှန်ထူအောက်မှ မျက်လုံးများကို ပုတ်ခတ်ပုတ်ခတ် အတန်ကြာလုပ်နေပြီးမှ ဆို၏။

www.myanmarcupid.net

" အရပ်ကလေးက ရှည်ရှည်သွယ်သွယ်၊ အသားက ဆွတ်ဆွတ်ဖြူတယ်၊ ပြီးတော့ ပိန်တယ် မဟုတ်လား "

နှင်းငွေက ခေါင်းညိတ်ပြ၏။

" ပြီးတော့ ပြန်စဉ်းစားစမ်း၊ အရမ်းမဖြေနဲ့နော်၊ ကျောင်းတုန်းက နုနုငယ်ဟာ မကြာခဏ ကျောင်းပျက်သလား "

နှင်းငွေ ခေါင်းညိတ်ရပြန်၏။

ကျော်ဖေသည် သဘောကျသွားဟန်နှင့် နေရာမှထကာ ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်၏။ ပြီးမှ ရုတ်ကနဲ ရပ်လိုက်၏။

" ဖိုးနှင်းငွေ မောင်ရင့်ချစ်သူဟာ ရောဂါသည်မလေးပဲ "

" ဒါတော့ ကိုယ်သိသားပဲ၊ နုနုငယ်ကလဲ ဝန်ခံသားပဲ၊ မောင်ရင့်ကိုလဲ ကိုယ်ပြောပြီးပြီပဲ "

ကျော်ဖေသည် မကျေနပ်ဟန်ဖြင့် နှင်းငွေကို ပြန်ကြည့်၏။

" နုနုငယ်မှာ ရောဂါရှိတယ်ဆိုတာ မောင်ရင်ပြောပြထားလို့ ကိုယ်သိတာ မဟုတ်ဘူး၊ ကိုယ့်ယုတ္တိဗေဒနဲ့ ကိုယ်သိတာ၊ မောင်ရင်သိတာထက် ကိုယ်ပိုသိနေတယ်လို့ ကိုယ့်ကိုယ်ကို ကိုယ် သိပ်ယုံနေတယ်၊ ဘုရားစူး "

" ကဲပါ ဆက်အမိန့်ရှိပါ "

" နုနုငယ်ရဲ့ စာတွေမှာ အားငယ်ခြင်းသဘောကို တွေ့ရတယ်၊ ဘယ်လိုပဲ ဖုံးကွယ် ရေးထားရေးထား၊ လောကကို စိတ်ပျက်တာနဲ့ တစ်စုံတစ်ရာကို ကြောက်ရွံ့နေတာကို ကိုယ် အဲ . . . ထိုးထွင်းသိမြင်တယ်၊ မောင်ရင်လဲ သတိထားမိမှာပေါ့ ဟုတ်စ "

နှင်းငွေ ခေါင်းညိတ်ရပြန်လေသည်။

" အဲသဟာတွေ ပြောပြနေတာ၊ နုနုငယ်ရဲ့စာကို သူငယ်ချင်းပြလို့ ကိုယ်ဖတ်ရတာ နှစ်စောင်ရှိပြီ၊ အစတုန်းကတော့ အဟဲ သွားရည်ကျမိတယ်၊ ရွှေမော်ဓော စူးရစေရဲ့၊ ဤမှန်သောသစ္စာစကားကြောင့် ကိုယ့်လန်ဘားဝါလားကြီးဟာ ကိုယ်နဲ့ လွဲသည့်တိုင်အောင် တခြားဘယ်သူနဲ့မှ မရဘဲ တစ်သက်လုံး အပျိုကြီးဖြစ်နေရစေရဲ့ ယုံတော့ "

" ကျော်ဖေ၊ မဖောက်နဲ့ကွာ၊ အဟုတ်ပြောစရာရှိ ပြော "

" အဟုတ် ပြောမလို့ပေါ့၊ ဒါပေမယ့် ခန့်ခန့်ညားညား နိဒါန်းပျိုးရသေးတယ်၊ ကိုယ်က အပျင်းပြေရွတ်တတ်တော့ မောင်ရင်တို့က အထင်မကြီးချင်ဘူး၊ ဟုတ်တာ ပြောရင်တောင်မှ နတ်ပါးစပ်က ဖြဟ္မာစကားထွက်တယ်လို့ ကိုယ့်လူတို့က နှိမ့်ချချင်ကြတယ် ဟုတ်စ "

ကျော်ဖေ မှတ်နေလျှင် ဝင်တားၡမရမှန်း သိသောကြောင့် နှင်းငွေသည် ဘာမျှ ဝင်မစွက်ဘဲ ငြိမ်နားထောင်နေရ၏။ ကျော်ဖေက ဆက်သည်။

" နုနုငယ်ရဲ့ စာလေးတွေကို သာမန်ဖတ်ကြည့်ရင် အင်မတန် စိတ်ကူးယဉ်တဲ့ အရေးအသားမျိုးတွေကို တွေ့ရတယ်၊ သေသေချာချာကြည့်ရင် နုနုငယ်ဟာ ဆင်ဘယ်လစ်ဇင်ခေါ်တဲ့ သင်္ကေတဖွဲ့စည်းမှုဝါဒကို တော်တော်သုံးထားတယ်၊ ဥပမာ ကြာပန်းတို့၊ ကြယ်ကြီးတို့၊ နေလုံးကြီးတို့၊ ဒီသင်္ကေတတွေဟာ တစ်ခုခုကိုတော့ ပြောနေကြတယ်၊ အဲဒါ ဘာကို ပြောသလဲ၊ ဒါကိုတော့ ပညာရှိ ဖိုးကျော်ဖေ မဖော်တတ်ဘူး "

ကျော်ဖေသည် လက်နောက်ပစ်ကာ ဆက်လမ်းလျှောက်နေ၏။ နှင်းငွေက ကျော်ဖေကို အကဲခတ်ကြည့်၏။ ကျော်ဖေ့ အရပ်အမောင်းနှင့် ကျော်ဖေ လုပ်နေပုံတို့မှာ ရယ်ဖွယ်ကောင်းနေ၏။ သို့ရာတွင် ကျော်ဖေ့မျက်နှာက အထူးတည်ငြိမ် လေးနက်သောကြောင့် နှင်းငွေ မရယ်မိ။

ကျော်ဖေသည် ရုတ်ကနဲ ရပ်လိုက်ပြန်၏။

" မောင်ရင် ကဗျာဆရာမ မန္တလေးမူကို သိလား "

" ကြားဖူးသလိုတော့ ရှိတယ်၊ မတွေ့ဖူးဘူး "

ကျော်ဖေသည် အဟင်းဟု ရယ်ခြင်းလည်းမဟုတ်၊ ညည်းခြင်းလည်းမဟုတ်၊ ထူးဆန်းသည့် အသံတစ်သံကို ပြု၏။

" ဘယ်တွေ့ဖူးမလဲ၊ တက္ကသိုလ်က ထွက်သွားပြီပဲ၊ ကိုယ်တို့ ပဲခူးက၊ ကိုယ့်ထက် နှစ်တန်းကြီးတယ်၊ မန္တလေးမူက မောင်ရင့် နုနုငယ်လိုပဲ၊ အရပ်ကလေးက ရှည်ရှည်သွယ်သွယ်၊ အသားကလဲ ဆွတ်ဆွတ်ဖြူနေတယ်၊ ကိုယ်က ရှစ်တန်း၊ သူက ဆယ်တန်း၊ အဲဒီထဲက ကိုယ်က သူ့ကို ခိုးခိုးပြီး အဲ . . . ယဉ်ကျေးစွာဆိုရရင်တော့ ကြိုက်နေတယ်ပေါ့ကွာ၊ တစ်နည်း အားဖြင့် စိတ်နဲ့ လွတ်လပ်စွာ ပြစ်မှားနေမိတယ်၊ ကိုယ့်ဒုက္ခလဲ မောင်ရင်သိသားပဲ၊ ကိုယ်က ကိုယ့်ထက်ကြီးတဲ့မိန်းမတို့၊ ကိုယ့်ထက် အရပ်ရှည်တဲ့မိန်းမတို့ဆိုရင် အဟဲ နည်းနည်း စက္ခုရူပေန သံဝါသချင်တယ် "

နှင်းငွေသည် ကျော်ဖေ့ကို အံ့ဩစွာ ကြည့်မိပြန်သည်။ ရှေးဦးစွာအဖြစ် သံသယလည်း ဝင်လာသည်။ ကျော်ဖေ ရွှတ်နောက်နေတတ်သည်မှာ အကယ်ပင် ပျော်ရွှင်၍လော၊ တစ်စုံတစ်ခုကို ဖုံးကွယ်ထားချင်၍လော။

ကျော်ဖေကသာ အဆက်မပြတ် ပြောနေ၏။

“ မောင်ရင်တို့ သိပ္ပံပညာက မောင်တွေဟာ ကဗျာနဲ့ ကဗျာရဲ့ သင်္ကေတတွေကို သိပ်နားလည်မှာ မဟုတ်ဘူး၊ မန္တဲ့မူရဲ့ ကဗျာတွေမှာ သင်္ကေတ အားကြီးသုံးတယ်၊ တစ်နည်းအားဖြင့် မန္တဲ့မူဟာ ဒီလောကအကြောင်းကို ဒီလောကအသုံး မဟုတ်တဲ့ စကားနဲ့ ပြောတယ်၊ နောက်တော့ မန္တဲ့မူတစ်ယောက် တက္ကသိုလ်က အနားယူသွားရရှာတယ် ”

“ အို . . . ဘာပြုလို့ ”

“ နှလုံးရောဂါကြောင့် ”

“ ဘာ . . . နှလုံးရောဂါကြောင့်၊ မောင်ရင်က နုနုငယ်ကိုလဲ နှလုံးရောဂါရှိတယ်လို့ ဆိုချင်လို့လား ”

“ ဟာ . . . ဟာ ဒီလို အလွယ်တကူ ကောက်ချက်ချရင် ပညာရှိ ဘယ်ပီသတော့မလဲ၊ နေဦး ကိုယ်တစ်ခုမေးမယ်၊ သစ္စာရှိစွာ ဖြေချင်ဖြေ၊ အဲ မိုက်မိုက်ကန်းကန်း ဖြေချင်ဖြေ၊ အတူတူတော့ အတူတူပဲ ”

“ ဘာဖြေရမလဲ ”

“ တကယ်လို့ နုနုငယ်မှာ နှလုံးရောဂါရှိရင်ရော မောင်ရင် ဆက်ကြိုက်နေဦးမလား ”

“ ဘာရောဂါရှိရှိ ဆက်ချစ်နေမှာပဲ ”

“ မောင်ရင် ငယ်ငယ်ရွယ်ရွယ်နဲ့ မုဆိုးဖိုဖြစ်မှာ မကြောက်ဘူးလား ”

“ မကြောက်ဘူး ”

“ စဉ်းစားဖြေနော်၊ မုဆိုးဖိုဆိုတာ ဦးအောင်ဇေယျကို ပြောတာမဟုတ်ဘူး၊ မုဆိုးဖိုဖြစ်မှာ မကြောက်တဲ့ ကိုယ့်ဦးရီး တစ်ယောက် ဦးအောင်ဇေယျတော့ မဖြစ်ဘူး၊ ဦးဇယမ္ဗိဝံသတော့ ဖြစ်သွားဖူးတယ် ”

“ သူငယ်ချင်း ဘာပြောတာလဲ ”

“ တုံးပါဘိ ဖိုးနှင်းငွေလေး၊ ကိုယ့်ဦးရီးဟာ ငယ်ငယ်နဲ့ မုဆိုးဖိုဖြစ်ပြီး နောက်ဆုံးတော့ တောထွက်ခင်ကြီး ဖြစ်သွား ရှာတယ် ”

ကျော်ဖေသည် သူ့စကားကို သူသဘောကျဟန် ရယ်လိုက်ပြီး နှင်းငွေ၏ ခုတင်ပေါ်တွင် ဝင်ထိုင်လိုက်၏။ ဒူးပေါ် လက်ထောက်ကာ လက်ပေါ်မေးတင်လျက် စဉ်းစားခန်းဝင်ဟန် ပြနေ၏။ အတန်ကြာမှ ဆို၏။

“ ဖိုးနှင်းငွေ၊ မောင်ရင်တို့ ပြဿနာဟာ မသေးဘူးကွ ”

“ ဘယ်လို မသေးတာလဲ ”

“ မောင်ရင်က မောင်ရင်နဲ့ နုနုငယ်အကြောင်း ပြောပြစဉ်က ကိုယ်ပေါ့ပေါ့ဆဆ နားထောင်ခဲ့မိတယ်၊ ငတိလေး တစ်ကောင်က ငနဲမလေးတစ်ကောင်နဲ့ အောက်ကျောင်းမှာနေတုန်း၊ အဲ . . . ဘယ်လိုပြောရမလဲ ”

ကျော်ဖေသည် စကားလုံးရွေးဟန် ခေတ္တရပ်သွား၏။

“ အဲ . . . ဒီလို သမုဒယ လမ်းမြောင်သွယ်သွယ်မှာ ကိလေသာ ခလုတ်ကန်သင်း တိုက်မိပြီး သောကဆိုတဲ့ အပွန်းအပဲ့ ဒဏ်ရာလေးတွေနဲ့ တက္ကသိုလ်ကို ရောက်လာတတ်တယ်၊ ဒဏ်ရာလေး မကျက်ခင်တော့ နည်းနည်း စပ်ဖျင်းဖျင်းနဲ့ ပေါ့ကွာ၊ ဒါကို လွမ်းတယ်လို့ မြန်မာလို ခေါ်ကြတယ်၊ အစတုန်းက မောင်ရင့်ကိုလဲ ဒီလိုပဲ စပ်ဖျင်းစပ်ဖျင်း ဖြစ်နေတာလို့ ကိုယ်ထင်ထားမိတယ်၊ နေဦး နေဦး စိတ်မဆိုးနဲ့၊ ကိုယ့်စကားကို ဆုံးအောင် နားထောင်ပါဦး၊ ခုတော့ မောင်ရင့် ပြဿနာမှာ လျှို့ဝှက်သည်းဖို ကိစ္စတွေ ပါနေတယ် ”

“ ဘယ်လို၊ လျှို့ဝှက်သည်းဖို ကိစ္စတွေ ”

“ ဟုတ်တယ်၊ ရွာစွန်မှာ အလုံခြံခတ်ထားတဲ့ အိမ်ကြီးတစ်လုံး၊ အဲဒီအိမ်ကြီးပေါ်က ရောဂါသည်မိန်းမပျိုလေးတစ်ဦး၊ အဲဒီ မိန်းမပျိုလေးရဲ့ အဖေဆိုတဲ့ အရက်မူး ဒေါသကြီးပြီး ရက်စက်တတ်တဲ့ လူကြီးတစ်ဦး၊ ပြီးတော့ သင်္ချိုင်းကုန်းက လာခဲ့တယ် ဆိုတဲ့ ဘယ်သူ အဲ ဦးကံရာဇာ၊ မိုင်ဒီးယားဝဒ်ဆန် အဲ ဖိုးနှင်းငွေ၊ အဲဒါတွေကို ကိုယ် သိပ်မကြိုက်ဘူး ”

နှင်းငွေ ထိတ်လန့်သွားသည်။ မိမိလည်း ဤအချက်အလက်များကို မကျေနပ်၊ ရင်တွင်းတစ်နေရာ၌ နစ်မြုပ်နေ သော်လည်း စနိုးစနောင့်တော့ ဖြစ်နေ၏။ ယခု ကျော်ဖေက ထောက်ပြသောအခါ ထိတ်လန့်သွား၏။

“ နေဦး ဖိုးကျော်ဖေ၊ မောင်ရင် စောစောက ပြောခဲ့တဲ့အထဲမှာ အဖေလို့ မခေါ်ဘဲ အဖေဆိုတဲ့လို့ သုံးသွားတယ်၊ မောင်ရင် ဘာဆိုလိုတာလဲ ”

“ ကိုယ်သုံးတာ ရှင်းပါတယ်၊ နုနုငယ်ရဲ့ အဖေဆိုတာဟာ နုနုငယ်ရဲ့ အဖေလို့ မောင်ရင် အပ်ချမတ်ချ ဘယ်လိုသိလဲ”

“ အာ ဒီလိုပဲ ပြောကြတာပဲ၊ ကျောင်းလဲ သူလိုက်ပို့တာပဲ၊ ရွာက လူတွေကလဲ သူ့ကို နုနုငယ်ရဲ့ အဖေလို့ သိနေတာပဲ၊ နုနုငယ်ကလဲ သူ့ကို အဖေလို့ပဲ ပြောတာပဲ ”

ကျော်ဖေသည် တစ်စုံတစ်ခုကို သဘောကျဟန် ခေါင်းညိတ်၏။

www.myanmarcupid.net

" သူငယ်ချင်း ဘာခေါင်းညိတ်တာလဲ "

" ဟင့်ထိ အဲ အတွေးစတစ်ခု ရသွားလို့ပါ "

" ဘာ အတွေးစ ရတာလဲ "

" ပြောမယ်လေ၊ တစ်ခုတော့ ကိုယ် ကြိုတင်ဝန်ခံထားချင်တယ် "

" ဘာတွေ ဝန်ခံဦးမလို့လဲ "

" သူငယ်ချင်း မရယ်နဲ့နော်၊ ကိုယ့်မှာ ရောဂါတစ်ခုရှိတယ်၊ အဲဒါက စုံထောက်လုပ်ချင်တာပဲ၊ ရှားလော့ဟုမ်း (ဝါ) မောင်စံရှားလောက်တော့ ကိုယ် အရပ်မရှည်ဘူး၊ ဒါပေမယ့် နှာခေါင်းချင်းတော့ ပြိုင်ရဲတယ်၊ အေဂါသာ ခရစ္စတီရဲ့ ဇာတ်လိုက် စုံထောက်ကျော် ဟာကြူလီပီရောဟာ ကိုယ့်လိုပဲ ဂျပုကလေး၊ စုံထောက်ကောင်းဖြစ်ဖို့ဟာ အရပ်ရှည်ဖို့မလိုဘူး၊ ဦးနှောက်ထဲက ဂရေးမက်တာ ကောင်းဖို့ပဲ လိုတယ် "

နှင်းငွေသည် ကျော်ဖေကို ကြည့်မိသည်။ ဤသတ္တဝါသည် ဘာတွေလျှောက်ပြောနေပါသနည်း။ နှင်းငွေ၏ ကြည့်ပုံ အဓိပ္ပါယ်ကို ကျော်ဖေ နားလည်သွားဟန်တူသည်။

" အဲဒီလို မကြည့်နဲ့ သူငယ်ချင်း၊ သူငယ်ချင်းကြည့်ပုံကို ကိုယ် သိပ်နားလည်တယ်၊ ထားပါတော့လေ၊ ကိုယ်ဝန်ခံတယ်၊ ကိုယ့်မှာ စုံထောက်ရူး ရောဂါရှိတယ်၊ ကိုယ်ဆက်ပြောမှာတွေက ကိုယ့်စိတ်ကူးယဉ်မှုတွေ ဖြစ်ချင်ဖြစ်နေမယ်၊ ငါ့ရှင် ဆက်နားထောင်မလား "

" သိပ်လျှာရှည်တဲ့ ဖွတ်မင်းသား၊ ဆက်ပြောစမ်းပါ "

" မပြောခင် ကိုယ်မေးဦးမယ်၊ တစ် . . . နုနုငယ်တို့ အဖေဟာ သိပ်ချမ်းသာသလား "

" ချမ်းသာတယ် ပြောကြတာပဲ "

" နှစ် . . . မောင်ရင် ပြောပြပုံအရ ဒီအဖိုးကြီးနဲ့ နုနုငယ် ရွာမွန်သာ ပြန်ရောက်တာ မကြာသေးဘူး၊ ဒီ့အရင် ဘယ်မှာ ဘာဖြစ်ခဲ့တယ်ဆိုတာ ဘယ်သူမှ တိတိကျကျ မသိဘူး ဟုတ်စ "

" အေး ဟုတ်တယ် "

" သုံး . . . နုနုငယ်ဟာ သိပ်ဉာဏ်ကောင်းတယ် မှန်စ "

" သချ်ာသိပ်တော်ပါတယ်လို ငါပြောပြီးပါရောလား "

" လေး . . . ချမ်းသာတဲ့အဖေဆိုသူက ဉာဏ်ကောင်းတဲ့ သမီးချောချောလေးကို တက္ကသိုလ်မလွှတ်ဘူး၊ အဲဒါဘာသဘောလဲ "

ပြင်းထန်သော တုန်လှုပ်မှုဖြင့် နှင်းငွေသည် နေရာမှထကာ ကျော်ဖေ၏လက်ကို ဆုပ်ကိုင်လိုက်၏။

" သူငယ်ချင်း ဘာတွေပြောနေတာလဲ "

" ကိုယ့်အတွေးစ,ပါလို့ ပြောပြီးပါရောလား၊ ဒါမှမဟုတ် ကိုယ့်စိတ်ကူးယဉ်မှုပဲ "

" ဖိုးကျော်ဖေ ဝေ့မနေနဲ့ကွာ၊ မောင်ရင် ဘာဆိုလိုတာလဲ "

" ပြောပါ့မယ်၊ တစ်၊ နုနုငယ်ရဲ့ အဖေဆိုတာဟာ နုနုငယ်ရဲ့ အဖေအစစ် ဟုတ်ချင်မှ ဟုတ်မယ်၊ ဆိုလိုတာက နုနုငယ်ရဲ့ ဦးရီးတစ်ယောက်၊ ဘကြီးတစ်ယောက် ဖြစ်ချင်ဖြစ်နေမယ်၊ သူ ချမ်းသာတယ် ဆိုတာကလဲ အမှန်က နုနုငယ် ချမ်းသာတာဖြစ်ပြီး သူက နုနုငယ် အရွယ်မရောက်ခင် အမွေထိန်းထားရတဲ့ လူတစ်ယောက် ဖြစ်နေမယ် "

နှင်းငွေက ခေတ္တ တွေတွေစဉ်းစားသည်။ ထို့နောက် ခေါင်းခါ၏။

" အဲဒါတော့ မဖြစ်နိုင်ဘူး ထင်တယ်၊ နုနုငယ် အမေနဲ့ ရပြီး ဒီရွာမှာ နေသွားတယ်လို့ ဆိုကြတာပဲ၊ ရွာက လူတွေက သူ့ကို သိပြီးပဲဟာ "

" ဟင့်အင်း ကိုယ်ပြောတာ ဖြစ်နိုင်တယ်၊ ဥပမာ နုနုငယ်ရဲ့ အဖေမှာ သူနဲ့ ရုပ်ချင်းဆင်တဲ့ ညီ သို့မဟုတ် အစ်ကို တစ်ယောက်ရှိမယ် ဆိုပါတော့၊ အခု သူက နုနုငယ်ရဲ့ အဖေအဖြစ်နဲ့ ပြန်လာတယ်၊ နှစ်က သိပ်ကြာနေတော့ ရွာကလူတွေဟာ မှတ်မိပါ့မလား၊ ပြီးတော့ ရွာကလူတွေနဲ့လဲ ပြန်လာကတည်းက သူ အဆက်အသွယ်မလုပ်ဘဲ နေတယ် မဟုတ်လား "

ဤတစ်ချီတွင်မူ နှင်းငွေ ရုတ်တရက် မဖြေနိုင်၊ အတန်ကြာမှ သတိရ၍ ဆို၏။

" ထားပါတော့လေ၊ ဒါပေမယ့် တစ်ခုရှိတာက နုနုငယ်ကိုယ်တိုင်က သူ့ကို သူ့အဖေလို့ ပြောတယ်၊ ပြီးတော့ သူ့အပေါ် မရက်စက်ဘူး၊ ကြင်နာတယ်၊ ချစ်တယ်လို့တောင် ပြောဖူးတယ် "

" ဒါကိုလည်း နားလည်နိုင်ပါတယ်၊ ဥပမာ နုနုငယ် ဘာမှ ကောင်းကောင်းမမှတ်မိတဲ့ အရွယ်မှာ အဖေနဲ့ အမေ သေသွားတယ်၊ သူ့ဦးရီး သို့မဟုတ် ဘကြီးက နုနုငယ်ကို ငယ်ငယ်တည်းက မွေးလာခဲ့တယ်၊ သူ့သမီးလို့ ယုံအောင်လုပ်ထားမယ်၊ ဘယ့်နှယ်လဲ "

www.myanmarcupid.net

" ဘာလို့ အဲဒီလို လုပ်ထားရတာလဲ "

" မိုင်ဒီယားဝဒ်ဆန်၊ ရှားလော့ဟုမ်းရဲ့ ဉာဏ်ကို ဝဒ်ဆန် မလိုက်နိုင်သလို ကိုယ့်ဉာဏ်ကိုလဲ မောင်ရင် မလိုက်နိုင်ဘူး"

ခါတိုင်းဆိုလျှင် နှင်းငွေ ရယ်မိမည်။ သို့မဟုတ် ပြန်ခွပ်မိမည်။ ယခုမူ ငိုင်နေမိ၏။ ကျော်ဖေကသာ ဆက်ရှင်း၏။

" ဘာလို့ ဒီလို လုပ်ထားရသလဲ၊ ဥပမာ နုနုငယ်ရဲ့ အမွေတွေကို အပိုင်စီးချင်လို့ "

" ဒီလိုဆိုရင် နုနုငယ်ဟာ သူ့လက်ခုပ်တွင်းက ရေပဲဟာ၊ စောစောစီးစီးထဲက တနည်းနည်းနဲ့ သတ်ပစ်လိုက်မှာပေါ့"

" နိုး နိုး ဒီနေရာမှာ မောင်ရင်က စိတ်ကူးယဉ်လွန်းသွားပြန်ပြီ၊ အမွေအတွက် လူတစ်ယောက်ကို ကြံဖန်သတ်ပစ်တာမျိုးဟာ အင်္ဂလိပ်ဝတ္ထုတွေ၊ အမေရိကန်ဝတ္ထုတွေထဲမှာ ဖြစ်နိုင်တယ်၊ အဲ . . . အဲဒီနိုင်ငံတွေမှာ ဖြစ်လဲ ဖြစ်နိုင်တယ်၊ တို့ မြန်မာပြည်မှာတော့ မဖြစ်နိုင်ဘူး၊ မြန်မာပြည်က ရာဇဝတ်မှုဆိုတာက ဒေါသထွက်ပြီး သွေးပူနေတုန်း ဓားနဲ့ ထခုတ်တာ၊ လှံနဲ့ ထထိုးတာ၊ ဒါမျိုးသာ ရှိတာ၊ သွေးအေးအေးနဲ့ သတ်ပစ်တာမျိုးက အလွန်ရှားတယ်၊ လူမသတ်ဘဲ အမွေကို အပိုင်စီးနိုင်တဲ့ နည်းတွေလဲ တစ်ပုံကြီးရှိတယ် "

" ဘယ်လိုတွေ ရှိသလဲ "

" အဲဒါတွေ လျှောက်ပြောနေရင် ဆုံးမှာ မဟုတ်ဘူး၊ နုနုငယ် ကိစ္စမှာ ဖြစ်နိုင်တာတွေ ပြောပြမယ်၊ နုနုငယ်ရဲ့ အဖေဆိုတာက နုနုငယ်ကို စိတ်အားနဲ့ လွှမ်းမိုးပစ်လိုက်ပြီး သူ့ကို တစ်သက်လုံး နုနုငယ်မှာရှိတဲ့ ရောဂါသေးသေးလေးကို ကြီးကြီးဖြစ်အောင် ချဲ့ပြီး လှန့်ထားမယ်၊ ဘယ်ထိအောင် ဖြစ်နိုင်သလဲဆိုရင် နုနုငယ်မှာ ဘာရောဂါမှ မရှိဘဲ နုနုငယ်က သူ့ကိုယ်သူ ရောဂါသည်လို့ ထင်အောင်လုပ်ထားမယ် "

" ဒီလိုလုပ်ထားလို့ တကယ် ရမလား "

" ဘာလို့ မရရမလဲ၊ အဲ . . . လိုအပ်ချက် တစ်ခုပဲရှိတယ်၊ နုနုငယ်ကို အပြင်လောကနဲ့ အောင်မြင်စွာ အဆက်ဖြတ်ထားနိုင်ရမယ်၊ ခက်တာက အခု နုနုငယ်က အပြင်လောကနဲ့ အဆက်ပြတ်မနေတော့ဘူး၊ ပိုဆိုးတာက သူ့ထက် အားကိုးစရာ လူတစ်ယောက်ကို တွေ့ထားပြီ၊ ဒီလူတစ်ယောက်ကတော့ မောင်ရင်ပဲ၊ အဲဒါကို သိသွားရင်တော့ "

ကျော်ဖေသည် အမိပ္ပါယ်ပါစွာဖြင့် စကားကို တစ်ပိုင်းတစ်စ ရပ်ထားလိုက်၏။

" ဟေ့ကောင် ဖိုးကျော်ဖေ၊ ဒီလို လုပ်မထားနဲ့ကွာ၊ ငါ့စိတ်တွေ ပူလာပြီ၊ ဆက်ဆိုစမ်းပါ "

" အင်း အပြောရတော့ ကြပ်တယ်ကွာ၊ မောင်ရင်က မေးလို့ ပြောရမှာပဲ၊ မင်း အက်ဂါအယ်လင်ပိုးရဲ့ ဝတ္ထုတွေ ဖတ်ဖူးလား "

" ဟင့်အင်း "

" ပိုးရဲ့ ဝတ္ထုတစ်ပုဒ်မှာ ရူးနေတဲ့ လူကြီးတစ်ယောက်ရှိတယ်၊ ဒါပေမယ့် သူ့ကို ရူးနေမှန်း ဘယ်သူကမှ မသိဘူး၊ ဒီလူကြီးဟာ တခြားမြို့တစ်မြို့မှာ ပျော်ပျော်ရွှင်ရွှင်နဲ့ စာသင်နေတဲ့ သူ့ညီမလေးကို ပြန်ခေါ်ယူလိုက်တယ်၊ ပြီးတော့ မြို့ပြ လူသူနဲ့ဝေးရာ ခြံကြီးတစ်ခုထဲက အိမ်အိုကြီးတစ်လုံးထဲမှာ လောကနဲ့ အဆက်ဖြတ်ပြီး လှောင်ထားလိုက်တယ်၊ တဖြည်းဖြည်းနဲ့ ကလေးမလေးဟာ ရောဂါသည် ဖြစ်သွားတယ်၊ တစ်နေ့တော့ ကလေးမလေးရဲ့ ချစ်သူဟာ ဒီအိမ်ကြီးဆီ စုံစမ်းပြီး ရောက်ရှိလာတယ်၊ ရောဂါသည် မဖြစ်တန်ဘဲ ဖြစ်နေတဲ့ ချစ်သူကိုတွေ့တော့ ကယ်ယူဖို့ ကြိုးစားတယ်၊ ညီမလုပ်သူဟာ ချစ်သူဘက် ပါမှန်းလဲ သိရော "

ကျော်ဖေသည် တစ်ချက်ဆိုင်းလိုက်ပြီးနော်က ဖြည်းလေးစွာ တစ်လုံးချင်း ဆို၏။

" ဒီလူကြီးဟာ သူ့ညီမကို အရှင်လတ်လတ် ခေါင်းသွင်းပြီး သတ်လိုက်တယ် "

နှင်းငွေက ကျော်ဖေ့ကို ဖျတ်ကနဲ မော့ကြည့်သည်။ ကျော်ဖေက လက်ကာ ပြ၏။

" ကိုယ်က ဥပမာ ပြောတာပါ၊ ခုနင်က ကိုယ်ပြောခဲ့တာက ဝတ္ထုတစ်ပုဒ်ပါ၊ ပြီးတော့ အမေရိကန် ဝတ္ထုတစ်ပုဒ်၊ ဒါမျိုး မြန်မာပြည်မှာ ဖြစ်နိုင်တယ်လို့ ကိုယ် မဆိုလိုဘူး၊ တစ်ခုတော့ ရှိတယ်၊ ကိုယ့်အတွေးစဟာ မှန်ခဲ့ရင် အဲဒီဝတ္ထုထဲကလို မဆိုးတောင် နုနုငယ်မှာ ဒုက္ခတစ်မျိုးမျိုး ရောက်သွားနိုင်တယ် "

နှင်းငွေသည် အတန်ကြာငိုင်လျက် စဉ်းစားနေ၏။ ပြီးမှ မေးသည်။

" ဒါဖြင့် ကိုယ် ဘာလုပ်ရမလဲ သူငယ်ချင်း "

" သူငယ်ချင်းမှာ လုပ်စရာ နှစ်နည်းရှိတယ်၊ အကောင်းဆုံးကတော့ နုနုငယ်ကို မေ့ပစ်လိုက်ပါ၊ ကိုယ်တို့လို ပျော်ပျော်နေ စာကြိုးစား၊ ကိုယ့်ဒုက္ခ ကိုယ်မရှာနဲ့၊ ငယ်ငယ်ရွယ်ရွယ်မှာ ချစ်တာတို့၊ လွမ်းတာတို့ဆိုတာ ဝက်သက်ကျောက်ဖြူပါ၊ ရေချိုးမှားရင် အချိန်တန် ပျောက်သွားမှာပဲ၊ အဲ ရေချိုးမှားရင်တော့ အပျက်ပျက်နဲ့ နှာခေါင်းသွေး ထွက်တတ်တယ် "

နှင်းငွေက ခေါင်းခါပြီး ဆို၏။

www.myanmarcupid.net

" နုနုငယ်ကို ကိုယ်ချစ်တာဟာ ဝက်သက်ကျောက်ဖြူ မဟုတ်ဘူး၊ တစ်နည်းအားဖြင့် ချစ်တာတောင် မဟုတ်ဘူး၊ ကရုဏာလို့ပဲ ခေါ်ရမယ် ထင်တယ်၊ ကိုယ် သနားတာပဲ၊ သနားတာကပဲ စခဲ့တာပဲ၊ နုနုငယ်ကို ကိုယ်မေ့ပစ်လို့ မရဘူး၊ ပြီးတော့ ကိုယ် ကတိပေးခဲ့ပြီးပြီ "

" ဒါဖြင့် တစ်နည်းပဲ ကျန်တော့တယ်၊ အဲဒါကတော့ ဖြစ်သမျှကို ရဲရဲပဲ ရင်ဆိုင်၊ အရမ်းတွေ ဘာမှ လျှောက်မလုပ်နဲ့၊ စိတ်ရှည်ရှည်နဲ့ အချိန်ကို စောင့်၊ ချစ်သူက တိုက်တွန်းလို့ လိုက်ခဲ့လိုက်ခဲ့၊ မောင်ရင်လိုက်မယ့် ဆရာဝန်လိုင်းဟာ မြင့်မြတ်တဲ့ ဘဝတစ်ခုပဲ၊ အဲဒီရည်ရွယ်ချက်ကို မပျောက်စေနဲ့ "

ကျော်ဖေသည် ခါတိုင်းနှင့်မတူ၊ တည်ကြည်စွာ ပြောလျက် နေရာမှထသည်။ ချက်ချင်းပင် မူလလက်ဟောင်း ကျော်ဖေ၏ ပုံစံအတိုင်း ပြုံးရွှင် ရယ်ဖြာလာ၏။

" မောင်ရင် ကိုယ်ပြောတာတွေကို တကယ့် အဟုတ်ကြီးထင်ပြီး စိတ်ပင်ပန်းမနေနဲ့ဦး၊ စကတည်းက ကိုယ် ဝန်ခံခဲ့တယ်၊ ကိုယ့်မှာ စုံထောက်လုပ်ချင်တဲ့ ရောဂါတစ်ခု ရှိတယ်လို့၊ ကိုယ့်အတွေးစ ဆိုတာတွေဟာ ကိုယ့် မဟုတ်တရုတ် စိတ်ကူးယဉ်မှုတွေ ဖြစ်ချင်ဖြစ်နေမယ်၊ အေးလေး ဖြစ်ဖို့က များနေတယ်၊ ပညာရှိ အကိုးကွယ်မှားတဲ့ ဟိုလူကြီးတစ်ယောက် လိုလဲ ဖြစ်နေဦးမယ် "

" ဘယ်လူကြီးတစ်ယောက်လဲ "

" ပုံထဲက လူကြီးတစ်ယောက်ပေါ့၊ ရှေးရှေးတုန်းက သိပ်ချမ်းသာတဲ့ လူကြီးတစ်ယောက်ရှိသတဲ့၊ သူ့မှာ သမီး ချောချောလဲ တစ်ယောက် ရှိသတဲ့၊ သူက သူ့သမီးကို ပညာရှိနဲ့မှ ပေးစားချင်တယ်၊ တစ်နေ့တော့ လူငယ်တစ်ယောက်ကို သွားတွေ့တယ်၊ အဲဒီလူငယ်ဟာ တစ်နေ့တစ်နေ့ ဘာမှမလုပ်ဘဲ ထိုင်ပြီး မုတ်ဆိတ်မွေးကိုသာ ပွတ်ပွတ်ပြီး စဉ်းစားနေလေ့ ရှိသတဲ့၊ လူကြီးကလဲ ပညာရှိပဲဆိုပြီး သူ့သမီးနဲ့ ပေးစားလိုက်သပေါ့၊ မိန်းမရပြီးလဲ ဒီငနဲက ဘာမှမလုပ်ဘဲ အားရင် မုတ်ဆိတ်မွေးပဲ ပွတ်ပွတ်ပြီး ထိုင်စဉ်းစားနေသတဲ့၊ နှစ်,လ အတော်ကြာသွားတော့ သူဌေးကြီးက အောက်မေ့တယ်၊ အင်း ငါ့သမက်မှာတော့ ဧကန္တ ကြီးမားတဲ့ အကြံအစည်ရှိပုံရတယ်၊ ငါ့ကို ဖွင့်ပြောရမှာ အားနာနေတယ်နဲ့ တူတယ်၊ ငါက စပြီး ဖွင့်မေးရမှာပဲ ဆိုပြီး ပညာရှိသမက်ကို မေးတာပေါ့၊ သားရယ် ငါ့သားမှာ ပြဿနာတစ်ရပ်ကို လေးလေးနက်နက် စဉ်းစား နေပုံရတယ်၊ မြုံမထားနဲ့ အဘကို ပြော၊ အဘ ကူညီဖြေရှင်းပေးမယ်ပေါ့၊ ဒီတော့မှ ငနဲသားက ဝန်ခံတယ်၊ ဟုတ်တယ် အဘရယ်၊ ဒီပြဿနာကို ကျွန်တော် ထိုင်စဉ်းစားလာတာ ဆယ်နှစ်ကျော်ပြီ၊ ဖြေရှင်းလို့ကို မရသေးဘူးလို့ ဆိုသတဲ့၊ ဒီတော့ သူဌေးကြီးက သိပ်ဝမ်းသာသွားပြီး အမလေး သားရယ်၊ ဒီလောက်တောင် အချိန်ယူ စဉ်းစားရတဲ့ ပြဿနာဟာ ဘယ်လောက်တောင် လေးနက်သလဲ၊ ပြောပြော၊ အဘပါ ကူစဉ်းစားပေးမယ်လို့ တိုက်တွန်းတယ်၊ ဒီတော့မှ ငနဲသားက သူ့ ပြဿနာကို ရှင်းပြတယ်၊ အိုင်ဆေး ဖိုးနှင်းငွေ ငနဲသားရဲ့ ပြဿနာကြီးက ဘာကြီးထင်လဲ "

" မောင်ရင့်ပုံဟာ ကိုယ်ဘယ်သိမလဲ "

" အဟီး . . . ငနဲသားရဲ့ ပြဿနာက တကယ်ကြီးတာပဲ၊ သူက မုတ်ဆိတ်မွေးကို ပွတ်ပြီး ဖြေတယ်၊ အဘရယ် ကျွန်တော် စဉ်းစားနေတာက ဟောဒီ မေးစေ့က အမွေးတွေဟာ ဘယ်က ဆင်းသက်လာသလဲ၊ နှာခေါင်းအောက်က နှုတ်ခမ်းမွေးရဲ့ အမျိုးတွေလား၊ ဒါမှမဟုတ် သကျသာကီဝင်တွေ ဆင်းလာသလို ပါးသိုင်းမွေးကတစ်ဆင့် ကူးလာတဲ့ ဆံပင်ရဲ့ အနွယ်ဝင်တွေလားတဲ့၊ အဟတ် ဟတ် အဟား ဟား၊ မောင်ရင်လဲ အဲဒီလို ပညာရှိ အကိုးကွယ် မှားနေဦးမယ်၊ ကဲ စကား ရှည်သွားပြီ၊ ချစ်တဲ့သူ ရောဂါသည်မလေးအတွက် မောင်ရင်လဲ စာကျက်ဦး၊ ကိုယ်လဲ မမလေး ထဘီဖိုး သွားကြိုးစား လိုက်ဦးမယ် "

ကျော်ဖေသည် အခန်းတွင်းမှ ထွက်သွား၏။

စားပွဲ၌ ထိုင်ရင်း နှင်းငွေ ငိုင်ကျန်ရစ်၏။

မည်မျှပင် အပြီးသတ်၌ ဟာသလုပ်၍ လျှောသွားသည်တိုင်စေ၊ ကျော်ဖေ၏ "အတွေးစ"သည် သူ့ရင်တွင်း တန်းလန်း ကျန်ရစ်သည်။ ရှေးယခင်က ရင်၌ မသိမသာ,သာ ရှိသော စိုးရိမ်မှုတို့သည် တိုးတက်အားကြီးလာသည်။

နှင်းငွေသည် စာတစ်စောင် ကောက်ရေးသည်။ နုနုငယ်ထံသို့ပင် ဖြစ်သည်။

ခါတိုင်းစာများ၌ လွမ်းသည်ကိုသာ အသားပေး ရေးမိသည်။ ယခုစာ၌ တတ်နိုင်သမျှ နှစ်သိမ့်အားပေးမှုကို ကြိုးစားဖော်ပြသည်။ စာအဆုံး၌မူ ခိုင်မာစွာ ကတိပေးသည်။

" ဒီနွေမှာ နုငယ်ဆီကို ကိုယ် လာဖြစ်အောင် လာခဲ့မယ်၊ ကိုယ်က သိပ် ကဗျာဆန်ဆန် မရေးတတ်ဘူး။ ရိုးနေပြီဖြစ်ပေမယ့် မှန်တယ်ထင်တဲ့ စကားကိုပဲ ကိုယ်သုံးမယ်၊ မြင်းမိုရ်တောင်ကြီး ကွယ်ကာဆီးတော့ မောင်ကြီး လာခဲ့မယ်။

www.myanmarcupid.net

ကိုယ် လာဖြစ်အောင် လာခဲ့မယ်၊ နုငယ်လိုပဲ ကိုယ့်စာ မဆုံးသေးဘူး။

**နုငယ်ရဲ့ ကိုယ် ”**

❑

## အခန်း ( ၂၀ )

## နှောင်ကြိုးငင်ရာ

သည်နွေတွင် ဦးတင်မောင်သည် ရာထူးတက်၍ သာယာဝတီ ခရိုင်ဝန် ဖြစ်လာသည်။ နှင်းငွေသည်လည်း ခက်ခဲလှသော ဒုတိယနှစ် ဥပစာသိပ္ပံတန်း စာမေးပွဲကြီးကို ကျေကျေနပ်နပ် ဖြေဆိုနိုင်ခဲ့သည်။ ခရိုင်ဝန်ဖြစ်လာသောကြောင့် ဝမ်းသာနေစဉ် ဖြစ်သဖြင့်လည်းကောင်း၊ ဆေးကောလိပ်ကျောင်းသားကြီးပင် ဖြစ်လာတော့မည့် သားကို လွတ်လပ်ခွင့် ပိုပေးသည့် အနေနှင့်လည်းကောင်း၊ ဦးတင်မောင်က သည်နွေတွင် နှင်းငွေအား သာစည်နှင့် ရွာမွန်သာသို့ အလည်သွားခွင့် ပြုသည်။

မီးရထားက ပျဉ်းမနားတွင် ညအိပ်သည်။ နောက်တစ်နေ့ နံနက်စောစောတွင် ပြန်ထွက်လာခဲ့ရာ မွန်းတိမ်းစတွင် သာစည်ဘူတာ၌ ဆိုက်သည်။

မမြင်ရသည်မှာ ကြာပြီဖြစ်သော သာစည်၏ တမာပင်တို့သည် နှင်းငွေ၏ ရင်ကို ခုန်စေသည်။ ရွက်ဟောင်း မကျန်ပြီ။ ရွက်သစ်တို့ကား စိမ်းနုနုလွင်နေ၏။ လေလာ၍ တမာရွက်တို့ လှုပ်ရှားသောအခါ အပြင်မျက်နှာ အစိမ်းနုနှင့် နောက်ကျောမှ အဖြူရောင်တို့ တစ်လှည့်စီ ပေါ်လွင်သည်။ ထိုအခါ မြနုတစ်ကြိမ်၊ ငွေဖြူတစ်လှည့်နှင့် နွေ၏သစ္စာရှင် ပင်ပျိုပင်အိုတို့သည် တလက်လက်ကွန့်မြူးသည်။

နှင်းငွေ၏ ရင်မှာလည်း တသိမ့်သိမ့် တဖိန့်ဖိန့်နှင့် ငြိမ့်ငြိမ့် တုန်ယင်နေသည်။

လူပြည့်အောင် မစောင့်လိုသော နှင်းငွေသည် မြင်းလှည်းကို စီးလုံးငှားလျက် ရွာမွန်သာဘက် ထွက်ခဲ့၏။ ခြင်းတောင်း တစ်လုံး၊ သားရေသေတ္တာတစ်လုံး၊ အိပ်ရာလိပ်တစ်လိပ်သာ ပါသောကြောင့် မြင်းလှည်းမှာ ချောင်သကဲ့သို့ ပေါ့ပါးနေသည်။ ထို့ကြောင့် မြင်းပုလေး၏ ခြေမှာ သွက်လှသည်။ ချူသံကလေးများကလည်း တလွင်လွင်နှင့်။

လမ်းဘေးရှိ ကုက္ကိုပင်ကြီးများက အရိပ်ကောင်းလှသည်။ ဆိတ်များ၊ သိုးများက လမ်းဘေး၌ ရှားရှားပါးပါး ပေါက်နေသော မြက်စိုစိုတို့ကို အေးဆေးပျင်းရိစွာ ရှာဖွေဝါးနေ၏။ အရောင်မပေါ်သော တဘက်ကို ခေါင်းတွင်ပေါင်းလျက် ကိုယ်ဝတ်ဗလာ၊ ခါးတွင် ပုဆိုးတိုကို စည်း၍ ဆိတ်ကျောင်းသားလုလင်တစ်ဦးသည် ကုက္ကိုပင်ခြေကို မှီပြီး စည်းစိမ်ကြီးစွာ အိပ်မောကျနေ၏။ သူ့ရဲဘော် တုတ်ရှည်တစ်ချောင်းမှာလည်း သူ့နည်းတူ သူ့ဘေးတွင် အေးအေးဆေးဆေး လဲလျောင်း အနားယူနေ၏။ နေစောင်း၍ ရွာပြန်ချိန်တန်လျှင် စည်းစိမ်ရှင် ဆိတ်ကျောင်းသားလည်း အလုပ်များတော့မည်။ သူ့ရဲဘော်ကြီး ကိုတုတ်ရှည်လည်း အလုပ်များတော့မည်။

နှင်းငွေ၏ စိတ်မှာ ထူးထူးဆန်းဆန်း (ရင်ခုန်သည်မှအပ) အေးချမ်းနေ၏။ လွတ်လပ်ပေါ့ပါး၍လည်း နေ၏။

နှင်းငွေကို အကဲခတ်ကြည့်နေရာမှ မြင်းလှည်းဆရာက မေးသည်။

“ ရွာမွန်သာ ဘယ်သူ့အိမ်သွားမလို့လဲ ”

“ ဘခက်တို့အိမ်ကိုပါ ”

မြင်းလှည်းဆရာ၏ မျက်နှာသည် စိတ်ဝင်စားမှုကို ပြ၏။

“ သြော် ကြီးတော်မြသား ဆရာလေး ကိုဘခက်တို့အိမ်ကိုပေါ့ ”

“ ဟုတ်ပါတယ် ”

“ ဆရာလေးကကော ရန်ကုန်က လာတာလား ”

“ ဟုတ်ပါတယ် ”

“ ဟိုဒင်း . . . အဟဲ . . . အဟဲဟာ ဟို . . . တက္ကသိုလ်က လာတာလား ”

“ ဟုတ်ပါတယ်၊ ဘာဖြစ်လို့လဲ ”

“ ဒါဖြင့် ဆရာလေးတို့ တရားပွဲ လုပ်ဖြစ်ကြဦးမလား ”

“ ခင်ဗျာ ”

www.myanmarcupid.net

" တရားပွဲကောင်းကောင်း မနာရတာ ကြာသွားပြီ၊ ဟိုတုန်းကတော့ ဆရာလေးတို့ တက္ကသိုလ်က ကျောင်းသားတွေ လာရင် ဆရာလေး ကိုဘခက်နဲ့ တွဲပြီး နှိပ်ကြတာ၊ ဒီက ငတိတွေ ကော့ကော့ပြီး ကျွန်ရစ်တယ်၊ ဒါပေမယ့် တစ်ခါ အဖမ်း ခံရပြီးကတည်းက ဆရာလေးကိုဘခက်လဲ ငြိမ်သွားတယ်၊ အခုတော့ ရွာမှာပဲ ယာလုပ်နေတယ်၊ သူ့ပညာတွေ နှမြောစရာပဲ"

" ဘခက် တကယ်ပဲ ငြိမ်သွားပြီလား "

" ကျောင်းသားတုန်းကလို တရားဟောတာ မတွေ့ရတာ ပြောတာ လယ်သမားတွေ ယာသမားတွေနဲ့တော့ တစ်ခုခု လုပ်ချင်လုပ်နေမှာပေါ့၊ မြို့နေတော့ ကျွန်တော်တို့က သိပ်မသိဘူး၊ ဒါထက် ဆရာလေးက ဆရာလေးကိုဘခက်ရဲ့ သူငယ်ချင်းလား "

မြင်းလှည်းဆရာက အနည်းငယ် မသင်္ကာဟန်နှင့် မေး၏။

" ဟုတ်ပါတယ်၊ အရင်က ဒီသာစည်ကျောင်းမှာ ကျောင်းနေဘက်ပဲ၊ ခင်ဗျား မသိဘူးလား၊ ကျွန်တော့်အဖေက ဒီမှာ မြို့ပိုင်လုပ်ဖူးတယ်၊ ဦးတင်မောင်လေ "

မြင်းလှည်းဆရာသည် အံ့ဩဝမ်းသာဟန်နှင့် နှင်းငွေကို ပြန်ကြည့်သည်။

" ဟာ . . . အို . . . ဟုတ်သားပဲ၊ ဒါကြောင့် မြင်ဖူးတယ်လို့ ထင်သား၊ ဆရာလေးက အရပ်ထွက်လာတယ်၊ ဒါထက် ဆရာလေးတို့က အခု ဘယ်မှာလဲ "

" ကျွန်တော့်အဖေက သာယာဝတီခရိုင်မှာ အရေးပိုင်ဖြစ်နေပြီ၊ ကျွန်တော်က တက္ကသိုလ်မှာပါ "

" ဒါဖြင့် ဆရာလေးလဲ ဆရာလေးအဖေလို အရေးပိုင်တွေ ဘာတွေ ဖြစ်ဦးမှာပေါ့ "

" ကျွန်တော် အရေးပိုင် မဖြစ်ချင်ပါဘူး၊ ကျွန်တော်က အခု ဆရာဝန်လမ်းကို လိုက်ပါတယ် "

" ဟာ အဲဒါက သာကောင်းတာပေါ့၊ သိပ်ပိုက်ဆံရတဲ့အလုပ်ပဲ "

နှင်းငွေ၏ ရင်ထဲတွင် အနည်းငယ် မကျေမနပ်ဖြစ်သွားသည်။ သူ ဆရာဝန်လိုင်းကို လိုက်သည်မှာ ပိုက်ဆံရရန် မဟုတ်။ မည်သို့ဖြစ်စေ မြင်းလှည်းဆရာနှင့် ပြိုင်မငြင်း။ မြင်းလှည်းဆရာ၏ မျက်နှာမှာလည်း မှန်သောသစ္စာကို ဆိုပြီး သကဲ့သို့ ပကတိ တည်ငြိမ်ရိုးသားနေ၏။

မြင်းလှည်းသည် ရွာမွန်သာအနီး ရောက်လာ၏။

" ဒါထက် ရွာရောက်ရင် သူကြီးအိမ်တော့ သွားအကြောင်းကြားထားဦး ဆရာလေး "

" ဒီလိုပဲ အကြောင်းကြားရသလား "

" ဟာ . . . ကြားရတာပေါ့၊ ဆရာလေးက အရေးပိုင်သားဆိုတော့ ကိစ္စ သိပ်မရှိပါဘူး၊ အဲ . . . နက်ဖြန် မတော်တဆ တိုက်ပိုင် ဦးထွန်းသောင်နဲ့ တွေ့လို့ ဆရာလေးကိုဘခက်အိမ် ဘယ်သူ့ပို့ပေးရသလဲ မေးရင် ကျွန်တော့်အတွက် ဖြေရမှာ အရသာပဲ၊ အရေးပိုင် ဦးတင်မောင်သားလို့ ဟား ဟား "

" ဦးထွန်းသောင် . . . အရင် ရဲအုပ် ဦးထွန်းသောင်လား "

" ဟုတ်တယ်လေ၊ ဟိုးတလောက ဌာနအုပ်နဲ့ ယင်းမာပင် ပြောင်းသွားရတယ်၊ အခု တိုက်ပိုင်နဲ့ ဒီပြန်ရောက် လာတယ် "

" ဦးထွန်းသောင်က ဒီလိုပဲ လူဝင်လူထွက်တွေ စစ်သလား "

" ဟာ . . . စစ်တာပေါ့၊ ဦးထွန်းသောင်ဟာ သိပ်စေ့စပ်၊ သိပ်သေချာ၊ သိပ်တော်တဲ့လူ၊ သူ့လိုလူတော်မျိုးဆိုရင် ကျွန်တော်တို့နယ်မှာ ဘယ်သူခိုး လူဆိုး ရှိနိုင်မလဲ၊ ဒါပေမယ့် ခက်တာက "

မြင်းလှည်းဆရာသည် သတိဝင်ဟန် နှုတ်ကို ဇက်တုန့်လိုက်၏။

" ဆက်ပါဦးလေ၊ ခက်တာက ဘာလဲ "

" အင်း . . . ဆရာလေးကိုတော့ ယုံလို့ ပြောလိုက်ရဦးမယ်၊ ကျွန်တော်က မရှိလို့ မြင်းလှည်းမောင်းစားနေရတာ၊ အချိန်တော်သည် မတော်သည်ဖြစ်စေ၊ လူရရင် ပို့ခိုင်းတဲ့နေရာကို ပို့ပေးရတာပဲ၊ သူခိုးလူဆိုးကို ကျွန်တော်လဲ ကြောက်တာပဲ၊ သူခိုးလူဆိုးကို နှိမ်တဲ့ ဆရာဦးထွန်းသောင်လို တိုက်ပိုင်ဟာ ကျွန်တော်တို့ရဲ့ ရန်သူမဟုတ်ဘူး၊ လေးစားပါတယ်၊ ခက်တာက အင်း . . . ဒါထက် ဆရာလေး ပဒကုသလဇာတ် ကြည့်ဖူးလား "

" ဟင့်အင်း . . . မကြည့်ဖူးဘူး "

" သိပ်ကောင်းတဲ့ဇာတ်ပဲ ဆရာလေးရ၊ အခုခေတ်နဲ့ သိပ်ကိုက်တယ်၊ ကျွန်တော်က စာလဲမတတ်ဘူး၊ အသံလဲ မရပါဘူး၊ ဟိုတစ်စ ဒီတစ်စတော့ မှတ်မိသား၊ ဘာတဲ့ . . . အင်း . . . အကြံခက်ပါသနော် **သန်လျက်တော်ယူသည့် သူခိုးကိုလ၊** အဲ . . . အဲဒီလိုဆိုတာပဲ၊ ပြီးတော့ ဘာတဲ့ . . . အင်း . . . **သူခိုးကလဲ သူခိုးမျက်နှာကြီးပေမို့** . . . တဲ့၊ သိပ်ထိတာပဲ၊ ဩော် ဆရာလေးရေ၊ ရွာရောက်ပြီ ဖဲ့ဆင်းလိုက်တော့မယ်၊ ဇောင်းနည်းနည်းထက်တယ်၊ သံကိုင်းကို ကိုင်ထား"

www.myanmarcupid.net

မြင်းပုလေးသည် ဇက်ဆွဲထားသောကြောင့် အာပြဲလျက် ကတ္တရာလမ်းမှ ရွာလယ် မြေလမ်းဆီ ဆင်းသည်။ မြင်းလှည်းသည် ဘယ်ညာ အကြိမ်ကြိမ် ယိမ်းသည်။ သိမ့်သိမ့်လည်း ခါသည်။ လေးကျိုးမတတ်လည်း ဆောင့်၏။ ရွာလယ်လမ်း၌ ပြေးမိပြန်သော် ဖုန်ခိုးတလူလူ ထလာ၏။

မြင်းလှည်းဆရာက ဘခက်တို့အိမ်ရှေ့ ရပ်ပေးသည်။ နှင်းငွေက ငါးကျပ်တန်တစ်ရွက် ထုတ်ပေးသောအခါ သူက မော့ကြည့်၏။

" ကျပ်တန်မပါဘူးလား ဆရာလေး၊ ပြန်အမ်းစရာ နှစ်ကျပ်မပါဘူး "

" မအမ်းပါနဲ့ဗျာ၊ ငါးကျပ်ပဲ ယူသွားပါ "

" ဟာ . . . အားနာစရာကြီး ဆရာလေး၊ ဒါဖြင့် ပစ္စည်းတွေ ကျွန်တော် ကူချပေးခဲ့မယ် "

နှင်းငွေ မတားမြစ်နိုင်မီ မြင်းလှည်းဆရာသည် ပစ္စည်းများကို ခြံတွင်း အိမ်ရှေ့မြေတလင်းပေး သယ်ယူချထားပေးခဲ့ပြီး ပြန်ထွက်သွား၏။

နှင်းငွေသည် မြေတလင်းဝယ် ရပ်ရင်း ခေါင်းလှည့်ကြည့်သည်။

ယခင်ကထက်စာလျှင် အိမ်လေးသည် ပိုမို သပ်ရပ်နေ၏။ တစ်နည်းအားဖြင့် အိမ်နှင့်တူသော သပ်ရပ်သည့်တဲတစ်လုံး ဖြစ်နေ၏။ ခြံဝင်းမှာလည်း ပိုကျယ်နေသည် ထင်၏။ အထူးသဖြင့် နောက်ဖေးဘက်က ပိုကျယ်သည်။

ခြံတွင်းမှ အနံ့အသက်ကမူ နှင်းငွေ၏ နှာခေါင်းကို ရှုံ့သွားစေသည်။ နှာပိတ်သူကို ပွင့်စေနိုင်သော ဆိတ်သိုးနံ့၊ ဆိတ်ချေးနံ့နှင့် ဆိတ်သေးနံ့တို့တည်း။

တဲအိမ်တွင်းမှ လှုပ်ရှားသံပေါ်လာ၏။ မြေပြင်နှင့် တုတ်ထိဟန်ကား အထင်ရှားဆုံးဖြစ်၏။ မကြာမီ တံစက်မြိတ်အောက်၌ ဒေါ်မြ ရပ်နေ၏။

ဒေါ်မြ၊ ဒေါ်မြဟု သိပြီးဖြစ်သောကြောင့်သာ ဒေါ်မြဟု အသိအမှတ်ပြုလိုက်ရသည်။ နောက်ဆုံးတွေ့ခဲ့ရသော ဒေါ်မြနှင့်ပင် လုံးလုံးမတူ။

ဦးခေါင်းထက်၌ ဆံပင်များ ရှိရုံသာ ရှိတော့၏။ မျက်နှာ၌ ပါးရေတို့ အလိပ်လိပ် ထနေ၏။ အလိပ်လိပ်ထနေသော ပါးရေတို့သည် နက်ရှိုင်းထူထပ်ကာ မြွေပွေးရောင်သို့ ပြာနှမ်းညိုမှိုင်းနေသည်။

ဆံပင်ဖြူ တစ်ပင်နှစ်ပင်သာရှိသော ဦးခေါင်းက အရုပ်ဆိုးသည်။ ပြာနှမ်းညိုမှိုင်းသော ပါးရေလိပ်တို့ကြောင့် မျက်နှာက ပိုအရုပ်ဆိုးနေ၏။ ထဘီရင်လျားလျက် ရင်လျားထက်ပေါ်နေသော ပုခုံးတွင် အသားမရှိ၊ အရိုးငေါငေါ ထင်နေ၏။ လက်တွင်း၌လည်း တောင်ဝှေးကြီးတစ်ချောင်းကို ဆုပ်ကိုင်ထားသည်။

ဒေါ်မြ၏ နှုတ်မှ ခြောက်ကပ်အက်ကွဲသော အသံပေါ်လာသည်။

" ဘယ်သူလဲ၊ စောစောက မြင်းလှည်းသံ ကြားတယ်၊ ဘယ်သူ ရောက်လာလဲ "

" ကျွန်တော်ပါ ကြီးတော်၊ နှင်းငွေပါ၊ မောင်နှင်းငွေပါ "

" ဘယ်က နှင်းငွေလဲ၊ ကြားတော့ ကြားဖူးတယ်၊ ဒါပေမယ့် ဘယ်က နှင်းငွေလဲ "

နှင်းငွေသည် ရှေ့တိုးသွား၏။ ဒေါ်မြ၏ တောင်ဝှေးကိုင်မထားသော လက်တစ်ဖက်ကို ဆုပ်လိုက်ပြီး ဖြေသည်။

" ကျွန်တော်ပါ ကြီးတော်မြ၊ ကြီးတော်က မြို့ပိုင်သားကလေးလို့ ခေါ်တဲ့ ဘခက်ရဲ့ သူငယ်ချင်း မောင်နှင်းငွေပါ "

ဒေါ်မြသည် သိသိသာသာ တုန်လှုပ်သွား၏။

" ဘုရားရေ မြို့ပိုင်သားကလေး၊ မောင်နှင်းငွေ လူကလေး၊ ကြီးတော်တို့ဆီ ဘာလာလုပ်တာလဲ "

" ရွာမွန်သာကို ပြန်လာလည်တာ ကြီးတော်၊ ကြီးတော်တို့အိမ်မှာ ကျွန်တော် လာတည်းတယ်၊ ကြီးတော် တည်းခွင့်ပြုမလား "

" တည်းခွင့်ပြုမလား၊ မြို့ပိုင်သားက ကြီးတော်ကို ဒီလို မေးတယ်၊ တည်းခွင့် ပြုမလား၊ လူကလေး ကြီးတော်ကို တွဲစမ်း၊ ဟိုရှေ့မှာ ဘခက်လုပ်ထားတဲ့ ကွပ်ပျစ်ရှိတယ်၊ အဲဒီမှာ သွားထိုင်ရအောင် "

တဲအိမ်ရှေ့ မြေတလင်းတွင် ကွပ်ပျစ်တစ်ခု ရှိသည်။ ထိုကွပ်ပျစ်ဆီသို့ ဒေါ်မြကို နှင်းငွေက တွဲခေါ်ယူသွား၏။

ကွပ်ပျစ်ပေါ် ထိုင်ပြီးကြသောအခါ ဒေါ်မြက စကားစပြောသည်။

" မြို့ပိုင်သားကလေး အရင်တုန်းကလာရင် စက်ဘီးက ကလင်ကလင် မြည်သံကြားတယ်၊ ခုတော့ မြင်းလှည်းသံတော့ ကြားသလိုလိုရှိသား၊ ကြီးတော် မှေးမှေးအိပ်ပျော်သွားတယ်၊ မြင်းလှည်းသံ ကြားပေမယ့် ရုတ်တရက် ထလို့မရဘူး၊ လူကလေး မောင်နှင်းငွေ ကြီးတော်မှာ အခု ပိုဒုက္ခိတ ဖြစ်နေတယ် "

ကြီးတော်မြ ဖွင့်ပြောဖို့ မလိုပါ၊ နှင်းငွေ မြင်ပြီးဖြစ်၏။ ကြီးတော်မြက ဖွင့်ပြောသောအခါ နှင်းငွေ၏ရင် ပိုဆို့သွား၏။

ဒေါ်မြကသာ ဆက်မေး၏။

www.myanmarcupid.net

" လူကလေး ဘယ်က လာတာလဲ၊ လူကလေး အဖေကော အခု ဘယ်မှာလဲ "

" ကျွန်တော် ရန်ကုန်က လာခဲ့တယ် ကြီးတော်၊ အခု ကျွန်တော့် ဖေဖေက မြို့ပိုင်မဟုတ်တော့ဘူး၊ ခရိုင်ဝန် "

" ခရိုင်ဝန်ဆိုတာ ဘာလဲ လူကလေး "

" ဩော် . . . ဟုတ်သားပဲ၊ ခရိုင်ဝန်ဆိုတာ အရေးပိုင် ကြီးတော်မြ "

ကြီးတော်မြသည် ကြားရချက်ကို မယုံနိုင်ဟန်ဖြင့် မမြင်သော မျက်လုံးကြီးများနှင့် နှင်းငွေဘက် လှည့်ကြည့်သည်။

" အရေးပိုင်သားက ကြီးတော်မြတို့ ရွာကို ပြန်လာလည်တယ်၊ ပြီးတော့ ကြီးတော်မြတို့ တဲမှာ တည်းမယ်၊ မောင်နှင်းငွေ ဘခက် သိရင် သိပ်ဝမ်းသာမှာပဲ "

" အခု ဘခက် ဘယ်သွားလဲ ကြီးတော် "

" ပြောင်းစိုက်ဖို့ မြေလဲရှာရင်း၊ ဆိတ်လဲကျောင်းရင်း ထွက်သွားတာပဲ၊ မောင်နှင်းငွေ အခု ဘခက်က အတော် လိမ္မာနေပြီ "

" ကြားရတာ ဝမ်းသာပါတယ် ကြီးတော်၊ ဩော် . . . ကျွန်တော့်ပစ္စည်းတွေ အိမ်ထဲ သွင်းလိုက်ဦးမယ် "

" သွင်း သွင်း၊ အိမ်တွင်းခန်းမှာ မင်းတို့ သူငယ်ချင်းနှစ်ယောက် အိပ်ကြ၊ ကြီးတော်ကတော့ ဆင်းရလွယ် တက်ရ လွယ်အောင် အပြင်ခန်းမှာပဲ အိပ်တယ် "

နှင်းငွေသည် ပစ္စည်းများကို အိမ်တွင်းသို့ သွင်းသည်။ ပြီးသောအခါ အတန် ခွေးပြန်လာ၏။

ဒေါ်မြက လှမ်းမေးသည်။

" မောင်နှင်းငွေ ရေချိုးမလား၊ ဒီက လူတွေကတော့ ဆည်ပေါ်မှာ ချောင်းမှာ သွားကူးကြတာပဲ၊ ရေက နောက်တယ်၊ လူကလေးတို့ မြို့သားတွေ အသားမည်းကုန်ဦးမယ်၊ ကြီးတော်ဖို့ ဘခက် ခပ်ထားတဲ့ရေတော့ ရှိတယ်၊ ကြည်နေပြီ ထင်တာပဲ၊ မိန်းမချိုးအိုးက ချိုးလို့ ဘုန်းနိမ့်မှာ မကြောက်ရင်တော့ လူကလေးလဲ ရေကြည်ချိုးလေ "

" ကိစ္စမရှိပါဘူး ကြီးတော်၊ ကျွန်တော် မီးရထားပေါ်မှာ ရေချိုးခဲ့ပြီးပြီ "

" ဟဲ့ မီးရထားပေါ်မှာ ရေဘယ်လိုလုပ်ချိုးလဲ "

" ပထမတန်းတွဲတွေမှာ ရေချိုးခန်းပါပါတယ် ကြီးတော်၊ ကျွန်တော် မျက်နှာပဲ သစ်တော့မယ် "

နှင်းငွေသည် အိမ်နောက်ဖေးဘက် ထွက်ခဲ့၏။ အသင့်တွေ့ရသော ရေတစ်အိုးမှ ရေခပ်ယူကာ ခြေလက်ဆေးသည်။ ထို့နောက် မျက်နှာသစ်သည်။

ပိုးပျော့ အင်္ကျီလက်တို၊ တွဲပုဆိုး အစိမ်းကွက်ဝတ်ပြီး နှင်းငွေသည် အိမ်တွင်းမှ ထွက်လာ၏။

" ကြီးတော်ရေ . . . ညစာကို ဘယ်သူ ချက်သလဲ "

" ထမင်းတော့ ခါတိုင်း ငြိမ်းသာ ချက်ပေးတယ်၊ ဟင်းတော့ လူကလေး ဘခက်ပြန်လာမှ ဖြစ်သလို ချက်တာပဲ၊ အခု ငြိမ်းသာလဲ ဘုရားငါးဆူဘက် သွားနေတယ်၊ ကိစ္စမရှိဘူး၊ အခု ညွန့်မေ ရွာပြန်ရောက်နေတယ် "

ညွန့်မေ၊ ဘာကြောင့်မသိ၊ နှင်းငွေ၏ ရင် မသိမသာ တုန်သွားသည်။ ဒေါ်မြကသာ ဆက်ပြော၏။

" ညွန့်မေက လူကလေးတို့ ဘခက်တို့ရဲ့ သူငယ်ချင်း မဟုတ်လား၊ ကလေးမ တော်ရှာတယ်၊ သူကလဲ ကော်လိပ် ဆိုလား . . . ကောလိပ်ဆိုလား အဲဒါမှာ၊ ဘာတဲ့ အိုင်အိုင် ဆိုလား . . . ဘာဆိုလား မသိဘူး တက်နေသတဲ့၊ ဒါပေမယ့် မာနမကြီးရှာဘူး၊ ညနေဆိုရင် ရောက်ရောက်လာတာပဲ၊ ကြီးတော်ကို ရေချိုးပေးတယ်၊ ထမင်း မချက်ရသေးရင်လည်း ချက်ပေးသွားတာပဲ "

နှင်းငွေ ခေတ္တ ငိုင်သွား၏။ ဒေါ်မြ မွေးကိုက်ခံရစဉ်က ညွန့်မေ ကိုယ်ဖိရင်ဖိ ပြုစုခဲ့သည်ကိုလည်း သတိရမိ၏။

" ကြီးတော်ရေ ကျွန်တော် လမ်းထွက်လျှောက်လိုက်ဦးမယ်၊ ဘခက် ပြန်လာရင် ပြောပါ၊ ဟင်း အထူးမလုပ်နဲ့လို့၊ ကျွန်တော့် ခြင်းတောင်းထဲမှာ ငါးပုပ်ခြောက်နဲ့ ကကူရံခြောက် ပါလာတယ်၊ တစ်ဝက်က ဒီအိမ်အတွက်၊ တစ်ဝက်က ညွန့်မေတို့ အိမ်အတွက်၊ ညွန့်မေ ရောက်လာရင်လဲ ပြောပြလိုက်ပါ၊ ခြံထောင့်မှာ ချက်စားကြမယ်၊ ငါးပုပ်ခြောက် ကင်ချင်ရင်လဲ ကင်ပေါ့၊ ဩော် ဒါထက် ကြီးတော် ငါးခြောက်စားလို့ ရပြီလား "

" ဟိုတစ်ခါ ငါးပိကင် စားမိကတည်းက ကမ်းကုန်သွားပြီ၊ မထူးပါဘူး၊ ကြီးတော် မျက်စိလဲ မမြင်တော့ပါဘူး၊ ကြီးတော် အခု အကုန်စားတယ်၊ ဝတ်နေတဲ့ ဘဝမှာ ချေးများလို့ မဖြစ်ဘူး မဟုတ်လား၊ ငါးပုပ်ခြောက် ကြီးတော် မစားရတာ ကြာလှပြီ၊ အေး အေး လူကလေး လမ်းလျှောက်ဦးလေ၊ ဘခက်ပြန်လာရင် ပြောထားလိုက်မယ် "

နှင်းငွေသည် ခြံတွင်းမှ ထွက်လာ၏။ သူ့စိတ်က အမိန့်ပေးရန် မလိုပဲ ခြေထောက်တို့သည် မြောက်ဘက်သို့ ခရီးနှင်လေသည်။

ရွာခြံစည်းရိုးကို ကျော်ခဲ့သည်။ စောင်ခြမ်းနှင့် နာနတ်ပင်ရိုင်းတို့ ကြီးစိုးသော ဖုန်းဆိုးတောများကို လွန်လာသည်။

www.myanmarcupid.net

မြင်ရလေပြီ။ နုနုငယ်တို့၏ ခြံကြီးနှင့် အိမ်ကြီးကို မြင်ရပြန်လေပြီ။

ရင်တို့သည် တဒိန်းဒိန်း ခုန်လာ၏။ စိုးရိမ်ကြောင့်ကျစိတ်များလည်း ဝင်လာ၏။

နှင်းငွေသည် ခင်တန်းဆီရောက်အောင် သွက်သွက်လျှောက်ခဲ့သည်။

ခင်တန်းမြေထက် ရွက်ဝါတို့ ဖုံးလျက်ရှိသေးသော်လည်း ခင်တန်းရှိ ပင်အိုပင်ပျိုတို့ထက် ရွက်ဝါ မကျန်ပြီ။ လက်ပံပင်တို့ထက်လည်း ပတ္တမြားပွင့်နီတို့ မမြင်ရပြီ။ လက်ပံပင်တို့ထက် မြရွက်တို့ သစ်သစ်လွင်နေသည်။ လက်ပံသီးတို့ စိမ်းစိမ်းညိုညို ခိုသီးစ ပြုနေ၏။

စမ်းချောင်းတွင်း၌ ရေ လုံးဝ ခန်းခြောက်နေပြီ။

နုနုငယ်နှင့် သူ စတင်တွေ့ခဲ့သော နေရာကလေး၌ တာတမံလေးကို တွေ့ရသည်။ ရေကား မရှိပြီ။ ခြောက်သွေ့နေသော တာတမံကို မှီလျောင်းလျက် တင်နေသော လက်ပံခေါင်းများကို တွေ့ရသည်။ ပွင့်လွှာနီနီ မကျန်ပြီ။ ဝတ်ဆံတိုင် ရှည်ရှည်တို့ ညိုနေ၏။ ဝတ်လွှာခံ ကန်တော့ချပ်တို့က ညိုမည်းနေ၏။

နှင်းငွေသည် လက်ပံပင်စည်ကို မှီရင်း အရှေ့သို့ ကြည့်သည်။

ရှမ်းရိုးမတောင်မင်းက ပြာနေ၏။ မြူအဝေ့လည်း ခံနေရ၏။

နှင်းငွေက နုနုငယ်တို့၏ ခြံကြီးဆီ လှမ်းကြည့်သည်။

ခြံကြီးကို ကာရံထားသော ထိပ်ချွန်ပျဉ်ချပ်များက ရေနံရောင်ဖြင့် ညိုမြ ညိုနေရသည်။ ပျဉ်ချွန်များထက် တစ်လျှောက် သံဆူးကြိုးကိုလည်း မြင်နေရသေးသည်။

ခြံတွင်း၌ သစ်ပင်တို့ အုံ့မှိုင်းမြ အုံ့မှိုင်းနေသည်။ တမာပင်တို့ကသာ မြတစ်လှည့် ငွေတစ်လှည့် လက်လက်ပြနေ၏။

နွေဦးတော့မူ မကုန်သေးပါ။ နွေဦးမကုန်သေးကြောင်း သတိပေးဟန် ခင်တန်း၌ ဥသြသံ ဝေနေ၏။

လက်ပံပင်ကို မှီရင်း နှင်းငွေ ငြိမ်ရပ်နေ၏။ နုနုငယ်တို့၏ အိမ်ကြီးဆီငေးရင်း ငြိမ်ရပ်နေ၏။

မိမိ ရွာမွန်သာသို့ ရောက်နေပြီကို နုနုငယ်ခမျာ သိရှာပါမည်လော၊ သိရှာအောင်လည်း ဘာပြုရပါမည်နည်း။

ဤသို့အတွေးနှင့် နှင်းငွေ ငိုင်နေခိုက် ခြေသံသဲ့သဲ့ကို ကြားရသည်။

နှင်းငွေသည် လျှင်မြန်စွာဖြင့် အနီးရှိ ချုံပုတ်တစ်ခုတွင် ဝင်ပုန်းလိုက်သည်။

ချစ်ရ လွမ်းရသူလေးကို အလစ်ချောင်း၍ လှန့်တော့ လှန့်လိုက်ချင်သည်။ ချစ်သူ လန့်လေမှ ရင်ခွင်တွင် ပွေ့သွင်းပြီး မျက်နှာပြ၍ အားတက်စေမည်။ ကြောက်ဖော‌ကြောင့် ရဲရဲနီနေသော ပါးလေကို မွှေးမွှေးကြူမည်။ ကရုဏာဒေါသောနှင့် ချစ်သူက ရင်ကိုထုလျှင် သဘောကောင်းစွာ ပြုံး၍ပင် ရယ်လိုက်ဦးမည်။

ချုံတွင်းက လှမ်းကြည့်ရလေသောကြောင့် မသည်းကွဲ။ မမျှော်လင့်ဘဲ ချုံ၏အရွက်တို့က ထူနေသည်။ မြင်ရသမျှမှာ ထဘီလေးကို မလျက် လျှောက်လာသူလေး တစ်ဦးသာတည်း။ သူကလေး၏ ထဘီက ဆူးချုံတစ်ခု၌ ငြိနေသည်။ သူကလေးက နှင်းငွေဘက် ကျောပေးကာ ဆူးငြိနေသော ထဘီကို ခဲယဉ်းစွာ ဖြုတ်နေ၏။

သမင်မငယ်ကို ခုန်အုပ်တော့မည့် ကျားအသွင် နှင်းငွေသည် ချုံတွင်းမှ ထွက်လိုက်၏။

ဘာကိုမျှ သတိပြုမိဟန် မတူသူကလေးကို နောက်မှ နေ၍ ကျုံးဖက်လိုက်သည်။

“ အို . . . အမလေး ”

❑

## အခန်း ( ၂၁ )

## ပဘာဝတီ

နှင်းငွေလည်း ထိတ်လန့် တုန်လှုပ်သွားသည်။

ရင်ခွင်တွင်းမှ မိန်းမပျိုကို ငေးငေး ကြည့်နေမိသည်။

မိန်းမပျိုက နှင်းငွေ၏ ရင်ခွင်တွင်းမှ ရုန်းခွာထွက်လိုက်၏။

မိန်းမပျိုသည် နဖူးပေါ် ဝဲကျလာသော ဆံပင်များကို ပွတ်သပ်မ,တင်ပြီး ဒေါသသံနှင့် အပြစ်တင်၏။

“ နှင်းငွေ ဒီလိုပဲ ရမ်းလုပ်ရသလား၊ ငါ နုနုငယ် မဟုတ်ဘူး၊ ညွန့်မေ ”

ဒေါသသွေးကြောင့်လော၊ ရှက်သွေးကြောင့်လော မသိ။ ညွန့်မေ၏ မျက်နှာမှာ အတန်ရဲနေ၏။

www.myanmarcupid.net

ရှက်ကိုးရှက်ကန်းဖြစ်လျက် နှင်းငွေမှာ ရုတ်တရက် စကားမဆိုနိုင်။ အတန်ကြာမှ ထစ်ထစ်ငေါ့ငေါ့နှင့် တောင်းပန်၏။

" နှင် . . . နှင် . . . နှင်မှန်းမသိလို့ပါ ညွန့်မေရာ၊ ငါက နု . . . နု . . . နုနုငယ် မှတ်လို့၊ ဟိုဒင်း . . . အဲ . . . ကျီစားမိတာပါ "

ညွန့်မေသည် သက်ပြင်းလေး မသိမသာရှိုက်ပြီး . . . "နှင် . . . တော်တော်ဆိုးတာပဲ"ဟု မှတ်ချက်ချ၏။ အသံလေး မသိမသာတုန်နေမှန်း နှင်းငွေ သတိပြုမိ၏။

အခြေအနေ ပြောင်းသွားရန် စကားကို လှီးလွှဲဖို့ နှင်းငွေ ကြိုးစားသည်။ စကားစကို ရုတ်တရက် ရှာမတွေ့၊ တွေ့ရာကို ပြောချမိပြန်တော့လည်း မမေးအပ်သည့် မေးခွန်းဖြစ်နေပြန်၏။

" ငါ ဒီမှာ ရှိနေမယ်မှန်း နှင် ဘယ်လိုလုပ်သိသလဲ ညွန့်မေ "

ညွန့်မေက ဆတ်ကနဲ သူ့ကို မော့ကြည့်သည်။ မျက်လုံးညိုကြီးများက တစ်စုံတစ်ရာ မကျေနပ်မှုကို ဖော်ပြနေ၏။

" နှင် ဒီနေရာမှာ ရှိနေလိမ့်မယ်ဆိုတာ ငါ သတိမေ့သွားတယ်၊ ငါ လာရင်းက တစ်ကိစ္စပဲ၊ အင်းလေ . . . နှင်တို့ နှစ်ယောက်အတွက်ပါပဲ "

နှင်းငွေသည် နားမလည်ဘဲ ညွန့်မေကို ကြည့်သည်။

ညွန့်မေက လက်တွင်းမှ စာရွက်ခေါက်ကလေး တစ်ခုကို ပြသည်။

" အဲဒါ ဘာလဲ ညွန့်မေ "

" ကြီးဒေါ်မြဆီက နှင် ရောက်နေတာ ငါ သိခဲ့တယ်လေ၊ ဒါက နှင်ရောက်နေတာ နုနုငယ်ဆီကို အကြောင်းကြားတဲ့စာ၊ ငါက နုနုငယ်နဲ့ နှင့်ရဲ့ ပို့(စ်)မန်း မဟုတ်လား "

နှင်းငွေ စိတ်မကောင်းဖြစ်သွား၏။ ဝမ်းနည်းသော လေသံနှင့် ကန့်ကွက်၏။

" နှင့် ကိုယ်ကို ပို့(စ်)မန်းလို့ မပြောပါနဲ့ ညွန့်မေ၊ နှင့်ကို ငါ လေးစားပါတယ်၊ ဒါပေမယ့် နုနုငယ်နဲ့ ငါ့အတွက် နှင်ကလွဲပြီး အားကိုးရမယ့်လူ မရှိဘူး "

မျက်လုံးညိုများက သူ့ကို တစ်ချက်စိုက်ကြည့်ပြန်သည်။ ခဏတွင်ပင် ညွန့်မေက ပြုံးသည်။

" ဒီလိုဆိုရင်တော့ ကျေးဇူးတင်ပါတယ် သူငယ်ချင်းရယ်၊ ကဲ ငါလုပ်တာ သေသေချာချာကြည့် "

ညွန့်မေသည် လက်ပံပင်ခြေသို့ ကပ်သွားပြီး ဒူးထောက်ထိုင်လိုက်၏။ ပင်ခြေရင်း တစ်နေရာ၌ ဖုံးလွှမ်းနေသော ရွက်ဝါများကို ဖယ်ရှားလိုက်သည်။ မြေထဲ တစ်ဝက်မြုပ်နေသော အုတ်ခဲကျိုးတစ်လုံးကို အသာမယူလိုက်၏။ ပေါ်လာသော မြေကျင်းလေးထဲသို့ စာရွက်ခေါက်ကလေးကို ထည့်လိုက်သည်။ အုတ်ခဲကျိုးကို နေသားတကျ ပြန်ထားလိုက်ပြီး သစ်ရွက်များကိုလည်း ပြန်ဖုံးလိုက်၏။

ညွန့်မေသည် ပြန်ထလိုက်ပြီး သူ့ကို ပြုံးပြုံးလေး ကြည့်သည်။

" ညွန့်မေ နှင် သိပ်ဉာဏ်ကောင်းတာပဲ "

" ငါ ဉာဏ်ကောင်းတာ မဟုတ်ဘူး၊ အဲဒီ ပို့(စ်) အော့ဖစ်(စ်)ကလေးကို နုနုငယ် ထွင်ပေးထားတာ "

" နုနုငယ် ထွင်ပေးထားတာ "

" ဟုတ်တယ်၊ ငါ့ဆီကတစ်ဆင့် နုနုငယ်ဆီ နှင် စာပေးလိုက်တော့ ငါ ဘာလုပ်ရမှန်း မသိဘူး၊ နုနုငယ်က ရွာထဲလဲ လာရတာ မဟုတ်ဘူး၊ သူတို့ခြံထဲ ငါ သွားလည်ခွင့်လဲ သူ့အဖေက ပေးတာမဟုတ်ဘူး၊ နောက်တော့မှ "

ညွန့်မေက စကားကို ခေတ္တရပ်ပြီး နှင်းငွေကို ကြည့်သည်။

" နောက်တော့မှ ဘာဖြစ်သလဲ "

ညွန့်မေ၏ မျက်နှာတွင် ရှက်ရိပ်လွှမ်းနေသည်။ မျက်လွှာကို ချထားရင်း တိုးတိုးပြော၏။

" နှင် စိတ်မဆိုးနဲ့နော်၊ နုနုငယ်ဆီ ရေးတဲ့ နှင့်စာကို ငါ . . . ငါ ဖတ်ကြည့်မိတယ် "

နှင်းငွေ၏ မျက်နှာလည်း ထူပူသွားသည်။ နုနုငယ်ထံ သူရေးခဲ့သော စာများသည် ညွန့်မေထံမှ တစ်ဆင့် ပေးခဲ့ရလေသောကြောင့် ညွန့်မေ ဖတ်ကြည့်မည်ဆိုပါက မဆန်း၊ မဆန်းသည်က တစ်ကဏ္ဍ။ ညွန့်မေကိုယ်တိုင်က ဖတ်ကြည့်မိပါသည်ဟု ဝန်ခံသောအခါတွင်မူ အနေရအထိုင်ရ ကြပ်သွားသည်။ ဤစာများသည် ချစ်သူထံကို ရေးသည်ဖြစ်သောကြောင့် ချစ်သူချင်းသာ သိထိုက်ကြားထိုက်သော ကိစ္စများပါနေ၏။

ညွန့်မေက ခေါင်းကလေးကို ဆတ်ကနဲမော့လိုက်ပြီး တည်ငြိမ်စွာဆို၏။

" မထူးပါဘူးလေ၊ နှင်တို့အကြောင်း ငါ အကုန်သိတာပေါ့၊ နှင်တို့နှစ်ယောက် ဒီခင်တန်းမှာ တွေ့နေကျဆိုတာ ငါ သိရတယ်၊ ဒါနဲ့ တစ်ညနေမှာ ဒီခင်တန်းဆီ ငါ လာခဲ့တယ်၊ ကံအားလျော်စွာပဲ နုနုငယ်နဲ့ တွေ့ခဲ့တယ်၊ ဒါနဲ့ပဲ ဒီ ပို့(စ်) အော့ဖစ်(စ်)ကလေး ပေါ်လာတာပဲ "

www.myanmarcupid.net

နှင်းငွေသည် ညွန့်မေကို အထူးကျေးဇူးတင်သွား၏။ မိန်းကလေးတို့၏ ဖြတ်ထိုးဉာဏ်ကိုလည်း ချီးမွမ်းမိသွားသည်။
နှင်းငွေ ငြိမ်နေခိုက် ညွန့်မေသည် နုနုငယ်တို့၏ အိမ်ကြီးဆီ လှမ်းကြည့်သည်။
ညွန့်မေ၏ သဏ္ဍာန်သည် လျှပ်ရှားသွား၏။
" ဟော နုနုငယ်ရယ် "
နှင်းငွေသည် ခြုံများကွယ်နေရာမှ အပြင်သို့ထွက်ရန် ပြင်သည်။ ညွန့်မေက သူ့ရင်ဘတ်ကို တွန်းရင်း တား၏။
" နင် ဒီထဲမှာ အသာနေစမ်း၊ တို့အချက်နဲ့ တို့ရှိတယ် "
ညွန့်မေသည် ခြုံကွယ်မှ ထွက်သွား၏။
ခြုံကြားမှ နှင်းငွေက ချောင်းကြည့်သည်။
အိမ်ကြီးအပေါ်ထပ်ရှိ ပြတင်းဝ၌ နုနုငယ်က ရပ်နေသည်။ အဝေးက လှမ်းမြင်ရသည့်တိုင်အောင် သဏ္ဍာန်၏ ဖွေးဖွေးဖြူခြင်းသည် ထင်ရှားလှ၏။
နက်မှောင်သော ဆံပင်များကို နုနုငယ်က ဖားလျားချထား၏။
အမှတ်မထင်ပြုဟန်ဖြင့် ညွန့်မေသည် ခြုံပုတ်တစ်ခုမှ အကိုင်းငယ်တစ်ခုကို ချိုးပြီး မြေသို့ လွှင့်ပစ်လိုက်သည်။
ပြတင်းဝမှ နုနုငယ်သည် လက်နှစ်ဖက်ကို နောက်ပြန်မပြီး လည်ကုပ်ဆီပို့လျက် ဖားလျားကျနေသော ဆံပင်များကို သိမ်းယူသည်။ ထို့နောက် ဆံပင်တို့ကို တစ်ပတ်လျှိုထုံးပြ၏။
ညွန့်မေက နောက်ပြန်ဆုတ်လာသည်။
" ကဲ . . . ကိုယ်တော်ချော ပြန်ကြစို့ "
" ဘာ . . . ပြန်ကြမယ် "
" ဒီမှာ ငါ စာထားခဲ့တာ နုနုငယ် သိသွားပြီ၊ မနက်ကျရင် နင်ရောက်နေမှန်း သူသိလိမ့်မယ်၊ ရှေ့တော့ ကိုယ့်ဘာသာ ကိုယ်ခရီးဆက်သွားကြတာပေါ့၊ ဒီညနေတော့ နုနုငယ် ဒီကို မလာနိုင်ဘူးတဲ့ "
" ဒီညနေ နုနုငယ် ဒီကို မလာနိုင်ဘူး၊ နင် ဘယ်လိုလုပ်သိသလဲ "
" နုနုငယ် ဆံပင်ထုံးပြတာ မမြင်ဘူးလား၊ သူ့အဖေ မလစ်ဘူးလို့ ပြောတာ၊ ဆံပင်ကို နဂိုအတိုင်း ဖားလျားချ ထားရင် သူလာခဲ့မယ်လို့ အဓိပ္ပါယ်ရတယ်၊ အားလုံးဟာ နုနုငယ် ထွင်ထားတဲ့ သင်္ကေတချည်းပဲ၊ နှင်းငွေ နင့်နုနုငယ်က သိပ်ဉာဏ်ကောင်းတယ် "
နှင်းငွေ ဘာမျှ ပြန်မပြောနိုင်တော့၊ အိမ်ကြီးဆီ တစ်ချက်လှမ်းကြည့်သည်။ ပြတင်းဝ၌ နုနုငယ် မရှိတော့။
ညွန့်မေသည် ကရုဏာသက်ဟန်ရှိသော မျက်လုံးများနှင့် နှင်းငွေကို လှမ်းကြည့်သည်။
နှင်းငွေသည် လှုပ်ရှားလာ၏။ လာခဲ့သောလမ်းအတိုင်း ပြန်မည်ပြု၏။
" ဒီလမ်းအတိုင်း ပြန်ရင် လူမြင်မယ်၊ လာ ငါ့နောက်လိုက်ခဲ့၊ တို့နှစ်ယောက်စလုံး ဘယ်သူမှ မမြင်နိုင်တဲ့လမ်း ငါပြမယ် "
ညွန့်မေက ရှေ့ဆောင်ခေါ်ငင်သည်။ နှင်းငွေက နောက်မှ လိုက်ခဲ့၏။
စမ်းချောင်းလေးအတိုင်း အရှေ့ဘက်သို့ လိုက်လျှောက်လာခဲ့သည်။ စမ်းချောင်းလေးသည် ချောင်းကြီးတစ်ခုအတွင်း ဝင်လျက် ဆုံးနေ၏။
ချောင်းကမ်းပါးက အတန်မြင့်သည်။
နှင်းငွေက ချောင်းတွင်းသို့ ခုန်ချလိုက်၏။ ထို့နောက် ချောင်းကမ်းပါးထိပ်မှ ညွန့်မေကို လက်ကမ်းပေးသည်။
ချောင်းတွင်း၌ ရေမရှိ၊ အောက်ခံမြေသည် ခြောက်သယောင်းနေ၏။ ကမ်းပါးက လူတစ်ရပ်ကျော် မြင့်၏။
" ဒါ ဘာချောင်းလဲ ညွန့်မေ "
" ရွာမွန်သာချောင်းပေါ့၊ ကားလမ်းတံတား ဖြတ်ထားတဲ့ ချောင်းလေ "
" ရေလဲ မရှိဘူး၊ နွေမို့လို့လား "
" မဟုတ်ဘူး၊ အထက်မှာ ဆည်လုပ်ထားတော့ ရေဘယ်စီးတော့မဘာလဲ၊ သိပ်မိုးကြီးပြီး ဆည်ရေဖောက်ချပေးမှ ရေစီးတဲ့ချောင်း၊ ရေစီးရင်လဲ သိပ်ကြောက်ဖို့ ကောင်းတယ်၊ တံတားကြီးပျက်တာ ငါ နှစ်ခါတွေ့ဖူးတယ် "
" ဒီချောင်းအတိုင်း တို့ ဆန်ပြီးလျှောက်သွားရင် တံတားကြီးဆီ ရောက်သွားမယ်နော် "
" အေး ဟုတ်တယ် "
နှစ်ဦးသား စကားတပြောပြောနှင့် ဆက်လျှောက်လာကြသည်။
မကြာမီ လူသံသူသံများ ကြားရသည်။ မော်တော်ကားကြီးတစ်စီး ဖြတ်မောင်းသွားသံကိုလည်း ကြားရသည်။

www.myanmarcupid.net

ကမ်းပါးကို နှင်းငွေက အရင်တက်သည်။ အပေါ်မှနေ လက်ကမ်းပေးပြီး ညွှန့်မေကို ဆွဲတင်သည်။

ကားလမ်းနှင့် တံတားကြီးကို မြင်ရသည်။ ဆည်ပိတ်ထားသဖြင့် ရေမကျ။ ဆည်၏ တောင်ဘက် ချောင်းတွင်း၌မူ ရေရှိနေ၏။ ရွာသူရွာသားအချို့ ချောင်းတွင်း၌ ရေကူးနေကြ၏။ နွား လေးငါးကောင်လည်း ရေသောက်နေကြသည်။

ညွှန့်မေနှင့် နှင်းငွေသည် ကားလမ်းပေါ်တက်ကာ တံတားကြီးကို ကျော်လိုက်ကြသည်။ ကားလမ်းဘေးအောက်ရှိ မြောင်းကိုပါ ကျော်ပြီး ဆည်အုတ်ရိုးပေါ် ရောက်လာကြသည်။

ညွှန့်မေသည် ဆည်ရိုးပေါ်၌ ခြေတွဲလောင်းချထိုင်သည်။ ခေါင်းလေးငဲ့ကာ မော့ကြည့်ပြီး “ထိုင်လေ”ဟု နှင်းငွေကို ဖိတ်ခေါ်သည်။ နှင်းငွေလည်း ဝင်ထိုင်လိုက်၏။

ရေကူးနေသော မိန်းမရွယ်တစ်ဦးက လှမ်းနှုတ်ဆက်သည်။

“ အေ . . . ရှင်ညွှန့်မေ၊ တို့နဲ့ ရေလာမကူးတော့ဘူးလား ”

“ မကူးတော့ဘူး၊ အိမ်မှာ ရေချိုးခဲ့ပြီ ”

မှောက်လျက်ကူးရင်း ခြေနှစ်ဖက်ဖြင့် တဖွမ်းဖွမ်း စုံခတ်နေရာမှ အခြားမိန်းမတစ်ဦးသည်လည်း ရပ်ကာ ကိုယ်ဖော့လျက် ပထမမိန်းမကို မေးသည်။

“ ရှင်ညွှန့်မေ ဘာပြောသလဲ ”

“ ရေမကူးတော့ဘူးတဲ့၊ အိမ်မှာပဲ ရေချိုးတယ်တဲ့ ”

“ ဒါပေါ့၊ ဘယ်လာ ရေကူးတော့မလဲ၊ ညွှန့်မေက မြို့သူကြီးဖြစ်သွားပြီကိုး၊ သူ့ဒေါ်လေးက ဟိုနေ့က လျှောက်ပြော နေတယ်၊ ဒီတစ်ခါ ညွှန့်မေ ကျောင်းပြန်သွားရင် ဘီအေမ ဖြစ်တော့မတဲ့ ”

ညွှန့်မေက ဘာမျှပြန်မပြောဘဲ ရယ်မောနေ၏။

နှင်းငွေက လေကို အားရပါးရ ရှူရှိုက်ပြီး ပတ်ဝန်းကျင်၏ ရှုခင်းတို့ကို ငေးမျှော်ကြည့်သည်။

နီရဲသော နေလုံးကြီးသည် အနောက်ဘက် မိုးကုပ်စက်ဝိုင်း၌ မေးတင်လျက်ရှိသည်။ အရောင်မတောက်သော်လည်း အလင်းဓာတ်များစွာ ကျန်သေး၏။ နွေ၌ သာစည်လွင်ပြင်သည် နေ့တာရှည်ကြောင်း နှင်းငွေ ကောင်းစွာသိသည်။

ညနေ၏ လေညင်းသည် စတင် တိုက်ခတ်လာနေ၏။ အေးမြလှသည် မဟုတ်သော်လည်း အအိုက်ကိုမူ ပြေစေသည်။

နှင်းငွေ၏ ရင်တွင်း၌ နှစ်သက်မိသည်မှာ ကျယ်ဝန်းပြန့်ပြောခြင်းကို ဖြစ်၏။

သာစည်လွင်ပြင်သည် ကျယ်၏။ ရှုခင်းကို ဖုံးကွယ်ဖျက်ဆီးသော သစ်ပင်မြင့်မြင့်နှင့် တောတန်းရှည်ရှည်တို့ နည်းပါး သောကြောင့် လွင်ပြင်၏ ကျယ်ဝန်းပြန့်ပြောသမျှကို မျက်စိတစ်ဆုံး မြင်ရသည်။ လွင်ပြင်ကျယ်သမျှ စိတ်ကို လွှတ်ကြည့် နိုင်သောကြောင့် လွတ်လပ်သော အရသာတစ်မျိုးကို ခံစားရသည်။

လွင်ပြင်က ကျယ်ဝန်းပြန့်ပြောသမျှ ကောင်းကင်ကလည်း ကျယ်ဝန်းပြန့်ပြောသည်။ ကောင်းကင်သည် ကျယ်ဝန်း ပြန့်ပြောရုံမက ရောင်မျိုးလည်း စုံနေ၏။

မိုးကုပ်စက်ဝိုင်းမှာမူ နီနီစွေးနေ၏။ နီစွေးသော အရောင်တို့သည် လိမ္မော်သွေးနှင့် ရွှေဝါရောင်တို့နှင့်လည်း ရောယှက်နေ၏။ အတန်အမြင့်တွင်မူ အစိမ်းနုနုသည် အပြာနှင့် ရောလာ၏။ အပြာနုသည်လည်း ရင့်လာရာမှ မွန်းတည့် ချက်လွန်သော် အရှေ့ဘက် ရှမ်းရိုးမကြီးထိပ်အထိ ခရမ်းရောင်က စိုးမိုးနေသည်။

နွေဦးညနေ၏ သာစည်လွင်ပြင်သည် ခရမ်းရောင်ကဲသော ခရမ်းရောင်လွင်ပြင်သာ ဖြစ်သတည်း။

နှင်းငွေသည် ဘေး၌ထိုင်နေသော ညွှန့်မေကို စောင်းလှည့်ပြီး ခိုးကြည့်၏။

ညိုပြာညက်သော ညွှန့်မေ၏ အသားလေးများသည် ရှိမ်းရှိမ်းစိုစို ရှိသည်။ ပြုံးသည်လည်း မဟုတ်၊ တည်သည်လည်း မဆိုသာသော ညွှန့်မေ၏ မျက်နှာလေးမှာလည်း လန်းဆန်းကြည်လင်နေ၏။

ဖျော့ဖျော့သာ ဝါသော ပေါ်ပလင် ပိတ်အင်္ကျီ လက်စက၊ ခရမ်းနုသွေး မာစရိုက်ထဘီတို့ကိုလည်း ရိုးရိုးယဉ်ယဉ် ဝတ်ဆင်ထားသည်။

ညွှန့်မေ၏ အသွင်တစ်ရပ်လုံးသည် ရိုးရိုးနှင့် ယဉ်နေ၏။ မှန်သည်၊ သူ့မျက်စိထဲတွင် ညွှန့်မေသည် အစဉ် ရိုးရိုးလေးနှင့် လှပနေသည်။ ဤရိုးရိုးလေးနှင့် ယဉ်သော ရွှေကျီးညိုမလေးနှင့် အတူရှိစဉ်တိုင်း သူ့စိတ်သည် အေးချမ်းမြဲဖြစ်၏။ ယခုလည်း အေးချမ်းသယောင်ရှိ၏။ ဆောင်း၏ အေးချမ်းခြင်းမျိုးတော့ မဟုတ်၊ တိမ်ညိုအုပ်သော မိုးတစ်ရက်၏ အေးချမ်းခြင်းမျိုး ဖြစ်သည်။

နှင်းငွေသည် ညွှန့်မေထံမှ မျက်လုံးလွှဲလိုက်သည်။

ရေချိုးပြီးသော မိန်းမကြီး၊ မိန်းမရွယ်၊ မိန်းမပျိုတို့သည် ရေစိုသောထဘီတို့ကို မလဲဘဲ ရင်လျားလျက် ရေအိုးကိုယ်စီ ရွက်ကာ ရွာဆီသို့ ပြန်သွားကြ၏။

www.myanmarcupid.net

ညွန့်မေထံမှ အသံပေါ်လာ၏။
“ ဘာငြိမ်ပြီးထိုင်နေတာလဲ နှင်းငွေ ”
“ အို . . . ဩော် . . . ဟိုဒင်း . . . အဲ . . . ငါ့စိတ်ထဲ တစ်မျိုးကြီးဖြစ်နေတယ် ”
“ ဘယ်လို တစ်မျိုးကြီးဖြစ်နေတာလဲ၊ နုနုငယ်နဲ့ ဒီညနေမတွေ့ရလို့ စိတ်ပျက်နေတာလား ”
“ ဟာ . . . အဲဒီလိုလဲ မဟုတ်ပါဘူး၊ ဟိုဒင်း . . . ငါ့စိတ်ထဲ ပျော်သလိုလို ဝမ်းနည်းသလိုလိုနဲ့ ”
“ ဘာဖြစ်လို့ ပျော်သလိုလို ဝမ်းနည်းသလိုလို ဖြစ်နေရသလဲ ”
“ ဟယ် ဒါတော့ ငါဘယ်ပြောတတ်မလဲ၊ ငါ့စိတ်ထဲမှာရှိတာ ငါ အမှန်ပြောတာ ”
ညွန့်မေက သူ့ဘက်လှည့်ပြီး စူးစူးရဲရဲကြည့်သည်။ ဤမျက်လုံးများကို ရင်မဆိုင်ရဲသော သူက အရင် မျက်လုံး လွှဲလိုက်သည်။
ထိုစဉ် ညွန့်မေက ရယ်သည်။ သက်သက်သာသာ ညင်ညင်သာသာ ရယ်သော ရယ်သံဖြစ်၏။ သို့ရာတွင် နှလုံးသားမှ လာသော ရယ်သံမျိုးဖြစ်၏။
သူက ညွန့်မေကို လှည့်ကြည့်သည်။ ညွန့်မေက သူ့ကို ပြန်လှည့်မကြည့်၊ ဆက်သာ ရယ်နေ၏။
“ ညွန့်မေ နင် ဘာရယ်နေတာလဲ၊ ငါ့စကားမှာ နင် ဘာရယ်စရာတွေ့လို့လဲ ”
ညွန့်မေက သူ့ကို ပြန်လှည့်မကြည့်၊ ရယ်မောခြင်းနှင့် ရောလျက်သာ ပြော၏။
“ နင့်စကားကို သဘောကျလို့ပါ နှင်းငွေ၊ ပျော်သလိုလို ဝမ်းနည်းသလိုလို ဆိုတာလေ၊ အေး . . . လူ့ဘဝကြီးက ဒီအတိုင်းပဲ ”
“ ညွန့်မေ နင် ဘာပြောတာလဲ ”
ညွန့်မေသည် သူ့ကို လုံးဝလှည့်မကြည့်ဘဲ ဖြေ၏။
“ ငါပြောတာ ရှင်းပါတယ်၊ လူ့ဘဝကြီးက ဒီအတိုင်းပဲလို့၊ နှင်းငွေရေ ပျော်နေတာလဲ လူ့ဘဝ မဟုတ်ဘူး၊ ဝမ်းနည်း နေတာလဲ လူ့ဘဝ မဟုတ်ဘူး၊ လူ့ဘဝရဲ့ ခရီးဆိုတာ မွေးဖွားခြင်းနဲ့ သေခြင်းတရား မှတ်တိုင်ကြားမှာ ခရီးသွားနေတာ ဖြစ်သလိုပဲ လူ့ဘဝရဲ့ အခိုက်အတန့်တစ်ခုဟာလဲ ပျော်ရွှင်ခြင်းဆီ လက်တစ်ဖက်၊ ဝမ်းနည်းခြင်းဆီ လက်တစ်ဖက် ကမ်းပေး ထားပြီး ခေတ္တ နားနေရတာပါ၊ ပျော်ရွှင်ရတော့လဲ မောတယ်၊ ဝမ်းနည်းရတော့လဲ အားကုန်တယ်၊ အစွန်းနှစ်ဖက် မသွားဘဲ ကြားထဲမှာ ခေတ္တနားရတာဟာ အရသာပဲ၊ နင် ဘာပြောချင်လဲ ”
ညွန့်မေသည် မရယ်တော့။ သူ့ကိုလည်း လှည့်မကြည့်သေး။
တည်ငြိမ်နေသော ညွန့်မေ၏ မျက်နှာလေးသည် မော့လျက်ရှိ၏။ မျက်လုံးများက ခရမ်းရောင်ကောင်းကင်ပြင်ဆီ ကြည့်နေသည်။
နက်မှောင်သော ညွန့်မေ၏ ဆံပင်တို့က အုပ်ကောင်းသည်။ လေတိုးသောကြောင့် နဖူးပြင်နှင့် နားသယ်တို့မှ ဆံယဉ်စတို့ ဝဲဝဲလူလူ လှုပ်ရှားနေသည်။
သွယ်သောလည်တိုင်သည် ဆန့်နေ၏။ ပြည့်ဖြိုးသော ပုခုံးသည် လျောလျောပြေပြေ ကျလာကာ လုံးဝန်းသော လက်မောင်းနှင့် ဆက်နေ၏။ ခါးက သေးပြီး ကားစွင့်သော တင်သားသည် အုတ်ရိုးပေါ်၌ အိအိပြည့်ပြည့်ဖိလျက် အပ်နေ၏။ ခြေတွဲလောင်းချထားသည်ကြောင့် ထဘီသည် တင်းတိုကာ ခြေဖမိုးနှင့် ခြေသလုံးလေးများ ပေါ်နေ၏။ ညွန့်မေ၏ အသားသည် ညိုသော်လည်း မွေးညှင်းထူသော ခြေသလုံးသားသည် ဝင်းဝါသန့်စင်နေ၏။
နှင်းငွေက သက်ပြင်းချသည်။
ညွန့်မေသည် ခေါင်းအသာငဲ့၍ မျက်လုံးစွေကြည့်ပြီး မေး၏။
“ ကိုယ်တော်ချော ဘာတွေ သက်ပြင်းချနေတာလဲ ”
“ ဟာ ညွန့်မေကလဲ၊ နင် ဒီညနေ သိပ်အမေးအမြန်းထူတာပဲ၊ ငါ့ကို နင့်တပည့်များ မှတ်နေသလား ”
ညွန့်မေက ရယ်ပြီးဖြေ၏။
“ တပည့်လို့ မမှတ်ရဲပါဘူး ဆရာဝန်လောင်းကြီးရယ်၊ သူငယ်ချင်းလို့ပဲ မှတ်ထားပါတယ်၊ ဒါပေမယ့် နင့်ကို ငါ လေးလေးနက်နက် မေးစရာရှိတယ်၊ နင် ရိုးရိုးသားသား ဖြေမလား ”
“ ရော ဒုက္ခပါပဲ ”
“ ဒုက္ခတွေ ဘာတွေ လုပ်မနေနဲ့ နှင်းငွေ၊ ငါ တကယ် မေးမယ် ”
“ ညွန့်မေ နင့်ကို ငါကြောက်လာပြီ၊ နင် ဘာမေးမလို့လဲ ”
ညွန့်မေသည် အံလေး ခဲလိုက်၏။

www.myanmarcupid.net

မေးအပ် မမေးအပ် စဉ်းစားနေပုံရသည်။ ထိုနောက်မှ စိတ်ဒုံးဒုံးချလိုက်ဟန်နှင့် ပြတ်သားစွာ မေးသည်။

" နှင်းငွေ၊ နင် နုနုငယ်ကို တကယ်ချစ်တာလား "

နှင်းငွေ ပါးစပ်ပြဲသွား၏။ ရုတ်တရက် ပြန်မဖြေနိုင်၊ ကြားရသော နားကိုလည်း မယုံမိ။

" ညွှန့်မေ နင် ဘယ်လိုမေးလိုက်သလဲ "

" နုနုငယ်ကို နင် တကယ်ချစ်သလား "

" ညွှန့်မေ၊ နင့်မေးခွန်းက ငါ့ကို စော်ကားသလို ဖြစ်နေတယ် "

" နင် ထင်ချင်သလို ထင်လေ၊ ငါမေးတာကို အရင်ဖြေဦး "

" ညွှန့်မေရယ်၊ နင် မေးရက်တယ်၊ ငါဟာ လူယုတ်မာတစ်ကောင် မဟုတ်ပါဘူး၊ ဒါကို နင်တစ်ယောက်တော့ ယုံလိမ့်မယ် ထင်တယ်၊ ငါ အံ့ဩတာက နင် ဘာလို့ ဒီမေးခွန်းကို မေးရသလဲ "

" မေးရတယ် နှင်းငွေ၊ နင်တို့ ဇာတ်လမ်းမှာ ငါက ကန့်လန့်ကန့်လန့် ပါနေမိပြီ၊ ထားပါတော့လေ၊ နင်သွားနေတဲ့ လမ်းကို နင် တကယ်သိရဲ့လား "

" မေးပြန်ပြီ ညွှန့်မေ၊ နင် ဘာလို့ သိပ်အမေးအမြန်း ထူနေတာလဲ "

" စိတ်မဆိုးနဲ့ နှင်းငွေ၊ အသံမာမာနဲ့လဲ ငါ့ကို မပြောနဲ့၊ ငါ့စေတနာကို နင် သိထိုက်တယ် "

" အေးပါ ညွှန့်မေရာ၊ ကဲ . . . ကဲ . . . နင်ပဲမေး၊ ငါဖြေမယ်၊ ကျေနပ်ပြီလား "

" ဒါဖြင့် ငါထပ်မေးမယ်၊ နင် နုနုငယ်ကို တကယ်ချစ်သလား "

နှင်းငွေ စိတ်တိုလာ၏။ စိတ်တိုသွားကြောင်းကိုလည်း ညွှန့်မေ သိမှာစိုးသည်။ သူသည် အဓိပ္ပါယ်မဲ့ ခေါင်းခါ၍ဖြေ၏။

" နုနုငယ်ကို ငါ တကယ်ချစ်ပါတယ် ညွှန့်မေ၊ ဒါပေမယ့် ပြောစမ်းပါဦး၊ နင် ဘာလို့ ဒီမေးခွန်းကို ထပ်တလဲလဲ မေးရတာလဲ "

ညွှန့်မေသည် တစ်ချက်ပြုံးလိုက်သည်။ "ဟင့်"ကနဲ ရယ်သံသဲ့သဲ့ပင် ထွက်လာသည်ဟု နှင်းငွေ ထင်မိသည်။

" နင်နဲ့ ငါဟာ သူငယ်ချင်းပါ နှင်းငွေ၊ ဒါပေမယ့် ငါက မိန်းကလေး၊ ဒီစကားမျိုးတွေ ပြောရလို့ ငါရှက်မိတယ်၊ ဒါပေမယ့် မပြောလဲ မပြီး၊ မတီးလဲ မမြည်ဘူးတဲ့ နှင်းငွေ၊ နင်တို့နှစ်ယောက်အတွက် ငါ ရင်လေးမိတယ် "

" နင်က ဘာလို့ ရင်လေးရတာလဲ "

" ရင်လေးရတာပဲ နှင်းငွေ၊ နင့်အတွက်ရော နုနုငယ်အတွက်ရော၊ နင်တို့အဖြစ်က ငါကြားထဲက မပါရင် စာနဲ့တောင် မဆက်သွယ်နိုင်ကြတဲ့ဘဝ၊ တစ်နှစ်တစ်ခါ လူချင်းတွေ့ရဖို့ကလဲ အခက်ကြီး၊ မီးဝေးရင် ချိပ်မာသတဲ့ နှင်းငွေ၊ ဒီစကားဟာ နင်တို့ ယောကျ်ားလေးတွေအတွက် ပိုမှန်တယ် ထင်တယ် "

နှင်းငွေသည် ကန့်ကွက်မည်ပြု၏။ သို့ရာတွင် မကန့်ကွက်ဖြစ်။

ညွှန့်မေကသာ လေအေးလေးနှင့် ဆက်ပြော၏။

" အချစ်စစ် အချစ်မှန်တို့ရဲ့ ခရီးဟာ နှင်းဆီပန်းမွေ့ရာ မဟုတ်၊ ကျောက်ဆောင်ထူထပ်တဲ့ ကန္တာရ လမ်းကြမ်းတဲ့၊ ဒီစာကို နင်လဲ ဖတ်ဖူးမှာပေါ့၊ နှင်းငွေ နင် ကန္တာရလမ်းကို လျှောက်ဖို့ ဆုံးဖြတ်ပြီးပြီလား "

" ငါ ဆုံးဖြတ်ပြီးပြီ ညွှန့်မေ "

" ဒီစကား ကြားရလို့ ငါ သိပ်ဝမ်းသာတယ်၊ ဒါပေမယ့် တစ်ခုတော့ သတိပေးချင်တယ်၊ ကန္တာရလမ်းကြမ်းမှာ နောက်တော့ နုနုငယ်တစ်ယောက်ထဲ နင် မထားခဲ့နဲ့၊ အဲဒီလိုဆိုရင် နင့်ကို ငါ တစ်သက်ခွင့်မလွှတ်ဘူး နှင်းငွေ "

" ညွှန့်မေ နင် ဘာပြောပြန်ပြီလဲ "

" ဒါကြောင့် အစကတည်းက ငါမေးခဲ့တယ်၊ နင်သွားနေတဲ့လမ်းကို နင် တကယ်သိရဲ့လားလို့၊ အမှန်က နင် တကယ် မသိပါဘူး၊ နင့်မှာ စိတ်ကူးယဉ်မှုတွေ ကဲနေတယ်လို့ ငါထင်တယ်၊ ထင်တယ်လို့ ပြောတာနော်၊ တစ်ထစ်ချ ငါ စွပ်စွဲနေတာ မဟုတ်ဘူး "

" နုနုငယ်ကို ငါချစ်တာဟာ စိတ်ကူးယဉ်မှုလို့ နင် တကယ်ထင်သလား၊ တစ်နေ့ နုနုငယ်ကို ငါမေ့သွားမယ်လို့ နင်က ဆိုလိုနေသလား "

" ဟိုး . . . ဆရာကြီး၊ ဒေါသသံ မပါနဲ့လေ၊ ငါက ဖြစ်တတ်တဲ့ သဘာဝကို ပြောတာပါ၊ နင်နဲ့ နုနုငယ်ဟာ တစ်နှစ်မှ တစ်ခါပဲ တွေ့နိုင်တယ်၊ နင် ရှေ့ဆက် ပညာသင်ဖို့ နှစ်တွေကလဲ အများကြီး ကျန်သေးတယ်၊ မီးဝေးချိပ်မာဆိုတဲ့ စကားကို ငါထပ်ပြောရဦးမယ်၊ ပြီးတော့ ချိပ်ဆိုတာဟာလဲ နီးရာမီးမှာ ပျော်တတ်တယ် ဆိုတာကိုလဲ သတိပေးရဦးမယ်၊ နင် ကျောင်းလည် နေရတဲ့ ရန်ကုန်တက္ကသိုလ်မှာကလဲ ပျော်စရာ မီးစိမ်း၊ မီးနီ၊ မီးဝါ မီးလှလှလေးတွေ စုံလှတယ်၊ ငါ ကြားက နုနုငယ်အတွက် စိုးရိမ်မိတယ် နှင်းငွေရယ် "

www.myanmarcupid.net

နှင်းငွေ မခံချင် ဖြစ်မိသည်။ သို့ရာတွင် ညွှန့်မေ၏ စကားက ကြောင်းကျိုးဆီလျော်နေသည်။ ထို့ကြောင့် မခံချင်မှုနှင့် ဝမ်းနည်းမှု ရောလျက် ပြန်ပြောမိ၏။

" အခုလို နင်သတိပေးလို့ ငါ အများကြီး ကျေးဇူးတင်ပါတယ်၊ နုနုငယ်ကို ငါ ဘယ်တော့မှ သစ္စာမဖောက်ဘူး၊ ကုန်ကုန်ပြောမယ်၊ တက္ကသိုလ်မှာ နုနုငယ်ထက် ပိုပြီးချစ်နိုင်မယ့် မိန်းကလေးတစ်ယောက်ကို ငါတွေ့နိုင်ဖို့ နေနေသာသာ နင့်ထက်ပိုပြီး ငါ သံယောဇဉ်တွယ်နိုင်တဲ့ မိန်းကလေးတစ်ယောက်တောင် ငါမတွေ့သေးဘူး "

ညွှန့်မေက သူ့ကို စူးစိုက်ကြည့်သည်။ မျက်လုံးညိုများ၌ ထူးဆန်းသော ဝင်းလက်မှုတစ်ခုကို နှင်းငွေ ခေတ္တ တွေ့လိုက်ရသည်။

သူ့ကို အတန်ကြာ စိုက်ကြည့်နေပြီးမှ ညွှန့်မေသည် မျက်နှာလွှဲလိုက်၍ သဲ့သဲ့ရယ်ရင်း ပြောသည်။

" ဒီစကား ကြားရလို့ သိပ်ကျေးဇူးတင်ပါတယ် သူငယ်ချင်းရယ်၊ ဒီစကားကို ငါ တစ်သက်လုံး မှတ်ထားပါ့မယ်၊ ဟော . . . ပြောရင်းဆိုရင်း ဟိုမှာ နင် သံယောဇဉ်ကြီးတဲ့ တခြားလူ တစ်ယောက်လဲ လာနေပြီ "

❑

## အခန်း ( ၂၂ )

## ကုသ

အရှေ့ဘက် ရှမ်းရိုးမတောင်တန်းကြီးကို နောက်ခံပြုလျက် အသက်ဆယ့်နှစ်နှစ်အရွယ်ခန့် သူငယ်တစ်ဦးသည် ဆိတ်တစ်အုပ်ကို မောင်းလာသည်။ နောက်တွင် တဘက်ခေါင်းပေါင်း၊ စွပ်ကျယ်အင်္ကျီ၊ ပုဆိုးတိုတိုနှင့် လူတစ်ယောက် လိုက်လာ၏။ ထိုလူ၏ လက်တစ်ဖက်၌ တုတ်ရှည်တစ်ချောင်းကို ကိုင်ထားပြီး အခြားတစ်ဖက်က တစ်စုံတစ်ရာတို့ကို သီတံနှင့် ဆွဲယူလာ၏။

နှင်းငွေက နားမလည်ဟန်နှင့် ညွှန့်မေကို လှမ်းကြည့်သောကြောင့် ညွှန့်မေက "ဘခက်လေ"ဟု ဆိုသည်။

" ဘာ . . . အဲဒါ ဘခက် "

ညွှန့်မေက မဖြေ။ နှင်းငွေကသာ ဘခက်ဆိုသူကို မယုံနိုင်စွာ လှမ်းကြည့်နေ၏။

သူငယ်လေးက ဆိတ်အုပ်ကို ချောင်း၌ ရေလာချသည်။

ဘခက်ဆိုသူ ညွှန့်မေနှင့် နှင်းငွေကို မြင်သွား၏။ ခေတ္တ အံ့အားသင့်ဟန် ကြည့်နေပြီးမှ ဝမ်းသာအားရ လှမ်းအော်သည်။

" ဟေ့ကောင် နှင်းငွေ၊ နှင်းငွေ မဟုတ်လား "

အသံကမူ မည်သို့မျှ မမှားနိုင်သော ဘခက်၏အသံ ဖြစ်သည်။

ဘခက်သည် ခြေလှမ်းကျဲကြီးများနှင့် နှင်းငွေတို့၏ အနီးသို့ ရောက်လာခဲ့၏။ သီတံနှင့် ဆွဲလာသော အရာတို့ကို ဘေးချလိုက်ပြီး နှင်းငွေ ကမ်းပေးသော လက်ကို ဆုပ်ယူကာ အားရပါးရ ယမ်းကာ ဆွဲလှုပ်သည်။ ဘခက်၏ လက်ချောင်းများက သန်သကဲ့သို့ လက်ဖဝါးက ကြမ်းနေသည်ကို နှင်းငွေ ခံစားရ၏။

" မင်း ဘယ်တုန်းကရောက်သလဲ နှင်းငွေ "

" ဒီနေ့ပဲ "

" ဘယ်မှာ တည်းနေသလဲ၊ သာစည်မှာလား "

" မဟုတ်ဘူး မင်းအိမ်မှာ "

ဘခက်သည် အားရကျေနပ်စွာ ပြုံးလိုက်ပြီး ဆိတ်ကျောင်းသားငယ်ကို လှမ်းအော်ပြောသည်။

" သာနုရေ၊ ဆိတ်တွေ မင်း မ,သွားနှင့်၊ ဩော် . . . ဒါလဲ လာယူ၊ မင်းလဲ ညစာ တို့နဲ့ လာစားလှည့် "

ဘခက်က သီတံနှင့် ဆွဲထားသော အရာတို့ကို ကောက်ယူသည်။

" ဟေ့ကောင် ဘာတွေလဲ "

" ပဒတ်တွေက အတော်ပဲ၊ မင်း ဒီနေ့ည ပဒတ်ထောင်း ကောင်းကောင်း စားရမယ် "

ညွှန့်မေက ပဒတ်တွဲကို လှမ်းယူ၏။

www.myanmarcupid.net

" ငါယူသွားမယ်၊ နှင်းငွေ ယူလာတဲ့ ကကူရံခြောက်နဲ့ ဒန့်ဒလွန်သီးချဉ်ရေချက်ဖို့လဲ ငါ စီစဉ်ပေးခဲ့မယ်၊ ပေး ငါ သွားနှင့်မယ်၊ နင်တို့နှစ်ကောင် လွတ်လွတ်လပ်လပ် လေပန်းရစ်ဦး "

ညွန့်မေသည် ပဒတ်တွဲကို ယူပြီး ပေါ့ပါးသွက်လက်စွာ ထွက်ခွာသွား၏။

ညွန့်မေ သွားရာကို နှင်းငွေသည် လိုက်ကြည့်၏။ ဘခက်ကမူ "ရှူး"ကနဲ လေပူတစ်ချက်မှုတ်ထုတ်ကာ နှင်းငွေ၏ အနီး ဝင်ထိုင်သည်။

နှင်းငွေက ဘခက်၏ အမူအယာကို အံ့ဩမိသည်။

ရှေးယခင်ကဆိုလျှင် ဘခက်သည် ညွန့်မေကို မရမက ကြံဖန်စကားပြောရရန် အကွက်ဆင်တတ်သည်။ စကား ပြောခွင့်ရလျှင်လည်း ယိလုံး၊ ချိတ်လုံးလေးများကို တစ်လုံးစ နှစ်လုံးစ ပစ်သွင်းတတ်သည်။

ယနေ့ညနေ ဘခက်၏ အမူအယာသည် ညွန့်မေအပေါ်၌ အတန် စိမ်းစိမ်းကားကားနိုင်သည်။

ရောက်လာစက မိမိကိုသာ နှုတ်ဆက်သည်၊ ညွန့်မေကို နှုတ်မဆက်။ ဟင်းချက်ပေးရန် ပြန်သွားသောအခါ၌လည်း ကျေးဇူးတင်စကားမဆို၊ ဘာစကားမျှမဆို၊ ရွှေကျီးညိုမလေးဟု တစ်ခါက သူ မြတ်နိုးစွာ ခေါ်ခဲ့သူကလေး ထွက်သွားသည်ကို လှမ်း၍ပင် မကြည့်။

ဘခက်က စတင်မေးသည်။

" ဟော့ကောင် မင်း ဘာငြိမ်နေတာလဲ "

" ဩော် . . . မင်းက တော်တော် ပြောင်းလဲသွားလို့ပါ "

" ဒါပေါ့ကွာ၊ ယာလုပ်နေသူဟာ ကျောင်းသားတုန်းကနဲ့တော့ ဘယ်တူမလဲ၊ ဒါပေမယ့် မင်းက ပိုချောလာတယ် "

ဘခက်သည် ခေါင်းပေါင်းကို ဖြုတ်ကာ မျက်နှာမှ ချွေးတို့ကို သုတ်နေသည်။။ အဝေးမှ ကြည့်စဉ်က တဘက် တစ်ထည်ဟု ထင်သည်။ ယခုမှ ပုဆိုးဟောင်းတစ်ထည်မှန်း သိရသည်။

နှင်းငွေသည် ဘခက်၏ မျက်နှာကို စေ့စေ့စပ်စပ် ကြည့်သည်။ ပြားသော နှာခေါင်းနှင့် မှေးသော မျက်လုံးတို့ကား မွေးရာပါဖြစ်သည်။ ယခင်က ညိုရုံညိုသော အသားသည် ယခု ကောင်းကောင်းကြီး မည်းနေ၏။ မည်းပြောင်နေသည် မဟုတ်၊ ခြောက်ကပ်စွာ မည်းနေခြင်းဖြစ်၏။ မျက်နှာကလည်း မယုံနိုင်ဖွယ် ရင့်နေ၏။ ကွဲကွာသွားကြသည်မှာ နှစ်,နှစ်မက လေးငါးခြောက်နှစ်ဟု ထင်စရာ ဖြစ်နေ၏။

နှင်းငွေက သက်ပြင်းရှိုက်ပြီး ဆို၏။

" မင်း ပြောင်းလဲသွားတယ်လို့ ငါပြောတာက မင်းရုပ်ရည်ကို ပြောတာ မဟုတ်ပါဘူး၊ မင်း အမူအယာကိုပါ "

" ဘာလဲ ငါ ရိုင်းနေသလား "

" မင်းဘိုးအေ၊ မင်းရိုင်းတော့ကော ငါက ဂရုစိုက်ရမှာလား၊ ဘယ်တုန်းကကော မင်းက ယဉ်ဖူးလို့လဲ "

နှင်းငွေ၏ စကားကို သဘောကျဟန် ဘခက်က အော်ရယ်၏။ ရယ်ဟန်၌ကား ငယ်မူမပျောက်၊ ရုပ်သည်ပင် ပြန်နုသွားသည် ထင်ရ၏။

ဘခက်သည် နှင်းငွေ၏ ပေါင်ကို အားရပါးရ ပုတ်လိုက်သည်။

" ကြိုက်သဟေ့၊ ဒီအပြောမျိုးတွေ မကြားရတာ ကြာပြီ၊ ကိုင်း ဆိုစမ်းပါဦး ငါ့အမူအယာတွေ ဘာပြောင်းနေလဲ "

" ညွန့်မေကို မင်းဆက်ဆံပုံ ပြောတာ၊ မင်းကြည့်ရတာ ညွန့်မေကို သံယောဇဉ် မရှိတော့သလိုပဲ "

ရယ်နေသော ဘခက်၏ မျက်နှာသည် မသိမသာ တန့်သွား၏။ သို့ရာတွင် ချက်ချင်းပင် ပြန်ရယ်သည်။ မဆီမဆိုင်လည်း မေးသည်။

" နှင်းငွေ မင်းကို ငါပေးပစ်ခဲ့တဲ့ ဖောင်တိန် ရှိသေးလား "

" ဩော် . . . မင်းလဲ မမေ့သေးဘူးကိုး၊ ရှိသေးတယ်၊ ငါ ယူတောင်လာခဲ့တယ်၊ မင်း ပြန်ပေးမလို့ "

" ပြန်ပေးလို့ကော ဖောင်တိန်ကို ငါ ဘာလုပ်ရမလဲ နှင်းငွေ၊ ဒီမှာ ငါ့လက်တွေ ကြည့်စမ်း "

ဘခက်က သူ့လက်ဖဝါးများကို လှန်ပြသည်။ လက်ဖဝါးကြီးများကား ထူ၍ ကြမ်းနေ၏။ အရောင်မှာ ဝါညစ်ညစ် ဖြစ်၏။ ကျွဲပုခုံးများထ၍ အရေခွံမှာ လန်သည့်နေရာ လန်နေ၏။

" မင်း ဘာလို့ ဒီလိုပြရတာလဲ ဘခက် "

" ဒီလက်မျိုးနဲ့ ဖောင်တိန်ဟာ ဘာဆိုင်လို့လဲ၊ မင်း ငါ့အတွက် ဂျာမနီလုပ် ပေါက်ပြားတစ်လက် ဝယ်လာတယ် ဆိုရင်တော့ သိပ်ကျေးဇူးတင်မိမှာပဲ "

" အဲဒီ ပေါက်ပြားမျိုး မင်းလိုချင်တယ်ဆိုရင် နောက်တစ်ခါ ငါ ဝယ်ခဲ့ပေးပါ့မယ်၊ ဒါပေမယ့် ငါ စ,မေးတာက တခြား၊ မင်းဖြေတာက တလွဲ "

www.myanmarcupid.net

" တလွဲမဟုတ်ပါဘူး၊ အဲဒါကိုပဲ ဖြေမလို့၊ ဒီလက်မျိုးနဲ့ ညွန့်မေကို သွားကိုင်ရင် ပဘာဝတီ သာဂလတိုင်းကို လစ်တာထက် မြန်အောင် မင်းရွှေကြီးညိုမလေး တက္ကသိုလ်ပြည်ကို အမြန်ဆုံး ပြန်ပြေးမှာပေါ့ "

ဘခက်သည် စကားဆုံး၌ အားရပါးရ ရယ်ပြန်၏။ နှင်းငေါ်လည်း လိုက်ရယ်ပြီး ပြောသည်။

" ဒါပေမယ့် အဆုံးတစ်နေ့ကျတော့ ပဘာဝတီဟာ ကုသကြီးဆီ ဒူးတုပ်ရတာပဲ မဟုတ်လား "

" ဟာ . . . ဒါက ဘာဆန်းလဲ၊ ကုသက ဧကရာဇ်၊ ပဘာဝတီက မင်းသမီး၊ သူတို့ကို ထားတော့ကွာ၊ မိတ္ထီလာမှာ နယ်ပိုင် ရာဇဝတ်တရားသူကြီးတစ်ယောက် ရှိတယ်၊ သောက်ကြည့်လန်အောင် တန်တာမို့ တစ်မြို့လုံး တစ်နယ်လုံးက သူ့ရဲ့အောင်စိန်လို့ ခေါ်တယ်၊ သူ့ကတော်ကတော့ ရုပ်ရှင်မင်းသမီး မေရီမြင့်ထက်တောင် ချောသေးတယ်၊ ပဒေသရာဇ် ဧကရာဇ် ပြူရိုကရက်တစ် အိမ်ထောင်ရေးမှာ ဒါတွေဟာ မဆန်းပါဘူး၊ ဒါပေမယ့် ငါက ကုသမင်းကြီး မဟုတ်ဘူးကွ၊ သူ့ရဲ့ အောင်စိန်တောင် မဟုတ်ဘူး "

" ဒါပေမယ့် ညွန့်မေဟာ ကြီးတော်မြ အပေါ်ရော၊ မင်းအပေါ်ရော သံယောဇဉ် ကြီးရှာပါတယ် "

" ဒါကို ငါ မငြင်းပါဘူး၊ သံယောဇဉ်ကြီးတိုင်း ကြိုက်တာလို့တော့ ဘယ်ကောက်ချက်ချနိုင်မလဲ၊ အဲဒီလိုဆိုရင် ညွန့်မေရဲ့ စေတနာကို ငါ စော်ကားရာကျသွားမှာပေါ့၊ ညွန့်မေ ကြိုက်နေတာ ငါ့ မဟုတ်ပါဘူး၊ တခြားလူတစ်ယောက်ပါ၊ ဒါကိုတော့ မင်း အသိဆုံးပါ "

နှင်းငွေက ဖျတ်ကနဲ သူ့ကို ကြည့်သည်။ ဘခက်က မျက်လုံးကျဉ်းများ မပေါ်အောင် ရယ်နေသည်။ ရယ်၍ အားရမှ ပြောသည်။

" အရင်တုန်းက ညွန့်မေကို ငါ ကုလီကူမာစိတ် ထားဖူးတယ်၊ အခုတော့ မရှိတော့ဘူး၊ ညွန့်မေတင် မကဘူး၊ ဘယ်မိန်းမအပေါ်မှ ငါ ကုလီကူမာစိတ် မထားနိုင်တော့ဘူး၊ ငါ့ဘဝဟာ ပင်ပန်းတယ် သူငယ်ချင်း၊ ဒါကိုတော့ ယုံ၊ ပင်ပန်းလွန်းတော့ ငါက မစွန့်ချင်ဘဲ စိတ်ကူးယဉ်မှုတွေက ငါ့ကို စွန့်သွားကြတယ်၊ ညွန့်မေကို ငါ သူငယ်ချင်းကောင်း၊ ရွာနေမိတ်ဆွေ အဖြစ်ပဲ လေးစားတော့တယ်၊ ဆန့်ကျင်ဘက်လိင် မိန်းကလေးတစ်ယောက် အနေနဲ့တော့ကာ . . . "

ဘခက် စကားရပ်သွား၏။ နှင်းငွေက တိုက်တွန်းသည်။

" ဟေ့ကောင် မင်းစကားဆက်လေ "

" ဆက်ပါ့မယ်၊ ဆန့်ကျင်ဘက်လိင် မိန်းကလေးတစ်ယောက် အနေနဲ့တော့ကာ ညွန့်မေကို ဇီးရှိပြီး ကားယား ကားယား လျှောက်နေရတဲ့ ငါ့ဆိတ်မကြီးလောက်တောင် ငါ စိတ်မဝင်စားတော့ဘူး "

ဤစကားအဆုံး၌မူ ဘခက်သည် မရယ်တော့၊ မျက်နှာတည်တည်နှင့် ရှေ့သို့ စိုက်ကြည့်နေ၏။

စိတ်မကောင်းဖွယ် စကားများကို ရှောင်ရန် နှင်းငွေက စကားလွှဲဆို၏။

" ဩော် . . . ဘခက်ရေ၊ စောစောက ဆိတ်အုပ်ဟာ မင်း ဆိတ်အုပ်လား "

" ဟုတ်တယ် "

" ဘယ်နှစ်ကောင်ရှိလဲ "

" ခြောက်ဆယ့်ကိုးကောင်၊ ငါ စတုန်းက ငါးကောင်နဲ့ စတာ၊ ဆိတ်က အမွေးလဲ မြန်တယ်၊ တစ်နှစ်ထဲ နှစ်သားလဲ ကျတယ်၊ ခြောက်ဆယ့်ကိုးကောင်ထဲက ဆိတ်မတစ်ကောင်နဲ့ ဆိတ်သိုးတစ်ကောင်ကို စောစောက မင်းတွေ့လိုက်တဲ့ သာနုကို အပိုင်ပေးထားတယ်၊ ဒီကလေးက ငါ့ရဲ့ဘော်ပဲ၊ မိဘလဲ မရှိဘူး၊ ကျောင်းလဲ မနေနိုင်ဘူး၊ တစ်လမှာ ငါကလဲ ဆိတ်ကျောင်းခ တစ်ဆယ်၊ ဆယ့်ငါးကျပ်ပဲ ပေးနိုင်တယ် "

" မင်း အဲဒီဆိတ်တွေ ဘာလုပ်ပစ်သလဲ "

" ဟ၊ ရောင်းပစ်တာပေါ့၊ နို့ . . . ထိုင်ရှိခိုးထားရမလား "

" အင်းလေ ဘယ်ကိုရောင်းတာလဲ "

" ဆိတ်ကို မြင်းလှည်းဆွဲဖို့ ဘယ်သူမှ လာမဝယ်ဘူး၊ ဆိတ်သတ်လိုင်စင်စီ သွင်းတဲ့ ကုလားတွေဆီ ရောင်းတာပေါ့"

" သူငယ်ချင်းရယ် မင်း ငရဲမကြီးဘူးလား "

" ငရဲမကြီးဘူးလား၊ ငရဲက ဘယ်တော့ကြီးမလဲ "

" ဝှမပြောနဲ့ကွာ၊ ငရဲဆိုတာ နောက်ဘဝမှာ ကြီးတာပေါ့ "

" ဒီလိုဆိုရင် ဝမ်းသာစရာကြီးပဲ၊ ငါက နောက်ဘဝ ဆိုတာကိုမှ မယုံတာ "

" ဘခက် "

" မတားနဲ့ကွာ၊ မင်းလဲ အမဲသားရော၊ ဆိတ်သားရော၊ ဝက်သားရော၊ ကြက်သားရော၊ ဘဲသားရော၊ ငါးရော၊ ပုစွန်ရော အားလုံးစားတဲ့ကောင်ပဲ၊ ငါးပါးသီလလုံတယ်ဆိုတဲ့ လူတွေလဲ အကုန်တုပ်ကြတာပဲ၊ ကိုယ်တိုင်တော့ မသတ်ကြဘူးပေါ့၊

www.myanmarcupid.net

သတ်မိရင် ငရဲကျမှာ ကြောက်ကြတယ်၊ လူများက သတ်ပေးရင်တော့ စားရဲကြတယ်၊ တချို့များဆိုရင် အလှူမလုပ်ခင် တစ်ပတ်လောက်ကြိုတင်ပြီး လာစရံပေးထားကြတယ်၊ ဘုရားဒါယကာ ဝန်ကြီးချုပ်က အမဲ မပေါ်ရဘူးဆိုတော့ ဆိတ်နဲ့ ဝက်စျေး သိပ်ကောင်းနေတယ်၊ ဟိုတလောက ဒုတိယဝန်ကြီးချုပ် အမိန့်နဲ့ တို့သာစည်က ပေါ်ပြီးသား ဆိတ်တွေ မောင်ရင်တို့ ရန်ကုန်ကို လေယာဉ်ပျံနဲ့ ပို့ပေးလိုက်ရသေးတယ်၊ သတင်းစာတွေက ရေးကြတယ်၊ မိုးပျံဆိတ်သားတဲ့၊ ကောင်းသကွာ သိပ်ကောင်း အားကြီးကောင်း ”

“ မင်းပြောတာတွေကို ငါ မကန့်ကွက်ပါဘူး ဘခက်ရယ်၊ ဒါပေမယ့် ဒီအကုသိုလ်အလုပ်အစား မင်းမှာ တခြား ဘာမှ လုပ်စားစရာ မရှိတော့ဘူးလား ”

“ မရှိဘူး၊ မင်းကို ငါပြောခဲ့ဖူးပြီပဲ၊ ငါ့လိုကောင်ကို ဘယ်သူက အလုပ်ခန့်မလဲ၊ ဆယ်တန်းမအောင်တဲ့ ယာတောက အကောင်တစ်ကောင်အနေနဲ့ ယာတောကို ငါ ပြန်ဆင်းခဲ့တယ်၊ ဒါပေမယ့် ငါ့မှာ ကိုယ်ပိုင်ယာတော မရှိဘူး၊ နှင်းငွေ မင်းကြည့်စမ်း ”

ဘခက်သည် နေရာမှ ထလိုက်၏။ သူ့လက်က မော်တော်ကားလမ်း၏ မြောက်ဘက်ဆီ ညွှန်ပြနေ၏။

“ အဲဒီဘက်မှာ စိုက်လို့ပျိုးလို့ကောင်းတဲ့ ပထမတန်း သဲဝန်းမြေတွေ၊ ကျပ်တီးမြေတွေ ရှိတယ်၊ အဲဒီမြေတွေမှာ ပိုင်ရှင်နဲ့ချည်းပဲ၊ အများစုက လယ်မလုပ် ယာမလုပ်တဲ့ လယ်ရှင်ယာရှင်တွေ၊ သူတို့အတွက် သီးစားသမားတွေက လုပ်ပေးရတယ်၊ တို့မြန်မာပြည်မှာ လယ်ကျွန်ယာကျွန် မရှိဘူးလို့ မင်းတို့ တက္ကသိုလ်က သမိုင်းသုတေသီကြီးတချို့က ပြောကြတယ်၊ ဒါပေမယ့် သီးစားသမား မှန်သမျှဟာ ဆွေစဉ်မျိုးဆက် ကျွန်ခံခဲ့ကြရတယ်၊ လယ်ကိုတင် ထွန်ရတာ မဟုတ်ဘူး၊ ယာကိုသာ စိုက်ရတာ မဟုတ်ဘူး၊ ပိုင်ရှင့်အတွက် လှည်းအလကား လိုက်ပေးရတယ်၊ ကောက်ရိုး အလကား တိုက်ပေးရတယ်၊ ဟို တောင်ခြေသွားပြီး သက်ကယ်ရိတ်ပေးရတယ်၊ ဝါးခုတ်ပေးရတယ်၊ ထင်းခုတ်ပေးရတယ်၊ ရေရှားတဲ့အချိန်မှာ ရေစည် ဆွဲပေးရသေးတယ် ”

ဘခက်၏ အသံ၌ ဒေါသဝင်လာ၏။ နှင်းငွေသည် စိတ်ညှို့ခံရသူပမာ ဘခက်၏ စကားတို့ကို ငြိမ်နားထောင် နေမိ၏။

“ အဲဒီလောက် အောက်တန်းနောက်တန်းကျတဲ့ သီးစားဘဝကိုတောင် ငါ မမှန်းနိုင်ဘူး၊ လူတွေ ကြပ်နေတယ်ကွာ၊ ဟိုဒင်း ငရဲပြည်မှာ လူကြပ်တယ် ဆိုတာမျိုးပဲ ”

ဘခက်သည် ကားလမ်းတောင်ဘက်သို့ ညွှန်ပြပြန်သည်။

“ အဲဒီဘက်မှာ အညံ့ဆုံး စနယ်မြေတွေ ရှိတယ်၊ ဘာမှ စိုက်လို့ပျိုးလို့ မရဘူး၊ နွားစားပြောင်းပဲ စိုက်လို့ရတယ်၊ စိုက်သမျှကလဲ ရေကြီးရင် ပျက်သေးတယ်၊ ငါ့အတွက် မြေတစ်ကွက် နှစ်ကွက်တော့ အဲဒီဘက်မှာ ရပါရဲ့၊ ငါက အဲဒီမြေကိုပဲ ကြိုးစားပြုပြင်ချင်ပါရဲ့၊ ဒါပေမယ့် ငါ့မှာ ငွေမရှိဘူး၊ အမတော်ကြေး ဆိုတာကို လျှောက်ကြည့်တယ် မရဘူး၊ တော်ပြီကွာ၊ ဒီလောက်ဆို ငါဘာလို့ ဆိတ်မွေးနေတယ်ဆိုတာ မင်း နားလည်ရောပေါ့ ”

အားရပါးရ ပြောချင်သည်ကို ပြောပြီးသော ဘခက်သည် ပြန်ထိုင်၏။

ဘခက်ကို ကြည့်ရင်း နှင်းငွေက စိတ်တွင်းမှ မှတ်ချက်ကို ပြင်သည်။

စောစောတုန်းက ဘခက်ကို ပြောင်းလဲခဲ့ပြီဟု သူထင်ခဲ့သည်။ အမှန်မှာ ဘခက်သည် ရုပ်ရည်အားဖြင့် ပြောင်းခဲ့ပြီ၊ အမူအယာအားဖြင့် ပြောင်းခဲ့ပြီ၊ သို့ရာတွင် စိတ်ဓာတ်ကား မပြောင်းလဲသေးပါတကား။ ဤအမြင်ကို ရိုးသားစွာပင် နှင်းငွေက ထုတ်ဖော်ရင်း မေးသည်။

“ မင်း တရားဟောလိုက်ရလို့ တော်တော်မောသွားပြီလား ဘခက်၊ စောစောက မင်းပြောင်းလဲနေတယ်လို့ ငါ ပြောခဲ့တယ်၊ အမှန်က မင်းမပြောင်းလဲသေးပါဘူး၊ မင်းမှာ နိုင်ငံရေးစိတ်တွေ မကုန်သေးဘူး ”

“ ဟ . . . ဘယ်လိုလုပ် ကုန်ရမလဲ၊ နေပါဦး မင်းက နိုင်ငံရေးဆိုတဲ့စကားကို ဘယ်လို နားလည်ထားလို့တုန်း ”

နှင်းငွေက ခေါင်းခါပြ၏။

“ ငါ မသိဘူး၊ ဘယ်လိုမှလဲ နားလည်မထားဘူး ”

“ အံ့ပါ့ကွာ၊ ဖြစ်ရလေကွာ တက္ကသိုလ်ကျောင်းသားကြီးရာ၊ မင်းဟာ သိပ် လူလတ်တန်းစား ပညာတတ်ပီသတယ်”

“ ဘာရယ်၊ မင်းဘာပြောလိုက်တယ် ”

“ အေးပါကွာ၊ ငါပြောလိုက်တာကို မင်း တကယ်နားမလည်တာ ငါ ယုံပါတယ်၊ မင်းလိုပဲ နားမလည်တဲ့ လူတွေ ပြည့်လို့၊ ငါပြောပြမယ် နားထောင်၊ အထက်ဆုံးက လူတွေဟာ နိုင်ငံရေးဆိုတာကို နားလည်ကြတယ်၊ သူတို့ဖို့ကိုး၊ တို့ အောက်ဆုံးက လူတွေကလဲ နားလည်ကြတယ်၊ တို့အဖို့ကိုး၊ နိုင်ငံရေးဆိုတာ တို့အတွက်တော့ စားဖို့သောက်ဖို့ ကိစ္စ ဖြစ်နေတယ်၊ ဝတ်ဖို့ မဝတ်ဖို့ ဖြစ်နေတယ်၊ သေဖို့ မသေဖို့ ဖြစ်နေတယ်၊ အဲဒါက တို့နားလည်ထားတဲ့ နိုင်ငံရေးပဲ၊ ငါမပြောနဲ့ သာနုတောင်

www.myanmarcupid.net

နားလည်နေတယ်၊ ဗ-တ-လ-စ အစည်းအဝေးအတွက်ရော၊ တောထဲက မောင်တွေအတွက်ရော၊ ထမင်းထုပ် လိုက်ကောက်ပေးတဲ့ပညာကို သာနုတောင် ကောင်းကောင်းသိနေတယ် ”

ဘခက်သည် ရယ်ပြန်လေသတည်း။

နှင်းငွေသည် စိတ်ပျက်စိတ်အိုက်သွား၏။ နှင်းငွေ စိတ်ပျက်စိတ်အိုက်သွားမှန်း ဘခက် ရိပ်မိသွားပုံ ပေါ်၏။ ဘခက်သည် လေသံပြောင်းလျက် ဆိုသည်။

“ မင်း ဆေးကောလိပ်ရောက်ပြီလား နှင်းငွေ ”

“ ဟင့်အင်း၊ ကျောင်းပြန်ဖွင့်လို့ စာမေးပွဲအောင်မှ တက်ရမှာ ”

“ မင်းကတော့ စာမေးပွဲ အောင်မှာပါကွာ၊ အမြဲပဲ အောင်ခဲ့တာ မဟုတ်လား၊ ဒါထက် မင်းအဖေကော အခု ဘယ်မှာလဲ ”

“ သာယာဝတီမှာ၊ ခရိုင်ဝန် ”

“ ဟာ တယ်ဟုတ်ပါလား၊ အင်းလေ မဆန်းပါဘူး၊ ကိုထွန်းသောင်တောင် အခု အိုင်ပီဖြစ်နေပြီ ”

“ မင်းနဲ့ ကိုထွန်းသောင် မကင်းသေးဘူးလား ”

“ ဘဝရေစက်တွေပေါ့ကွာ၊ အဲဒါတွေ ထားစမ်းပါ၊ မင်းအခု ဒီကို ဘာလာလုပ်သလဲ ”

“ မေးရက်တယ်ကွာ၊ မင်းတို့ကို လွမ်းလို့ပေါ့ ”

“ ငါတို့ဆိုတာ ငါရယ်၊ ညွှန့်မေရယ်၊ ပြီးတော့ နုနုငယ်ရယ်၊ ဒီသုံးယောက် မဟုတ်လား ”

နှင်းငွေသည် အဖြေမပေးဘဲ ငြိမ်နေ၏။

ဘခက်က ရှေးဦးစွာ သက်ပြင်းရှိုက်ပြီး ဆို၏။

“ နုနုငယ်အပေါ် မင်း ဒီအထိ သံယောဇဉ် ရှိတာတော့ ချီးမွမ်းသဟေ့၊ ဒါပေမယ့် ငါသာ မင်းနေရာရှိရင် နုနုငယ်ကို မကြိုက်ဘူး၊ ညွှန့်မေကိုပဲ ယူမှာပဲ ”

“ ဟေ့ကောင် မင်း ဘာစကားပြောတာလဲ ”

“ ဖြစ်သင့်ဖြစ်ထိုက်တာကို ပြောတာ၊ အေးလေ မင်းကြိုက်တာ မင်းလုပ်ပေါ့၊ ငါကတော့ မင်း ငါ့အိမ်မှာ လာပြီး တည်းတာ ကျေနပ်လှပြီ၊ နေဦး ငါ ရေချိုးလိုက်ဦးမယ် ”

ဘခက် ရေချိုးပုံမှာ လွယ်လှ၏။

စောစောက ခေါင်းပေါင်းထားသော ပုဆိုးကို ယူသွားပြီး ချောင်းစပ်၌ ပုံထား၏။ ထို့နောက် ရေထဲ ခုန်ချသည်။ ရေထဲ၌ ဟိုကူးသည်ကူးနှင့် အချိန်အတန်ဖြုန်းသည်။ ပြီးမှ ရေစပ်၌ ခေတ္တလာရပ်ကာ စွပ်ကျယ်ကို ချွတ်သည်။

စွပ်ကျယ်ကို ရေတွင်း၌ပင် ဖွပ်လျှော်သည်။ လျှော်ပြီးသောအခါ စွပ်ကျယ်ကို ကမ်းစပ်သို့ ပစ်တင်လိုက်သည်။

ရေထဲ၌ ငုပ်ချီပေါ်ချီဖြင့် အားရအောင် ကူးပြီးနောက် ကမ်းပေါ် ပြန်တက်လာ၏။

ပုဆိုး လဲဝတ်၏။ ရေစိုပုဆိုးကို ညှစ်ပြီး ပုခုံးပေါ် တင်လိုက်၏။ စွပ်ကျယ်ကိုလည်း ပုခုံးပေါ် တင်လိုက်၏။

ရှည်သော ဆံပင်တို့မှ ရေတို့ စက်စက်ကျလာနေ၏။

“ ကဲ . . . နှင်းငွေရေ ရွာပြန်ကြရအောင် ”

နှင်းငွေသည် ဘခက်နှင့်အတူ ရွာဆီ လျှောက်ပြန်လာခဲ့၏။

နေဝင်သည်မှာ ကြာခဲ့ပြီ။ အလင်းရောင်ကား မမှုန်မလင်း ကျန်နေသေးသည်။

အရှေ့ဘက် ရှမ်းရိုးမပေါ်၌ ပြည့်လုနီးသော လသည် သူ့အလှည့်ကို စောင့်ဟန် တည်တည်ငြိမ်ငြိမ် ထွက်ပေါ်ရပ်တည်နေ၏။

နှင်းငွေနှင့် ဘခက်တို့ အိမ်သို့ရောက်သောအခါ ဒေါ်မြ၏ ဆီးကြိုအပြစ်တင်သံ ကြားရ၏။

“ တကတဲ ကြာလိုက်ကြတာ၊ ဘာတွေ စကားကောင်းနေကြတာလဲ၊ ငါဖြင့် ဆာလှပြီ၊ သမီး ညွှန့်မေရေ ခူးတော့ဟဲ့ . . . သာနု နင့်အစ်မ ညွှန့်မေကို ကူနော် ”

“ အင်းပါဗျ၊ ကျုပ်လဲ ဆာလှပြီ၊ အူကို လိမ်နေတာပဲ ”

အိမ်ရှေ့ ကွပ်ပျစ်ပေါ်၌ စားပွဲဝိုင်းခင်း၍ ထမင်းစားကြသည်။ မီးအိမ်မရှိ၊ သို့သော် ကောင်းကင်ထက်မှ ဖိုးလမင်းက ထိန်ထိန်သာနေသည်။

လတ်ဆတ်သော ဒန့်ဒလွန်သီးနှင့် ကကူရုံခြောက်ချဉ်ရည်ဟင်းသည် မွှေးပျံ့ကြိုင်သင်းနေ၏။ ပဒတ်ကင် မခြောက်တခြောက်ကို ထောင်းလျက် ငရုပ်သီးစပ်စပ်နှင့် ချက်ထားသော ဟင်းကလည်း အရသာရှိလှသည်။ အားလုံးသည် ထမင်းကို မြိန်ယှက်စွာ စားသည်။ သာနုက အရွယ်နှင့် မလိုက်အောင် အစားကြီးသည်။ ထမင်းလုတ်ကလည်း ကြီးသည်။

www.myanmarcupid.net

ဘခက်က နှင်းငွေကို မေးသည်။

" ဟော့ကောင် မင်း ပဒတ်ထောင်း ကြိုက်လား "

" ကြိုက်တယ်ကွ၊ ငါးရှဉ့်သားလိုလို ငါးပတ်မွှေလိုလိုပဲ၊ စားကောင်းတယ် "

" ဖွတ်သားက သာတောင် ကောင်းသေးတယ်၊ မင်း မပြန်ခင် ဖွတ်သားချက်ကျွေးမယ် "

ဘခက်နှင့် နှင်းငွေကသာ စကားပြောရင်း စားနေကြ၏။

ညွှန့်မေကမူ မျက်စိမမြင်သော ဒေါ်မြကို ထမင်းဟင်းများ ဂရုတစိုက် ထည့်ပေးရင်း စားနေ၏။

စားသောက်ပြီးသောအခါ ပန်းကန်များကို ညွှန့်မေနှင့် သာနုက သိမ်းသည်။ ဘခက်က အမိန့်ပေးသည်။

" ညွှန့်မေ မိုးချုပ်ပြီ၊ အိမ်ပြန်တော့လေ၊ ပန်းကန်တွေ ငါနဲ့ သာနု ဆေးမယ်၊ ဟော့ကောင် နှင်းငွေ၊ ညွှန့်မေကို လိုက်ပို့ကွာ "

ညွှန့်မေသည် လက်ဆေး၍ ထလာ၏။ လက်ဆေးပြီး၍ လက်သုတ်နေသော နှင်းငွေက လက်သုတ်ပဝါကို ညွှန့်မေအား လှမ်းပေးသည်။

ညွှန့်မေက လက်သုတ်ရင်း နှင်းငွေအား မေးသည့်ဟန် ကြည့်သည်။

" ဟုတ်ပါရဲ့ ညွှန့်မေ၊ မိုးချုပ်ပြီ၊ နင့်ကို ငါ လိုက်ပို့ပေးပါ့မယ် "

ညွှန့်မေနှင့် နှင်းငွေသည် ခြံတွင်းမှ ထွက်ပြီး တောင်ဘက်သို့ လျှောက်လာကြသည်။ စကား မပြောမိကြ။

ညွှန့်မေထံမှ ကိုယ်သင်းနံ့ကလေးများကို နှင်းငွေ ရှူရှိုက်ရ၏။ လွန်လေပြီးသော တစ်ညအခါက ဤသို့ပင် ညွှန့်မေနှင့်အတူ ည၌ တွဲလျှောက်ခဲ့ရသည်ကို နှင်းငွေ သတိရမိ၏။

ညွှန့်မေတို့ ခြံဝ,ဝယ် လရောင်ဝင်းဝင်းအောက်၌ နှစ်ယောက်သား ရပ်လိုက်ကြသည်။ တစ်ယောက်မျက်နှာ တစ်ယောက် ငေးငေးကြည့်မိ၏။

ညွှန့်မေက တည်ငြိမ်စွာ စကား,စဆို၏။

" အိမ်ထဲ ဝင်လိုက်ပြီး ဒေါ်လေးတို့နဲ့ တွေ့ဦးမလား "

" မိုးချုပ်ပြီဟယ်၊ ဒေါ်လေးတို့ကို အားနာစရာကြီး၊ နက်ဖြန်ကျတော့မှပဲ အေးအေးဆေးဆေး လာလည်ပါ့မယ် "

ညွှန့်မေ၏ မျက်နှာ၌ အပြုံးလေး ပေါ်လာ၏။

" ဟုတ်ပါရဲ့ မိုးချုပ်ပြီ၊ နင် အိပ်ချင်ရောပေါ့၊ မြန်မြန် အိပ်ပျော်သွားရင် မြန်မြန် မိုးလင်းလာမယ် မဟုတ်လား "

နှင်းငွေ ဘာမျှ ပြန်မဖြေနိုင်မီ ညွှန့်မေသည် ခြံတွင်းဝင်ပြေး၏။ ခြံလယ်လောက်ရောက်မှ သူ့ကို လက်ကလေး တစ်ဖက် မြှောက်ပြ နှုတ်ဆက်သွား၏။

နှင်းငွေသည် ပြန်လျှောက်လာရင်း ငွေလမင်းကို မော့ကြည့်သည်။

ဖြူစင်အေးမြသော ငွေလမင်းကား မြင်ရသူ၏ စိတ်ကို ကြည်လင်ချမ်းသာစေလေသည်။ ပူအိုက်သောနေ့တွင် မအိပ်ဘဲ ငွေလမင်းကိုသာ တစ်ညလုံး ထိုင်ကြည့်နေဖို့ ကောင်းသည်။

သို့ရာတွင် နှင်းငွေသည် သက်ပြင်းရှိုက်ရင်း မြန်မြန် မိုးလင်းပါစေသတည်းဟု ဆုတောင်းလိုက်ရ၏။

❑

## အခန်း ( ၂၃ )

## ဘခက်ပြောသော လောကအမြင်

နောက်တစ်နေ့ နံနက်၌ ဘခက်နှင့်အတူ စောစောထသည်။

နံနက်စောစောစာအဖြစ် ဘခက်ကိုယ်တိုင် ပေါင်းသော ကောက်ညှင်းကို ငါးပုပ်ခြောက်ဖုတ် ဆီရွှဲရွှဲနှင့် စားကြသည်။ ခြံထွက် ဆိတ်နို့ပျစ်ပျစ် တစ်ခွက်စီ သောက်ကြသည်။

ခုနစ်နာရီခန့်၌ သာနုရောက်လာသောအခါ ဘခက် အလုပ်စတော့၏။

ဘခက်သည် သာနုနှင့်အတူ ဆိတ်၏ အညစ်အကြေးတို့ကို ရှင်းလင်းသည်။ ဆိတ်တစ်ကောင်စီ၏ ခွာ၊ ချို၊ နှာခေါင်း စသည်တို့ကို စစ်ဆေးသည်။ မှိုင်သောဆိတ်၊ အစားမစားသောဆိတ် စသည်တို့ကို သီးသန့် ခွဲထုတ်သည်။

ဘာမျှ ကူမလုပ်တတ်သော နှင်းငွေမှာ ဘေးမှသာ ရပ်ကြည့်နေရ၏။

www.myanmarcupid.net

ရှစ်နာရီကျော်ကျော်၌ သာနုသည် ဆိတ်အုပ်ကို မ,၍ ဆိတ်ကျောင်းထွက်သွား၏။ ဖီးရှိသော ဆိတ်မကြီး တစ်ကောင်၊ သားကျပြီးစ အခြားတစ်ကောင်နှင့် ဆိတ်ပေါက်စလေးများသာ ကျန်ရစ်၏။ ဆိတ်မကြီးနှစ်ကောင်ကို ပြောင်ပိန္နဲရွက်များ ကျွေးခဲ့ပြီးနောက် ဆိတ်ခြံတွင်းမှ ဘခက် ထွက်လာသည်။

ဘခက်သည် လက်ဆေးပြီး ပုဆိုးတစ်ထည်ကို ခေါင်းပေါင်းလိုက်၏။

" ဆိတ်ကျောင်းလိုက်သွားမလို့လား ဘခက် "

" ဟင့်အင်း သာနုတစ်ယောက်တည်း နိုင်ပါတယ်၊ ဒီနှစ် စနယ်မြေမှာ ငါ စမ်းပြီး ကြံစိုက်ထားတယ်၊ မြေက မကောင်းလှပေမယ့် အာမိုဆားက စွမ်းလို့ ငါ့ကြံခင်းတွေ အောင်တယ်၊ အခုနွေမှာတော့ ကြွက်အန္တရာယ် ရှိနေတယ်၊ ငါ ကြွက်တွင်းတွေ လိုက်ဖျက်မလို့၊ ညနေ မင်း မြေကြွက်သား ကောင်းကောင်း စားရမယ် "

" မင်းတို့ အလုပ်ကလဲ နွေမှာတောင် မနားရဘူး၊ ပင်ပန်းလိုက်တာ "

ဘခက်သည် ဘာမျှ ပြန်မဖြေ။ ဓားမတစ်ချောင်းကို ခါး၌ ထိုးလိုက်သည်။ ပေါက်ပြားတစ်လက်ကိုလည်း ပုခုံး၌ ထမ်းလိုက်သည်။

" ကဲ . . . ငါသွားမယ်၊ မင်း ပျင်းရင် ညွန့်မေတို့အိမ် သွားလည်ပေါ့၊ နေ့လယ်ကျ ငါ ထမင်းပြန်စားမယ်၊ မင်း စောင့်ချင်လဲ စောင့်ပေါ့၊ ဆာရင်လဲ စားနှင့် "

ဘခက်က ခြံတွင်းမှ ထွက်သွားသည်။

နှင်းငွေသည် ဘခက်ကို မျက်စိတစ်ဆုံး ကြည့်ကျန်ရစ်၏။ အမှန်မှာ သူငယ်ချင်းနောက်သို့ သူလိုက်သွားချင်သည်။ တတ်သည်ဖြစ်စေ၊ မတတ်သည်ဖြစ်စေ သူငယ်ချင်းကို ကူချင်သည်။ သို့ရာတွင် သူ မလိုက်နိုင်။

နှင်းဧငွေသည် ခြံဝမှနေ၍ ရွာလမ်း မြောက်ဘက်ဆီသို့ ဂရုထားကြည့်နေ၏။ တစ်စုံတစ်ရာ လှုပ်လှုပ်ရှားရှားမြင်တိုင်း မြင်းလှည်းလေလားဟု မျှော်လင့်နေရ၏။

တစ်နာရီခန့် စောင့်သည့်တိုင်အောင် ဘာမျှ ပေါ်မလာသောအခါ စိတ်ပျက်ခြင်းတစ်ဝက်နှင့် နှင်းငွေက ညဉ့်က ကတိရှိခဲ့သည့်အတိုင်း ညွန့်မေတို့အိမ်ဘက်သို့ ထွက်လာခဲ့သည်။

မနေ့ညနေကမူ စိတ်စောနေသောကြောင့် ဘာကိုမျှ သတိမပြုမိ။ ညတုန်းကလည်း အလင်းရောင်နည်းသောကြောင့် အမှတ်တရ မမြင်မိ။ ယခုမှ သစ်ပင် ပင်စည်တို့နှင့် ခြံစည်းရိုးတို့ပေါ် ကပ်ထားသော ပိုစတာများကို မြင်တွေ့မိသည်။ ရွေးကောက်ပွဲအတွက် မဲထည့်ရန် လှုံ့ဆော်ထားသော ပိုစတာများ ဖြစ်ကြ၏။

ထိုအခါမှ နှင်းငွေ သတိရသည်။ ဪ ပါလီမန် ရွေးကောက်ပွဲကြီး နီးပြီကော . . .။

ပါလီမန် ရွေးကောက်ပွဲကြီး နီးပြီကို သတိမပြုမိအောင် မိမိ၌ နိုင်ငံရေးအသိ ကင်းလှသည်။ မနေ့ညက ဘခက် ဝေဖန်သော စကားများကိုလည်း ပြန်လည် ကြားယောင်မိ၏။

ပိုစတာများမှာ မဲပုံးပေါ်တွင် အနီခံ၌ ကြယ်ဖြူပွင့်နှင့် ဗိုလ်ချုပ်အောင်ဆန်း၏ ဓာတ်ပုံပါသော ဖ-ဆ-ပ-လ အဖွဲ့၏ ပိုစတာများသာ ဖြစ်သည်။ အတိုက်အခံအဖွဲ့၏ ပိုစတာများကို မတွေ့ရ။ မိတ္ထီလာ သာစည်နယ်၌ အတိုက်အခံအဖွဲ့၏ ပိုစတာများကို မတွေ့ရသည်မှာလည်း နှင်းငွေအတွက်တော့ ဆန်းလှသည် မဟုတ်။

နှင်းငွေသည် ညွန့်မေတို့အိမ်သို့ ရောက်လာ၏။

ဒေါ်လေးနှင့် ညွန့်မေ အမျုးပြုသော တစ်အိမ်လုံးကို သူ့ကို ခရီးဦးကြို ပြုစုဧည့်ခံကြသည်။

ညွန့်မေ၏ ဒေါ်လေး၌ ပြောစရာစကားတွေ များစွာရှိနေ၏။ နှင်းငွေ ရွာသို့ လာလည်သောကြောင့် ဝမ်းသာကြောင်း၊ နှင်းငွေ၏အဖေ အရေးပိုင်ဖြစ်ကာ နှင်းငွေလည်း ဆေးကောလိပ် ရောက်တော့မည်ဖြစ်ကြောင်း သိရ၍လည်း ဝမ်းသာကြောင်း၊ နောင်ကိုလည်း ရွာမွန်သာကို မမေ့ရန် တောင်းပန်ကြောင်း၊ ညွန့်မေကို သူ ကောလိပ်သို့ ခက်ခဲစွာ ပို့ခဲ့ရကြောင်း၊ ယခုမူ အစိုးရထံမှ ညွန့်မေ ထောက်ပံ့ကြေးရသောကြောင့် အလုံးကြီးကျသွားကြောင်း၊ သူတို့ထဲတွင် စာတတ်ပေတတ်ဆို၍ ညွန့်မေ တစ်ယောက်သာရှိ၍ ဂုဏ်ယူလှကြောင်း၊ ညွန့်မေကို ကျောင်းအုပ်ဆရာမကြီး ဖြစ်စေချင်ကြောင်း၊ ရွာမွန်သာ၌ အထက်တန်း ကျောင်းကြီးတစ်ဆောင် ဆောက်ချင်ကြောင်း၊ တစ်နေ့က အိပ်မက်မက်ကြောင်း၊ အိပ်မက်ထဲတွင် မြွေကြီးတစ်ကောင်က သူ့ကို မျိုမည်ပြုကြောင်း၊ သူက ကြောက်အားလန့်အားနှင့် မြွေကြီး၏ အမြီးကို ကိုက်လိုက်မှ မြွေကြီးထွက်ပြေးကြောင်း၊ ထို့နောက် သူ အန်ကြောင်း၊ အန်သောအခါ ပါးစပ်တွင်းမှ ရွှေတွေ ငွေတွေ ထွက်လာကြောင်း၊ ဘကြီးရှမ်းထံ အတိတ်တောင်းသောအခါ သိန်းထီပေါက်နိုင်သည်ဟု သိရကြောင်း၊ သာစည်တက်၍ သိန်းထီထိုးထားရာ ပေါက်မည် သေချာကြောင်း၊ သိန်းထီပေါက်လျှင် ရွာမွန်သာ၌ အထက်တန်းကျောင်းကြီးတစ်ဆောင် ဆောက်လုပ်လှူဒါန်းမည်ဖြစ်ကြောင်း၊ ညွန့်မေကို ကျောင်းအုပ်ခန့်ထားရန် တောင်းဆိုမည်လည်းဖြစ်ကြောင်း စုံနေ၏။

www.myanmarcupid.net

နှင်းငွေသည် အပျိုကြီးမမတို့၏ စကားတို့ကို နားထောင်ရင်း အလိုက်သင့် ဝင်ပြောနေရ၏။ မျက်လုံးတို့ကမူ ရွာလမ်းသို့ မကြာခဏ လှမ်းကြည့်နေ၏။ ဤသည်ကို စကားမပြောလှပဲ ပုဆစ်ကလေးတုပ်ကာ ဘေး၌ ထိုင်နေသည့် ညွန့်မေတစ်ယောက် သတိပြုမိလေမည်လောဟုမူ မပြောတတ်။

နံနက်စာကို စားသွားရန် တိုက်တွန်းကြသော်လည်း နှင်းငွေသည် တောင်းပန်ပြီး ပြန်ခဲ့၏။

ခြံဝအထိ လိုက်ပို့သော ညွန့်မေက မှာသည်။

" တို့အိမ်မှာ ထမင်းမစားပေမယ့် ညနေကျရင် တို့အိမ်မှာ ရေလာချိုးပါလား နှင်းငွေ "

ဤစကားကိုမူ နှင်းငွေ ရုတ်တရက် မငြင်းနိုင်၊ ညွန့်မေက ဆက်တိုက်တွန်း၏။

" နင် ချောင်းရေထဲမှာ နေ့တိုင်း မကူးနိုင်ပါဘူး၊ ရေက နောက်တယ်၊ ညစ်လဲ ညစ်ပတ်တယ်ဟယ်၊ တို့အိမ်ကိုတော့ အားမနာနဲ့၊ တို့က ရေစည်နဲ့ တိုက်ပြီး ရေကြည်ခံထားတယ် "

" အေးဟယ် ကျေးဇူးပါပဲ၊ ငါ လာချိုးပါ့မယ် "

" လာချိုးရင် ပုဆိုးတွေပဲ ယူခဲ့ပေါ့၊ ဆပ်ပြာတို့ မျက်နှာသုတ်ပဝါတို့တော့ တို့အိမ်မှာ ရှိတယ်၊ ငါ အဆင်သင့် လုပ်ထားမယ် ကြားလား "

" အေးပါ ကြားပါတယ်၊ အမိန့်အတိုင်းပါ "

" ကဲ . . . ဒါဖြင့်လဲ သွားတော့ "

ဘခက်တို့၏ တဲသို့ နှင်းငွေ ပြန်ရောက်ချိန်၌ ဘခက်လည်း ပြန်ရောက်နေပြီ။

ဘခက်ကို မီးဖိုတွင်း အလုပ်များနေသည်ကို နှင်းငွေ တွေ့ရ၏။

ဘခက်က လှမ်းခေါ်၏။

" လာဟေ့ သူငယ်ချင်း၊ ကြည့်လှည့်စမ်း "

နှင်းငွေက ဝင်ကြည့်သည်။ မီးဖိုတွင်း၌ အသားကင်နံ့ မွှေးနေ၏။ အလွန်ပင် ထမင်းဆာလောက်အောင် မွှေးနေ၏။

မီးကျီးပေါ်၌ အရေဆုပ်၍ တံစို့ထိုးပြီးသော ခြေလက်ကားရားရှိသည့် အကောင်သုံးကောင်ကို ကင်ထားသည်။ ဘခက်က ရှင်းပြ၏။

" မြေကြွက်ကြီး သုံးကောင်လေ၊ တစ်ကောင် တစ်ကောင် တောင်ဆုပ်လောက် ရှိတယ်၊ ငါ့ကြံပင်တွေကို သုံးဆောင်ထားတော့ သူတို့အသားလဲ အတော်ချိုမှာပဲ "

ဘခက်သည် တံစို့တစ်ခုစီကို မီးကျီးမှယူပြီး မီးဖိုဘေး၌ ထောင်ထားလိုက်၏။

" ညနေစာ အတွက်ပေါ့ကွာ၊ လာ အခုတော့ ရှိတဲ့ဟင်းနဲ့ ချကြရအောင် "

ဘခက်နှင့် နှင်းငွေသည် မနေ့ညက ကျန်သော ချဉ်ရည်ဟင်း၊ ပုတတ်ထောင်းတို့နှင့်ပင် ထမင်းစားကြ၏။

" ဒါထက် ကြီးတော်မြကေ ဘခက် "

" အမေ စားပြီးသွားပြီ၊ ဘကြီးရှမ်းတို့အိမ်ဘက် သွားတယ်၊ အမေက သူ့မျက်လုံး ပြန်မြင်ချင်တုန်းပဲ၊ ရလိုရငြား ဘကြီးရှမ်းကလဲ တတ်သမျှ ကုပေးနေတယ် "

" သူငယ်ချင်းရာ မြို့ပို့ပြီး ဆရာဝန်နဲ့ ပြကြည့်ပါလား "

" ငါ့ သောက်ဆံက ဘယ်မှာလဲ၊ မင်းတို့ မြို့ဆေးရုံကော၊ ဆရာဝန်တွေရော၊ ဆေးတိုက်တွေရော ပိုက်ဆံမရှိတဲ့ လူတွေ ဘယ်လောက် အားကိုးနိုင်လို့လဲ "

" ဒီလောက်ကြီးတော့ မဟုတ်ပါဘူးကွာ "

" ဒီလောက်ကြီး မဟုတ်ပေမယ့် တော်တော်တော့ ဟုတ်တယ် မဟုတ်လား "

နှင်းငွေ မဖြေနိုင်၊ ဘခက်က ဆက်ပြော၏။

" မင်း ဆရာဝန်လိုင်းလိုက်တာ ငါ သိပ်ဝမ်းသာတယ်၊ ဒါပေမယ့် နားကြပ်ကလေး လည်ဆွဲ၊ ဝတ်ဖြူစင်ကြယ်လေး ဝတ်၊ ဆေးတိုက်ကလေးထောင်၊ မော်တော်ကားလေးစီး၊ မယားချောချောလေးယူ၊ နာ့(စ်)မလေးတွေနဲ့ အဲ . . . ဟိုဒင်း . . . ငါ မပြောတော့ပါဘူးကွာ၊ အဲဒီ ဆရာဝန်မျိုး အဖြစ်တော့ မင်းကို ငါမမြင်ချင်ဘူး "

" အေးပါကွာ၊ မမြင်စေရပါဘူး "

" နားထောင် ငါပြောဦးမယ်၊ မနှစ်က ဒီမှာ ကပ်ဆိုက်လို့ သေလိုက်တာ တစ်လောင်းပြီး တစ်လောင်း၊ လူတွေဟာ ကြွက်တွေ၊ ယင်ကောင်တွေ သေတဲ့အတိုင်းပဲ၊ ရွာတွေ နဲ့အောင် ဘယ်သူမှ ဆေးလာထိုး မပေးဘူး၊ ရွာသားတွေဟာ ပရိတ်ပဲ ရွတ်ကြရတယ်၊ နေဝင်ရင် သံပုံးပဲ တီးကြရတယ်၊ မြင်းနဲ့ ရှာသောက်သူကသောက်၊ မြင်းချွေးလိမ်းသူကလိမ်း၊ မြင်းသတ်စားသူကစား၊ သင်္ချိုင်းက လူရိုးကို ဆုံထဲထည့် အမှုန့်ထောင်းပြီး ထန်းလျက်နဲ့ တေစားသူကစား "

" ဟာ ဟော့ကောင် အဲဒါတွေက သိပ္ပံနည်း မကျဘူးကွ "

" သိပ္ပံနည်းကျမကျကို ရွာသူရွာသားတွေက ဘယ်လိုလုပ်သိမလဲ၊ သိပ္ပံနည်းကျတရားကို ဟောနေသူတွေကလဲ တောကို ဆင်းရဲ့လား၊ အေး . . . မဆင်းတာထားတော့၊ ကြားဖူးနားဝ ရှိတဲ့လူတွေက မြို့တက် ဆေးထိုးကြတယ်၊ အလကား ထိုးပေးရမယ့် ဆေးတစ်လုံးကို ငါးကျပ်ကနေ နှစ်ဆယ်အထိ ယူလိုက်ကြတယ်၊ ကောင်းကွာ ကောင်းကွာ၊ သိပ္ပံနည်းကျစွာ ပိုက်ဆံယူလိုက်ကြတယ် "

စကားပြောတိုင်း ကောင်းကွာ ကောင်းကွာဟု ထည့်ပြောလေ့ရှိသော ဘခက်ကို နှင်းငွေ သဘောကျ၏။ ထမင်းကို ပလုပ်ပလောင်းစားရင်း ပြောနေပုံကိုလည်း သဘောကျ၏။ သဘောကျသောကြောင့်လည်း ရယ်၏။

" နှင်းငွေ မင်းက ငါ့စကားကို ရယ်သလား "

" ဟာကွာ သဘောကျလို့ ရယ်တာတောင် မရယ်ရတော့ဘူးလား "

" ရယ်စရာစကား မဟုတ်ဘူးကွ၊ ငိုစရာစကား "

" ဘယ်လို ငိုစရာစကား "

" ဟုတ်တယ် ငိုစရာစကား၊ မင်းတို့လို သိပ္ပံ သိပ္ပံလို့ အော်နေတဲ့ ငတိတွေအတွက် ပိုငိုဖို့ကောင်းတဲ့စကား "

" ဘာရယ်၊ မင်းဘာပြောလိုက်တယ် ဘခက် "

" ငါပြောတာ သိပ်ရှင်းတယ်၊ မင်းတို့လို မြို့ပေါ်က ပညာတတ်တွေက သိပ္ပံပညာ၊ သိပ္ပံပညာလို့ သိပ်ခံတွင်းတွေ့ နေတယ်၊ တောက လူတွေအတွက်ကတော့ သိပ္ပံပညာဆိုတာ တုံးခုလို့လှမ်းရမယ့် အမြင့်ပန်းဖြစ်နေတယ်၊ ငါ ဆယ်တန်း မအောင်ပါဘူး၊ သိပ္ပံပညာတော့ ယူဖူးတယ်၊ သိပ္ပံပညာကို အထင်လဲ ကြီးပါတယ်၊ ဒါပေမယ့် သိပ္ပံပညာကို ငါ သိပ် သနားမိတယ် "

" ဘုရားရေ သိပ္ပံကို မင်းက သနားမိတယ် "

" အေး သနားမိတယ်၊ လယ်ယာခွင်မှာလဲ သိပ္ပံပညာလိုတယ်၊ တခြား ကုန်ထုတ်လုပ်ရေးမှာလဲ သိပ္ပံပညာလိုတယ်၊ အထူးသဖြင့် လူတွေရဲ့ သေရေးရှင်ရေး၊ နေဦး ငါ စကားပြင်ပြောမယ်၊ လူတွေရဲ့ နေရေး၊ နေရေးမှာ သိပ္ပံပညာမိုးဟာ ခေါင်နေတုန်းပဲ "

" ဘခက် မင်းစကားက သိပ်မြင့်တယ်၊ ငါ နားမလည်တော့ဘူး "

" လယ်ကူလီ မုဆိုးမသားရဲ့ စကားကို အရေးပိုင်သား တက္ကသိုလ်ကျောင်းသားကြီးက နားမလည်ဘူးဆိုလို့ ငါတော့ ရိုးသားစွာ ဂုဏ်ယူသဟေ့ "

" ဟော့ကောင် ကိုယ့်ကိုယ်ကို သိဒ္ဓိတင်မနေနဲ့၊ ပြောမှာသာ ဆက်ပြော "

" ပြောမယ်၊ လူတွေရဲ့ နေရေး၊ နေရေးမှာ သိပ္ပံပညာမိုးဟာ ခေါင်နေတုန်းပဲ၊ လူတွေရဲ့ သေရေးကိစ္စမှာတော့ သိပ္ပံပညာဟာ သိပ်လက်စွမ်းထက်နေတယ်၊ ဥပမာ အနုမြူဗုံးတို့၊ ဟိုက်ဒရိုဂျင်ဗုံးတို့ပေါ့ကွာ၊ တခြား စစ်လက်နက်ပစ္စည်း ထုတ်လုပ်ရေးမှာပေါ့ကွာ၊ ရိက္ခာဖူလုံရေးကိစ္စတို့၊ ရောဂါသည်ကို ကယ်ဆယ်ရေးကိစ္စတို့ကျတော့ သိပ္ပံပညာမိုးဟာ ခေါင်နေတယ်၊ သိပ္ပံပညာနဲ့ သိပ္ပံပညာရှင်တွေကို အပြစ်တင်နေတာ မဟုတ်ဘူး၊ သနားတယ်လို့ပဲ ပြောနေတယ်၊ ငါအပြစ်တင်နေတာက လူ့ဘောင်ရဲ့ စနစ်ဆိုးကိုပဲ၊ သိပ္ပံပညာဆိုတာကို တိမ်တွေသယ်လာတဲ့ မုတ်သုန်လေလို့ပဲ ယူဆကြရအောင်၊ လူ့ဘောင်ရဲ့ စနစ်ကောင်းတစ်ခုကို ဟောဟိုရှေ့က ရှမ်းတောင်တန်းကြီးလို့ ယူဆကြရအောင်၊ တောင်တန်းနဲ့ တွေ့ရင်တော့ မိုးဖြိုင်ဖြိုင် ရွာချမှာပေါ့၊ ဒါပေမယ့် သိပ္ပံပညာဆိုတဲ့ မုတ်သုန်လေဟာ ကန္တာရကို ဖြတ်နေရတုန်းပဲ၊ ဘာမိုးမှ မရွာသေးဘူး၊ လူ့လောကဟာ အခုထိ နွေကန္တာဦးမှာပဲ ရှိနေသေးတယ် "

စကားအဆုံး၌ ဘခက်သည် ထမင်းလုတ်ကြီးတစ်လုတ်ကို သူ့ပါးစပ်တွင်း ထိုးသွင်းလိုက်၏။ မျက်လုံးကျဉ်းသမျှ ဘခက်၏ ပါးစပ်သည် ကျယ်၏။ ထမင်းလုတ်ကြီးသည် သက်သာချောင်ချိစွာ ဝင်သွား၏။

ဘခက်၏ ပန်းကန်တွင်း၌ ထမင်းပြောင်ပြီ။ နှင်းငွေ၏ ပန်းကန်တွင်း၌လည်း ပြောင်ပြီ။

သူငယ်ချင်းနှစ်ဦးသည် ထမင်းဝိုင်းကို အတူသိမ်းပြီး ပန်းကန်များကိုလည်း အတူဆေးကြ၏။

အားလုံးပြီးသောအခါ ဘခက်သည် ပါးစပ်ကိုရော လက်ကိုပါ ခါးမှ ပုဆိုးစည်းဖြေပြီး ပုဆိုးအပေါ်စနှင့် အားရပါးရ သုတ်နေ၏။

လက်တွင် ရေစက်လက်နှင့် နှင်းငွေသာ ဘာလုပ်ရမှန်း မသိ။

နှင်းငွေ၏ ဒုက္ခကို ဘခက် မြင်သွားသည်။

" အယ် . . . ဟုတ်ပါရဲ့၊ မနေ့ညနေက လက်သုတ်ပဝါ ငါ ရှာလိုက်ဦးမယ် "

" ရှာမနေပါနဲ့ကွာ၊ မင်းလိုပဲ ငါသုတ်မယ် "

www.myanmarcupid.net

နှင်းငွေလည်း ခါးမှ ပုဆိုးစည်းကို ဖြေပြီး ကိစ္စငြိမ်းလိုက်၏။
စကားအနည်းငယ် ဆက်ပြောကြပြီးနောက် သူ့ကြံခင်းသို့ ဘခက် ပြန်ထွက်သွား၏။
နှင်းငွေက ကွပ်ပျစ်တွင် ထိုင်ရင်း ရွာလမ်းကို ကြည့်နေ၏။ သို့ရာတွင် တဖြည်းဖြည်းနှင့် ငိုက်မျဉ်းလာ၏။ ခဏ၌မူ သူ့ကိုယ်သူ သတိမပြုမိဘဲ ကွပ်ပျစ်ထက်လှဲကာ နှင်းငွေ အိပ်ပျော်သွား၏။
မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိ၊ လန့်နိုးသောအခါ သူ့တစ်ကိုယ်လုံး ချွေးတွေ ရွှဲနေ၏။ ရေကလည်း အလွန်ငတ်နေ၏။
နှင်းငွေသည် ကွပ်ပျစ်ပေါ်မှ ထပြီး ရေသောက်၏။ ခြံနောက်ဖေးမှ ဆိတ်ပေါက်စများ၏ တဘဲဘဲအော်သံ ကြားရ၏။
နှင်းငွေက ဆိတ်ခြံကို သွားကြည့်သည်။
ဆိတ်မကြီးက ခြေကားရားထားပေးပြီး ညောင်ပိန္နဲရွက်ကို လှမ်းယူဝါးနေ၏။ ဆူကားသော တစ်လုံးတည်းသော နို့ကြီးကို ဆိတ်ကလေး လေးကောင် လုစို့နေ၏။ မစို့ရသော သတ္တဝါက တဘဲဘဲ အော်နေခြင်းဖြစ်၏။
ဆိတ်ခြံမှ ခွာခဲ့ပြီး နှင်းငွေသည် လက်ပတ်နာရီကို ကြည့်သည်။ ညနေလေးနာရီ ရှိနေပြီ။
နှင်းငွေသည် သွားတိုက်၍ ပလုတ်ကျင်းသည်။ ထိုနောက် အခန်းတွင်း ဝင်၍ လုံချည်နှစ်ထည်နှင့် အင်္ကျီအသစ်တစ်ထည်၊ စွပ်ကျယ်သစ်တစ်ထည် ထုတ်ယူပြီး ညွှန့်မေတို့အိမ်ဘက် ထွက်လာသည်။
ညွှန့်မေက အဆင်သင့် စောင့်နေဟန်တူသည်။ သူ့ခြံတွင်း ဝင်မိလျှင်ပင် ညွှန့်မေသည် အိမ်ပေါ်မှ ဆင်းလာ၏။
ညွှန့်မေ၏ လက်တစ်ဖက်တွင် ပန်းနုရောင် အမွေးပွ မျက်နှာသုတ်ပဝါတစ်ထည်ကို ပိုက်ထား၏။ အခြားလက်တစ်ဖက်တွင် ဆပ်ပြာခွက်ကို ကိုင်ထား၏။
“ နင် နောက်ကျလှချည်လား ”
“ အေး ငါ အိပ်ပျော်သွားလို့ ”
“ ကဲ . . . လာ . . . လိုက်ခဲ့၊ ငါ နေရာပြပေးမယ် ”
ညွှန့်မေက ခြံနောက်ပိုင်းသို့ ခေါ်သွား၏။
ခြံနောက်ပိုင်းတွင် ရေကြိုက်သော သဘော်ာပင်နှင့် ဒန့်ဒလွန်ပင်တို့ စိမ်းစိုနေ၏။
ရှေးဦးစွာ ရေအိုးကြီးတစ်လုံးကို တွေ့ရသည်။ ရေအိုးကြီးနား၌ အဝတ်လျှော်ရန်ချထားသော ပျဉ်ချပ်ထူထူ တစ်ခုကို တွေ့ရသည်။
၎င်းတို့ကို ကျော်သွားသောအခါ အလုံကာထားသော ရေချိုးခန်းကို တွေ့ရသည်။
“ အဲဒါ ရေချိုးခန်းပဲ အားရပါးရချိုး၊ အားမနာနဲ့၊ ရော့ ဆပ်ပြာခွက်၊ ဟောဒီမှာ မျက်နှာသုတ်ပဝါ၊ ကဲ ငါသွားမယ်”
ညွှန့်မေသည် တစ်ချက်ပြုံးပြပြီး ထွက်ခွာသွား၏။
ညွှန့်မေပေးသော မျက်နှာသုတ်ပဝါနှင့် နှင်းငွေ ယူလာခဲ့သော အင်္ကျီသစ်၊ စွပ်ကျယ်သစ်၊ ပုဆိုးသစ် တစ်ထည်တို့ကို တန်းပေါ် တင်လိုက်၏။ အင်္ကျီဟောင်းနှင့် စွပ်ကျယ်ဟောင်းကိုလည်း ချွတ်၍ တန်းပေါ်၌ပင် သီးသန့် တင်ထားလိုက်၏။ အပိုဆောင်းလာသော ပုဆိုးတစ်ထည်ကို ရေလဲလုပ်ရန် ယူခဲ့ပြီး နှင်းငွေသည် ရေချိုးခန်းတွင်းသို့ ဝင်လိုက်သည်။
ရေချိုးခန်းတွင်း၌ အင်္ဂတေကိုင်ထားသော အုတ်ကန်ကို တွေ့ရ၏။ သာစည်မြို့ရှိ လူလတ်တန်းစား အိမ်တိုင်းတွင် တွေ့ဖူးသော အုတ်ကန်မျိုးဖြစ်၏။
အုတ်ကန်တွင်းရှိ ရေသည် ကြည်လင်နေ၏။ လက်ဖြင့် စမ်းကြည့်သောအခါ အေးမြ၍လည်း နေ၏။
နှင်းငွေသည် တပွမ်းပွမ်း ရေခပ်ချိုးတော့၏။
တစ်ကိုယ်လုံး အေးအောင် ရေလောင်းပြီးမှ ဆပ်ပြာခွက်ကို ကိုင်သည်။ ဆပ်ပြာခွက်တွင်း၌ အညိုရောင် ဘဲဥပုံ ပဲယား(စ်) ဆပ်ပြာမွှေး အသစ်စက်စက်ကို တွေ့သည်။
ဆပ်ပြာတိုက်ရင်း နှင်းငွေ ပြုံးမိသည်။
ရွှေကြီးညိုမလေးသည် ဆပ်ပြာကိုပင် အညိုရောင် ပဲယား(စ်)ကို သုံးဟန်တူလေသည်တကား။
အိုက်ခြင်းဒဏ်ကို နှင်းငွေ အမုန်ခံခဲ့ရ၏။ ရေအေးအေး ချိုးရသောအခါ စည်းစိမ်တွေ့သည်။ ရန်ကုန်တက္ကသိုလ်ကျောင်းဆောင် ရေချိုးခန်းမှာလိုပင် သီချင်း အော်ဆိုချင်မိသည်။ အထူးသဖြင့် ဖိုးကျော်ဖေ ဟစ်လေ့ရှိသော ဖိုးစိန်သီချင်းကို အော်ချင်သည်။ တက္ကသိုလ်ကျောင်းဆောင်မှ ရေချိုးခန်းမင်းသားတို့သည် ခေတ်ပေါ်သီချင်းမျိုးစုံ ဆိုတတ်သည်။ သူတို့နှင့်တစ်မူကွဲကာ ကျော်ဖေက ဖိုးစိန်သီချင်းကို ဟဲတတ်မြဲ ဖြစ်၏။
“ သိကြားမင်း မာဃိ တာဝတိံ တံတွေး၊ အနှစ်ပမာ ဖြစ်လာပါပဲ စိန်စိန်၊ ဝဇီရာဝုဓ ယခုဘဝ အရောင်မမှိန်၊ ပြည်မြန်မာရှုကြတဲ့ သမုဒယ မောင်စိန် ”

www.myanmarcupid.net

ကျော်ဖေဟဲသမျှကို နှင်းငွေ အစအဆုံး မမှတ်မိ။ သို့ရာတွင် အကြိမ်ကြိမ် ကျော်ဖေ ဆိုပြလေ့ရှိသော သံပြိုင်ကိုမူ နှင်းငွေ မှတ်မိ၏။

" ဘုရားတကာ ကိုကြီးစိန်၊ ကျောင်းတကာ ကိုကြီးစိန် (နိဗ္ဗာန် စိတ်အကြံ သဘောနဲ့ ရှိုင်းချိန်) စာမမ္မက္ခန်တတ်သမို့ ကဝိန်၊ အရဟတ္တဖိုလ်စိန် "

ကျော်ဖေ၏ ဟဲနေကျ သီချင်းကို စိတ်တွင်းမှ ဆိုရင်း နှင်းငွေသည် ရေကို တစ်ခွက်ချင်း ဖြည်းဖြည်း လောင်းကာ ချိုးနေသည်။

ထိုခဏတွင်ပင် ကျော်ဖေ ရှားလော့ဟုမ်း လေသံနှင့် မှတ်လွတ်လိုက်သော "အတွေးစ"တို့က ခေါင်းတွင်း ဝင်လာသည်။

နှင်းငွေသည် ရေချိုးရပ်လိုက်၏။ ပုဆိုးလဲပြီး အပြင်သို့ ထွက်လာခဲ့သည်။

ခပ်လှမ်းလှမ်းမှ အဝတ်ဖွပ်သံ ကြားရ၏။

အသံလာရာ လှည့်မကြည့်ဘဲ နှင်းငွေသည် မျက်နှာသုတ်ပုဝါနှင့် ကိုယ်ကို ရေစင်အောင်သုတ်သည်။ ထို့နောက် စွပ်ကျယ်အသစ် ဝတ်ပြီး အပေါ်မှ အင်္ကျီသစ် ထပ်ဝတ်လိုက်၏။ ရေလဲပုဆိုးနှင့် ပြောင်းဝတ်ရမည် ပုဆိုးသစ်ကို လှမ်းယူမိမှ နှင်းငွေ သတိပြုမိသည်။

တန်းပေါ်၌ စွပ်ကျယ်ဟောင်းနှင့် အင်္ကျီဟောင်း မရှိပြီ။

နှင်းငွေသည် အဝတ်အစားလဲပြီးနော်က ယူရမည်တို့ကို ယူလျက် ထွက်လာခဲ့သည်။

စောစောက တွေ့ခဲ့ရသော ရေအိုးကြီးအနီး ပျဉ်ချပ်ပေါ်၌ ညွန့်မေသည် အဝတ်လျှော်နေ၏။

" ညွန့်မေ နင် ငါ့အင်္ကျီတွေ လျှော်နေသလား "

" အေးလေ၊ အဲဒါ ဘာဖြစ်သတုန်း "

" ဟယ် . . . ဒီလိုဆိုရင် နောက် နင်တို့အိမ် ငါ လာရေချိုးတော့မှာ မဟုတ်ဘူး "

" ဒါဖြင့်ရင် နင်လဲ ရွာမွှန်သာကို ဘယ်တော့မှာ လာမလည်နဲ့တော့ နှင်းငွေ "

ထိုအခါ နှင်းငွေ ဘာပြန်ဖြေရမှန်း မသိတော့။

ဆပ်ပြာလည်းတိုက်ပြီး ရေလည်းနယ်ပြီးရုံမက နောက်ဆုံးအဖြစ် ဖွပ်ပြီးသော စွပ်ကျယ်နှင့် အင်္ကျီတို့ကို ညွန့်မေသည် ဆန့်အောင် ဖြန့်ခါ၏။ ထို့နောင် အနီးရှိ ကြိုးတန်းပေါ် လှန်းထားပေးသည်။

နှင်းငွေက ငြိမ်ရပ်ကြည့်နေ၏။ ညွန့်မေသာ ကိစ္စအပြီး၌ ပြုံးပြုံးလှည့်ကြည့်ဆို၏။

" ကဲ . . . ကိုယ်တော်ချော၊ ခေါင်းလိမ်းဆီတော့ ပေးစရာမရှိဘူး၊ ပေါင်ဒါ လိမ်းမလား၊ နှုတ်ခမ်းနီ ဆိုးမလား၊ အဲဒါတွေတော့ ငါပေးနိုင်တယ် "

" ဟာ . . . ညွန့်မေကလဲ နောက်စရာမရှိ နောက်တယ်၊ ကဲ . . . ငါပြန်ဦးမယ်၊ သြော် . . . ညနေ ငါနဲ့ နင် လမ်းလျှောက်လိုက်ဦးမလား "

" မပိုပါနဲ့ ကိုကြီးငွေရယ်၊ ဒီညနေ နင်တစ်ယောက်တည်း လမ်းလျှောက်ဖို့ပါ၊ အစစ အဆင်ပြေပါစေလို့လဲ ငါဆုတောင်းလိုက်တယ်၊ ကဲ သွားတော့လေ၊ နောက်ကျလို့ လွဲနေဦးမယ် "

ပြုံး၍စိုက်ကြည့်နေသော ညွန့်မေ၏ မျက်လုံးများကို ရင်မဆိုင်ရဲသောကြောင့် နှင်းငွေသည် မျက်နှာလွှဲပြီး ခြံတွင်းမှ ထွက်လာခဲ့သည်။

တဲသို့ ပြန်ရောက်သောအခါ ဆီလိမ်း၍ ခေါင်းအမြန်ဖြီးသည်။ သေတ္တာတွင်းမှ ရေမွှေးပုလင်း ထုတ်ယူကာ ကိုယ်၌ ဆွတ်ဖျန်းသည်။

စိတ်ကျေနပ်မှ တဲမှ ထွက်လာခဲ့သည်။

မြောက်ဘက်သို့ မလျှောက်၊ တောင်ဘက်ဆီသာ လာခဲ့သည်။

ညွန့်မေတို့ ခြံဝအရောက်၌ အိမ်ဆီ လှည့်ကြည့်သည်။ ညွန့်မေ၏ အရိပ်အယောင်ကို မတွေ့ရ။

နှင်းငွေသည် ရွာမှ ထွက်လာပြီး တံတားကြီးဆီ လျှောက်လာခဲ့သည်။ လူသူအလစ်တွင် ရေမရှိသော ချောင်းထဲသို့ ဆင်းလိုက်သည်။

မနေ့ညနေက ညွန့်မေ သူ့ကို ခေါ်လာသော လမ်းအတိုင်း နှင်းငွေသည် ပြောင်းပြန် ပြန်လျှောက်လာသည်။

ချောင်းကို စမ်းချောင်း လာဆုံရာ၌ နှင်းငွေသည် ကမ်းပါးထက် တက်လိုက်သည်။ မကြာမီပင် လက်ပံပင်အောက်သို့ ရောက်ပြီ။

လက်ပံပင်အောက် ချုံရှုပ်ကွယ်ရင်း နှင်းငွေသည် အိမ်ကြီးဆီ လှမ်းမျှော်ကြည့်သည်။

www.myanmarcupid.net

ခဏဘဲ့ပင် သူ့ရင်သည် ဒိုင်းကနဲ ခုန်သွားသည်။ နှလုံးစိုင်သည် လည်ချောင်းဆီသို့ ခုန်တက်လာသည်ဟု ထင်လိုက်မိသည်။

အိမ်ကြီး၏ အပေါ်ထပ် ပြတင်းဝတွင် ဖြူဖြူနုလှသော နုနုငယ်၏ သဏ္ဍာန်ကို လှမ်းမြင်လိုက်ရလေသောကြောင့် ဖြစ်လေသတည်း။

❑

## အခန်း ( ၂၄ )

## လွမ်းဖွယ့်အာရုံ

နှင်းငွေသည် ချုံကွယ်မှ ထွက်၍ လူရောင်ပြလိုက်သည်။ ကြီးမားသော မျှော်လင့်ခြင်း၊ ခုန်လှသောရင်နှင့် နုနုငယ်ကို လှမ်းကြည့်သည်။

နုနုငယ်ကလည်း သူ့ကို မြင်သွားပုံရ၏။ ခေတ္တငြိမ်ငြိမ်လေး စိုက်ကြည့်နေသည်။

နုနုငယ်၏ ဆံပင်များမှာ ဖားလျားကျလျက် ရှိသည်။ နှင်းငွေ ရင်တခုန်ခုန်နှင့် ကြည့်နေဆဲမှာပင် နုနုငယ်၏ လက်များသည် ဆံပင်ကိုသိမ်းယူပြီး ထုံးရန်ပြင်သည်။

နှင်းငွေ စိတ်အပျက်ကြီးပျက်သွားသည်။ ခဲလေသမျှ သဲရေကျ ရပြန်ပြီ။

သို့ရာတွင် နုနုငယ်သည် ဘာကြောင့်မသိ၊ ဆံပင်ကို ဆက်ထုံးမပြဘဲ ငြိမ်နေ၏။ ခဏတွင်ပင် ဆံပင်ကို လွှတ်ချလိုက်၏။

နုနုငယ်သည် ဆံပင်ဖားလျားချလျက်နှင့် သူ့ကို ခေတ္တ လှမ်းကြည့်နေပြီးနောက် ပြတင်းဝမှ ပျောက်ကွယ်သွား၏။

နှင်းငွေသည်လည်း ချုံတန်းနောက်သို့ ပြန်ဝင်လိုက်သည်။

ဝမ်းသာခြင်းကြောင့် သူ့ကိုယ်သည် တုန်ယင်နေ၏။ ချုံကွယ်မှနေ၍ အိမ်ကြီးဆီ လှမ်းမျှော်ကြည့်နေရ၏။

တစ်မိနစ်၊ နှစ်မိနစ်။

ငါးမိနစ်ခန့် ရှိသွားပြီ၊ နုနုငယ်ကား ပေါ်မလာသေး။

နှင်းငွေက ဆက်စောင့်သည်။ မိမိကိုယ်ကို စိတ်ရှည်ရန်လည်း အားပေးရသည်။ နှစ်နှစ်ဆိုသော အချိန်ကိုပင် လွမ်းရင်းဆွတ်ရင်း စောင့်ခဲ့ရပြီးလေပြီ မဟုတ်လော။ မိနစ်မျှသော အချိန်သည် မည်မျှရှည်ရမည်နည်း။ နှင်းငွေသည် မိမိကိုယ်ကို အားပေးရင်း ဇွဲကောင်းစွာ စောင့်နေ၏။

ဆယ်မိနစ် . . . ။

နုနုငယ်ကား ပေါ်မလာသေး။

နောက်ထပ် ငါးမိနစ် . . . ။

နှင်းငွေ စိတ်လျှော့တော့မည်ဖြစ်စဉ် ထူးဆန်းသောအရာကို မြင်လိုက်ရ၏။

ဂျစ်ကားအစိမ်းတစ်စီးသည် ခြံကြီး၏ အဝ၌ ထိုးရပ်လာသည်။ ရှည်ရှည်စူးရှစွာ တီးလိုက်သော ဟွန်းသံကိုလည်း ကြားရ၏။

မကြာမီ ဝင်းတံခါးကြီး ပွင့်သွား၏။ ဂျစ်ကားသည် ခြံတွင်းဝင် ပျောက်ကွယ်သွား၏။

နှင်းငွေ အံ့ဩသွား၏။ ဤဂျစ်ကားသည် ဘယ်ကလာသနည်း။ ထာဝစဉ်ပိတ်ထားသော တံခါးကြီးသည် ဤဂျစ်ကားကိုမူ ဘာကြောင့် ဖွင့်ပေးရသနည်း။ သို့မဟုတ် ဤဂျစ်ကားသည် နုနုငယ်တို့အိမ်က ဂျစ်ကားပင်လော။ နုနုငယ်၏ အဖေဆိုသူသည် မြင်းလှည်း မသုံးတော့ဘဲ ဂျစ်ကား ဝယ်စီးနေပြီလော။

အိမ်ကြီး၏ ရှေ့ပိုင်းကို အာရုံစိုက်နေရာမှ နှင်းငွေ၏ မျက်လုံးများသည် အိမ်နောက်ပိုင်းသို့ ရောက်သွား၏။ ထိုခဏတွင်ပင် နှင်းငွေသည် ဂျစ်ကားကို မေ့သွားသည်။ တစ်လောကလုံးကို မေ့သွားသည်။

သွယ်ပျောင်း ကြော့ရှင်းဖြူနုသော သဏ္ဍာန်လေးတစ်ခုသည် ခင်တန်းဆီသို့ လာနေ၏။ နုနုငယ်သည် ခင်တန်းဆီသို့ လာနေ၏။

အိမ်ကြီးဆီမှ ထွက်လာစတွင် နုနုငယ်၏ ခြေလှမ်းများက မှန်၍ ကျန့်ရှ္ေရသည်။ နောက် တဖြည်းဖြည်းနှင့် မြန်လာ၏။ ခင်တန်းနား နီးသောအခါ နုနုငယ်က ပြေးလာသည်။ ဖားလျားချထားသော ဆံပင်များ လေတွင် ဝဲပုံနေအောင် ပြေးလာ၏။

www.myanmarcupid.net

ခင်တန်းစပ်မှ သူက ဆီးကြိုသည်။ လက်ကလေးများ ဆန့်တန်းရင်း နုနုငယ်သည် သူ့ရင်ခွင်တွင်းသို့ မနားဘဲ အပြေးဝင်လာသည်။ သေးကျဉ်သော ခါးကလေးကို သူက ပွေ့မိလိုက်ချိန်တွင် နုနုငယ်၏ လက်ကလေးများကလည်း သူ့လည်ပင်းကို သိုင်းဖွဲ့ခိုယူပြီး ဖြစ်နေသည်။

ရှိသမျှအားတို့ကို လျှော့ပစ်လိုက်ဟန်နှင့် နုနုငယ်သည် သူ့လည်ပင်းကို သိုင်းဖွဲ့ကာ တစ်ကိုယ်လုံး ခိုစီးထား၏။ သူကလည်း ချစ်သူ၏ ကိုယ်အလေးချိန်ကို ပမာမပြုဘဲ သေးကျဉ်သောခါးလေးကို ဖက်ထိန်းလျက် ရင်ချင်းတင်းအောင် ကပ်ကာ ပိုက်ထွေးထားမိသည်။ ယုယချစ်ကြည်စွာပင် ပိုက်ထွေးထားမိသည်။

နုနုငယ်၏ လည်ပင်းလေးက သူ့လည်ပင်းနှင့် ယှက်လိမ်ပွတ်သပ်လာသည်။ နုနုငယ်၏ ပါးလေးနှင့် သူ့ပါးသည်လည်း အကြိမ်ကြိမ် ပူးမိ အပ်မိသည်။ နုနုငယ်၏ မွေးပျံ့သောပါးပြင်တွင် မျက်ရည်များ လိမ်းစိုနေမှန်း သူသတိပြုမိ၏။

အတန်ကြာမှ နုနုငယ်သည် သူ့ရင်ခွင်မှ ခွာသည်။ ရင်ခွင်မှ ခွာသော်လည်း ရုန်းထွက်သွားခြင်း မဟုတ်၊ ကိုယ်ချင်းသာ အနည်းငယ် ခွာလိုက်သည်။ လက်ကလေးနှစ်ဖက်ကမူ သူ့ပုခုံးနှစ်ဖက်ကို ဆုပ်ကိုင်ထား၏။ ကြော့ကြော့လေးရပ်ရင်း လည်တိုင်လေးကို ဆန့်ကာ ခေါင်းလေးမော့၍ သူ့မျက်နှာကို စူးစိုက်ကြည့်နေ၏။

သူကလည်း နုနုငယ်၏ ခါးလေးကို လက်နှစ်ဖက်ဖြင့် ဖွဖွဆုပ်ကိုင်ထားရင်း ချစ်သူ၏ မျက်နှာလေးကို မြတ်နိုး ခုံမင်စွာ ပြန်ငုံ့ကြည့်သည်။

ကပိုကရို ဖားလျားကျနေသော နက်မှောင်သည့် ဆံနွယ်တို့ ဝန်းရံအပ်သော မျက်နှာလေးသည် မယုံနိုင်လောက်ဖွယ် ဖွေးနုသန့်စင်နေ၏။ အသားက ဖွေးနုသန့်စင်လွန်းသောကြောင့် မျက်ခုံးစပ်၊ နားသယ်စပ်တို့မှာ မြသွေးဆေးရည်ပါးပါး လိမ်းကျံထားသည့်နှယ် လဲ့လဲ့ရေးရေး စိမ်းနေသည်။ မွေးညှင်းများ နုနုလွှမ်းလျက် အကြောစိမ်းလေးများ ထင်အောင် ယှက်သန်းနေသော သာခွာဘော်ကြူ ငွေပါးဖြူတို့ထက် မှဲ့စွန်းပြစ်ပြု တစ်စက်တလေမျှ တင်မရှိ။

ပြာသော မျက်ဖြူဝန်းတို့၌ မျက်ရည်ကြည် လျှံ၍ လက်နေသည်။ ကော့သော မျက်တောင်နက်တို့ထက် ပုလဲဥ တစ်စက်နှစ်စက် ခိုတွဲလျက်နေလေဆဲ။

မြင်မဝပါ၊ ရှုမဝပါ၊ ချစ်မရဲချစ်မဝမို့ သူက ညင်သာစွာ နုနုငယ်နှင့် ပါးချင်း ပြန်အပ်လိုက်၏။ သင်းပျံ့သော နုနုငယ်၏ ဆံပင်များကို မွှေးရင်း နုနုငယ်၏ နား,နားကပ်ကာ တိုးတိုးသက်သာမေး၏။

" နုငယ် ကိုယ့်ကို သိပ်လွမ်းနေသလား "

နုနုငယ်က နှုတ်ဖြင့်မဖြေ၊ ပါးချင်းအပ်လျက်က ခေါင်းညိတ်ပြရှာ၏။

" ကိုယ့်ကိုတွေ့တော့လဲ ဘာလို့ ငိုရသလဲ နုငယ်ရယ် "

နုနုငယ်ကလည်း အပ်ထားသောပါးကို မခွာဘဲ သူ့နား,နားကပ်လျက်ပင် တိုးတိုးမေး၏။

" နုငယ် ငိုနေလို့လား "

" အို နုငယ် ပါးနဲ့ မျက်လုံးတွေမှာ မျက်ရည်တွေနဲ့ "

" အဲဒါ ကိုယ့်ကိုချစ်လို့ မောင့်ကိုချစ်လို့ . . . ဟုတ်တယ်၊ ကိုယ့်ကို မြင်လိုက်ရတော့ နုငယ် ဝမ်းသာလိုက်တာ၊ ပြီးတော့လဲ ဝမ်းနည်းလိုက်တာ "

" ဘာဖြစ်လို့ ဝမ်းနည်းရတာလဲ "

" အို ကိုရယ်၊ အဲဒါကို နုငယ် ဘယ်လိုလုပ် ဖြေတတ်ပါ့မလဲ "

သူ့ရင်တွင် မချင့်မရဲ ဖြစ်သွားသည်။ နုနုငယ်၏ ကိုယ်လေးကို တစ်ချက် အားရှိပါးရှိ ဖျစ်ညှစ်လိုက်၏။ နုနုငယ်ထံမှ သဲ့သဲ့ညည်းသံလေး ပေါ်လာ၏။

သူက နုနုငယ်၏ ပုခုံးလေးကို ဆုပ်ယူတွန်းကာ မျက်နှာချင်း ပြန်ဆိုင်လိုက်၏။ ဆံနွယ်ဝဲသော နဖူးလေးကို ယုယစွာ မွှေးလိုက်ပြီး ဆို၏။

" ကဲ . . . လာ နုငယ်၊ ဟိုနားမှာ ထိုင်ပြီး ကိုယ်တို့ စကားပြောကြရအောင် "

နုနုငယ်သည် အနည်းငယ် တွန့်ဆုတ်သွား၏။ သူက နုနုငယ်၏ လက်ကလေးကို ဆွဲခေါ်သောအခါ အားပျော့ပျော့ ရုန်းရင်း နုနုငယ်က ငြင်းသည်။

" မဖြစ်ဘူးထင်တယ် ကိုယ်ရယ်၊ ဖေဖေ အိမ်ထဲမှာ ရှိတယ်၊ ကိုယ့်ကို နုငယ် ခဏလေး လာတွေ့တာ "

" ခဏလေးဖြစ်ဖြစ်ပေါ့ နုငယ်ရယ်၊ လာပါ "

နုနုငယ်သည် အိမ်ဘက်သို့ စိုးရိမ်ကြီးစွာ တစ်ချက်ကြည့်လိုက်ပြီး သူခေါ်ရာနောက် လိုက်ခဲ့၏။

ရှေးဦး တွေ့ခဲ့ကြရသည့် စမ်းချောင်းလေးဘေးတွင် မျက်နှာချင်းဆိုင်လျက် အတူထိုင်လိုက်ကြသည်။ တစ်ဦး၏ လက်နှစ်ဖက်ကို တစ်ဦး၏ လက်နှစ်ဖက်က အပြန်အလှန် ဆုပ်ကိုင်ထားကြရင်း တစ်ဦးမျက်နှာကို တစ်ဦး ကြည့်နေကြ၏။

www.myanmarcupid.net

နှင်းငွေ၏ မျက်နှာကမူ ကျေနပ်ခြင်း၊ ရွှင်ပျခြင်း၊ ချစ်ရလေခြင်းတို့ဖြင့် ပြုံးနေ၏။ သူပြုံးသကဲ့သို့ ချစ်သူကိုလည်း ပြုံးစေလိုသည်။

နုနုငယ်ကတော့ မပြုံး၊ မပြုံးသော်လည်း ချစ်ခြင်းမေတ္တာ၏ ဝင်းလဲ့မှုကား ရှိနေသည်။ စိုးရိမ်ဟန်ကလည်း လွှမ်းနေသည်။

" နုငယ် ကိုယ့်ကို ပြုံးပြစမ်းပါဦး "

နုနုငယ်၏ နှုတ်ခမ်းရဲရဲလေးများသည် အားယူလှုပ်ရှားလာ၏။ ချစ်သူ့မျက်နှာကို ဆွေးမြေ့စွာကြည့်ရင်း ကြိုးစား ပြုံးပြရှာသည်။ အားငယ်ခြင်းရောသော ပြုံးမဲ့မဲ့လေးဖြစ်သောကြောင့် အပြုံးသည် ပိုလှနေ၏။

" သြော် နုငယ်ရယ်၊ သြော် နုငယ်ရယ်လေး "

ရင်တွင်း၌ ဤသို့ မြည်တမ်းရင်း နှင်းငွေက နုနုငယ်၏ လက်ကလေးများကို ဆုပ်ညှစ်မိသည်။

" နုငယ် ဘာကို စိုးရိမ်နေလို့လဲ "

နုနုငယ်က ခင်တန်းထိပ်သို့ လှည့်ကြည့်သည်။

" နုငယ် ပြောခဲ့ပါရောလား၊ ဒီညနေ ကိုယ့်ကို နုငယ် ခဏလေးပဲ တွေ့နိုင်တယ်လို့ "

" အခုလဲ ခဏလေးပဲ ရှိသေးတာပဲ နုငယ်ရယ် "

" ကိုယ် သိပ်ခက်တာပဲ၊ ကိုယ် နုငယ်ကို မသနားတော့ဘူးလား "

ဤစကားသည် နှင်းငွေ ဘယ်သို့မျှ တင်းခံနိုင်စွမ်းရှိသော စကားမဟုတ်။ သူက နုနုငယ်၏ လက်ကလေးနှစ်ဖက်ကို လွှတ်လိုက်သည်။ မျက်နှာမှ အပြုံးလည်း ပျောက်သွား၏။

" ဟော . . . ကြည့်၊ ကိုယ် နုငယ်ကို စိတ်ဆိုးသွားပြီ "

" အို . . . အို . . . မဟုတ်ပါဘူး၊ ကိုယ်က နုငယ်ကို ဘယ်လို စိတ်ဆိုးရက်မှာလဲ "

ဤအကြိမ်တွင်မူ နုနုငယ်သည် တောက်ပစွာ ပြုံး၏။

" နုငယ်က နောက်တာပါ၊ နုငယ်ကို ကိုယ် စိတ်မဆိုးရက်တာ နုငယ် အသိဆုံးပေါ့၊ ဒါပေမယ့် ကိုယ်ရေ ခုတော့ နုငယ် ပြန်မယ်နော်၊ ခုလောက် လာတွေ့နိုင်တာတောင် ဟို ဂျစ်ကား လာလို့ "

" အဲဒီဂျစ်ကားက ဘယ်ကလဲ "

" အမတ်ကား၊ အမတ်ကိုယ်တိုင် ပါလာတယ် "

နှင်းငွေသည် နားမလည်စွာ နုနုငယ်ကို ကြည့်မိ၏။

နုနုငယ်ကသာ ဆက်ရှင်းပြ၏။

" ကိုယ့်ကို မြင်တော့ နုငယ် ဘာလုပ်ရမှန်း မသိဘူး၊ နုငယ် မလာနိုင်တော့ဘူးလို့တောင် အချက်ပြတော့မလို့၊ ဒါပေမယ့် အဲဒီလိုလဲ မရက်စက်ချင်ဘူး၊ ကိုယ့်ဆီ အလစ်ပြေးလာမယ်၊ ခဏကလေး တစ်စက္ကန့်ကလေး၊ ကိုယ်နဲ့တွေ့ပြီး နုငယ် ပြန်ပြေးသွားမယ်၊ နုငယ် အလစ်ချောင်းနေတုန်း အဲဒီဂျစ်ကား ရောက်လာလို့ သူတို့ စကားပြောပြီး မပြန်ခင် နုငယ်က အရင်ပြန်ရမှာ "

နုနုငယ်သည် သူ့လက်ကို ဆွဲယူဆုပ်ကိုင်လိုက်၏။

" ကိုယ်က အရပ်ရှည်သားပဲ၊ စိတ်လဲရှည်ပေါ့ နော်၊ နက်ဖြန်ဖြစ်ဖြစ် သန်ဘက်ခါဖြစ်ဖြစ်၊ ကိုယ်နဲ့ နုငယ် တွေ့ကြရဦးမှာပဲ၊ နုငယ်ကလဲ ကိုယ့်အနားမှာ အကြာ အကြာကြီး နေချင်တာပဲ၊ ကိုယ့်ရင်ခွင်ကို မှီပြီး ကိုယ့်ကို နုငယ် အများကြီး ပြောပြစရာတွေ ရှိတယ်၊ ကဲ . . . ကိုယ့်လိုပဲ နုငယ် ပြောမယ်၊ ကိုယ် နုငယ်ကို ပြုံးပြစမ်း၊ ပြုံးပြလိုက်စမ်း "

တတ်နိုင်ပြန်လေပြီ မိနုငယ်လေး . . .။

နှင်းငွေသည် ချစ်သူကျေနပ်အောင် ပြုံးပြလိုက်၏။

နုနုငယ်သည် မြေပြင်၌ လက်နှစ်ဖက်ထောက်လျက် ရှည်သွယ်သော ခါးကိုဆန့်ကာ သူ့ပါးကို တစ်ချက်လှမ်း၍ နမ်းလိုက်သည်။

သူ အငိုက်မိသွားသည်။

နုနုငယ်သည် ယုန်ဖြူမလေးသဖွယ် ရုတ်တရက်ထပြီး ထွက်ပြေးသွား၏။

သူက နေရာမှ ဖြည်းညင်းစွာ ထသည်။ ခင်တန်းစပ် မြေမြင့်သို့ တက်ခဲ့ပြီး လက်ပံပင်၌ ကိုယ်တစ်ခြမ်းကွယ်ကာ လှမ်းကြည့်သည်။

နုနုငယ်သည် အပြေးကိုရပ်ပြီး ခြေလှမ်းမှန်မှန်နှင့် အိမ်ကြီးဆီသို့ ပြန်သွားနေ၏။

www.myanmarcupid.net

အိမ်ကြီး၏ နောက်ပိုင်းမှ နုနုငယ် ဝင်ကာ ပျောက်သွား၍ မရှေးမနှောင်းမှာပင် အိမ်ကြီး၏ ရှေ့ဝင်းပေါက်မှ ဂျစ်ကားသည်လည်း ထွက်လာလေ၏။

❑

ရွာမွန်သာချောင်းအတိုင်း တောင်ဘက်သို့ နှင်းငွေ ပြန်လာခဲ့သည်။

တာလမ်းပေါ် ရောက်သောအခါ အမှတ်မထင်ပင် ဆည်ရိုးဆီ လှမ်းကြည့်မိ၏။

ဆည်ရိုးအုတ်ဘောင်တွင် ပိုစတာများကို တွေ့ရ၏။ ဖ-ဆ-ပ-လ ပိုစတာများ မဟုတ်သည်ကား သေချာလှ၏။

သို့ရာတွင် ရွာတွင်းသို့ ဝင်မိချိန်၌ စိတ်မဝင်စား၍ မဖြစ်တော့။

နံနက်က ခြံစည်းရိုးများနှင့် သစ်ပင်များပေါ်တွင် ဖ-ဆ-ပ-လ၏ မဲဆွယ်ပိုစတာတို့ကိုချည်း တွေ့ခဲ့ရ၏။ ယခုမူ ယင်းပိုစတာများ၏ အထက်မှလည်းကောင်း၊ ဘေးမှလည်းကောင်း၊ အောက်မှလည်းကောင်း ယှဉ်လျက် အတိုက်အခံ ပ-မ-ည-တ၏ မဲဆွယ်ပိုစတာများကို တွေ့ရ၏။ နာရီပိုင်းအတွင်း မည်သူတွေ လာကပ်သွားပါသနည်း။

နှင်းငွေသည် ညွှန့်မေတို့အိမ်ရှေ့ ရောက်သောအခါ တမင်လှည့်မကြည့်ဘဲ ခေါင်းငုံ့လျက် သွက်သွက်လျှောက်၏။ နုနုငယ်နှင့် တွေ့ပြီး ညွှန့်မေကို ရင်ဆိုင်ရန် သူက ဘာကြောင့်မသိ မျက်နှာပူချင်နေ၏။

ဘခက်တို့၏ တဲဆီရောက်လာချိန်၌မူ နှင်းငွေ မျက်လုံးပြူးသွား၏။

ခြံတွင်းသို့ သူက အဝင်၊ ခြံတွင်းမှ လူငယ်သုံးဦးက အထွက်။

ကျောင်းသားမှန်း သိသာသော လူငယ်သုံးဦး ဖြစ်ကြ၏။ နှစ်ဦးက ပိုစတာလိပ်များကို ချိုင်းကြား ညှပ်ယူလာကြသည်။ တစ်ဦးက ကော်ကျိုထားသော ဒန်အိုးတစ်လုံးကို ကိုင်ထား၏။

တစ်ဦးက နှုတ်ဆက်သည်။

" ဟာ ကိုနှင်းငွေပါလား "

နှင်းငွေသည် နှုတ်ဆက်သူ လူငယ်ကို ရုတ်တရက် မမှတ်မိ၊ မြင်ဖူးသကဲ့သို့မူ ရှိသည်။

" ကိုနှင်းငွေ မမှတ်မိဘူး ထင်တယ်၊ ကိုနှင်းငွေတို့ မက်ထရစ်တုန်းက ကျွန်တော်က ခုနစ်တန်းမှာ၊ စိုးအောင်လေ"

" ဟာ ဟုတ်သားပဲ မောင်စိုးအောင်၊ ဒါထက် အခု ဘာလုပ်ကြမလို့လဲ "

နှင်းငွေသည် မလိုသောမေးခွန်းကို မေးမိသွား၏။

စိုးအောင်က ပိုစတာကို ပြပြီး ဖြေသည်။

" ဆရာခါက ကြွားထားတယ်၊ သူ့နယ်မှာ အတိုက်အခံလုပ်ဝံ့သူ မရှိဘူးတဲ့၊ ရှိကြောင်း သူသိအောင် ပြမလို့ "

စိုးအောင်သည် ဝံ့ကြွားစွာ ပြုံးရင်း ခြံတွင်းမှ ထွက်သွား၏။

နှင်းငွေ ခြံတွင်းရောက်သောအခါ ကွပ်ပျစ်ပေါ်တွင် ဘခက်သည် အခြားလူ သုံးဦးနှင့်တူ ရှိနေ၏။ လူသုံးဦးအနက် တစ်ဦးမှာ အသက်သုံးဆယ်ခန့်ဖြစ်၍ ဆံပင်ဖုတ်သိုက်၊ ကွဲကော်ကိုင်း မျက်မှန်ထူထူနှင့်ဖြစ်ပြီး ကော်လာတပ် ရှပ်အင်္ကျီပေါ် ပင်ညိုအပေါ်ဝတ် ထပ်ဝတ်ထားသည်။ အခြားနှစ်ဦးမှာကား ဝတ်စားဆင်ယင်မှုအားဖြင့် တောင်သူလယ်သမားကြီးများဟု သိသာသော အသက်လေးဆယ်ကျော်ခန့် လူကြီးနှစ်ဦး ဖြစ်ကြ၏။

ဘခက်က လက်ပြခေါ်သောကြောင့် နှင်းငွေလည်း ကွပ်ပျစ်တွင် ဝင်ထိုင်၏။

မျက်မှန်နှင့်လူက နှင်းငွေကို အကဲခတ်ဟန် ကြည့်သောအခါ ဘခက်က ပြောသည်။

" ကိစ္စမရှိပါဘူး၊ ကျွန်တော့်အိမ်မှာ တည်းနေတဲ့ သူငယ်ချင်းပါ၊ ကဲ ရဲဘော်သိန်းတင် ဆက်ပြောပါ "

ထိုအခါမှ ရဲဘော်သိန်းတင်က စကားပြန်ကောက်ဟန် ဆို၏။

" ခုနက ပြောခဲ့သလိုပဲလေ၊ ကျွန်တော်တို့က ရဲဘော်ဘခက်ကို အားကိုးပြီး လာခဲ့တာ၊ မဟုတ်ဘူးလား ဦးလေးဖိုးဆင့်"

လယ်သမားကြီးတစ်ဦးက ခေါင်းညိတ်ပြသည်။ ရဲဘော်သိန်းတင်ကသာ ဆက်ပြောနေ၏။

" ဒီကျတော့ ရဲဘော်က စိတ်ဓာတ်ကျနေတယ်၊ ဘယ်လိုလဲ ရဲဘော်ရယ် "

ဘခက်က မဖြေဘဲ မျက်မှောင်ကြုတ်ရင်း ခေါင်းစိုက်လျက်ရှိ၏။ ရဲဘော်သိန်းတင်ကသာ ဆက်ပြောပြန်၏။

" ရဲဘော် စဉ်းစားဖို့ နောက်ဆုံးအခြေအနေကို ကျွန်တော် တင်ပြမယ်၊ ငါးဆယ့်နှစ်ခု ရွေးကောက်ပွဲတုန်းက အခက်အခဲမျိုးစုံထဲက ဝင်ပြိုင်တာတောင် ကျွန်တော်တို့ ပါလီမန်မှာ နေရာ အသင့်အတင့်ရခဲ့တယ်၊ အခုဆိုရင် ဆန်တွေ မရောင်းရတာ၊ ပြည်တော်သာစီမံကိန်းဆိုတဲ့ သူတို့ရဲ့ ဆင်ဖြူတော်စီမံကိန်းကြီးတွေ လွဲကုန်တာ၊ သူတို့ထဲက ဇာတ်ရှုပ်တွေနဲ့ အကွဲအပြဲတွေကို ပြည်သူတွေသိပြီး ရွံနေတာ၊ အဲဒါတွေကြောင့် ဒီတစ်ချီ ကျွန်တော်တို့ ပါလီမန်မှာ အမတ်နေရာ ငါးဆယ်လောက်ရမယ်၊ အဲဒါ အနည်းဆုံးပဲ "

www.myanmarcupid.net

ရဲဘော်သိန်းတင်သည် သူ့စကား မည်မျှ စူးရောက်မှု ရှိ,မရှိ အကဲခတ်ဟန်ဖြင့် ဘခက်ကို စိုက်ကြည့်သည်။ ဘခက်ကမူ မတုန်မလှုပ်။

စိတ်ပျက်ဟန်မပြဘဲ ရဲဘော်သိန်းတင်သည် ရယ်လိုက်၏။ ထို့နောက် အရေးကြီးသောစကားကို ပြောလိုဟန်နှင့် ကိုယ်ကို ရှေ့သို့ ကိုင်းလိုက်၏။

" နောက်ဆုံးအခြေအနေက ဘယ်ထိအောင် ဖြစ်နေလဲ၊ နားထောင် ဦးနုနဲ့ ကျော်ငြိမ်း လူတွေ ကွဲနေတယ်၊ ကျားကြီးက ဘေးထိုင် ကြားနေ,နေတယ်၊ ဒီတစ်ခါ ရွေးကောက်ပွဲနိုင်ရင်တောင်မှ ဦးနု ရာထူးက ထွက်မယ်လို့ သတင်းကြားနေရတယ်"

ဤအကြိမ်တွင်မူ ဘခက်သည် စိတ်ဝင်စားလာဟန် ပြန်မေးသည်။

" တကယ်လား၊ ခင်ဗျား ဘယ်က ကြားလာသလဲ "

" ဩော် . . . ဒါတော့ ကျွန်တော်တို့လဲ သူတို့ထဲက ထွက်လာတာပဲ၊ ဒီလောက်တော့ အတွင်းရေးသိအောင် အဆက်အသွယ်တွေ ရှိပါသေးတယ် "

ဘခက်သည် ဘာမျှမပြော၊ ခေါင်းမူ တဆတ်ဆတ် ညိတ်နေ၏။ ရဲဘော်သိန်းတင်သည် အားတက်ဟန်ဖြင့် မေး၏။

" ဘယ့်နှယ်လဲ ရဲဘော်၊ ဆုံးဖြတ်ပြီးပလား "

ဘခက်သည် ရဲဘော်သိန်းတင်ကို တစ်ချက် စူးစိုက်ကြည့်၏။ ထို့နောက် သံပြတ်နှင့် ဖြေသည်။

" ကျွန်တော် စဉ်းစားမယ်ဗျာ၊ ဒါပဲ၊ ကဲ မိုးချုပ်တော့မယ် ပြန်ကြတော့၊ ဟောဒီက ကျွန်တော့်သူငယ်ချင်းလဲ ထမင်းဆာလှရော့မယ် "

ရဲဘော်သိန်းတင်က နှင်းငွေဘက် လှည့်ကြည့်သည်။

" ဟုတ်ပါရဲ့ ရဲဘော်ဘခက်၊ ဒါထက် ခင်ဗျား သူငယ်ချင်းနဲ့လဲ မိတ်ဖွဲ့ပေးဦးလေ "

ဘခက်က ပြုံးသည်။

" ကျွန်တော့်သူငယ်ချင်းကိုတော့ ခင်ဗျား စိတ်ဝင်စားမှာပဲ ရဲဘော်သိန်းတင်၊ သူ့နာမည် နှင်းငွေ၊ ရန်ကုန်တက္ကသိုလ်က၊ ခင်ဗျား သိမလား မဆိုနိုင်ဘူး၊ အရင်ဒီမှာ မြို့ပိုင်လုပ်သွားတဲ့ ဦးတင်မောင်ရဲ့ သားဗျာ၊ အခုတော့ ဦးတင်မောင်က သာယာဝတီခရိုင်ဝန်၊ ဒါပေမယ့် မစိုးရိမ်ပါနဲ့၊ ကျွန်တော့်သူငယ်ချင်းက နိုင်ငံရေးဆို တစ်ခုမှ စိတ်ဝင်စားတဲ့ကောင် မဟုတ်ဘူး "

နှင်းငွေသည် ပြုံးပြီး ရဲဘော်သိန်းတင်ကို လက်ကမ်းပေးသည်။ ရဲဘော်သိန်းတင်သည် အတန် ကသိကအောင့် ဖြစ်ဟန်နှင့် နှင်းငွေ၏ လက်ကိုယူပြီး ဝတ်ကျေဝတ်ကုန် လှုပ်ယမ်းသည်။

မကြာမီ ရဲဘော်သိန်းတင်တို့ ပြန်သွားကြ၏။

ဘခက်သည် ကွပ်ပျစ်ပေါ်၌ ငိုင်လျက် ကျန်ရစ်သည်။

နှင်းငွေက သူ့ကို စိုက်ကြည့်နေသည်။ ဘာမျှဝင်မပြော။

ဘခက်က လှုပ်ရှားလာသည်။

" ကဲ . . . လာကွာ၊ ထမင်းစားကြရအောင် "

ဘခက်က မီးဖိုတွင်းဝင်ပြီး ခူးခပ်နေသောကြောင့် နှင်းငွေကလည်း ဝင်ကူသည်။

နံနက်တုန်းကလိုပင် ထမင်းဝိုင်း၌ သူငယ်ချင်းနှစ်ဦးတည်းသာ ရှိကြ၏။

နံနက်တုန်းကကဲ့သို့ပင် နှင်းငွေက မေး၏။

" ဒါထက် ကြီးတော်မြကော "

" နက်ဖြန် လပြည့် ဥပုသ်နေ့၊ အမေက အဖော်တွေနဲ့ ညကတည်းက ဘုန်းကြီးကျောင်း သွားအိပ်တယ်၊ သူပျော်သလိုပေါ့ကွာ "

သူငယ်ချင်းနှစ်ဦးသည် ဆိတ်ငြိမ်စွာ ထမင်းဆက်စားကြ၏။ ခဏကြာမှ ဘခက်သည် ပြုံးပြီးမေး၏။

" မင်း ကြွက်ကြော် ကြိုက်ရဲ့လား "

" ကြိုက်တယ်ကွ၊ အရိုးလေးတွေကို ကြွပ်ကြွပ်ဝါးရတာ အရသာပဲ "

" ဒါထက် မင်း နုနုငယ်နဲ့ တွေ့ခဲ့ရရဲ့လား "

" အင်း . . . တွေ့ခဲ့ရတယ် "

ဘခက်သည် ဘာမျှ ဆက်မမေးဘဲ ထမင်းကုန်းလွေး၏။ နှင်းငွေကသာ တစ်စုံတစ်ခုကို သတိရပြီး ဆို၏။

" အဲဒါထက် ဘခက်၊ ညနေက နုနုငယ်တို့ အိမ်ကြီးထဲ ဂျစ်ကားအစိမ်းတစ်စီး ဝင်လာတယ်၊ နုနုငယ်က အမတ်ကားလို့ ပြောတယ် "

www.myanmarcupid.net

ဘခက်သည် စိတ်ဝင်စားဟန် တစ်ချက် မော့ကြည့်လျက် မေးသည်။

" ဟုတ်လား၊ ဆရာခါ ထင်တယ် "

" အဲဒါတော့ မသိဘူး၊ ဒါထက် ဘခက်၊ နုနုငယ်တို့ အဖေက နိုင်ငံရေးလဲ လုပ်သလား "

ဘခက်က ပြုံးပြန်သည်။

" အခုခေတ် ချမ်းသာတဲ့လူတွေမှန်သမျှ ဒါနဲ့ မကင်းကြလို့လဲ ချမ်းသာနေကြတာပေါ့ "

ဤမျှသာ မှတ်ချက်ချပြီး ဘခက်သည် ထမင်းစား၏။ ဘခက်စကား သိပ်မပြောလိုမှန်း သိသော နှင်းငွေကလည်း ဆိတ်ငြိမ်စွာပင် ထမင်းငုံ့စားတော့၏။

ထမင်းစားသောက်ပြီးကြသောအခါ နှင်းငွေက ကွပ်ပျစ်ထက်တွင် ပက်လက်လှန်ကာ လှဲနေ၏။ တစ်စုံတစ်ရာ စိတ်မငြိမ်သက်ဟန် ဘခက်က ခြံတွင်း၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေ၏။

ဘခက်၏ ကိစ္စတို့ကို နှင်းငွေ မေးလိုသည်။ သို့ရာတွင် သူ့ကိစ္စကို ဝင်ရှုပ်က ဘခက် မကြိုက်မှန်း နှင်းငွေ သိသည်။ ၄င်းပြင် မိမိ၌လည်း မိမိကိစ္စနှင့် . . . ။

မပြည့်ဟု ဆိုရုံသာ ဆိုနိုင်သော လဝန်းသည် ကောင်းကင်ထက် ထိန်ထိန်သာနေ၏။ မများမထူသော တိမ်ဖြူဖြူတို့သည် ကောင်းကင်ပြာကို အသက်ဝင်ရုံ ဖြည်းဖြည်းညင်ညင် ရွေ့လျား လှုပ်ရှားနေကြ၏။

နှင်းငွေသည် အိပ်မက်ပမာ ခဏတာမျှသာ ညနေက ချစ်သူနှင့် တွေ့လိုက်ခဲ့ရပုံကို ရင်တခုန်ခုန်နှင့် စမြုံ့ပြန်နေမိသည်။ အိပ်မက်ပမာ ဟူ၍သာ ဆိုရသည်၊ ကြည်နူးတပ်မက်ဖွယ်သော အတွေ့သည် ယခုပင် ငွေ့ငွေ့ ကျန်နေလေသေးသည်။ ရင်နှလုံးမှာလည်း ကျန်နေလေသည်။ ကိုယ်ခန္ဓာထက်၌လည်း ကျန်နေလေသည်။ နုနုငယ်၏ ဆံပင် ဆံနွယ်များမှ မွှေးပျံ့ခြင်းနှင့် ဖြူဖြူနုသော ရုပ်သွင်မှ ကိုယ်သင်းနံ့တို့သည် သူ့နှာဝတွင် ကြိုင်နေ လှိုင်နေတုန်းဖြစ်၏။

ငွေလဝန်းကို ကြည့်လျက် ယခုအချိန်ဆိုလျှင် နုနုငယ် ဘာလုပ်နေမည်နည်း။ မိမိနည်းတူ လွမ်းလွမ်းသသ၊ တမ်းတမ်းတတ ရှိနေလေမည်။ ရှိနေရှာရော့လေမည်။

လှသော ယဉ်သော အတွေးဥယျာဉ်တွင်းသို့ ဂျစ်ကားအစိမ်းသည် မောင်းဝင်လာ၏။ ဤဂျစ်ကားစိမ်းကို နှင်းငွေ မကြိုက်။

ဤနယ်မှ အမတ်တွေ အကြောင်းကို နှင်းငွေ ကောင်းကောင်းသိသည်။ သူတို့နှင့် ပေါင်းသူများအကြောင်းကိုလည်း ကောင်းကောင်းသိသည်။

နုနုငယ်၏ အဖေဆိုသူသည် နိုင်ငံရေးလည်း လုပ်နေပါသလော။ ဤသို့ဆိုလျှင် . . .

ကျော်ဖေပြောခဲ့သော "အတွေးစ"များသည် နှင်းငွေ၏ ခေါင်းတွင်းသို့ ဝင်လာသည်။

လောကနှင့် အဆက်ဖြတ်ကာ အိမ်အိုကြီး၌ လျှို့ဝှက်ဆန်းပြားစွာနေသော နုနုငယ်၏ အဖေဆိုသူသည် မည်သူနည်း။ လောကနှင့် အဆက်ဖြတ်ထားသည့် လျှို့ဝှက်ဆန်းပြားသော ဤလူကြီးသည် အာဏာရပါတီနှင့်မူ ဘာကြောင့် ဆက်ဆံနေသနည်း။ သူ၌ ဘာအကြံအစည် ရှိသနည်း။ ဤနယ်မှ တန်ခိုးကြီးသူများနှင့် အဆက်အသွယ်ရှိလျှင် တစ်ချိန်တုန်းက ရာဇဝတ်ကောင်သည်ပင် မြို့ပိုင် နယ်ပိုင်တို့ကို အမိန့်ပေးခွင့် ရှိနေသည်လည်း မဟုတ်ပါလော။

နှင်းငွေသည် လှဲနေရာမှ ရုတ်တရက် ထလိုက်၏။

ကွပ်ပျစ်ဘေးတွင် ရပ်လျက် ဘခက်က သူ့ကို စီးမိုးကြည့်နေ၏။

" မင်း အိပ်ပျော်သွားသလား နှင်းငွေ "

" မဟုတ်ပါဘူး၊ ငါ တွေးနေတာ "

" မင်း ဘာတွေ တွေးနေတာလဲ "

" ဒီလိုပေါ့ကွာ၊ ဟိုရောက် ဒီရောက် "

ဘခက်က ရယ်သည်။

" မလိမ်ပါနဲ့ကွာ၊ မင်း ငါ့ကို စိတ်ပျက်နေတာ မဟုတ်လား "

" မင်းကို ငါ ဘာလို့ စိတ်ပျက်ရမှာလဲ "

" တော်ပါကွာ၊ ညွန့်မေရော မင်းရော ငါ နိုင်ငံရေးလုပ်တာကို စိတ်ပျက်ကြတယ် မဟုတ်လား "

ဤစကားကိုမူ နှင်းငွေ အဖြေမပေး။

" ခက်တာက ဟိုနေ့က ငါရှင်းပြခဲ့သလိုပဲ၊ နိုင်ငံရေးနဲ့ ငါ ကင်းကင်းနေလို့ မရဘူး၊ ဒါပေမယ့် နှင်းငွေ၊ မင်း ယုံစမ်း၊ ဒီညနေမှာ လာပြောကြတဲ့ နိုင်ငံရေးမျိုးတော့ ငါ စိတ်ကုန်ပြီ "

ဘခက် ပွင့်ထွက်လာသောအခါ နှင်းငွေကလည်း မေးချင်လာ၏။ မေးလည်း မေးသည်။

www.myanmarcupid.net

“ စိတ်ကုန်လာတယ်လို့သာ ဆိုတယ်၊ ညနေက မင်းခြံထဲမှာ စိုးအောင်တို့ ဘာလာလုပ်သွားကြသလဲ ”

“ စိုးအောင်တို့က တစ်ကိစ္စပဲ၊ သူတို့က လူငယ်ကျောင်းသားလေးတွေပဲ၊ ဒီညနေ သူတို့ လုပ်သွားတာဟာလဲ တရားဥပဒေဘောင်ထဲက အလုပ်ပဲ၊ ရွေးကောက်ပွဲဆိုတာမှာ လွတ်လပ်ခွင့်ရှိတယ်၊ လွတ်လပ်စွာ မဲဆွယ်နိုင်တယ်၊ လွတ်လပ်စွာ ကိုယ်ထောက်ခံချင်သူကို ထောက်ခံနိုင်တယ်၊ ဒီလိုပဲ ပြောကြဟောကြတာပဲ မဟုတ်လား၊ ဒါပေမယ့် အဲဒီ လွတ်လပ်ခွင့်ဆိုတာကို ဒီနယ်မှာ ဘယ်သူမှ မသုံးရဲဘူး၊ စိုးအောင်တို့က အသုံးပြုကြတယ် ”

“ ဒါဖြင့် မင်း စိုးအောင်တို့ကို ထောက်ခံသပေါ့ ”

“ မကန့်ကွက်ဘူးလို့ ပြောကြရအောင်၊ ရုတ်တရက်ကြည့်ရင် စိုးအောင်တို့ရဲ့ အပြင်ပန်းသဏ္ဌာန်မှာ အရောင်စုံကို တွေ့ရမယ်၊ သူတို့ရဲ့ နှလုံးသားဆီအထိ ဝင်ကြည့်၊ လူကြီးဆိုတဲ့လူတွေ မယုံနိုင်အောင် ဖြူနေတာကို တွေ့ရမယ်၊ ဖြူလွန်းတော့ အမည်းတစ်စက် စင်လာရင် သူတို့ မခံနိုင်ဘူး၊ မကြောက်မလန့် ကန့်ကွက်တတ်တယ် ”

“ ဒါပေမယ့် သူတို့လုပ်ပုံက အတိုက်အခံကို အားပေးနေရာ မရောက်ဘူးလား ”

“ ရောက်နေတယ်၊ ဒါပေမယ့် အဲဒီလို ရောက်ရတာဟာ မတော်တဆ ကိစ္စပဲ၊ ငါ တစ်ခါတစ်လေ ရယ်ချင်တယ်၊ အတွေးခေါင်တဲ့ ခေတ်သစ်အုပ်ချုပ်ရေးသမားတွေဟာ ရှေးခေတ်ဘုရင်တွေလောက်တောင် အသုံးမကျဘူး ”

“ မင်း ဘာပြောတယ် ”

“ ရှေးခေတ်ဘုရင်တွေဟာ ခွင့်လည်းလွှတ်ပြီး လေးလေးစားစားလဲ နားထောင်တဲ့ စကားသုံးရပ် ရှိတယ်၊ တစ်ရပ်က အရူးဆီက လာတယ်၊ တစ်ရပ်က သဘင်သည်ဆီက လာတယ်၊ တစ်ရပ်က ကလေးဆီက လာတယ်၊ မလိမ်တတ်သူ သုံးဦးဆီက လာတယ်လို့ ဆိုကြရအောင်၊ အဲဒီထဲမှာ ကလေးဆိုတဲ့ သူငယ်တွေဟာ အရေးအပါဆုံးပဲ၊ တစ်ခါတလေ သူတို့ လုပ်တာဟာ မျက်စိကလောစရာပဲ၊ သူတို့ပြောတာဟာ နားခါးစရာပဲ၊ ဒါပေမယ့် ရိုးသားသူတွေဟာ နားခါးစရာစကားကို ပြောကြတယ်၊ လည်တဲ့လူတွေကတော့ နားချိုစရာကိုပဲ ဒေး(လ်)ကာနက်ဂီနည်းနဲ့ ပြောကြမယ် ”

“ စိုးအောင်တို့ကို ထားပါတော့လေ၊ ညနေက တခြားလူသုံးယောက်က ဘယ်သူတွေလဲ ”

“ တစ်ယောက်ကတော့ နာမည်ကို မင်းသိပြီးပြီပဲ၊ ရဲဘော်သိန်းတင်၊ သူက ငါ့ကို တရားဟောပေးစေချင်တယ် ”

“ ဘာတွေ ဟောပေးစေချင်လဲ ”

“ အမတော်ကြေး ဘုံးတဲ့ကိစ္စတွေ၊ အလွဲသုံးစားလုပ်တဲ့ကိစ္စတွေ၊ လယ်လုပ်သူ လယ်မရဘဲ၊ လယ်မလုပ်သူ လယ်ရရုံမက အမတော်ကြေးပါ ရနေတဲ့အပြင် အဲဒီငွေတွေနဲ့ စက်တွေဝယ်ပြီး အရင်းစိုက်နေကြတာတွေ၊ ဒါတွေကို ငါ အများဆုံး သိတယ်လေ၊ ပြီးတော့ ငါဟောရင် ပရိသတ် စည်မယ် ”

“ မင်းက မဟောချင်တော့ဘူးလား ”

“ မဟောချင်တော့ဘူး သူငယ်ချင်း၊ ဟောတော့ ဘာမြတ်သလဲ၊ လက်ခုပ်သံတွေ ကြားရမယ်၊ အာဘောင်အာရင်းသန်သန်နဲ့ ထ,ထောက်ခံသံတွေ ကြားရမယ်၊ အဲ . . . သတင်းစာမှာ ဓာတ်ပုံနဲ့တွဲပြီး စာလုံးမည်းကြီးနဲ့ ပါလာကောင်းပါလာမယ်၊ ဒါပေမယ့် အဲဒါတွေဟာ အဲဒီနေရာမှာပဲ ရပ်နေမှာပဲ ”

“ ဘခက်၊ ဒါဖြင့် မင်း နိုင်ငံရေးကို စိတ်ကုန်ပြီပေါ့ ”

“ မကုန်ဘူး၊ ကုန်တယ်လို့ ငါ ဘယ်တုန်းက ဝန်ခံဖူးလို့လဲ ”

“ ဟာ . . . မင်းစကားကို ငါ ဘယ်လိုလုပ် နားလည်ရတော့မလဲ ”

“ ဝမ်းနည်းပါတယ် သူငယ်ချင်း၊ ငါ ရှင်းပြပါ့မယ်၊ ငါ သတ္တိကောင်းလွန်းလို့ မဟုတ်ပါဘူး၊ မလွှဲမရှောင်သာလို့ ကျောင်းကိုစွန့်ပြီး လယ်တော ယာတောကို ရောက်လာတဲ့ကောင်ပါ၊ ဒါပေမယ့် ပေါက်ပြားကို ကိုင်မိမှ၊ ထွန်ကို သုံးမိမှ၊ ဆိတ်ကို ကျောင်းမိမှ ငါ့မှာ ပညာတွေ တိုးလာတယ် ”

“ ဘယ်လို တိုးလာသလဲ ”

“ တစ်လောကလုံးဟာ လိမ်နေတယ်ဆိုတာ သိလာတယ် ”

“ ဘယ်လို . . . ဘယ်လို ”

“ အားလုံး လိမ်နေကြတယ်ကွ၊ အစိုးရဆိုတဲ့ ဖ-ဆ-ပ-လတွေ လိမ်နေတာ ငါအရင်ပြောမယ်၊ ငါနိုင်တဲ့ လယ်ယာကိစ္စကပဲ စပြောမယ်၊ သူတို့က တောင်သူလယ်သမားတွေကို စည်းရုံးတယ်၊ အမတော်ကြေးဆိုတဲ့ မက်လုံးကို ထိပ်က တင်ထားတယ်၊ စင်စစ်တော့ အမတော်ကြေးဆိုတာ ဆင့်ပါးစပ် နှမ်းပက်တာပါကွာ၊ တောင်သူလယ်သမားတွေ စိတ်ဓာတ်ပျက်ရုံ၊ ကိုယ့်အားကိုယ် မကိုးရုံလောက်ပဲ အာနိသင်ရှိတယ်၊ တို့မြန်မာတွေကလဲ အလကားရရင် ဆင်တောင် အကြွေးဝယ်စီးချင်သူတွေ မဟုတ်လား၊ တကယ့်ပြဿနာက ဆည်တွေ ဖောက်ပေးဖို့၊ မြေအမျိုးနဲ့ သီးနှံအမျိုး သဟဇာတဖြစ်ဖို့၊ ပိုးကျရင် ဘယ်လိုကာကွယ်မယ်၊ ရေကြီးရင် ဘာလုပ်မယ်၊ မိုးခေါင်ရင် ဘာလုပ်မယ်၊ ရေမကြီးခင် ဘာလုပ်မယ်၊ မိုးမခေါင်ခင်

www.myanmarcupid.net

ဘာလုပ်မယ်၊ ဒီအသီးပျက်ရင် ဘယ်အသီးနဲ့ အစားထိုးမယ်၊ တစ်နည်းအားဖြင့် စီမံကိန်းပေါ့ကွာ၊ အစိုးရမှာက စီမံကိန်း မရှိဘူး၊ ရှိရင်လဲ ရွေးကောက်ပွဲနိုင်ဖို့ ရေတိုစီမံကိန်းတွေပဲ ရှိတယ် ”

“ ဒါဖြင့် အတိုက်အခံတွေကရော ”

“ အတူတူနဲ့ အနူနူပါပဲကွာ၊ သူတို့မှာ အပြုစီမံကိန်း မရှိဘူး၊ အပျက်စီမံကိန်းတော့ ရှိတယ်၊ အစိုးရပြုတ်ကျရေးက အဓိကလေ၊ အမတော်ကြေးတွေ ပြန်မဆပ်နဲ့၊ သီးနှံဈေး တိုးမပေးရင် မရောင်းနဲ့၊ တတ်နိုင်ရင် ဆူကြ၊ ဆန္ဒပြကြ၊ အထူးသဖြင့် ကျောင်းသားတွေ ဆူကြ၊ ဆန္ဒပြကြ၊ သေနတ်နဲ့ ပစ်မသတ်,သတ်အောင်လုပ်ကြ၊ အစိုးရပြုတ်ကျရင် တို့ အစိုးရ တက်လုပ်မယ်၊ ဟား . . . ဟား . . . ငါတော့ ရွေးကောက်ပွဲဆိုတာရယ်၊ ပါလီမန်ဆိုတာရယ်၊ ပါလီမန်နိုင်ငံရေးဆိုတာရယ် အဲဒါတွေကို စိတ်ပျက်ပြီ ”

“ ဟာ . . . ပါလီမန်စနစ်ကိုတော့ စိတ်မပျက်နဲ့ကွာ၊ ပါလီမန် မရှိရင် ဒီမိုကရေစီ ဘယ်ရှိမလဲ ”

“ အံမယ်၊ နိုင်ငံရေးကို နားမလည်ဘူးဆိုတဲ့ လူက ဒီစကားတော့ ပြောတတ်သားပဲ၊ ကဲ ငါမေးမယ် နှင်းငွေ၊ ဒီမိုကရေစီဆိုတာဟာ ဘာလဲ၊ လင်ကွန်းပြောတဲ့ စကားကိုတော့ ရွတ်မပြနဲ့၊ ငါသိပြီးပြီပဲ ”

“ မင်းဘိုးအေ၊ ဒီလောက်တော့ နှိုက်နှိုက်ချွတ်ချွတ် မမေးနဲ့ကွာ၊ ငါက ကြားဖူးနားဝနဲ့ ပြောရတာ ”

“ ဒါဖြင့် မင်း မသိဘူးပေါ့၊ ကဲ ငါပြောပြမယ်၊ ပါလီမန် ဒီမိုကရေစီစနစ်မှာ ပြည်သူတွေအတွက် လွတ်လပ်ရေးဟာ တစ်နေ့ထဲပဲ ရှိတယ်၊ အဲဒါဟာ မဲပေးတဲ့နေ့၊ မဲလဲ ပေးပြီးရော၊ သူတို့ဘဝ သူတို့ မပိုင်တော့ဘူး၊ အမတ်တွေက မဟုတ်တာ လုပ်နေတောင် အနည်းဆုံး၊ အဲ . . . တို့ပြည်မှာပေါ့ကွာ၊ လေးနှစ် အောင့်ခံနေရမယ်၊ အမတ်တွေ မဟုတ်တာ လုပ်မှာကလဲ သေချာတယ်၊ စိုက်ပျိုးရေးကိစ္စကို တခြားကြီးကြီးကျယ်ကျယ် သိဖို့မပြောနဲ့၊ သဲဝန်းနဲ့ ကျတ်တီးမြေ၊ ကျတ်တီးမြေနဲ့ စနယ်မြေ၊ အဲဒါတွေကို ခွဲခြားမသိဘူး၊ ပြီးတော့ တောင်သူလယ်သမားအမတ်ဆိုပြီး လွှတ်တော်မှာ ကျယ်တတ်တယ်၊ ပုဆိန်ရယ်၊ ပဲကွယ်ရယ်၊ တူရယ်၊ ဆိတ်ချိုရယ် ခွဲခြားမသိတဲ့ ငနဲတွေကလဲ အလုပ်သမားအမတ် တက်လုပ်ကြတယ်၊ လူပြက်ပြက်တဲ့ အမှန်စကားကို ငါပြောမယ်၊ ငှက်ပျောပင်နဲ့ ဗုဒ္ဓသရဏံပင်ကို ခွဲခြားမသိတဲ့ ငတိတွေ၊ ရွှေပေါ်နဲ့ ဂျုတ်ကို ခွဲခြားမသိတဲ့ ငတုံးတွေ၊ အဲဒီ ငတိတွေ ငတုံးတွေက တို့ကို ခေါင်းဆောင်လုပ်မလို့တဲ့၊ ဟား ဟား ဟား၊ အာဏာရပါတီမှာရော၊ အတိုက်အခံပါတီမှာရော၊ ငတိတွေ ငတုံးတွေ တက်ကျယ်နေကြတယ် ”

ဘခက်သည် လက်ခုပ်လက်ဝါးတီး၍ ရယ်ကာ လမ်းပြန်လျှောက်၏။

“ ဒါဖြင့် ဘခက်၊ မင်း ဘာလို့ ဒီလူတွေကို ဒီညနေ အိမ်မှာ လက်ခံရသလဲ ”

ဘခက်သည် လမ်းလျှောက်ခြင်းကို ရပ်လိုက်၏။ သူရပ်နေသော နေရာမှာ ကွပ်ပျစ်မှ ဆယ့်ငါးပေခန့် ဝေးသည်။

ဘခက်သည် ခါးထောက်လျက် နှင်းငွေကို လှမ်းပြောသည်။

“ အရေးပိုင်သား သူငယ်ချင်း နားလည်မှာ မဟုတ်ဘူး၊ ရဲဘော်သိန်းတင်နဲ့ ပါလာတဲ့ လယ်သမားကြီးနှစ်ဦးကို မှတ်မိလား ”

“ အေး မှတ်မိတယ်၊ သူတို့က ရဲဘော်သိန်းတင်ကို ထောက်ခံကြသားပဲ ”

“ သိန်းတင်ကိုတင် သူတို့က ထောက်ခံတာ မဟုတ်ဘူး၊ အားလုံးကို သူတို့က ထောက်ခံတယ်၊ သိန်းတင်ကို မထောက်ခံရင် တောက သေနတ်စာမိမယ်၊ ဆရာခါကို မထောက်ခံရင် မြို့က သေနတ်စာမိမယ်၊ ငါလဲပဲ . . . ”

ဘခက် စကားမဆုံးလိုက်ရ . . . ။

ဒိုင်း . . . ဟူသော သေနတ်သံတစ်ချက် ပေါ်လာ၏။

“ နှင်းငွေ ဝပ် . . . ဝပ် ”ဟု အော်သော ဘခက်၏ အသံကို ကြားရသည်။

ဘခက် သတိပေးရန် မလိုပါ၊ အမဲ ကောင်းစွာလိုက်ဖူးသော နှင်းငွေသည် လျှင်ပြီးဖြစ်၏။

နှင်းငွေသည် ပထမ သေနတ်သံ အကြားတွင်ပင် ကွပ်ပျစ်ထက် မှောက်ချလိုက်၏။ စက္ကန့်ပိုင်းအတွင်းမှာပင် ကွပ်ပျစ်ပေါ်မှ လိမ့်ချလိုက်၏။ မြေပေါ်ရောက်လျှင်ရောက်ချင်း ကွပ်ပျစ်အောက် လှိမ့်ဝင်လိုက်သည်။

သေနတ်သံ ငါးချက်ခန့် ဆက်ကြားရ၏။ ကျည်များသည် ဘခက်ရှိရာသာ သွားကြောင်း နှင်းငွေ သတိပြုမိ၏။

နှင်းငွေ ငြိမ်နားထောင်နေ၏။ သေနတ်သံများ ထပ်ပေါ်မလာတော့။

အတင့်မရဲဘဲ နှင်းငွေသည် မြေထက်လှိမ့်ကာ ဘခက်ရှိရာသို့ သွား၏။ မှောက်လျက် ငြိမ်နေသော ဘခက်ကို တွေ့ရသည်။

“ သူငယ်ချင်း ဘခက်၊ မင်း ဘာမှ မဖြစ်ပါဘူးနော် ”

“ အေး ဘာမှမဖြစ်ဘူး၊ မင်းကော ”

“ ငါလဲ . . . ဘာမှ မဖြစ်ဘူး၊ တောက် . . . သူရဲဘောကြောင်လိုက်တဲ့ ကောင်တွေကွာ . . . ”

www.myanmarcupid.net

" ဟော့ကောင် သိပ်စကားမပြောနဲ့၊ ခဏ ငြိမ်နေစမ်း "

ဘခက်၏ အမိန့်အတိုင်း နှင်းငွေသည် မြေတွင်ဝပ်ရင်း ငြိမ်နေရ၏။

ဆိတ်ခြံတွင်းမှ ဆိတ်ကလေးများ တဘဲဘဲအော်သံ ကြားရ၏။

ဘခက်က မြေမှ အရင်ထသည်။ နှင်းငွေလည်း လိုက်ထ၏။

သူငယ်ချင်းနှစ်ဦးသည် ကိုယ်ကို လျှိုး၍ ခြံဝဆီ ထွက်လာကြသည်။

ခြံအပြင်၌ ဘာကိုမျှ မမြင်၊ လရောင်အောက်၌ သစ်ရိပ် ပြိုးပြိုးပြောက်ပြောက်နှင့် သဲဖြူလွှမ်းသော ရွာလမ်းသည် အပြစ်ကင်းစင်စွာ လဲလျောင်းနေ၏။

ဆိတ်ခြံတွင်းမှ ဆိတ်ကလေးများ၏ အော်သံကား မစဲ။

နှင်းငွေနှင့် ဘခက်သည် ဆိတ်ခြံသို့ လာခဲ့ကြသည်။

ဆိတ်ကလေးတစ်ကောင် သေနေ၏။ မိခင် ဆိတ်မကြီးသည် သားသေကောင်ကို လျှာဖြင့်လျက်နေ၏။

မလှမ်းမကမ်းမှ အမြင်မှာ ပိုဆိုး၏။

ဖီးနှင့်ကားနေသော ဆိတ်မကြီးသည် မြေ၌လဲကာ အသက်ငင်နေ၏။ ဆိတ်မကြီးဘေး တစ်ဝိုက်တွင် သွေးအိုင် ထွန်းနေ၏။

ဘခက်သည် တဲတွင်းသို့ ဝင်ပြေးသည်။ ပြန်ထွက်လာသောအခါ၌ သူ့လက်တွင် လရောင်၌ ဝင်းလက်နေသော ဓားရှည်တစ်ချောင်း ပါလာ၏။

" ဟော့ကောင် မင်း ဘာလုပ်မလို့လဲ "

" အသာနေစမ်း နှင်းငွေ၊ မင်း မကြည့်ရဲလဲ မကြည့်နဲ့ "

နှင်းငွေ ကြည့်ရဲသည်။ သူလည်း ရန်ကုန်တက္ကသိုလ် ဇီဝဗေဒ ဓာတ်ခွဲခန်း၌ အကောင်ဗလောင်များကို သွေးရဲရဲ သံရဲရဲ ခွဲဖူး၏။

ဘခက်သည် အသက်ငင်နေသော ဆိတ်မကြီး၏ ဝမ်းကို ဓားဖြင့် ကျင်လည်စွာ ခွဲလိုက်၏။ ဝမ်းတွင်းမှ ဆိတ်ကလေး သုံးကောင်ရသည်။

ဆိတ်ကလေးတို့ ဖုတ်လှိုက်ဖုတ်လှိုက် အသက်ရှူနေ၏။ လှုပ်တော့မှု မလှုပ်ရှား။

" ဟော့ကောင် နှင်းငွေ၊ ပုတ်ပေးစမ်း ပွတ်ပေးစမ်း၊ မလုပ်တတ်ရင် ကြည့်၊ ငါလုပ်သလို လိုက်လုပ်စမ်း "

ဘခက်သည် ဆိတ်ကလေးနှစ်ကောင်ကို ပွတ်လိုက် ပုတ်လိုက် လုပ်နေ၏။ နှင်းငွေကလည်း ကျန်တစ်ကောင်ကို ဘခက်နည်းတူ ပွတ်လိုက် ပုတ်လိုက် လုပ်ရ၏။

ဆိတ်သုံးကောင်စလုံး လှုပ်ရှားလာသည်။ ခဏ၌မူ ယိမ်းယိမ်းယိုင်ယိုင် ခနော်ခနဲ့နှင့် ထရပ်ကြ၏။

စောစောက သားသေကို လျက်နေသော ဆိတ်မကြီးသည် သူတို့ထံ လျှောက်လာ၏။

သားသေကို မေ့သွားဟန်တူပြီ။

ဆိတ်မကြီးသည် ဆိတ်ကလေးသုံးကောင်ကို လျှာဖြင့် ယုယစွာ လျက်ပေးနေ၏။

နှင်းငွေနှင့် ဘခက်က ဆိတ်သေမကြီးနှင့် ဆိတ်သေကလေးကို အဝေးသို့ ယူဆောင်သွားသည်။

ဆိတ်ခြံသို့ သူတို့ ပြန်ရောက်သောအခါ မွေးကင်းစ ဆိတ်ငယ်ကလေးများကို ဆိတ်မကြီးသည် လျက်နေတုန်းပင် ဖြစ်သည်။ ပေါင်ကားပေးထားသော ဆိတ်မကြီး၏ နို့ကို သူ့သားအရင်း ဆိတ်ပေါက်စများက စို့နေကြ၏။

နှင်းငွေနှင့် ဘခက်၏ လက်များကား သွေးတို့ဖြင့် ရွှဲနေ၏။

ဘခက်သည် သွေးရွှဲနေသော သူ့လက်ကို ငုံ့ကြည့်ပြီး မှတ်ချက်ချ၏။

" တချို့လူတွေဟာ တိရစ္ဆာန် ဆိတ်လောက်တောင် မေတ္တာတရား မရှိဘူးကွ၊ သိလား နှင်းငွေ "

❑

## အခန်း ( ၂၅ )

## မိတ်ဆွေဟောင်းတစ်ဦး

နောက်တစ်နေ့ နံနက် အိပ်ရာမှ နိုးချိန်တွင် တဲတွင်း၌ ဘခက် မရှိပြီ။

www.myanmarcupid.net

ဘခက်၏ ခေါင်းအုံးပေါ်တွင် စာတစ်စောင် တွေ့ရ၏။ ခဲတံဖြင့် ရေးထားသော စာမှာ . . .

" **နှင်းငွေ**

ငါ့မှာ စဉ်းစားစရာတွေ ရှိနေတယ်။ မနက်ဆို လူစုံလာပြီး သတင်းတွေ မေးကြဦးမယ်။ ငါ ဘယ်သူနဲ့မှ မတွေ့ချင်ဘူး၊ ဘာမှလဲ မပြောချင်ဘူး။ တစ်ယောက်ယောက်က မေးရင် ငါ ယင်းမာပင်ကို ထသွားတယ်လို့ ပြောပေးပါ။

သာနု လာရင် ဆိတ်တွေကို ကျောင်းမြဲ ကျောင်းခိုင်းပါ။ ဪ . . . ညက ဆိတ်မကြီးနဲ့ ဆိတ်ကလေးကို မြေမြှုပ်လိုက်ကြပါ။ သာနုက အသားပေါ်ရောင်းချင်တယ်ဆိုရင် ခွင့်မပြုပါနဲ့။

ညနက်မှ ငါပြန်လာမယ်။ ပြန်မလာဖြစ်ရင်လဲ စိတ်ပူမနေနဲ့။ အထူးသဖြင့် အမေပြန်လာရင် စိတ်မပူအောင် ပြောပေးပါ။

မင်းလာတုန်း ဒါတွေဖြစ်ရလို့ ငါ စိတ်မကောင်းဘူး။ မင်း နိုးအောင်စောင့်ရင် ဧည့်သည်တွေနဲ့ တိုးမှာစိုးလို့ ငါ စောစော ထွက်သွားတယ် "

နှင်းငွေသည် စာကို မီးရှို့ပစ်လိုက်၏။

ပထမသော် ဘာလုပ်ရမည်နည်း စဉ်းစား၏။ ထို့နောက်မှ အကြံရကာ တဲတွင်းမှ ထွက်လာ၏။

ညက ဆိတ်သေနှစ်ကောင်မှာ သူတို့ထားခဲ့သည့် နေရာတွင်ပင် ရှိနေ၏။

နှင်းငွေက ပတ်ဝန်းကျင်ကို လှည့်ပတ် အကဲခတ်ကြည့်သည်။

မိုးစင်စင် မလင်းသေး၊ အလင်းရောင်ကား ရှိနေပြီ။

မလှမ်းမကမ်း၌ ကျင်းတစ်ကျင်းကို တွေ့သည်။

ကျင်းတွင်း၌ ဆိတ်ချေးနှင့် အမှိုက်သရိုက်များကို တွေ့ရသည်။

နှင်းငွေသည် တဲတွင်းပြန်လာပြီး ပေါက်ပြားတစ်လက်ကို ယူသည်။ ကျင်းတွင်းမှ အညစ်အကြေးတို့ကို ပေါက်ပြားနှင့် ဖယ်သည်။ ထို့နောက် ဆိတ်သေနှစ်ကောင်ကို ကျင်းတွင်းချလိုက်၏။ ဖယ်ထားသော အညစ်အကြေးတို့နှင့် ပြန်ဖုံးကာ ထားလိုက်သည်။

ခြေရာလက်ရာ ကျန်မနေအောင် အနည်းငယ် ထပ်ကြိုးစားလိုက်ပြီး တဲသို့ ပြန်လာခဲ့၏။ ထို့နောက် သွားပွတ်တံတွင် သွားတိုက်ဆေး ထည့်၍ မျက်နှာသုတ်ပဝါ လည်ပင်းပတ်လျက် ပြန်ထွက်လာပြီး ဣန္ဒြေမပျက် သွားတိုက်နေ၏။

တစ်ဖက်ခြံမှ ကိုဖိုးထီနှင့် မငြိမ်းသာတို့ အရင်ရောက်လာကြ၏။

မငြိမ်းသာက အရင်မေး၏။

" ညက သေနတ်ပစ်သံကြားတယ်၊ ဒီခြံဝကပဲ၊ ဘယ်သူ ဘာဖြစ်သွားသလဲ "

နှင်းငွေသည် သွားတိုက်ဆေးအမြှုပ်များကို ထွေးထုတ်ရင်း အပြစ်တင်သည်။

" တော်တယ်ဗျာ၊ ခင်ဗျားတို့ ညကတော့ဖြင့် လာမမေးဘူး "

" မဟုတ်ဘူး မြို့ပိုင်သားရဲ့၊ ကျွန်မက အိပ်ပျော်နေပြီ၊ သေနတ်သံကြားတော့ လန့်နိုးသား၊ ဟောဒီ သေချင်းဆိုး ကိုဖိုးထီကလဲ ထန်းရေမူးပြီး နှိုးလို့မရဘူး၊ တစ်ယောက်ထဲတော့ ဘယ်ဆင်းလာရဲမလဲ၊ ဓားပြတိုက်တာဆို ဘယ့်နှယ် လုပ်မလဲ "

ကိုဖိုးထီကလည်း ဝင်ထောက်ခံ၏။

" ဟုတ်တယ် မြို့ပိုင်သား၊ ငြိမ်းသာကတော့ နှိုးသား၊ ကျုပ်က အိပ်မက်ထဲ လင်မယား ရန်ဖြစ်နေပြီး မနိုးဘူး "

နှင်းငွေသည် အထူးအထွေ ပြန်ပြောမနေဘဲ မျက်နှာဆက်သစ်၏။

ကိုဖိုးထီက မေးသည်။

" မြို့ပိုင်သား၊ ဒါထက် ဘခက်ရော "

နှင်းငွေသည် မျက်နှာသုတ်ပဝါဖြင့် အေးအေးဆေးဆေး မျက်နှာသုတ်ပြီးမှ ဖြေ၏။

" ညက ကျွန်တော်တို့လဲ သေနတ်သံကြားတယ်၊ ဘယ်က ပစ်လဲတော့ မသိဘူး၊ ထကြည့်တော့ ဆိတ်နှစ်ကောင် သေနေတယ်၊ အဲဒါ ဆိတ်သေတွေ ယူပြီး ဘခက်ရယ် ထွက်သွားတယ်၊ ခုနင်ကပဲ၊ ယင်းမာပင် သွားမယ် ပြောတာပဲ "

ကိုဖိုးထီက သဘောပေါက်ဟန် ခေါင်းညိတ်သည်။

" အာ ဟုတ်တာပေါ့၊ ယင်းမာပင်က ချစ်တီးကုလား ချော်လဲရဲ့ ထမင်းဆိုင်က ဘခက်ဆီက ဆိတ်ဝယ်နေကျပဲ "

www.myanmarcupid.net

ကိုဖိုးထီတို့ လင်မယား ပြန်သွားကြ၏။

မကြာမီ သာနု ပေါက်လာ၏။ သာနုကိုတော့ ဘာမျှ အထူးရှင်းပြရန် မလိုဟု နှင်းငွေ ထင်ခဲ့သည်။ သို့ရာတွင် သာနုက ဆိတ်သားအုပ်မကြီးတွင် ဆိတ်ပေါက်သုံးကောင် တိုးနေသည်ကို တွေ့သွား၏။

" အစ်ကို၊ ဒီသုံးကောင် ဘယ်က ရောက်လာတာလဲ "

" ဘယ်က လာလာကွာ၊ မင်းဆရာ ဘခက်လာမှ မေးပေါ့ "

" ဟို ဇီးနဲ့ ဆိတ်မကြီးကော "

" မင်း သိပ်လျှာရှည်တဲ့ကောင်ပဲ၊ မင်းဆရာလာမှ မေး "

" အစ်ကိုဘခက်က ဘယ်သွားလို့လဲ "

" ယင်းမာပင်ကို သွားတယ်၊ ငါ့ကို မှာသွားတယ်၊ မင်း ဆိတ် ကောင်းကောင်းကျောင်းတဲ့ "

သာနုသည် နှင်းငွေကို တစ်ချက်စိုက်ကြည့်ပြီး ခေါင်းညိတ်ပြသည်။

မကြာမီပင် သာနုလည်း ဆိတ်အုပ်ကို မလျက် ရွာမှ ထွက်သွား၏။

နောက်ထပ် ဘယ်သူတွေလာ၍ စုံစမ်းဦးမည်မှန်း မသိ၊ စောင့်ဖြေရန်လည်း နှင်းငွေ စိတ်မရှည်တော့။ ဗိုက်တွင်းမှလည်း ဆာလောင်လာ၏။

နှင်းငွေသည် အဝတ်အစားလဲပြီး ညွှန့်မေတို့အိမ်ဘက် ထွက်လာခဲ့သည်။

ခြံဝတွင် ဒေါ်လေးနှင့် သွားတွေ့၏။

" အလို မောင်နှင်းငွေ၊ စောစောစီးစီး၊ လာ . . . လာ "

" ညွှန့်မေကော နိုးပြီလား ဒေါ်လေး "

" နိုးပြီ၊ ဘုရားရှိခိုးနေတယ်၊ လာလေ အိမ်ပေါ်တက် "

နှင်းငွေသည် ဒေါ်လေးနှင့်အတူ အိမ်ပေါ်လိုက်ခဲ့၏။

အိမ်ဦးခန်း ဘုရားစင်၌ ပန်းတို့ ဝေနေသည်။ ဘုရားစင်ရှေ့တွင် ညွှန့်မေသည် ပုဆစ်တုပ်လျက် ဘုရားရှိခိုးနေ၏။ ယောဂီရောင် တဘက်ညိုသည် ပုခုံးမှ ကျော်ကာ ကျောထက်ကျနေ၏။

နှင်းငွေသည် မိခင်ကို သွားသတိရမိ၏။ မေမေသည်လည်း နံနက်တိုင်း ဤသို့ ဘုရားရှိခိုးတတ်သည်။ ဤသို့ပင် နောက်ပိုင်းမှ ကြည့်လျှင် ယောဂီရောင်တဘက်သည် ပုခုံးမှ ကျော်ကာ ကျောထက်ကျနေရိုးဖြစ်၏။

နှင်းငွေ ထိုင်မိ၍ မကြာမီပင် ညွှန့်မေ ဘုရားရှိခိုးပြီးသွား၏။

မတ်တတ်ရပ်ထကာ ကိုယ်လေးကို လှည့်လိုက်သော ညွှန့်မေသည် နှင်းငွေကို မြင်သွား၏။

ညွှန့်မေ၏ မျက်လုံးလေးများ ပြူးသွား၏။ ခဏ၌ပင် တင့်တယ်စွာ ပြုံးပြီးဆို၏။

" စောစောစီးစီး နှင်းငွေပါလား၊ ဩော် . . . နှင်းငွေရေ အမျှ . . . အမျှ "

" ဟာ . . . ညွှန့်မေကလဲ၊ ငါက တစ္ဆေဖြစ်လို့ အမျှဝေနေသလိုပဲ "

" ဒီလိုမရည်ရွယ်ပါဘူး နှင်းငွေရယ်၊ ကုသိုလ်ကောင်းမှုအဖို့မို့ အမျှဝေတာပါ၊ နင် သာဓုမခေါ်နိုင်ဘူးလား "

" အေးပါဟာ ခေါ်ပါတယ်၊ သာဓု . . . သာဓု . . . သာဓု ငါ သုံးကြိမ်ခေါ်တယ်နော် နုမေ "

" စကားမှားမယ်လေ၊ ညွှန့်မေပါ . . . နုမေ မဟုတ်ဘူး "

သူက ရှက်ကိုးရှက်ကန်းနှင့် ဘာပြန်ဖြေရမှန်း မသိ။ ညွှန့်မေကသာ ရယ်ပြီး အိမ်တွင်း ဝင်သွား၏။

ဒေါ်လေးက စားသောက်ဖွယ်ရာများ ယူလာ၏။

ပွအောင် လှော်ထားသော ပေါက်ပေါက်ပွင့်များ ပါသည်။ ရွှအောင် ကြော်ထားသော ထမင်းခြောက်ကြော်လည်း ပါ၏။

" စား နှင်းငွေ၊ တို့တောမှာတော့ ဒါပဲ ကျွေးစရာ ရှိတယ် "

" စားပါ့မယ် ဒေါ်လေး၊ ကျွန်တော်တို့မြို့မှာ ဒါမျိုး မစားနိုင်ပါဘူး "

မကြာမီ ညွှန့်မေ ပြန်ထွက်လာ၏။

ညွှန့်မေသည် နှင်းငွေနှင့် မလှမ်းမကမ်းတွင် ကျို့ကျို့ယို့ယို့ ဝင်ထိုင်၏။

နှင်းငွေသည် ညွှန့်မေ၏ မျက်နှာကို တစ်ချက် လှမ်းကြည့်သည်။

ညွှန့်မေ၏ မျက်နှာတွင် လုံးဝ မှုန်မခြယ်ထား၊ ညိုညက်သောမျက်နှာသည် ပကတိအတိုင်း သန့်ရှင်းနေ၏။ ကြည်ကြည်လင်လင် တည်တည်ငြိမ်ငြိမ်လည်း ရှိ၏။

" စားလေ နှင်းငွေ၊ နေဦး ငါ ဆားဖြူးပေးမယ်နော်၊ ငန်ရင် အပြစ်မတင်နဲ့၊ ပေါ့ရင်တော့ ထပ်ပြော "

www.myanmarcupid.net

ပေါက်ပေါက်ပွင့်များနှင့် ထမင်းခြောက်ကြော်ပေါ် ဆားဖြူးပေးရင်း ညွှန့်မေက ဆိုသည်။

နှင်းငွေက စ,စားသည်။ ညွှန့်မေလည်း လိုက်စား၏။ စားရင်း ညွှန့်မေသည် လက်ဖက်ရည်ကြမ်းလည်း ငှဲ့ပေးသေး၏။

ဒေါ်လေးသည် သူတို့နှင့် ရောလျက် လိုက်စားနေသေး၏။ ဟိုစကား သည်စကား အတန်ပြောပြီးနောက် ဒေါ်လေး ရှောင်ထွက်သွား၏။

ညွှန့်မေသည် သက်ပြင်းလေးရှိုက်ပြီး ခေါင်းလေးစောင်းကာ မျက်လုံး စွေစွေကြည့်လျက် မေးသည်။

" ကဲ ကိုယ်တော်ချော၊ မနက်ကြီးမှာ ဘာလို့ အလာထူးရတာလဲ "

" မငေါ့ပါနဲ့ ညွှန့်မေ၊ နင် ညက သေနတ်သံ ကြားလား "

" ငါ ကြားမိသလိုလိုတော့ ရှိတယ်၊ ဘယ်ဘက်ကမှန်း မသိဘူး "

" နားထောင် ညွှန့်မေ၊ ငါပြောမယ် "

နှင်းငွေသည် မနေ့ညနေမှစကာ ကြုံတွေ့ရသမျှကို ပြောပြ၏။

သူ့စကားအဆုံး၌ ညွှန့်မေ၏ မျက်နှာလေးတွင် စိုးရိမ်မှု လွှမ်းနေ၏။

" နှင်းငွေ . . . ဘခက်ကို ငါ ဘာမှ မပြောနိုင်ဘူး၊ ဒါပေမယ့် နင့်ကိုတော့ တောင်းပန်ချင်တယ်၊ နင် ဒီရွာမှာ ကြာကြာမနေနဲ့တော့ဟယ်၊ မြန်မြန်ပြန်တော့ "

" နင် ငါ့ကို ရွာက နှင်ထုတ်နေသလား ညွှန့်မေ "

" နင် ထင်ချင်သလိုထင် နှင်းငွေ၊ ဒီရွာကို လာပါလို့ နင့်ကို ငါ မဖိတ်နိုင်ဘူး၊ ပြန်ပါလို့လဲ ငါ မနိုင်ဘူး၊ ဒါပေမယ့် နင့်အတွက် ငါ စိုးရိမ်တယ်၊ အကြံပေးတာပါ သူငယ်ချင်း၊ နင် မြန်မြန်ပြန်သွားရင် ကောင်းလိမ့်မယ် "

" ငါလဲ မြန်မြန်ပြန်ချင်ပါတယ် ညွှန့်မေ၊ ဒါပေမယ့် . . . "

" ဒါပေမယ့် . . . ဘာဖြစ်သလဲ "

" ညွှန့်မေရယ် ဒါကိုတော့ နင် နားလည်လိမ့်မယ် ထင်တယ် "

ညွှန့်မေသည် သူ့ကို ဝမ်းနည်းဟန်ရှိသော မျက်လုံးများနှင့် ကြည့်သည်။ ထို့နောက် မျက်လွှာကိုချပြီး တိုးတိုးဆို၏။

" ငါ နားလည်ပါတယ်၊ ငါ့စကား မှားသွားတယ် နှင်းငွေ "

နှင်းငွေသည် နေအတန်မြင့်မှ ညွှန့်မေတို့အိမ်မှ ပြန်လာခဲ့သည်။

ဘခက်တို့ တဲမရောက်မီ အနောက်မှ မြင်းလှည်းသံ ကြားရသောကြောင့် ဘေးကပ်ရှောင်လိုက်၏။

မြင်းလှည်းသည် ရှေ့ဆက်မသွားဘဲ ရပ်လိုက်၏။

နှင်းငွေက မြင်းလှည်းမောင်းသူကို လှမ်းကြည့်၏။

" သြော် . . . ဦးလေးကံ "

ဦးကံရာဇာပင် ဖြစ်သည်။ မြင်းလှည်းပေါ်တွင် အခြား မည်သူမျှ မပါ။ ဟင်းရွက်ဟင်းသီး စသည် ထည့်ထားသော တောင်းတစ်လုံးသာ ပါ၏။

ဦးကံရာဇာသည် ပြုံးရွှင် ရင်းနှီးစွာပင် တုံ့ပြန်နှုတ်ဆက်၏။

" ငါ့လူ မောင်နှင်းငွေပါလား၊ ငါ့လူ ဘယ်တုန်းက လာလဲ "

" သုံးလေးရက် ရှိပါပြီ "

" ငါ့လူ ဘယ်မှာ တည်းနေလဲ၊ ဒီရွာမှာလား "

သတိရှင်သော နှင်းငွေသည် လိမ်လည်၍ ဖြေသည်။

" မဟုတ်ပါဘူး၊ သာစည်မှာပါ၊ အခု ဘခက်တို့ဆီ လာလည်တာ "

" သြော် . . . ဟုတ်လား၊ ဟို . . . ခင်တန်းဘက်ဆီတော့ လာမလည်နဲ့ကွာ၊ ဟိုတစ်ခါက ငါ့လူကို ငါ စကားကုန် ပြောပြပြီးပြီ "

နှင်းငွေသည် ဦးကံရာဇာကို တစ်ချက် အကဲခတ်ကြည့်သည်။ ဦးကံရာဇာ၏ မျက်လုံးများတွင် ကြင်နာမှုကို တွေ့ရ၏။

နှင်းငွေသည် ပြုံးပြီးဆိုသည်။

" ဟုတ်ကဲ့၊ ဦးလေးကံရဲ့ စကားကို ကျွန်တော် မမေ့ပါဘူး၊ ဒါထက် နုနုငယ် နေကောင်းတယ်နော် "

" ကွာ . . . ဒါတွေ မေးမနေပါနဲ့၊ နုနုငယ်ကို မေ့ပစ်လိုက်ပါ၊ ဒီလောက်ရှိ ငါ့လူလဲ မေ့လောက်ရောပေါ့ "

နှင်းငွေသည် အဖြေမပေးဘဲ ငြိမ်နေ၏။ ဦးကံရာဇာက တစ်ချက်ပြုံးပြီး ဆို၏။

" မေ့မရသေးရင်လဲ ကြိုးစားမေ့ပစ်လိုက် ကြားလား၊ ကဲ . . . သွားမယ်ဟေ့ "

ဦးကံရာဇာသည် မြင်းလှည်းကို မောင်း၍ ထွက်ခွာသွားလေ၏။

www.myanmarcupid.net

ထိုနေ့ နေ့လယ်၌ မငြိမ်းသာနှင့် ကိုဖိုးထိ ချက်ကျွေးသော ထမင်းကို နှင်းငွေ စား၏။
ထမင်းစားပြီး ကွပ်ပျစ်ထက်လှဲကာ စိတ်တည်ငြိမ်စေရန် ရန်ကုန်မှ ယူလာခဲ့သော ဝတ္ထုတစ်ပုဒ်ကို ဖတ်နေ၏။
နေမစောင်းတစောင်းတွင် နှင်းငွေ မမျှော်လင့်သော ဧည့်သည်တို့ ပေါ်လာကြ၏။
ရဲသားနှစ်ဦး၊ ရဲအုပ်တစ်ဦး ခြံရှေ့လျက် တိုက်ပိုင် ဦးထွန်းသောင်သည် ခြံတွင်းဝင်လာ၏။
" ဟာ . . . ဦးလေး ကိုထွန်းသောင် လာ . . . လာ "
ဦးထွန်းသောင်သည်လည်း အံ့အားသင့်သွားဟန် ပေါ်သည်။
" အလို မောင်နှင်းငွေပါလား၊ ဘယ်တုန်းက ရောက်နေလဲ "
" ကျွန်တော်ရောက်နေတာ ဦးလေးကိုထွန်းသောင် တကယ် မသိဘူးလား "
ဦးထွန်းသောင်က ရယ်သည်။
" အလယ် ငါ့တူမေးပုံက ဘယ်ဆိုးလို့တုန်း "
ဦးထွန်းသောင်သည် ကွပ်ပျစ်ထက် ဝင်ထိုင်ပြီး ရဲအုပ်ကို လှမ်းပြော၏။
" ကဲကွာ သတင်းရတဲ့အတိုင်းပါပဲ၊ တို့များဆရာ ခရိုင်ဝန် ဦးတင်မောင်ရဲ့ သားပါ၊ မင်းတို့ ရွာထဲသွားပြီး တခြား စုံစမ်းစရာ စုံစမ်းကြ "
ရဲအုပ်နှင့် ရဲသားများသည် အလိုက်သိစွာ ခြံတွင်းမှ ထွက်သွားကြ၏။
နှစ်ဦးတည်းကျန်မှ ဦးထွန်းသောင်က မေးသည်။
" ငါ့တူ ဒီကို ဘာလာလုပ်တာလဲ "
ဦးထွန်းသောင်လိုလူကို လိမ်၍မရမှန်း နှင်းငွေ သိသည်။ ထို့ကြောင့် ရိုးသားစွာပင် ဝန်ခံ၏။
" ဒီရွာမှာ ကျွန်တော့်ချစ်သူ ရှိတယ်၊ ဒီလောက်ဆို ဦးလေး နားလည်ရောပေါ့၊ ဖေဖေ့ဆီတော့ အကြောင်း မကြားနဲ့နော် "
" အာ . . . နားလည်ပြီ၊ ဟုတ်ပါရဲ့ ဟိုတစ်ခါ ဦးလေး လာရှာတုန်းက မင်းတို့ သုံးယောက်ပဲဟာ၊ အေးကွာ မောင်ဘခက်နဲ့ မဟုတ်ဘဲ ငါ့တူနဲ့ဆိုရင်တော့ ကလေးက ကံကောင်းတာပေါ့၊ ကလေးမက အနေအထိုင်လဲ တော်ပါတယ်၊ ကောလိပ်ကျောင်းသူဖြစ်မှ ရုပ်ရည်ကလေးကလဲ ပိုသနားကမားဖြစ်လာတယ် "
နှင်းငွေသည် အတန်ငွကျသွား၏။ ရှင်းပြမည်ပြုပြီးမှ သတိရကာ နှုတ်ဆိတ်နေလိုက်၏။
" ဦးလေးတို့ ဒီနေ့လာတာတော့ ငါ့တူ ရိပ်မိပြီးရောပေါ့ "
" ဟုတ်ပါတယ်၊ ရွာထဲမှာ အတိုက်အခံ ပိုစတာတွေ ပေါ်လာလို့ မဟုတ်လား "
" အင်း ဟုတ်တယ်၊ အဲဒါတွေလဲဖြစ်၊ ရန်ကုန်တက္ကသိုလ်က ကျောင်းသားတစ်ဦးလဲ ရောက်နေတယ်ဆိုတော့ ဘယ်သူမှန်း သိပြီးပေမယ့် ဝတ္တရားအရ ဦးလေးကိုယ်တိုင် လာရတာပေါ့ "
" ဦးလေး သေချာချင်လို့ ထပ်မေးမယ်နော်၊ ဒီကိစ္စတွေမှာ ငါ့တူ တကယ် မပါဘူးလား "
" တကယ် မပါဘူး၊ ပြီးတော့ ဦးလေး အံ့ဩမယ့် စကားတစ်လုံး ကျွန်တော် ပြောမယ်၊ ဘခက်လဲ မပါဘူး "
" ဘခက် မပါဘူး၊ တကယ်လားကွာ "
" ကျောင်းသားလေးတွေ ပိုစတာကပ်တာတော့ မှန်တယ်၊ ဘခက်က ဘာလုပ်နိုင်မလဲ၊ သူလဲ ကျောင်းသား ခေါင်းဆောင်ဟောင်း တစ်ယောက်ကိုး၊ ပြီးတော့ ကောင်လေးတွေ လုပ်တာကလဲ ဥပဒေဘောင်အတွင်းကပဲ၊ မဟုတ်ဘူးလား ဦးလေးထွန်းသောင် "
" ဟုတ်ပါတယ်ကွာ၊ ဒါပေမယ့် တို့က ဥပဒေဘောင်ကိုလဲ ကြည့်ရတယ်၊ ပြီးတော့ အင်းလေ မင်းသိပါတယ်၊ ခိုင်းတာလဲ လုပ်ရတယ်ကွ၊ ဒါထက် ဘခက် အခုဘယ်သွားလဲ "
" ဦးလေးကို ဘခက် ယင်းမာပင်သွားတယ်လို့ ကျွန်တော် လိမ်ပြောနိုင်တယ်၊ ဒါပေမယ့် မပြောဘူး၊ ဖြစ်ပုံက ဟောဒီလို "
နှင်းငွေသည် ဘခက် နိုင်ငံရေးကို စိတ်ပျက်နေပုံကို ရှင်းပြသည်။ ထို့နောက် ညက ဖြစ်ပျက်ပုံမှန်သမျှကိုလည်း မခြွင်းမချန် ပြောပြ၏။
ဦးထွန်းသောင်က သက်ပြင်းချ၏။
" အေးကွယ်၊ မောင်ဘခက် နိုင်ငံရေးကို စိတ်ပျက်နေတာ ဦးလေးလဲ ရိပ်မိပါတယ်၊ ဒုက္ခိတမိခင်ကို ရိုးရိုးသားသား လုပ်ကျွေးနေတာလဲ မျက်မြင်ပဲ၊ အဲ ဦးလေးတို့ သိတာက တစ်ကဏ္ဍ၊ တခြားလူတွေက တစ်ကဏ္ဍ ဆိုပါတော့၊ ထားတော့၊ မောင်ဘခက်ကိစ္စကို ဦးလေး ကြည့်ကူညီပါ့မယ်၊ ငါ့တူအတွက်တော့ ဦးလေး တစ်ခု အကြံပေးချင်တယ် "

www.myanmarcupid.net

“ ပေးပါ ဦးလေးကိုထွန်းသောင် ”

“ ငါ့တူ ဒီရွာမှာ ကြာကြာမနေနဲ့ကွာ၊ မင်းကောင်မလေးကို သံယောဇဉ် ရှိနေရင်လဲ တွေ့တော့တွေ့ကြပေါ့ကွာ၊ ဒါပေမယ့် သာစည်မှာ လာနေပါလား၊ ဟိုမှာ မင်းဆရာ ဦးတင်ညွန့်တို့လဲ ရှိတယ်၊ ဦးလေးအိမ်မှာလဲ လာတည်းနိုင်ပါတယ်”

“ ကျေးဇူးတင်ပါတယ် ဦးလေးကိုထွန်းသောင်၊ ဒါထက် ညက သေနတ်ပစ်မှုကို ဘယ်လို ဆက်လုပ်ရမလဲ ”

“ ဘခက်က အမှုဖွင့်ရင်တော့ ဦးလေးတို့ ဝတ္တရားအတိုင်း စုံစမ်းရမှာပေါ့၊ ဒါပေမယ့် စုံစမ်းဖို့လဲ မလိုပါဘူး၊ ဘခက်ကလဲ တိုင်ချက်ဖွင့်မှာ မဟုတ်ပါဘူး၊ ဒီလိုကိစ္စမျိုးတွေဟာ ဒီနယ်မှာတော့ ရိုးနေပြီ၊ ဒီကိစ္စကိုလဲ ထားစမ်းပါကွာ၊ စောစောက ဦးလေး ပြောတဲ့စကားကို နားထောင်ပါ ”

နှင်းငွေသည် ခေတ္တငြိမ်နေ၏။ ထိုနောက်မှ ဖျတ်ကနဲ မေးသည်။

“ ဒါထက် ဦးလေး၊ ဟို ရွာထိပ်က အိမ်ကြီးအကြောင်း ဦးလေး ဘာသိသလဲ ”

“ ငါ့တူ ဘာဖြစ်လို့ ဒီမေးခွန်းမေးတာလဲ ”

“ အဲဒီအိမ်ကြီးအကြောင်း ပြောကြတာ စုံနေလို့၊ သိချင်လို့ပါ ”

“ ဒီအိမ်ကြီးအကြောင်း မမေးပါနဲ့ကွာ၊ ကျိန်စာသင့်သလိုလို၊ ဘုတ်တွေ ကျွတ်တွေ ရှိသလိုလို၊ တစ္ဆေခြောက်သလိုလို စုံနေတာပဲ၊ အလကား အယူသည်းမှုတွေပါ၊ တစ်ခုတော့ ဦးလေးသိတယ်၊ အဲဒီအိမ်ရှင်ဟာ ဒီနယ်တစ်ဝိုက်မှာ အချမ်းသာဆုံး လူတစ်ယောက်ပဲ၊ ငွေရေးကြေးရေးနဲ့ ပတ်သက်လာရင် အမတ်မင်းတွေ အားအကိုးရဆုံး လူတစ်ယောက်ပဲ ”

ရဲအုပ်နှင့် ရဲသားများ ပြန်ရောက်လာကြသည်။ ဦးထွန်းသောင်လည်း နေရာမှထ၏။

“ ကဲ ဦးလေး ပြန်မယ်၊ ဦးလေး သတိပေးခဲ့တယ်ကိုလဲ မမေ့နဲ့ ”

ဦးထွန်းသောင်တို့ ပြန်သွားကြ၏။

ထိုညနေတွင် ယခင်ညနေကကဲ့သို့ပင် နှင်းငွေသည် ညွှန့်မေတို့အိမ်၌ ရေသွားချိုးသည်။

ရေချိုးပြီး ဘခက်တို့တဲသို့ ပြန်ရောက်ကာ အဝတ်အစားလဲပြီးချိန်၌ နှင်းငွေ မျှော်လင့်ရာ ဖြစ်ပေါ်လာ၏။

ရွာလမ်းမှ မြင်းလှည်းတစ်စီး မောင်းထွက်လာ၏။

မြင်းလှည်းမောင်းသူမှာ ဦးကံရာဇာ ဖြစ်၏။ ဦးကံရာဇာဘေး၌ သုန်သုန်မှုန်မှုန် လိုက်ပါလာသူကား နှင်းငွေ ဘယ်သောအခါမှ လူမမှားနိုင်သော နုနုငယ်၏ ဖခင်ဆိုသူ လူကြီးဖြစ်၏။

မြင်းလှည်း ပျောက်ကွယ်သွားသည်နှင့် တပြိုင်နက် နှင်းငွေသည် ရွာလမ်းအတိုင်း မြောက်ဘက်ဆီသို့ သုတ်ခြေတင်ခဲ့သည်။

ခင်တန်းဆီသို့၊ ချစ်လှစွာသော နုနုငယ်နှင့် သူ၏ လွမ်းဖွယ်သော ခင်တန်းဆီသို့ . . .

❑

## အခန်း ( ၂၆ )

## အဖြေ

သည်ညနေတွင် တိမ်တို့က ပို၍ ရောင်စုံကွန့်မြူးနေသည်။ အနောက်မိုးပြင်တစ်ခုလုံး ထိန်၍ ဝင်း၍ ထွန်း၍ တောက်၍ အလျှံဖြာဖြာ ရောင်ဝါညီးညီးနှင့် သက်တံဆင် ပန်းချီသွေးတို့ ရှုမငြီးအောင် ယပ်တောင်ဖြန့် ပြေးနှံ့ပျံ့လွင့်နေ၏။ သည်မှာဘက် မိုးတစ်ခြမ်းကမူ ခရမ်းရောင်ကို ဆောင်မြဲ ဆောင်ထား၏။

မြေပြင်ပတ်ဝန်းကျင် တစ်ခုလုံး၌မူ မြူဝန်း သီဝေသဖြင့် မှုန်မှုန်ရီရီရှိနေ၏။

ခင်တန်းရှိ ပင်ပျိုတိုင်း ရွက်စုံနေပြီဖြစ်သော်လည်း ရွက်မထူသေး။ ရွက်နုလွှာလွှာတို့ ရိုးတန်းနှင့် အကိုင်းမှန်သမျှကို မဖုံးလွှမ်းနိုင်သေး။

ပေါက်ပင်တို့သည်သာ စိမ်းမှောင်နေ၏။

ပေါက်ပင်တို့နှင့် အခြားပင်တိုင်းကို ကျော်မိုးကာ လက်ပံပင်တို့က ငွားငွားစွင့်စွင့် ရပ်နေကြသည်။ လက်ပံပင်တို့၏ ဖြူသောအကိုင်း လက်တံရှည်တို့ထက်လည်း မြရွက်လွှာ ကျဲနေသေးသည်။ မြသီးတို့လည်း မရင့်သေးပေ။

တမာကျေးတို့ မရှိပြီကြောင့် ဥဩသံသည် ကြည်ကြည်လင်လင် ထွက်ပေါ်ခွင့်ရနေ၏။

www.myanmarcupid.net

ခင်တန်းတွင်းအရောက်၌ နှင်းငွေသည် ခြေရှိန်ကို လျှော့လိုက်သည်။ အစစအရာရာကို စိတ်ချလျက် သူ့စိတ်သည် အေးချမ်းနေ၏။ ဤတစ်ကြိမ်တွင် ချစ်သူကို အေးအေးချမ်းချမ်း ဆုံတွေ့လိုသည်။ အေးအေးချမ်းချမ်း ဆုံတွေ့ပြီး ယုယုယယ ကြင်နာမှုကို ပြလိုသည်။

ခင်တန်း၏ ခရီးတစ်ဝက် အရောက်၌ပင် နုနုငယ်၏ သာယာသောတေးသံကို ကြားရ၏။ ရှေးဦး ပထမအကြိမ်က ကြားခဲ့ရသော ရိုးရိုးလေးနှင့် စိတ်အေးမြဖွယ်သော ကြိုးသီချင်းဖြစ်၏။

" သီတာ . . . သီတာ . . . မြအလား . . . ကြာ . . . ကြာ . . . ကြာ . . . ငါးပါး "

သူက ပြုံးလိုက်သည်။ သူ့အနည်းအတူ နုနုငယ်သည်လည်း စိတ်လက်ချမ်းသာနေဟန် ရှိသည်။

သူသည် ခြေသံကို မဖော့ဘဲ လွတ်လပ်စွာ လျှောက်လာ၏။

သီချင်းသံ ပျောက်သွားသည်။ တွေ့နေကျနေရာလေးသို့ ရောက်သွားသောအခါ၌ နုနုငယ်ကို မမြင်။ နုနုငယ် ဘာလုပ်မည်ကို သူက ရိပ်မိပြီး ဖြစ်ပါ၏။

သူက အံ့အားမသင့်ဘဲ အံ့အားသင့်ဟန်ဆောင်လျက် ရပ်နေရ၏။

ဘေးဖက် ကုန်းတန်းအမြင့်မှ အသံကို ကြားလိုက်ရ၏။

" ဝါး "

သူ လှည့်ကြည့်လိုက်သောအခါ ခြုံတစ်ခုတွင်းမှ နုနုငယ်က ထွက်လျက် ခြောက်ပြနေ၏။

နုနုငယ်၏ လက်များက သူ့ကို ခုန်အုပ်တော့မည် ပြင်ထား၏။ ဖားလျားချထားသော ဆံပင်များနှင့်လည်း မျက်နှာကို အုပ်ထားလိုက်သေးသည်။

မျက်လုံးလေးများကို တမင် ပြူးပြထား၏။ လျှာလေးကိုလည်း ထုတ်ပြထား၏။

နုနုငယ်၏ အသွင်မှာ ကြောက်ဖွယ်ထက် ချစ်ဖွယ်ပိုကောင်းနေ၏။ သို့ရာတွင် သူက ကြက်သီးထဟန် လုပ်ပြရသည်။

နုနုငယ်သည် ကျေနပ်စွာ တစ်ချက်ရယ်ပြီး သူ့ကိုယ်ပေါ် ခုန်စီးလိုက်သည်။

နုနုငယ်က အမြင့်မှ ခုန်လိုက်၏။ သူက အနိမ့်မှ ဖမ်းရသည်။ မြေကလည်း မညီ။

သူသည် မဟန်နိုင်ဘဲ မြေ၌လဲ၏။

ချစ်သူနှစ်ဦးသည် တစ်ဦးကို တစ်ဦးမလွှတ်ဘဲ ဖက်လျက် ကန်းလျောလေးအတိုင်း သုံးပတ်ခန့် လိမ့်ကျသွားကြ၏။

စမ်းချောင်းအခြေရောက်ကာမှ နှစ်ဦးသား ရယ်မောပြီး ထလိုက်ကြသည်။

နုနုငယ်၏ ကိုယ်မှ ဖုံနှင့် သစ်ရွက်စ၊ သစ်ကိုင်းစလေးများကို ခါပေးရင်း သူက မေး၏။

" နုငယ် ဘယ်နာသွားသေးတုန်း "

နုနုငယ်သည် ပြုံးရယ်လျက် ခေါင်းခါ၏။

" ဟင့်အင်း ကိုယ်ရော "

သူကလည်း ခေါင်းခါပြသည်။

တစ်ဦးလက် တစ်ဦးဆုပ်ကိုင်ကြပြီး မျက်နှာချင်းဆိုင် ထိုင်ကြသည်။ တစ်ဦးမျက်နှာကိုလည်း တစ်ဦးကြည့်ကြသည်။ ဤအကြိမ်တွင် သူကလည်း ပြုံးနေ၏။ နုနုငယ်ကလည်း ပြုံးနေ၏။

နုနုငယ်သည် ကိုယ်လေးကို ရှေ့ညွှတ်ကာ လည်တိုင်လေးဆန့်၍ ခေါင်းလေးမော့ပေးသည်။

သူက ဖြူစင်ကြည်လင်လှသော လည်တိုင်လေးကို အရင်မွှေးသည်။ ထိုနောက် အကြောစိမ်းများနှင့် ရှိမ်းလဲ့နေသော ပါးကလေးများ၊ ထိုနောက် သဘာဝအတိုင်း ရဲရဲနီစွေးနေသော နှုတ်ခမ်းကလေးများ။

မွှေးမိသည်က ကြာသွား၏။ နုနုငယ်သည် သူ့ရင်ကို တွန်းခွာပြီး သူ့ပုခုံးကို မနာအောင် ထုသည်။

" ကိုယ်က လူလည်ပဲ၊ ဟင်း . . . ကိုယ် ဒါဘယ်ကတတ်တာလဲ "

သူ မဖြေဘဲ နုနုငယ်၏ ခါးကလေးကိုသာ ပွေ့ယူလိုက်၏။ နုနုငယ်ကလည်း ခေါင်းလေးကို သူ့ပုခုံးပေါ်တင်ပြီး ကိုယ်လေးကို သူ့ရင်ခွင်ထက် မှီချလိုက်၏။

သူက နုနုငယ်၏ မွှေးကြိုင်သော ဆံယဉ်စကလေးများကို ပါးစပ်လေးနှင့် မှုတ်ကစားနေမိ၏။

အတန်ကြာမှ သူက တိုက်တွန်းသည်။

" ကဲ . . . ပြောလေ "

" ဘာပြောရမှာလဲ "

" နို့ နုငယ်ပဲ မနေ့က ပြောတယ်၊ ကိုယ့်ရင်ခွင်မှာ မှီပြီး စကားတွေ အများကြီး ပြောချင်တယ်ဆို "

" အဲဒါက ဆန္ဒ၊ တကယ်တော့ နုငယ်မှာ ဘာမှ ပြောစရာမရှိဘူး၊ သြော် . . . တစ်ခုတော့ ပြောစရာရှိတယ် "

www.myanmarcupid.net

" ပြောလေ ဘာလဲ "

" ကိုယ့်ကို နုငယ် ချစ်တယ်၊ သိပ် . . . သိပ် . . . သိပ်ကိုချစ်တယ် သိလား "

သူ့ရင်တွင်း၌ ကြည်နူးမှုနှင့် ကရုဏာတို့ ရောယှက်ကာ ဆို့နင့်သွား၏။

" ကိုယ်ကလဲလေ နုငယ်ကို အများ . . . အများ . . . အများကြီး ချစ်တယ်၊ ကဲ ယုံတော့ "

နုနုငယ် ပြောသည်မှာ မှန်၏။ သူကလည်း စကားတွေများစွာ ပြောချင်ခဲ့သည်။ ယခုမူ ပြောစရာမရှိတော့၊ ပြောစရာလည်း မလိုတော့။

ချစ်သူကို ပိုက်ပွေ့ပြီး ငြိမ်ငြိမ်နေမိသည်။ သည်လို ပိုက်ပွေ့ပြီး တစ်သက်လုံး ငြိမ်နေချင်စမ်းလှသည်။ ချစ်သူ့ရင်ခုန်သံနှင့် ကိုယ့်ရင်ခုန်သံကိုတော့ ကြားနေရမည်လေ၊ ချစ်သူ့ ကိုယ်သင်းနံ့လေးတွေကလည်း ကြိုင်နေမည်လေ၊ ချစ်သူ့အသက်ရှူငွေ့ကလည်း သူ့ပါးကို နွေးနွေး ထိတွေ့လာနေမည်လေ။

ထိုအခိုက်တွင်ပင် နောက်မှ ခြေသံကို ကြားရ၏။

သူက လှည့်ကြည့်သည်။ နုနုငယ်ကလည်း လှည့်ကြည့်သည်။

နုနုငယ်သည် ထိတ်လန့်စွာအော်ပြီး မြေပြင်မှ ထလျက် ထွက်ပြေးရန် ပြင်သည်။ သူကလည်း လျင်မြန်စွာ ထပြီး နုနုငယ်ကို ဆွဲထားလိုက်၏။ မတ်တတ်ရပ်ရင်း နုနုငယ်ကို ပွေ့ထားလျက်က ကုန်းမြင့်ထက်မှ သဏ္ဌာန်ကို ရင်ဆိုင်သည်။

ကုန်းမြင့်ထက်၌ နုနုငယ်၏ အဖေသည် မားမားကြီး ရပ်နေ၏။

သူ့လက်တွင် တုတ်ကောက်ကြီးတစ်ချောင်းကို ကိုင်ထား၏။ သူ့မျက်နှာကြီးက တင်းမာနေပြီး သူ့မျက်လုံးကြီးများက ဝင်းဝင်းတောက်နေ၏။

သူက ဆင်းလာ၏။ လက်ကိုလွှဲကာ တုတ်ကောက်ကြီးကို မြှောက်လိုက်သည်။

နှင်းငွေသည် မတုန်မလှုပ်ဘဲ လူကြီး၏ မျက်နှာကို စိုက်ကြည့်နေ၏။ လူကြီးထံမှ တုတ်ကျလာလျှင် မည်သို့ကာကွယ်မည်ဟုလည်း အဆင်သင့်ဖြစ်နေ၏။ အနည်းဆုံး နုနုငယ်ကို မထိရန် ကာကွယ်ဖို့ အဆင်သင့် ဖြစ်နေ၏။

လူကြီး၏ တုတ်ကောက်သည် ကျလာတော့၏။ သို့ရာတွင် နှင်းငွေတို့ အပေါ်သို့ မဟုတ်၊ မြေထက်သို့သာ ဖြစ်၏။ အရှိန်ပြင်းစွာနှင့် ကျလာသည်လည်း မဟုတ်။

လူကြီး၏ တင်းမာသောမျက်နှာသည်လည်း လျော့ကျသွား၏။ လူကြီး၏ မျက်လုံးများသည်လည်း မှိန်ဖျော့ကျသွား၏။

အက်ကွဲတုန်ယင်သော အသံကြီးသည်သာ ပေါ်လာ၏။

" သမီး အိမ်ကိုပြန်တော့ "

နုနုငယ်သည် လူကြီး၏ မျက်နှာကို တစ်လှည့်၊ နှင်းငွေ၏ မျက်နှာကိုတစ်လှည့် ကြည့်သည်။ ထိုနောက် နှင်းငွေ၏ ရင်ခွင်မှ အသာရုန်းသည်။ နှင်းငွေက မလွှတ်။

လူကြီး၏ အသံသည် ထပ်မံ ပေါ်ထွက်လာ၏။

" သူငယ်ရေ ဦးသမီးကို လွှတ်လိုက်ပါ၊ မောင်ရင်ဟာ လူကြီးလူကောင်း သားသမီးမှန်ရင် ဦးရဲ့ မေတ္တာရပ်ခံချက်ကို လေးစားပါ "

နှင်းငွေ မမျှော်လင့်သော စကားဖြစ်၏။ နှင်းငွေ၏ နှလုံးသားက တော်လှန်လွန်ဆန်နိုင်သော စကားမျိုးလည်း မဟုတ်။ နှင်းငွေသည် နုနုငယ်ကို လွှတ်ပေးလိုက်၏။

ရွံ့ကြောက်စွာ နုနုငယ်သည် လူကြီးထံ လျှောက်သွား၏။

လူကြီးက နုနုငယ်ကို လက်ကမ်းပေးပြီး ကုန်းမြင့်ထက် ဆွဲယူတင်လိုက်၏။ ထိုနောက် နုနုငယ်၏ ဆံပင်များကို ယုယစွာပွတ်ပြီး နူးညံ့စွာ ဆို၏။

" သွား သမီး၊ အိမ်ကိုပြန်တော့၊ သမီးအခန်းက စောင့်နေ၊ သမီးချစ်သူကိုလဲ ဖေဖေ ခေါ်လာခဲ့မယ် "

နုနုငယ်သည် နှင်းငွေကို လှည့်မကြည့်ဘဲ ထွက်ခွာသွား၏။

မတုန်မလှုပ် ရပ်ကြည့်နေသော နှင်းငွေဘက်သို့ ပြန်လှည့်လိုက်ပြီး လူကြီးက ခေါ်၏။

" သူငယ်လဲ ဦးဆီ လာခဲ့လေ "

နှင်းငွေသည် လူကြီးကို တစ်ချက်ကြည့်၏။ လူကြီး၏ မျက်နှာက ပကတိ တည်ငြိမ်နေ၏။

နှင်းငွေက လူကြီးဆီသို့ တက်သွား၏။

ယှဉ်မိကြသောအခါ လူကြီးက နှင်းငွေကို စူးစိုက် အကဲခတ်ကြည့်၏။

လူကြီးက စကား စပြော၏။

" မောင်ရင့်နာမည်က မောင်နှင်းငွေ၊ အရေးပိုင် ဦးတင်မောင့်သား၊ ဟုတ်လား "

www.myanmarcupid.net

" ဟုတ်ပါတယ် "

" ဆေးကောလိပ် ကျောင်းသားလား "

" မဟုတ်သေးပါဘူး၊ အခု ကျောင်းတွေ ပြန်တက်မှ ဆေးကောလိပ် တက်ရမှာပါ "

" ကောင်းပြီ၊ ဦးနာမည်က ဦးမြတ်မင်း၊ နုနုငယ်တို့ အဖေ "

" ဟုတ်ကဲ့ "

" မောင်နှင်းငွေကို ဦး ဖိတ်ခေါ်တယ်၊ ဦးအိမ်ကို လိုက်ပြီး ဦးနဲ့ စကားပြောနိုင်မလား "

" ကျေးဇူးတင်ပါတယ်၊ ကျွန်တော် လိုက်ခဲ့ပါမယ် "

" ကဲ လာ၊ ဒါဖြင့် သွားကြမယ် "

လူကြီး ဦးမြတ်မင်းက ရှေ့ဆောင် ထွက်ခွာသွားသည်။ နှင်းငွေက နောက်မှ လိုက်ခဲ့၏။

ဦးမြတ်မင်းသည် နှင်းငွေကို အိမ်ကြီး၏ အရှေ့ဘက်သို့ ခေါ်လာခဲ့သည်။

ခြံဝတံခါးကြီးရှေ့ ရောက်သောအခါ ဦးမြတ်မင်းက လက်ခုပ်တီးလိုက်၏။

ခြံတံခါးကြီး ပွင့်လာသည်။ တံခါးကြီးကို ဖွင့်ပေးသူမှာ အသက်လေးဆယ်ခန့်ရှိ တောင့်တင်းသန်မာဟန်ရှိသော မိန်းမကြီးတစ်ဦးသာ ဖြစ်၏။

နှင်းငွေနှင့်အတူ ခြံတွင်းသို့ ဝင်မိသောအခါ ဦးမြတ်မင်းက အမိန့်ပေးသည်။

" ဥမ္မာ တံခါးကို ပြန်ပိတ်ထား၊ ပြီးတော့ တို့နောက်လိုက်ခဲ့ "

" မှန်ပါ သခင်ကြီး "

တံခါးကြီး ပြန်ပိတ်သွား၏။

နှင်းငွေသည် အိမ်အိုကြီးကို အနီးကပ်မြင်ရ၏။

အိမ်ကြီးသည် အိုသည်မှန်၏။ သို့ရာတွင် အိုအိုနှင့်ပင် ခန့်ညားနေ၏။

တိုင်တို့မှာ အလုံးလိုက်ဖြစ်သော ကျွန်းတိုင်ကြီးများ ဖြစ်ကြ၏။ သင့်ရာသင့်ရာ မျက်နှာစာတို့၌ ခြူးနွယ်ခြူးပန်း၊ ကနုတ်ပြောက်များနှင့် တန်ဆာဆင်ထား၏။ အိမ်အိုကြီးတစ်လုံးထက် ရှေးဘုန်းကြီးကျောင်းကြီး တစ်ခုကဲ့သို့ နှင်းငွေ ထင်မြင်မိ၏။

အိမ်အောက်ထပ်ရှိ အခန်းကျယ်ကြီးတစ်ခု အတွင်းသို့ ရောက်သောအခါ လူကြီးသည် ခေတ္တရပ်လိုက်၏။

" မောင်နှင်းငွေ ဒီမှာ ခဏထိုင်နေပါ၊ ဦး သမီးကို သွားကြည့်လိုက်ဦးမယ် "

ဦးမြတ်မင်းသည် ဤမျှသာဆိုပြီး အပေါ်ထပ်သို့ တက်သွား၏။

နှင်းငွေသည် ဆိုဖာတစ်ခုထက်၌ ထိုင်လိုက်၏။

ဤအခန်း၌ ဆင်ပြင်ထားပုံမှာ အိမ်အိုကြီးနှင့်ကား မဆီလျော်လှ။

ဆိုဖာများသည် နောက်ဆုံးပေါ် ခေတ်မီဆိုဖာများ ဖြစ်ကြ၏။ စားပွဲပုများ၊ စားပွဲပေါ်မှ စီးကရက်ဗူးများ၊ ဆေးလိပ်ပြာခံခွက်များ အားလုံးသည် ခေတ်အသုံးအဆောင်များ ဖြစ်ကြ၏။ အခန်းတစ်ထောင့်၌ ရေဒီယိုဂရမ်တစ်လုံးပင် ရှိနေသေး၏။

ကြမ်းပြင်၌လည်း အဖိုးတန် ကော်ဇောကြမ်းမျိုး ခင်းထားသေး၏။ နံရံတွင်လည်း ဓာတ်ပုံများနှင့် ပန်းချီကားများ ရှိနေသေးသည်။

နှင်းငွေက အခန်းကြီးကို လှည့်ပတ်ကြည့်၏။ အစ၌မူ သူ့ရင်ခုန်နေသည်။ ယခုမူ မခုန်တော့၊ စိတ်ဝင်စားသည်သာ ရှိတော့၏။

ဥမ္မာ ဟုခေါ်သော အဘွားကြီးသည် မထိုင်၊ မတ်တတ်ရပ်ရင်း နှင်းငွေ လှုပ်ရှားသမျှကို သတိနှင့် လိုက်ကြည့်နေ၏။

ထိုစဉ် အပေါ်ထပ်မှ မောင်းသံလိုလို အသံတစ်ခု ကြားရ၏။

" အပေါ်ထပ် သွားကြမယ်၊ လိုက်ခဲ့ "

ဒေါ်ဥမ္မာက ရှေ့မှ တက်သည်။ နှင်းငွေက လိုက်လာခဲ့၏။

အိမ်ကြီး၏ အပေါ်ထပ်မှာ မှောင်နေသောကြောင့် နေဝင်ခဲ့ပြီဖြစ်ကြောင်း နှင်းငွေ ရိပ်မိ၏။

မီးလင်းနေသော အခန်းတစ်ခုရှေ့၌ ဒေါ်ဥမ္မာ ရပ်လိုက်၏။

" ဥမ္မာ လွှတ်လိုက်၊ နင် အပြင်မှာနေခဲ့ "

" မှန်ပါ့ သခင်ကြီး "

ဒေါ်ဥမ္မာ အချက်ပြသည်ကို မစောင့်ဘဲ နှင်းငွေသည် အခန်းတွင်းသို့ ဝင်လိုက်သည်။

ဤအခန်းကြီးကလည်း ကျယ်သည်။

www.myanmarcupid.net

မီးရောင်က အတန်ပင် လင်းနေ၏။

ပြတင်းများ၌ ခန်းဆီးရှည်များ ချထား၏။ ကြမ်းပြင်တွင် အနီရောင် ကော်ဇောမွေးပွကြီး ခင်းထား၏။

ပစ္စည်းပစ္စယ ဘာမျှမရှိသောကြောင့် အခန်းကြီးသည် ပို၍ကျယ်နေသည် ထင်ရ၏။

" လာ မောင်နှင်းငွေ၊ လာ ဒီမှာထိုင် "

အသံသည် အခန်း၏ တစ်ဖက်ထိပ်မှ ပေါ်လာခြင်းဖြစ်၏။

ထိုနေရာတွင်ကား ကျယ်ပြန့်သော စားပွဲရှည်ကြီးတစ်လုံး ရှိ၏။ စားပွဲကြီးပေါ်၌ အာလာဒင် အမျိုးအစား ရေနံဆီမီးအိမ်သည် လင်းနေ၏။

စားပွဲတစ်ဖက်ရှိ ကုလားထိုင်ကြီး တစ်လုံးပေါ်တွင် ဦးမြတ်မင်းသည် ငြိမ်ငြိမ်ကြီး ထိုင်လျက်ရှိသည်။

နှင်းငွေက စားပွဲဆီ လျှောက်သွား၏။

ဦးမြတ်မင်းက ညွှန်ပြသောကြောင့် မျက်နှာချင်းဆိုင် ကုလားထိုင်တစ်ခုတွင် နှင်းငွေ ဝင်ထိုင်၏။

စားပွဲရှည်ကို သက္ကလပ်စိမ်း လွှမ်းထား၏။ သက္ကလပ်စိမ်းပေါ်၌ တောက်ပြောင်သော အရာဝတ္ထုသုံးခု ရှိနေ၏။ တစ်ခုကား ဆင်စွယ်နှစ်ခု၌ တွဲလောင်းချည်ထားသော ငွေမောင်းတစ်လက်ဖြစ်၏။ တစ်ခုကား ဖန်ခွက်တစ်လုံးဖြစ်၏။ တစ်ခုကား ဂျော်နီဝေါ့ကားတံဆိပ် ဝီစကီပုလင်းတစ်လုံး ဖြစ်၏။

ပယင်းရွှေရည်သည် ပုလင်းတွင်း၌ တစ်ဝက်ကျော်ကျော် ဝင်းလဲ့နေ၏။ ဖန်ခွက်တွင်း၌ကား အပြည့်ရှိနေ၏။

" မောင်နှင်းငွေ ဦး အရက်သောက်နေတာကို ခွင့်လွှတ်နော်၊ ဦးက အရက်သောက်ရင်းမှ စိတ်ရှည်ရှည် စကားပြောလို့ရတယ် "

ဦးမြတ်မင်းသည် ဖန်ခွက်ကို ကောက်ကိုင်ကာ တစ်ကျိုက်မော့လိုက်၏။ ပြီးမှ မေးသည်။

" မောင်နှင်းငွေ အံ့ဩနေလား "

နှင်းငွေက ခေါင်းညိတ်ပြ၏။

ဦးမြတ်မင်းက မရယ်မပြုံးဘဲ ဆို၏။

" အားလုံး ဖြစ်လာတာက မတော်တဆ ကိစ္စချည်းပဲ၊ ဟိုနေ့က ဆရာခါ လာတယ်၊ ဒီရွာမှာ ကောလိပ်ကျောင်းသား တစ်ဦးရောက်နေတာ သိရတယ်၊ ဒီကျောင်းသား ဘာလာလုပ်သလဲ၊ အရေးပိုင်သား မောင်နှင်းငွေလို့ ကိုထွန်းသောင်ဆီက သတင်းရပြီးပြီ၊ ဒါပေမယ့် ဒီကျောင်းသား ဘာလာလုပ်သလဲ၊ ဆရာခါကလဲ သိချင်တယ်၊ ဦးကလဲ သိချင်တယ်၊ အဖြေက တစ်ယောက်ဆီက ရတယ် "

ဦးမြတ်မင်းသည် လက်ခုပ်တီးလိုက်၏။

အခန်းတွင်းသို့ ဝင်လာသူကား ဦးကံရာဇာ ဖြစ်လေသတည်း။

" ကဲ . . . ကံရာဇာ၊ မင်း ကိုယ်တိုင် ပြောပြလိုက် "

ဦးကံရာဇာသည် အားနာဝမ်းနည်းဟန်ဖြင့် နှင်းငွေကို လှမ်းကြည့်ပြီး ပြော၏။

" ငါ့လူရယ်၊ ငါ့လူကို တောင်းပန်ပါတယ်၊ ငါ့လူ ကျေးဇူးလဲ ငါ့အပေါ်မှာ ရှိခဲ့ဖူးပါတယ်၊ ဒါကြောင့် ငါ့လူတို့အကြောင်းကို ငါ အုပ်ထားခဲ့ပါတယ်၊ ဒါပေမယ့် ဒီကို ပြန်မလာဖို့ ငါ စကားကုန် ပြောခဲ့ဖူးပါတယ်၊ ငါ့လူ ပြန်မလာဘူးလို့ပဲ ထင်ခဲ့မိတယ်၊ ငါ့လူတို့ ဖြစ်ခဲ့တာဟာ ကလေးဘဝ ယာယီ စိတ်ကစားတာပဲလို့ ထင်ခဲ့တယ်၊ ဒါပေမယ့် မလျှော့ဘဲ ငါ့လူက ပြန်လာခဲ့တယ်၊ ငါ့ဝတ္တရားကုန်ပြီ၊ ငါသိသမျှ သခင်ကြီးကို ဖွင့်ပြောရတော့တယ်၊ ငါ့လူ ခွင့်လွှတ်ပါ၊ ငါ ဒီလို လုပ်လိုက်တာမှာ ငါ့လူကောင်းဖို့ပဲ စေတနာပါပါတယ် "

စကားဆုံးသွားသော်လည်း ဦးကံရာဇာသည် နှင်းငွေ ကောင်းစွာမှတ်မိသော ကရုဏာမကင်းသည့် မျက်လုံးများနှင့် နှင်းငွေကို ဆက်လက်စိုက်ကြည့်နေ၏။

ဦးမြတ်မင်းက ချောင်းဟန့်၏။

" ကဲ . . . ကံရာဇာ၊ ပြီးပြီ သွားနိုင်ပြီ "

ဦးကံရာဇာသည် ဖြည်းညင်းစွာ အခန်းတွင်းမှ ထွက်ခွာသွား၏။

" နောက်လုပ်ခဲ့ရတာက လွယ်ပါတယ်၊ မြင်းလှည်းနဲ့ မြို့ဘက် ထွက်ချင်ယောင်ဆောင်တယ်၊ မောင်နှင်းငွေ ခင်တန်း အရောက်လောက်မှာ ပြန်လာပြီး ဖမ်းတယ်၊ ဒါပါပဲ "

ပိုင်နိုင်သော ဦးမြတ်မင်းကို နှင်းငွေ စိတ်တွင်းမှ ချီးမွမ်းမိ၏။ လက်ပူးလက်ကျပ် မိပြီဖြစ်၍ မထူးတော့သောကြောင့် သူက တောင်းပန်သည်။

www.myanmarcupid.net

“ ကျွန်တော်တို့အမြင်မှာ ကျွန်တော်တို့ လုပ်ခဲ့ပုံဟာ မှန်သလို ရှိနေပေမယ့် စင်စစ်တော့ မှားပါတယ်၊ သမီးရှင် တစ်ဦးအနေနဲ့ ဦး ဘယ်လိုခံစားရမယ်ဆိုတာကို ကျွန်တော် နားလည်ပါတယ်၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ ဦး၊ ဒါပေမယ့် ”

နှင်းငွေ စကားမဆက်နိုင်မီ ဦးမြတ်မင်းက လက်ကာထား၏။

“ မောင်ရင် တောင်းပန်တာ ဦး လက်ခံတယ်၊ ခွင့်လွှတ်တယ်၊ ဦးကလဲ တစ်ခု ပြန်တောင်းပန်မယ် ”

“ ခင်ဗျာ ”

“ ဦးကလဲ ပြန်တောင်းပန်တယ်၊ မောင်ရင် ဒီရွာက အမြန်ဆုံး ပြန်သွားပါ၊ ပြီးတော့ နုနုငယ်ကို မေ့ပစ်လိုက်ပါ၊ ဒီရွာကိုလဲ ဘယ်တော့မှ ပြန်မလာခဲ့ပါနဲ့ ”

“ ဒီရွာက အမြန်ဆုံး ပြန်သွားပါဆိုတဲ့ စကားကို ကျွန်တော် နားထောင်နိုင်ပါတယ်၊ နုနုငယ်ကိုတော့ မမေ့ပါရစေနဲ့၊ နုငယ်ဟာ ကျွန်တော့်ချစ်သူပါ၊ ကျွန်တော် ဆရာဝန်ဖြစ်ရင် လက်ထပ်ယူမယ်လို့ ဆုံးဖြတ်ထားတဲ့ ကျွန်တော့်ချစ်သူပါ ”

ဦးမြတ်မင်းက လေးပင်စွာ ခေါင်းခါသည်။

“ အဲဒါတွေကိုလဲ မေ့ပစ်လိုက်ပါ၊ မောင်ရင်က လက်ထပ်ချင်ဦးတော့၊ ဦးသမီးကို မောင်ရင်နဲ့ မပေးစားနိုင်ဘူး ”

“ ဦးရယ်၊ ကျွန်တော့်အပေါ် ဘာမကြိုက်ပါသလဲ၊ ကျွန်တော့် မိဘမျိုးရိုးကိုလဲ ဦးသိပြီးပါပြီ၊ ကျွန်တော်က မိန်းကလေး တစ်ယောက်ကို အပျော်ကြံတတ်တဲ့ လူစားမျိုး မဟုတ်ပါဘူး၊ အခု ကျွန်တော် ဆရာဝန်ဘက် လိုက်တာဟာလဲ နုနုငယ် ခိုင်းလို့ပါ ”

ဦးမြတ်မင်းက သူ့ကို တစ်ချက် မျက်မှောင်ကြုတ်ကြည့်သည်။

“ ဘာ . . . နုနုငယ်က မောင်ရင့်ကို ဆရာဝန်ဘက် လိုက်ခိုင်းတယ် ”

“ ဟုတ်ပါတယ်၊ နုနုငယ်က သူ့မှာ ရောဂါရှိတယ်တဲ့၊ ဘာရောဂါမှန်း ကျွန်တော် မသိဘူး၊ သိဖို့လဲ မလိုပါဘူး၊ ရောဂါရှိရှိ မရှိရှိ နုနုငယ်ကို ကျွန်တော် ချစ်တာဟာ ချစ်တာပဲ ”

ဦးမြတ်မင်းသည် ဘာကြောင့်မသိ၊ ခေါင်းတစ်ချက် ငိုက်ကျသွား၏။ ဖန်ခွက်တွင်းမှ အရက်ကို ကုန်အောင် မော့ချလိုက်၏။ ထို့နောက် ပုလင်းကိုဖွင့်ကာ အရက်ထပ်ငှဲ့၏။ ဦးမြတ်မင်း၏ လက်များ တုန်ယင်နေကြောင်း နှင်းငွေ သတိပြုမိ၏။

ဦးမြတ်မင်းက အရက်ခွက်ကိုင်ရင်း မေး၏။

“ မောင်ရင် အသက် ဘယ်လောက်ရှိပြီလဲ ”

“ နှစ်ဆယ် ပြည့်ကာနီးပါပြီ ”

ဦးမြတ်မင်းက ပြုံးသည်။ ထိုအပြုံး၏ အဓိပ္ပါယ်ကို နှင်းငွေ မကောက်တတ်။

“ အသက်နှစ်ဆယ်ဆိုတာ ငယ်ငယ်လေး ရှိသေးတယ်၊ ဒီအရွယ်ဟာ အင်မတန် ပျော်ဖို့ကောင်းတဲ့အရွယ်၊ နောင်ကို ဘယ်တော့မှ ပြန်ရတော့မှာ မဟုတ်တဲ့ အင်မတန် ပျော်ဖို့ကောင်းတဲ့အရွယ်၊ မမိုက်ပါနဲ့ လူကလေးရယ်၊ ကိုယ့်ဒုက္ခကိုလဲ ကိုယ်မရှာချင်ပါနဲ့၊ တစ်သက် ပြင်မရမယ့် အိမ်ထောင်ရေးကိစ္စမျိုးကိုလဲ ဒီအရွယ်မှာ မစဉ်းစားပါနဲ့ဦး ”

“ ဦးရဲ့ ဆုံးမစကားကို ကျွန်တော် လေးစားပါတယ်၊ ဒါပေမယ့် နုနုငယ်ကို ကျွန်တော် ချစ်မိပြီးပြီ၊ ဦး ကျေနပ်မယ် ဆိုရင် ဖေဖေနဲ့ မေမေကို ပြောပြပြီး ကျွန်တော် လာစေ့စပ်ပေးခိုင်းပါ့မယ်၊ ကျွန်တော့်ကို ယုံပါ ”

“ မောင်ရင့်ကို မယုံလို့ မဟုတ်ပါဘူး၊ ဒီကိစ္စဟာ ယုံတာ မယုံတာနဲ့ မဆိုင်ဘူး၊ ဦး ပြောခဲ့ပြီးပါရောလား၊ ဦးသမီးကို ဦး မောင်ရင်နဲ့ မပေးစားနိုင်ဘူး၊ ဘယ်သူနဲ့မှလဲ မပေးစားနိုင်ဘူး၊ ဒီတော့ ဒုတိယအကြိမ် ထပ်တောင်းပန်မယ်၊ မောင်နှင်းငွေ ဒီရွာက အမြန်ပြန်သွားပါ၊ နုနုငယ်ကိုလဲ မေ့ပစ်လိုက်ပါ၊ မောင်ရင့်ဘဝမှာ မောင်ရင် စိတ်ချမ်းချမ်းသာသာနေပါ ”

“ ကိုယ်ချစ်တဲ့သူကို စွန့်ခွာသွားပြီး ဘယ်လိုလုပ် ကျွန်တော် စိတ်ချမ်းချမ်းသာသာ နေရမလဲ၊ စောစောက ဦးက ပြောတယ်၊ ကျွန်တော့်အရွယ်ဟာ အင်မတန် ပျော်ဖို့ကောင်းတဲ့အရွယ်တဲ့၊ ဒါပေမယ့် ဒီအခွင့်အရေးကို စကတည်းက ကျွန်တော် မရခဲ့ပါဘူး၊ နုနုငယ်ကို စချစ်မိကတည်းက မရခဲ့တော့ပါဘူး၊ နှစ်နှစ်ကျော်ပါပြီ ဦးရယ်၊ ဘယ်သူမပြု မိမိမှုပါပဲ၊ တစ်ခုတော့ရှိတယ်၊ အခုအချိန်အထိ မျှော်လင့်ချက်နဲ့သာ ကျွန်တော် ကြံဖန်ပျော်နေရတယ်၊ အခု ဦးက အဲဒီမျှော်လင့်ချက် ကိုပါ ဖျက်ခိုင်းနေတယ် ”

ဦးမြတ်မင်း ခေါင်းကျိုးကျသွား၏။ သို့ရာတွင် ခဏသာ ဖြစ်၏။

ဦးမြတ်မင်းသည် စားပွဲကို လက်ဝါးကြီးဖြင့် တအားပုတ်လိုက်သည်။ လူကလည်း မာန်ဖီသော ကျားကြီးပမာ နေရာမှ ထလိုက်၏။

“ တော်တော့ မောင်ရင် . . . မောင်ရင့်ကို ငါ ကောင်းကောင်း လက်ခံစကားပြောမိတာ မှားပြီ၊ အကျိုးအကြောင်း ပြောရင် လက်ခံပြီး ရှောင်သွားမယ် ထင်တယ်၊ မောင်ရင်က ဆက်ခေါင်းမာနေတယ်၊ ဒီတော့ နောက်ဆုံးပြောမယ်၊ မင်း ဒီရွာက အမြန်ဆုံး ပြန်သွားပါ၊ နုနုငယ်နဲ့လဲ ဘယ်တော့မှ လာမဆက်ပါနဲ့၊ ကြားလား ”

www.myanmarcupid.net

နှင်းငွေကလည်း နေရာမှ ထလိုက်၏။ ဦးမြတ်မင်းကို ရဲရဲရင်ဆိုင်ပြီး ဖြေ၏။

" ဦးဟာ စောစောက မေတ္တာတရားအပြည့်နဲ့ ကျွန်တော့်ကို စကားပြောနေတယ်၊ ကျွန်တော်ကလဲ လေးစားစွာနဲ့ ကျွန်တော့်ဆန္ဒကို တင်ပြခဲ့တယ်၊ ကျွန်တော့်မှာ အမှားဘာရှိသလဲ၊ အခု ဦးက အကြောင်းမဲ့ ဒေါသကြီးတယ်၊ ကျွန်တော် စိတ်မဆိုးပါဘူး၊ ဦးမေးတာကိုလဲ ကျွန်တော် ဖြေပါ့မယ်၊ ကျွန်တော် ဒီရွာက ပြန်သွားပါ့မယ်၊ ဒါပေမယ့် ဒီရွာကို ပြန်လာဦးမယ်၊ သမီးဆိုတဲ့ အားနွဲ့တဲ့ မိန်းကလေးတစ်ဦးကို ဦးဟာ ဘာကြောင့် ရာဇဝတ်သားလို အကျဉ်းချထားတယ် ဆိုတာကိုလဲ စုံစမ်းဦးမယ်၊ နုနုငယ်တော့ ဘာမှ မဖြစ်ပါစေနဲ့ ဦး၊ နုနုငယ် တစ်ခုခု ဖြစ်သွားရင် ဦးဟာ ရာဇဝတ်ကောင်ပဲ၊ ဦးအားကိုးတဲ့ ဆရာခါတို့ ဆရာထိန်တို့ကိုလဲ ကျွန်တော် ဂရုမစိုက်ဘူး၊ ဦးကို ကျွန်တော်ကိုယ်တိုင် လာလက်စားချေမယ်၊ သိပြီလား "

ဝုန်းကနဲ ခုန်ကာ ဦးမြတ်မင်းသည် နှင်းငွေရှေ့ ရောက်လာသည်။ သူ့လက်များက နှင်းငွေ၏ လည်ပင်းကို ဆုပ်ညှစ် သတ်တော့မည့်အတိုင်း ရှိနေ၏။

" ဘာ မင်းက ငါ့ကို ရာဇဝတ်ကောင်လို့ ခေါ်တယ် ဟုတ်လား၊ ရာဇဝတ်ကောင်လို့ "

နှင်းငွေသည် ကိုယ်ကို မလှုပ်မိအောင် သတိထားသည်။ အံကြိတ်လျက်ကလည်း ဦးမြတ်မင်းကို စူးစိုက်ကြည့်နေ၏။

ဦးမြတ်မင်း၏ မျက်နှာကြီးမှာ ရူးသွပ်နေသူ၏ မျက်နှာမျိုးဖြစ်၏။ လူသတ်တော့မည့် ရာဇဝတ်ကောင်၏ မျက်နှာမျိုး ဖြစ်၏။

နှင်းငွေသည် မိမိလက်တွင်း ဘာလက်နက်မျှ မရှိသည်ကို သိ၏။ သို့ရာတွင် ဘောလုံးကန်ရာ၌ ရွယ်တူချင်း အရှုံးပေးရလောက်အောင် ပြင်းသော သူ့ညာခြေထောက်ကိုမူ အားကိုးထား၏။

အခြေအနေသည် ထင်သကဲ့သို့ ဖြစ်မလာ။

ဦးမြတ်မင်းသည် နောက်ဆုတ်သွား၏။ စားပွဲကြီးကို ပတ်ပြီး သူ့ကုလားထိုင်ကြီး၌ ပြန်ထိုင်၏။ တုန်ယင်သော လက်များနှင့် ဖန်ခွက်ကို ကိုင်ပြီး ဖန်ခွက်တွင်းရှိသော အရက်တို့ကို တဆက်တည်း ကုန်အောင် မော့ချလိုက်၏။

ဦးမြတ်မင်း၏ သဏ္ဌာန်တွင် ဒေါသ မရှိပြီ၊ ခက်မာခြင်းလည်း ကုန်ပြီ၊ သူ့ရုပ်ရည်မှာ အားကုန်သွားသော လူမမာ ကဲ့သို့ ဖြူလျော်နွမ်းဟိုက်နေ၏။

မောဟိုက်တုန်ယင်စွာလည်း ပြော၏။

" ဦး မှားသွားတယ် မောင်နှင်းငွေ၊ ဦး တောင်းပန်တယ်၊ မောင်ရင့်ကို ဦး အရှုံးပေးပြီ "

နှင်းငွေကလည်း ပြန်ထိုင်၏။

" ကျွန်တော်လည်း မှားသွားပါတယ် ဦး၊ ကျွန်တော်လည်း တောင်းပန်ပါတယ် "

ဦးမြတ်မင်းက လက်ကာပြသည်။ ထို့နောက် အရက်ပုလင်းကို တုန်ယင်စွာ လှမ်းယူမည် ပြင်၏။

နှင်းငွေက အရက်ပုလင်းကို အရင်ယူပြီး အဘိုးကြီး၏ ဖန်ခွက်တွင်း ငှဲ့ပေး၏။

" သိုင်းခရူ မောင်နှင်းငွေ၊ သိုင်းခရူ "

ဦးမြတ်မင်းသည် ရေမရောသော အရက်ကို မရှုံ့မမဲ့ဘဲ ခုံမင်စွာ တစ်ကျိုက် မော့ချလိုက်၏။

" ကိုင်း . . . မောင်နှင်းငွေ၊ ဦးကို ဘာဆက်ပြောချင်သေးသလဲ "

" ပြောတော့ ပြောချင်တယ် ဦးရယ်၊ ဒါပေမယ့် အခု ကျွန်တော် မပြောရက်တော့ဘူး "

" ပြောပါ ပြောပါ၊ အင်း . . . တစ်ကြိမ်က ဦးလဲ ဒီလိုပဲ ဖွင့်ပြောခဲ့တာပဲ "

" ခင်ဗျာ "

" ပြောပါ ဦး နားထောင်နေတယ် "

" ဦး ခွင့်ပြုရင် ကျွန်တော် ပြောပါ့မယ်၊ ကျွန်တော့်အတွက် ဦး ဒီလောက် စိတ်ဒုက္ခရောက်သွားတာ ကျွန်တော် မမြင်ရက်ပါဘူး၊ နုနုငယ်ကို မေ့တန်ရင် ကျွန်တော် မေ့ပစ်လိုက်ပါ့မယ်၊ တစ်ခုပဲ ဖြေပါ ဦးရယ်၊ ကျွန်တော်က ဘာလို့ နုနုငယ်ကို မေ့ပစ်ရမှာလဲ၊ လုံလောက်တဲ့ အဖြေကိုသာ ပေးပါ ဦး၊ ဦးကို ဖခင်ပမာ ရှိခိုးပြီး ကျွန်တော် တောင်းပန်ပါတယ်"

ဦးမြတ်မင်းက သူ့ကို ပြန်ကြည့်သည်။ မျက်လုံးများမှာ မစူးရှသော်လည်း အရောင်လဲ့နေသည်။

ဦးမြတ်မင်းသည် နေရာမှ ထ၏။ အိတ်တွင်းမှ သော့တွဲတစ်ခုကိုလည်း ထုတ်ယူလိုက်၏။

" လာ လိုက်ခဲ့ လူကလေး "

နှင်းငွေသည် ဦးမြတ်မင်းနောက် လိုက်ခဲ့၏။

အခန်းကြီး၏ တစ်ဖက်နံရံ၌ တံခါးမကြီး တစ်ချပ်ရှိသည်။

ဦးမြတ်မင်းက လက်ပြထားသောကြောင့် နှင်းငွေသည် မလှမ်းမကမ်း၌ ရပ်နေရ၏။

ဦးမြတ်မင်းသည် တံခါးမကြီးကို သော့လှည့်ဖွင့်လိုက်၏။ အခန်းတွင်းသို့ လှမ်းကြည့်ပြီးမှ နှင်းငွေကို ခေါ်သည်။

www.myanmarcupid.net

နှင်းငွေ အနီးရောက်သွားသောအခါ ဦးမြတ်မင်းက ဆို၏။
“ ကဲ . . . ကြည့်၊ အဲဒါဟာ ဦးရဲ့ အဖြေပဲ ”

❑

## အခန်း ( ၂၇ )

## ချစ်တာပဓာန

ဒုတိယအခန်းတွင်း၌ မီးအိမ်ငယ်တစ်ခုသာ ရှိသောကြောင့် အလင်းရောင်က အားနည်းသည်။ ပိုလင်းရာအခန်းမှ လာခဲ့သောကြောင့် ရုတ်တရက်သော် နှင်းငွေသည် ဘာမျှ သဲသဲကွဲကွဲ မမြင်။

နားတွင်း၌မူ အသံတစ်ခုကို အရင်ကြားရ၏။ ညည်းညည်းညူညူ တေးဆိုသံပင်တည်း။

မျက်လုံးများက သဲကွဲလာသောအခါ မြင်ရသည်ကို နှင်းငွေ မယုံမိ။

သံတိုင်များ ကာထားသည့် အချုပ်ခန်းကဲ့သို့သော အခန်းငယ်တစ်ခန်းကို တွေ့ရ၏။

ညည်းညူတေးဆိုသံသည် အချုပ်ခန်းတွင်းမှ လာသည်။

အသံသည် တိုး၏။ သို့ရာတွင် စကားလုံးများက ပီသသည်။ ညည်းညူနေပုံမှာ စိတ်ပါလက်ပါရှိလျက် လွမ်းဖွယ်လည်း ရှိ၏။

“ ငါ့ကိုလွယ် အမယ်ကြီးနှင့် ဘကြီးဖျက်လို့၊ အိမ်လေးထောင့်မှာ ဆူးတွေချလျက်၊ ဖျက်နဲငယ်မှစေ့စုံ၊ လေ့ကားခုံမှာ ဂဠုန်မောင့်ကြောင့် စောင့်တော့တယ် ”

အချုပ်ခန်းတွင်းမှ သဏ္ဌာန်ကိုလည်း နှင်းငွေ မြင်ရပြီ။

ဘေးတိုက်ပေးလျက် ထိုင်နေသော မိန်းမတစ်ဦး၏ သဏ္ဌာန်ဖြစ်၏။

ဖားလျားချထားသော ဆံပင်တို့က တစ်ကိုယ်လုံးကို ဖုံးနေ၏။ ဆံပင်တို့ ဖုံးနေသည်မှာ တော်တော့သည်။ အကြောင်းမှာ ထိုမိန်းမ၏ ကိုယ်အောက်ပိုင်း၌ အဝတ်မပါ၊ ဗလာနတ္ထိ။

ထိုမိန်းမသည် တေးကိုညည်းရင်း လက်နှစ်ဖက်ကို နတ်ဝင်သည်သို့ မြှောက်ကာ စိတ်ဝင်စားစွာ ကနေ၏။

နှင်းငွေနှင့် ဦးမြတ်မင်းသည် အခန်းတွင်းသို့ ဝင်လိုက်ကြ၏။

သူတို့ ခြေသံကြောင့်လော မသိ၊ တေးသံ ပျောက်သွား၏။ လှုပ်ရှားမှုလည်း ရပ်သွားသည်။

ဆံပင်ဖုံးသော မျက်နှာသည် သူတို့ဘက်သို့ လှည့်လာ၏။

နှင်းငွေသည် လွှတ်ကနဲ ယောင်အော်မိမတတ် ဖြစ်သွားသည်။

မျက်နှာသည် ကျောက်ရုပ်သို့ သေနေ၏။ မျက်လုံးများကမူ ပြူးကျယ်စူးရှနေ၏။ ပါးစပ်ဟထားသောကြောင့် ဝါ၍ ရှည်ကျဲသော သွားများကို မြင်ရ၏။

ဦးမြတ်မင်းသည် အချုပ်ခန်း သံတိုင်းအနီး ကပ်သွားပြီး အသံပြု၏။

“ မသောင်းနု ကိုယ်ရယ်လေ၊ မြတ်မင်းရယ် ”

မသောင်းနုဟု အခေါ်ခံရသော အချုပ်ခန်းတွင်းမှ မိန်းမကမူ တုန့်ပြန်ခြင်းမရှိဘဲ ငြိမ်နေ၏။

ဦးမြတ်မင်းကသာ ဆက်ပြော၏။

“ မသောင်းနု ထမင်းဆာနေပြီလား၊ တော်တော်ကြာ ဥမ္မာ့ကို ကိုယ်လွှတ်လိုက်မယ် ”

အချုပ်ခန်းတွင်းမှ မသောင်းနုသည် ဘာမျှမဖြေ။ မျက်နှာကို မော့ပြီး မျက်နှာကျက်ကို ကြည့်သည်။ ထို့နောက် ကျောခိုင်းလိုက်ပြီး သူ့အလုပ်ကိုသူ ဆက်လုပ်၏။

“ ငါ့ကိုလွယ်၊ အမယ်ကြီးနှင့် ဘကြီးဖျက်လို့ ”

မသောင်းနုသည် ဘေး၌ လူတွေရှိသည်ကို အမှတ်ပြုဟန်မတူ၊ သူတေးကို သူဆိုကာ သူ့အကနှင့်သူ ဆက်ကြည်နူးနေ၏။

ဦးမြတ်မင်းက အခန်းတွင်းမှ ထွက်သောကြောင့် နှင်းငွေလည်း လိုက်ထွက်၏။

ဦးမြတ်မင်းသာ တံခါးကို သော့ပိတ်ပြီးမှ နှင်းငွေသည် လှုပ်ရှားလာ၍ မေး၏။

“ အဲဒါ ဘယ်သူလဲ ဦး ”

www.myanmarcupid.net

ဦးမြတ်မင်းက သက်ပြင်းရှိုက်ပြီး ဖြေ၏။

" အဲဒါ မသောင်းနု၊ ဦးရဲ့ ဇနီး၊ နုနုငယ်ရဲ့ အမေ "

နှင်းငွေ၏ နှလုံးမှာ ရပ်သွားသည်ဟု ထင်ရသည်။ ဘာစကားမျှ ပြန်မပြောမိဘဲ ဦးမြတ်မင်းအား ကြောင်လျက် ငေးကြည့်နေမိသည်။ သူ့နားထဲတွင်မူ ဦးမြတ်မင်း၏ စကားသည် ပဲ့တင်ထပ်နေ၏။

" အဲဒါ မသောင်းနု၊ ဦးရဲ့ ဇနီး၊ နုနုငယ်ရဲ့ အမေ "

နုနုငယ်ရဲ့ အမေ၊ နုနုငယ်ရဲ့ အမေ။

ဦးမြတ်မင်းက စားပွဲကြီး၌ ပြန်ထိုင်၏။ နှင်းငွေကလည်း သူ့ကုလားထိုင်၌ ပြန်ထိုင်သည်။

ဦးမြတ်မင်းက ဖန်ခွက်တွင်းသို့ အရက်ငှဲ့ထည့်သည်။ အခန်းတွင်းမှာ တိတ်ဆိတ်လွန်းသောကြောင့် အရက်ကျသံသည် ကျယ်လောင်စွာ ပေါ်ထွက်လာ၏။

" မောင်နှင်းငွေ ထိတ်လန့်တုန်လှုပ်သွားသလား "

နှင်းငွေက ခေါင်းညိတ်ပြသည်။

" ဦးဆိုလိုတာကိုကော နားလည်ပြီလား "

ဤမေးခွန်းကိုမူ နှင်းငွေသည် အဖြေမပေးဘဲ ငြိမ်နေ၏။

" ကောင်းပြီ ဦး ပြောပြမယ်၊ ပုံလေးတစ်ပုံလို နားထောင် "

ဦးမြတ်မင်းသည် အရက်ကို ကျိုက်လိုက်ပြီး အတိတ်ကာလကို စဉ်းစားသည့်အလား မျက်လုံးကို မျက်နှာကျက်ဆီ လှန်လျက် တစ်လုံးချင်း စ,ပြော၏။

" လွန်ခဲ့တဲ့ အနှစ်အစိတ်ကျော်ကျော်ကပေါ့ကွယ်၊ သဲတောဇာတိသား ရန်ကုန်ကောလိပ်ကျောင်းသား မောင်မြတ်မင်း ဆိုတာဟာ ဟောဒီ ရွာမွန်သာကို လာလည်ခဲ့တယ်၊ အုပ်လုံးသိမ်းစ အင်မတန်လှတဲ့ မသောင်းနုဆိုတဲ့ ကလေးမလေးတစ်ဦးနဲ့ တွေ့ပြီး ရည်ငံမိကြတယ်၊ မသောင်းနုရဲ့ အဖေဟာ သိတဲ့အချိန်မှာ အစွမ်းကုန် ဖျက်ခဲ့တယ်၊ ဘာဖြစ်လို့လဲ သိလား "

" ဂုဏ်ရည်မတူလို့လား ဦးရယ် "

ဦးမြတ်မင်းက ခေါင်းခါပြ၏။

" ဂုဏ်ရည်တူကြပါတယ်၊ ပြီးတော့ မောင်မြတ်မင်းဟာ အဲဒီအချိန်က အလွန်ရှားပါးတဲ့ မြို့အုပ်လောင်းလို့ ခေါ်တဲ့ ကောလိပ်ကျောင်းသားပါ "

" ဒါဖြင့် ဘာဖြစ်လို့ သဘောမတူရတာလဲ ဦး "

" အဲဒါကို မောင်ရင် သိစေချင်တယ်၊ မသောင်းနုတို့ အမျိုးဟာ သက်ဆိုးမရှည်ကြဘူး၊ ရိုးရိုးမရှည်တာ မဟုတ်ဘူး၊ အင်း . . . ရူးရူးပြီး သေသွားကြရတယ်၊ မသောင်းနုတို့ရဲ့ အိမ်ကြီးကို ကျိန်စာသင့်နေတဲ့အိမ်ကြီးလို့ လူတွေက သမုတ်ပြီး ရှောင်ကွင်းကြတယ်၊ ငမိုက်သား မြတ်မင်းကသာ ဒီအိမ်ထဲ ဇွတ်ဝင်လာခဲ့တယ် "

ဦးမြတ်မင်းသည် အရက်ကို မော့ပြန်၏။

" ဆက်ပါဦး . . . ဦး "

" ဆက်ပါ့မယ်၊ တိုတိုပါပဲကွယ်၊ ဦးတို့ခေတ်တုန်းက သီချင်းတစ်ပုဒ် ရှိတယ်၊ တူနှစ်ကိုယ် တဲအိုပျက်မှာ နေရ၊ ရွှေဘုံပေါ်မှာ စံရ၊ ချစ်တာချစ်တာ ပဓာနတဲ့၊ အင်း . . . ဒီလိုပဲ ချစ်တာကို ပဓာနထားပြီး တားမြစ်ချက်တွေ ကြားထဲက မြတ်မင်းဟာ မသောင်းနုကို ပေါင်းသင်းခဲ့တယ်၊ ခက်ရာခက်ဆစ် ခိုးယူပြီး ပေါင်းသင်းခဲ့တယ်၊ ဒါပေမယ့် နုနုငယ်ဆိုတဲ့ သမီးလေးမွေးပြီး ငါးနှစ်လောက်အကြာမှာ . . . "

ဦးမြတ်မင်း၏ အသံမှာ ဆို့ဝင်သွားပြီး စကားမဆက်နိုင်တော့၊ ဆက်ရန်လည်း မလိုပါ။

ဦးမြတ်မင်းနှင့်အတူ လိုက်ငိုင်နေမိရာမှ နှင်းငွေသည် ရုတ်တရက် မေး၏။

" ဦးရဲ့ ဇနီးကို ဆေးကုလို့ မရဘူးလား "

ဦးမြတ်မင်းက ခေါင်းခါပြ၏။

" ဦးလဲ ဘီအေ နောက်ဆုံးနှစ်အထိ နေခဲ့ဖူးတဲ့ ခေတ်ပညာတတ်တစ်ဦးပါ၊ ကုလို့ရတဲ့ စိတ်ရောဂါတွေ အများကြီး ရှိပါတယ်၊ အင်း . . . စိတ်ကျန်းမာရေးဆေးရုံကိုသာ အချိန်မီရောက်ရင်ပေါ့လေ၊ ဒါပေမယ့် ဦးဇနီးနဲ့ ဆွေစဉ်မျိုးဆက်ရဲ့ ရောဂါက စိတ်ကစဉ့်ကလျားရောဂါ (**Schizophrenia**)လို့ခေါ်တဲ့ စိတ်ရောဂါ၊ ကမ္ဘာမှာ ဒီရောဂါရှင်တစ်ရာမှာ လွန်စွကျွံစွ ဆယ်ယောက်လောက်ပဲ ပျောက်ကင်းတယ်လို့ ဆိုကြတယ်၊ ပျောက်ကင်းတယ် ဆိုတာတောင်မှ ရှင်းရှင်းကြီး ပျောက်တာ မဟုတ်ဘူး၊ သက်သာရုံ သက်သာကြတာ "

" ဘာကြောင့် ဒီရောဂါဖြစ်တာလဲ "

www.myanmarcupid.net

" အခုအထိ ဒီရောဂါဟာ ဘာကြောင့်ဖြစ်တယ်လို့ ဘယ်သူမှ မပြောနိုင်ကြသေးဘူး၊ မပြောနိုင်ကြသေးလို့ပဲ ဆေးမတွေ့ကြသေးတာပဲ၊ တစ်ခုတော့ သေချာတယ်၊ ဒီရောဂါဟာ သားစဉ်မြေးဆက်လိုက်တတ်တယ် မောင်နှင်းငွေ၊ သားစဉ်မြေးဆက်လိုက်တတ်တယ် "

နှင်းငွေသည် အထူးတုန်လှုပ်သွား၏။

" ဦးဆိုလိုတာက နုနုငယ် . . . နုနုငယ် "

နှင်းငွေသည် သူမေးလိုရာကို ဆုံးအောင် မမေးရဲ၊ သူ့ပါးစပ်က မထွက်ရဲ။

" မမေးပါနဲ့ မောင်နှင်းငွေ၊ ဦးလဲ မဖြေပါရစေနဲ့၊ ဦး ကြောက်လန့်တာတွေလဲ ဆက်ဖြစ်မလာပါစေနဲ့၊ ဦးကတော့ ဆုသာ တောင်းနေရတဲ့ ဘဝပါ၊ မောင်နှင်းငွေကတော့ ရှောင်ရှားနိုင်တဲ့ အခြေမှာ ရှိပါသေးတယ်၊ ဦးစကားကို နားထောင်ပါ မောင်နှင်းငွေ၊ ဒီရွာက အမြန်ဆုံး ပြန်သွားပါ၊ နုနုငယ်ကို မေ့ပစ်လိုက်ပါ၊ အမြန်ဆုံး မေ့ပစ်လိုက်ပါ "

" ကျွန်တော့်ကို ဘာလို့ ဒီလို တိုက်တွန်းရတာလဲ ဦး "

" ဘာလို့ တိုက်တွန်းရသလဲ ဟုတ်လား၊ မောင်နှင်းငွေ အခုအထိ နားမလည်သေးပါလား၊ နားထောင် "

ဦးမြတ်မင်းသည် အရက်ကို မော့မည်ပြုပြီးမှ မမော့ဘဲ ခွက်ကို ပြန်ချ၏။ အရက်ခွက်ကို စိုက်ကြည့်ပြီး ရယ်သည်။ ဦးမြတ်မင်း ရယ်နေဟန်ကား ငိုနေသည့်နှင့် ပိုတူသည်။

နှင်းငွေသည် ဦးမြတ်မင်းကို စိုက်ကြည့်မိသည်။

တစ်ချိန်တုန်းက ဤလူကြီးကို သူသည် ကြောက်စရာ၊ မုန်းစရာ၊ ရွံစရာ ယစ်ထုပ်ကြီးဟု မြင်ခဲ့သည်။ ယခု သူ့ရှေ့မှ လူကြီးကား ယစ်ထုပ်ကြီးပင် ဖြစ်၏။ သို့ရာတွင် သနားဖွယ် ယစ်ထုပ်ကြီး ဖြစ်နေ၏။

ဦးမြတ်မင်း၏ ဆံပင်တို့မှာ အဖြူနှင့် အနက်ရောနေသည်။ အနက်ထက် အဖြူက များနေ၏။ အိုမင်းသော မျက်နှာ၌ ပါးရေတွန့်တို့ ထင်ရှားစွာ ပေါ်နေသည်။

ဦးမြတ်မင်းသည် အရက်ခွက်ကို စိုက်ကြည့်ရင်း သူ့ကိုယ်သူပြောဟန် ဆို၏။

" ဟောဒီ အရက်ဆိုတာ တစ်ချိန်က မစင်အညစ်အကြေးလို မြတ်မင်း ရွံရှာမုန်းတီးခဲ့တယ်၊ အခုတော့ မြတ်မင်း ရွံရှာမုန်းတီးတဲ့ အရက်ဟာ မြတ်မင်းရဲ့ တစ်ဦးတည်းသော မိတ်ဆွေ၊ တစ်ဦးတည်းသော အဖော်ဖြစ်နေရပြီ၊ ဘဝဆိုတာဟာ ဘာလဲ၊ အမှန်အတိုင်း ဝန်ခံရရင် ပျော်ရွှင်ချင်တာပဲ၊ ချစ်သူနဲ့ ပျော်ရွှင်ချင်တယ်၊ ချစ်ဇနီးနဲ့ ပျော်ရွှင်ချင်တယ်၊ ဇနီးမယား သမီးသားတွေနဲ့ ဘုရားသွားအတူ ကျောင်းသွားအတူတူ၊ လူ့ဘောင်မှာ တင့်တင့်တယ်တယ် ပျော်ရွှင်ချင်တယ်၊ အဲဒါတွေဟာ မျှော်လင့်ခြင်းတွေ၊ မျှော်လင့်ခြင်းတွေ ပျက်ကုန်တဲ့ ဘဝမှာ ဘာလုပ်ရမလဲ၊ သေကွဲကွဲရရင်တော့ အနိစ္စသဘောကို ဆင်ခြင်ပြီး ဖြေလို့ရမလား မသိဘူး၊ အခုတော့ သေကွဲ မဟုတ်ဘူး၊ ရှင်ကွဲလည်း မဟုတ်ဘူး၊ ရှင်လျက် မကွဲဘဲနဲ့ မပေါင်းနိုင်လို့လဲ ဒုက္ခသည်ကို ဘယ်လို စွန့်ပစ်ရမလဲ၊ ချစ်တာဟာ ပဓာနတဲ့ မောင်နှင်းငွေ၊ ဟဲ ဟဲ . . . ပဓာနတဲ့၊ အစတုန်းကတော့ ချစ်တာ ပဓာန ဆိုတဲ့စကားကို ပျော်ဖို့အတွက်ပဲ နားလည်ထားတယ်၊ အခုတော့ စိတ်ဆင်းရဲခြင်းကို တင်းခံနိုင်အောင် ချစ်တာ ပဓာနလို့ပဲ ရွတ်နေရပြန်တယ် လူကလေး မောင်နှင်းငွေ၊ ရွတ်နေရပြန်တယ် "

ဦးမြတ်မင်းသည် ဆက်ရယ်၏။ ရယ်ရင်းက သူ့အသံသည် တိမ်ဝင်သွား၏။ ထို့နောက် မျက်ရည်ပေါက်ကြီးများ သီးနေသော မျက်လုံးများနှင့် နှင်းငွေကို လှည့်ကြည့်သည်။

" ဦးကို ကြည့်စမ်း မောင်နှင်းငွေ၊ ဦးအသက် ဘယ်လောက်ရှိပြီလဲ၊ မဖြေပါနဲ့လေ၊ ခြောက်ဆယ်လို့ ထင်တယ် မဟုတ်လား၊ အမှန်က ဦးအသက်ဟာ လေးဆယ့်ငါးနှစ်ပဲ ရှိသေးတယ်၊ ဦးကို သခင်ကြီးလို့ ခေါ်နေတဲ့ ကံရာဇာနဲ့ သူ့မယား ဥမ္မာထက် ဦး နှစ်နှစ်ထဲပဲ ကြီးပါတယ် "

ဦးမြတ်မင်းသည် အရက်ဖန်ခွက် ပြောင်သွားအောင် မော့ချလိုက်၏။ ထို့နောက် အရက်ထပ်ငှဲ့ပြီး မော့ပြန်၏။

သူ့မျက်နှာကြီးသည် ရဲလာ၏။ ပြန်လည်တည်ငြိမ်ရုံမက အနည်းငယ်ပင် ခက်ထရော်လာ၏။

" ဦး စကားကုန်ပြောပြီးပြီ၊ ပူမှန်းမသိတဲ့ မီးထဲ လက်နှိုက်ဆော့ကစားမယ့် ကလေးတစ်ယောက်ကို ဦး လုံးဝ ခွင့်မပြုနိုင်ဘူး၊ ပြီးတော့ ဒီကျိန်စာသင့်တဲ့ မိသားစု ဇာတ်လမ်းဟာ ရပ်တန်းက ရပ်ရမယ်၊ နောက်ထပ် မြတ်မင်းနဲ့ မသောင်းနု ထပ်မပေါ်စေရဘူး၊ နောက်ထပ် နုနုငယ်တစ်ယောက်လဲ ထပ်မမွေးရဘူး၊ နားလည်ပြီလား လူကလေး၊ ဦးကို နားလည်ပြီလို့ ဖြေလိုက်စမ်းပါ၊ ကျေးဇူးပြုပြီး ဖြေလိုက်စမ်းပါ "

နောက်ဆုံးဝါကျကိုမူ ဦးမြတ်မင်းသည် အံကြိတ်ရင်း ပြောသည်။

နှင်းငွေက မဖြေ၊ သက်ပြင်းကို အောင့်ပြီး စဉ်းစားသည်။

သူ့ရင်မှာ ဆို့နေ၏။ သူ့နှလုံးမှာ နာကျင်နေ၏။ သူ့ဦးနှောက်မှာ ရှုပ်နေ၏။ အတန်ကြာကြိုးစားပြီးမှ ပြောချင်သော စကားကို ပြောနိုင်သည်။

www.myanmarcupid.net

“ ဦးရဲ့ စေတနာကို ကျွန်တော် နားလည်ပါပြီ၊ ဦး တောင်းတဲ့ ကတိကဝတ်ကိုလဲ ကျွန်တော် ပေးပါတယ်၊ ကျွန်တော် ဒီရွာက မနက်ဖြန်ကို ထွက်သွားပါ့မယ်၊ နောက်ထပ်လဲ ကျွန်တော် တော်တော်နဲ့ ပြန်မလာပါဘူး၊ ဒါပေမယ့် တစ်နေ့မှာတော့ ပြန်လာခဲ့ပါရစေ၊ အဲဒီအခါမှာ နုနုငယ်နဲ့ မတွေ့ရတောင် ဦးနဲ့တော့ တွေ့ပါရစေ ”

“ မောင်နှင်းငွေက ဘယ်တော့ ပြန်လာချင်လို့လဲ ”

“ ကျွန်တော် ဆရာဝန်ဖြစ်တဲ့အခါမှာ ပြန်လာခဲ့ပါမယ် ”

“ အဲဒီအခါကျမှ ဘာလို့ ပြန်လာရဦးမှာလဲ လူကလေးရယ် ”

“ အဲဒီအခါကျလို့ ကျွန်တော် ပြန်မလာရင် ကျွန်တော်ဟာ နုနုငယ်ကို မေ့သွားပြီလို့ မှတ်လိုက်ပါ ဦး၊ တကယ်လို့ ပြန်လာသေးရင်တော့ . . . ”

နှင်းငွေသည် ဦးမြတ်မင်းကို အဓိပ္ပါယ် လေးနက်စွာနှင့် ကြည့်သည်။ ဦးမြတ်မင်းကလည်း သူ့ကို ပြန်စိုက်ကြည့်နေ၏။

ဦးမြတ်မင်းသည် ကြေကွဲစွာ ပြုံး၏။ ခေါင်းလည်း တဆတ်ဆတ် ညိတ်သည်။

“ တကယ်လို့ ပြန်လာသေးရင်တော့၊ အင်း . . . ဦး သဘောပေါက်ပြီ၊ တကယ်လို့ ပြန်လာသေးရင်တော့ . . . နေဦး၊ ဦးက မောင်ရင့်စကားကို ပြန်ဖြည့်ရမယ်၊ ဆရာဝန်ဖြစ်ပြီး တစ်နှစ်တိတိ ပြည့်တဲ့အခါမှာ ပြန်လာခဲ့ပါ ”

“ ဘာကြောင့် ဆရာဝန်ဖြစ်ပြီး တစ်နှစ်တိတိပြည့်မှပါလဲ ဦး ”

“ ဘာကြောင့်လဲ မမေးနဲ့လေ၊ ဆရာဝန်ဖြစ်တာက တစ်ကဏ္ဍ၊ ဆရာဝန်ဖြစ်ပြီး တစ်နှစ်ဆိုတာက တစ်ကဏ္ဍ၊ အဲဒီ တစ်နှစ်အတွင်းမှာ လွန်ခဲ့ပြီးတဲ့ ဆယ်နှစ်တုန်းကထက် စဉ်းစားစရာတွေကို မောင်နှင်းငွေ ကြုံရလိမ့်မယ်၊ အဲဒီ တစ်နှစ်ကျော်ရင်တော့ ပြန်လာခဲ့ပါ ”

နှင်းငွေသည် ခေတ္တစဉ်းစား၏။

ထို့နောက် သန္နိဋ္ဌာန်ချလျက် ကတိပေးသည်။

“ ကောင်းပါပြီ၊ ကျွန်တော် ကတိတည်ပါ့မယ်၊ ဦးကတိကိုလဲ ကျွန်တော် ယုံကြည်ပါတယ် ”

“ ယုံပါ မောင်နှင်းငွေ၊ တစ်ခုတော့ ရှိတယ်၊ ဒီအတောအတွင်း ပြန်မလာပါနဲ့၊ ပြန်လာလို့လဲ ဦးကိုရော နုနုငယ်ကိုပါ ဒီအိမ်ကြီးမှာ မောင်နှင်းငွေ မတွေ့နိုင်ပါဘူး ”

“ ဦး ဘာကို ဆိုလိုပါသလဲ ”

“ အလွယ်တကူ ပြောကြရအောင်၊ ဒီအိမ်ကြီးဟာ ကျိန်စာသင့်နေတဲ့ အိမ်ကြီးပဲ မောင်နှင်းငွေ၊ ကျိန်စာသင့်မှသာ ဒီအိမ်ဆီ ပြန်လာကြတယ်၊ မကြာမီ ဦးရော နုနုငယ်ရော ဒီအိမ်ကြီးက ထွက်သွားကြရလိမ့်မယ် ထင်တယ်၊ မသောင်းနု မပါတော့ဘဲ ထွက်သွားကြရလိမ့်မယ် ထင်တယ်၊ ဒီအိမ်ကြီးဆီ သမီးနဲ့ ဦးဟာ ပြန်မလာရပါစေနဲ့လို့ ဆုတောင်းတယ်၊ အင်းလေ ဘာပဲဖြစ်ဖြစ် ကတိပေးထားတဲ့အချိန်မှာ မောင်နှင်းငွေကို ဦး တွေ့ဖြစ်အောင် တွေ့ပါ့မယ်၊ ကဲ ပြန်ပေဦးတော့ ”

နှင်းငွေသည် နေရာမှ မထခင် နောက်ဆုံးတောင်းပန်ခြင်းကို ပြု၏။

“ ကျွန်တော့်ကတိကို ကျွန်တော် တည်ပါ့မယ် ဦး၊ ဒါပေမယ့် ဒီည ကျွန်တော် မပြန်ခင် နုနုငယ်နဲ့ စကားပြောပါရစေ၊ ခဏလေးဖြစ်ဖြစ်ပါ၊ ဦး ကျေနပ်သလောက် ခွင့်ပြုပါ ”

ဦးမြတ်မင်းသည် ခေတ္တ ငိုင်သွား၏။ အတန်ကြာမှ ခေါင်းညိတ်သည်။

“ ကောင်းပြီ၊ နှစ်မိနစ် ခွင့်ပြုတယ်၊ မောင်နှင်းငွေ ခြံထဲက ဆင်းစောင့်ပါ ”

ဦးမြတ်မင်းက ငွေမောင်းကို ထုလိုက်၏။

ဥမ္မာဟု ဦးမြတ်မင်း ခေါ်သော ဦးကံရာဇာ၏ ဇနီးသည် အခန်းတွင်းသို့ ဝင်လာ၏။

“ ဥမ္မာ သူ့ကို ရေတွင်းနားဆီ ခေါ်သွား၊ ကြားလား ”

ဒေါ်ဥမ္မာက ခေါင်းညိတ်ပြီး နှင်းငွေကို လှမ်းကြည့်၏။

နှင်းငွေသည် ဒေါ်ဥမ္မာ၏ နောက်သို့ လိုက်လာခဲ့၏။

ကောင်းကင်၌ လပြည့်ဝန်းသည် ပြည့်ပြည့်တင်းတင်း သာနေ၏။ မြူဝန်းလေသောကြောင့် အလွန်အမင်းကား မထိန်လွန်း၊ ရီဝေရီမှောင်ဟုလည်း မဆိုနိုင်။ နွေညသည် ပြာပြာလဲ့လဲ့ လင်းနေ၏။

ခြံလယ်ရှိ ရေတွင်းအနီးသို့ ရောက်သောအခါ ဒေါ်ဥမ္မာက လက်ပြသောကြောင်း နှင်းငွေ ရပ်လိုက်၏။

ဒေါ်ဥမ္မာ အိမ်ကြီး၏ အရိပ်ဆီ ခိုဝင်ပျောက်ကွယ်သွားသည်။ ရေတွင်းဘေး၌ နှင်းငွေ တစ်ယောက်တည်း ကျန်ရစ်ခဲ့၏။

အရှေ့ဘက်၌ ရှမ်းရိုးမကြီးသည် မည်းမည်းမှောင်မှောင် ဝပ်စင်းလျောင်းလဲနေ၏။ မှောင်မည်းသော ရှမ်းရိုးမထက် တောမီးတို့က တညီးညီး တရှိန်ရှိန် လောင်နေ၏။

www.myanmarcupid.net

ခပ်လှမ်းလှမ်းရှိ ခင်တန်းဆီမှ ဥသြမြည်သံကို ကြားရ၏။

နွေပါလေ . . . နွေကန္တာဦးမှာပါပဲရယ်လေ။

ဥသြသည် သတိပေးနေပါလေသလော။

ဆယ်ကိုက်ခန့်အကွာရှိ ကန္တာရပင်တို့က လေတွင် လှုပ်ရှားနေကြ၏။

ကန္တာရပင်တန်းကို ကျောပေးလျက် ဖြူဖွေးသော သဏ္ဍာန်လေးတစ်ခုသည် ဖြည်းညင်းစွာ လျှောက်လာနေ၏။

အရိပ်တို့ကို လွန်လေသောအခါ ဖြူဖွေးသော မျက်နှာလေးကို အရင်မြင်ရ၏။ ထို့နောက် ဖားလျားချထားသည့် နက်မှောင်သော ဆံပင်များ။

နုနုငယ် . . . ဩော် ကိုယ်ချစ်ရလေသည့် နုနုငယ်။

သူက လက်နှစ်ဖက်ကို ဆန့်တန်းရင်း နုနုငယ်ဆီ လျှောက်သွား၏။

နုနုငယ်ဆီမှ လက်ကမ်းမလာ၊ နေရာ၌သာ ရုတ်ချည်းရပ်သွား၏။

သူလည်း ရပ်သွား၏။ ဆန့်တန်းထားသော လက်များကို မရုပ်မိဘဲ ရပ်သွားမိ၏။

“ နုငယ် ကိုယ့်ကို နှုတ်မဆက်တော့ဘူးလား ”

နုနုငယ်ထံမှ အဖြေမရ။

သူက ရှေ့တိုးသွား၏။ နုနုငယ်က နောက်သို့ ဆုတ်၏။

သူက ရပ်လိုက်၏။ ချစ်လှသူကလေးကို ကြေကွဲစွာ ငေးကြည့်ရင်း ရပ်လိုက်၏။

“ နုငယ်ရယ်၊ နုငယ်နား ကိုယ်မလာစေချင်ရင် မလာပါဘူး၊ ဒါပေမယ့် ကိုယ့်ကို စကားတစ်လုံးလောက်တော့ ပြောပါဦး နုငယ်ရယ် ”

နုနုငယ်သည် ငြိမ်နေ၏။ ထို့နောက် ရှေ့သို့ တစ်လှမ်းတိုးလာ၏။ သူကလည်း ရှေ့တိုးသွားချင်၏။ သို့ရာတွင် နုနုငယ် နောက်ပြန်ဆုတ်သွားမည် စိုးသောကြောင့် ခြေမလှမ်းရဲ၊ ငြိမ်၍သာ နေရ၏။

တုန်ယင်လေသလော၊ မတုန်ယင်လေသလော သူ သတိမပြုမိ။ ရင်ဝယ် လှိုင်းခတ်စေသော အသံကလေးကိုသာ ကြားမိရသည်။

“ ကိုယ်ရေ . . . သွားတော့၊ နုငယ် နှုတ်မဆက်ဘူး၊ ပြန်လာ ကိုယ်၊ နုငယ် မျှော်နေပါ့မယ် ”

မျက်နှာလေးကို လက်ဝါးဖြင့်အုပ်ပြီး နုနုငယ်သည် ချာကနဲ လှည့်ကာ ကန္တာရပင်များဆီသို့ ထွက်ပြေး ပျောက်ကွယ်သွား၏။

သူက ငြိမ်နေသည်။ အသက်မရှူဘဲ ငြိမ်ရပ်နေသည်။ မျက်စိကို မှိတ်ထားပြီး ငြိမ်ရပ်နေသည်။

မျက်စိကို ဖွင့်လိုက်သောအခါ တစ်လောကလုံးသည် လျှပ်ပြက်သကဲ့သို့ လက်နေ၏။ လျှပ်တို့သည်သာ ပြက်နေ၏၊ တစ်လောကလုံးသည် ဘာမျှ မသဲကွဲ၊ မသဲကွဲ။

သူက ခြံတွင်းမှ လေးပင်စွာ ထွက်လာခဲ့သည်။

တံခါးကြီးကို မည်သူ ဖွင့်ပေးသနည်း။

ဦးကံရာဇာလော၊ ဒေါ်ဥမ္မာလော မသိ . . . မသိ။

ခြံပြင်ရောက်မှ သူ တစ်ခုကို သိသည်။

သူ့မျက်လုံး၌ မျက်ရည်တို့ ပြည့်နေ၏။

မျက်ရည်ပေါက်တို့က သူ့ပါးတွင် လိမ့်ဆင်းနေ၏။ နေလေ၏။

❑

ဘခက်တို့၏ တဲသို့ သူပြန်ရောက်ချိန်၌ တစ်တဲလုံး မှောင်နေသည်။

ဘခက် ပြန်ရောက်သေးဟန်မတူ။ ကြီးတော်မြလည်း ဘုန်းကြီးကျောင်း၌ အိပ်ပြီ ထင်သည်။

နှင်းငွေသည် မီးဖိုခန်းသို့ စမ်း၍ ဝင်ခဲ့သည်။ အမှတ်ထားမိသောကြောင့် မီးခြစ်ကို စမ်းမိ၏။ မီးခြစ်ခြစ်ပြီး ရေနံဆီမီးအိမ်ကို ငြှိသည်။

ရေနံဆီမီးအိမ်ကို သုံးလျက် နှင်းငွေသည် ပစ္စည်းများကို ထုပ်ပိုးသည်။

ပြန်တော့မည်။ ပြန်ရတော့မည်။

ထိုစဉ် အိမ်ရှေ့မှ ခြေသံကြားရ၏။

လှည့်ကြည့်လိုက်သော နှင်းငွေသည် ဝင်လာသော ဘခက်ကို မြင်ရ၏။

www.myanmarcupid.net

“ ဟော့ကောင် နှင်းငွေ မင်း ဘာလုပ်နေတာလဲ ”

“ သြော် . . . ဘခက် မင်း ပြန်လာပြီကိုး၊ အေး . . . ငါ နက်ဖြန် ပြန်မလို့ သိမ်းဆည်းနေတယ် ”

“ မင်း တကယ်ပြောတာလား ”

“ တကယ်ပြောတာ ”

“ ဟေ . . . ဒီလိုဆိုရင် ဝမ်းသာစရာကြီးပဲ၊ နှင်းငွေ ငါလဲ မင်းနဲ့ အတူ ရန်ကုန်လိုက်ခဲ့မယ် ”

“ ဘာပြောတယ် ဘခက် ”

“ ပြီးတော့မှ ပြောမယ်ကွာ၊ ငါလဲ ထုပ်ပိုး ပြင်ဆင်လိုက်ဦးမယ် ”

ဘခက်သည်လည်း သူ့ပစ္စည်းများကိုသူ သိမ်းယူစုဆောင်း ထုပ်ပိုးလျက် အလုပ်များနေ၏။

ကိုယ့်အလုပ်ကိုယ် ပြီးစီးကြမှ သူငယ်ချင်းနှစ်ဦးသည် တဲရှေ့ ကွပ်ပျစ်၌ ထိုင်မိကြ၏။

“ ဘခက် မင်းက ရန်ကုန်ကို ဘာဖြစ်လို့ လိုက်မှာလဲ ”

“ ရွာမွန်သာကို စွန့်ချင်လို့ပေါ့ကွာ၊ အင်းလေ . . . ခဏ ခွာတယ် ပြောရအောင် ”

“ မင်းက ရွာမွန်သာကို ဘာလို့ ခွာမှာလဲ ”

“ မနေ့ညက ကျည်ဆန်တွေကို မေ့သွားမလား နှင်းငွေ၊ ငါ ဒီမှာ ဘယ်လိုလုပ် ဆက်နေနိုင်ပါ့မလဲ၊ သူတို့က ငါ့ကို ရွေးခိုင်းတယ်၊ ငါ ဒီမှာ ဆက်နေမလား၊ ဒါမှမဟုတ် မင်း မှတ်မိသေးလား၊ မင်းရယ် ငါရယ် အမေရယ် ညွန့်မေရယ် တို့ အကာအကွယ်ပေးလိုက်ရတဲ့ လူတစ်ယောက်ဟာလေ ”

“ အေး . . . ငါ မှတ်မိတယ် ”

“ အဲ . . . အဲဒီလူလို တောထဲသွားမလား၊ ခက်တာက တော ငါမသွားနိုင်ဘူး၊ တောထဲမှာ ဘာတွေဖြစ်နေတယ် ဆိုတာ ငါ အသိဆုံးပဲ၊ ဒါပေမယ့် ရွာမှာလဲ ငါ ဆက်နေခွင့် မရှိတော့ဘူး၊ ငါ သွားစရာဟာ တစ်နေရာပဲ ရှိတော့တယ် နှင်းငွေ၊ ဒီနေရာကို သွားဖို့ကလဲ မလွယ်ဘူး၊ ဒါကြောင့် ငါ တစ်စုံတစ်ယောက်နဲ့ သွားတိုင်ပင်တယ်၊ သူ့ဆီ ငါရောက်တော့ သူက ငါ့တဲ လာနေတယ်၊ ညနေစောင်းမှပဲ သူနဲ့ ငါနဲ့ တွေ့ရတယ်၊ အခု သူ့ဆီက အကူအညီရပြီ၊ ငါ ရန်ကုန်ကို သွားတော့မယ် ”

“ မင်း ရန်ကုန်ကို သွားတော့ မင်းအမေ ဘယ်သူနဲ့ နေခဲ့မလဲ ”

ဘခက်သည် ခေတ္တ ခေါင်းငိုက်ကျသွား၏။ ပြီးမှ လေးလေးဆိုသည်။

“ ဘယ်သားဟာ ဘယ်အမေနဲ့ ခွာသွားချင်ပါ့မလဲ၊ ဘယ်အမေကလဲ ဘယ်သားနဲ့ ခွဲခွာချင်ပါ့မလဲ၊ ဒါပေမယ့် ဟောဒီ ခေတ်ဆိုးကြီးမှာတော့ ခွဲခွာကြရတယ် သူငယ်ချင်း၊ တို့တောရွာတွေမှာ ခွဲခွာနေကြရတယ်၊ ငါလဲ ခွဲခွာရတော့မယ်၊ အခုလို ခွဲကြရတာကမှ မျှော်လင့်ချက်ရှိတဲ့ ရှင်ကွဲ၊ အမေနဲ့ ငါတွေ့ပြီးပြီ၊ အမေကလဲ ခွင့်ပြုလိုက်ပြီ ”

“ မင်းအမေက ခွင့်ပြုလိုက်ပြီ၊ မင်းအမေ ဘယ်သူနဲ့ နေမှာတုန်း ”

“ အမေ့အတွက် ရွာမှာ နေစရာတွေ ရှိပါတယ်၊ ညွန့်မေနဲ့ သူ့ဒေါ်လေးက အမေ့တာဝန်ကို ယူလိုက်ကြပြီ၊ ငါ့ဆိတ်တွေကိုတော့ ကိုဖိုးထီနဲ့ သာနုတို့ ကြည့်လုပ်ပေးကြမယ်၊ ကဲကွာ အမေးအမြန်းမထူနဲ့၊ လာ သွားအိပ်ကြရအောင်၊ တို့ စောစောထကြရဦးမယ် ”

ဘခက်သည် တဲတွင်းသို့ ဝင်သွား၏။ နှင်းငွေက လိုက်ခဲ့၏။

“ ဟော့ကောင် ဘခက်၊ ဒီလိုတော့ မတင်မကျ မလုပ်နဲ့ကွာ၊ မင်း ရန်ကုန်ကို ဘာလိုက်လုပ်မလို့တုန်း ”

“ သြော် . . . မြို့ပိုင်သား၊ အဲလေ ခရိုင်ဝန်သားက တယ်အမေးအမြန်းထူသကိုး၊ ကဲ ရော့ ရော့၊ ဒီမှာကြည့် ”

ဘခက်သည် အိတ်တွင်းမှ စာတစ်စောင်ကို နှိုက်၍ လှမ်းပေးသည်။

စာသည် ထောက်ခံစာတစ်စောင် ဖြစ်၏။ ဝတ်ကျေဝတ်ကုန် ရေးထားသော သာမန်ထောက်ခံစာ မဟုတ်။ အသေးစိတ် ပြည့်စုံသည်။ ရဲဝံ့ပြတ်သားသည်။ အာမခံမှု ခိုင်မာသည်။ အာမခံစာအဆုံးမှ လက်မှတ်ကား . . .

**ထွန်းသောင်**

**ရဲမှူး၊ သာစည်**

**( ယခင် တပ်ကြပ်ရဲမောင်၊**

**တပ်ရင်း ၈၆၊ တိုင်း ၂၊**

**ကျော်ခေါင်ဗလ တပ်ဖွဲ့)**

❑

www.myanmarcupid.net

အပိုင်း ( ၄ )

**နေ့ကန္တာဦး**

www.myanmarcupid.net

## အခန်း ( ၂၈ )

## သစ္စာ

ရန်ကုန်တက္ကသိုလ် ဆေးပညာ မဟာဌာန လက်တွေ့ခွဲစိတ်ခန်း တစ်ခုတွင်းမှ ကျောင်းသားကျောင်းသူများ ထွက်လာကြသည်။

နည်းပြဆရာ ဒေါက်တာလူရွယ်တစ်ဦးသည် ကြွေရေကန်၌ လက်များကို စင်ကြယ်အောင် ဆေးကြောသုတ်သင်ပြီး အခန်းတွင်းမှ နောက်ဆုံးထွက်လာခဲ့၏။

ဒေါက်တာ၏ အရပ်မှာ အတန်ရှည်သွယ်၏။ ကိုယ်လုံးက မဖွံ့ဖြိုး၊ ပိန်ပိန်ကိုင်းကိုင်း ဖြစ်၏။ အသားမှာ ဖြူပြီး မျက်ခုံး မျက်လုံး ကောင်းသည်။ ဂျူတီကုတ်ဖြူ အရှည်သည် သူ့အရပ်အမောင်း၊ သူ့အသားအရေတို့နှင့် လိုက်ဖက် ကြည့်ကောင်း၏။

ဒေါက်တာသည် စင်္ကြန်အတိုင်း လျှောက်လာခဲ့ပြီး ခွဲစိတ်ကုသရေးပညာဆိုင်ရာ ပါမောက္ခရုံးခန်းရှေ့၌ ရပ်လျက် ဆင်နားရွက်တံခါးကို အသာအယာ ခေါက်လိုက်၏။ အတွင်းမှ အသံပေါ်လာ၏။

" ယက်စ်၊ ကမ်းအင် "

လူရွယ်ဒေါက်တာသည် အခန်းတွင်းသို့ ဝင်လိုက်ပြီး ပါမောက္ခ၏ စားပွဲရှေ့၌ ရပ်လိုက်၏။

မေးရိုးခိုင်ခိုင်၊ ပါးသိုင်းမွေးစိမ်းစိမ်းနှင့် ထိပ်ပြောင်စ ပါမောက္ခက မော့ကြည့်၏။

" ဟာ . . . ဒေါက်တာနှင်းငွေ၊ လာ . . . လာ . . . ထိုင်ထိုင် "

ဒေါက်တာနှင်းငွေသည် စားပွဲရှေ့ရှိ ကုလားထိုင်တွင် ဝင်ထိုင်လိုက်ပြီး ပြော၏။

" ဆရာက ခေါ်ခိုင်းလိုက်တယ်ဆိုလို့ လာတာပါ၊ အကြောင်းထူးရှိပါသလား ဆရာ "

" ဟာ . . . ရှိတာပေါ့၊ နေဦး နေဦး "

ပါမောက္ခသည် စားပွဲပေါ်မှ စာရွက်တစ်ရွက်ကို ရှာပြီး ပြ၏။

" သတင်းကောင်းပဲ၊ လန်ဒန်ဆေးတက္ကသိုလ်မှာ ဒေါက်တာ တက်ခွင့်ရပြီ၊ ဟောဒီမှာ ပညာရေးသံမှူးဆီက စာ၊ စပရင်းတမ်း (နွေဦးရာသီ စာသင်နှစ်ဝက်)က စတက်ရမယ်ဆိုတော့ အေပရယ်လထဲ အရောက်သွားရမယ် "

" ဟုတ်ကဲ့၊ ပတ်(စ်)ပို့ ကိစ္စကလွဲပြီး ကျန်တာတွေတော့ ပြီးစီးအောင် ကျွန်တော် ကြိုတင်စီစဉ်ထားပါတယ် "

" ကဲ . . . ဒါဖြင့် ကွန်ဂရက်ကျူလေးရှင်း "

ပါမောက္ခ လက်ကမ်းပေးသောကြောင့် သူက လေးစားစွာ ဆွဲယူလှုပ်ယမ်းရ၏။

နှင်းငွေသည် ပါမောက္ခ၏ အခန်းမှ ပြန်လာပြီး တောက်လျှောက် အပြင်သို့ ထွက်ခဲ့၏။

ဆင်ဝင်ကြီးအောက် သူ့အရောက်တွင်ပင် စစ်သုံး အစိမ်းရောင် ဂျစ်ကားတစ်စီးက ဆိုက်ဝင်လာ၏။

ဂျစ်ကားကို ရဲဘော်တစ်ဦးက မောင်းသည်။ ရဲဘော်ဘေး ရှေ့ထိုင်ခုံမှ ဒုဗိုလ်တစ်ဦးသည် ဆင်းလိုက်၏။

မျက်လုံးမှေးမှေး၊ နှာခေါင်းပြားပြား၊ အသားညိုညိုနှင့် ဒုဗိုလ်ကို နှင်းငွေက စူးစိုက်ကြည့်၏။

" ဟေ့ကောင် နှင်းငွေ၊ အံမာ လူမှားနေသလား၊ ငါပါကွ ဘခက်ပါ "

" ဟာ ဘခက်၊ အေး အရာရှိ အဝတ်အစားနဲ့ဆိုတော့ ငါ ရုတ်တရက် မမှတ်မိဘူး "

" အေး ငါကလဲ အရာရှိ အသစ်ကျပ်ချွတ်ကိုး၊ ဗထူးက မနေ့ကမှ ဆင်းလာတာ၊ အခု ငါ အသိဗိုလ်ကြီး တစ်ယောက်ရဲ့ကား ဆွဲလာတယ်၊ မင်းကို ထမင်းကျွေးချင်လို့၊ ကဲ . . . တက်ကွာ "

" ဟေ ငါကလဲ မင်းကို ထမင်းကျွေးရမလို ဖြစ်နေတယ် "

" ဘာပြုလို့ "

" မင်း ဗိုလ်သင်တန်း တက်နေတုန်းက ငါ ပညာတော်သင် အရွေးခံရတာ စာရေးလိုက်သားပဲ၊ အခုပဲ စာရတယ်၊ ငါ နိုင်ငံခြား သွားရတော့မယ် "

" ဟာ သိပ်ဟုတ်ပါလား၊ ဒါဖြင့် တစ်ယောက်နဲ့ တစ်ယောက် အပြန်အလှန် ကျွေးကြမယ်၊ ကဲ လာ "

သူငယ်ချင်းနှစ်ဦးသည် နှင်းငွေနေသော လမ်းတစ်ဖက်ရှိ ကျောင်းဆောင်သို့ အရင်သွားကြ၏။ နှင်းငွေက ကပျာကသီ ရေမိုးချိုး၊ အဝတ်အစားလဲသည်။ ထိုနောက် ဘခက် တည်းနေသော စလင်းလိုင်းသို့ သွားကြ၏။ ဘခက် အရပ်ဝတ်အရပ်စား လဲပြီးသောအခါ ဂျစ်ကားဖြင့် တက္ကသိုလ်ရိပ်သာလမ်းရှိ ဟိုင်ဇွမ်ဟိုတယ်သို့ လာခဲ့ကြ၏။

စားသောက်ပွဲများ ချမလာမီ နှင်းငွေက ဘခက်ကို ကြည့်ပြီး ပြုံး၏။

www.myanmarcupid.net

" မင်း ဘာပြုံးတာလဲ နှင်းငွေ "

" ဝမ်းသာလို့ပါ၊ မင်း အရာရှိ ဖြစ်လာတာ ဝမ်းသာလို့ "

" အေး ငါကိုယ်တိုင်လဲ ဝမ်းသာတယ်၊ ငါက လွယ်လွယ်ကူကူ အရာရှိ ဖြစ်ခဲ့ရတာ မဟုတ်ဘူး၊ ရဲဘော်ဘဝနဲ့ သုံးနှစ်၊ အကြပ်ဘဝနဲ့လဲ သုံးနှစ်၊ မက်ထရစ်ကိုလဲ တပ်တွင်းညကျောင်းတက် ကြိုးစားပြီး အောင်ခဲ့ရသေးတယ် "

ပြုံးလျက်ပြောနေရာမှ ဘခက်သည် မျက်နှာတည်လိုက်ပြီး ဆက်ပြော၏။

" အရင်းစစ် အမြစ်မြေက ဆိုသလိုပဲ၊ ငါ့ ကျေးဇူးရှင်အစစ်ဟာ ဦးထွန်းသောင်ပဲကွ နှင်းငွေ "

" အေး ဟုတ်တယ်၊ သူ့ထောက်ခံစာနဲ့ မင်း တပ်မတော်ထဲ ဝင်သွားတာ မဟုတ်လား "

" သာမန်ရဲမှူးတစ်ဦးရဲ့ ထောက်ခံစာမျိုးဆိုရင် ငါ့နောက်ကြောင်းက မရှင်းခဲ့တော့ တပ်ထဲဝင်လို့ရမှာ မဟုတ်ဘူး၊ သူက တော်လှန်ရေးတုန်းက သူ့တပ်ရင်းမှူးဟောင်း၊ အခုလက်ရှိ ဗိုလ်မှူးကြီးတစ်ဦးဆီကို ရေးပေးလိုက်လို့ ငါ ရဲဘော်လေး တစ်ဦး အဖြစ်နဲ့ စပြီး အမှုထမ်းနိုင်ခဲ့တာ၊ ပြောသာပြောတာ နှင်းငွေ ငါ့စိတ်ထဲမှာ ယာတောနဲ့ ငါ့ဆိတ်တွေကို ငါ လွမ်းတုန်းပဲ "

" ညွန့်မေကိုကော မလွမ်းဘူးလား . . . "

" အဟီး . . . အင်း . . . ညွန့်မေဟာ ငါ့အပေါ်မှာ တကယ်ကောင်းရှာတယ်ကွာ "

စားသောက်ပွဲများ ရောက်လာ၏။

" ဒါထက် နှင်းငွေ၊ မင်း နုနုငယ်နဲ့ တွေ့ရသေးသလား "

" ဟင့်အင်း ငါ့ကတိအတိုင်း ငါ ရွာမွန်သာကို မသွားခဲ့ဘူး၊ ဆရာဝန်ဖြစ်ပြီး တစ်နှစ်ပြည့်တဲ့အချိန်ကျမှ သွားတယ်၊ ဒါပေမယ့် နုနုငယ်ရော သူ့အဖေရော အိမ်ကြီးမှာ မတွေ့ခဲ့ရဘူး၊ သူ့အမေရဲ့ ဂူတော့ တွေ့ခဲ့ရတယ်၊ ခမျာလည်း ဆုံးရှာပြီလေ၊ အိမ်စောင့်ကျန်နေတဲ့ ဦးကံရာဇာဆီကလဲ ဘာမှ မေးလို့မရဘူး၊ ဦးမြတ်မင်းဟာ နုနုငယ်ကို ဘယ်တော့မှ ငါနဲ့ တွေ့ခွင့် မပေးတော့ဘူး ထင်တာပဲ "

" နုနုငယ်ဟာလဲ သူ့အမေလိုပဲ အဲ . . . ဖြစ်သွားလိမ့်မယ်လို့ မင်းထင်သလား "

" ဒီရောဂါမျိုးဟာ ဆွေစဉ်မျိုးဆက် လိုက်တတ်တာတော့ မှန်တယ်၊ ဒါပေမယ့် မအေဖြစ်လို့ သမီးမှာလဲ ဖြစ်လိမ့်မယ်လို့ တစ်ထစ်ချကြီးတော့ မပြောနိုင်ဘူး၊ အင်းလေ မဖြစ်ပါနဲ့ ဆုတောင်းရတာပဲ "

" ဖြစ်လာရင်ကော မင်းတို့ ဆေးပညာက မကုနိုင်ဘူးလား "

" ဒီလိုရှိတယ်ကွာ၊ လမ်းမပေါ်က လူတွေအနေနဲ့တော့ ရူးသွပ်ခြင်းဆိုတာကို သာမန်ပဲ ခေါ်ကြတယ်၊ ဆေးပညာနဲ့ စိတ်ပညာအရ စိတ်ဖောက်ပြန်မှု အမျိုးပေါင်း အများကြီးရှိတယ်၊ ကုလို့ရတာတွေလဲ အများကြီးရှိတယ်၊ မရတာတွေလဲ ရှိတယ် "

" ဘယ်ဟာတွေက ရပြီး၊ ဘယ်ဟာတွေက မရလဲ "

" ဟာ အလွယ်တကူတော့ ပြောလို့မရဘူး၊ မင်း သိချင်ရင် အကြမ်းဖျင်း ငါ ပြောပြမယ်၊ အိမ်မှာထားလို့လဲ မဖြစ်ဘူး၊ လူမှုပတ်ဝန်းကျင်မှာလဲ အန္တရာယ်ရှိတယ်၊ သူ့အတွက်လဲ အန္တရာယ်ရှိတယ်၊ ဒါကြောင့်မို့ စိတ်ရောဂါကုဆေးရုံမှာ မထားမဖြစ်တဲ့ ရူးသွပ်ခြင်းမျိုးကို ဆိုက်ကိုးဆစ်လို့ ခေါ်တယ်၊ အဲဒီလို စိတ်ရောဂါကြီးမျိုးဟာလဲ အများကြီးရှိတယ်၊ အဓိက အားဖြင့်တော့ အော်ဂန်းနစ် အမျိုးကြီးနဲ့ ဖန်ရှင်နယ်လ် အမျိုးကြီးလို့ နှစ်မျိုးရှိတယ်၊ အော်ဂန်းနစ်ဆိုတာက ဦးနှောက် အစရှိတဲ့ ခန္ဓာကိုယ်ထဲက အင်္ဂါရပ်တွေ တစ်ခုခု ချွတ်ယွင်းပျက်စီးလို့ ဖြစ်ရတဲ့ ရောဂါ၊ တစ်နည်းအားဖြင့် အကြောင်းသိ ရောဂါတွေပဲ၊ ဖန်ရှင်နယ်လ် အမျိုးကတော့ ရူးသွပ်သာ ရူးသွပ်နေတယ်၊ ဘာကြောင့် ရူးသွပ်နေတယ်လို့ မပြောနိုင်သေးတဲ့ ရောဂါတွေပဲ၊ ဤသို့ ဤသို့ အကြောင်းတွေကြောင့် ဖြစ်တန်ရာ၏လို့ ခန့်မှန်းထားတဲ့ "သီအိုရီ"တွေတော့ အများကြီး ရှိတာပေါ့၊ ဘယ်သီအိုရီကမှ မပြည့်စုံသေးဘူး၊ အဲဒီ အကြောင်းမသိ ရောဂါမျိုးကြီးထဲမှာလဲ "စိတ်ကစဉ့်ကလျား ရောဂါမျိုးစု"၊ "ယုံမှားလွန် စိတ်ဝေဒနာမျိုးစု"၊ "စိတ်ထိပါးမှု ဝေဒနာမျိုးစု"ရယ်လို့ မျိုးစုသုံးစု ရှိပြန်တယ်၊ အနာမသိ ဆေးမရှိ ဆိုတာလို အဲဒီ ရောဂါမျိုးစု သုံးစုစလုံးကို ကုသလို့ မလွယ်ဘူး၊ ကုသလို့ ရတောင်မှ ပျောက်ကင်းတယ်ဆိုတဲ့ စကားကို မသုံးနိုင်ဘူး၊ သက်သာတယ်ဆိုတဲ့ စကားကိုသာ သုံးနိုင်တယ်၊ အဲဒီသုံးခုအနက် စိတ်ထိပါးမှု ဝေဒနာမျိုးစု ကုသရေးဟာ အအောင်မြင်ဆုံးပဲ "

" နုနုငယ်တို့ အမေရောဂါက ဘယ်ဟာမျိုးလဲ "

" စိတ်ကစဉ့်ကလျား ရောဂါမျိုးစုထဲကပဲ၊ ထင်ရှားတဲ့ ရောဂါလက္ခဏာကတော့ မမြင်ရတဲ့ဟာတွေကို ကြားတယ် ထင်ကြတယ်၊ မသင်္ကာစိတ် မယုံစိတ်တွေ ကြီးတယ်၊ မဟုတ်တာကို ဟုတ်တာထင်တယ်၊ ဟုတ်တာကို မဟုတ်တာ ထင်တယ်၊ သဘာဝပစ္စည်းတွေနဲ့ သဘာဝဖြစ်ရပ်တွေမှာ မဆီမဆိုင်တဲ့ အဓိပ္ပါယ်တွေ တပ်ပေးပြီး မဆီမဆိုင်တဲ့ အဓိပ္ပါယ်တွေ

www.myanmarcupid.net

ကောက်ယူတယ်၊ နောက်ဆုံးတော့ တဖြည်းဖြည်းနဲ့ အစစ်အမှန်လောကနဲ့ သူတို့ဟာ တခြားစီ ဖြစ်သွားကြတယ်၊ မကြည့်ရက်စရာ အကောင်းဆုံး၊ သနားစရာ အကောင်းဆုံး ရောဂါသည်တွေပါပဲ ”

“ ဒီရောဂါကို ကုလို့မရဘူးလား ”

“ မျှော်လင့်ချက်အနည်းဆုံး ရောဂါမျိုးစုတစ်ခုပဲ၊ ဒီရောဂါရယ် ကင်ဆာရောဂါရယ်ဟာ တိုးတက်နေပါတယ် ဆိုတဲ့ ကမ္ဘာကို သရော်နေကြတယ်၊ သိပ္ပံပညာကိုလဲ မထီမဲ့မြင် ပြုံးပြပြီး စိန်ခေါ်နေကြတယ်၊ ဆေးပညာ သိပ္ပံပညာရှင်တွေက စိန်ခေါ်တာကို လက်ခံပြီး အစွမ်းကုန် ပြိုင်နေကြတယ်၊ ခက်တာက တစ်ခုပဲ ရှိတယ် ”

နှင်းငွေသည် လေးနက်စွာ စဉ်းစားဟန် ခေတ္တငြိမ်သွား၏။

“ နှင်းငွေ ကောင်းတုန်း စကားမဖြတ်နဲ့ကွာ ဆက်ပြော ”

“ ပြောပါ့မယ်၊ တစ်ခါက မင်းပြောခဲ့တဲ့စကားကို သတိသွားရလို့ပါ၊ လူတွေရဲ့ နေရေး . . . နေရေးကိစ္စမှာ သိပ္ပံပညာမိုးဟာ ခေါင်နေတုန်းပဲ ဆိုတာလေ၊ နွေကန္တာဦးမှာပဲ ရှိသေးတယ် ဆိုတာလေ ”

ဘခက်သည် ကျေနပ်စွာ ပြုံးပြ၏။

“ မင်း မှတ်မိသေးသားပဲ ”

“ မှတ်မိတယ်၊ အခု ဆရာဝန်ဖြစ်တာ နှစ်နှစ်ကြာမှ ပိုသဘောပေါက်လာတယ်၊ ခုနင်က ပြောခဲ့တဲ့ ရောဂါတွေရဲ့ ဇစ်မြစ်ကို ပိုင်ပိုင်သိဖို့၊ ကုသရေးနည်းတွေ ထက်သထက် ထက်လာဖို့ သုတေသနတွေ အများကြီး ဆက်လုပ်ကြရဦးမယ်၊ သုတေသနတွေ လုပ်ဖို့က ငွေတွေ အများကြီးလိုတယ်၊ တစ်နည်းအားဖြင့် အရင်းတွေ အများကြီး စိုက်ကြရဦးမယ်၊ ဒီကမ္ဘာဟာ လိုအပ်တဲ့ အရင်းစိုက်ဖို့ လုံလောက်အောင် ကြွယ်ဝပါတယ်၊ ခက်တာက တလွဲမှာ ဆံပင်ကောင်းနေကြတယ်၊ လက်နက်အပြိုင်အဆိုင်ထုတ်ဖို့ ကိစ္စ၊ သူ့ကို ကိုယ်က အနိုင်ယူဖို့ ကိစ္စ၊ အာကာသကို ကိုယ်က အရင်စိုးမိုးပြီး ဒီကမ္ဘာကို ကိုယ်က အပေါ်စီးက ခြိမ်းခြောက်ဖို့ကိစ္စ၊ အဲဒီကိစ္စတွေမှာတော့ ရွှေတွေ ငွေတွေ၊ ရွှေတွေ ငွေတွေထက် အဖိုးတန်တဲ့ လူတွေရဲ့ ကာယအားနဲ့ ဉာဏအားတွေ အဲဒါတွေကို ကျောက်ခဲသလဲတွေကို ပင်လယ်ထဲ စွန့်ပစ်သလို ဗုန်းပေါလအော သုံးပစ်နေကြတယ် ”

“ အဲဒီ လူမှုအကုသိုလ်ရဲ့ အကြောင်းရင်း တရားခံဟာ ဘယ်ဒင်းလဲ ”

“ တစ်ခုက မင်း တစ်ခါက ပြောခဲ့တဲ့ လူမှုစနစ်ဆိုးပဲ၊ ပြီးတော့ တစ်ခုက လူတွေရဲ့ သန္တာန်မှာ ကပ်ငြိပါလာတဲ့ လောဘ ဒေါသ မောဟ ဆိုတဲ့ ဟိတ်သုံးပါးပဲ၊ တစ်ခုနဲ့ တစ်ခု အပြန်အလှန် ကျေးဇူးပြုနေတဲ့ “တရားခံ . . . တရားကိုယ်” နှစ်ခုပဲ ”

“ မင်း အခု အတော်တိုးတက်လာပါလား နှင်းငွေ ”

“ ကျေးဇူးတင်ပါတယ်၊ တိုးတက်လာတယ်လို့ မပြောနဲ့ကွာ၊ မျက်စိကို ဖွင့်ကြည့်လို့ မြင်လာတယ်လို့ပဲ ပြော ”

သူငယ်ချင်းနှစ်ဦးသည် ထမင်းဝိုင်းကို လက်စသတ်လိုက်ကြ၏။

အချိုပွဲမှာ၍ ဘီလ်ရှင်းရန် ခိုင်းလိုက်ပြီးနောက် ခေတ္တ စကားဆက်ကြ၏။

“ နှင်းငွေ မင်း အခု နိုင်ငံခြားကို သွားမှာက စိတ်ရောဂါကုသရေး အတွက်လား ”

“ မဟုတ်ဘူး၊ ခွဲစိတ်ကုသရေးပညာဘွဲ့ တစ်ခုအတွက်ပါ၊ ငါတို့ရဲ့ ပါမောက္ခနဲ့ မဟာဌာနမှူးက ပြောတယ်၊ လိုအပ်တဲ့ ပညာတွေကတော့ အများကြီးပဲတဲ့၊ ဒါပေမယ့် ဝန်နဲ့ အား၊ မြားနဲ့ လေး ချိန်ရမတဲ့၊ တိုင်းပြည်အတွက် အလိုအပ်ဆုံး ပညာကို ဦးစားပေးရမတဲ့၊ တိုင်းပြည်မှာ သမားတော်ကြီး (ဖစ်ဆီရှင်)တွေ၊ ခွဲစိတ်ကုသရေးပါရဂူ (ဆာဂျင်)တွေ အများကြီး လိုနေတယ်၊ သူတို့စကားကို ငါ နားထောင်တယ်၊ ငါ ခွဲစိတ်ကုသရေးပါရဂူ အတတ်အတွက် သွားမှာ၊ ဒါပေမယ့် ငါ့ပုဂ္ဂိုလ်ရေးစွဲ ဆန္ဒကလဲ တစ်ဝက်တစ်ပျက် ပါပါတယ်၊ ငါ ဦးနှောက်ခွဲစိတ်ကုသရေးကို ပါရဂူမြောက်အောင် သင်မလို့ ”

“ အဲဒီလို ပါရဂူမြောက်လာရင် မင်း ခုနင်က ပြောတဲ့ စိတ်ရောဂါသည်တွေကို ခွဲစိတ်ကုသပေးနိုင်မလား ”

“ စိတ်ရောဂါသည်တွေရဲ့ ဦးနှောက်ကို ခွဲစိတ်ကုသပေးနိုင်တဲ့ ပညာတွေဟာလဲ ပေါ်နေပါပြီ၊ ဒါပေမယ့် အဲဒီ ပညာတွေဟာလဲ စမ်းသပ်တဲ့အဆင့်မှာပဲ ရှိသေးတယ်၊ မအောင်မြင်သေးပါဘူး၊ ပြောရဦးမယ် ဦးနှောက်ခွဲစိတ်ကုသရေး ပညာနဲ့ အောင်ပြီး ငါပြန်လာတာတောင်မှ တို့တိုင်းပြည်မှာ ဦးနှောက်ခွဲစိတ်ဖို့ ကိရိယာတွေ၊ ခတ်ခွဲခန်းတွေ ဘယ်ဆေးရုံမှာမှ မရှိသေးဘူး ”

“ ဟေ ဒါဖြင့် မင်း ဘာလုပ်ဖို့ သွားသင်မှာလဲ ”

“ သင်တယ်လေ၊ တတ်တဲ့လူက အရင် အရေးကြီးတယ်၊ ကျန်တာတွေကတော့ တိုင်းပြည်ရဲ့ စီးပွားရေး တိုးတက်လာရင် အလိုလို ပေါ်လာမှာတွေပါ ”

ဘခက်သည် နားလည်သဘောပေါက်ဟန် ခေါင်းတဆတ်ဆတ်ညိတ်၏။

www.myanmarcupid.net

“ သြော် . . . နှင်းငွေရေ၊ ကိုယ်ရေးကိုယ်တာအကြောင်း ပြောကြဦးစို့ ”
“ ပြောလေ ”
“ မင်း နုနုငယ်အပေါ် မျှော်လင့်ချက်ထားတုန်းလား ”
“ ထားတုန်းပဲ၊ အခု နွေရောက်ပြီ၊ ငါ ရွာမွန်သာကို ပြန်သွားဦးမယ် ”
“ နုနုငယ်ဟာ ဖွ . . . မပြောကောင်း မဆိုကောင်း အဲ . . . တစ်ခုခု ဖြစ်နေရင်ရော ”
“ နုနုငယ် ဘယ်ဘဝ ရောက်နေ ရောက်နေ၊ ငါ့သစ္စာဟာ သစ္စာပဲ၊ သြော် . . . ညွန့်မေကတောင် ငါ့ကို သတိပေးဖူးသေးတယ် ”
“ ဘာ သတိပေးတာလဲ ”
“ ကန္တာရလမ်းကြမ်းမှာ နုနုငယ်ကို တစ်ယောက်ထဲ ထားပစ်ခဲ့ရင် နင့်ကို ငါ တစ်သက်လုံး ခွင့်မလွှတ်ဘူးတဲ့၊ ညွန့်မေရဲ့ စကားလေ ”
“ မင်းက ဘာလို့ ဒီစကားကို ပြန်ပြောရသလဲ ”
“ သြော် . . . ခက်ပါဘိ၊ မင်းကလဲ ဘာလို့ စမေးရသလဲ ”
ဘခက်သည် ရယ်ပြီး နေရာမှ ထ၏။
“ ထားပါတော့လေ၊ ကဲ . . . ပြန်ကြရအောင်၊ ငါ မနက်စောစောမှာ မင်္ဂလာဒုံ ငါ့အခုတပ်ရင်းကို သွားပြီး သတင်းပို့ရဦးမယ် ”

❑

## အခန်း ( ၂၉ )

## ရွက်ကြွေချိန်

ရွာမွန်သာတစ်ဝိုက်၌ ရွက်ဝါတို့ ကြွေနေ၏။
မြင်းလှည်းတစ်စီးသည်ကား လမ်းဘေး၌ ထိုးရပ်လိုက်၏။
မြင်းလှည်းဆရာက မေးသည်။
“ ရွာထဲကို ဆင်းပေးရမလား ဆရာလေး ”
“ ကိစ္စမရှိပါဘူး၊ သြော် . . . ရော့ ရော့ ”
နှင်းငွေသည် အိတ်တွင်းမှ ငါးကျပ်တန်တစ်ချပ် ထုတ်ပေး၏။
မြင်းလှည်းဆရာသည် ငါးကျပ်တန်ကို လှမ်းယူပြီး ဝမ်းသာဟန်ဖြင့် မြင်းလှည်းကို ပြန်ကွေ့ကာ သာစည်ဘက်သို့ ပြန်မောင်းသွားလေသည်။
ရွာထိပ်၌ နှင်းငွေသည် ခေတ္တရပ်နေမိ၏။
သည်ရွာလမ်းမှဝင်လျှင် ညွန့်မေတို့၏ အိမ်ကို အရင်တွေ့ရမည်။ သို့ရာတွင် အမှန်က ညွန့်မေကို သူသွားတွေ့ရန် မလိုတော့ပါ၊ အထူးမလိုတော့ပါ။ ညွန့်မေကို သွားတွေ့ရမည်သူကား သူမဟုတ်ပါ၊ အခြားတစ်ယောက်သာ ဖြစ်သင့်သည်၊ ဖြစ်သင့်လေသည်။
ရှေးတုန်းကအတိုင်း ဆည်အထက် ချောင်းအတွင်း၌ ရေကူးသူတို့က ကူးနေကြသည်။ ရေရွက်ပြန်လာသူတို့က ပြန်လာနေကြ၏။
နှင်းငွေသည် လမ်းမှ ဖဲ့ခွာကာ ချောင်းမြောင်းတွင်းသို့ ဆင်းလာခဲ့သည်။
ရွာသူ မိန်းမနှစ်ဦး၏ အသံကိုမူ သူ ကြားရပါ၏။
“ ဟော့ . . . ဟော့ မြို့သား ချောင်းထဲ ဆင်းသွားတယ် ”
“ အေ . . . ညည်းကလဲ ဝေဒနာ မအောင့်နိုင်လို့ ဖြစ်မှာပေါ့ ”
သူတို့၏ ဝေဖန်ချက်ကို ဂရုမထားဘဲ နှင်းငွေသည် ချောင်းအတိုင်း မြောက်ဘက်သို့ လျှောက်လာခဲ့သည်။
စမ်းချောင်းနှင့် ချောင်းဆုံရာ၌ အထက်သို့ လှမ်းတက်လိုက်၏။
ဤနေရာမှနေကြည့်လျှင် ညို့ညို့မှိုင်းသော နုနုငယ်တို့၏ အိမ်ကြီးကို အတိုင်းသား လှမ်းမြင်ရသည်။

ဤအိမ်ကြီးဆီသို့ သူ သွားလိုသည်။ သို့ရာတွင် ဤအိမ်ကြီးရှင်တို့ကာ ဤအိမ်တွင် မရှိပြီ။ သူ့ကို မတွေ့လို၍ ရှောင်ခွာသွားခဲ့ကြလေပြီ။

ခပ်လှမ်းလှမ်းက လက်ပံပင်ကသာ ပတ္တမြားပွင့်နီများဖြင့် သူ့ကို ဆီးကြိုစောင့်လင့်နေ၏။

သြော် . . . ခင်တန်းရိပ်၌ အတိတ်ဆိုသည်ကမူ ရှိနေသေး၏။ ဤအတိတ်ဆီသို့သာ သူက လွမ်းဆွတ်သောကြောင့် ပြန်လာခဲ့ရလေသည်။ သည့်ပြင်ထက်ပို၍ အဓိပ္ပါယ်ကား မရှိလှ။

နှင်းငွေသည် လက်ပံပင်ဆီ ဦးတည်ကာ ဖြည်းဖြည်းလျှောက်လာခဲ့၏။ မြန်မြန်လျှောက်၍လည်း မည်သူက သူ့ကို ဆီးကြိုနေလေမည် ဖြစ်ပါသောကြောင့်နည်း။

ဖြည်းဖြည်းမှန်မှန် လျှောက်လာခဲ့သော နှင်းငွေသည် လက်ပံပင်ခြေ မရောက်မီ၌ ရုတ်တရက် ရပ်သွား၏။

ဆည်ထားသော ရေအိုင်လေးကို တွေ့ရသောကြောင့်တည်း။ အလို . . . ရေအိုင်တွင်း၌လည်း လက်ပံပွင့်နီတို့က ရှိနေလေပြန်ပြီကော။

နှင်းငွေသည် အိပ်မက်မက်သည်ဟု ထင်မိ၏။

ကိုယ့်ကိုယ်ကို မယုံကြည်သောစိတ်ဖြင့် ဟိုဟိုသည်သည် လှည့်ကြည့်မိ၏။ သို့ရာတွင် မည်သူ့ကိုမျှ မမြင်။ မမြင်။

နှင်းငွေသည် ရေအိုင်လေးဘေး၌ ဒူးထောက်ထိုင်လိုက်၏။ ထိုစဉ် . . . ။

ထိုစဉ် ဝီကနဲ မြည်ကာ ကျောက်ခဲတစ်လုံးသည် သူ့ခေါင်းအနီးမှ ဖြတ်သန်းသွား၏။

သူက လျှင်မြန်စွာ နေရာမှ ထလိုက်၏။ ထိုအခိုက်တွင်ပင် သစ်ကိုင်းခြောက်တစ်ခုသည် လေတွင် ပျံဝဲလာပြီး သူ့ပုခုံးကို အရှိန်ပြင်းစွာ ဝင်မှန်သည်။

နာကျင်သောကြောင့် ပုခုံးကို လက်တစ်ဖက်ဖြင့် ဖိရင်း သူက သစ်ကိုင်းခြောက် လာရာဘက်သို့ လှည့်ကြည့်လိုက်၏။

" အို "

သူ စ,မြင်ရသည်ကား ဖားဖားဝေသော နက်မှောင်သည့် ဆံပင်များသာ ဖြစ်လေ၏။

ဆံပင်များသည် ခေါင်းမှသည် ခါးကျော်အောင် ဖုံးလွှမ်းကျနေ၏။

နက်မှောင်သော ဆံပင်များသည် ဖွေးဖွေးဖြူသော မျက်နှာလေးကိုလည်း တစ်ပိုင်းတစ်စ အုပ်ကာထားသည်။

မျက်လုံးတစ်စုံကသာ ပေါ်ထင်နေ၏။ ပြူးကြောင်ရက်စက်စွာ ပေါ်ထင်နေ၏။

နှင်းငွေ မှင်သက်မိလျက် ငေးကြည့်နေခိုက် အော်ခေါ်သံ ပေါ်လာ၏။

" နုနုငယ်ရေ၊ နုနုငယ် သမီး ဘယ်မှာလဲ၊ အမလေး ငါ့တော့ သခင်ကြီးက သတ်တော့မှာပဲ၊ နုနုငယ်ရေ . . . အေ . . . နုနုငယ် "

ဆံပင်ဖားလျားလွှမ်းသော သဏ္ဌာန်က ရုတ်တရက် လှည့်ကာ ထွက်ပြေး၏။

ထိုအခါမှ နှင်းငွေသည် သတိရကာ အော်၏။

" နုနုငယ်ရေ၊ ကိုယ်ပါလေ နုငယ်ရေ "

သူက အော်ရင်း ပြေးလိုက်၏။

သူ ခင်တန်း ကုန်းမြင့်ထက်ရောက်ချိန်၌ မိန်းမကြီးတစ်ဦးနှင့် လူကြီးတစ်ဦးကို လှမ်းမြင်ရသည်။

နုနုငယ်သည် သူတို့ကို ရှောင်ကွင်းပြီး အိမ်ကြီးဆီသို့ ပြေး၏။ လေတွင် ဆံပင်များ ဝဲပျံလွင့်နေအောင် ပြေး၏။

မိန်းမကြီးက နုနုငယ်နောက်မှ ထပ်ကြပ်မကွာ ပြေးလိုက်ရှာ၏။

လူကြီးကသာ နှင်းငွေထံသို့ လျှောက်လာ၏။

" သြော် . . . ဦးလေးကံ "

" သြော် . . . မောင်နှင်းငွေ၊ မင်း . . . မင်း . . . မင်း . . . ပြန်လာသေးသကိုး . . . နော "

*

တစ်ကြိမ်က တက်ခဲ့ရသည့် လှေကားကြီးအတိုင်း နှင်းငွေသည် တက်လာခဲ့၏။ တစ်ကြိမ်က ရောက်ခဲ့ဖူးသည့် အခန်းကြီးအတွင်းသို့ ရောက်လာခဲ့ရပြန်သည်။ တစ်ကြိမ်ကလိုပင် ဦးမြတ်မင်းကို ရင်ဆိုင်တွေ့ရ၏။ တစ်ကြိမ်ကလိုပင် စားပွဲရှည်ထက်၌ ငွေမောင်းတစ်လုံး၊ အရက်ပုလင်းနှင့် ဖန်ခွက်တစ်ခွက်ကို တွေ့ရ၏။

စားပွဲရှည်ကို ခင်းထားသော သက္ကလပ်စိမ်းသည်သာ အရောင်မွဲ၍ နွမ်းနေပြီ။ ဦးမြတ်မင်း၏ အသွင်မှာလည်း အိုမင်းခြင်းမက အိုမင်းနေလေပြီ။

ဦးမြတ်မင်း၏ တစ်ခေါင်းလုံးကား ဖွေးဖွေးဖြူနေလေပြီ။ မျက်နှာ၌ ပါးရေတို့ တွန့်ရုံမက တွဲနေလေပြီ။

www.myanmarcupid.net

ဦးမြတ်မင်းက တုန်ယင်အက်ကွဲသော အသံဖြင့် ဆို၏။

" မောင်နှင်းငွေ ဦး ကတိပျက်ခဲ့တယ်၊ လူကလေးက ကတိတည်တယ်၊ ဦးကို အပြစ်တင်ဖို့ လာတာလား "

နှင်းငွေသည် မထိုင်၊ မတ်တတ်ရပ်ရင်း ဝမ်းနည်းစွာ ခေါင်းခါပြ၏။

" ဩော် . . . လူကလေးက အပြစ်မတင်ဘူး၊ ဦး ဘာကြောင့် လူကလေးကို ရှောင်နေတယ်ဆိုတာ သဘောပေါက်တယ်ပေါ့ "

နှင်းငွေက ခေါင်းညိတ်ပြ၏။

" အခု လူကလေး ဘာလာလုပ်သလဲ၊ ဘာလုပ်ချင်သလဲ "

နှင်းငွေသည် နှုတ်ဖြင့် ပြန်မဖြေ။ အခန်းကြီး၏ တစ်ဖက်နံရံသို့သာ လျှောက်သွား၏။ နံရံရှိ တံခါးမကြီးအနီး၌ ရပ်နေလိုက်၏။

ဦးမြတ်မင်းသည် ဒယီးဒယိုင်နှင့် ထလာခဲ့၏။ အိတ်တွင်းမှ သော့တွဲကို နှိုက်ယူကာ တံခါးမကြီးကို ဖွင့်သည်။ တံခါးကြီးသည် အသံမြည်လျက် ပွင့်သွား၏။

အချုပ်ခန်းသံတိုင်တို့ကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ရင်း နှင်းငွေသည် အတွင်းသို့ ကြည့်၏။

ဖွေးဖွေးနုသော ကိုယ်ထက် နက်မှောင်သော ဆံပင်များ လွှမ်းအုပ်နေသည့် ချစ်သူကို တွေ့ရ၏။ တွေ့လေရ၏။

ပျော့ပျောင်းနူးညံ့စွာ နှင်းငွေက ခေါ်၏။

" နုငယ် "

နုနုငယ်ကား မတုန်မလှုပ်၊ ကျောက်ရုပ်သို့ ငြိမ်နေ၏။

" နုငယ်၊ ကိုယ်ပါလေ နှင်းငွေပါ "

နုနုငယ်က လုံးဝမလှုပ်၊ သူ့ကိုလည်း မကြည့်။

သံတိုင်များကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ရင်း သူကသာ နုနုငယ်ကို ငေးကြည့်နေသည်။ ငေးကြည့်မိစဉ် သူ့မျက်လုံးများမှ မျက်ရည်ပေါက်များ စီးကျလာနေသည်ကို သူသတိပြုမိ၏။

နုနုငယ်က သူ့ကို ကျောခိုင်းလိုက်၏။ ထို့နောက် ကြမ်းပြင်မှ တစ်စုံတစ်ရာတို့ကို ကောက်ယူသည်။

လက်ပံပွင့်နီနီများပေတည်း။

နုနုငယ်သည် အေးချမ်းတည်ငြိမ်စွာ သီချင်း စ,ဆို၏။ လက်ပံပွင့်နီများကို ရင်တွင် ပိုက်ပွေ့ကာ သီချင်း စ,ဆို၏။

**" မဆင်သာသည်၊ ယင်းမာပျဉ်းဖြူ အပင်ငယ်ပျပ်သည့်၊ ဇလပ်ဖြူလို၊ ချူလို့ ပစ်ရတော့မလား၊ မကြင်သာသည်၊ မင့်မှာသူနှင့်၊ အယူငယ် ကမ်းတဲ့၊ မလှမ်းသူကို၊ မြူလို့ ရစ်ရတော့မလား "**

နှင်းငွေသည် သံတိုင်များမှ ခွာလိုက်၏။ တော်ပါပြီ၊ တော်လောက်ပါပြီ။

သူသည် အခန်းတွင်းမှ ခြေလှမ်းကဲ့များနှင့် ထွက်လာခဲ့၏။ ဦးမြတ်မင်းက တံခါးကြီးကို ပိတ်ပြီး သော့ခတ်လိုက်၏။

ခင်တန်းဆီ၌ သစ်ရွက်တို့ ကြွေနေကြ၏။ ဥသြကလည်း လွမ်းဖွယ်ညည်းနေ၏။

အနောက်ဘက်ဆီ၌ ရဲရဲနီသော နေလုံးကြီးသည် ဝင်လေပြီ၊ ဝင်စပြုလေပြီ။

လေရူးက ဝှေ့လာ၏။ သဲသဲရုတ်ရုတ်ကြွေသော သစ်ရွက်သံများကို ကြားရလေသတည်း။

❑

## အခန်း ( ၃၀ )

## ကံကောင်းကြသူများ

လေရူးက ဝှေ့လာ၏။ သဲသဲရုတ်ရုတ်ကြွေသော သစ်ရွက်သံများကို ကြားရ၏။

မိန်းမောခြင်းမှ ဒေါက်တာနှင်းငွေသည် နိုးလာ၏။

လရောင်ကာ ထိန်နေသည် ကန္တာရပင်ကိုင်းအောက်မှ ဂူငယ်ကို လရောင်ထိုးထား၏။

**နုနုငယ်**

**အသက် ၂၅ နှစ်**

ဤစာတန်းကိုမူ သူ မြင်နေရ၏။

www.myanmarcupid.net

ဒေါက်တာနှင်းငွေသည် နေရာမှ ထလိုက်၏။

ကြေကွဲစွာလည်း တိုးတိုးရွတ်မိ၏။

" နေရစ်တော့ နုနုငယ်ရေ၊ နေရစ်လေတော့၊ ကိုယ်တော့ပြန်ပြီ "

ဒေါက်တာနှင်းငွေသည် ခြံပျက်ကြီးမှ ဖြည်းလေးစွာ ထွက်ခွာလာခဲ့၏။

ရွာအစပ်သို့ ရောက်မိချိန်၌ အိုးစည်သံများကို ကြားရ၏။ လင်းကွင်းသံများလည်း ပါလာ၏။ မြိုင်သော၊ ဆိုင်သော လူတို့၏ သီချင်းသံများသည်လည်း လွင့်လာနေ၏။

ဘခက်တို့ အိမ်ရှေ့ သူရောက်လာသောအခါ ခြံတွင်း၌ မီးတွေလည်း ထိန်နေ၏။ လူတွေလည်း စည်နေ၏။

အိုးစည်သံ၊ လင်းကွင်းသံနှင့် သီဆိုသံများလည်း ညံနေ၏။ ဤအသံများကို ကျော်ရန် ပုလွေနှစ်စင်းက ကြိုးစား မြည်နေရ၏။

ဝါးလက်ခုပ်တီးနေသူများအနီးတွင် လူတို့က ဝိုင်း၍ လက်ခုပ်တီးနေကြ၏။ ထိုသူများကြားတွင် သူ့တပည့်ကြီး ကိုထွေးရင်ကိုပါ ဒေါက်တာနှင်းငွေ တွေ့ရ၏။ ကိုထွေးရင်သည်လည်း အားရပါးရ ဝင်၍ လက်ခုပ်တီးနေ၏။

ပစောက်ပုံ ဝိုင်းထားသော လူပုံအလည်တွင် ယောကျ်ားတစ်ဦးနှင့် မိန်းမတစ်ဦးသည် ကွေးနေအောင် ကနေကြ၏။

ထိုစဉ် အတီး ရပ်သွား၏။ ကသူတို့လည်း ရပ်သွားသည်။ သူတို့အားလုံး၏ မျက်နှာမှာ ပျော်ရွှင်နေပုံလည်း ရ၏။ မောဟိုက်နေပုံလည်း ရ၏။

ဒေါက်တာနှင်းငွေသည် ခြံတွင်းသို့ လှမ်းဝင်လိုက်၏။

ဘယ်အခါမျှ မမှားနိုင်သော အသံတစ်ခုက ဆီးကြို၏။

" ဟော့ကောင် နှင်းငွေ၊ အေး မင်းရောက်နေတာ သိသားပဲ၊ မင်းရဲဘော် မာတလိ ကိုထွေးရင်ကိုတောင် ငါတို့ ခေါ်လာခဲ့တယ် "

ဘခက်သည် သူ့ကို ဆီးကြိုပွေ့ငင်လေ၏။

ကျန်လူများက မီးကို ရေနှင့် သတ်လိုက်သည့်ပမာ ရှဲကနဲ ငြိမ်ကျသွား၏။

ဒေါက်တာနှင်းငွေကိုလည်း လူထူးလူဆန်းပမာ ဝိုင်းကြည့်နေကြ၏။

ဘခက်က ပရိသတ်ကို အော်ပြော၏။

" ကဲ ပြန်ပြီး နားကြပေတော့၊ တစ်ညနေလုံး ပင်ပန်းခဲ့ကြပြီးပြီ၊ ကျုပ်တို့လိုချင်တာလဲ ရခဲ့ပြီ မဟုတ်လား "

လင်းကွင်းသံများက ပေါ်လာ၏။ အိုးစည်ကို တထုံထုံ ထုသံလည်း ပေါ်လာ၏။

လူအုပ်ရှဲပြီး တစစ ထွက်ခွာသွားကြ၏။

ဘခက်သည် နှင်းငွေကို စားပွဲတစ်ခုရှိရာ ခေါ်သွားပြီး ခုံတန်းရှည်၌ ထိုင်ခိုင်း၏။ ထို့နောက် အပေါ်ထပ်သို့ လှမ်းခေါ်သည်။

" ညွှန့်မေရေ၊ အေ . . . ညွှန့်မေ "

" ရှင် ကိုဘခက်၊ လာပြီ ခဏလေး၊ အဝတ်လဲနေလို့ "

မကြာမီ အပေါ်ထပ်မှ ညွှန့်မေ ဆင်းလာပြီး သူတို့နား ဝင်ထိုင်၏။

ညွှန့်မေသည် အသားညိုညိုနှင့် ယဉ်တုန်းဖြစ်၏။ သို့ရာတွင် အနည်းငယ် ဝလျက် ခါးက မသိမသာလေး တုတ်နေ၏။

ညွှန့်မေသည် နှင်းငွေကို စူးစူးစိုက်စိုက်ပင် ကြည့်ပြီးဆို၏။

" နှင်းငွေ၊ နင် သိပ်ရုပ်မပျက်ဘူး၊ ဒါပေမယ့် နင် သိပ်ပိန်တယ် ထင်တယ်ဟယ် "

နှင်းငွေသည် ပြုံးရုံပြုံးပြီး ဘခက်ကို မေး၏။

" မင်းနဲ့ ရွာသားတွေ ဘာပျော်လာကြတာလဲ "

" အေး ဟုတ်ပါရဲ့၊ တို့ ကျောက်တံခါးသွားပြီး ရေဖွင့်ကြတာ၊ ဒါပေမယ့် မမျှော်လင့်ဘဲ ရွာပေါင်းစုံက လူတွေနဲ့ သွားတွေ့တယ်၊ တို့အားလုံး စုပေါင်းပြီး စီမံကိန်းတစ်ခု ချခဲ့ကြတယ် "

" ဘာရယ်၊ စီမံကိန်းတစ်ခု ဟုတ်လား "

" အေး အရင်တုန်းက ရေဖွင့်တိုင်း စကားများကြတာပဲ၊ ဟိုကလဲ ရေလိုချင်၊ ဒီကလဲ ရေလိုချင်၊ ဒီတစ်ဝိုက်မှာ ရေပေးနိုင်တာကလဲ မင်းလှကန်တစ်ကန်ပဲ ရှိတယ်၊ နို့ပိန်ကြီး စို့နေရသလိုပါပဲကွာ၊ ဘယ်သူမှ နို့မဝဘူး "

ညွှန့်မေသည် ဘခက်၏ ပေါင်ကို ပုတ်လိုက်ပြီး "လုပ်ပြီး ကိုယ်ကလဲ"ဟု ဆို၏။

" ဟာ မိန်းမရာ၊ အဆီလျော်ဆုံး ဥပမာပေးရတာ၊ အေး ဒီလိုကွ နှင်းငွေ၊ တို့ အခု အားလုံး သဘောတူလာကြတယ်၊ စမုံကို တို့ ဆည်တော့မယ်၊ တို့အားလုံးရဲ့ လုပ်အားနဲ့ပဲ ဆည်ပလိုက်ကြမယ်၊ လမ်းတောင်ဘက်က ရေငတ်တဲ့ စနည်မြေတွေကို

www.myanmarcupid.net

မင်း မှတ်မိသေးလား၊ အဲဒါတွေ ရေဝတော့မယ်၊ ပြီးတော့ စမုံနှိပ်စက်တဲ့ ရေလွှမ်းမြေတွေလဲ တို့ ကယ်တင်တော့မယ်၊ နှင်းငွေရေ ငါ့အိပ်မက်ကြီးတွေ အကောင်အထည် ပေါ်လာတော့မယ် ”

ဘခက်က အားရပါးရ ပြောနေသည်။ နှင်းငွေက လိုက်ခေါင်းညိတ်နေရ၏။

ကိုထွေးရင်က ဝင်ပြောသည်။

“ ဩော် ဆရာ၊ ကျွန်တော်တို့ မိတ္ထီလာအထိ ဆက်မောင်းရဦးမယ်၊ မနက်လဲ အစောကြီး ထရဦးမယ် ”

ထိုအခါမှ နှင်းငွေလည်း လှုပ်ရှားလာ၏။

“ ဟုတ်ပါရဲ့၊ ကဲ . . . ဘခက် အဲ . . . ညွန့်မေ စကားတော့ ကောင်းပါရဲ့၊ ငါ သွားရဦးမယ် ”

ညွန့်မေက ဝမ်းနည်းဟန်နှင့် နှင်းငွေကို ကြည့်သည်။ ဘခက်က မကျေမနပ်နှင့် ပြော၏။

“ မင်းဘိုးအေ၊ တို့ဆီမှာ ညအိပ်ပါလား၊ ဒါမှမဟုတ် ထမင်းစားသွားပါလား ”

နှင်းငွေက ပြုံးလိုက်၏။

“ ရွာမွန်သာမှာ ငါ ညအိပ်ဖူးပါပြီ၊ မင်းအိမ်မှာ ထမင်းလဲ စားခဲ့ဖူးပါပြီ၊ ဒါပေမယ့် ဒီညတော့ မိတ္ထီလာကို စောစော ရောက်မှ ဖြစ်မယ်၊ ဒေါက်တာဦးဘမောင်နဲ့ တိုင်ပင်စရာတွေက ရှိနေသေးတယ်၊ သဘက်ခါမှာ တို့ ဆေးပညာညီလာခံက ရန်ကုန်မှာ ရှိနေတယ် ဘခက်၊ အေး အပြန်မှာတော့ မင်းတို့အိမ်မှာ ငါ ဝင်အိပ်ပါ့မယ် ”

နှင်းငွေသည် နေရာမှ ထရ၏။ ဘခက်နှင့် ညွန့်မေတို့ကလည်း မတားတော့။

ရွာပြင် တာလမ်းဘေး ကားဆီအရောက် နှင်းငွေနှင့် ကိုထွေးရင်ကို ဘခက်တို့ လင်မယားက လိုက်ပို့ပေး၏။

ကားအနီးတွင် ရပ်ပြီးကြမှ ဘခက်က မေး၏။

“ နေဦး သူငယ်ချင်းဆီက သဘောတူညီချက်တစ်ခု တောင်းချင်တယ် ”

“ ဘာလဲ ဘခက် ”

“ ရွာမွန်သာမှာ တို့ အထက်တန်းကျောင်းတစ်ကျောင်းဆောက်ဖို့ စီမံထားတယ်၊ ပညာရေးဌာနကလဲ ခွင့်ပြုပြီးပြီ၊ အဲ . . . ခက်နေတာက မြေနေရာပဲ၊ ရှိတဲ့ မြေနေရာကလဲ . . . ”

ဘခက် စကားရပ်သွား၏။ နှင်းငွေက ပြောသည်။

“ ရှိတဲ့ မြေနေရာကလဲ နုနုငယ်တို့ ခြံကြီးပဲ မဟုတ်လား၊ အဲဒါကို မင်းတို့ အသိမ်းခက်နေသလား ဘခက် ”

“ ပိုင်ရှင် စွန့်ပစ်သွားတဲ့ ခြံကြီးကို တို့ဟာ ပြည်သူအတွက် သိမ်းနိုင်ပါတယ်၊ အဲ . . . ညွန့်မေနဲ့ ငါ့အတွက် ခက်နေတာက နုနုငယ်ရဲ့ ဂူအတွက်ပဲ၊ တို့မှာ နှလုံးသားရှိတယ် နှင်းငွေရေ ”

နှင်းငွေ ခေါင်းငိုက်စိုက်ကျသွား၏။ စင်စစ် ဦးနှောက်နှင့် နှလုံးသား တိုက်ရသည့် စစ်ပွဲကား မလွယ်ပါတကား။ မလွယ်ပါတကား။

နှင်းငွေ၏ ခေါင်းသည် မော့လာ၏။ ပြတ်သားတည်ငြိမ်စွာလည်း ဆိုသည်။

“ သိမ်းလိုက်ပါကွာ ဘခက်၊ သိမ်းလိုက်ပါ၊ နုနုငယ်ရဲ့ ဂူကိုလဲ ဖျက်ပစ်လိုက်ပါ၊ အဟောင်းတွေဟာ မရှိထိုက်တော့ပါဘူး၊ နုနုငယ်ကိုလဲ ငါ နောက်ဆုံး နှုတ်ဆက်ခဲ့ပြီးပါပြီ၊ ကဲ . . . ဘခက်၊ ညွန့်မေ ငါ သွားပြီ ”

နှင်းငွေသည် ကားတံခါးကို ဖွင့်၍ နောက်ခန်း၌ ဝင်ထိုင်လိုက်၏။

စိတ်စောနေ၍လော သို့မဟုတ် သူ့ဆရာ၏ အလိုက်ကို သိ၍လော မပြောတတ်၊ ကိုထွေးရင်သည် မဆိုင်းမတွဘဲ ကားလေးကို မောင်းနှင်ထွက်လိုက်၏။

ဘခက်နှင့် ညွန့်မေသာ တာလမ်းဘေးဝယ် လရောင်အောက်၌ ကျန်ရစ်၏။

ဝေးသွားသော ကား၏ နောက်မီးနီနီကလေးများကို ကြည့်ရင်း ညွန့်မေက ဆွေးမြေ့စွာဆို၏။

“ ဩော် . . . ကိုဘခက်ရေ၊ နှင်းငွေကို သနားတယ်၊ နုနုငယ်ကိုလဲ အောက်မေ့တယ် ”

ဘခက်သည် သန်မာသော သူ့လက်ဖြင့် ညွန့်မေ၏ ခါးကလေးကို ပွေ့ဖက်လိုက်၏။

ရုတ်တရက်မူ ဘခက်သည် ဘာကိုမျှ မဆို။

ဘခက်သည် ကားနောက်မီးနီများ ပျောက်သွားသည်အထိ ငေးကြည့်နေ၏။

ဥဩသံကြောင့် နွေကို သူ သတိပြုမိသည်။

သို့ရာတွင် နွေသည် တစစနှင့် သွားရတော့မည်။

အနောက်ဘက်မှ လွင့်တက်လာသော တိမ်တို့ကို သူ မြင်ရသည်။ ရှမ်းတောင်မင်းနှင့် တွေ့လျှင်မူ မိုးသည် ရွာလိမ့်မည်၊ ရွာပါလိမ့်မည်။ ရွာရပေလိမ့်မည်။

ညွန့်မေ၏ ခါးကလေးကို တင်းစွာဖက်လိုက်ပြီး ဘခက်က ဆို၏။

www.myanmarcupid.net

“ ညွှန့်ရယ် ကိုယ်လဲ နှင်းငွေကို သနားတယ်၊ မိနုငယ်ကို အောက်မေ့တယ်၊ ဒီကြားထဲက ကြံကြံဖန်ဖန် ဝမ်းသာမိရသေးတယ် ”

“ ရှင် . . . ကိုယ်က ဝမ်းသာတယ် ”

“ ဟုတ်တယ်၊ ဝမ်းသာတယ်ကွယ်၊ ကိုယ်ကတော့ ချစ်သူနဲ့လဲ မကွဲရဘူး၊ ချစ်တဲ့ရွာဆီလဲ ပြန်လာနေနိုင်တယ်၊ ကိုယ်ချစ်တဲ့ အလုပ်တွေကိုလဲ ကိုယ်ပြန်လုပ်နေနိုင်တယ်၊ ညွှန့်မေ . . . ညွှန့်ရေ အပြီးသတ်ကျတော့ ကိုယ်တို့က ကံကောင်းလာသူတွေပါ ”

ညွှန့်မေသည် ချစ်လင်၏ မျက်နှာကို မော့ကြည့်သည်။

ဘခက်၏ မျက်နှာကား ပြုံးမနေပါ၊ သို့ရာတွင် တည်ငြိမ်နေ၏။ ခန့်ညားစွာ တည်ငြိမ်နေ၏။

ညွှန့်မေသည် သူ့ခါးကို ဖက်ထားသော ဘခက်၏ လက်ကို ဆုပ်ညှစ်လိုက်၏။

“ ဟုတ်တယ် ကိုယ်၊ ညွှန့်တို့ ကံကောင်းကြတယ် ”

တစ်ဦး၏ ခါးကို တစ်ဦးဖက်ပြီး ဘခက်နှင့် ညွှန့်မေတို့သည် ရွာဆီသို့ ပြန်လျှောက်သွားကြ၏။

ရွာမွန်သာတစ်ခုလုံးပေါ်၌ ငွေလရောင်သည် ရွှန်းရွှန်းမြမြ ကျရောက်နေလေပေပြီတကား။ ။

**ပြီးပါပြီ**

**တက္ကသိုလ်ဘုန်းနိုင်**

www.myanmarcupid.net